www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

◆ ပြည်ထောင်စု မပြိုကွဲရေး ... ဒို့အရေး
◆ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ... ဒို့အရေး
◆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ... ဒို့အရေး

## ပြည်သူ့သဘောထား

✽ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင် ဝါဒီများအား ဆန့်ကျင်ကြ၊
✽ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊
✽ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊
✽ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ၊

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

❑ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊
❑ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
❑ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
❑ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေး ဦးတည်ချက် (၄) ရပ်

✲ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
✲ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
✲ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊
✲ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

# အယောက်တော်လှအောင်

ဘာသာပြန်သည်၊

**ဘိတ်**

# THE LAST PLACE GOD MADE

by

JACK HIGGINS

ကံ့ကော်ဝတ်ရည်စာပေ
၅၁၊ ရေကျော်လမ်း
ပုဇွန်တောင်၊ ရန်ကုန်မြို့

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၅၁၄၀၆၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၅၂၁၀၆၁၂

ပုံနှိပ်ခြင်း
ပထမအကြိမ် -နိုဝင်ဘာလ၊ ၁၉၈၁ ခုနှစ်၊
ဒုတိယအကြိမ် -ဧပြီလ၊ ၂၀၀၇ ခုနှစ်၊
အုပ်ရေ - (၅၀၀)

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ရွှေခြသေ့ပုံနှိပ်တိုက်
အမှတ် (၁၂)၊ စောရန်ပိုင် အနောက်ရပ်ကွက်၊ သရဖီလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ
ဝင်းမြင့်ဦး

တန်ဖိုး
၁၅၀၀ ကျပ်

BURMESE CLASSIC .com

# အခန်း (၁)

## အဆုံးစွန်သူည

ဘယ်ဘက်ကအတောင်ပံ တဆတ်ဆတ် စတင်တုန်ခါလိုက်သည်နှင့် တစ်ပြိုင်တည်း ကျွန်တော့်ဘဝတွင် နဖူးတွေ့ဒူးတွေ့ မကြုံခဲ့ရဘူးသော ဘေးဒုက္ခနှင့် မုချကြုံတွေ့ရတော့မည်ဖြစ်ကြောင်း သိလိုက်သည်။ ဆီအလိုက်ကလည်း မှုမမှန်။ သေငယ်ဇောနှင့် မျောနေသူတစ်ယောက်၏ လည်ပင်းထဲမှာ တစ်ဆို့နေသကဲ့သို့ ကျွန်တော့်စိတ်ထဲမှာ ခံစားနေရသည်။

ဗီဂါလေယာဉ်ပျံသည် ယနေ့ခေတ်တွင် အကောင်းစား လေယာဉ်အမျိုးအစားဖြစ်သည်မှာ မှန်သည်။ စက်တစ်လုံးတပ် ဗီဂါလေယာဉ်ပျံများကို (၁၉၂၅) ခုနှစ်လောက်က စတင်ထုတ်လုပ်ခဲ့ကြသည်။ စာပို့ဌာနမှ ချောစာထုပ်များနှင့် ခရီးသည် ခြောက်ယောက်လောက်ကို တင်ဆောင်ပြီး တစ်နာရီလျှင် မိုင် (၁၀၀) နှုန်းဖြင့် ပျံသန်းနိုင်သောလေယာဉ်ပျံကလေး ဖြစ်သည်။

ယခု ကျွန်တော် မောင်းနှင်ပျံသန်းနေသည့် ဗီဂါလေယာဉ်ကို (၁၉[illegible]) ထုတ်လုပ်သည်။ သက်တမ်းအနေဖြင့် (၁၁) နှစ်မျှ ရှိချေပြီ။ ချောစာထုပ်[illegible] (၁၁) နှစ်လုံးလုံး ရာသီမရွေး ပျံသန်းခဲ့သည်။ ကြံ့ခိုင်ရေးကိုလည်း မှန်[illegible]

www.burmeseclassic.com

www.burmeseclassic.com



ခဲ့။ ထိုမျှမကသေး၊ ခိုင်းသင့်ခိုင်းထိုက်သည်ထက်လည်း အဆမတန် ပိုခိုင်းထားခဲ့သည်။

ပျက်ကျခဲ့သည်မှာ သုံးကြိမ်ထက်မနည်းရှိပြီ။ သုံးကြိမ်ပျက်ကျသည်ဆိုခြင်းမှာ မှတ်တမ်းစာအုပ်ထဲတွင် သက်ဆိုင်ရာက ရေးသွင်းမှတ်သားထားသောကြောင့်သာ သိရခြင်းဖြစ်သည်။ မှတ်တမ်းစာအုပ်ထဲတွင် ရေးမှတ်ထားခြင်းမရှိဘဲ ပျက်ကျခဲ့သည့် အကြိမ်ပေါင်း မည်မျှမည်မျှရှိသည်ကိုမူ ဘုရားသခင်သာလျှင် သိနိုင်ပေလိမ့်မည်။

ကင်းဆတ်၊ မက်ဆီကို၊ ပနားမား၊ ပီရူး စသော အရပ်တကာမှာ သူ တာဝန်ထမ်းဆောင်ခဲ့သည်။ သူ၏ ပင်ကိုယ်ရုပ်သဏ္ဍာန်ကိုပင် ဖမ်းမရနိုင်တော့သည့် အခြေ။ မြင်းကောင်းတစ်ကောင်သည် ဗုန်းဗုန်းလဲသေသည်အထိ အလုပ်လုပ်သကဲ့သို့ သူလုပ်ခဲ့ရသည်။ ယခုတော့ ကောင်းကင်ယံရှိ ကျွန်တော့်ပတ်လည်မှာ တစ်စစီ သူ ကျိုးကြေတော့မည်။ ကျွန်တော်လည်း ဘာမျှမတတ်နိုင်ပြီ။

ပီရူးနိုင်ငံ အစ်ကွစ်တော့စ်မြို့မှ ကျွန်တော် မောင်းနှင်ပျံသန်းခဲ့သည်။ မိုင်နှစ်ထောင်လောက် ကျယ်ပြောသည့် ကမ္ဘာပေါ်တွင် အကြီးဆုံး တောကြီးမျက်မည်းကြီးထဲမှာ မြွေညိုကြီးတစ်ကောင်လို ရစ်ခွေစီးဆင်းနေသည့် အမေဇုံမြစ်ကြောင်းအတိုင်း ကျွန်တော်လိုက်ခဲ့သည်။ ကျွန်တော်၏ ခရီးလမ်းဆုံးသည် ဘရာဇီးလ်နိုင်ငံမှ အတ္တလန္တိတ်သမုဒ္ဒရာ ကမ်းခြေမြို့ဖြစ်သော ဘီလမ်မြို့ဖြစ်သည်။ ဘီလမ်သို့မသွားမီ အမေဇုံမြစ်လက်တက် ရိုင်ယိုနီးဂရိုး မြစ်ကြောင်းဖြင့် ခွဲသွားရသော မာနော့စ်မြို့မှာ တစ်ထောက်ဆင်းရဦးမည်။

ပျံသန်းလာခဲ့သည့် ခရီးတစ်လျှောက်လုံးလိုလို မြစ်ကြောင်းအတိုင်း ကျွန်တော်မောင်းနှင်ပျံသန်းလာခဲ့သည်။ ထိုနည်းအားဖြင့် လမ်းကြောင်းရှာရ သက်သာသည်။ ကျွန်တော်နှင့်အတူ ခရီးသည်တစ်ယောက်မျှ မပါ။ ချောစာထုပ်သုံးထုပ်နှင့် သတ္တုတူးဖော်ရေး စက်ပစ္စည်းသေတ္တာနှစ်လုံးသာ ပါသည်။ တီဖီမြို့သို့ ခြောက်နာရီမျှကြာအောင် ပင်ပန်းတကြီး မောင်းနှင်ခဲ့ရသည်။ လမ်းခွတ်လတ်မှာ တွေ့ခဲ့ရသည့် ရဲစခန်းသုံးခုသို့ ဂ႔ည်း ရေဒီယိုဖြင့် သတင်းပေးခဲ့သေးသည်။ သည်တုန်းကတော့ ချွတ်ယွင်းမှုဟူ၍ ဘာတစ်ခုမျှမကြုံတွေ့ခဲ့ရ။

တီဖီမြို့ကိုလွန်တော့ မြစ်ကြောင်းက ဖောက်လာသည်။ အကွေ့အကောက်တွေက ရှည်လျားထွေပြားလာသည်။ သည်လို ကွေ့ကောက်နေသည့် မြစ်ကြောင်းအတိုင်းသာ လိုက်နေရမည်ဆိုလျှင် မာနော့စ်မြို့သို့ရောက်ဖို့ နောက်ထပ် မိုင်ပေါင်းလေးရာလောက် ပျံသန်းရဦးမည်။ ကျွန်တော့်လေယာဉ်ပျံတွင် ရှိနေသည့်ဆီက ထိုမျှလောက်ခရီးကိုရောက်အောင် ပျံသန်းနိုင်တော့မည် မဟုတ်ပေ။

ထို့ကြောင့်လည်း တီဖီမြို့မှနေ၍ တောနက်ရှိင်းကြီးကို ကန့်လန့်ဖြတ်ကာ ရိုင်ယိုနီးဂရိုးမြစ်ဆီသို့ ဦးတည်ပျံသန်းခဲ့မိသည်။ ထိုနည်းအားဖြင့် မာနော့စ်မြို့သို့ရောက်



အောင် မိုင် (၁၅၀) မျှသာ ပျံသန်းရမည်ဖြစ်သည်။

တကယ်ဆိုတော့ ဤအပြုအမူသည် မိုက်မိုက်မဲမဲ အတင့်ရဲလိုက်မိခြင်းသာဖြစ်ပေသည်။ လေယာဉ်မောင်းသည့် အတွေ့အကြုံ ကျွန်တော့်လောက်ရှိထားပြီးသော အခြားမည်သူကမှ ယခုလို မိုက်မိုက်မဲမဲ စွန့်စားကြမည် မဟုတ်ချေ။ ကျွန်တော့်အသက်ကလည်း (၂၃) နှစ်မျှသာ ရှိသေးသည်။

ခလုတ်ထိမှ ကျွန်တော် အမိတ,မိပြီ။ ဇီဂါလေယာဉ်ငယ်၏ နောက်ကြောင်းများကိုလည်း ပြန်စဉ်းစားကြည့်မိသည်။ ဘာမျှ မသေချာ မရေရာသော ပစ္စည်းတစ်ခုမျှသာ ဖြစ်လေသည်။

ကျွန်တော့်အောက်မှာရှိနေသော လူသူမရောက်ပေါက်နိုင်သည့် တောမျက်မည်းကြီးသည် ထင်သလောက်တော့ မဆိုးနိုင်ဟု အားတင်းလိုက်မိသည်။

လမ်းကြောင်းပြအိမ်မြှောင်က အလုပ်မလုပ်တော့ပြီ။ အရှေ့၊ အနောက်၊ တောင်၊ မြောက်ပြသည့် အိမ်မြှောင်ကိုလည်း အားကိုး၍မရပြီ။ သို့သော်လည်း ရိုင်ယိုနီးဂရိုးမြစ်သည် တီဖီမြို့၏ အရှေ့စူးစူး မိုင် (၁၅၀) လောက်အကွာမှာ ရှိနေသည်။ နေရောင်ကို လမ်းညွှန်အိမ်မြှောင်အဖြစ် အသုံးပြုကာ အရှေ့စူးစူးသို့သာ မောင်းနှင်ပျံသန်းရပေတော့မည်။

ဘေးအန္တရာယ်နှင့် ရင်ဆိုင်ရတော့မည်ဖြစ်ကြောင်း ပထမဦးဆုံး မြင်တွေ့လိုက်ရသည့် အမှတ်အသားမှာ ဆီအနည်အများပြ မီတာဖြစ်သည်။ မီတာက တဟုန်ထိုးထိုးကျနေသည်။ တခြား ကိရိယာများကလည်း ကောင်းစွာ အလုပ်မလုပ်ကြတော့။ လုပ်ပါသည်ဆိုလျှင်လည်း သူတို့မှာ အားကိုးနိုင်လောက်သည့် အခြေအနေမျိုးမဟုတ်။

သည်လိုအချိန်မျိုးမှာပင် ကျွန်တော့်ရှေ့ရှိ မိုးကုပ်စက်ဝိုင်းတွင် တောင်ထွတ်များနှင့် ပြည့်နေသည်ကို မယုံကြည်နိုင်လောက်အောင် ရုတ်တရက် မြင်တွေ့လိုက်ရသည်။ မြေပုံထဲမှာကျတော့ ထိုနေရာသည် ဟင်းလင်းပြင်ကြီးဖြစ်သည်။

ယင်းတောင်ထွတ်များသည် အိန္ဒိယတောင်တန်းကား မဟုတ်။ သို့သော်လည်း မြင့်မားလွန်းလှသည်။ အထူးသဖြင့် ဇီဂါလိုလေယာဉ်ပျံမျိုးကလေးဖြင့် ကျော်လွှားပျံသန်းရန် လွယ်ကူသော တောင်တန်းမျိုးမဟုတ်ချေ။ ကျွန်တော့်လေယာဉ်၏ အမြင့်ပေပြမီတာက ပေလေးထောင်ကို ပြနေသည်။ သည်လိုဆိုတော့လည်း အရာရာကို စိတ်မှန်းဖြင့်ပင် ကြိတ်ရပေတော့မည်။

သည်တောင်ကိုကျော်နိုင်ဖို့ ခပ်လှမ်းလှမ်းကခွာပြီး တစ်ပတ်ချင်းဝဲကာ အပေါ်သို့တက်ရမည်။ လုံလောက်သည့် အမြင့်ပေသို့ရောက်မှသာ တောင်ကိုဖြတ်ကျော်မည်။ သို့သော်လည်း ကျွန်တော့်မှာ အချိန်မရှိပြီ။ ဆီပြတ်တော့မည်။

စိမ်းမှောင်နေသော သစ်တောကြီးငယ် အလယ်တွင် ဝက်ကျွန်းကုန်းကြီးသို့

www.burmeseclassic.com



မည်းမှောင်နေသည့် တောင်ထွတ်ကြီးကို ကျွန်တော် ဖြတ်ကျော်လိုက်သည်။ ကျော်မိသည်နှင့် တစ်ပြိုင်တည်း ဖွာဆန့်ကြနေသည့် တောင်ထွတ်များနှင့် ပက်ပင်းပါတိုးတော့သည်။ တစ်စုံတရာ ဆုံးဖြတ်ချက်ချရန် အချိန်မရှိတော့။

အကျယ်ဆုံး တောင်ထွတ်ကြားတစ်ခုကိုရွေးပြီး ကံဆိုးကံကောင်း မောင်းဝင်လိုက်သည်။ အောက်ဘက်မှာတော့ လမျက်နှာပြင်လို တောင်ထွက်များရှိနေသည်။ လေအိတ်နှင့်တိုးမိပြီး ဝုန်းကနဲ ပြုတ်ကျသွားပြန်သည်။ မြေပြင်နှင့် ထိလုလုတွင် တဖြည်းဖြည်း အပေါ်သို့ ဆွဲတင်လိုက်ရသည်။

တောင်ထွတ်များကြားသို့ ဝင်လာမိခါစတုန်းက ကျွန်တော့်အဆုံးအဖြတ်မှားသွားပြီဟု ထင်မှတ်ရသည်။ အတောင်ပံနှစ်ဖက်စွန်းနှင့် တောင်ထွတ်များ ခြစ်မိဖို့ လမ်းက များနေသည်။ ထိုသို့ ခက်ခက်ခဲခဲ မောင်းနေရခိုက်မှာပင် အလွန်တရာကျယ်ပြောသည့် တောင်ကြားလွင်ပြင်ကြီးပေါ်မှာ ပျံသန်းနေမိကြောင်း တွေ့ရပြန်သည်။ ဆူပွက်နေသည့် ရေနွေးအိုးမှ အငွေ့တထောင်းထောင်း ထလာသလို မြူတွေပျံ့လာပြီး ကျွန်တော့်လေယာဉ်ကို ဖုံးအုပ်ထားလိုက်သည်။

ရုတ်ခြည်းဆိုသလို အအေးဓာတ်က လွန်ကဲလာသည်။ မိုးကလည်း သည်းသည်းထန်ထန် ရွာချလိုက်သည်။ တစ်ချက်တစ်ချက် လျှပ်စီးအလက်တွင် အရှေ့ဘက်မှာရှိနေသည့် ကြီးမားသော တိမ်တိုက်ကြီးက ကျွန်တော့်ကို လွှမ်းခြုံတော့မည်ဖြစ်ကြောင်း မြင်တွေ့လိုက်ရသည်။

အပူပိုင်းဒေသ၏ မုန်တိုင်းများသည် ဤအရပ်တွင် လေယာဉ်ပျံ မောင်းနှင်နေကြရသူတို့၏ နေ့စဉ်ကြုံတွေ့နေရသည့် အန္တရာယ်များအနက် တစ်ခုဖြစ်သည်။ မုန်တိုင်းတို့၏ သက်တမ်းမှာ အချိန်ကာလ တိုတောင်းသော်လည်း ဆက်တိုက်ဆိုသလို ကြုံတွေ့ရတတ်သည်။ ကြီးမားသည့် ဘေးအန္တရာယ်များကို ဖြစ်စေသော၊ အရာအားလုံးကို ချိုးဖျက်ပစ်နိုင်သော မုန်တိုင်းများဖြစ်သည်။ မုန်တိုင်းနှင့် ရောပါလာသည့် မိုးကြိုးကလည်း အဆိုးရွားဆုံးသော ဘေးအန္တရာယ်ပင်။ ထိုမုန်တိုင်းများ၏အပေါ်ကို ကျော်တက်ပျံသန်းခြင်းသည်သာလျှင် ဘေးအန္တရာယ် အကင်းဆုံးဖြစ်သည်။ သို့သော်လည်း ကျွန်တော့်လေယာဉ်ပျံအဖို့ သူပျံတက်နိုင်သည့် အမြင့်ဆုံးပေအထိ ရောက်နေပြီ။ ကိုကြောင့် ဖြစ်သမျှအကြောင်း အကောင်းချည်းပဲဟု သဘောထားရန်မှတစ်ပါး ကျွန်တော့်အဖို့ ဘာမျှမရှိတော့ပြီ။

သေဘေးကို ကျွန်တော် မစဉ်းစားနိုင်၊ မစဉ်းစားအား။ ကျွန်တော့်လေယာဉ်ပျံလေထဲမှာ ပျံသန်းနေနိုင်ရေး တစ်ခုတည်းကိုသာ အာရုံစူးစိုက်နေရသည်။ ဗီဂါလေယာဉ်ပျံ ကိုယ်ထည်မှာ သစ်သားဖြင့် ပြုလုပ်တည်ဆောက်ထားခြင်း ဖြစ်သည်။ ကလေးကစားသည့် အရုပ်တစ်ခုလို ကိုယ်ထည်နှစ်ခြမ်းကိုဆက်ပြီး ကော်နှင့်ကပ်ထားသော လေယာဉ်



ဖြစ်သည်။ ယခုတော့ အရုပ်တစ်ခုလိုပင် ထက်ခြမ်းကွဲရတော့မည့် အခြေအနေသို့ ဆိုက်နေပြီ။

အပြင်ဘက်မှာ မည်းမှောင်နေသည်။ စုတ်ပြတ်နေသည့် လေယာဉ်ကိုယ်ထည်မှ ရေများ တဖွားဖွားဝင်နေသည်။ မိုးပေါက်တို့က အတောင်ပံများကို အရှိန်နှင့် ရိုက်ခတ်နေသည်။ လျှပ်စီးကလည်း တဖျပ်ဖျပ် လက်နေသည်။ ကိုယ်ထည်မှ အပိုင်းအစကလေးများလည်း ပဲ့ပြီး လွင့်စဉ်ကျစပြုနေပြီ။

ယခုလို တစ်စစီ ပဲ့ကြွေနေသည့် လေယာဉ်ပျံကလေးကို ကြိုးစားထိန်းရင်းမောင်းနှင်နေရသည့်အတွက် ကျွန်တော် အကြီးအကျယ် အူမြူးနေမိပြန်သည်။ အခြားဘာကိုမျှ မစဉ်းစားနိုင်။ ထိုအခိုက် အမိုးပေါ်မှ ကိုယ်ထည်အစ ပြုတ်ထွက်သွားပြီး ခေါင်းပေါ်သို့ မိုးရေစက်များ တဖွားဖွား ကျလာသောအခါ ကျယ်လောင်စွာ ရယ်ပစ်လိုက်မိတော့သည်။

ညနေစောင်းလောက်တွင် တောက်ပသည့် နေရောင်ထဲသို့ ကျွန်တော်ရောက်လာပြီး မိုးကုပ်စက်ဝိုင်းဆီမှ မြစ်တစ်စင်းကို ရုတ်ခြည်း မြင်တွေ့လိုက်ရသည်။ နိုင်ယိုနီးဂရိုးမြစ် ဖြစ်နိုင်သည်။ လက်ကျန်ဆီနည်းနေခြင်း၊ အတောင်ပံများ တစ်စစီ ပဲ့ကျနေခြင်းများကို မေ့ပစ်လိုက်ပြီး ထိုမြစ်ဆီသို့ဦးတည်ကာ ကျွန်တော် ပျံသန်းလာခဲ့သည်။

ကိုယ်ထည်မှ အပိုင်းအစများ အဆက်မပြတ် ပဲ့ကြွေကျနေသည်။ ဗီဂါလေယာဉ်ကလေးမှာလည်း တဖြည်းဖြည်း နိမ့်ဆင်းနေသည်။ ဘာကြောင့် စက်မရပ်ဘဲ ဆက်လက်လည်ပတ်နေသည်ကိုမူ ဘုရားသခင်သာလျှင် သိနိုင်ပေလိမ့်မည်။ တကယ့်ကို မဖြစ်နိုင်တာတွေ ဖြစ်နေသည်။ ယခုဆိုလျှင် နေပြောက်မထိုးသော အောက်က တောနက်ကြီးထဲသို့ အချိန်မရွေး ပျက်ကျသွားနိုင်သည့် အခြေအနေဖြစ်သည်။ ပျက်ကျလျှင် အသက်ရှင်ဖွယ်ရာအကြောင်းကား မရှိတော့ပြီ။

ကျွန်တော့်နားမှာတပ်ထားသည့် နားကျပ်တွင်းသို့ အသံတစ်ခု ဝင်လာသည်။

"ဟေး. . . ဗီဂါ့မင်း အတောင်ပံတွေ ခတ်လှချည်လားကွ၊ မင်းဟာ ငှက်တစ်ကောင်လို့ ငါထင်တယ်၊ ဘယ်လိုလုပ်ပြီး ကောင်းကင်မှာ မင်းပျံနေနိုင်တာလဲ"

❑

သူ ဘယ်ကပေါ်လာသည် မသိ။ ကျွန်တော်၏ ဘယ်ဘက်ခြမ်းမှာ ...
ဘန်းပြီး လိုက်လာသည်။ ကြက်သွေးရောင်တွင် ငွေရောင်ဖြင့် အနားသတ် ...
ဟေဗလအမျိုးအစား လေယာဉ်ပျံကလေး။ အမြင်အားဖြင့် လေး...
ဟောင်းသေးပုံမရ။ သူ့အသံက ခပ်ကြမ်းကြမ်းဖြစ်သည်။ လေယူ...

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ရိုကန်လူမျိုး ဖြစ်ပုံရသည်။

"မင်း ဘယ်သူလဲ"

"နေးလ်မာလိုရီ၊ အစ်ကွစ်တော့စ်က ထွက်လာတယ်၊ ဘာလမ်ကိုအသွားလမ်းမှာ မာနော့စ်ကိုဝင်မယ်" ဟု ကျွန်တော်က ပြန်ပြောသည်။

"ကောင်းကွာ. . . လင်းဘတ်လို အကောင်မျိုးကိုသာ သောက်ရူးထပြီး မတော်တရော် သောက်ရမ်း လေယာဉ်ပျံမောင်းတဲ့ အကောင်လို့ အများက ခေါ်နေတယ် ထင်တာ၊ မာနော့စ်မြို့က ဒီမြစ်ရဲ့ အောက်ဘက်ပိုင်းမှာ မိုင် (၁၀၀) လောက်ဝေးသေးတယ်၊ အဲဒီလောက်ဝေးတဲ့အထိ မင်းလေယာဉ်ပျံကို မျှောထားနိုင်ပါ့မလား" သူ့အသံ ပြကြီးနှင့်ရယ်ရင်း ပြောသည်။

အနည်းဆုံး နောက်ထပ်တစ်နာရီ ကြာဦးမည်။ ဆီအခြေအနေကို ငုံ့ကြည့်လိုက်သည်။ လေတိုက်နှုန်းကို စစ်ဆေးကြည့်သည်။ ပြနေသည့်မီတာတွေက ဘာတစ်ခုမျှ မသေချာ မရေရာ။

"ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ အမြန်နှုန်းက တစ်လျှောက်လုံး ကျလာတယ်၊ ဆီတိုင်ကီကလဲ ခန်းခါနီးနေပြီ"

"ဒီလိုတိုင်းပြည်မျိုးမှာ အောက်ခုန်ဆင်းလို့ကတော့ အပိုပဲ၊ မင်းကို ဘယ်တော့မှ ပြန်တွေ့ရတော့မှာ မဟုတ်ဘူး။ နောက်ထပ် ဆယ်မိနစ်လောက် ထိန်းထားနိုင်ပါ့မလား"

"ကြိုးစားကြည့်မယ်"

"မြစ်အောက် ဆယ်မိုင်၊ ဆယ့်ငါးမိုင်လောက်မှာ မြက်ခင်းပြင်ကြီးတစ်ခု ရှိတယ်၊ အောက်ကို မင်းဆင်းနိုင်ဖို့ အခွင့်အလမ်းတတော့ အဲဒီတစ်ခုပဲရှိတယ်"

လေယာဉ်ကိုယ်ထည်မှာ နှစ်ပိုင်းပြတ်ထွက်လုနီးပါး ရှိနေပြီ။ ဘယ်ဘက် အတောင်ပံကလည်း ပြုတ်ထွက်တော့မည်။ ထို့ကြောင့် သူ့ကို တစ်စုံတရာ ကျွန်တော် ပြန်မပြောတော့ချေ။ လေယာဉ်ပျံမှာ အပေါ်တက်လိုက်၊ အောက်ထိုးကျလိုက်ဖြင့် စောစောကထက် အခြေအနေပိုဆိုးလာသည်။

ရိုင်ယိုနီးဂရိုးမြစ်ကိုရောက်ပြီး အကြေဘက်ကို ကွေ့လိုက်တော့ ကျွန်တော့် လေယာဉ်မှာ အမြင့်ပေ တစ်ထောင်လောက်သာ ရှိတော့သည်။ တစ်ဘက်သို့ တဖြည်းဖြည်း ရွေ့စောင်းသွားသည်။ မြေပြင်ဆီသို့ ထိုးကျနေပုံမှာ သစ်ရွက်တစ်ရွက် ကြွေကျနေသည်နှင့် တူလှသည်။ လေယာဉ်ကိုယ်ထည် အပေါက်များထဲမှ လေတဝူးဝူး တိုးဝင်နေသော်လည်း ကျွန်တော့်မျက်နှာမှာ ချွေးသီးချွေးပေါက်များနှင့် ရွှဲစိုနေသည်။ ကျွန်တော့်တွင် ရှိသမျှခွန်အား အကုန်ကိုသုံးပြီး လေယာဉ်ကို ထိန်းနေရသည်။

"စိတ်အေးအေးထား ချာတိတ်၊ စိတ်အေးအေးထား. . .၊ မဝေးတော့ဘူး၊ မင်းရဲ့ဘယ်ဘက်မှာ တစ်မိုင်လောက်ပဲ လိုတော့တယ်၊ အောက်ကိုနိမ့်တော့၊ အခုအတိုင်း



ဆိုရင် ကျောက်တုံးကိုပစ်ချလိုက်သလို ဖြစ်သွားလိမ့်မယ်" ထူးဆန်းသော၊ ကြမ်းတမ်းသော သူ့အသံက ကျွန်တော့်နားကျပ်ထဲမှာ အက်ကွဲစွာ ပေါ်လာသည်။

"နင်ဗျားကို ကျွန်တော် သဘောကျသွားပြီဗျာ" ဟုပြောရင်း အံကို တင်းတင်းကြိတ်ထားလိုက်မိသည်။ ဗီဂါလေယာဉ်ငယ်သည် ကြီးကြီးကျယ်ကျယ် တုန်ခါပြီး ညာဘက်သို့ စောင်းသွားသည်။

တောကြီးမျက်မည်းအလယ်မှ ကျယ်ပြောပြန့်ပြူးသည့် မြက်ခင်းပြင်ကြီးကို ကျွန်တော့်ရှေ့ နှစ်ဖာလုံခန့်အကွာမှာ လှမ်းတွေ့လိုက်ရသည်။ မြစ်ကမ်းနှင့် ကိုက်နှစ်ရာလောက်အကွာမှာ ဖြစ်သည်။ လေကြောင်းကလည်း မှန်နေသည်။ လေကြောင်းမမှန်လျှင်လည်း ကျွန်တော် ဘာမျှမလုပ်နိုင်တော့သည့် အခြေအနေဖြစ်သည်။ အမြန်နှုန်းကို လျှော့ချနိုင်ဖို့ သေရေးရှင်ရေး ဖြစ်နေပြီ။ သည်အချိန်မှာပင် လေယာဉ်စက်က ရပ်သွားတော့သည်။

သို့သော်လည်း အမြီးက ပဲ့ကိုထိန်းပြီး သစ်ပင်ထိပ်ဖျားများပေါ်မှ ကျွန်တော် မျှောဆင်းလိုက်သည်။

ညာဘက်သို့ စောင်းကျသွားသောအခါ ကျွန်တော့်တွင်ရှိသမျှ ခွန်အားကိုသုံးပြီး ပြန်တည့်ယူကြည့်သည်။ တည့်သွားသည်။ နောက်ဆုံး ကြိုးပမ်းသည့်အနေဖြင့် ထိန်းပြီးဆင်းလိုက်သည်။

မမြင်တွေ့ရသော အုတ်နံရံကြီးကို တည့်တည့်ဝင်တိုးပြီး တိုက်လိုက်ရသလို ရှိသည်။ လေယာဉ်ပျံသည် ပေ (၁၀၀) လောက်မြင့်သည့် သစ်ပင်ထိပ်ဖျားပေါ်မှာ ခဏတော့ တွဲလောင်းချိတ်နေသေးသည်။ ပြီးတော့မှ မြေပြင်ပေါ်သို့ ပြုတ်ကျသွားသည်။

လေယာဉ်ကိုယ်ထည် အောက်ပိုင်းသည် မြက်ခင်းပြင်၏ အနောက်ဘက်စွန်းရှိ သစ်ပင်ထိပ်ဖျားများနှင့် တိုက်မိပြီး ပြတ်ကျန်ရစ်ခဲ့သည်။ တကယ်ဆိုတော့ ယင်းသို့သော သစ်ပင်ထိပ်ဖျားများနှင့် ရှပ်တိုက်မိခြင်းသည် ကျွန်တော့်အသက်ကို ကယ်တင်လိုက်ခြင်းနှင့် အတူတူဖြစ်ပေသည်။ ယင်းသို့တိုက်မိသောကြောင့်လည်း လေယာဉ်အရှိန်ကို သတ်ပြီးသားဖြစ်သွားသည်။ အရှိန်ကုန်သလောက်ရှိတော့မှ သစ်ပင်ထိပ်ဖျားပေါ်မှ မြက်တောထဲသို့ ဝမ်းဗိုက်နှင့် အလိုက်သင့် ပြုတ်ကျသွားသည်။ တစ်ဆက်တည်းမှာပင် ခြောက်ပေလောက်မြင့်သည့် မြက်တောကြီးထဲမှာ ရှပ်တိုက်ပြီး ရှေ့သို့ တိုးသွားသည်။ အတောင်ပံနှစ်ဘက်စလုံး နောက်ပိုင်းမှာ ပြတ်ကျန်ရစ်ခဲ့ပြီး မြစ်ကမ်းပါးနှင့် ကိုက်နှစ်ဆယ်ခန့်အကွာမှာ ရပ်သွားတော့သည်။

ထိုင်ခုံခါးပတ်ကို ဖြုတ်လိုက်သည်။ တံခါးကို ခြေထောက်နှင့်ကန် [illegible] ထုပ်များကို အပြင်သို့ပစ်ချလိုက်သည်။ ပြီးမှ နောက်က ကျွန်တော် [illegible] သည်။ တကယ်ဆိုတော့လည်း ဖုတ်ပူမီးတိုက်လုပ်စရာ အကြောင်း [illegible]

www.burmeseclassic.com



ဆီတစ်စက်မှ မရှိတော့သောကြောင့် မီး ထ,မလောင်နိုင်တော့ပြီ။

ချောထုပ်တစ်ထုပ်ပေါ်တွင် သတိနှင့် ထိုင်ချလိုက်သည်။ ကျွန်တော့်လက်များ တုန်နေသည်။ အလွန်အမင်းကား မဟုတ်။ သို့သော်လည်း သိသာလောက်အောင် တုန်နေခြင်းဖြစ်သည်။ နှလုံးကလည်း တဒိတ်ဒိတ်ခုန်နေသည်။ ဟေလေလေယာဉ်ပျံက ကျွန်တော့်ခေါင်းပေါ်မှ နိမ့်နိမ့်ကလေး ဖြတ်ပျံသွားသည်။ သူ့ကို မော့မကြည့်တော့ဘဲ လက်ယမ်းပြလိုက်မိသည်။

ဂျာကင်အင်္ကျီဖစ် ဖြုတ်သိုက်သည်တွင် ဘောလ်ကန်ဆိုဘာရာနီ စီးကရက်သံဘူးတစ်ဘူးကို စမ်းမိသည်။ လီမာမြို့ မှော်ခိုဈေးမှ အရင်လက တစ်ကာတွန်းဝယ်လာရာ နောက်ဆုံးလက်ကျန်သံဘူး ဖြစ်သည်။ ထိုအချိန်က သောက်ရသည့် စီးကရက်၏ အရသာမှာ မည်သည့်အရာနှင့်မျှ မနှိုင်းယှဉ်သာအောင် ထူးခြားလှသည်။

ခဏကြာတော့ ထိုင်ရာမှ ကျွန်တော်ထ,သည်။ တစ်ချိန်တည်းမှာပင် ဟေလေလေယာဉ်ပျံသည် မြက်ခင်းပြင်ကြီး၏ တစ်ဘက်စွန်းရှိ သစ်ပင်ထိပ်ဖျားများပေါ်မှ ဝဲပြီး ဆင်းလာသည်ကို တွေ့လိုက်ရသည်။ မြက်တောထဲသို့ ဆင်းချလိုက်သောအခါတွင် ဗီဂါလေယာဉ်ပျက် အပိုင်းအစများနှင့် သစ်ပင်များကြားမှ သီသီကလေး လွတ်သွားသည်ကို တွေ့လိုက်ရသည်။

ချောထုပ်ပေါ်မှာ ကျွန်တော် ပြန်ထိုင်လိုက်မိပြန်သည်။ အမှန်ကတော့ ကျွန်-တော့်ခြေထောက်များ မခိုင်တော့သောကြောင့် ဖြစ်သည်။ စီးကရက် အသစ်တစ်လိပ်ထုတ်ပြီး ဖွာရှိုက်လိုက်သည်။ အလွန်ရှည်လျားသည့် မြက်တောကြီးကိုတိုးပြီး ကျွန်တော့်ဆီသို့ သူလျှောက်လာနေသည်ကို သိလိုက်သည်။ ကျွန်တော့်နာမည်ကို ခေါ်သံလည်း ကြားရသည်။ သို့သော် ကျွန်တော် ဘာကြောင့် ပြန်မထူးမိမှန်းမသိ၊ တုန်လှုပ်ချောက်ချားနေသောကြောင့် ဖြစ်နိုင်စရာရှိသည်။ နေရာမှာပင် မလှုပ်မယှက်ထိုင်ရင်း စီးကရက်ကိုဖွာကာ ဗီဂါလေယာဉ်ပျက်ကိုကျော်ပြီး မြစ်ပြင်ဆီသို့ လှမ်းကြည့်နေမိသည်။ မြင်သမျှ ကြားသမျှများကို စိတ်တွင်းမှ လိုက်လံမှတ်သားရင်း ကျွန်တော် အသက်ရှင်လျက် ရှိနေပါသေးကလားဟု နားလည်လိုက်ရသည်။

"မင်းဟာ တကယ့်ကို လေထဲမှာပျံနိုင်တာပဲကွ။ ငါဖြင့် ဒီစကားပဲ ပြောတတ်တော့တယ်"

မြက်ပင်တွေကြားထဲက သူပေါ်လာပြီး မတ်တတ်ရပ်ကာ ကျွန်တော့်ကို ကြည့်နေသည်။ ခါးထောက်ပြီးရပ်နေပုံမှာ ဘုပ,၍မရနိုင်သည့် ပုံသဏ္ဌာန်မျိုးဖြစ်သည်ဟု ကျွန်တော့်စိတ်ထဲမှာ ထင်နေမိသည်။ သူ့ခန္ဓာကိုယ်သည် အလွန်တရာ ထွားကျိုင်းလှသည်။ သားရေကုတ်အင်္ကျီ၊ ကိုယ်ကျပ်ဘောင်းဘီ၊ ဒူးဆစ်အထိရောက်သည့် ဘွတ်ဖိနပ်၊ သားရေဦးထုပ် စသည်တို့မှာ သူ့အဆောင်အယောင်များ ဖြစ်သည်။ နေကာလေကာ



မျက်မှန်ကြီးကို နဖူးပေါ်သို့ ပင့်တင်ထားသည်။ ညာဘက်ပေါင်ပေါ်တွင်မူ (၄၅)ဘို့ ပစ္စတိုသေနတ်က အိတ်နှင့်တွဲလောင်း။

သူ့ဆီသို့ လက်ကမ်းပေးလိုက်ပြီး ကျွန်တော် စကားပြောသည်။ သို့သော်လည်း ကျွန်တော်ကိုယ်တိုင် ပြောနေခြင်းမဟုတ်ဘဲ အခြားတစ်စုံတစ်ယောက်က ပြောနေသလို စိတ်ထဲထင်နေမိသည်။

"ကျွန်တော် နေးလ်မာလိုရီပါ"

"မင်းနာမည် ပြောပြီးပြီလေ၊ မမှတ်မိဘူးလား၊ ငါ့နာမည်က ဆမ်ဟင်နာ၊ ချောထုပ်တွေအပြင် တခြားအဖိုးတန်တာများ ကျန်သေးသလား" သူက အနည်းငယ် ပြုံးလိုက်သည်။

သူ့အသက် (၄၅) နှစ်ရှိပြီဖြစ်ကြောင်း နောင်ကျမှ ကျွန်တော်သိရသည်။ သူ့ရုပ်ရည်ကိုကြည့်ပြီး အကဲခတ်လို့တော့ မရ။ သူ့မျက်နှာက အသက်ကို ခန့်မှန်းရခက်သော မျက်နှာမျိုးဖြစ်သည်။ အသားရောင်က သူ့သားရေကုတ်အင်္ကျီအရောင်လို နေလောင်ပြီး ညိုနေသည်။

တောင့်တင်းကြံ့ခိုင်သည်။ သူ့ကိုယ်သူ အားကိုးသည့်ပုံမျိုး ဖြစ်သည်။ အရာရာမှာ အောင်ပွဲခံနိုင်သော သဏ္ဌာန်လည်းရှိသည်။ မည်သို့သော အခက်အခဲတွေ့စေကာမူ ကျော်လွှားလွန်မြောက်နိုင်သူမျိုး ဖြစ်ပုံရသည်။ သို့သော်လည်း စင်းလုံးချောကား ဟုတ်ပုံမရ။ ယခုရပ်နေသည့်ပုံမှာလည်း အရှက်တကွဲ ကင်းစစ်သွားတော့မည့် လေသူရဲတစ်ဦး၏ ပုံစံမျိုးဖြစ်သည်။ သို့သော် တကယ်တမ်းမဟုတ်ဘဲ ဟန်လုပ်ပြနေသည့် ပုံမျိုး။ မျက်လုံးအရောင်က အားနည်းလှသည်။

မိုင်းတွင်းအတွက် စက်ပစ္စည်းများ ကျန်နေသေးကြောင်း ကျွန်တော် ပြောပြလိုက်သောအခါ ဗီဂါလေယာဉ်ပျက်ပေါ်သို့ တက်သွားပြန်သည်။ ခဏကြာတော့ ပတ္တမြားအိတ်ကိုဆွဲပြီး ပြန်ထွက်လာသည်။

"ဒါ မင်းပစ္စည်းလား" ကျွန်တော်ခေါင်းညိတ်ပြသောအခါ ပတ္တမြားအိတ်ကို အောက်သို့ပစ်ချပေးသည်။ "ဟိုသေတ္တာတွေကတော့ ထားလိုက်ပါတော့ကွာ၊ ငါ့လေယာဉ်ပျံက နိုင်မှာမဟုတ်ဘူး၊ တခြား ဘာလိုချင်သေးသလဲ"

ကျွန်တော်က ခေါင်းကို ယမ်းခါပြလိုက်ပြီးမှ တစ်စုံတစ်ခုကို သတိရ[illegible]သည်။

"အိုး. . . ဟုတ်ပါရဲ့၊ မြေပုံခန်းထဲမှာ ကျွန်တော့်သေနတ်ရှိတယ်"

အလွယ်တကူပင် သေနတ်ကို သူတွေ့ပြီး ကျွန်တော့်ဆီကို [illegible] နှင့်အတူ ကမ်းပေးသည်။ (၃၈) ဘို့ ဝက်ဘလေအမျိုးအစား ခြောက်[illegible] ပြီး ဂျာကင်အင်္ကျီအိတ်ထဲမှာ ကျွန်တော် ထည့်ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း အဆင်သင့်ဖြစ်ပြီဆိုရင် ဒီနေရာကခွာကြစို့" ပြောပြောဆိုဆို ချောထုပ်သုံးထုပ်ကို အသာကလေး မ,ယူလိုက်သည်။ "ဒီတစ်ဝိုက်မှာရှိနေတဲ့ အင်ဒီးယန်းတွေက ဆိုးတယ်၊ မနှစ်တုန်းက မြေယာကုမ္ပဏီတစ်ခုက ဆရာဝန်က သူတို့ကို ကျောက်ရောဂါကာကွယ်ဆေး ထိုးပေးရမယ့်အစား ကျောက်ပေါက်ဆေးတွေ ထိုးပေးလို့ အဖိတ်အစဉ်တွေ သိပ်များခဲ့တယ်၊ ဒါတောင် လူဦးရေ ငါးထောင်လောက်တော့ ကျန်ဦးမယ်၊ ဖမ်းမိတဲ့ မျက်နှာဖြူမှန်သမျှကိုတော့ အရှင်လတ်လတ် အရေဆုတ်တော့တာပဲ"

သည်အကြောင်းတွေကို နားလျှံအောင် ကျွန်တော်ကြားခဲ့ဖူးပါပြီ။ အမေရိကမြစ်ကမ်းတစ်ဝိုက်တွင် ရှိနေကြသည့် အင်ဒီးယန်းလူမျိုးများကို လူဖြူများက လူသားအဖြစ် မမြင်နိုင်ကြ။ အင်ဒီးယန်းလူမျိုးများအပေါ် မည်သို့သော ရက်စက်မှုကိုပင်ပြုပြုတရားသည်ဟု မှတ်ယူနေကြသည်။

စကားတတွတ်တွတ်ပြောရင်း မြက်ပင်တွေကြားထဲသို့ တိုးသွားနေသည့် ဆမ်ဟင်နာ၏နောက်မှ ကျွန်တော် လိုက်လာခဲ့သည်။ ကျွန်တော်တို့ တိုးလာသောကြောင့် ထပ်ပျံသွားသည့် နှံကောင်များ၊ အခြားပိုးမွှားတိရစ္ဆာန်များမှာ တိမ်တိုက်ကြီး အုံ့ဆိုင်းသွားသလို များပြားလှလေရာ ဟင်နာက ကျိန်ဆဲနေသည်။

"အလကား အသုံးမကျတဲ့တိုင်းပြည်၊ ဘုရားသခင် နောက်ဆုံးဖန်ဆင်းခဲ့တဲ့နေရာ၊ ဘိတ်ချိုးနေရာ၊ သူတိုင်းပြည် သူ့လူမျိုးနဲ့တော့ ဟန်ကိုကျလို့"

"ဒီလိုဆို ခင်ဗျားကရော ဘာကြောင့် နေနေတာလဲ"ဟု ကျွန်တော်က မေးသည်။

ထိုအချိန်မှာပင် သူ့လေယာဉ်ပျံ ဟေလေရှိရာသို့ ကျွန်တော်တို့ ရောက်သွားသည်။ ချောထုပ်များကို အခန်းတွင်းသို့ ပစ်ထည့်လိုက်ပြီး ကျွန်တော့်ဘက်သို့ သူပြန်လှည့်လာသည်။ မျက်လုံးများက အရောက်တောက်နေသည်။

"နေချင်လွန်းလို့ နေနေတာမဟုတ်ပါဘူး ငါ့ညီရာ၊ မနေမဖြစ်တဲ့ဘဝမို့ နေရတာ"

လေယာဉ်မောင်းခန်းအတွင်းသို့ သူက ကျွန်တော့်ကို တွန်းတင်ပေးလိုက်သည်။ ဗီဂါလေယာဉ်လောက်တော့ ကျယ်ကျယ်လွင့်လွင့် မရှိ။ ခရီးသည်အတွက် ထိုင်ခုံလေးခုံ၊ နောက်ဘက်မှာ ပစ္စည်းတင်သည့်အခန်း၊ ပစ္စည်းအားလုံး စနစ်တကျ နေသားတကျ သပ်သပ်ရပ်ရပ် ရှိနေသည်။ လေယာဉ်ကအသစ်မို့ ဤသို့ စနစ်တကျရှိနေခြင်းမဟုတ်။ အမြဲတစေ တသ,သနေနိုင်မှ တန်ကာကျသော လေယာဉ်ပျံမျိုးဖြစ်သည်။ ဟင်နာလိုလူမျိုးမောင်းရန် သင့်လျော်သည့် လေယာဉ်မဟုတ်ဟုလည်း ကျွန်တော် စိတ်မှတ်မထင် တွေးသိုက်မိသည်။

သူ့ဘေးကခုံမှာ ဝင်ထိုင်ပြီး ထိုင်ခုံခါးပါတ်ကို ပတ်လိုက်သည်။ သူက တံခါး



ပိတ်နေသည်။

"မိုင်ကုန်တင်ရင် တစ်နာရီကို မိုင် (၁၈၀) လောက် မြန်တယ်"

ရုတ်တရက် ကျွန်တော့်တစ်ကိုယ်လုံး နုန်းချိသွားသည်။ မိမိကိုယ်တိုင် ဘာမျှလုပ်ရန်မလိုဘဲ ဘေးကထိုင်ခုံတွင် သက်တောင့်သက်သာထိုင်ပြီး အခြားသူလုပ်သမျှကို ကြည့်နေရသည်မှာ အလွန်ကောင်းမြတ်သည့် အရသာဖြစ်သည်။ ပြီးတော့ သူသည် အလွန်တော်သည့် လေယာဉ်မောင်းသမား။ လေယာဉ်ပျံတက်ရမည့်နေရာမှာ မြက်ခင်းပြင်၏ တစ်ဘက်စွန်းမှ သစ်ပင်များနှင့် ဝေးလှသည်မဟုတ်။ သို့သော်လည်း ကျွန်တော့်ရင်ထဲမှာ စိုးရိမ်စိတ်ဟူ၍ စိုးစဉ်းမျှပင်မရှိ။

မြက်ပင်ရှည်ကြီးများထဲမှာဖြတ်ပြီး သူမောင်းလာသည်။ သိပ်မြင့်မြင့်ကြီး ပျံတက်၍လည်း မရ။ သစ်ပင်ထိပ်ဖျားများနှင့် လွတ်ရုံကလေးသာ တက်နိုင်သည်။ ဆမ်ဟင်နာသည် အလွန်ကျွမ်းကျင်စွာဖြင့် သစ်ပင်အထက် ဆယ်ပေလောက်ခွာပြီး ပျံတက်လိုက်သည်။ ပြီးတော့ ကျယ်လောင်စွာ သူရယ်သည်။

"လူ့ဘဝမှာ အရေးအကြီးတကာ့ အကြီးဆုံးအရာဟာ ဘာလဲသိရဲ့လား ဓာလိုရီ၊ ကံကောင်းတာကွ၊ ကံကောင်းတာ၊ ကောင်းတဲ့ကံတွေကတော့ ငါ့မှာအပြည့်ပဲဟေ့၊ ငါ့အသက် တစ်ရာ့တစ်နှစ်အထိ ရှည်မယ်"

"ကံကောင်းပါစေဗျာ" ဟု ကျွန်တော်က ပြန်ပြောလိုက်သည်။

သူသည် အရက်သောက်ပြီး စကားပြောနေသူလို ဖြစ်နေသည်။ သို့သော်လည်း မူးနေသူတစ်ယောက်လိုကား မဟုတ်။ ပါးစပ်ပိတ်မထားနိုင်လောက်အောင်လည်း စကားများလွန်းလှသည်။ သူဘာတွေပြောသည်ကို ကျွန်တော် မမှတ်မိတော့။ ကျွန်တော့်မျက်လုံးများ အလိုလိုပိတ်သွားသည်။ သူ့စကားသံနှင့် အင်ဂျင်စက်သံများ ရောထွေးသွားသည်။ ပြီးတော့ ထိုအသံများအားလုံး ပျောက်ကွယ်သွားကာ မှောင်နှင့်မည်းမည်းသာ ကျန်တော့သည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

### နတ်မိမယ်လေး မာရီယာ

နာရီပိုင်းအတွင်းမှာပင် ကျွန်တော် ခရီးဆက်သွားခွင့် ရလိမ့်မည်ဟု မျှော်လင့်ထားသည်။ မာနေ့ခ်မြို့သည် နေချင်စဖွယ်မြို့မဟုတ်။ ထို့ကြောင့် နောက်နေ့ထွက်သည့် သင်္ဘောတစ်စင်းစင်းနှင့် ဘီလမ်မြို့သို့ ခရီးဆက်နိုင်ဖို့သာ စိတ်စောနေမိသည်။

သို့သော်လည်း စ,ပြီးပြော့ဆိုကတည်းက တလွဲတချော်တွေ ဖြစ်ကုန်သည်။ ကျွန်ေ ် လေယာဉ်ပျံ ပျက်ကျသည့်ကိစ္စနှင့် ပတ်သက်ပြီး ရဲအရာရှိက ကျွန်တော့်ကို စစ်ဆေးနေသည်။ ကျွန်တော်အစစ်ခံသမျှ စကားလုံးများကို သူကိုယ်တိုင် လိုက်ရေးနေသည်။ သည်တော့လည်း အချိန်တွေ ကုန်လိုက်သည့်ဖြစ်ခြင်း။

အစစ်ခံချက်အပေါ်မှာ ကျွန်တော် လက်မှတ်ထိုးပြီးသောအခါ သည်ကိစ္စနှင့် ပတ်သက်ပြီး ဆမ်ဟင်နာ၏ ထင်မြင်ချက်ကို စစ်ဦးမည်၊ ကျွန်တော်က သူ့ရုံးခန်းအပြင်ဘက်မှ ထိုင်စောင့်ရဦးမည်။ ပိတ်ထားသည့် ရုံးခန်းတံခါးကြားမှ ထိုးထွက်လာသည့် ရယ်သံများကို ကြားရခြင်းအားဖြင့် ရဲအရာရှိနှင့် ဆမ်ဟင်နာတို့သည် အလွန်ရင်းနှီးသည့် မိတ်ဟောင်းဆွေဟောင်းများဖြစ်ကြောင်း သိသာနိုင်သည်။ နောက်ဆုံး အခန်းအပြင်သို့ ထွက်လာကြသောအခါ ဟင်နာ၏လက်တစ်ဘက်က ရဲအရာရှိ၏ပခုံးကို သိုင်းဖက်ထား



သည်။

"အင်း. . . ဆီညော်မာလိုရီ" ရဲအရာရှိ က ယဉ်ကျေးပျူငှာစွာ ကျွန်တော့်ကို ခေါင်းဆတ်ပြသည်။ "ခင်ဗျားကိစ္စနဲ့ပတ်သက်ပြီး ကပ္ပတိန်ဟင်နာကို ကျွန်တော် မေးကြည့်ပါတယ်၊ ခင်ဗျား အစစ်ခံချက်တွေအားလုံး မှန်ကန်ကြောင်း သူက ထောက်ခံပါတယ်၊ ခင်ဗျား သွားလိုရာ သွားနိုင်ပါပြီ"

အကောင်းဆုံးစကား ဖြစ်ပါ၏။ အခန်းတွင်းသို့ ရဲအရာရှိ ပြန်ဝင်သွားသည်။ ဆမ်ဟင်နာက ကျွန်တော့်ပခုံးပေါ် သို့ လက်တစ်ဘက်တင်ရင်း မျက်မှောင်တစ်ချက်ကုတ်၍ ပြောသည်။

"ဒါဆိုလဲ ပြီးသွားတာပါပဲ၊ ငါ့မှာ အလုပ်ကလေးတွေ ကျန်သေးတယ်၊ မင်းကို ကြည့်ရတာ လူသေတစ်ယောက် လမ်းလျှောက်သလို ဖြစ်နေပြီ၊ အောက်ထပ်မှာ ကားတစ်စီးငှားပြီး 'နန်းတော်ဟိုတယ်'ကို အပို့ခိုင်းလိုက်၊ ဂျူကာဆိုတဲ့ လူကိုမေး၊ ငါ လွှတ်လိုက်တာလို့ပြော၊ ငါးနာရီ ခြောက်နာရီလောက် အိပ်လိုက်ရင် မင်း လန်းသွားမယ်၊ ဒီညနေ မင်းနဲ့ငါ အချိန်ဖြုန်းကြတာပေါ့၊ တစ်ခုခုစားမယ်၊ အကောင်းဆုံး အလုပ်တစ်ခုကို တို့နှစ်ယောက် အတူတူလုပ်မယ်"

"မာနေ့ခ်မြို့မှာလား"

"သူတို့မှာ ဒုစရိုက်မှုတွေ ရှိနေပါသေးတယ်ကွာ၊ ကိုယ်က ရှာတတ်ဖို့သာ လိုတာပါ" ပြောရင်း ကောက်ကျစ်စဉ်းလဲသည့် ပုံမျိုးဖြင့် သူပြုံးသည်။ "ကဲ. . . ပြီးမှ တွေ့ကြမယ်"

ဆမ်ဟင်နာသည် ရဲအရာရှိအခန်းထဲသို့ တံခါးမှ မခေါက်တော့ဘဲ ပြန်ဝင်သွားသည်။ ကျွန်တော်က အောက်ထပ်ဆင်းပြီး အပြင်ထွက်ခဲ့သည်။

ဟိုတယ်သို့ ကျွန်တော် တန်းမသွားပါ။ လေယာဉ်ကွင်းရင်းတွင်တွေ့ရသည့် မြင်းလှည်းတစ်စီးကိုငှားကာ သင်္ဘောတွင်းကုမ္ပဏီ ကိုယ်စားလှယ်၏ လိပ်စာကိုပြောပြပြီး မောင်းခိုင်းလိုက်သည်။ ဗီဂါလေယာဉ်ပျံကို ဘီလမ်မြို့သို့ရောက်အောင် မောင်းနှင်ပို့ရန် ကျွန်တော်နှင့် စာချုပ်ထားသော ကုမ္ပဏီဖြစ်သည်။

(၁၉) ရာစုနှစ်ကုန်ပိုင်းလောက်က ဤနယ်မှာ ရှာဘာလုပ်ငန်းများ အကြီး အကျယ်ထွန်းကားပြီး ရွှေမိုးငွေမိုး ရွာခဲ့ဖူးသည်။ ထိုစဉ်တုန်းက မာနေ့ခ်မြို့မှာ ဒုစရိုက် ပေါင်းစုံနှင့် ပြွန်းတီးနေခဲ့သည်။ လူတွေကလည်း အကျင့်ပျက်ချင်တိုင်း ပျက်ကြသည် သည်လိုကစ,ပြီး တဖြည်းဖြည်းနှင့် အပျက်ကပ်ကြီး ဆိုက်ခဲ့သည်။ ယခုတော့ သည် သည်ဒေသသည် အခြေချနေထိုင်အပ်သောအရပ် မဟုတ်တော့ပြီ။

ကျွန်တော့်ရင်ထဲမှာ နာကျင်ပြီး နေမထိထိုင်မသာ ဖြစ်လာသည် က ချက်ချင်း ထွက်ပြေးချင်ပြီ။ ကျော်ခိုင်းထွက်ခွာသွားသည့်

www.burmeseclassic.com

www.burmeseclassic.com



သည်မြို့ကို နောက်ဆုံးကြည့်ခြင်းအနေဖြင့် ကြည့်လိုက်ချင်ပြီ၊

ဆိပ်ကမ်းဂိုဒေါင်ကြီးအတွင်းမှ နုံးခန်းမှာ သတ္တုတွင်းကုမ္ပဏီ၏ ဒေသခံကိုယ်စားလှယ်ကို တွေ့သည်၊ အရပ်ကသွယ်သွယ်၊ အသားအရေက ဖြူဖပ်ဖြူရော်၊ လူ့လောကတွင် ကြာကြာနေရတော့မည့် မဟုတ်ကြောင်းလည်း သူကိုယ်သူ သိနေပုံရသည်၊ အဆက်မပြတ် ချောင်းဆိုးနေသည်။ ချောင်းဆိုးတိုင်း သွေးကပါနေရာ သူလက်ထဲမှ လက်ကိုင်ပဝါကြီးမှာ သွေးများဖြင့် ရွှဲနစ်နေသည်၊

ချောင်းမပြတ်ဆိုးနေသည့်ကြားမှပင် ကန်ထရိုက်စာချုပ်အရ ကျွန်တော့်ဘွင်ဘာခံစားခွင့်မှ မရနိုင်ကြောင်း၊ ဘီလမ်မြို့သို့ ဗီဂါလေယာဉ်ပျံကို ချောချောမောမောရောက်အောင် ပို့နိုင်မှသာ ကျွန်တော့်ကို ငွေထုတ်ပေးနိုင်မည်ဖြစ်ကြောင်း ပြောသည်။ ကျွန်တော်ကလည်း သည်အဖြေကိုပင် မျှော်လင့်ထားခဲ့ပြီးသား ဖြစ်သည်။ ထို့ကြောင့် အသက်ငင်နေသည့် ကိုယ်စားလှယ်ကို ကျောခိုင်းပြီး ကျွန်တော် ထွက်ခဲ့တော့သည်။

မြင်းလှည်းက ကျွန်တော့်ကို စောင့်နေသည်၊ မြင်းလှည်းဆရာသည် အပူရှိန်ကြောင့် ငိုက်မျဉ်းနေသည်၊ မြက်ဦးထုပ်ကြီးက သူမျက်လုံးများကို ဖုံးအုပ်နေသည်။ မြစ်ထဲမှာ တစ်စုံတရာ ရှိလေမလားဟူသော စိတ်ကူးဖြင့် ကမ်းနားဘက်သို့ ကျွန်တော်ဆက်လျှောက်သွားမိသည်။ ရှေ့နားက ကုန်ဂိုဒေါင်တစ်ခုအနီးတွင် ငှက်ပျောသီးများတင်နေသည့် မီးသင်္ဘောတစ်စီးကို တွေ့ရသည်၊

သင်္ဘောကပ္ပတိန်သည် တံတားပေါ်ရှိ အမိုးကလေးအောက်မှာ ပတ္တူကုလားထိုင်နှင့် ထိုင်နေသည်၊ သူ့သင်္ဘောသည် မနက်ဖြန်မနက် ကိုးနာရီတွင် ထွက်ခွာမည်ဖြစ်ကြောင်း၊ ဘီလမ်မြို့သို့ ခြောက်ရက်ကြာအောင် ခုတ်မောင်းရမည်ဖြစ်ကြောင်း၊ ကုန်းပတ်ပေါ်တွင် ပေါက်လွတ်ပဲစား ခရီးသည်များနှင့် ရောနှောမလိုက်လိုက အရာရှိခန်းတစ်ခန်းကို စီစဉ်ပေးနိုင်ကြောင်း၊ ခရူဇီရိုငွေ တစ်ရာကျမည်ဖြစ်ကြောင်း ပြောပြသည်။ မနက်ဖြန်အချိန်မီ ကျွန်တော် အရောက်လာခဲ့မည်ဖြစ်ကြောင်း ပြောပြသောအခါ သူ့မျက်လုံးများ ပြန်မှိတ်သွားပြီး သူ့အလုပ်ကိုသူ ပြန်လုပ်နေလိုက်တော့သည်၊

ကျွန်တော့်ပိုက်ဆံအိတ်ထဲမှာ ခရူဇီရိုငွေ တစ်ထောင်ကျော် ရှိသေးသည်။ ပေါင်စတာလင်ငွေနှင့်တွက်လျှင် တစ်ရာငါးဆယ်လောက် ရှိသည်၊ ထိုမျှလောက်သောငွေသည် အိမ်ပြန်စရိတ် ကောင်းကောင်းကြီး လောက်ငသောငွေ ဖြစ်လေသည်။ ဘီလမ်မြို့သို့ရောက်လျှင် ကြုံရာသင်္ဘောဖြင့် အင်္ဂလန်သို့ ပြန်တော့မည်၊

ကျွန်တော်၏ အိမ်အပြန်ခရီး၊ တောင်အမေရိကနိုင်ငံတွေထဲမှာ နှစ်နှစ်ခွဲကျွန်တော်နေခဲ့သည်၊ အဆိုးရွားဆုံးများနှင့်သာ ကြုံခဲ့ရသည်။ ယခုလို ကိုယ့်ရပ်ကိုယ့်ရွာပြန်ရတော့မည်ဆိုတော့ ကြည်နူးလိုက်သည့်ဖြစ်ခြင်း၊ ကျွန်တော့်ဘဝတွင် စိတ်အချမ်းသာဆုံးသော အချိန်ဖြစ်ပြီး ပင်ပန်းနွမ်းနယ်မှုမှန် သမျှတို့သည်လည်း ပိန်းကြာဖက်တွင်



ရေမတင်သကဲ့သို့ ပျောက်ကွယ်သွားတော့သည်၊ မြင်းလှည်းရှိရာသို့ ကျွန်တော် ပြန်လှည့်လာခဲ့သည်၊

ဟိုတယ်အစုတ်မှာပင် တည်းရလိမ့်ဦးမည်ဟု ကျွန်တော် ကြိုတင်မျှော်လင့်ထားပြီး ဖြစ်သည်၊ သို့သော်လည်း သားသားနားနားရှိနေသည့် 'နန်းတော်ဟိုတယ်'ကို တွေ့ရသောအခါ အံ့အားသင့်မိသည်၊ ဆမ်ဟင်နာ၏နာမည်ကို ပြောပြလိုက်သောအခါ ထိုနာမည်သည် မျက်လှည့်ပစ္စည်းများလားဟု ထင်ရလောက်သည်၊ သူပြောလိုက်သည့် ဂျူကာဆိုသူကို တွေ့ပါသည်၊ အသက်ကြီးလှပြီ၊ ဆံပင်က ဖြူလှပြီ။ ကိုယ်ပေါ်မှာ အယ်လ်ပတ်ကားအကျီကိုဝတ်လျက် စားပွဲတစ်လုံးနောက်မှာ သတင်းစာထိုင်ဖတ်နေသည်။ ဆမ်ဟင်နာက လွှတ်လိုက်ကြောင်း ပြောပြလိုက်သည်နှင့် ဟျာဟျာသလဲ ဖြစ်သွားသည်၊

အပေါ်ထပ်သို့ သူကိုယ်တိုင်လိုက်ပို့သည်၊ သံပန်းဝရံတာကလေးနှင့် မြစ်ပြင်ကို စီးမြင်နေရသည့် အခန်းတစ်ခုထဲသို့ ပို့ပေးသည်။ ကြေးကုတင်ကြီးနှင့် မဟော်ဂနီသားအိမ်ထောင်ပရိဘောဂများက အခန့်သား၊

အဝတ်နက်များ ဝတ်ဆင်ထားသည့် အင်ဒီးယန်းလူမျိုး အမျိုးသမီးကြီးတစ်ဦး စောင်၊ ခြင်ထောင်၊ အိပ်ရာခင်းအသစ်များယူပြီး ဝင်လာသည်၊ တစ်ဘက်ခန်းမှ ရေချိုးခန်းကို ဂျူကာက လိုက်ပြသည်၊ ကျွန်တော်တစ်ဦးတည်း သီးသန့်သုံးနိုင်ကြောင်း၊ သို့သော် ရေနွေးလိုလျှင် ခေါင်းလောင်းတီးပြီး တောင်းရသဖြင့် အားနာလှကြောင်း ပြောသည်။ ကျွန်တော်က ကျေးဇူးတင်စကား ပြန်ပြောသည်၊ ကပ္ပတိန်ဟင်နာ၏ မိတ်ဆွေတစ်ယောက်အဖို့ အစစအဆင်ပြေအောင် စီစဉ်ပေးမည်ဖြစ်ကြောင်း၊ အတတ်နိုင်ဆုံး အကောင်းဆုံးများသာ ဖြစ်ရစေမည်ဖြစ်ကြောင်း သူက ကတိပေးသွားသည်၊

အဝတ်အစားများကို ချွတ်နေရင်း သူ့အကြောင်းကို ကျွန်တော် စဉ်းစားနေမိသည်။ ဆမ်ဟင်နာလို လူမျိုးအဖို့တော့ မာနော့စ်မြို့မှာ အနေချောင်ပေလိမ့်မည်၊ သူကို နိုင်ငံခြားသားတစ်ဦးအဖြစ် တစ်မြို့လုံးက အသိအမှတ်ပြုပြီး ဆက်ဆံနေကြသောကြောင့် ဖြစ်သည်။

ကျွန်တော် ရေအလွန်ချိုးချင်နေသည်၊ သို့သော်လည်း ကုတင်[illegible] ဖိနပ်ချွတ်နေခိုက်မှာပင် ရုတ်တရက် တစ်ကိုယ်လုံး နွမ်းချိလာသည်၊ [illegible] ပေါ်တက်ပြီး စောင်အောက်ဝင်လိုက်သည်နှင့် တစ်ပြိုင်တည်း အိပ်ပျော်[illegible]

www.burmeseclassic.com

www.burmeseclassic.com



ခြင်ထောင်အမိုးက ဝေဝါးဝါးဖြစ်နေသည်။ ဖွင့်ထားသည့် ပြတင်းတံခါးမှ လေညင်းဝင်လာသောအခါ ပန်းရနံ့များ ရောထွေးပါလာသည်။ လူမျက်နှာတစ်ခုက ရေနံဆီမီးအိမ်၏ ဝါကျင်ကျင်အရောင်တွင် မျောပါနေသည်။

ဂျူကာ၏ အားတုံ့အားနာဖြစ်နေသော မျက်နှာပေတကား။

"စောစောတုန်းက ကပ္ပတိန်ဟင်နာ ရောက်လာပါတယ်ခင်ဗျာ၊ ကိုးနာရီထိုးရင် လူကြီးမင်းကို အိပ်ရာကနိုးဖို့ ကျွန်တော့်ကို မှာသွားပါတယ်"

"ကိုးနာရီ. . ."

"သူ့ကို 'လှေကလေး'မှာ တွေ့ပါလို့ မှာသွားပါတယ်၊ လူကြီးမင်းနဲ့အတူတူ ညစာစားချင်ပါတယ်တဲ့၊ လူကြီးမင်းအတွက် မော်တော်ကားတစ်စီးလဲ အဆင်သင့် ကျွန်တော် စောင့်နိုင်းထားပါတယ်၊ လိုတာတွေအားလုံး စီစဉ်ထားပြီးသားပါ"

"ကောင်းလိုက်လေဗျာ"

"ရေချိုးဖို့လဲ အဆင်သင့်ပါပဲခင်ဗျ၊ ရေနွေးနဲ့ စပ်ချိုးနိုင်အောင်လည်း စီစဉ်ထားပါတယ်"

အဘိုးကြီးဂျူကာသည် မီးအိမ်ကို စားပွဲပေါ်မှာ ဂရုတစိုက် တင်ခဲ့သည်။ ပြီးတော့ တံခါးကို ဖြည်းညင်းစွာ ပိတ်ပေးသွားသည်။ ခြင်ထောင်က လေထဲမှာ လှုပ်ရှားသွားပြီးမှ ငြိမ်သွားသည်။

ကျွန်တော့်အာရုံများ ထွေပြားနေသည်။ ပြတင်းပေါက်ဆီသို့ ထလာခဲ့သည်။ ပန်းရနံ့များကို သယ်ဆောင်လာသည့် လေညင်းက အပြင်မှ တိုးဝင်လာသည်။ တစ်နေ့တာ၏ အပူဒဏ်ကို ခံခဲ့ရပြီး အအေးဓာတ်ကလေး ရလာသောအခါ နေသာထိုင်သာရှိသွားသည်။ စိတ်အာရုံများလည်း ပြောင်းသွားသည်။ မြစ်ပြင်ဘက်မှ မီးရောင်လက်လက်ကို မြင်ရသည်။ ဝီတသံသဲ့သဲ့ကလည်း လွင့်မျောလာသည်။ ထွေပြားနေသည့် အာရုံများ ပျောက်ကွယ်သွားပြီး ကျွန်တော့်စိတ်များ တက်ကြွလာတော့သည်။

အခန်းတွင်းသို့ ပြန်လှည့်လာသောအခါ နောက်တစ်မျိုးကို တွေ့ရပြန်သည်။ ကျွန်တော့်ပတ္တူအိတ်မှာ ပွင့်လျက်သားရှိနေသည်။ ကျွန်တော့်ဝတ်စုံအဟောင်းမှာ လျှော်ပြီးဖွပ်ပြီး မီးပူတိုက်ပြီး ကုလားထိုင်နောက်မှီပေါ်တွင် အရံသင့်ချိတ်ထားသည်ကို တွေ့ရသည်။ ကျွန်တော် ဘာမျှမတတ်နိုင်တော့ပါ။ တိုက်တွန်းမှုတွေက သိပ်ကြီးမားနေပြီ။ ထို့ကြောင့် လက်မြှောက်အရှုံးပေးလိုက်သည်။ အသင့်တွေ့ရသည့် မျက်နှာသုတ်ပဝါကို ကောက်ယူပြီး ရေချိုးခန်းရှိရာသို့ လျှောက်လာခဲ့လေတော့သတည်း။

❐



မိုးရာသီ ကုန်ဆုံးပြီဖြစ်သော်လည်း အမေဇုံမြစ်ဝှမ်း အထက်ပိုင်းတွင် မိုးပြတ်သည်ဟူ၍ မရှိ၊ သည်းထန်စွာ မကြာခဏ ရွာတတ်သည်၊ အထူးသဖြင့် ညပိုင်းတွင် မလွဲမသွေ ရွာတတ်သည်။

ယခုလည်း ပြုန်းကနဲ မိုးရွာချလိုက်သည့်အချိန်မှာပင် ကျွန်တော့်ကိုစောင့်နေသည့် မော်တော်ကားဆီသို့ ဟိုတယ်တွင်းမှ ပြေးထွက်ခဲ့သည်။ အတန်တန်တားသည့်ကြားကပင် ဂျူကာသည် ထီးတစ်ချောင်းနှင့် လိုက်မိုးပေးသည်။ ကားတွင်းသို့ ကျွန်တော်ရောက်သည်နှင့် တစ်ပြိုင်တည်း ဒရိုင်ဘာက မောင်းထွက်လာခဲ့သည်။

လမ်းတစ်လျှောက်လုံး လူသူကင်းမဲ့နေသည်ကို တွေ့ရသည်။ မိုးရွာနေသောကြောင့် အပြင်ထွက်သူနည်းနေသည်။ ကျွန်တော်တို့မော်တော်ကား မြစ်ဘက်သို့ ဖုံ့ဆင်းလိုက်သည့် အချိန်အထိ ဒါဇင်ဝက်လောက်သော လူရိပ်လူရောင်ထက် ပိုမတွေ့ခဲ့ရချေ။

မြစ်တွင်းမှာ လူနေအိမ်ခြေ အတော်များများကိုလည်း တွေ့ရသည်၊ လှေများကိုဆက်ပြီး အပေါ်မှာ လူနေအိမ်လုပ်ထားခြင်း ဖြစ်သည်။ ထိုလူများက ဒေသခံများမဟုတ်၊ ငွေကြေးတတ်နိုင်သည့် နိုင်ငံခြားသားများက အများစုဖြစ်သည်၊ ဆိပ်ခံတံတားရှည်ကြီးထိပ်မှာ ကားရပ်လိုက်သည်၊

"ဒီကနေ ဆင်းရမှာပါ ဆရာ"

ဒရိုင်ဘာက သူ့မိုးကာအင်္ကျီကို ကျွန်တော့်ကိုယ်ပေါ်မှာ လွှမ်းခြုံပေးပြီး ကျွန်တော့်ကို လမ်းပြခေါ်သွားသည်။ ဆိပ်ခံတံတားဆုံးတော့ မီးအိမ်တစ်လုံး တိုင်ထိပ်မှာ ချိတ်ဆွဲထားသည်ကို တွေ့ရသည်။

မြစ်တွင်းသွား သင်္ဘောဟောင်းကြီးတစ်စီး၊ အသေကျောက်ချထားသည်ကို လှမ်းမြင်ရသည်၊ သင်္ဘောကြီးထဲမှ မီးရောင်များ အပြင်အမှောင်ထုအတွင်းသို့ ဖြာထွက်နေသည်။ ရယ်မောသံများနှင့် တေးဂီတသံများက မြစ်ပြင်ကိုဖြတ်ပြီး လွင့်မျောလာသည်။ ဒရိုင်ဘာကကုန်းပြီး လျှို့ဝှက်သစ်သားအံဖုံးကြီးကို ဖွင့်လိုက်သည်၊ အောက်သို့ဆင်းသွားသည့် သစ်သားလှေကားကို မီးရောင်ဖြင့် မြင်လိုက်ရသည်။ ဒရိုင်ဘာက အရင်ဆင်းသည်၊ ကျွန်တော်ကလည်း တုံ့ဆိုင်းခြင်းမရှိဘဲ ဆင်းလိုက်သည်၊ ကျွန်တော့်ကို မတော်တရော် ပိုင်းပြီးညစ်ကြလိမ့်မည်ဟု ကျွန်တော် မျှော်မှန်းမထားပါ။ ကျွန်တော့်အိတ်ထဲမှာ (၃၈) ဘို့ ဝက်ဘလေအမျိုးအစား ခြောက်လုံးပြူးက အသင့်ရှိနေသည်၊ ထို့ကြောင့်လည်း စိတ်လုံနေသည်။

မြစ်လယ်မှ သင်္ဘောသို့ လမ်းလျှောက်သွားနိုင်အောင် ယော . . . ပူးချည်ပြီး တံတားသဖွယ် ပြုလုပ်ထားသည်။ ထိုအပေါ်မှ ကျွန်တော်တို့ . . . သွားကြတော့ လှေများက နိမ့်ချည်မြင့်ချည်ဖြစ်ပြီး အသံမြည်နေသည်။

တစ်ဘက်စွန်းကိုရောက်တော့ သင်္ဘောနံရံကို ဒရိုင်ဘာ . . .

www.burmeseclassic.com

လိုက်သည်။

"ဟောဒါ 'လေ့ကလေး'ပါပဲ ဆရာ၊ ဒီမှာရှိသမျှအားလုံးဟာ ခံတွင်းလိုက်စရာ မတွေ့ချည်းပါပဲ၊ အစားအသောက်နဲ့ မိန်းမကတော့ ခံတွင်းအလိုက်တကာ့ အလိုက်ဆုံးပေါ့"

သူ့စကားကို ကြားရသောအခါ ဘရာဇီးလ်လူမျိုးတို့၏ ထုံးစံဖြစ်ကြောင်း ကျွန်တော် သတိရလိုက်သည်။ ထို့ကြောင့် ပိုက်ဆံအိတ်ကို စမ်းလိုက်သည်။ သူက လက်မြှောက်တားပြီး "မလိုပါဘူးဆရာ၊ ကျွန်တော်တို့ ကပ္ပတိန်ကြီးက အစစအရာရာ တာဝန်ယူထားပြီးသားပါ" ဟု ပြောသည်။

ဆမ်ဟင်နာ၏ ဝတ္ထုရားကျေပုံတွေကို ကြားရပြန်သည်။ လာလမ်းအတိုင်း ဒရိုင်ဘာ ပြန်လျှောက်သွားသည်ကို ကျွန်တော် ကြည့်နေမိသည်။ တံခါးပေါက်ပွင့်သွားပြီး အလွန်ထွားကျိုင်းသည့် လူတစ်ယောက် အရိပ်ထဲက ပေါ်လာသည်။ နီဂရိုးလူမျိုးဖြစ်သည်။ နားတစ်ဘက်မှာ နားကွင်းတပ်ထားသည်။ မုတ်ဆိတ်ကျင်စွယ်များကလည်း တွန့်လိမ်ကောက်ကွေးလွန်းလှသည်။

"အမိန့်ရှိပါခင်ဗျာ"

"ကပ္ပတိန်ဟင်နာကို တွေ့ချင်လို့၊ ငါ့ကို သူ ဒီကစောင့်နေတယ်" ဟု ကျွန်တော်က ပြန်ပြောသည်။

အမှောင်ထုထဲမှာပင် ဝင်းလက်သွားသည့် သွားရောင်များကို မြင်တွေ့လိုက်ရသည်။ ဟင်နာ၏ တခြားမိတ်ဆွေတစ်ယောက်နှင့် တွေ့ရပြန်ပြီ။ ယခုကစပြီး ပုံစံတူများကို မြင်ရပေတော့မည်။ သူက စကားတစ်စုံတစ်ရာ မပြော။ ရိုးရိုးကလေးပင် တံခါးဖွင့်ပေးလိုက်သည်။ ကျွန်တော်လည်း အတွင်းသို့ဝင်ခဲ့သည်။

ယခင် သင်္ဘောအဖြစ် ပြေးဆွဲစဉ်တုန်းက ယခုအခန်းသည် ရိုးရိုးတန်း ခရီးသည်များစီးသည့် ကုန်းပတ်ဖြစ်ပုံရသည်။ ယခုတော့ စားပွဲတွေနှင့် ကျပ်ညပ်နေသည်။ အခန်းထဲမှာ ရှိနေသည့်လူများမှာလည်း ငါးသေတ္တာထဲက ငါးများလို ပြွတ်သိပ်နေသည်။ မီးခိုးတွေ မှောင်နေသည်။ အလင်းရောင်က အားနည်းလှသည်။ သို့သော်လည်း စုံတွဲတွေ ကနေသည့် နေရာကျဉ်းကျဉ်းကလေး၏ ဟိုမှာဘက်တွင် အရက်ကောင်တာရှိကြောင်း လှမ်းတွေ့လိုက်ရသည်။ တီးဝိုင်းက ခပ်မြူးမြူးသီချင်းတစ်ပုဒ်ကို တီးမှုတ်နေသည်။ အခန်းထဲမှာ ရှိနေကြသူများက တီးဝိုင်းနှင့်အတူ သီချင်းလိုက်ဆိုနေကြသည်။

ကျပ်ညပ်နေသည့် လူတွေကြားထဲတွင် မိန်းကလေးတစ်ယောက်နှင့် တွဲကနေသော ဆမ်ဟင်နာကို လှမ်းတွေ့ရသည်။ မိန်းကလေးက နီဂရိုးသွေး၊ ဥရောပတိုက်သားသွေး၊ အမေရိကန်သွေး စသည်ဖြင့် သွေးပေါင်းစုံ နှောနေသည့် ကပြားမလေးဖြစ်သည်။ အလွန်တရာ ချောမောလှပသည်။ သူဝတ်ထားသည့် ကြက်သွေးရောင် အဝတ်



အစားက သူ့အလှကို ထင်ရှားသည်ထက် ထင်ရှားအောင် ဖော်ညွှန်းပြနေသလို ရှိသည်။

ဂီတသံနှင့်အတူ ကောင်မလေးတို့ တစ်ဘက်သို့ဆွဲအလှည့်လိုက်တွင် ကျွန်တော့်ကို သူမြင်သွားသည်။

"ဟေး. . . မာလိုရီ. . . မင်းရောက်လာပြီကိုး"

ကောင်မလေးကို ရှိလေသည်ဟုပင် မထင်မှတ်တော့သလို တစ်ဘက်သို့ တွန်းလွှတ်လိုက်ပြီး လူအုပ်ကြားထဲမှ တိုးဝှေ့ထွက်လာသည်။ သူ အတိုးကြမ်းသောကြောင့် လူတချို့ယောက်ထဲမှ အရက်ခွက်များ ဖိတ်စဉ်ကျကုန်သည်။ သို့သော် မည်သူကမှ စိတ်ဆိုးပုံမပြ။ သူ့ကို ပြုံး၍ပင် နှုတ်ဆက်ကြသေးသည်။ အချို့က သူ့ကျောကိုပုတ်ပြီး ရင်းနှီးကျွမ်းဝင်စွာပင် နှုတ်ဆက်စကားဆိုကြသေးသည်။

သူ အတန်အသင့် မူးနေပြီမှာ သိသာသည်။ နှစ်ရှည်လများ ကွဲကွာနေရသည့် ညီအစ်ကိုနှစ်ယောက် ပြန်လည်တွေ့ဆုံကြသလို ကျွန်တော့်ကို ဖက်လှဲတကင်း ဆီးကြိုသည်။

"ဘာဖြစ်လို့ နောက်ကျနေတာလဲ၊ ငါတော့ ဆာလှပြီကွာ၊ လာ သွားစို့ အပြင်မှာ စားပွဲတစ်လုံး အဆင်သင့် ခင်းနိုင်းထားတယ်၊ တို့ဟာတို့ လွတ်လွတ်လပ်လပ် စကားပြောနိုင်တာပေါ့"

ကျွန်တော့်ကို တတောင်ဆစ်မှဆွဲပြီး ခေါ်သွားသည်။ လူအုပ်ကြားထဲသို့တိုးကာ တစ်ဘက်နံရံရှိ တံခါးကို ဖွင့်လိုက်သည့်အချိန်မှာပင် စောစောက ကြက်သွေးရောင် ဂါဝန်နှင့် ကောင်မလေး ရောက်လာသည်။

ကောင်မလေးက သူ့လည်ပင်းကို လက်နှစ်ဘက်နှင့် သိုင်းဖက်လိုက်သည်။ ကောင်မလေး၏ လက်ကောက်ဝတ်ကို သူဆုပ်ကိုင်လိုက်သည်တွင် ကောင်မလေး၏ အော်သံတစ်ချက် ထွက်လာသည်။ ဆုပ်လိုက်သည့်သူ့လက် မည်မျှသန်မာကြောင်း သိသာလှသည်။ ပြီးတော့ ပေါ်တူဂီစကားများကို အမြီးအမောက်မတည့်ဘဲ သူပြောသွားတော့သည်။

"နောက်များမှ သူငယ်မရေ. . . နောက်များမှ. . . မင်းစိတ်တိုင်းကျ ဖြစ်စေရပါမယ်၊ အခုတော့ ကိုယ့်သူငယ်ချင်းနဲ့ အချိန်ကလေး နည်းနည်းယူလိုက်ပါရစေဦးနော်"

သူ့လက်ကို ဖြေပေးလိုက်သောအခါ ကောင်မလေးက လူအုပ်ထဲသို့ ပြန်ဝင်ပြီး ရောထွေးသွားသည်။ လူအုပ်ကို လှမ်းကြည့်မိတော့မှ အမျိုးသမီးဦးရေက အမျိုးသားဦးရေထက် အဆမတန် ပိုမိုများပြားနေကြောင်း သတိထားမိတော့သည်။

"ခင်ဗျားဟာက ဆောင်ကြာမြိုင်ကြီးများသားဗျာ"

"ဒီမြို့ပေါ်မှာတော့ အကောင်းဆုံးပဲ ခင်ဗျာ"

တံခါးကို ပြန်ပိတ်လိုက်ပြီး အပြင်ဘက် သင်္ဘောကုန်းပတ် ထိပ်တန်းများမှာရှိ

www.burmeseclassic.com



သော စားပွဲတစ်လုံးသို့ ကျွန်တော့်ကို ဦးဆောင်ခေါ်သွားသည်။ မိုးရွာနေသောကြောင့် အပေါ်မှာ ပတ္တူစနှင့် အမိုးကလေးလို လုပ်ပေးထားသည်။ အောက်လင်းဓာတ်မီးတစ်လုံး ထွန်းပေးထားသည်။ စားပွဲမှာ ကုလားထိုင်နှစ်လုံးသာ ချထားသည်။

"ဟေး. . . ပီဒရို. . . တို့ဖို့ စီစဉ်ပေးပါဦးဟေ့" ဟု ပေါ်တူဂီဘာသာဖြင့် သူလှမ်းအော်ပြန်သည်။ ပြီးတော့ ကျွန်တော့်ကို ကုလားထိုင်မှာ ထိုင်ခိုင်းသည်။ စားပွဲအောက်ရှိ ရေခဲရေပုံးထဲမှ ဝိုင်အရက်ပုလင်းတစ်လုံးကို ဆွဲထုတ်သည်။ "ဒီအရက်ကို မင်းကြိုက်ပါ့မလား၊ ဟိုးအရင် ဖြင်သစ်မှာတုန်းက တစ်နေ့တို့ ဒီအရက်မျိုး တစ်တောင်း လောက်ကုန်အောင် နေ့တိုင်းသောက်ခဲ့ဖူးတယ်"

ကျွန်တော် နည်းနည်းမြည်းကြည့်သည်။ ရေခဲစိမ်ထားသဖြင့် အေးစိမ့်နေသည်။ စူးကနဲ ခပ်ပြင်းပြင်းဝင်သွားသည်။ ကျွန်တော့်တစ်ကိုယ်လုံး ချက်ချင်း ပိုမိုလန်းဆန်းသွားသည်။

"အနောက်ဘက် ရှေ့တန်းစစ်မျက်နှာမှာ နေခဲ့ဖူးလား"

"အသေအချာပေါ့ မောင်ရာ၊ သုံးနှစ်ကြီးများတောင် ကြာခဲ့တယ်၊ ဒီလောက် ကြာအောင် ဘယ်သူမှ နေခဲ့ရဖူးတာမဟုတ်ဘူး၊ တကယ်ပါ"

"ဒါပေမယ့် (၁၉၁၇) ခုနှစ်အထိ အမေရိကန်က စစ်ထဲဝင်မလာသေးဘူး မဟုတ်လား"

"ဟုတ်တယ်လေ" ထိုအခိုက် စားပွဲထိုးက စားစရာများယူလာပြီး စားပွဲပေါ်သို့ ချပေးသောကြောင့် သူ့ကိုယ်ကို နောက်သို့ တိမ်းဖယ်ပေးလိုက်ရသည်။

"ငါက ပြင်သစ်စစ်တပ်အတွက် လေယာဉ်ပျံ လိုက်မောင်းပေးရတာ" ရှေ့ကို ပြန်ကိုင်းပြီး ကျွန်တော့်ဖန်ခွက်ကို ဖြည့်ပေးသည်။ "မင်းအသက် ဘယ်လောက်ရှိပြီလဲ မာလိုရီ"

"နှစ်ဆယ့်သုံး"

သူက ရယ်သည်။ "ငါ မင်းအသက်လောက်တုန်းက သေဘေးနဲ့ (၂၆) ကြိမ် တိုင်တိုင် ရင်ဆိုင်ခဲ့ပြီးပြီ၊ ပစ်ချခံရတာချည့် လေးကြိမ်"

ဆန်းတော့ အဆန်းသား။ သို့သော်လည်း သူပြောပြနေသည်များကို ကျွန်တော် သကာမတင်းမဖြစ်မိ။ သူသည် သူ့ဝသီအတိုင်း သူပြောချင်သည်များကို မကွယ်မဝှက် တဲ့တိုးပြောပြနေကြောင်း ကျွန်တော် အကဲခတ်မိသည်။ သူပြောနေသည်များ အမှန်ဖြစ်သည်ဆိုလျှင်လည်း ပြောရိုးပြောစဉ် ပြောနေပုံမျိုးပင် ဖြစ်သည်။

အစားအသောက်တွေက စုံလှသည်။ ငါးဟင်းချို သူ့သွေးနှင့်သူ ပြန်နှပ်ထားသည့် ကြက်သား၊ ကြက်ဥ၊ အာလူးကြော်နှင့် အချဉ်။ ဟင်နာသည် စကားပြောရပ်ပြီး တဝကြီး စားလိုက်သောက်လိုက် လုပ်နေသည်။



"ဟိုမှာကတော့ မလွယ်ကြောပါပဲ ငါ့ညီရယ်၊ တကယ်ပါပဲ၊ ကိုယ့်အသက် ကိုယ်ကြဲမွေးတတ်ရင် အသက်ရှည်မယ်၊ အခွင့်အလမ်းကောင်းတွေ ရမယ်"

"ခေါင်းရှိဖို့လိုတယ်ဆိုတဲ့ သဘောပေါ့ဗျာ"

"အစစ်ပေါ့ကွာ၊ ကံကောင်းဖို့မလိုဘူး ချာတိတ်ရ၊ ကိုယ်ဘာလုပ်နေတယ်ဆို တာကို သိဖို့လိုတယ်၊ လူဆိုတာ သဘာဝမကျဆုံးဟာတွေကိုလည်း လုပ်နိုင်တာပဲ မဟုတ် လား"

စားပွဲထိုးက စားပွဲလာရှင်းသောအခါ ကျေးဇူးတင်ကြောင်း ကျွန်တော်က ပေါ်တူဂီဘာသာဖြင့် လှမ်းပြောသည်။ ဟင်နာက ကျွန်တော့်ကိုမော့ကြည့်ပြီး "မင်းပြော တဲ့ ပေါ်တူဂီစကားက တယ်ကောင်းပါလား၊ ငါ့ထက် မင်းက ပိုတတ်တယ်"

"ကျွန်တော် တောင်အမေရိကကိုရောက်တော့ ပထမဦးဆုံး အမေဇုံမြစ် အောက်ပိုင်းဒေသမှာ တစ်နှစ်လောက်နေဖူးတယ်၊ စိန်တွင်းရှာတဲ့ ကုမ္ပဏီတစ်ခုမှာဝင်ပြီး ရင်ဂူးမြစ်ရိုးတစ်လျှောက် လေယာဉ်ပျံမောင်းပေးနေရတာ"

"အင်မတန်ဆိုးတဲ့ နေရာတွေပဲ၊ ကြားဖူးတယ်၊ ဘရာဇီးလ်နိုင်ငံရဲ့ အဆိုးဆုံး အင်ဒီးယန်းလူမျိုးတွေ နယ်မြေပေါ့" ကျွန်တော့်ကို သူ အထင်ကြီးသွားသည်။

"ဒါကြောင့် ကျွန်တော် ပီရူးနိုင်ငံကို ပြောင်းသွားတာ၊ တောင်တန်းတွေပေါ် မှာဖြတ်ပြီး ပျံသန်းနေရတာဟာ ကျွမ်းကျင်မှုတော့ လိုပါရဲ့၊ ဒါပေမယ့်. . . ပိုပြီး ပျော် စရာကောင်းတယ်"

"မင်း ဒီကနေ့ မောင်းပြလိုက်ပုံကတော့ အကောင်းဆုံးပါပဲကွာ၊ ငါ လေယာဉ် ပျံမောင်းလာတာ နှစ်ပေါင်းနှစ်ဆယ်ကျော်ပြီ၊ ဗီဂါလေယာဉ်ပျံကို ဒီကနေ့ မင်းဆင်းသလို ဆင်းပြနိုင်တဲ့ကောင်ဆိုလို့ လေးငါးခေါက်ကောင် မတွေ့ဖူးသေးဘူး၊ မင်း ဘယ်မှာ အမောင်းသင်တာလဲ"

"ကျွန်တော်တို့ ဘုရင့်လေတပ်မတော်မှာ ဦးလေးတစ်ယောက်ရှိတယ်၊ လွန်ခဲ့ တဲ့ နှစ်နှစ်လောက်က ဆုံးသွားပါပြီ၊ ငယ်ငယ်ကတည်းက ကျွန်တော့်ကို သူ့လေယာဉ်ပျံ ပေါ်မှာ တင်ခေါ်သွားလေ့ရှိတယ်၊ ကျွန်တော်တက္ကသိုလ်ရောက်တော့ အရန်လေတပ်ကို ဝင်လိုက်တယ်၊ အဲဒီကနေပြီး အရန်လေတပ်မတော်မှာ အရာရှိဖြစ်နိုင်တယ်၊ ဒါကြောင့် အကြိမ်ပေါင်းမရေနိုင်အောင် ကျွန်တော် လေ့ကျင့်ပျံသန်းခွင့်ရခဲ့တယ်"

"နောက်ပြီးတော့. . ."

"ခရီးသည်တင် လေယာဉ်မောင်းခွင့် လိုင်စင်ရတယ်၊ အဲဒီအခါကျတော့ လေယာဉ်ပျံမောင်းတဲ့သူတွေ ဈေးပေါသေးပေါ ပေါနေတာတွေ့ရတော့တယ်"

"တောင်အမေရိကတိုက်က လွှဲရင်ပေါ့လေ"

"သိပ်မှန်တာပေါ့ဗျာ" ကျွန်တော်လည်း အတော်ကလေး [illegible]

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် စကားလုံးများက အခက်အခဲမရှိဘဲ အလွယ်တကူ အန်ကျနေသည်။ "အမြဲတမ်း ကျွန်တော်လုပ်နေချင်တဲ့ အလုပ်ကတော့ လေယာဉ်ပျံမောင်းနေဖို့ပဲ၊ ကျွန်တော်ဆိုလိုတာ သိတယ်မဟုတ်လား၊ ဘယ်နေရာ သွားရသွားရ သွားမယ်"

"အခု မင်းဘာလုပ်မလဲ၊ အလုပ်တစ်ခုခု ရှာနေတယ်ဆိုရင်တော့ ငါ ကူညီနိုင်ပါလိမ့်မယ်"

"လေယာဉ်ပျံမောင်းဖို့လား"

"ချောထုပ်တွေနဲ့ အထွေထွေပစ္စည်းတွေ သယ်ပို့ပေးတဲ့လုပ်ငန်းကို ငါလုပ်နေတယ်၊ ဒီကနေ လင်ဒန်ကိုပေါ့၊ ရိုင်ယိုနီးဂရိုးမြစ်အတိုင်း ဆန်တက်သွားရင် မိုင်နှစ်ရာလောက်ဝေးတယ်၊ အစိုးရနဲ့ ကန်ထရိုက်စာချုပ်ပြီး ရိုင်ယိုဒတ်စ်မိုတီစ်ကိုလဲ ဆွဲပေးရသေးတယ်၊ စိန်တွေ အကြီးအကျယ်ထွက်မယ်လို့ မှန်းထားတဲ့ နေရာတွေလေ"

"သေမင်းတမန်မြစ်လား၊ ခင်ဗျား ရယ်စရာပြောနေပြီနဲ့ တူတယ်၊ ဇင်ဂူးထက်တောင် ဆိုးပါသေးတယ်ဗျာ၊ လွန်ခဲ့တဲ့နှစ်နှစ်လောက်တုန်းက အစိုးရလူတွေကို ကျွန်တော်ပို့ပေးရဖူးတယ်၊ စန်တာဟယ်လီနာဆိုတဲ့ မြို့ပေါ့၊ ခင်ဗျားအရင့်တော့ကျမယ်၊ အဲဒီနေရာကို သိသလား"

"ငါ အမြဲတမ်းရောက်နေတဲ့ နေရာပဲ"

"ခင်ဗျား ဒီနေ့ စကားလုံးတစ်လုံး သုံးသွားတယ်၊ 'ဘုရားသခင် နောက်ဆုံးဖန်ဆင်းခဲ့တဲ့နေရာ၊ ဘိတ်ချီးနေရာ' ဆိုတာလေ၊ အဲဒီ စန်တာဟယ်လီနာဟာ ဘိတ်ချီးနေရာ အစစ်ပေါ့ဗျာ၊ မိုးတွင်းဆိုရင် ဘယ်တော့မှ မိုးမတိတ်တော့ဘူး၊ မိုးတွင်းမဟုတ်ပြန်တော့ နေ့တိုင်းမိုးရွာတယ်၊ ယင်ကောင်တွေ ပေါလိုက်ပုံကို ကြည့်ဦးမလား၊ ခင်ဗျားမျက်လုံး တစ်ချက်ဖွင့်မိတာနဲ့ ယင်ချေးဥနဲ့ ပြည့်သွားမယ်၊ ပိုးမွှားကလဲ များပါ့၊ လူတစ်ကောင်လုံးကို သုံးမိနစ်နဲ့ အရိုးစုချည့်ကျန်အောင် စားပစ်လိမ့်မယ်"

"သောက်သုံးမကျတဲ့ ဒီနေရာအကြောင်း ငါ့ကိုပြောနေဖို့ မလိုပါဘူးကွာ၊ အဲဒီမှ ငါနေခဲ့ဖူးပါတယ်၊ ဟေလေလေယာဉ်ပျံသုံးစီးနဲ့ မျှော်လင့်ချက်ကြီးတစ်ခွဲသားနဲ့ သွားခဲ့တာပေါ့၊ နောက်ဆုံးကျတော့ ဒီကနေ့ မင်းကိုသယ်လာခဲ့တဲ့ ဟေလေလေယာဉ်ပျံကလေးတစ်စီးပဲ ကျန်တော့တယ်၊ ဘာကယ်ပြောတာပါ၊ နောက် ကျန်နေသေးတဲ့ အစိုးရကန်ထရိုက် သုံးလလဲပြည့်ရော ငါ့ကို ဖုန်မှုန့်ကလေး တစ်မှုန့်အဖြစ်နဲ့တောင် တွေ့ရတော့မှာ မဟုတ်ဘူး"

"ဟို လေယာဉ်ပျံနှစ်စင်းက ဘာဖြစ်သွားတာလဲ"

"ပျက်ကျကုန်ပြီလေ၊ အလကား သောက်သုံးမကျတဲ့ ပိုင်းလော့တွေ"

"ဒါနဲ့များ ဘာဖြစ်လို့ ကျွန်တော့်ကိုလိုချင်တာတုံး"

"သတ်မှတ်ထားတဲ့ ခရီးစဉ်တွေအတိုင်း တသဝေမတိမ်းဖြစ်ဖို့ဆိုရင် ငါ့မှာ



လေယာဉ်ပျံနှစ်စီးရှိဖို့လိုတယ်၊ တစင်းတည်းနဲ့ ဘယ်လိုမှ ငါမထိန်းနိုင်ဘူး၊ မြို့ရှင်တစ်ယောက်စီက လေယာဉ်ပျံတစ်စင်းကို ဝယ်ရတော့မယ်"

"ဘာလေယာဉ်ပျံလဲ"

"ဘရစ္စတို"

ကျွန်တော့်ဖန်ခွက်ထဲသို့ သူက အရက်ထပ်ဖြည့်ရန် ဟန်ပြင်သည်။ ကျွန်တော်အတော်များနေပြီကိုလည်း သတိပြုမိသည်။

"ဘရစ္စတိုကို ပြောတာလား၊ ဘရစ္စတို တိုက်လေယာဉ်ပျံလေ၊ အဲဒါတွေကအနောက်ဘက် စစ်မျက်နှာမှာ လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ဆယ်ကျော်က မောင်းလာခဲ့တဲ့လေယာဉ်ပျံအဟောင်းတွေပါဗျာ"

"ငါသိပါတယ်၊ လေယာဉ်ပျံအဟောင်းတွေဆိုတာ ဟုတ်ပါတယ်၊ ဒါပေမယ့်သူကို သုံးလလောက်သုံးမှာပဲ၊ အကြမ်းပတမ်းတော့ မခိုင်းဘူးပေါ့၊ ပင်း အလုပ်လိုချင်တယ်ဆိုရင်တော့ ဝင်လုပ်လေ၊ မလုပ်ချင်ရင်လဲ ဖြစ်ပါတယ်၊ အလုပ်လိုချင်တဲ့ ငတိတစ်ကောင် ရှိနေတယ်၊ ဝင်နီဗွဲလားနိုင်ငံက သတ္တုတွင်းကုမ္ပဏီတစ်ခုမှာ လေယာဉ်ပျံမောင်းလာတဲ့ ပေါ်တူဂီလူမျိုး၊ အဲဒီကောင်ဆိုရင် လခ ခပ်ပေါပေါနဲ့ရမယ်"

"ဒါဆိုလဲ ပြီးရောပေါ့ဗျာ"

"မင်းကရော ဘာလုပ်မလဲ"

"ကိုယ့်အိမ်ကိုယ် ပြန်ရုံပေါ့၊ တခြား ဘာလုပ်ရဦးမှာလဲ"

"ပိုက်ဆံကောရှိရဲ့လား"

"ရှိတန်သလောက် ရှိပါတယ်" ကျွန်တော်က ပိုက်ဆံအိတ်ကို လက်နှင့်ပုတ်ပြသည်။

"ရွှေထုပ်ပိုက်ပြီး အိမ်ပြန်နိုင်တာမျိုးတော့ မဟုတ်ပါဘူး၊ ကိုယ့်အိမ်ကိုယ့်ယာကို လူပြန်ရောက်တာပဲ တော်လှပါပြီ၊ သတင်းစာတွေထဲမှာ ဖတ်နေရတဲ့ ဥရောပကစစ်ရေးအခြေအနေတွေကလည်း မကောင်းဘူး၊ အခုမြင်နေရတဲ့ အခြေအနေတွေအတိုင်းဆိုရင် ကျွန်တော့်အတွေ့အကြုံလောက်ရှိတဲ့ လေသူရဲတွေလိုလိမ့်မယ်"

"နာဇီတွေကို ပြောတာလား၊ မင်းပြောတာ မှန်နိုင်တယ်၊ ငါ ကြားဖူးထားသလောက်တော့ အလကားကောင်တွေ၊ ငါ့လေယာဉ်ပျံတွေ ပြင်ပေးနေတဲ့ ဖင်နီစတန်းဆိုတဲ့ အင်ဂျင်နီယာနဲ့ မင်းတွေ့ဖို့ကောင်းတယ်၊ အခုတော့ သူက ဂျာမန်လူမျိုးပေါ့ကွာ၊ သုတ်ို့ စက်မှုလက်မှု တက္ကသိုလ်တစ်ခုမှာ ပါမောက္ခ၊ သူ့ကို ဂျူးလူမျိုးဆိုပြီး ဖမ်း... အကျဉ်းစခန်းတစ်ခုထဲမှာ ထည့်ထားတာ ငရဲပြည်ရောက်တဲ့အတိုင်း ခံခဲ့ရတယ်... ကောင်းယောက်မလွန်းလို့ အသက်မသေဘဲ ပြန်ထွက်လာနိုင်တာ၊ ကြုံရာ... ကြီးစီးပြီး မာနေ့ခ်မြို့ကို ရောက်လာတော့ လက်ထဲမှာ ခြူးတစ်ပြားမှ ပါလာဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား လူကောင်းတွေ့ထားတာပေါ့လေ"

"ငါ့ဘဝမှာ အဲလုပ်လုပ်လို့ အကောင်းဆုံးပဲကွာ၊ လေယာဉ်ပျံစက်နဲ့ ပတ်သက်လာရင်တော့ တကယ်ပါရီမီထူးချွန်တဲ့ ငတိပါပဲ၊ ဘုရင့်လေတပ်မတော်မှာ မင်း ဘာလေယာဉ်ပျံ မောင်းခဲ့သလဲ" ကျွန်တော့်အရက်ခွက်ကို ထပ်ဖြည့်ရင်း သူကမေးသည်။

"ပင်တိုင်ကတော့ ဝါပီတိုက်စ်ပါပဲ၊ ကျွန်တော်တို့ အရန်တပ်ဆိုတာက အကောင်းဆုံး လေယာဉ်ပျံတွေကိုသာ မောင်းရတာမဟုတ်လား"

"အမြဲတမ်းကောင်တွေက ဒါမျိုး မမောင်းချင်ဘူးလား"

"ဟုတ်တယ်၊ ကျွန်တော်လဲ ဘာရစ္စတိုကို မောင်းခဲ့ရဖူးသေးတယ်၊ ဒီကိုထွက်မလာခင် နာရီသုံးဆယ်လောက် မောင်းခဲ့ရတယ်"

"ဘာအမျိုးအစားလဲ၊ တိုက်လေယာဉ်လား" ကျွန်တော်က ခေါင်းညိတ်ပြလိုက်သည်။ သူက သက်ပြင်းချပြီး ခေါင်းကို ခါယမ်းနေသည်။ "ဒါတွေ ပြန်ပြောနေရတော့ မင်းကို မနာလိုတောင်ဖြစ်မိတယ် ချာတိတ်ရာ၊ ငါလဲ သူရဲကောင်းဘွဲ့ ရခဲ့တဲ့အကောင်ပါ။ ငါ့လေယာဉ်ပျံမီးလောင်ပြီး ပျက်မကျခင်မှာ ရန်သူရဲ့ ဖော်ကာလေယာဉ်လေးစင်းကို ငါပစ်ချနိုင်ခဲ့တယ်လေ၊ ငါ နောက်ဆုံးအစွမ်းပြခဲ့ရတဲ့ ပွဲပေါ့။ ဗိုလ်ကြီးဆင်မြူယယ်-ဘီဟင်နာအဖြစ်နဲ့ တိုက်ခဲ့ရတဲ့ပွဲ၊ ကွန်ဂရက်လွှတ်တော်ကတောင် ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်ခဲ့ရတဲ့ပွဲ"

အတိတ်ဆီသို့ သူ့စိတ်အာရုံ ပြန်ရောက်နေသောကြောင့် သူ့မျက်လုံးပြာများသည် ဘာကိုမှ မမြင်တွေ့ရသလို ရှိနေသည်။ အတိတ်ကိုစဉ်းစားရင်း နာကျည်းနေဟန်တူသည်။ ခဏကြာတော့မှ သူ သတိပြန်လည်လာပုံရသည်။ ကောက်ကျစ်သည့်အပြုံးမျိုးဖြင့် ကျွန်တော့်ကို ပြုံးပြလိုက်ပြီး အရက်ခွက်ကို မြှောက်လိုက်သည်။

"ချမ်းမြေ့စရာကောင်းတဲ့ အဆောင်းမျိုး ဆင်းနိုင်ကြပါစေ"

ကျွန်တော့်ကို အရက်က အစွမ်းမပြနိုင်တော့ပြီလား မပြောတတ်။ တစ်ခွက်ကို ဂျက်ချက်တည်းနှင့် မော့ချနိုင်နေသည်။ နောက်ဆုံးတစ်လုံးလည်း တက်တက်ပြောင်သွားသည်။ ဆမ်ဟင်နာက အရက်ထပ်ပေးဖို့ အော်တောင်းနေသည်။ ပြီးတော့ ဒယီးဒယိုင်ဖြင့် တံခါးကိုဆွဲဖွင့်နေသည်။

တေးဂီတသံက အလွန်တရာ မြူးကြွနေသည်။ လူအားလုံး၏စိတ်ဓာတ်ကို နှိုးဆွနေသည်။ ရယ်မောသံပေါင်းစုံကလည်း ညံနေသည်။ ကြက်သွေးရောင်ဂါဝန်နှင့် ကောင်မလေး ရောက်လာသည်။ ဆမ်ဟင်နာက ကောင်မလေးကို လှမ်းဆွဲသည်။ ကောင်မလေးက သူ့ကိုပြန်နမ်းသည်။ စားပွဲထိုးက ဟင်နာနှင့် ကျွန်တော့်အရက်ခွက်များကို ထပ်ဖြည့်ပေးနေသည်။

မျက်နှာချင်းဆိုင်ခုံမှာ ကလေးမတစ်ယောက် လာထိုင်သည်။ ပါးရိုးများကားပုံ



ကို ကြည့်ခြင်းအားဖြင့် အင်ဒီးယန်းလူမျိုးဖြစ်ကြောင်း သိနိုင်သည်။ မျက်နှာက တည်ကြည်သည်။ ပခုံးထောက်နေသော နက်မှောင်သည့်ဆံပင်များက သူ့မျက်နှာကို ဘောင်ခတ်ပေးထားသလို ရှိသည်။

ဖန်ခွက်အသစ်တစ်လုံးကို သူကလှမ်းဆွဲသည်။ ကျွန်တော်က ဗိုင်ပုလင်းအသစ်ကိုဖွင့်ပြီး သူ့ဖန်ခွက်ထဲသို့ ထည့်ပေးသည်။ ဟင်နာ ပြန်လှည့်လာသည်။ မိန်းကလေး ရှေ့ရောက်တော့ မေးစေ့အောက်ကိုလက်လျှိုပြီး မျက်နှာကိုဆွဲမော့သည်။ ယင်းအပြုအမူကို မိန်းကလေးက နှစ်မြို့ပုံမရ။ သူ့မျက်လုံး အမူအရာပြောင်းသွားသည်ကို ကြည့်ခြင်းအားဖြင့် သိသာနိုင်သည်။

"မင်းက ဒီမှာ လူသစ်ထင်တယ် ဟုတ်လား။ မင်းနာမည် ဘယ်လိုခေါ်သလဲ" ဟု ဟင်နာကမေးသည်။

"မာရီယာလို့ ခေါ်ပါတယ်ရှင်"

"နတ်မိမယ်လေး မာရီယာပေါ့၊ ဟုတ်လား၊ သဘောကျသွားပြီဟေ့၊ ငါ ဘယ်သူလဲသိလား"

"ဒီမြစ်ရိုးတစ်လျှောက်မှာ အစ်ကိုကြီးကို မသိတဲ့လူ မရှိပါဘူးရှင်"

ဟင်နာက မိန်းကလေး၏ ပါးပြင်နှစ်ဘက်ကို လက်နှင့်ပွတ်လိုက်သည်။ "အလိမ္မာမလေး၊ ဆီညော်မာလိုရီက ငါ့မိတ်ဆွေ၊ သိပ်ကောင်းတဲ့ မိတ်ဆွေ၊ သူ့ကိုကြည့်ပြီး ထိန်းသိမ်းစောင့်ရှောက်လိုက်ပါကွယ်. . .၊ မင်းတို့နှစ်ယောက် အဆင်ပြေကြပါစေ"

"သူ့ကိုယ်သူပြန်ပြီး ထိန်းသိမ်းစောင့်ရှောက်ဖို့ လိုလိမ့်မယ်လို့ ကျွန်မထင်ပါတယ်ရှင်"

ဟင်နာက အသံပြကြီးနှင့် ရယ်သည်။ "ဒီတစ်ခုတော့ မင်းပြောတာ မှန်ကောင်းပါရဲ့" ဟုပြောပြီး ကြက်သွေးရောင် ကောင်မလေးနှင့်အတူ ကပွဲကြမ်းပြင်ရှိရာသို့ လှည့်ထွက်သွားတော့သည်။

နတ်မိမယ်လေး မာရီယာက တစ်စုံတစ်ရာ ဆုတောင်းစကားမပြောဘဲ ဗိုင်အရက်ခွက်ကိုမြှောက်ပြပြီး နည်းနည်းကလေး ငုံလိုက်သည်။ သူ့ကို လိုက်လျောတုံ့ပြန်သည့်အနေဖြင့် ကျွန်တော်က တစ်ခွက်လုံးပြောင်အောင် မော့ပစ်လိုက်သည်။ ပြီးတော့ . . . ကုန်းပတ်လက်တန်းရှိရာသို့ ထလာခဲ့သည်။ ကျွန်တော့်တစ်ခေါင်းလုံး ဘောလုံးကြီးတစ်လုံးလို အုံခဲနေသည်။ အသက်ကို ဝ,အောင်ရှူပြီး ခေါင်းကို လက်တန်းအပြင်ဘက်သို့ ထုတ်ကာ မျက်နှာပေါ်သို့ မိုးရေစက်ကျအောင် ခံထားမိသည်။

မိန်းကလေး လှုပ်ရှားသည့်အသံကို မကြားလိုက်ရပါ။ သို့သော်လည်း ကျွန်တော့်နောက်သို့ သူရောက်လာသည်။ နောက်သို့ ကျွန်တော်လှည့်လိုက်သောအခါ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ပခုံးပေါ်သို့ သူ့လက်များကို ညင်သာစွာလာတင်သည်။

"မကချင်ဘူးလား အစ်ကို"

"လူတွေ သိပ်ကျပ်နေတယ်ကွာ" ကျွန်တော်က ခေါင်းခါပြလိုက်သည်။

မိန်းကလေးက နောက်သို့ပြန်လှည့်သွားပြီး တံခါးပိတ်လိုက်သည်။ တေးဂီတသံများ တိုးသွားသည်။ ပြီးတော့ လက်တန်းဆီသို့ပြန်လာပြီး ကျွန်တော့်ရင်ခွင်တွင်းသို့ ဝင်လာသည်။ လက်တစ်ဘက်က ကျွန်တော့်လည်ပင်းကို သိုင်းဖက်ထားသည်။ ပြီးတော့ သူ့ကိုယ်လုံးကို စည်းချက်နှင့်အတူ လှုပ်ရှားရင်း ကျွန်တော့်ကိုယ်လုံးကို ပွတ်သပ်နေသည်။ သည်မိန်းကလေးနှင့်တော့ ခက်ချေတော့မည်။ သို့သော်. . .

▢

သည့်နောက်ပိုင်းမှာတော့ အဖြစ်အပျက်တွေကို စီကာစဉ်ကာ ကျွန်တော် မမှတ်မိတော့။ အဖြစ်မှန်ကတော့ ကျွန်တော် အရက်မူးလွန်သွားသည်။ ဘာတွေဖြစ်ကုန်သည်ကို ကျွန်တော် သေသေချာချာ မသိတော့။

ကုန်ပတ်တစ်ဘက်ခြမ်းမှာ သူ့ကို ကျွန်တော် တင်းတင်းကျပ်ကျပ်ကြီး ဖက်ထားမိကြောင်း၊ သူက ကျွန်တော့်လက်တွင်းမှ လွတ်အောင်ရုန်းကန်နေကြောင်း၊ လူတွေအများကြီးရှေ့မှာ ဤသို့မလုပ်သင့်ကြောင်း သူပြောသည်များကိုသာ မှတ်မိတော့သည်။

သူနေရာသို့သွားဖို့ သူက အကြံပြုကောင်း ပြုလိမ့်မည်။ အဘယ်ကြောင့်ဟူမူ ဆိပ်ခံဗောတံတားဆီသို့ ကျွန်တော်တို့ ပြန်လျှောက်သွားနေကြကြောင်းကို ကျွန်တော် မှတ်မိပြန်သည်။

မိုးက ပိုပြီးသည်းထန်နေသည်။ ထိုမိုးသည်းသည်းထဲမှာပင် ကျွန်တော်တို့နှစ်ယောက် ဘောတံတားဆီသို့ လျှောက်သွားကြသည်။ ဟိုဘက်ကိုရောက်တော့ သူ့တစ်ကိုယ်လုံး မိုးရေများနှင့် ရွှဲနေပြီ။ သူ့အဝတ်ပါးပါးကလေးများသည် သူ့ကိုယ်ပေါ်မှာ မိုးရေနှင့်ကပ်နေပြီ။ သည်အခါမှာ ကျွန်တော့်စိတ်တွေ ပိုပြီးလှုပ်ရှားလာသည်။

ထို့ကြောင့် သူ့ကို ကျွန်တော် ဆွဲယူပွေ့ဖက်မိလိုက်ပြန်သည်။ အကြမ်းပတမ်း နမ်းမိပေလိမ့်မည်။ သူက ကျွန်တော့်ကို တွန်းပစ်လိုက်သည်။ ပြီးတော့ ကျွန်တော့်မျက်နှာကို လက်နှင့် ပွတ်သပ်ကြည့်နေသည်။

"မင်း တယ်လှတာပဲကွယ်" ဟုပြောရင်း နောက်ဘက်မှာရှိသည့် ထင်းရှူးသေတ္တာများကို မှီနေလိုက်မိသည်။

မိန်းကလေးက ပြုံးသည်။ သူနှင့် စ,တွေ့သည့် အချိန်မှစ၍ ပထမဦးဆုံးပြုံးသည့် အပြုံးဖြစ်သည်။ လှပသည့် မိန်းကလေး၏ မျက်နှာပေါ်တွင် အပြုံးပန်းတစ်ခု



ပွင့်သွားသောကြောင့် သူ့ဘက်မှာ မီးအိမ်ကလေးတစ်လုံး လင်းလက်သွားသလို ရှိဘိသည်။

ထို့နောက် မိန်းကလေး၏ ညာဒူးတစ်ဘက် မြောက်လာသည်။ ကျွန်တော်၏ ပေါင်ကြားထဲသို့ အရှိန်ပြင်းစွာ ပြေးဝင်လာလေတော့သတည်း။

▢

ကျွန်တော် အရက်မူးလွန်နေသည်။ ထို့ကြောင့် ချက်ချင်း နာရကောင်းမှန်း မသိ။ ဒူးနှစ်လုံးက ရင်ဘတ်တွင် ကပ်လျက်သား ထိုင်လျက်ကျသွားသည်။

ပြီးတော့ ကျောပြင်နှင့် လှဲချလိုက်ရသည်။ ကျွန်တော့်ဘေးတွင် ဒူးထောက်ထိုင်နေသော မိန်းကလေး၏လက်များက ကျွန်တော့်အကျီအိတ်များအတွင်းမှာ အလုပ်ရှုပ်နေသည်။ ကျွန်တော့်ပိုက်ဆံအိတ် သူ့လက်ထဲသို့ ပါသွားပြီကို သိရသောအခါ သတိပြန်လည်လာသည်။ ကျွန်တော်နှင့်ပတ်သက်၍ အရေးအကြီးဆုံးမှန်သမျှ သည်အိတ်ထဲမှာ အားလုံးရှိသည်။ ကျွန်တော့်ဘဝ၏ ရှေ့ရေးမှန်သမျှ သည်အထဲမှာရှိသည်။

သူ မတ်တတ်ရပ်လိုက်သည်တွင် သူ့ခြေထောက်ကို ကျွန်တော်လှမ်းဆွဲသည်။ သူ့ဖိနပ်ခုံသည် ကျွန်တော့်လက်ထဲမှာ ပါလာသည်။ မိန်းကလေးက ကျွန်တော့်ကို လှိမ့်ကန်လိုက်ပြန်သည်။ ဆိပ်ခံတံတားအစွန်းသို့ ကျွန်တော် လိမ့်သွားသည်။

တံတားအစွန်းမှာ ဆွဲစရာကလေး တစ်ခုရှိနေ၍ တော်သေးတော့သည်။ ထိုအရာကလေးကို ရှိသမျှခွန်အားများကိုသုံးပြီး ဆွဲထားနိုင်သောကြောင့် တွဲလောင်းဖြစ်နေသည်။ ကျွန်တော့်မှာ အားအင်များ ကုန်ခန်းပြီ။ ဆက်ပြီး တွဲခိုထားနိုင်ခြင်း မရှိတော့။ ကျွန်တော့်ကို ခရီးဆုံးသို့ပို့ရန် မိန်းကလေးက ကျွန်တော့်ဆီသို့ ဦးတည်လာသည်။ ထိုအခိုက်မှာပင် အဖြစ်အပျက်ပေါင်း မြောက်မြားစွာတို့ တစ်ပြိုင်တည်း ဖြစ်ကြလေတော့သည်။

ကျွန်တော့်နာမည်ခေါ်သံကို ကြားလိုက်ရသည်။ မိုးသံလေသံတွေကြားထဲမှာပင် သဲသဲကွဲကွဲ ကြားရသည်။ လူသုံးယောက် ပြေးလာသည်ကိုလည်း တွေ့လိုက်ရသည်။ ရှေ့ဆုံးမှ ခေါင်းဆောင်လာသူမှာ ဆမ်ဟင်နာ။ သူ့လက်ထဲမှာ (၄၅) ဘို့ ပစ္စတိုသေနတ်ကြီး ကိုင်လျက်။ မိုးရေထဲသို့ သေနတ်တစ်ချက် လှမ်းပစ်သံက ပဲ့တင်ထပ်သွားသည်။

အများကြီး နောက်ကျသွားပါပြီ။ နတ်မိမယ်ကလေး မာရီယာကား အမှောင်ထုအတွင်းသို့ ပြေးဝင်ပျောက်ကွယ်သွားပါပကော။

▢ ▢ ▢

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

## ကောင်းကင်မှာ ကျွမ်းထိုးခြင်း

မီးသဘော်သည် သတ်မှတ်ထားသည့် အချိန်အတိုင်း ယနေ့မနက် ထွက်ခွာသွားချေပြီ။ သို့သော် ကျွန်တော်ကား ထိုသဘော်နှင့် ပါမသွား။ ယခု မွန်းတည့်ချိန်ရောက်ပြီ။ မြစ်ကိုစုန်ဆင်းသွားသည့် မီးသဘော်သည် မိုင်သုံးလေးဆယ်လောက်သို့ ခရီးပေါက်နေလောက်ပြီ။ ကျွန်တော်ကား ရဲအရာရှိရုံးခန်းရှေ့မှာ ထိုင်လျက်ရှိသည်။ နှစ်ရက်အတွင်း နှစ်ကြိမ်မြောက် ရောက်လာရခြင်းဖြစ်သည်။ အခန်းတွင်းက မသဲမကွဲ အသံများကို ကြားနေရသည်။

ခဏကြာတော့ အပြင်တံခါးပွင့်သွားပြီး ဆမ်ဟင်နာ ဝင်လာသည်။ လေယာဉ်-ပျံမောင်းသည့် အဝတ်အစားများကို ဝတ်ဆင်ထားသည်။ အလွန်ပင်ပန်း နွမ်းနယ်နေပုံရသည်။ အိပ်ရေးပျက်လွန်းသောကြောင့် မျက်လုံးက ဟောက်ပက်ဖြစ်နေသည်။ စာချုပ်အတိုင်း မောင်းနှင်ပျံသန်းမပေးလျှင် မဖြစ်သော ခရီးစဉ်များကို ပျံသန်းပေးနေခဲ့ရသည်။

တပ်ကြပ်ကြီး၏ စားပွဲစွန်းမှာ သူဝင်ထိုင်ရင်း စီးကရက်တစ်လိပ်ကို မီးညှိသည်။ ပြီးတော့ စိတ်ပူသည့်အမူအရာဖြင့် ကျွန်တော့်ကိုကြည့်နေသည်။



“မင်းစိတ်ထဲမှာ ဘယ်လိုနေသလဲ”

“အသက် နှစ်ပေါင်းနှစ်ရာလောက် အိုသွားတယ်လို့ ထင်တယ်”

“တော်တော် သောက်သုံးမကျတဲ့ ခွေးဝဲစားမ” စားပွဲစွန်းမှဆင်းပြီး ဆောက်တည်ရာမရသူလို အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။ “မင်းအတွက် တစ်ခုခုမှ ငါလုပ်မပေးနိုင်ရကောင်းလားကွာ” ကျွန်တော့်ဘက်သို့ သူ့မျက်နှာလှည့်လာသည်။ ယခုမှပင် သူ့အသက်အမှန်ကို ခန့်မှန်း၍ရနိုင်သည့် မျက်နှာမျိုးကို ကျွန်တော်မြင်ရတော့သည်။ “တကယ်ဆိုတော့ ငါလဲ မင်းနဲ့ဘာမှမထူးပါဘူး ချာတိတ်ရာ၊ စာတ်ဆီကအစ စားတာသောက်တာအဆုံး ဒီမှာအားလုံး ငါဝယ်နေတာတွေဟာ အကြွေးချည့်ပါပဲ၊ ကန်ထရိုက်စာချုပ် သုံးလပြည့်သွားရင်တော့ ပိုက်ဆံရမှာပါပဲ၊ ဒါပေမယ့် အဲဒီအချိန် မတိုင်ခင်အထိ. . .”

“အဲဒါတွေ ခေါက်ထားလိုက်စမ်းပါဗျာ”

“မင်းကို သောက်သုံးမကျတဲ့နေရာ ခေါ်သွားမိတဲ့လူက ငါမဟုတ်လား”

ယခုလိုဖြစ်ရသည်မှာ သူ့တာဝန်လုံးလုံးဖြစ်သည်ဟု သူခံစားနေရဟန်တူသည်။ သို့သော်လည်း ဖြစ်ပြီးနေမှတော့ ဘာတတ်နိုင်တော့မည်နည်း။

“ခင်ဗျားတို့ အမေရိကန်တိုင်းပြည်မှာ ကျွန်တော် လွတ်လပ်တဲ့လူပါ၊ အသက် (၂၁) နှစ်ရှိပြီ၊ လူမျိုးက လူဖြူဆိုတဲ့ ပြောနိုးစကားတစ်ခုရှိတယ် မဟုတ်လား။ အခုလဲ ဒီအတိုင်းပဲ၊ ကျွန်တော် လုပ်ချင်တာ လုပ်လို့ရတဲ့ ဘဝပဲ၊ ကဲ. . . ခင်ဗျားပါးစပ် ပိတ်ထား၊၊ရော့. . . အကောင်းစား စီးကရက်တစ်လိပ်သောက်လိုက်”

ဘောလ်ကန်ဆိုဘရာနီ စီးကရက်သံဘူးကို သူ့ဘက်သို့ကမ်းပေးလိုက်သည်။ ထိုအခိုက်မှာပင် ရဲအရာရှိ၏ ရုံးခန်းတံခါးပွင့်သွားပြီး တပ်ကြပ်ကြီး ထွက်လာသည်။

“အထဲကိုကြွနိုင်ပါပြီ ဆီညော်မာလိုရီ”

ထိုင်ရာမှထပြီး အခန်းတွင်းသို့ ဖြည်းညင်းစွာ ကျွန်တော်ဝင်ခဲ့သည်။ အခြေအနေမှန်ကိုလည်း ကျွန်တော် သဘောပေါက်နားလည်ထားပြီး ဖြစ်သည်။ ဆမ်ဟင်နာလည်း မည်သူ့ကိုမှ ဝင်ခွင့်မတောင်းဘဲ ကျွန်တော်နှင့်အတူ ဝင်လိုက်လာသည်။

“ဆီညော်ဟင်နာ” ရဲအရာရှိက သူ့ကို ခေါင်းဆတ်ပြီး နှုတ်ဆက်သည်။

“တစ်ခုခုများ ကျွန်တော် အကူအညီ ပေးနိုင်မလားလို့” ဟု ဟင်နာက ပြုံး၍ပြောသည်။

ရဲအရာရှိက အလွန်ဝမ်းနည်းသည့် အမူအရာမျိုးကို လုပ်ပြနေသည်။ လက်-တင်လူမျိုးများသာ တတ်နိုင်သည့် အမူအရာမျိုးဖြစ်သည်။ စိတ်ထိခိုက်သည့်ဟန်ဖြင့်လည်း ခေါင်းကို ယမ်းခါနေသည်။

“တော်တော်ဆိုးတဲ့ အဖြစ်အပျက်ပဲ ဆီညော်မာလိုရီ၊ ခင်ဗျားရဲ့ [illegible]

www.burmeseclassic.com

www.burmeseclassic.com



လက်မှတ်အပြင် ခရှင်ဇီရို ငွေတစ်ထောင်လဲ ပါသွားတယ်ဆို"

"ယောင့်တစ်ရာနှီးပါး ဆိုပါတော့" အနီးဆုံးကုလားထိုင်မှာ ကျွန်တော် ဝင်ထိုင်သည်။

"ဒီကောင်မဖင်ဖွားကိုမှ မမြင်လိုက်ကြဘူးလား၊ ခွေးဝဲစားမကို သိတဲ့လူ တစ်ယောက်ယောက်တော့ ရှိရမှာပေါ့ဗျာ" ဟု ဟင်နာက ဝင်ပြောသည်။

"ဒီလိုဟာမျိုးတွေအကြောင်း ခင်ဗျား သိပြီးသားပါဗျာ၊ ဒီမြစ်ရိုးတစ်လျှောက်မှာ စုန်ချည်ဆန်ချည် သွားနေကြတဲ့ဟာတွေ၊ 'ခလုကလေး'မှာရှိတဲ့ လူတွေကလဲ ဒီကောင်မကို အရင်က မမြင်ဖူးကြဘူး၊ ကမ်းနားက အိမ်တစ်လုံးမှာ အခန်းကလေးတစ်ခန်း ငှားပြီးနေတယ်တဲ့၊ ဒါကလဲ သုံးရက်ပဲရှိသေးတယ်"

"ခင်ဗျားဆိုလိုတာက မာနေ့ဒ်မြို့နဲ့ဝေးရာကို ဒီကောင်မ ထွက်သွားပြီ၊ သူ့ကို ဖမ်းမိဖို့ဆိုတာ မဖြစ်နိုင်တဲ့အလုပ်၊ ဒါပဲမဟုတ်လား" ဟု ကျွန်တော်က ဝင်ပြောသည်။

"အဲဒီအတိုင်းပါပဲ ခင်ဗျာ၊ အမှန်တရားဆိုတာက ခက်ခဲစမြဲပါပဲ၊ ဒီမိန်းကလေးက အင်ဒီးယန်းသွေး သုံးမတ်ပါတယ်၊ ဒါကြောင့် သူ့လူမျိုးတွေဆီကို ခဏပြန်ခိုနေရောပေါ့၊ ဟို-ရောက်တဲ့အခါ သူ့လူမျိုးထုံးစံအတိုင်း ကိုယ်ပေါ်ကအဝတ်ချွတ်ပြီး အများနဲ့ ရောနှောနေနေရောပေါ့" ရဲအရာရှိက စားပွဲပေါ်ရှိဘူးထဲမှ ဆေးပြင်းလိပ်ရှည်တစ်လိပ်ကို လှမ်းနှိုက်သည်။ "ခင်ဗျားကို ဘယ်လိုမှ မကူညီနိုင်တော့ဘူး၊ ဒါကြောင့် ကျွန်တော် သိပ်စိတ်မကောင်း ဖြစ်မိပါတယ်၊ ငွေရစရာရော ရှိသေးသလား"

"ခြနှတစ်ပြားတောင် ရပေါက်ရလမ်း မရှိဘူး"

"ဒီလိုဆိုရင်. . . " ရဲအရာရှိက မျက်မှောင်တစ်ချက်ကုပ်လိုက်သည်။ "နိုင်ငံကူးလက်မှတ်အတွက်ကတော့ အခက်အခဲ မရှိနိုင်ပါဘူး၊ ဘီလမ်မှာရှိနေတဲ့ ဗြိတိသျှကောင်စစ်ဝန်ရုံးကို ကျွန်တော့်ထောက်ခံချက်နဲ့အတူ လှမ်းလျှောက်နိုင်ပါတယ်၊ ဒီကိစ္စက တစ်ပတ်နှစ်ပတ်အတွင်းမှာ ပြေလည်သွားမှာပါ၊ ဒါပေမယ့် တည်ဆဲဥပဒေတစ်ခုကြောင့် ခက်နေတယ်ဗျာ၊ နိုင်ငံခြားသားတစ်ယောက်ဟာ နိုင်ငံကူးလက်မှတ် လက်ဝယ်ကိုင်ဆောင် မထားနိုင်ရင် အလုပ်အကိုင်တစ်ခုခု ပြနိုင်ရမယ်"

ကျွန်တော် ချက်ချင်း သဘောပေါက်လိုက်ပါသည်။ ကျွန်တော်လိုလူမျိုးများကို စုပြီး လမ်းပြင်၊ တံတားဆောက်သည့် အလုပ်ကြမ်းများကို ခိုင်းစေတတ်ပါသည်။

ဟင်နာက ကျွန်တော့်မျက်နှာကို ကောင်းစွာမြင်နိုင်ရန် အခန်း၏ အခြားတစ်ဘက်သို့ လျှောက်သွားပြီး မသိမသာ ခေါင်းညိတ်ပြလိုက်ပါသည်။ ပြီးတော့မှ တည်တည်ငြိမ်ငြိမ်နှင့် စကားပြောသည်။ "ဒီကိစ္စက ဘာမှမခက်ပါဘူး၊ ဆီညော်မာလိုရီက ကျွန်တော်နဲ့အတူတူ အလုပ်လုပ်တော့မှာပါ"

"လေယာဉ်ပျံ ပိုင်းလော့အနေနဲ့လား" ရဲအရာရှိက မျက်လုံးလှန်ကြည့်သည်။



ပြီးတော့ ကျွန်တော့်ဘက် လှည့်လာသည်။

"အမှန်ပဲလား ဆီညော်"

"သိပ်မှန်တာပေါ့" ဟု ကျွန်တော်က ပြန်ပြောသည်။

ဆမ်ဟင်နာက မသိမသာပြုံးသည်။ ရဲအရာရှိ၏ အမူအရာက စိတ်သက်သာရာ ရသွားသည့်ပုံမျိုး ဖြစ်သည်။ "ဒီလိုဆို အားလုံး အဆင်ပြေသွားတာပေါ့လေ" သူက ထိုင်ရာမှထပြီး ကျွန်တော့်ကို လက်ကမ်းပေးသည်။

"စိတ်မချမ်းသာစရာကောင်းတဲ့ အခုကိစ္စနဲ့ ပတ်သက်ပြီး အကြောင်းထူးလို့ အဆက်အသွယ်လုပ်ချင်ရင် ဘယ်ကိုဆက်သွယ်ရမယ်ဆိုတာ သိထားရတာပေါ့ခင်ဗျာ"

ကမ်းပေးသည့်သူ့လက်ကို ကျွန်တော်က ဆွဲယူလိုက်သည်။ သည်လိုမှမလုပ်လျှင်လည်း ရိုင်းရာကျတော့မည်။ ပြီးတော့ အပြင်သို့ထွက်ခဲ့သည်။ ခြံပေါက်ဝသို့ ကျွန်တော်ရောက်ပြီးမှ နောက်က ဟင်နာရောက်လာသည်။ အုတ်ခုံပေါ်မှာ ကျွန်တော် ထိုင်ချလိုက်သည်။ ဟင်နာက ကျွန်တော့်ကိုကြည့်နေသည်။

"အမှန်ဆုံးတစ်ခုကို ငါ လုပ်လိုက်တာပါနော်"

ကျွန်တော်က ခေါင်းညိတ်ပြသည်။ "ခင်ဗျားကျေးဇူးတွေ များလှပါပြီဗျာ၊ ဒါပေမယ့် ခင်ဗျားအလုပ်ခန့်ဖို့ စိတ်ကူးထားတဲ့ ပေါ်တူဂီပိုင်းလော့ကိစ္စက ဘယ်လိုလုပ်မလဲ"

"သူ အလုပ်မရတော့ဘူးပေါ့ကွာ၊ ဒါပဲပေါ့" ကျွန်တော့်ဘေးမှာ သူဝင်ထိုင်သည်။ "ဒီမှာ မင်း အင်္ဂလန်ကို သိပ်ပြန်ချင်နေတာ ငါသိပါတယ်၊ အခြေအနေဆိုးတော့ ဆိုးသွားတာပေါ့ကွာ၊ ဘယ်တတ်နိုင်မလဲ၊ လင်ဒရိုမှာ မင်းနီစတန်းနဲ့အတူတူ တစ်ခန်းတည်း မင်းနေနိုင်တယ်၊ ဒီကို ရောက်တဲ့အခါမှာတော့ 'နန်းတော်ဟိုတယ်'က ငါငှားထားတဲ့အခန်းမှာ နေပါ၊ မင်းရဲ့ စားဝတ်နေရေးအားလုံး ငါတာဝန်ယူတယ်၊ ဒါ့အပြင် တစ်ပတ်ကို အမေရိကန်ဒေါ်လာ တစ်ရာပေးမယ်"

အလွန်ရက်ရောသည့် အပေးအကမ်းများ ဖြစ်သည်။ "သိပ်ကောင်းတယ်" ဟု ကျွန်တော်က ပြန်ပြောသည်။

"တစ်ခုကျန်သေးတယ်၊ ငါပြောခဲ့တဲ့အတိုင်းပဲ၊ ငါက အကြွေးနေ၊ အကြွေးစားနေတာ၊ ဒါကြောင့် ကန်ထရိုက်စာချုပ်အတိုင်း သုံးလမပြည့်သေးခင် အစိုးရဆီက ငွေတစ်ပြားမှရမှာ မဟုတ်ဘူး၊ မင်းကိုလဲ ငွေတစ်ပြားမှ ပေးနိုင်မှာမဟုတ်ဘူး၊ ဒါကိုရော မင်း သဘောတူနိုင်ပါ့မလား"

"ကျပ်ဘဝက အရိုးများသော ချေးခါးသော လုပ်နိုင်တဲ့ဘဝ မဟုတ်

ထိုင်ရာမှထပြီး ဝင်းအပြင်သို့ ထွက်ခဲ့သည်။

"မင်းဟာ အလွန်ခေါင်းအေးတဲ့ သတ္တဝါပဲ မာလိုရီ၊ မင်းကို

www.burmeseclassic.com

www.burmeseclassic.com



ဘာမှမရှိဘူးထင်တယ်" သူ့အသံထဲမှာ တကယ်စိတ်ပါလက်ပါ ချီးကျူးသည့်လေသံများ ပါနေသည်။

"မနေ့ညကကိစ္စ မနေ့ညမှာပဲ ထားခဲ့ပေါ့ဗျာ၊ ဒီနေ့ဟာ ဒီနေ့ပဲ၊ လင်ဒရိုကို ဒီနေ့ခင်း သွားကြမှာလား"

ကျွန်တော့်ကို သူ ငေးကြည့်နေသည်။ မျက်မှောင်ကိုလည်း မသိမသာ ကုပ်လိုက်သည်။ တစ်စုံတစ်ရာ ပြောမည်ကြံပြီးမှ သူ့စိတ်ကိုသူ ပြောင်းလိုက်ပုံရသည်။

"ဟုတ်တယ်၊ စန်တာဟယ်လီနာကို နှစ်ပတ်တစ်ကြိမ် ပျံပေးရတဲ့ ခရီးစဉ်လဲ ရှိတယ်၊ မနက်ဖြန် သွားရမယ့်နေ့ပဲ၊ ဘရစ္စတိုလေယာဉ်နဲ့ပါ ပျံပေးရမယ်၊ စက်အခြေအနေ ကောင်းမကောင်း မင်နီစတန်းကို အမြန်ဆုံးစစ်ဆေးခိုင်းရမယ်၊ တို့ တစ်ယောက်တစ်စင်း မောင်းသွားကြရမှာပဲ၊ မင်း စိတ်ပါရဲ့လား"

"ဒီအတွက် ကျွန်တော့်ကို ခင်ဗျား လခပေးပြီး ငှားလိုက်ပြီပဲ" ထိုမျှပြောပြီး စောင့်နေသည့် မော်တော်ကားရှိရာသို့ ထွက်လာခဲ့တော့သည်။

❑

မာနော့စ်မြို့တွင် ဆမ်ဟင်နာအသုံးပြုနေသည့် လေယာဉ်ကွင်းကလေးမှာ ကြီးကြီးမားမား ထည်ထည်ဝါဝါတော့မဟုတ်။ အုပ်ချုပ်မှု တဲကလေးတစ်လုံး၊ လေကြောင်းထိန်းသိမ်းမှု မျှော်စင်သေးသေးကလေးတစ်ခုနှင့် မြစ်ဘက်ကို ကျောခိုင်းဆောက်ထားသော သံချေးတက် သွပ်မိုး လေယာဉ်ဂိုဒေါင်အချို့မျှသာ ဖြစ်သည်။ မွန်းလွဲပိုင်း နေရောင်အောက်မှာ တောက်ပနေသည့် ကြက်သွေးရောင်၊ ငွေရောင်အနားကွပ် ဟောလေ လေယာဉ်ပျံကလေးနှင့် ယှဉ်ကြည့်သော် ပုစွန်ဆီနှင့် ဥတုသွေးလို ကွာလှသည်။

နေ့လယ်နေ့ခင်း တစ်ရေးတစ်မော အိပ်ကြသည့်အချိန် ဖြစ်သည်။ ဟောလေအနီး မြေပြင်ပေါ်သို့ ကျွန်တော်၏ ပစ္စည်းအိတ်ကို ပစ်ချလိုက်သည်။ ပူလွန်းသောကြောင့် လေယာဉ်မောင်းနိုက်ဝတ်သည့် ကျာကင်အင်္ကျီကိုပါ ချွတ်လိုက်သည်။ မြစ်ကမ်းဘက်ရှိ သစ်ပင်များပေါ်မှ မျောက်အော်သံများ တစ်ခါတရံ လွင့်လာသည်မှတစ်ပါး ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

အသံကြားသဖြင့် နောက်လှည့်ကြည့်လိုက်တော့ ဂိုဒေါင်တစ်လုံး၏ တံခါးကို ဆွဲဖွင့်နေသည့် ဟင်နာကိုတွေ့ရသည်။

"ဟောဒီမှာ သူပါပဲဗျား" ဟု သူကပြောသည်။

❑



ဘရစ္စတို တိုက်လေယာဉ်ပျံသည် ကမ္ဘာစစ်အတွင်းက နာမည်ကျော် တိုက်လေယာဉ်ပျံထဲမှာ စာရင်းဝင်ခဲ့သည်။ ဗြိတိသျှ ဘုရင့်လေတပ်မတော်ကလည်း (၁၉၃၀) ပြည့်နှစ်ကျော်သည်အထိ အသုံးပြုခဲ့သည်။ အင်္ဂလန်တုန်းက ခုနှစ်နာရီ၊ ရှစ်နာရီလောက် မောင်းကြည့်ခဲ့ဖူးသည်။

ကျွန်တော့်ရှေ့မှာရှိနေသည့် ဘရစ္စတို လေယာဉ်ပျံမှာ စက်ရုံက ထုတ်လုပ်လိုက်သည့်အတိုင်း ရှိနေသည်မှာ မှန်ပါသည်။ သို့သော်လည်း ကိုယ်ထည်ကို ကြည့်ရသည်မှာ စိတ်သက်သာဖွယ်ရာ မရှိ။ အဖုအထေးတွေက များလွန်းလှသည်။ ကျွန်တော် မှတ်ချက်တစ်စုံတရာ မချနိုင်မီမှာပင် ဟင်နာက ဝင်ပြောသည်။

"ကိုယ်ထည်ကိုကြည့်ပြီး စိတ်ပျက်မသွားပါနဲ့ မောင်၊ အပြင်ပန်းမြင်ရတာထက်ပိုပြီး အများကြီးကောင်းပါတယ်၊ သိပ်ကိုတောင့်တဲ့ အကောင်ကြီးပေါ့၊ အင်ဂျင်မှာလဲ ချွတ်ယွင်းချက် ဘာမှမရှိဘူး၊ ငါဝယ်လာခဲ့တဲ့လူရဲ့ လက်ထဲမှာ ဆယ့်ငါးနှစ်လောက် ကြာခဲ့တယ်၊ သူလဲ သိပ်သုံးခဲ့တာမဟုတ်ဘူး၊ ဒီအတိုင်း ထိုးထားတာများတယ်၊ အဲဒီမတိုင်ခင်က အကြောင်းတွေဟော့ ဘုရားသခင်မှ သိတော့မှာပဲ၊ သူ့မှတ်တမ်းစာအုပ် မရှိတော့ဘူးလေ"

"ခင်ဗျားရော သေသေချာချာ မောင်းကြည့်ပြီးပြီလား"

"မိုင်တစ်ရာကျော်လောက် မောင်းကြည့်ပြီးပြီ၊ မောင်းလို့ အင်မတန်ကောင်းပါတယ်၊ ဘာဒုက္ခမှမပေးဘူး"

ဘယ်ဘက်အတောင်ပံပေါ်သို့တက်ပြီး လေယာဉ်မောင်းခန်းထဲသို့ ကျွန်တော် ငုံ့ကြည့်သည်။ ထိုင်ခုံများမှ သားရေနံ့၊ ဆီနံ့များကို ရှူရှိုက်ရသည်နှင့်ပင် ထုံးစံအတိုင်း စိတ်အားထက်သန်လာသည်။ မြင်ရသည်တို့ကိုလည်း အထင်ကြီးမိသည်။

"စက်ရုံကထုတ်တဲ့အတိုင်း အော်ရီဂျင်နယ်ဖြစ်ဖို့ များတယ်၊ ထိုင်ခုံတွေ ကူရှင်တွေက အကောင်းပကတိတွေပဲ"

"တစ်ချိန်တုန်းကတော့ အင်မတန်နာမည်ကြီးခဲ့တဲ့ လေယာဉ်ပဲကွာ"

"တိုက်လေယာဉ်ဘဝတုန်းက စက်သေနတ်ဆင်ခဲ့တဲ့ နောက်ဘက်ကအခန်းမှာ ခရီးသည်နှစ်ယောက်တော့ တင်လို့ရတယ်"

"ဟုတ်တယ်၊ ဒါပေမယ့် မလိုပါဘူးကွာ၊ ဟောလေနဲ့လဲ ခွဲပြီးသယ်နေမှာပဲ . . . အပြင်ထုတ်ကြစို့"

အတောင်ပံတစ်ဘက်ဆီကိုတွန်းပြီး နေရောင်အောက်သို့ ထုတ်ယူခဲ့သည်။ အမြင်မလှသော်လည်း ကောင်းစွာအလုပ်ဖြစ်မည့် လေယာဉ်ပျံဖြစ်ကြောင်း ကျွန်တော် သဘောပေါက်လိုက်ပါသည်။

"မြင်းချစ်တဲ့လူတွေ ပြောတဲ့စကား ကြားဖူးတယ်၊ ဘယ်[illegible]

www.burmeseclassic.com

www.burmeseclassic.com



ချစ်တတ်တဲ့လူဟာ မြင်းနဲ့လူနဲ့ အလိုလို နားလည်မှုရနေတယ်တဲ့၊ တစ်ဦးသဘောကို တစ်ဦး သိနေတယ်တဲ့၊ ကျွန်တော်လဲ လေယာဉ်ပျံဆိုရင် အရူးအမူးချစ်တဲ့အကောင် ဘယ်လိုလေယာဉ်ပျံမျိုး ဖြစ်ဖြစ်ပေါ့၊ ဒီလေယာဉ်ပျံစောင့်နေတဲ့ သူ့သခင်ဟာ ကျွန်တော် ပဲဗျ"

"ဟေလေကို မင်းမောင်းချင်မောင်းပါ၊ ငါ ဒီဟာနဲ့ လိုက်ခဲ့မယ်" ဟု ဟင်နာက ပြောသည်။

"ကျေးဇူးတင်ပါတယ်ဗျာ၊ ခင်ဗျား ကျွန်တော့်ကိုငှားတာ ဒီလေယာဉ်ပျံကို မောင်းဖို့ပဲ" ကျွန်တော်က ခေါင်းခါပြလိုက်သည်။

သူ့အမူအရာက မယုံသင်္ကာသလို ဖြစ်သွားသည်။ "မင်း သေချာပါတယ်နော်" ဘာမှ ပြန်ပြောမနေတော့ဘဲ ပစ္စည်းအိတ်ကို လေယာဉ်ပျံပေါ် သို့ ပစ်တင်လိုက်သည်။ လေထီးတစ်ခု ရှိနေသည်ကို တွေ့ရသော်လည်း ဆွဲမထုတ်တော့ချေ။ သားရေဂျာကင်အင်္ကျီ၊ သံခမောက်နှင့် နေကာမျက်မှန်များကိုသာ နေသားတကျဖြစ်အောင် ပြင်ဆင်လိုက်သည်။

ဟင်နာက မြေပုံကို မြေပြင်ပေါ် တွင် ဖြန့်ပြသည်။ ရိုင်ယို ဒတ်စ်မိုတီစ် (သို့မဟုတ်) သေမင်းတမန်မြစ်သည် ရိုင်ယိုနီးဂရိုးမြစ်မှ အရှေ့မြောက်ဘက်သို့ ခွဲထွက်သွားသည်။ စစ်တပ်စခန်းချရာ ဖရန်ကိုခံတပ်က မိုင်တစ်ရာငါးဆယ်အကွာလောက်မှာ ရှိသည်။ လင်ဒရိုမြို့က နောက်ထပ် မိုင်ငါးဆယ်လောက် ဆက်သွားရမည်။

"မြစ်ကြောင်းအတိုင်းသာလိုက်၊ မြတ်လမ်းက လိုက်မယ်ကြံပြီး တောတွေကို ကျော်မမောင်းနဲ့၊ ပျက်ကျရင် မင်းဘဝပြီးသွားပြီ၊ အင်ဒီးယန်းလူမျိုးထဲက ဟူနာလူမျိုးတွေဟာ အဆိုးဆုံး၊ မင်းပြောတဲ့ ဇင်ဂူးမြစ်တစ်ဝိုက်က အင်ဒီးယန်းတွေထက် အဆပေါင်းများစွာ ပိုဆိုးတယ်"

"ဘယ်သူကမှ သူတို့နဲ့ အဆက်အသွယ် မလုပ်ဘူးလား"

"စန်တာဟယ်လီနာမှာရှိနေတဲ့ သီလရှင်တွေပဲ အဆက်အသွယ်လုပ်ကြတယ်၊ သူတို့က ဒေးကုတဲ့အဖွဲ့လေး၊ သူတို့လဲ အသက်ရှင်နေသမျှ ကာလပတ်လုံး ဒုက္ခမျိုးစုံနဲ့ ရင်ဆိုင်ကြရတာပဲ၊ အရင်တုန်းက သတ္တုတွင်းကုမ္ပဏီက လူတွေနဲ့ ဟူနာလူမျိုးတွေ ပြဿနာပေါ်ဖူးတယ်၊ အဲဒီကိစ္စဆွေးနွေးဖို့ လူမျိုးစုအကြီးအကဲတွေကို ဖိတ်ဖူးတယ်၊ ရောက်လဲလာရော စက်သေနတ်နဲ့ ပစ်သတ်ကြတော့တာပဲ၊ အစိတ်လောက် သေသွားတယ်၊ ရှစ်ယောက်လောက် လွတ်သွားတယ်၊ အဲဒီကစပြီး အဆုံးမသတ်နိုင်တော့တဲ့ ထာဝရစစ် ဖြစ်တော့တာပဲ၊ အဲဒီဒေသမှာ စစ်အုပ်ချုပ်ရေး လုပ်ထားရတယ်၊ သိပ်တော့လဲ မထိရောက်လှပါဘူး၊ ချထားနိုင်တဲ့ စစ်တပ်က အင်အားနည်းနည်းကလေးရယ်၊ ဗိုလ်မှူးကြီးတစ်ယောက်၊ လက်နက်ကိုင် အင်အားငါးဆယ်၊ သဘောင်္ကနှစ်စီး၊ ဒါပဲ"



မြေပုံကိုခေါက်ပြီး အိတ်ထဲသို့ ကျွန်တော်ထည့်လိုက်သည်။ "ခင်ဗျားပြောသလိုဆိုရင် ဟူနာလူမျိုးစုတွေဘက်က မှန်တာပေါ့ဗျာ"

ကြမ်းကြုတ်သည့်ပုံမျိုးဖြင့် သူရယ်သည်။ "လင်ဒရိုတစ်ဝိုက်မှာ ဖြစ်ပျက်နေတာတွေကို မင်းတွေ့ရရင် ဘယ်နည်းနဲ့မှ ကရုဏာသက်နိုင်တော့မှာ မဟုတ်ပါဘူး ဓာလိုရီ၊ တကယ်တော့ဒီကောင်တွေဟာ ကျောက်ခေတ်ယဉ်ကျေးမှုအဆင့်က မတက်ကြသေးဘူး၊ သူတို့ လုပ်နေတာထဲက တစ်ခုခုကိုများ မင်းတွေ့ရမယ်ဆိုရင် . . ."

ဟေလေ လေယာဉ်ပျံဆီသို့ သုတ်ခြေတင်လျှောက်သွားပြီး တံခါးဖွင့်ကာ အပေါ်သို့တက်သွားသည်။ ပြန်ဆင်းလာတော့ သေနတ်အတိုတစ်လက် ပါလာသည်။

"မင်းခြောက်လုံးပြူး ရှိသေးတယ်မဟုတ်လား" ကျွန်တော်က ခေါင်းညိတ်ပြလိုက်သည်။ သူက သေနတ်နှင့် ကျည်ဆံဘူးကို ကျွန်တော့်ဆီသို့ ပစ်ပေးသည်။ "လိုတဲ့အခါသုံးဖို့ ဒါယူထား၊ ကျည်ဘူးက သံမဏိ၊ ခြောက်ချက်ဆက်တိုက် ပစ်နိုင်တယ်၊ အနီးကပ် သိပ်ကောင်းတယ်၊ ဒီသေနတ်နဲ့ ငါဆော်ပြီးပြီ၊ ခွေးမသားတွေ လက်တောင်မြှောက်ချိန်မရလိုက်ဘူး"

ခဏတော့ သေနတ်ကို လက်ထဲမှာ ဆုပ်ကြည့်နေမိသေးသည်။ ပြီးတော့ လေယာဉ်မောင်းခန်းနောက်ထဲမှာ ထည့်ထားလိုက်သည်။

"ကျွန်တော်နဲ့အတူ လိုက်ခဲ့မလား"

သူက ခေါင်းခါပြသည်။

"အလုပ်ကလေး ရှိနေသေးတယ်ကွာ၊ နာရီဝက်လောက်ကြာမှ လိုက်ခဲ့မယ်၊ မင်းကို အမီလိုက်ပြမယ်၊ မီရင် ရေဒီယိုထဲက ငါအော်လိုက်မယ်"

မလိုအပ်သောစကားကို သူပြောနေခြင်းဖြစ်သည်။ ဘာရစ္စတိုသည် ဟေလေလေယာဉ်ကို မည်သည့်နည်းနှင့်မျှ နိုင်အောင်ပျံသန်းနိုင်မည် မဟုတ်။ သို့သော် ကျွန်တော် ဘာမျှပြန်မပြောတော့ချေ။

သို့သော်လည်း မပြောမဖြစ်တာကိုတော့ ပြောရသေးသည်။

"တစ်ခုပြောရဦးမယ်၊ ပန်ကာကိုလှည့်ပြီး စက်နှိုးဖို့ လူသုံးယောက် လိုဦးမယ်မဟုတ်လား"

"ငါတစ်ယောက်လုံးရှိနေမှ မလိုပါဘူးကွာ"

သူ မည်မျှခွန်အားကြီးကြောင်း မကြာမီ ကျွန်တော် မြင်တွေ့ရတော့သည် ဖြစ်သည်။ ယခုလည်း သူ့ခွန်အားအကြောင်းကို ရိုးရိုးပင် ထုတ်ဖော်ပြောခြင်းဖြစ်သည်။ ဘယ်ဘက်အတောင်ပံပေါ်မှ တစ်ဆင့်တက်ပြီး ထိုင်ခုံမှာ ကျွန်တော်ဝင်ထိုင်လိုက်သည်။ လိုအပ်သည်များကို စစ်ဆေးကြည့်သည်။ ဟင်နာက အချက်ပြသည်။ ပန်ကာကို သူ ဆွဲလှည့်သည့်အခိုက်မှာပင် စက်နှိုးသည့်ခလုတ်ကို ကျွန်တော်ဖွင့်လိုက်သည်။ …

www.burmeseclassic.com

www.burmeseclassic.com



ခက်နိုးသွားသည်။

ဟင်နာက ဘေးသို့ ရှောင်ထွက်ပေးသည်။ ပြေးလမ်းပေါ်သို့ ကျွန်တော် မောင်းယူလာခဲ့ပြီး လေဆန်ဘက် မျက်နှာမူလိုက်သည်။ လိုအပ်သည်များကို ထပ်မံစစ်ဆေးသည်။ မျက်မှန်ကို မျက်နှာပေါ်သို့ ဆွဲချလိုက်သည်။ ပြေးလမ်းပေါ်တွင် အရှိန်ယူခိုက် လေက ကန့်လန့်ဖြတ်တိုက်သောကြောင့် ညာဘက်ကို အနည်းငယ် တိမ်းသွားသေးသည်။ ကိုက်တစ်ရာ့ငါးဆယ်ခလောက် ပြေးမိသည်နှင့် လေထဲကို ကျွန်တော် ရောက်ခဲ့ချေပြီ။

အမြင့်ပေနှစ်ရာခလောက်သို့ ရောက်သည်တွင် အမြန်နှုန်းက တစ်နာရီ (၆၅) မိုင်နှုန်းလောက် ရှိနေသည်။ အမြင့်ပေ ငါးရာအထိတက်ခဲ့ပြီး လေယာဉ်ကွင်းဘက်သို့ ကျွန်တော်ပြန်ကွေ့ခဲ့သည်။

ဟင်နာကို ထင်ထင်ကြီး မြင်နေရသည်။ လက်နှစ်ဘက်နှင့် နေရောင်ကိုကာပြီး အပေါ်သို့ မော့ကြည့်နေသည်။ လေယာဉ်ပျံကို မည်မျှကျွမ်းကျင်စွာ မောင်းနှင်တတ်ကြောင်း သူ့ရှေ့တွင် အစွမ်းပြချင်စိတ် ပေါက်လာသည်။

ထို့ကြောင့် သူ့ခေါင်းပေါ်သို့ ကျွမ်းထိုးချလိုက်သည်။ သူ့ခေါင်းပေါ် ပေငါးဆယ်လောက်ရောက်မှ အပေါ်သို့ ကျွန်တော် ပြန်တက်ခဲ့သည်။

သူသည် ရပ်မြဲနေရာတွင် တုတ်တုတ်မျှမလှုပ်။ လက်သီးဆုပ်ကို ကျွန်တော့်ဆီသို့ ဝှေ့ယမ်းပြသည်။ ကျွန်တော်ကလည်း လက်ယမ်းပြခဲ့သည်။ ပြီးမှ သစ်ပင်များပေါ်မှဖြတ်ကာ မြစ်ကြောင်းဘက်သို့ မောင်းနှင်ပျံသန်းခဲ့တော့သည်။

❐

ဘရစ္စတိုလေယာဉ်သည် ကောင်းကင်မှာ အရှိန်နှင့် ပျံသန်းနေပြီဆိုလျှင် သူ့အတိုင်းလွှတ်ထားရှ ရသည်။ ကိုင်တွယ်ထိန်းသိမ်းပေးနေဖို့ မလိုတော့။ သို့သော်လည်း ..လုတ်ပေါင်းစုံကို စစ်ဆေးကိုင်တွယ်ပြီး တမြတ်တနိုး ကျွန်တော် ထိန်းသိမ်းမောင်းနှင်နေသည်။

ဝဲယာနှစ်ဘက်တွင် အလွန်နက်သည့် သစ်တောကြီးများ၊ အုတ်တံတိုင်းလိုပိတ်ဆို့နေသည့် ဝါးတောကြီးများကို တွေ့ရသည်။ အောက်မှာက မြစ်၊ ကျွန်တော်ဖြတ်မောင်းတော့ ခရုစုပ် ငှက်အုပ်ကြီးများ ထပျံသွားသည်။ အရောင်က ကြက်သွေးရင့်ရောင်။ မိုးသားများ ဖုံးအုပ်သွားသလား ထင်ရသည်။

ပေနှစ်ရာအမြင့်သို့ ကျွန်တော်နိမ့်ဆင်းခဲ့သည်။ အမြန်ဆုံးနှုန်းသို့ မြှင့်တင်လိုက်လျှင် ပေနှစ်ရာအမြင့်သည် အကောင်းဆုံးဖြစ်ကြောင်း ကျွန်တော် သတိရလိုက်သော



ကြောင့် ဖြစ်သည်။ ဒိုင်ခွက်ကိုကြည့်လိုက်တော့ တစ်နာရီ (၁၂၅) မိုင်နှုန်းပြနေသည်ကို တွေ့ရသည်။ ဟင်နာ့အရင် လင်ဒရိုကိုရောက်ဖို့ကိုသာ အာရုံစိုက်နေမိသည်။

❐

မာနော့စ်မြို့မှထွက်လာပြီး တစ်နာရီဆယ့်ငါးမိနစ်တွင် သေမင်းတမန်မြစ်ဝရှိ စစ်တပ်စခန်းချရာ ဖရန်ကိုခံတပ်သို့ ရောက်လာသည်။

မြစ်ညာဘက် ဆယ်မိုင်ခန့်သို့ ကျွန်တော်ရောက်လာသည်။ ထိုအချိန်မှာပင် မိုးကြိုးတစ်ချက် ပစ်ချလိုက်သည်။ ကျွန်တော့်အမြင့်ပေက နှစ်ရာလောက်သာရှိသည်မို့ ခက်ခက်ခဲခဲ ထိန်းလိုက်ရသည်။

ဟောလေ့လေယာဉ် ဘယ်ရောက်နေသည်ကို ကျွန်တော်မသိ။ ကျွန်တော့်အမြီးပိုင်းဆီသို့ သူဦးစိုက်ချလိုက်တော့မှပင် မိလာပြီဖြစ်ကြောင်း သိရတော့သည်။

"ဒက်-ဒက်-ဒက်- မင်းသေပြီ" ကျွန်တော့်နားကျပ်ထဲမှာ သူ့အသံပေါ်လာသည်။ "ကောင်းကင်မှာ လေယာဉ်ပျံ ကျွမ်းထိုးပြတယ်ဆိုတာ မင်းနိုင်စိုးနေတဲ့အရွယ်တုန်းက ငါလုပ်နေကျပါ ချာတိတ်ရာ၊ လင်ဒရိုမှာ တွေ့ကြမယ်"

တစ်ဘက်သို့ သူဖဲ့ထွက်သွားပြီး သစ်တောများပေါ်မှ ကျော်ဖြတ်ပျံသန်းသွားသည်။ သူ့နောက်လိုက်လာဖို့ ကျွန်တော့်ကို စိန်ခေါ်နေသလားဟု ခဏတော့ ဇဝေဇဝါဖြစ်မိသေးသည်။ သို့သော် ကိုယ့်စိတ်ကိုယ် ပြန်ထိန်းလိုက်သည်။ လေယာဉ်မောင်းသမားနှစ်ယောက်ကို သူဆုံးရှုံးခဲ့ပြီ။ ကျွန်တော်သည် သူ ဆုံးရှုံးရမည့် သုံးယောက်မြောက် လေယာဉ်မောင်းသမား မဖြစ်သင့်တော့။

မြစ်ကြောင်းအတိုင်း တစ်နာရီ မိုင်တစ်ရာနှုန်းဖြင့် စိတ်အေးချမ်းသာ မောင်းနှင်လာခဲ့သည်။ ခပ်တိုးတိုးကလေးလည်း လေချွန်နေမိသည်။

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

### လင်ဒရီ

လင်ဒရီသို့ရောက်ပြီ။ မည်းမှောင်နေသည့် မိုးသားတွေက ကျွန်တော့်နောက်မှ လိုက်လာသည်။ မိုးကုပ်စက်ဝိုင်းကို မမြင်ရ၊ အပ္ပပိုင်းဒေသ၏ မိုးသက်မုန်တိုင်း ကျချေတော့မည်။

မြင်ကွင်းက ကျွန်တော် ကြိုတင်မျှော်မှန်းထားသကဲ့သို့ ဖြစ်သည်။ မြစ်ကမ်းနံဘေး တောအလယ်မှာ ကွက်ကွက်တလေး ရှင်းထားခြင်းဖြစ်သည်၊ မြစ်ဆိပ်ကလည်း ဖြစ်ကတတ်ဆန်း၊ သစ်သားအိမ်ကလေးတွေ ဟိုတစ်လုံး သည်တစ်လုံးဖြင့် ဝိုင်းရံထားသော ဘုရားရှိခိုးကျောင်းကလေးကိုလည်း တွေ့ရသည်၊ အဆောက်အအုံဆို၍ များများစားစား ရှိလှသည်မဟုတ်၊ မြစ်ညာပိုင်းမှာ တွေ့ရတတ်သော လူနေဒေသကလေးတစ်ခု ပီသလှသည်။

လေယာဉ်ကွင်းက မြောက်ဘက်ဖျားမှာ ဖြစ်သည်၊ အလျားကိုက်သုံးရာ၊ အနံကိုက်တစ်ရာလောက် ရှိမည်၊ သစ်သားတိုင်တန်ခြောင်းထိပ်မှာ တွဲလောင်းချိတ်ထားသည့် လေကြောင်းပြအိတ်ကို တွေ့ရသည်၊ လေယာဉ်ဂိုဒေါင်က သွပ်မိုးနှင့်။ ဟင်နာသည် လူသုံးယောက်နှင့်အတူ ဟေလေကို ဂိုထောင်တွင်းသို့ သွင်းနေသည်။ ကျွန်တော် နိမ့်နိမ့်ကလေးဖြတ်ပျံတော့ မော့ကြည့်ပြီး လက်ယမ်းပြသည်၊



အကြောင်းမသိသူအဖို့ အဆင်းရခက်သည့် အကျင့်ဆိုးတစ်ခု ဘရစ္စတို လေယာဉ်မှာ ရှိသည်၊ ခပ်မြန်မြန်ကြီးဆင်းလျှင် ဘောလုံးတစ်လုံးလို ခုန်တက်သွားသည်။

ဟင်နာ၏ရှေ့မှောက်မှာ သည်လိုအမှားမျိုး ပြုလုပ်မိလျှင် ကျွန်တော် အလကားကောင် ဖြစ်သွားလိမ့်မည်၊ ဘရစ္စတိုလေယာဉ် ဆင်းရမည့်အမြန်နှုန်းမှာ (၄၅) မိုင်နှုန်းဖြစ်သည်၊ လေစုန်ကိုရွေးပြီး သတိနှင့် ကျွန်တော်ဆင်းခဲ့သည်၊ လေယာဉ်က အလွန်နူးညံ့သိမ်မွေ့စွာဖြင့် ပြေးလမ်းပေါ်သို့ ရောက်သွားသည်၊ အလွန်တရာ ညင်သာလှသည်၊

ဂိုထောင်ရှိရာသို့ မောင်းယူသွားပြီး ရပ်လိုက်သည်၊ စက်ရပ်လိုက်ပြီး မျက်မှန်ကို အပေါ်မတင်လိုက်သည်၊ ဆာခဲ့ဟင်နာက ဘယ်ဘက်ဘေးသို့ လျှောက်လာသည်၊ သူနှင့်အတူ လူသေးသေးကလေးတစ်ယောက်လည်း လိုက်လာသည်၊ ထိုသူ၏ တစ်ကိုယ်လုံးမှာ စက်ဆီများနှင့် ပေကျံနေသည်၊

"ဒီကောင် အင်မတန်တော်တယ်လို့ ကျွန်တော်ပြောခဲ့သားပဲ မင်နီ" ဟု ဟင်နာက ပြောသည်။

"ဟုတ်ပါတယ် ဆာမ်" သူ့အဖော်ကမော့ပြီး ကျွန်တော့်ကိုပြုံးပြသည်၊

ကျွန်တော်တို့နှစ်ယောက် အပြန်အလှန်နားလည်ပြီး ခင်မင်ရင်းနှီးသွားကြသလို ရှိသည်၊ တစ်စုံတစ်ယောက်သောသူကို နှစ်ပေါင်းများစွာကတည်းက ရင်းနှီးကျွမ်းဝင်ခဲ့ပြီးသလို ရုံဖန်ရံခါ ခံစားတတ်ရသည့် သဘောဖြစ်သည်၊

အတန်ငယ် ဝဲသည်မှတပါး သူပြောသည့် အင်္ဂလိပ်စကားသည် မှန်ကန်တိကျလှသည်။ သူ့အသက် ငါးဆယ်ရှိပြီဖြစ်ကြောင်း နောက်မှ ကျွန်တော်သိရသည်၊ သို့သော်လည်း သူ့ကို အသက်သြောတ်ဆယ်လောက်ဟု ထင်ရသည်၊ နာဇီတွေဖမ်းပြီး အကျဉ်းစခန်းထဲထည့်ကာ ညှင်းပန်းခြင်းခံခဲ့ရသည့် ဒဏ်တွေဖြစ်သည်၊ သူ့ပုံပန်းသဏ္ဍာန်ကို ကြည့်ရသည်မှာ ပါမောက္ခတစ်ယောက်နှင့် မတူ၊ လူက သေးသေးကလေး၊ သပ်သပ်ရပ်ရပ်မရှိ၊ ဆံပင်ဖြူတွေက နဖူးပေါ်သို့ ဖရိုဖရဲကျနေသည်၊ သို့သော် သူ့မျက်လုံးများက ထူးခြားလှသည်၊ ကြည်လင်ပြီး တည်ငြိမ်လှသည်၊ မည်သို့သော ဘဝအခက်အခဲကို ကြုံတွေ့ရပါစေ၊ မတုန်မလှုပ် ရင်ဆိုင်ဖြေရှင်းတတ်သည့် သဘောကိုဆောင်သည်၊

"မင်နီစတန်းပါ မစ္စတာမာလိုရီ" မြေပြင်ပေါ်သို့ ကျွန်တော်ခုန်အဆင်းတွင် သူကဆီးပြောသည်၊

"နေးလ်လို့ပဲ ခေါ်ပါဗျာ" ပြောပြောဆိုဆို လက်တစ်ဘက်ကို ကျွန်တော် ကမ်းပေးလိုက်သည်၊

သူတပြုံးသည်၊ ထိုအချိန်မှာပင် မြစ်ဘက်ဆီက မိုးချုန်းသံများ ပေါ်လာသည်၊ အလွန်ကြီးသည့် မိုးပေါက်ကြီးများ ကျွန်တော့်ခြေထောက်နားမှာ ကျလာသည်၊

www.burmeseclassic.com

www.burmeseclassic.com



"ဒီဟာကလေး ဂိုထောင်ထဲ သွင်းလိုက်ကြရအောင်၊ ငါးမိနစ်နဲ့စဲမယ့် မိုး မဟုတ်ဘူး" ဟု ဟင်နာကပြောသည်။

သူလှမ်းအော်လိုက်သဖြင့် လူနှစ်ယောက် ပြေးလာသည်။ အလုပ်ရှိသည့်အခါ ခေါ်နိုင်းသည့် နေ့စားအလုပ်ကြမ်းသမားများ ဖြစ်သည်။ အာဟာရဖြစ်အောင် စားရပုံ မရ၊ မြက်ဦးထုပ်ကြီးများ ဆောင်းထားကြသည်၊ အကျီတွေက စုတ်ပြတ်နေသည်။

ဂိုထောင်မှာ တံခါးမရှိ။ လေးတိုင်စင်ပစ်ပြီး အမိုးမိုးထားခြင်းသာ ဖြစ်သည်၊ သို့သော်လည်း ဟေလေ၏ဘေးမှာ ဘရစ္စတိုကို ချောင်ချောင်ချိချိ ထားနိုင်လောက် အောင် ကျယ်သည်။ သွပ်မိုးပေါ်သို့ မိုးပေါက်များကျနေပုံမှာ စက်သေနတ်အလက် ပေါင်း တစ်ဒါဇင်လောက်ကို တစ်ပြိုင်တည်းပစ်နေသည်နှင့် တူလှသည်။ အပြင်ကို လှမ်းကြည့်တော့လည်း သည်းထန်သည့်မိုးကြောင့် ပိန်းပိတ်နေသည်။

မင်နီစတန်းက ခါးထောက်ပြီး ဘရစ္စတိုလေယာဉ်ပျံကို ကြည့်နေသည်၊ "လှတယ်" ဟု သူကပြောသည်။

"တကယ့်ကိုလှတယ်"

"အင်း. . . သူ ရည်းစားတစ်ယောက် တွေ့ပြန်ပြီ" ဟင်နာက မိုးကာအကျီ နှစ်ထည်ယူပြီး ကျွန်တော့်ဆီသို့ တစ်ထည်ပစ်ပေးသည်။

"မင်းကို ငါ အိမ်ခေါ်သွားမယ်၊ မင်နီရော တစ်ခါတည်းလိုက်မလား"

မင်နီသည် ဂဏန်းခွတစ်ချောင်းနှင့်အတူ လေယာဉ်အင်ဂျင်မှာ အလုပ်ရှုပ်နေ ပြီ၊ သူက လှည့်မကြည့်ဘဲ ခေါင်းယမ်းပြသည်။

"နောက်မှ. . . နောက်မှလိုက်ခဲ့မယ်"

ကျွန်တော်တို့ကို သူ စိတ်မဝင်စားတော့၊ ဟင်နာက ပခုံးတွန့်လိုက်ပြီး မိုးထဲ သို့ ထွက်သွားသည်၊ ကျွန်တော်က လေယာဉ်ပေါ်မှ ပစ္စည်းအိတ်ကိုယူကာ သူ့နောက်သို့ ပြေးလိုက်ခဲ့သည်။

လေယာဉ်ကွင်း၏ တစ်ဘက်စွန်းမှာ နေအိမ်ရှိသည်၊ ကြီးကြီးကျယ်ကျယ်တော့ မဟုတ်၊ သွပ်မိုးထားသည့် ခြေတံရှည် သစ်သားအိမ်တစ်လုံး ဖြစ်သည်။ အရှေ့ဘက်မှာ ဝရံတာထုတ်ထားသည်၊ သည်အရပ်က လူနေအိမ်တွေအားလုံးမှာ ခြေတံရှည်အိမ်တွေ သာ ဖြစ်သည်၊ စွတ်စိုထိုင်းမှိုင်းမှုဒဏ်ကို ခံနိုင်ရန်၊ တုံကျင်းဖွဲ့နေတတ်သည့် ပုရွက်ဆိတ် နှင့် ပိုးမွှားများ ရှုတ်တရက်မတတ်နိုင်ရန်၊ တောရိုင်းတိရစ္ဆာန်များ၏ အန္တရာယ်မှ ကာကွယ်ပြီးသားဖြစ်ရန် ဤသို့ဆောက်လုပ်ထားကြခြင်း ဖြစ်သည်။

ဟင်နာက ရှေ့မှတက်သွားပြီး တံခါးဖွင့်ကာ အိမ်တွင်းသို့ဝင်သွားသည်။ ကြမ်း ပြင်က ရိုးရိုးသစ်သားကြမ်းပြင်၊ ကော်ဇောကြမ်းနှစ်ထည်ကို ဖြစ်သလိုခင်းထားသည်၊ အိမ်ထောင်ပရိဘောဂ အများစုတို့မှာ ဝါးနှင့်လုပ်ထားသည့် ပစ္စည်းချည့်ဖြစ်သည်။



"ဟိုဘက်မှာက မီးဖိုချောင်၊ ရေချိုးခန်းက သူနဲ့ကပ်လျက်၊ ခေါင်မိုးပေါ်မှာ ရေတိုင်ကီတင်ထားတယ်၊ ဒါလောက်မိုးများတဲ့အရပ်မှာ ရေကတော့ အလျှံပယ်ပဲ"

"နေရတာတော့ အတော် သက်တောင့်သက်သာရှိမယ့် အိမ်ပဲ" ဟု ကျွန်တော်ကပြောသည်။

"မင်း အပြောပိုပြီထင်တယ်" တံခါးတစ်ချပ်ကို လက်မနှင့် လှည့်ဖွင့်လိုက် သည်။ "ဒါက ငါ့အခန်း၊ မင်းကတော့ ဟောဟိုအခန်းမှာ မင်နီနဲ့အတူအိပ်ပေါ့"

သူက တံခါးတစ်ချပ်ကို ဖွင့်လိုက်ပြန်သည်။ ပြီးတော့ ဘေးသို့ အနည်းငယ် တိမ်းပြီး ကျွန်တော်ဝင်သာအောင် ရပ်နေသည်၊ အခန်းက ကျယ်လှသည်၊ လေဝင်လေ ထွက်လည်း ကောင်းသည်။ အိပ်ရာသုံးခုရှိသည်၊ စာအုပ်စင်ရှိသည့် နံရံဘေးတွင် ကြမ်း ပေါ်မှာ ကော်ဇောကြမ်းတစ်ထည် ခင်းထားသည့် အိပ်ရာတစ်ခုသာ ပြပြပြင်ပြင်ရှိ သည်။

စာအုပ်တစ်အုပ်ကို ကျွန်တော်က ဆွဲယူလိုက်သည်၊ ဟင်နာက ခပ်ပြတ်ပြတ် တစ်ချက်ရယ်သည်၊ "မင်နီ စာဖတ်ကြမ်းတာတော့ တွေ့ရပါလိမ့်မယ် မောင်ရာ"

စာအုပ်မှာ ကန့်၏ 'ကျိုးကြောင်းဝေဖန်ချက်' ဖြစ်သည်။ "မြစ်ထဲကရေကို ခပ်လိုက်တာ၊ ပါလာတော့ စိန်တွေဖြစ်နေတယ်ဆိုတာမျိုးဖြစ်အောင် သူ လုပ်နေတာပေါ့ ဗျာ" ဟု ကျွန်တော်က ပြန်ပြောသည်။

"မင်းကလဲ ဒါကိုသဘောကျတယ်လို့ ပြောဦးမလို့လား၊ လုပ်မနေစမ်းပါနဲ့ကွာ၊ ကဲ. . . ငါတော့ အရက်သောက်ချင်ပြီဟေ့. . ."

ဧည့်ခန်းဘက်သို့ သူပြန်လျှောက်သွားသည်၊ အိပ်ရာတစ်ခုကို ကျွန်တော်ရွေး ပြီး ပြင်လိုက်သည်။ ပြီးတော့ ပစ္စည်းအိတ်ဖွင့်ပြီး လိုအပ်သည်များထုတ်သည်။ ကျွန်တော် ပြန်ထွက်လာတော့ အရက်ပုလင်းတစ်ဘက်၊ ဖန်ခွက်တစ်ဘက်ကိုင်ပြီး ဝရန်တာမှာ ရပ်နေသည့် ဟင်နာကိုတွေ့ရသည်။

မိုးက သည်းထန်နေတုန်းဖြစ်သည်။ မြင်ကွင်းတို့ ပိတ်ဆို့နေတုန်းဖြစ်သည်၊ မြို့စွန်က ခြေတံရှည် အိမ်ကလေးအချို့ကိုသာ ခပ်ရေးရေးမြင်ရသည်။ သက်ငယ်မိုး လက္ခဏာဆို၍ ဒါပဲရှိသည်။

"အခုလို မနားတမ်း မိုးရွာနေတာနဲ့ကြုံရင် ငါဖြင့် ရူးချင်စိတ်ပေါက်တယ် ဒါမျိုးကလဲ အမြဲတမ်းဖြစ်နေတာ၊ အပြင်လောကကြီးထဲကို ဘယ်တော့မှ ထွက်မသွား နိုင်တော့မယ့် အတိုင်းပါပဲကွာ" ဟု ဟင်နာကဆီးပြောသည်။

သူ့အရက်ခွက်ကို သူထပ်ဖြည့်သည်၊ သို့သော်လည်း ပုလင်းထဲမှာ ကုန်သွားနေ ပြီ။ ထို့ကြောင့် ပါးစပ်မှ ရေရွတ်ကျိန်ဆဲပြီး ပုလင်းခွံကို မိုးရေထဲသို့ လွှင့်ပစ်လိုက်သည်။ "ငါ အရက်သောက်ချင်သေးတယ်ကွာ၊ ကဲလာ. . . မင်း သိပ်မပင်ပန်းသေးဘူးဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



မြို့ထဲ ငါလိုက်ပြမယ်၊ မင်းတစ်သက် မမေ့နိုင်မယ့် အတွေ့အကြုံတွေပေါ့ကွာ” ဟု ကျွန်တော့်ဘက် လှည့်ပြောသည်။

မိုးကာအင်္ကျီကို ကျွန်တော်ဝတ်ရပြန်သည်။ မြက်ဦးထုပ်ကြီးတစ်လုံး နံရံမှာ ချိတ်ထားသည်ကို တွေ့သဖြင့် ယူဆောင်းလိုက်သည်။ ဝရန်တာသို့ ကျွန်တော် ပြန်ထွက်လာသောအခါ ကျွန်တော့်သေနတ် ယူလာရဲ့လားဟု မေးသည်။ ကျွန်တော်ဝတ်ထားသည့် အင်္ကျီအိတ်ထဲမှာ သေနတ်က ရှိနေတုန်းပင်။

“လူတိုင်း သေနတ်ဆောင်ထားတာကို မင်းတွေ့ရလိမ့်မယ်၊ ဒီအရပ်က အဲဒီလိုအရပ်မျိုးကွ” ဟင်နာက ကျေနပ်သည့်အမူအရာဖြင့် ခေါင်းညိတ်ပြသည်။

မိုးရေထဲသို့ထွက်ပြီး မြို့ထဲဘက်သို့ လျှောက်လာကြသည်။ ကျွန်တော့်ဘဝ တစ်လျှောက်လုံးတွင် မြင်တွေ့ခဲ့ရဖူးသည့် အရပ်ဒေသများအနက် အောက်တန်းအကျဆုံး အဆိုးရွားဆုံး အရပ်ဒေသတစ်ခု ဖြစ်လေသည်။ ခြေတံရှည်အိမ်များက ပြိုလဲတော့မတတ် ရှိနေသည်။ လမ်းတွေကလည်း ရွှံ့စေးများဖြင့် ဖုံးနေသည်။ အိမ်အောက်များမှာ၊ အိမ်၏ လသာဆောင်များမှာ၊ ဆော့ကစားနေကြသည့် ကလေးများကလည်း ညစ်ပတ်ပေကျံနေသည်။ မျက်နှာများတွင်လည်း အနာစိမ်းကြီးများ ပေါက်နေကြသည်။ မိုးရေထဲကို ငေးစိုက်ကြည့်နေကြသည့် လူကြီးများကလည်း ဘာမျှမျှော်လင့်ချက်မထားသည့်ပုံ။ ဤကမ္ဘာမြေပေါ်တွင် ရယူပိုင်ဆိုင်စရာ ဘာမျှမရှိတော့သည့်ပုံ။

ဘုရားရှိခိုးကျောင်းကလေးကတော့ အထိုက်အလျောက် တူတူတန်တန် ရှိပါ၏။ အုတ်နှင့်ဆောက်လုပ်ထားပြီး ခေါင်းလောင်းထိုးသည့် အုတ်မျှော်စင်ကလေးလည်း ရှိပါ၏။ ထိုအကြောင်းကို ကျွန်တော်ပြောပြသောအခါ ဟင်နာက တစ်ချက်ရယ်လိုက်သည်။

“သူတို့မှာ ဘုန်းကြီးလည်း မရှိပါဘူးကွာ၊ စန်တာဟယ်လီနာမှာ သီလရှင်တွေနဲ့ အလုပ်လုပ်နေတဲ့ ဖာသာကွန်တီဆိုတဲ့ ဘုန်းကြီးအိုကြီးကတော့ မကြာခဏ လာတတ်ပါရဲ့၊ ဒီရောက်တဲ့အခါ ဘုရားဝတ်တတ်တာတို့ ကလေးတွေကို ရေနှစ်ပြီး ဘာသာသွတ်သွင်းတာတို့ လုပ်တယ်၊ စကားကြုံလို့ ပြောရဦးမယ်၊ မနက်ဖြန် ငါတို့နဲ့ သူလိုက်လာလိမ့်မယ်”

“ကျွန်တော့်ကိုရော ခင်ဗျားနဲ့အတူတူ လိုက်စေချင်သလား”

“လိုက်သင့်တာပေါ့ မောင်ရာ၊ အသွားအပြန်မှ မိုင်တစ်ရာလောက်ရှိတဲ့ ခရီးပဲ၊ ဟေလေ့လေယာဉ်ပျံကို မင်းမောင်းခိုင်းရမယ်၊ ခရီးသည်တစ်ယောက်လဲ ပါဦးမယ်လေ၊ ဖရန်ကိုခံတပ်စခန်းက ဗိုလ်မှူးကြီး အယ်လ်ဘတ်တို၊ မနက်ဖြန်မနက် ဆယ်နာရီမှာ မော်တော်နဲ့ သူရောက်လာလိမ့်မယ်”

“သူက ဘာလာလုပ်မှာလဲ၊ ထုံးစံအတိုင်း နယ်မြေစစ်ဆေးတာမျိုးလား”



“အဲဒီလိုလဲ ပြောနိုင်ပါတယ်၊ စန်တာဟယ်လီနာမှာရှိနေတဲ့ သီလရှင်တွေဟာ အမေရိကန်လူမျိုးတွေ၊ သူတို့ကို အဲဒီနေရာမှာ အစိုးရက ဆက်မနေစေချင်ဘူး၊ ဟူနာလူမျိုးစုတွေ သိပ်သောင်းကျန်းလာကတည်းက ပြောင်းခိုင်းနေတာ တစ်နှစ်လောက်ရှိပြီ သာသနာပြုအဖွဲ့ကလဲ မပြောင်းဘူး၊ ပေကပ်ကပ်လုပ်နေတယ်၊ ဗိုလ်မှူးကြီး အယ်လ်ဘတ်တိုကလဲ သူတို့ပြောင်းအောင် ကပ်နှုန်းနေတာလေ”

မြို့လယ်ရောက်တော့ တစ်မြို့လုံး၏ တစ်ခုတည်းသော နှစ်ထပ်အဆောက်အအုံကလေးသို့ ရောက်လာသည်။ လသာဆောင်မှာ ချိတ်ထားသည့် ဆိုင်းဘုတ်တွင် ‘ဟိုတယ်’ဟု ရေးထားသည်။ လသာဆောင်ပေါ်က စားပွဲမှာ ဒေသခံလူ နှစ်ယောက်သုံးယောက် ထိုင်နေသည်။ စကားမပြောကြ၊ လဟာပြင်အတွင်းသို့ အသက်ကင်းမဲ့သလို ငေးကြည့်နေကြသည်။ မိုးရေစက်များကလည်း သူတို့ပေါ် ကျနေသည်။

“ဒီဟိုတယ်ကိုပိုင်တဲ့ ငတိနဲ့ စကားပြောရင် ချိုချိုသာသာပြောဖို့တော့ လိုတယ်၊ ယူဂျီနီယိုဖစ်ဂွာနီဒိုတဲ့၊ သူက အစိုးရရဲ့ ကိုယ်စားလှယ်လေ၊ ဒါကြောင့် သူ့အကူအညီတွေ အများကြီးလိုတယ်၊ ချောစာထုပ်တွေ တခြားကုန်ပစ္စည်းတွေက သူကတစ်ဆင့် တခြားနယ်မြေတွေကို သွားရတာ”

“စိန်နဲ့ပတ်သက်တဲ့ ဥပဒေတွေရော အရင်အတိုင်း အတည်ဖြစ်နေတုန်းပဲလား”

“တချို့တွေကျန်သေးတယ်၊ စိန်တူးတဲ့သူတွေ တစ်ဦးချင်းကူးလို့ မရဘူး၊ စုပေါင်းပြီး တူးရတယ်၊ သူတို့ထဲမှာ အကြီးအကဲတစ်ယောက် ထားတယ်၊ အကြီးအကဲက လိုင်စင်လျှောက်ယူရတယ်၊ ဒါမှ အစိုးရက အခွန်ကောက်လို့ လွယ်မယ်မဟုတ်လား၊ တူးလို့ရသမျှစိန်ကို ဒေသခံ အစိုးရကိုယ်စားလှယ်ကို အပ်ရတယ်၊ ကိုယ်စားလှယ်က လက်ခံဖြတ်ပိုင်းပေးတယ်၊ စိန်ကိုတော့ ချိတ်ပိတ်ပြီး မြို့ကိုပို့လိုက်တယ်၊ ရသင့်ရထိုက်တဲ့ ငွေကတော့ နောက်မှရောက်လာတာပေါ့”

ဟိုတယ်တံခါးကိုဖွင့်ပြီး သူက ရှေ့မှဝင်သွားသည်။ ပြူန်းကနဲ မြင်ရသည့် အမြင်မှာပင် သည်နေရာကို ကျွန်တော်မကြိုက်လှ။ အခန်းကရှည်လျားလျားနှင့် မှောင်နေသည်။ တစ်ဘက်မှာ အရက်ကောင်တာရှိသည်။ စားပွဲကုလားထိုင်များလည်း အသင့်အတင့်ရှိသည်။ တောအရက်၏ စူးစူးဝါးဝါးအနံ့၊ ချွေးနံ့၊ ကျင်ငယ်နံ့များမှာ ရောထွေးပြီး နှာခေါင်းထဲသို့ ဝင်လာသည်။ ယင်ကောင်တွေကလည်း များပြားလွန်းလှသည်။

စားသုံးသူနှစ်ယောက်ကို တွေ့ရသည်။ တစ်ယောက်က အရက်ခွက်[illegible] ပြီး နံရံကို မှီထိုင်နေသည်။ ဓာစောက လူများအတိုင်းပင် မျှော်လင့်[illegible] အကြည့်မျိုးဖြင့် ငေးမိငေးရာငေးနေသည်။ သူ့အဖော်က စားပွဲပေါ် မှာ[illegible] နေသည်။ သူ့မြက်ဦးထုပ်က ကြမ်းပြင်ပေါ်မှာ အရက်ခွက်က [illegible]

www.burmeseclassic.com

www.burmeseclassic.com



အရက်များက ဝါးကြမ်းခင်းအတိုင်း စီးကျနေသည်။

"ကာချာကာအရက်လို့ ခေါ်တယ်" ဟု ဟင်နာကပြောသည်။

"သိပ်ပြင်းတယ်၊ ဦးနှောက်နဲ့အဆုတ်ကို ကျွမ်းစေတယ်လို့ပြောတယ်၊ ဒါပေမယ့် ဒီခွေးမသားတွေ ဒီအရက်မျိုးပဲ တတ်နိုင်တယ်လေ"

ဆမ်ဟင်နာက သူ့အသံကို ခပ်ကျယ်ကျယ်မြှင့်လိုက်သည်။

"ဗျို့ ဖစ်ဂွာရီဒို- တစ်ခုခု လုပ်ပါဦးဗျ"

သူ့ဘုတ်အကျီကိုချွတ်ပြီး ပြတင်းပေါက်နားရှိ ကုလားထိုင်တစ်လုံးပေါ်သို့ ပစ်တင်လိုက်သည်။ ခဏကြာတော့ ခြေသံကြားရပြီး ချိတ်စေ့များကို ခန်းဆီးလုပ်ထားသည့် အခန်းထဲမှ လူတစ်ယောက် ချိတ်စေ့ခန်းဆီးကို တွန်းဖယ်ပြီးထွက်လာသည်။

ယူဂျိန်နီယိုဖစ်ဂွာရီဒို ဖြစ်သည်။ လူကောင်က ထွားထွားကျိုင်းကျိုင်းကြီးကား မဟုတ်။ သို့သော်လည်း အလွန်ဝသူဖြစ်သည်။ သည်လို ရာသီဥတုမျိုးမှာ သည်လောက်ဝသူအဖို့ အနေရအထိုင်ရ အတော်ခက်ပေလိမ့်မည်။ ရှပ်အကျီက ပိုသီပတ်သီ တွဲလောင်းကျနေသည်။ တစ်ကိုယ်လုံး ချွေးတွေရွှဲပြီး ပြောင်လက်နေသည်။ လက်တစ်ဘက်တွင် ထန်းရွက်ယပ်တောင် တစ်ချောင်းကိုင်ပြီး တရစပ် ခပ်ကြမ်းကြမ်း ယပ်ခတ်နေသည်။

အသက်အရွယ်က လူလတ်ပိုင်းလောက်ပဲ ရှိဦးမည်။ အစိုးရတာဝန်ကို ထမ်းဆောင်နေသည် ဆိုသော်လည်း ဝတ်ကျေတန်းကုန် ဆောင်ရွက်ပုံမျိုးဖြစ်သည်။ တာဝန်အတ် သူ့အလုပ်ကိုသူ ပိုလုပ်နေဟန်တူသည်။ သို့သော်လည်း သူ့အမူအရာမျိုးကို သည်အရပ် သည်ဒေသ သည်ပတ်ဝန်းကျင်မျိုးမှာ လာတွေ့ရသဖြင့် အံ့ဩစရာပင် ကောင်းနေတော့သည်။

"ဟော ဟယ့်လိုက်နဲ့ဟင်နာ"

ချိတ်စေ့ခန်းဆီးကိုဖယ်ပြီး အင်ဒီးယန်း အမျိုးသမီးကြီးတစ်ယောက် သူ့နောက်က လိုက်လာသည်။ ထိုအမျိုးသမီးကို သူက တစ်စုံတရာပြန်ပြောပြီး ကျွန်တော်တို့ဆီသို့ ဆက်လာသည်။

ဟင်နာက စီးကရက်တစ်လိပ်မီးညှိရင်း ကျွန်တော်နှင့် မိတ်ဆက်ပေးသည်။ ဖစ်ဂွာရီဒိုက ချွေးစေးတွေရွှဲနေသည့် လက်တစ်ဘက်ကို ကမ်းပေးသည်။

"ရင်းရင်းနှီးနှီး ဆက်ဆံနိုင်ပါတယ် လူကြီးမင်းခင်ဗျာ"

"ရင်းရင်းနှီးနှီးပေါ့ဗျာ" ကျွန်တော်က အလိုက်သင့် ပြန်ရွတ်သည်။

ဆိုးရွားသည့် အနံ့အသက်များသည် ဟင်နာကို စည်းသို့မျှ အနှောင့်အယှက်ပေးနိုင်ပုံမရချေ။ ပြတင်းပေါက်နားသို့ ကျွန်တော်တို့ထိုင်သည်။ ဖစ်ဂွာရီဒိုက စားပွဲဘေးက ကုလားထိုင်မှာ ဝင်ထိုင်သည်။

"ခင်ဗျား ဘရာဇီးလ်နိုင်ငံမှာ နေတာကြာပြီလို့ ကျွန်တော်ထင်ပါတယ်



ဆီညော်မာလိုရီ၊ ခင်ဗျားပြောတဲ့ ပေါ်တူဂီစကားက သိပ်ကိုကောင်းနေတယ်"

"နောက်ဆုံး ပီရူးနိုင်ငံမှာ နေခဲ့ပါတယ်၊ အဲဒီမတိုင်ခင်တုန်းကတော့ ဇင်ဂူးမှာ တစ်နှစ်လောက်နေခဲ့ဖူးတယ်"

"ဇင်ဂူးမှာ နေခဲ့လို့မှ အသက်မသေဘူးဆိုရင် ခင်ဗျား ဘယ်တော့မှ မသေတော့ဘူးမှတ်"

သူက ဘုရားတမ်းပြီး ကိုယ်မှာ လက်ဝါးကပ်တိုင်သင်္ကေတန် ကြက်ခြေခတ်လိုက်သည်။ အင်ဒီးယန်းအမျိုးသမီးကြီး ရောက်လာပြီး ဘားပွဲပေါ်မှာ ဗန်းတစ်ချပ်တင်ပေးသည်။ ဗန်းထဲမှာ ဘော်ဘွန်ဝီစကီတစ်လုံး၊ ရေတစ်ခွက်နှင့် ဖန်ခွက်သုံးလုံးပါသည်။

"အတူတူ သောက်ကြတာပေါ့ဗျာ"

ဟင်နာက ဖန်ခွက်တစ်ဝက်လောက်ထည့်ပြီး ရေမရောဘဲ မော့ချလိုက်သည်။ ကျွန်တော်က နည်းနည်းပဲ ထည့်သောက်သည်။ ဖစ်ဂွာရီဒိုလို မျက်နှာစိမ်းတစ်ယောက်ရှေ့မှာ အလွန်အကျွံသောက်လျှင် သင့်တော်မည်မဟုတ်ချေ။

ဟင်နာက သူ့ခွက်ထဲသို့ အရက်ထပ်ဖြည့်ပြီး အပြင်မိုးရွာထဲသို့ ငေးကြည့်နေသည်။ "ဟိုမှာ ကြည့်လိုက်စမ်းပါဦး၊ ဘယ်လောက်များ သောက်သုံးမကျလိုက်တဲ့ အရပ်ဒေသလဲလို့"

သူ့ဟာသူ မှတ်ချက်ချခြင်းမို့ ကျွန်တော်တို့က ဘာမှထင်မြင်ချက်မပေး။ ကြည့်နေဆဲမှာပင် အိမ်နှစ်လုံးကြားထဲမှ လူတစ်စု ဟိုတယ်ဘက်သို့ လျှောက်လာနေသည်ကို တွေ့ရသည်။ ခေါင်းငိုက်စိုက်ချထားကြသည်။ မြက်ဦးထုပ်ပိုင်းကြီးများကို ဆောင်းထားကြသည်။

"ဘယ်သူတွေလဲ" ဟု ဟင်နာကမေးသည်။

ဖစ်ဂွာရီဒိုက ကိုယ်ကိုရှေ့ကိုင်းပြီး ကဲကြည့်သည်။ ထိုအခိုက်ကလေးမှာပင် သူ့လက်ထဲက ယပ်တောင်အခတ်ရပ်သည်ကို တွေ့ရသည်။ "အဗီလာတို့ လူသိုက်လေ၊ မနေ့ညတုန်းကရောက် လာကြတယ်၊ တောထဲက ဟူနာလူမျိုးစုတွေကြားထဲမှာ သူ့တပည့်နှစ်ယောက် ပျောက်ကျန်ခဲ့လို့တဲ့"

ဟင်နာက သူ့အရံက်ခွက်ထဲသို့ ဝီစကီအများကြီး ထပ်ထည့်လိုက်ပြန်သည်။ "ဒီကောင့်အကြောင်း ကျုပ်ကြားဖူးတဲ့အတိုင်းမှန်ရင် သူ့လူကို သူ့ဟာသူ ပစ်သတ်[illegible] [illegible]ဘဲ ဖြစ်ရမယ်"

အားလုံးပေါင်း ငါးယောက်ဖြစ်သည်။ အရိုးပေါ်အရေတင်မျက်နှာ၊ [illegible] နေသည့် ကိုယ်လုံးများနှင့် အသက်မရှိသော မျက်လုံးပိုင်ရှင်များသာ ဖြစ်သည်။

အဲဗီလာဆိုသူကတော့ ထိုသို့မဟုတ်။ ကိုယ်လုံးကိုယ်ထည် [illegible] ဟင်နာလောက်ပင် ထွားကျိုင်းသည်။ နှုတ်ခမ်းက ရက်စက်ကြမ်းကြုတ်[illegible] [illegible]

www.burmeseclassic.com

www.burmeseclassic.com



မျိုး။ ကျင်စွယ်မွှေးက ခဲတံကလေးလို မျှင်မျှင်ကလေးဖြစ်သည်။

ဖစ်ဇ်ဂွာရီဒိုနှင့် ဟင်နာကို ခေါင်းညိတ်ပြရင်း နှုတ်ဆက်သည်။ ကျွန်တော့်ကို မြင်တော့ ခဏ စိုက်ကြည့်နေသေးသည်။ ပြီးတော့မှ အရက်ကောင်တာ၏ တစ်ဘက်စွန်းမှ စားပွဲတစ်လုံးဆီသို့ ဆက်လျှောက်သွားသည်။ သူ့လူတွေကလည်း သူ့နောက်မှ ကြွက်မြီးတန်းသလို လိုက်သွားကြသည်။ အပေါ်ကအင်္ကျီများကို ချွတ်လိုက်ကြသောအခါ လက်နက်အပြည့်အစုံ ကိုင်ဆောင်ထားကြကြောင်း တွေ့ရသည်။ ခါးတွင်လည်း ခြောက်လုံးပြူးသာမက အမဲလိုက်ဓားချွန်းကိုပါ သားရေအိတ်ဖြင့် ချိတ်ဆွဲထားကြသေးသည်။

အင်ဒီးယန်းအမျိုးသမီးကြီးက သူတို့စားပွဲနားမှာ သွားရပ်သည်။ သူတို့ထဲမှ တစ်ယောက်က အမျိုးသမီးကြီး၏ ဂါဝန်စကို မကြည့်သည်။ နောက်တစ်ယောက်က ရင်ဘတ်ကို ကိုင်သည်။ အမျိုးသမီးကြီးက တစ်စုံတရာ ငြင်းဆန်ခြင်းမပြုဘဲ မတုန်မလှုပ်ပင် ရပ်နေသည်။

"လူကောင်းတွေပါ" ဟု ဟင်နာကပြောသည်။ သူတို့ဘာလုပ်နေကြသည်ကို ဖစ်ဇ်ဂွာရီဒိုလည်း အစအဆုံး မြင်တွေ့နေရသည်။ ဖစ်ဇ်ဂွာရီဒို၏ ဇနီးဖြစ်ကြောင်း နောက်ပိုင်းကျမှ ကျွန်တော် သိရှိတော့သည်။

အဗီလာခိုင်းလိုက်တော့မှ အရက်ယူရန် စားပွဲနားမှ အမျိုးသမီး ထွက်ခွာသွားခွင့် ရတော့သည်။ အဗီလာက စီးကရက်တစ်လိပ်ညှိပြီး ဖဲထုပ်တစ်ထုပ်ကို စားပွဲပေါ်သို့ ပစ်တင်ကာ ကျွန်တော်တို့ဘက်သို့ လှမ်းကြည့်သည်။ "လူကြီးမင်းများခင်ဗျား၊ ကျွန်တော်တို့နဲ့ လာဝိုင်းလိုက်ပါလား" အင်္ဂလိပ်စကားကို ပတ်ပတ်နပ်နပ် ပြောနိုင်ကြောင်း တွေ့ရသည်။ "ပိုကာလေး တစ်ဝိုင်းနှစ်ဝိုင်းလောက် ကစားကြရအောင်"

သူတို့အားလုံး ကျွန်တော်တို့ဘက်သို့ လှည့်ကြည့်ကြသည်။ ခဏတော့ တိတ်သွားသည်။ ဖြစ်ပေါ်လာမည့် တစ်စုံတစ်ရာကို အားလုံးက ငံ့လင့်နေကြသည့် သဘောမျိုး ဖြစ်‌ သည်။ ခြိမ်းခြောက်သည့် သဘောမျိုးလည်း ဖြစ်နေသည်။

ဟင်နာက သူ့ဖန်ခွက်ထဲမှ လက်ကျန်ကို အကုန်မော့လိုက်ပြီး ထိုင်ရာမှ ထရပ်သည်။ "မကစားဘဲ နေဖြစ်နိုးလားဗျာ၊ ဘာမှမလုပ်တာနဲ့စာရင် မဟုတ်တာလုပ်နေမှ ဖြစ်မယ့်နေရာမျိုးပဲ"

"ကျွန်တော်ကတော့ မဖြစ်သေးဘူးဗျာ၊ အလုပ်ကလေးတွေ လက်စသတ်ဖို့ ရှိနေသေးတယ်၊ နောက်များမှပေါ့" ဟု ကျွန်တော်ကပြောသည်။

"မင်းသဘောပဲလေ" ဟု ဟင်နာက ပခုံးတွန့်ရင်း ပြောသည်။

သူသည် ဘော်ဘွန်ဝီစကီပုလင်းကို ကောက်ဆွဲပြီး သူတို့စားပွဲရှိရာသို့ လျှောက်သွားသည်။ ဖစ်ဇ်ဂွာရီဒိုကလည်း မတ်တတ်ရပ်လိုက်သည်။ တစ်ဘက်သို့ ယိုင်သွားသောကြောင့် ကမန်းကတန်း သူ့လက်ကိုဖမ်းဆွဲပြီး ထိန်းပေးလိုက်ရသည်။



သူက နှုတ်ခမ်းကိုလှုပ်ရုံကလေး တိုးတိုးပြောသည်။ "သူ့ကို တစ်နာရီလောက် အချိန်ပေးလိုက်ပါ၊ ပြီးတော့ အကြောင်းတစ်ခုခုကို ရမည်ရှာပြီး ပြန်လာခဲ့ပါ၊ တစ်ခုခု ဒုက္ခဖြစ်နိုင်တယ်"

မသိမသာပြုံးပြီး တစ်ဘက်သို့လှည့်ကာ တခြားလူများဆီသို့ လျှောက်သွားသည်။ တံခါးဆီသို့ ကျွန်တော် လျှောက်သွားပြီး ဖွင့်လိုက်သောအခါ "ကျွန်တော်တို့လုသိုက်က လူကြီးမင်းနဲ့ တန်းချင်းသိပ်မတူဘူးလို့ ထင်ပါသလားခင်ဗျာ" ဟု အဗီလာက လှမ်းအော်မေးသည်။

ကျွန်တော် ဘာမျှပြန်မပြောတော့ချေ၊ သည်စကားလောက်နှင့်ပင် ကျွန်တော် တစ်ခေါက်ပြန်လာဖို့ လိုအပ်ပြီဖြစ်ကြောင်း သဘောပေါက်လိုက်ပါသည်။

□

မိုးရေထဲကိုဖြတ်ပြေးပြီး ဂိုထောင်တွင်းသို့ ဝင်လိုက်တော့ ဘာရစ္စတိုလေယာဉ်ပျံရှေ့မှ သစ်သားခုံပေါ်တွင် ရပ်နေသည့် မင်နီစတန်းကို တွေ့ရသည်။ အင်ဂျင်အဖုံးကို ဖွင့်ထားပြီးဖြစ်သည်။ အပေါ်မှာချိတ်ထားသည့် အောက်လင်းဓာတ်မီးနှစ်လုံး၏ အလင်းရောင်ဖြင့် အင်ဂျင်ကို ကောင်းစွာမြင်နေရသည်။

"ပြန်လာတာစောလှချည်လား" ဟု ကျွန်တော့်ကို လှမ်းကြည့်မေးသည်။

"အရက်ဆိုင်တစ်ခုကို ဟင်နာခေါ်သွားလို့ဗျာ၊ ပတ်ဝန်းကျင်ကို သိပ်မကြိုက်တာနဲ့"

သစ်သားခုံပေါ်မှ သူဆင်းလာသည်။ မျက်မှောင်တစ်ချက်ကုပ်ပြီး "ဘယ်လိုဖြစ်တာလဲ" ဟု မေးသည်။

နောက်ဆုံး ကျွန်တော်ထွက်လာခါနီး ဖစ်ဇ်ဂွာရီဒို မှာလိုက်သည့် စကားအထိ အဖြစ်အပျက်အလုံးစုံကို ကျွန်တော်က ပြန်ပြောပြသည်။ ကျွန်တော့်စကားဆုံးတော့ သူ ငြိမ်သက်စွာထိုင်ပြီး မိုးရွာထဲကို ငေးကြည့်နေသည်။ သူ့အမူအရာမှာ ဝမ်းနည်းကြေကွဲသွားသည့် အမူအရာဖြစ်သည်။ ပူပန်သည့်ပုံမျိုး မဟုတ်။ ထိုအခါကျမှ သူ့ညာဘက်နားရွက်လုံးအောက်မှ နှုတ်ခမ်းထောင့်အထိ ရှည်သည့် အနာရွတ်ကြီးတစ်ခုကို ကျွန်တော် သတိပြုမိသည်။

"ဆမ်ဟာ အတော် သနားစရာကောင်းတာပဲ" ဟု သူကညည်းသည်။ [illegible] ဆိုရင် ဖစ်ဇ်ဂွာရီဒိုပြောသလို ခဏကြာရင် သူ့ကို ပြန်သွားခေါ်ကြရအောင်" [illegible] ချက်ချင်း ဦးတည်ချက်ပြောင်းသွားသည်။ ထိုင်ရာမှထပြီး ဘာရစ္စတိုကို [illegible] သည်။ "စက် သိပ်ကောင်းတယ်၊ ဘာရစ္စတိုဟာ အနောက်ဘက် စစ်[illegible]

www.burmeseclassic.com

www.burmeseclassic.com



ဆုံး လေယာဉ်ပျံတွေထဲမှာ တစ်ခုအပါအဝင်ပေါ့"

"ခင်ဗျားလဲ အဲဒီမှာ စစ်တိုက်ခဲ့ဖူးသလား"

"အိုး. . မင်းထင်သလို မဟုတ်ပါဘူး၊ ကျုပ်က အင်ဂျင်နီယာအဖြစ်နဲ့ လိုက်သွားတာပါ၊ ဖော်ကာလေယာဉ်တွေကို စစ်ဆေးပြင်ဆင်ပေးရတယ်"

"အဲဒီတုန်းက ဟင်နာက တစ်ဘက်ရန်သူတွေဘက်ကပေါ့"

"ဟုတ်လိမ့်မယ်ထင်တယ်"

သူသည် အင်ဂျင်ဘက်သို့ ပြန်လှည့်သွားပြီး မီးအိမ်တစ်လုံးနှင့် စစ်ဆေးကြည့်နေပြန်သည်။ "သိပ်ကိုကောင်းတဲ့ အခြေအနေမှာ ရှိနေသေးတယ်"

"သူနဲ့ပတ်သက်ပြီး ဘာတွေများ မဟုတ်တာဖြစ်ခဲ့သလဲ၊ ခင်ဗျားသိသလား" ဟု ကျွန်တော်ကမေးသည်။

"ဆမ်လား၊ နိုးနိုးလေးပါပဲကွယ်၊ ငယ်ငယ်ရွယ်ရွယ်တုန်းက သူ့ဘဝဟာ သိပ်ကိုကောင်းခဲ့တယ်၊ သူရဲကောင်းဘွဲ့ရတော့ သူ့အသက် နှစ်ဆယ့်သုံးနှစ်ပဲ ရှိသေးတယ်၊ အမြင့်ဆုံး သူရဲကောင်းဘွဲ့ပေါ့၊ ဒါပေမယ့် ကမ္ဘာပေါ်မှာ အမြင့်ဆုံးဘွဲ့လဲရပြီးရော သူ့ဘဝဟာ ဆုံးခန်းတိုင်တော့တာပါပဲ" မင်နီစတန်းသည် ဂဏန်းခွတစ်ချောင်းနှင့် အင်ဂျင်ဘက်သို့ ကိုယ်ကို ကိုင်းသွားပြန်သည်။

"တစ်နည်းပြောရမယ်ဆိုရင်လဲ သူ့ဘဝရဲ့ အထွတ်အခေါင်တွေကို သူဟာသူ ပြန်ဖျက်ဆီးပစ်နေတာ မဟုတ်ဘူးလား"

"ပြောမယ်ဆိုရင်လဲ ရတာပေါ့လေ၊ နှစ်ပေါင်းနှစ်ဆယ်လုံးလုံး ချောစာထုပ်တွေ သယ်ပေးရတယ်၊ လူတွေအထင်ကြီးအောင် ကောင်းကင်မှာ လေယာဉ်ပျံနဲ့ ကျွမ်းထိုးပြရတယ်၊ တစ်ဝမ်းတစ်ခါးအတွက် နည်းမျိုးစုံနဲ့ စွန့်စားပြရတယ်၊ သူ့ဘဝကတော့ ဒါပါပဲ၊ အခုလဲ သုံးလကန်ထရိုက်စာချုပ် သက်တမ်းပြည့်သွားရင် အစိုးရဆီက သူ့ရမှာက ငါ်လာငါးထောင်လေ"

ကျွန်တော့်ကို စက္ကန့်ပေါင်းများစွာ သူ ငုံ့ကြည့်နေသည်။ ပြီးတော့မှ လေယာဉ်ပျံအင်ဂျင်ဘက်သို့ သူ ပြန်လှည့်သွားသည်။ ဘာပြောရမည်ကို ကျွန်တော်မသိ။ ခဏကြာတော့မှ သည်အခြေအနေကို သူက ဖြေရှင်းပေးသည်။

"ကျုပ်က နိမိတ်တို့ စိတ်အထင်တို့ကို ယုံတယ်၊ လူတစ်ယောက်ကို မြင်လိုက်တာနဲ့ ချက်ချင်းပေါ်လာတဲ့အာရုံကို ယုံလိုက်တာပဲ၊ အခုဆိုရင် ကျုပ်ကို မင်းစိတ်ဝင်စားနေပြီ၊ မင်းဟာ ကိုယ့်ကိုယ်ကို ယုံကြည်တတ်တဲ့ လူစားမျိုး၊ အားကိုးတတ်တဲ့ လူစားမျိုး၊ ဒီခေတ် ဒီကာလမျိုးမှာ ရှားတယ်၊ ကဲ. . . မင်းအကြောင်းတွေ ပြောပြစမ်းပါဦး"

ကျွန်တော်ကလည်း သူသိချင်တာတွေ ပြောပြမိသည်။ ကျွန်တော် တွေ့ဖူး



သမျှလူတွေထဲတွင် စကားပြောရ အလွယ်ဆုံးနှင့် နားအလည်နိုင်ဆုံးလူ ဖြစ်သည်။ သူ့အကြောင်းကိုတော့ နည်းနည်းပဲပြောသည်။ မေးခွန်းပေါင်းများစွာ မေးသည်။ နောက်ဆုံးတွင်တော့ သူသိစရာ မကျန်တော့အောင် ဖြစ်သွားသည်။

"မင်းကို သူကူညီနိုင်တဲ့အချိန်မှာ ကူညီတာဟာ ကောင်းတာပဲ၊ ကျုပ်ဟာ ကံကြမ္မာကို သိပ်ယုံကြည်တယ်၊ လူတစ်ယောက်ဟာ ပစ္စုပ္ပန်မှာပဲ ရပ်တည်ရမယ်၊ ဖြစ်လာတာတွေကို လက်ခံရမယ်၊ ဖြစ်လာတာကို လက်မခံဘဲ တခြားနည်းနဲ့ ရပ်တည်ချင်လို့ မရဘူး၊ အိမ်မှာ မင်းဖတ်သင့်တဲ့ စာအုပ်တစ်အုပ်ရှိတယ်၊ ကန့်ရဲ့ ကျိုးကြောင်းပြဝေဖန်ချက်စာအုပ်"

"ကျွန်တော် ဖတ်ပြီးပါပြီ"

အံ့သြသဖြင့် သူ့မျက်ခုံးများ မြင့်တက်သွားသည်။ "သူ့ရဲ့ ယေဘုယျသဘောထားတွေကို မင်း လက်ခံနိုင်ရဲ့လား"

"အပြည့်အဝတော့ လက်မခံနိုင်ဘူး၊ ဒီလောကကြီးမှာ ဘာမဆို ပုံသေကားချမှတ်ထားလို့မရဘူး၊ လှေနံဓားထစ်လုပ်လို့ မရဘူး၊ ကြုံလာတာတွေကို လက်ခံရမယ်၊ ပြီးတော့ အကောင်းဆုံးကို ရွေးလုပ်ရမယ်"

"ဒီအတိုင်းဆိုရင်တော့ မင်းဟာ ဟိန်ဒက်ဂျာနဲ့ အယူအဆချင်း တူလိမ့်မယ်၊ မင်းစိတ်ဝင်စားနိုင်မယ့် သူ့စာအုပ်တစ်အုပ် ကျုပ်မှာရှိတယ်၊ သူ့အဆိုက အသက်ရှင်ရပ်တည်ဖို့ အရေးကြီးတယ်တဲ့၊ သေခြင်းတရားကို အန်တုပစ်ရမယ်တဲ့၊ မင်း ဗိုဂါလေယာဉ်ပျံအပျက်ကြီးနဲ့ ဆင်းဖို့ကြိုးစားတုန်းက ကြောက်သလား၊ ပြောစမ်း"

"နောက်မှ ပြန်စဉ်းစားပြီး ကြောက်တယ်၊ ဖြစ်နေတုန်းကတော့ လေယာဉ်ပျံကို ထိန်းနိုင်ဖို့ ကြိုးစားရင်း အလုပ်ရှုပ်နေတယ်"

"မင်းနဲ့ ဟိန်ဒက်ဂျာနဲ့တော့ တစ်ဖြတ်ထဲပါပဲကွာ"

"ဟင်နာနဲ့ပတ်သက်လို့ရော ဘယ်လိုထင်သလဲ"

"သိပ်တော့ ပြောစရာမရှိပါဘူး၊ သူဟာ အတိတ်ရယ်၊ အနာဂတ်ရယ်ဆိုတဲ့ ဘဝနှစ်ခုမှာနေတယ်၊ ပစ္စုပ္ပန်ဆိုတာ သူ့မှာမရှိတော့ဘူး၊ သူ့အဖို့ ကြေကွဲစရာပဲ ဒါပဲ"

"ဒီလိုဆို သူ ဘာဖြစ်သင့်သလဲ"

ကျွန်တော့်ဘက်သို့ သူလှည့်လာပြီး တည်တည်ကြီး ကြည့်နေသည်။ လက်ထဲမှာကိုင်ထားသည့် ဂဏန်းခွမှဆီများ တစက်စက် စီးကျနေသည်။ "ကျုပ် သေသေချာချာ သိတာ တစ်ခုပဲရှိတယ်၊ သူ့ကို အမြင့်ဆုံးသူရဲကောင်းဘွဲ့ ရစေခဲ့တဲ့တိုက်ပွဲမှာ [illegible] သွားဖို့ကောင်းတယ်၊ အဲဒီအချိန်ဟာ သူ့ဘဝရဲ့ အထွတ်အထိပ်အချိန်ပဲ [illegible] ရင်လဲ ကမ္ဘာစစ်ကြီးပြီးသွားတဲ့ နောက်ဆုံးရက် (၁၉၁၈) ခု နိုဝင်ဘာ [illegible]

ပြောထွက်ရန် အလွန်ခက်ခဲသည့်စကားဖြစ်သည်။ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ကြည်ကြည်နှင့် တကယ်ပြောနေခြင်းဖြစ်ကြောင်း ကျွန်တော်သိပါသည်။ ကျွန်တော်တို့ မတ်တတ်ရပ်လျက် အပြန်အလှန် ငေးကြည့်နေမိသည်။ မြေပြင်ပေါ်သို့ မိုးရေပေါက်များ ကျနေသည့်အသံကို ကြားရသည်။ သူလက်မှာပေနေသည့် စက်ဆီများကို အဝတ်တစ်ခု နှင့်သုတ်ပြီး ဝမ်းနည်းသည့်အပြုံးတစ်ခုကို ပြုံးပြသည်။

"ကိုင်း. . . အချိန်ရှိတုန်း သူ့ကိုပြေးခေါ်လိုက်ကြရင် ကောင်းမယ်ထင်တယ်"

□

ဟိုတယ်ထဲမှ ရယ်မောသံများကို ခပ်လှမ်းလှမ်းကတည်းက ကြားလိုက်ရသည်။ ဒုက္ခတစ်ခုခုနှင့် ရင်ဆိုင်ရတော့မည်ဖြစ်ကြောင်း မင်နီရော ကျွန်တော်ပါ သိလိုက်သည်။ သူဆောင်းလာသည့် ဦးထုပ်အဟောင်းကြီးအောက်မှ သူ့မျက်နှာမှာ ဖြူဖပ်ဖြူရော် ဖြစ်နေသည်။

ဟိုတယ်သို့ ချဉ်းကပ်မိသည်တွင် "အဲဒီ အဇီလာဆိုတဲ့လူဟာ ဘယ်လိုလူမျိုးလဲ" ဟု ကျွန်တော်ကမေးသည်။

သူက ခြေလှမ်းကို တစ်ချက်တုံ့လိုက်သည်။ "ကျုပ်အသည်းစွဲအောင်ကြိုက်တဲ့ ဟာစီဒစ်ရက်ဘီဆိုတဲ့ အဘိုးကြီးတစ်ယောက်ရဲ့ ပုံပြင်တစ်ခုရှိတယ်၊ တစ်နေ့မှာ သူ့ တောင်းစားတစ်ယောက်က ပိုက်ဆံလာတောင်းတော့ တစ်အိမ်လုံးမှာ ပိုက်ဆံတစ်ပြားမှ ရှာလို့မတွေ့ဘူး၊ ဒါကြောင့် သူ့မိန်းမရဲ့ လက်စွပ်တစ်ကွင်းကို ပေးပစ်လိုက်တယ်၊ ဒီအကြောင်း သူ့မိန်းမကိုပြောပြတဲ့အခါ သူ့မိန်းမဟာ ရူးမတတ် ဖြစ်သွားပါလေရော၊ ဘာကြောင့်လဲဆိုတော့ အဲဒီလက်စွပ်ဟာ သူတို့ဘိုးစဉ်ဘောင်ဆက် အမွေဆက်ခံခဲ့ရတဲ့ လက်စွပ်၊ ပြီးတော့ အဖိုးမဖြတ်နိုင်အောင်လဲ တန်ဖိုးရှိတယ်၊ ဒီအကြောင်းကြားတာနဲ့ တစ်ပြိုင်နက် အဘိုးကြီးရက်ဘီဟာ လမ်းပေါ်ဆင်းပြေးသွားပြီး သူတောင်းစားကို ရှာတော့တာပဲ"

"လက်စွပ် ပြန်တောင်းဖို့လား"

"မဟုတ်ဘူး။ သူပြန်ရောင်းလို့ တစ်ယောက်ယောက်က သူ့ကို လိမ်ပြီးဝယ်မယ် ကြံရင် အလိမ်မခံရအောင် လက်စွပ်ရဲ့တန်ဖိုးအမှန်ကို ပြောပြဖို့"

သဘောကျလွန်းသဖြင့် ကျွန်တော် အကျယ်ကြီးရယ်လိုက်မိသည်။ တစ်ဆက်တည်းမှာပင် အဓိပ္ပာယ်ကို နားမလည်နိုင်အောင် ဖြစ်သွားသည်။

"အဇီလာနဲ့ အဲဒီပုံပြင်နဲ့ ဘာဆိုင်သလဲ"

"ဆိုင်လှတယ်တော့ မဟုတ်ပါဘူး၊ ဒါပေမယ့် သူဟာ အဲဒီလိုလူစားမျိုး"

သူက မဲ့ပြုံးပြုံးလိုက်သည်။



ဟိုတယ်အဝင်ပေါက်ရောက်တော့ ကျွန်တော်တို့ ခဏရပ်ကြပြန်သည်။

"ဟိုဘက်ထောင့်မှာ မီးဖိုချောင်တံခါးပေါက်ကို တွေ့ရလိမ့်မယ်၊ အဲဒီကနေ တည့်တည့်ဝင်သွားရင် ဘားခန်းထဲကို ရောက်သွားမယ်၊ မလွဲနိုင်ဘူး" ဟု သူကပြောပြသည်။

ဝေါကနဲ ရယ်လိုက်သည့်အသံတစ်ခု လျှံထွက်လာပြန်သည်။

"သူတို့ဟာသူတို့ ပျော်နေကြတာနဲ့ တူပါတယ်ဗျာ"

"ဒီလိုရယ်သံမျိုးကို အခုင်ကလဲ ကျုပ်ကြားခဲ့ဖူးပါတယ်၊ အဲဒီတုန်းကလဲ ကျုပ် မကြိုက်ခဲ့ဘူး၊ အခုလဲ မကြိုက်ဘူး၊ ကဲ. . . ကံကောင်းပါစေ" ထိုမျှသာပြောပြီး ဟိုတယ်ရှေ့ ဝင်ပေါက်ဆီသို့ သူထွက်သွားသည်။

သူညွှန်လိုက်သည့် နောက်ဖေးမီးဖိုချောင်တံခါးကို ဖွင့်လျက်သား တွေ့ရသည်။ ဖစ်ဂွာရီဒို၏ဇနီးက ကုလားထိုင်တစ်လုံးပေါ်မှာထိုင်ပြီး ဟင်းသီးဟင်းရွက်များကို သင်ကာ ပေါင်ပေါ်မှအိုးတစ်လုံးထဲသို့ ထည့်နေသည်။ ကျွန်တော့်ကို အလန့်တကြား မော့ကြည့်သည်ကို အမှုမထားတော့ဘဲ တန်းဝင်သွားပြီး တစ်ဘက်မှ တံခါးဆီသို့ ဆက်လျှောက်လာခဲ့သည်။

ဘားခန်းသို့ရောက်ရန် သိပ်များများမသွားရ။ ချိတ်စေ့ခန်းဆီး၏ နောက်တွင် ရပ်ပြီး အပြင်ခန်းသို့ ချောင်းကြည့်နေသည့် ဖစ်ဂွာရီဒိုကို တွေ့ရသည်။

ကျွန်တော်ဝင်သွားတော့ သူကမော့ကြည့်သည်။ တိတ်တိတ်နေရန် ကျွန်တော်က မျက်ရိပ်ပြလိုက်သည်။ အပြင်သို့လှမ်းကြည့်တော့ သူတို့အားလုံး စားပွဲတစ်လုံးမှာ ဝိုင်းနေကြသည်။ ဟင်နာက အဇီလာနှင့်ကပ်လျက် ကုလားထိုင်မှာ ထိုင်နေသည်။ ဇက်ကျိုးပြီး သူ့မျက်နှာက စားပွဲပေါ်သို့ မှောက်လျက်သား ကျနေသည်။ စိတ်ပျက်ဖွယ် ကောင်းလောက်အောင် အရက်မူးလွန်နေသည်။ ကျွန်တော်ကြည့်နေဆဲမှာပင် အဇီလာက သူ့ခေါင်းမှဆံပင်များကိုဆွဲပြီး နောက်သို့လှန်လိုက်သည်။ ထို့ကြောင့် သူ့ပါးစပ် ဟ,သွားသည်။

အဇီလာက ကားချာကာတောအရက် တစ်ပုလင်းကိုယူပြီး ဟ,နေသည့် ပါးစပ်ထဲသို့ လောင်းထည့်သည်။

"လူကြီးမင်း. . . သိပ်ကြိုက်တယ်မဟုတ်လား၊ တောအရက်လေဗျာ"

ဟင်နာသီးသွားသဖြင့် အဇီလာက ပြန်လွှတ်ပေးလိုက်သည်။ ဟင်နာ[illegible] မှာ စားပွဲပေါ်သို့ မှောက်လျက်ပြန်ကျသွားပြန်သည်။ တစ်ယောက်က ခေါင်း[illegible]သို့ ရေများလောင်းချနေသည်။ သူတို့အားလုံး အတော်ကြီးပျော်နေကြပုံ ရသည်။

ညာဘက်ဘေးမှ မင်နီဝင်လာသည်ကို တွေ့ရသောအခါ [illegible] ဆိတ်သွားသည်။ ဦးထုပ်ဟောင်းကြီးဆောင်းပြီး အဝါရောင် မိုးကာ[illegible]ကို ဝတ်ထား

www.burmeseclassic.com

www.burmeseclassic.com



သည့် ဇော်နီ၏ပုံသဏ္ဌာန်မှာ ရယ်စရာကောင်းလှသည်။ ယခုမူကား ရယ်စရာမဖြစ်တော့ မင်းနီက လူအုပ်ဆီသို့ ခြေလှမ်းမှန်မှန်နှင့် လျှောက်သွားနေသည်။

"ထွက်သွားစမ်း၊ ဒီနေရာမှာ မင်းအလုပ်ဘာမှမရှိဘူး" ဟု အဗီလာက အော်သည်၊

မင်းနီ၏မျက်နှာမှာ ယခင်ကထက်ပိုပြီး ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။

"ကပ္ပတိန်ဟင်နာ မပါဘဲနဲ့တော့ ထွက်မသွားနိုင်ဘူး"

ခြောက်လုံးပြူးကိုင်ထားသော အဗီလာ၏လက် မြောက်တက်လာသည်။ ထို့ကြောင့် ဖစ်ဂွာရီဒိုကို ဘေးသို့ဖယ်ပစ်လိုက်ပြီး အိတ်ထဲမှသေနတ်ကို ဆွဲထုတ်လိုက်သည်။ အဗီလာ၏ဘေးတွင် မျက်နှာကြက်ကို ထောက်ထားသည့် တိုင်တစ်လုံးရှိသည်။ ထိုတိုင်ကို ကျွန်တော်လှမ်းပစ်လိုက်သည်။ တိုင်ကျိုးကျပြီး မျက်နှာကြက်က အပိုင်းအစများဖြစ်ကာ ပြုတ်ကျလာသည်။

လူအားလုံး ဖရိုဖရဲဖြစ်သွားပြီး ကြမ်းပြင်ပေါ်သို့ ဝပ်ချကြသည်မှာ လျင်မြန်လွန်းလှသည်။ ဤမျှမြန်သည့် လှုပ်ရှားမှုကို တစ်ကြိမ်တစ်ခါမျှ မမြင်ဘူး။ သေနတ်ကိုင်ရင်း ခိုတ်စေ့ခန်းဆီးကိုဖယ်ကာ ကျွန်တော်ဝင်သွားသည်။ အဗီလာက ဟင်နာ၏ဘေးတွင် ဒူးတစ်ဘက်ထောက်လျက် ထိုင်နေသည်။ လက်ထဲမှာ ခြောက်လုံးပြူးကို ကိုင်ထားဆဲ။

"ကျုပ်သာ ခင်ဗျားဆိုရင် အဲဒီသေနတ်ကြီးကို ကိုင်မထားဘူး။ ကျုပ်လက်ထဲက သေနတ်က ခြောက်ချက်ပစ်နိုင်တဲ့ အော်တိုမက်တစ်၊ ကျည်ဖူးတွေက သံမဏိ" ဟု သူ့ကို ကျွန်တော်လှမ်းပြောသည်။

သူက အလွန်သတိထားပြီး စားပွဲပေါ်မှာ သေနတ်ကိုတင်လိုက်သည်။ ပြီးတော့ နောက်သို့ အနည်းငယ်ဆုတ်ပြီး ရပ်သည်။ ကျွန်တော်က ရှေ့ဆက်သွားပြီး မင်းနီ၏လက်သို့ သေနတ်ကိုလှမ်းပေးကာ ဟင်နာကို ပခုံးပေါ်တင်ထမ်းလိုက်သည်။

"ဒီအဖြစ်အပျက်ကလေးကို တစ်သက်မမေ့ပါဘူး လူကြီးမင်းခင်ဗျား၊ ကျုပ်အလှည့်လဲ ရောက်ရဦးမှာပေါ့" ဟု အဗီလာက လှမ်းပြောသည်။

ကျွန်တော်က ဘာမှပြန်မပြောတော့ဘဲ ဆက်ထွက်လာခဲ့သည်။ မင်းနီက သေနတ်ကိုင်ပြီး ကျွန်တော့်နောက်မှ ထက်ကြပ်လိုက်လာသည်၊

□

လမ်းတစ်ဝက်လောက်ကစပြီး ဟင်နာတောက်လျှောက် အန်လာသည်။ အိမ်ရောက်တော့ သူ့အစာအိမ်ထဲမှာ ဘာမျှကျန်ပုံမရတော့၊ သူ့ကိုယ်ပေါ်မှ အဝတ်အစားများကိုချွတ်ပြီး ရေချိုးပေးကာ အိပ်ရာပေါ်သို့ ပို့လိုက်သည်။ သူ့ကို ကျွန်တော်ငုံ့ကြည့်



တော့ မျက်လုံးပွင့်နေသည်ကို တွေ့ရသည်၊

"မင်းက လူသစ်လား ချာတိတ်၊ အခုမှ အင်္ဂလန်က ထွက်လာတာလား" ဟု သူကမေးသည်၊

"ဆိုပါတော့"

မင်းနီကိုမော့ကြည့်တော့ ငြိမ်ပြီးရပ်နေသည်ကို တွေ့ရသည်။

"မင်း တစ်ပတ်လောက်တော့ တောင့်ခံထား၊ မင်းအခွင့်အရေး ပေါ်လာလိမ့်မယ်၊ မင်းကို ပြောရဦးမယ်၊ ပေတစ်သောင်းအောက်နိမ့်ပြီး ကိုယ်တစ်ခါတည်း ရန်သူနယ်မြေကို ဘယ်တော့မှ မဖြတ်လေနဲ့၊ ဒါ သင်ခန်းစာ နံပါတ်တစ်၊ မှတ်ထား"

"မှတ်ထားပါ့မယ်"

"ပြီးတော့ နေရောင် . . . နေရောင်ကိုကြည့်"

သူဆက်ပြောဖို့ ကြိုးစားသေးသည်၊ သို့သော်လည်း တစ်ဘက်သို့ ခေါင်းစောင်းသွားပြီး သတိလစ်သွားတော့သည်၊

"အနောက်ပိုင်း စစ်မြေပြင်ကို သူပြန်ရောက်နေပြီထင်တယ်" ဟု မင်းနီကို ကျွန်တော်က လှမ်းပြောသည်။

"ဟုတ်တယ်၊ အမြဲတမ်း ဒီအတိုင်းပဲ၊ သူ့အတိတ်ဘဝထဲက ရုန်းမထွက်နိုင်ရှာဘူးကွာ"

သူ့ကို စောင်ခြုံပေးခဲ့ပြီး ကျွန်တော်တို့ အပြင်ထွက်ခဲ့ကြသည်၊ ဟင်နာကား တစ်ချိန်တုန်းက သူရဲကောင်းကြီး၊ အခု ဘာမှမဟုတ်တော့ပြီ။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

### လူသတ်ကွင်း

ဖရန်ကိုခံတပ်စခန်းသို့ တာဝန်ဖြင့် ပြောင်းခြင်းခံရသော အရာရှိတစ်ယောက်အဖို့ သေဒဏ်ပေးခြင်းခံရသည်နှင့် ဘာမျှမခြားတော့ချေ။ အနာဂတ်လည်းမရှိ၊ မျှော်လင့်ချက်လည်းမရှိသည့် အရပ်ဒေသဖြစ်သည်။ မရေမတွက်နိုင်သော အကုသိုလ်တို့သည်လည်း အချိန်မရွေး ကျရောက်တတ်သော နေရာဖြစ်သည်၊ ယင်းသို့သော အခြေအနေကြောင့် မိမိတွင်ရှိနေသည့် ကိုယ်စွမ်းဉာဏ်စကလေးများကို ဖော်ထုတ်အသုံးချနိုင်မည် မဟုတ်တော့ချေ။

သို့သော် ဗိုလ်မှူးကြီး အယ်လ်ဘာတ်တိုကား ထိုသို့သော လူစားမျိုးမဟုတ်။ ဟေလေ,လေယာဉ်ပျံကို မင်နီနှင့် ကျွန်ုပ် အသင့်ပြင်နေစဉ် မော်တော် ကမ်းကပ်လာသည်။ ဗိုလ်မှူးကြီး အယ်လ်ဘာတ်တိုသည် အလွန်စစ်သားပီသသူ ဖြစ်သည်။ ယူနီဖောင်းကို သပ်ရပ်စွာ ဝတ်ထားသည်။ ဖိနပ်က တဖိတ်ဖိတ်လက်နေသည်၊ ခါးမှာချိတ်ထားသည့် ခြောက်လုံးပြူးအိတ်ကလည်း အရောင်တောက်နေသည်။ သူ့အသားကမူ ရောဂါသည်လို ဝါနေသည်၊ သည်အရပ်မှာ နေရသူအားလုံးလိုလို အရောင်ငန်းဖျားဖျားပြီး အသားဝါသကဲ့သို့ ဝါကြသည်ချည်းဖြစ်သည်။

မော်တော်ပေါ်မှာ စစ်သား (၆) ယောက်လောက် ပါသည်၊ သူနှင့်အတူ တပ်ကြပ်ကြီးတစ်ယောက်သာ ဆင်းလိုက်လာသည်။ ယင်းတပ်ကြပ်ကြီးသည်လည်း စစ်



သားပီသသည့်ပုံမျိုး ဖြစ်သည်။ ယူနီဖောင်းကိုလည်း သေသေသပ်သပ် ဝတ်ဆင်ထားသည်၊ လက်ထဲမှာ စာရွက်စာတမ်းထည့်သည့် အိတ်တစ်လုံးကိုင်ထားသည်၊ ပခုံးတစ်ဘက်မှာ စက်သေနတ်နှစ်လက်ကို လွယ်ထားသည်။

“ဒီနေ့မနက်တော့ ရာသီဥတု သာယာပါပေရဲ့ ဆီညော်စတန်း၊ အားလုံးအဆင်သင့်ဖြစ်နေပြီလား” ဟု ချိုချိုသာသာမေးသည်။ သူပြောသည့် အင်္ဂလိပ်စကားကလည်း အလွန်ကောင်းသည်။

“ဖြစ်ပါတော့မယ်”

“ဒါထက် ကပ္ပတိန်ဟင်နာရော”

“အခုပဲ ရောက်လာပါတော့မယ်”

“ဪ. . . ” အယ်လ်ဘာတ်တိုက ကျွန်တော့်ဘက် လှည့်လာသည်။ “ဒီက မိတ်ဆွေကရော”

“နေးလ်မာလိုရီပါ။ ဟင်နာရဲ့ ပိုင်းလော့အသစ်ဖြစ်ပါတယ်၊ ကျွန်တော်လဲ ဗိုလ်မှူးကြီးနဲ့အတူတူ လိုက်မှာပါ။ ကိုယ်တိုင်ကြုံတွေ့ရတာပေါ့” ဟု ကျွန်တော်က ပြန်ဖြေလိုက်သည်။

“သိပ်ကောင်းတာပေါ့ဗျာ” ထုံးတမ်းစဉ်လာ သဘောလောက် သူက လက်ဆွဲနှုတ်ဆက်သည်။ ပြီးတော့ လက်ပတ်နာရီကို တစ်ချက်ငုံ့ကြည့်သည်။ “ဖစ်ဂွာရီဒိုနဲ့ တိုင်ပင်စရာလေးရှိသေးတယ်၊ နာရီဝက်အတွင်း ကျွန်တော်ပြန်လာခဲ့မယ်၊ တပ်ကြပ်ကြီးလီမာကို ဒီမှာထားခဲ့မယ်နော်၊ သူလဲ ကျွန်တော်တို့နဲ့ အတူတူလိုက်မှာပဲ”

သူ လမ်းလျှောက်သွားပုံမှာ ကျားကျားလျားလျား ရှိလှသည်၊ တပ်ကြပ်ကြီးလီမာက အခန်းတံခါးဖွင့်ပြီး စက်သေနတ်များနှင့် လက်ကိုင်အိတ်ကို ထည့်ထားလိုက်သည်။

“သူက ဘယ်လိုလဲ၊ ကြည့်ရတာတော့ ဒီအရပ်မှာတာဝန်ကျတဲ့ အရာရှိပုံမျိုး မပေါက်ဘူး” ဟု ကျွန်တော်က မင်နီကို လှမ်းမေးသည်။

“ကျုပ် သဘောပေါက်ထားသလောက်တော့ နိုင်ငံရေးတာဝန်ကို အဓိကထမ်းဆောင်နေတာပဲ၊ တိုင်းသူပြည်သားတွေရှေ့ကျရင် တစ်ခုခုကို လိုးလွဲပြောတတ်တဲ့ သဘောမျိုးပေါ့”

“ကျွန်တော်ကတော့ သူ့ကို လူကောင်းတစ်ယောက်လို့ပဲ ထင်မိပါတယ်”

“အမှန်ပေါ့မောင်ရယ်၊ လူကောင်းတစ်ယောက်ပါပဲ၊ ကဲ. . . ကျွန်တော်တို့ အဆင်သင့်ဖြစ်ပြီ၊ ဟင်နာကို သွားခေါ်ကြစို့”

□

www.burmeseclassic.com



သူရေချိုးနေသည်ကို တွေ့ရသည်။ ယိုင်လဲမသွားအောင် တစ်ဘက်နံရံကိုမှီပြီး မျက်နှာကို ရေပန်းအောက်မှာ မော့ထားသည်၊ ရေချိုးခန်းအပြင်ထွက်လာတော့ ကြိုးစားပြီး ပြုံးပြသည်၊ သို့သော်လည်း သူ့အပြုံးက အကြည့်ရဆိုးနေသည်။

"ညက ဘာတွေဖြစ်တာလဲ"

"ခင်ဗျား သိပ်မှားသွားတယ်"

"ဘာတွေလဲ၊ တောအရက်တွေလား၊ တစ်ခါမှ ဒါလောက်အခံရမဆိုးဖူးဘူးကွာ"

အဘိုးကြီးတစ်ယောက်လို ဒယီးဒယိုင်ဖြင့် အိပ်ခန်းတွင်းသို့ သူဝင်သွားသည်။ ကျွန်တော်က မီးဖိုချောင်ထဲသို့လာပြီး ကော်ဖီဖျော်သည် ။ အပြင်ပြန်ထွက်လာတော့ လေယာဉ်မောင်းသည့် ဝတ်စုံကိုဝတ်ပြီး ဝရန်တာမှာ သူရပ်နေသည်ကို တွေ့ရသည်။ အဖြူရောင်ပဝါတစ်ထည်ကို လည်ပင်းမှာပတ်ထားသည်၊ ကျွန်တော့်ထံမှ မတ်ခွက်ကို လှမ်းယူသည်။

"ကော်ဖီနံ့က မွှေးနေတာပဲကွာ၊ ညက ဘာတွေဖြစ်လာတာလဲ။ ပြောစမ်းပါဦး"

"ခင်ဗျား ဘာမှမမှတ်မိတော့ဘူးလား"

"ပိုကာဝိုင်းမှာ ငါ နည်းနည်းနိုင်တယ်၊ ဒါလောက်တော့ မှတ်မိတယ်၊ အဇီလာနဲ့ သူ့လူတွေက သိပ်မကြည်ဘူး၊ တော်တော် ပြဿနာပေါ်သလား"

"သိပ်ပေါ်တာပေါ့ဗျာ"

"ပြောစမ်းပါဦး"

အဖြစ်အပျက်အားလုံးကို ကျွန်တော်က ပြန်ပြောပြသည်။ သူ့မျက်နှာ ဖြူဖတ်ဖြူရော် ဖြစ်နေသည်။ အသက်ကင်းမဲ့သူလို အဝေးသို့ ငေးနေသည်။ သူ့ရင်ထဲမှာ ဘာတွေခံစားနေရသည်ကို ကျွန်တော်မသိ။ ပြီးတော့ ရုတ်တရက် သူပြုံးလိုက်သည်။ အဇီလာနှင့် ပတ်သက်ပြီး ပြုံးလိုက်ခြင်းပင် ဖြစ်လေသလောမသိ။ ကျွန်တော်တို့ ပြန်ရောက်လာသည့်အချိန်တွင် အဇီလာတို့ ဤမြို့တွင် မရှိပါစေနှင့်တော့ဟုသာ မျှော်လင့်ရတော့သည်။

"ကိုင်း. . . သွားကြစို့၊ အချိန်မီထွက်ဖို့က ရှိသေးတယ်"

□

ဟေလေ့လေယာဉ်ပျံကို မောင်းရသည်မှာ မော်တော်ကားမောင်းရသည်နှင့် ဘာမှုမခြားပေ။ စိတ်လှုပ်ရှားစရာ ဘာမှုမရှိ။ အားလုံးက နေသားတကျချည့်မို့ ခက်ခက်



ခဲခဲ ထိန်းနေစရာလည်းမလို။ ဟင်နာက ကျွန်တော့်ဘေးမှာထိုင်သည်။ ဗိုလ်မှူးကြီး အယ်လ်ဘတ်တိုက နောက်ခုံမှာ၊ သူ့နောက်က တပ်ကြပ်ကြီးထိုင်သည်။

ဆမ်ဟင်နာက ဓာတ်ဘူးဖွင့်ပြီး ကော်ဖီနှစ်ခွက်ထည့်ကာ တစ်ခွက်ကို အယ်လ်ဘတ်တိုအား လှမ်းပေးသည်။

"သီလရှင်တွေ နေရာပြောင်းဖို့ မျှော်လင့်နေတုန်းပဲလား ဗိုလ်မှူးကြီး"

"မျှော်လင့်တယ်ရယ်လို့လဲ မဟုတ်ဘူးပေါ့ဗျာ၊ ကျွန်တော်သွားတိုင်း ဒီကိစ္စကို ဘုန်းတော်ကြီးကွန်တီနဲ့ ဆွေးနွေးတယ်၊ ဘာကြောင့်လဲဆိုတော့ ဒီကိစ္စကို မဖြစ်မနေ ဆောင်ရွက်ဖို့ စစ်ဌာနချုပ်က ကျွန်တော့်ကို အမိန့်ပေးထားလို့ပဲ၊ တကယ်တော့ အရာ မရောက်လှပါဘူး၊ ဘာသာရေးကိစ္စလဲ ဖြစ်နေတယ်မဟုတ်လား၊ သူတို့ကလဲ အစိုးရ အပေါ်မှာ ဩဇာရှိတယ်၊ ဒီတော့ အဲဒီနေရာကနေထွက်သွားဖို့ ဘယ်သူကမှ အမိန့် မပေးချင်ကြဘူး၊ သူတို့ကြိုက်သလို ဆုံးဖြတ်တာကို ကြည့်နေရမှာပဲ၊ သူတို့က ဖင်ဒီး ယန်းတွေကြားထဲမှာ သာသနာပြုမယ်၊ ခေတ်မီဆေးဝါးတွေနဲ့ ကုသပေးမယ်၊ သူတို့ အလုပ်က ဒါပဲ"

"အလုပ်ရော ဖြစ်ရဲ့လားဗျာ" ဟင်နာက ရယ်သည်။ ယနေ့မနက် ပထမဦးဆုံး ရယ်ခြင်းဖြစ်သည်။

"ဟူနာလူမျိုးစုတွေဘက်ကရော၊ သူတို့သဘောက ဘယ်လိုလဲ" ဟု ကျွန်တော် ကမေးသည်။

"ဟူနာတွေကတော့ ဘယ်သူ့မှ မလိုချင်ဘူးပေါ့ဗျာ၊ သူတို့နာမည်ရဲ့ အဓိပ္ပာယ် ကိုသိသလား၊ 'လူသားအားလုံးရဲ့ ရန်သူ'တဲ့ဗျ၊ ကမ္ဘာပေါ်မှာ အရက်စက် အကြမ်းကြုတ် ဆုံးလူတွေပဲ"

"သူတို့လူမျိုးချင်း အပေါ်မှာလဲ ဒီတိုင်းဆက်ဆံတာပါပဲ"

"လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ရာလောက်က အမေရိကန်ပြည်ထောင်စုကြီးကို ပြန်ကြည့်စမ်း၊ ဒီကနေ့အခြေအနေနဲ့ နှိုင်းယှဉ်ကြည့်စမ်း၊ ကျွန်တော်တို့ နယ်စပ်ဒေသဟာ ကမ္ဘာပေါ်မှာ အချမ်းသာဆုံးသော မတိုးတက်သေးတဲ့ နယ်မြေဖြစ်နေတယ်၊ နောက် နှစ်ပေါင်းငါးဆယ်လောက်အထိ ဘယ်လိုလုပ်ပြီး ခရီးဆက်ရမလဲဆိုတာ မသိနိုင်ဘူး တိုးတက်မှုဆိုတာကတော့ မလွှဲမရှောင်သာနိုင်တဲ့ အရာတစ်ခုပေါ့ဗျာ၊ ဒါပေမယ့် တိုး တက်ဖို့လမ်းကြောင်းမှာ သူတို့က အပိတ်အဆို့ အဟန့်အတားဖြစ်နေတယ်" ဟု အယ်လ် ဘတ်တိုက ရှင်းပြသည်။

"အဲဒီတော့ အဖြေကဘယ်လိုလဲ၊ သူတို့ကို မျိုးဖြုတ်ပစ်မှာလား" ဟု ဟင်နာ ကမေးသည်။

"သူတို့ပြောင်းလဲလာအောင် ဆွဲဆောင်လို့ရမယ်ဆိုရင်တော့ အဲဒီနည်းအကောင်း

www.burmeseclassic.com



မလိုပါဘူး၊ သူတို့လမ်း သူတို့ရွေးပဲ"

"သူတို့ကြိုက်တဲ့လမ်းကို ရွေးခွင့်လဲ မရှိရှာပါဘူးဗျာ" ခါးသီးသည့် စကားလုံးများ ကျွန်တော့်ပါးစပ်က ထွက်သွားရာ ကိုယ့်ဟာကိုယ်ပင် အံ့အားသင့်မိသည်။

"ခင်ဗျား ဇင်ဂူးမြစ်ညာမှာ တစ်နှစ်လောက် နေခဲ့ဖူးတယ်လို့ ဖစ်ဂွာရီဒိုက ပြောတယ်၊ အဲဒီဒေသက အင်ဒီးယန်းတွေလဲ အင်မတန်ဆိုးတယ်လို့ ဆိုတယ်၊ အမှန်ပဲလား" ဟု အယ်လ်ဘတ်တိုက ကျွန်တော့်ကို ပြန်မေးသည်။

ကျွန်တော်က ခပ်လေးလေး ခေါင်းညိတ်ပြလိုက်သည်။

"ခင်ဗျားရော တစ်ယောက်ယောက် မသတ်ခဲ့ဖူးဘူးလား"

"မလွဲမရှောင်သာတဲ့ အခါမှာတော့ လုပ်ရတာပေါ့ဗျာ၊ (၁၉၃၆) ခု နိုဝင်ဘာလတုန်းက ဖို့တောမတ်စ်ကို သူတို့ဝင်တိုက်ပြီး လူသုံးလေးဆယ်လောက်ကို သတ်သွားတယ်၊ အဲဒီတုန်းက ကျွန်တော်ရှိနေတယ်"

"အလွန်မကောင်းတဲ့ အလုပ်တွေပါဗျာ၊ စစ်တပ်ရောက်မလာခင် လူတွေစုပြီး ဘုရားရှိခိုးကျောင်းထဲမှာ တစ်ပတ်လောက် နေခဲ့ကြရတယ်ထင်တယ်၊ အဲဒီလို အဖြစ်ဆိုးနေတဲ့အချိန်မှာတော့ အများကြီးကို သတ်ပစ်နေရမှာပေါ့"

"ဒါကလဲ ကျွန်တော်တို့ကိုသတ်ဖို့ ကြိုးစားလို့ ခုခံကာကွယ်ရတာပါ"

"ဟုတ်တာပေါ့လေ"

အယ်လ်ဘတ်တိုက လက်ကိုင်အိတ်ထဲမှ ဗိုင်တစ်ခုထုတ်ယူသည်ကို နောက်ကြည့်မှန်ထဲမှ မြင်လိုက်ရသည်။ ကျွန်တော်တို့လည်း စကားပြတ်သွားသည်။

"ဗိုလ်မှူးကြီးက သူ့တာဝန်သူ ထမ်းဆောင်နေတာပါကွာ" ဟု ဆမ်ဟင်နာက ပြုံးပြီးပြောသည်။

"ဟုတ်ကောင်းပါရဲ့၊ ဒါပေမယ့် ကနေ့အထိ ဟူနာလူမျိုးတွေကို ဘာမှ အကူအညီ မပေးနိုင်ကြသေးဘူး မဟုတ်လား"

"ဒါလောက်အသုံးမကျတဲ့ ပတ်ဝန်းကျင်မှာ ဘယ်သူက ဘာလုပ်ပေးချင်မှာလဲ၊ သူတို့လမ်း သူတို့သွားမှာပါ မာလိုရီ၊ ဒိုင်နိုဆော သတ္တဝါလိုပေါ့၊ နောက်ဆုံး မျိုးဆက်တုံးချိန်ကျတော့ သူ့ဟာသူ တုံးသွားတာပဲ"

"မျိုးဖြုတ်ပစ်ရမယ့်နည်းလမ်းကိုပဲ ခင်ဗျား ဆိုလိုတာလား"

"ဒီတစ်လမ်းပဲ ရှိတော့တာပေါ့" ဟု ဟင်နာကပြန်ပြောရင်း သူ့ခေါင်းပေါ်သို့ လက်တစ်ဘက်တင်လိုက်သည်။

ဘာမှဆက်မပြောတော့ဘဲ ကျွန်တော် အရှုံးပေးလိုက်သည်။ သူတို့မှန်ပြီး ကျွန်တော်မှားချင်မှားမည်။ ဟူနာလူမျိုးများအဖို့ လူဖြူတွေပြုသမျှ ခံရမည့်ဘဝမျိုး ဖြစ်နေသည်။

□



ပျံသန်းလာရသည့်ခရီးမှာ မိနစ်လေးဆယ်ထက်ပိုသည့် ခရီးကားမဟုတ်၊ ဘစ်လျှော့ကုန် နေသာခဲ့သည်။ ခရီးဆုံးသို့ရောက်ခါနီးမှ မိုးသက်မုန်တိုင်း ကျတော့မလိုဖြစ်လာသည်။ မုန်တိုင်းနှင့်လွတ်အောင် အောက်သို့ အမြန်ဆုံး ဆင်းသက်ရတော့မည်။

မြင်ကွင်းက မှုန်ဝါးလာသည်။ ဟင်နာက လေယာဉ်ကို ထိန်းနေသည်။ ပေနှစ်ရာလောက် အမြင့်အထိ ဆင်းလာသောအခါကျမှ မြစ်ပြင်ကိုမြင်ရသည်။ ပြီးတော့ မြစ်၏အရှေ့ဘက်ကမ်းရှိ လေယာဉ်ကွင်းမှာ ဆင်းလိုက်သည်။

"သူတို့မှာ ရေဒီယိုမရှိဘူး၊ ဒါကြောင့် ငါရောက်လာကြောင်း သိရအောင် သူတို့အိမ်တွေဘက်က ဖြတ်မောင်းစမြဲပဲ" ဟု ဟင်နာက ကျွန်တော့်ကိုပြောသည်။

"သူတို့အပေါ်က ဖြတ်ပျံတာကို သီလရှင်တွေကလဲ သဘောကျတယ်၊ အခုတော့ ရာသီဥတုမကောင်းလို့ သူတို့အပေါ် ဖြတ်မပျံနိုင်တော့ဘူး"

"အရေးမကြီးပါဘူး၊ ကျွန်တော်တို့လေယာဉ်ပျံ ဆင်းတဲ့အသံကို သူတို့ကြားမှာပါ၊ ခဏနေရင် သူတို့ဆီက မော်တော်ကလေး ရောက်လာပါလိမ့်မယ်" ဟု အယ်လ်ဘတ်တိုက ပြောသည်။

သာသနာပြုအဖွဲ့သည် မြစ်တစ်ဘက်ကမ်း အထက်ပိုင်း နှစ်ဖာလုံလောက် အဝေးတွင်ရှိကြောင်း ကျွန်တော်မှတ်မိသည်။ သူတို့စီးလာမည့် မော်တော်ကို မြစ်ကမ်းမှ သွားစောင့်နေရန် တပ်ကြပ်ကြီးလီမာကို အယ်လ်ဘတ်တိုက အမိန့်ပေးလိုက်သည်။ ပြီးတော့ ဆေးပြင်းလိပ် ထုတ်တည်သည်။ ဟင်နာက တစ်လိပ်ယူသည်။ ကျွန်တော်က မယူတော့ဘဲ တံခါးကိုဖွင့်ကာ မြက်တောထဲသို့ ခုန်ဆင်းလိုက်သည်။

တပ်ကြပ်ကြီးလီမာနောက်မှ ကျွန်တော်လိုက်သွားချိန်မှာပင် မိုးရွာချတော့သည်။ ကမ်းနားရောက်တော့ သစ်သားကြမ်းများနှင့် ဆိပ်ခံတံတားလုပ်ထားသည်ကို တွေ့ရသည်။ ရေပြင်ဘက်သို့ ပေသုံးလေးဆယ် ထိုးထွက်နေသည်။ လီမာက တံတားအစွန်းသို့ အရင်ရောက်နှင့်သည်။ ထိုနေရာတွင်ရပ်ပြီး မြစ်ပြင်သို့ ကျော်ကြည့်နေသည်။ ပြီးတော့ ရုတ်တရက် ဒူးထောက်ထိုင်ချလိုက်ပြီး ရေထဲကို ငုံ့ကြည့်နေသည်။ ကျွန်တော်ရောက်သွားတော့ မတ်တတ်ရပ်လိုက်ပြီး တစ်ဘက်သို့ လှည့်သွားသည်။ မျက်စိမျက်နှာပျက်နေသည်ကိုလည်း တွေ့ရသည်။

"ဘာဖြစ်တာလဲ" ဟု ကျွန်တော်ကမေးသည်။ ပြီးတော့ သူကြည့်သည့်နေရာကို ကြည့်သည်။ ကျွန်တော်လည်း အသက်ရှူမှားသွားသည်။

"ဗိုလ်မှူးကြီးကို သွားခေါ်လိုက်ရင်ကောင်းမယ်"

လှေအိုတစ်စင်း တံတားမှာ ကြိုးနှင့်ချည်ထားသည်။ လှေဘေး [illegible] ပေါ်နေသည့်အရာမှာ အဖြူရောင်ဝတ်စုံ ဝတ်ထားသည့် သီလရှင်အလောင်း [illegible] သည်။ ရေဝယက်တစ်ခုက အလောင်းကို လာတိုက်သဖြင့် ပက်လက် [illegible]

www.burmeseclassic.com

www.burmeseclassic.com



မှောက်သွားသည်။ နောက်ကျောတွင် စိုက်နေသည့် မြားခြောက်ချောင်းထောက်ကို တွေ့လိုက်ရသည်။

□

သီလရှင်အလောင်း၏ လည်ပင်းမှ လက်ဝါးကပ်တိုင်နှင့် နာမည်ပြားကြိုးကလေးကို ဖြုတ်ယူပြီး ကုန်းပေါ်သို့ တပ်ကြပ်ကြီးလီမာ ပြန်တက်လာသည်။ စောစောကထက် ပိုပြီး မျက်စိမျက်နှာ ပျက်နေသည်။ ဖြုတ်လာသည့်အရာကို ဗိုလ်မှူးကြီး အယ်လ်ဘတ်တိုကို လက်လှမ်းပေးသည်။ တစ်ကိုယ်လုံးလည်း တုန်တုန်ယင်ယင် ဖြစ်နေသည်။

"ဣန္ဒြေနဲ့နေစမ်း၊ မင်းကိုယ်မင်း စစ်သားဆိုတာ မမေ့နဲ့၊ ဒီဘက်ကမ်းမှာ ဘာမှမဖြစ်ဘူး၊ ဘယ်တုန်းကမှ မဖြစ်ဖူးဘူး" ဟု အယ်လ်ဘတ်တိုက လီမာကိုပြောသည်။

ဟောလေပေါ် ပြန်တက်ပြီး သည်နေရာမှ အမြန်ဆုံး ပြန်လည်ထွက်ခွာသွားခြင်းသည် အကောင်းဆုံး ဖြစ်ပေလိမ့်မည်။ သို့သော်လည်း အယ်လ်ဘတ်တိုက ထိုသို့ ဆုံးဖြတ်ပုံမရ၊ မိုးရွာထဲသို့ သူ လှမ်းကြည့်နေသည်။ လက်ထဲမှာ စက်သေနတ်ကို ကိုင်ထားသည်။

"ခင်ဗျား ဟိုဘက်ကမ်းကို ကူးတော့မယ်မဟုတ်လား" ဟု ဟင်နာက မေးသည်။

"မရှောင်သာတော့ဘူးဗျာ၊ ဟိုဘက်ကမ်းမှာ ဘာဖြစ်တယ်ဆိုတာကို သွားကြည့်ရတော့မယ်၊ မသေဘဲကျန်ခဲ့တဲ့လူလဲ ရှိနိုင်တယ်"

"နောက်တီးနောက်တောက် လုပ်မနေစမ်းပါနဲ့ဗျာ" ဟု ဟင်နာက ဒေါသတကြီး အော်ပြောသည်။

"ဒီအဖြစ်မျိုးကြုံပြီဆိုရင် တစ်ယောက်မှမကျန်နိုင်ဘူးဆိုတာ ကလေးအစ သိတယ ့သာသနာပြုအဖွဲ့ဟာ ဒီနေရာကနေ ပြောင်းမသွားရင် ဒီအဖြစ်မျိုးနဲ့ ကြုံရမယ်ဆိုတာလဲ လူတိုင်းသိတယ်"

အယ်လ်ဘတ်တိုက သူပြောလိုက်သည်ကို လုံးဝအရေးမစိုက်၊ နောက်သို့ပင် ပြန်မလှည့်ပဲ ပြောသည်။

"ဆီညော်မာလိုရီ ကျွန်တော်နဲ့ လိုက်ခဲ့စေချင်ပါတယ်၊ တပ်ကြပ်ကြီးလီမာက ဆီညော်ဟင်နာနဲ့အတူတူ ဒီမှာနေခဲ့"

ဟင်နာ ဆွေ့ဆွေ့ခုန်သွားသည်။ နောက်ပိုင်းမှာ သူနေခဲ့ခြင်းအားဖြင့် သူ့သိက္ခာကို ထိခိုက်စေသည်ဟု သဘောထားပုံရသည်။

"အသုံးမကျတဲ့အလုပ်၊ သူလိုက်ရင် ကျူပ်လဲလိုက်မှာပေါ့ဗျ"



သည်လိုပဲဖြစ်လာရမည်ဟု အယ်လ်ဘတ်တိုက ကြိုတွက်ထားမထားတော့ ကျွန်တော်မသိ၊ သို့သော်လည်း နေခဲ့ဖို့ကိုတော့ ထပ်မပြော၊ တပ်ကြပ်ကြီးလီမာက ခြောက်လုံးပြူးတစ်လက်နှင့် စောင့်နေခဲ့ရန် ဖြစ်သည်။ ကျွန်တော်က စက်သေနတ်တစ်လက်ကို ယူသည်။ ဟင်နာက သူ့လေယာဉ်ပျံပေါ်မှာ အမြဲတင်ထားသည့် ပစ္စတိုသေနတ်ကို ကိုင်လာသည်။

လှေထဲမှာ ရေတွေဝင်နေသည်။ ကျွန်တော် ပဲ့ပိုင်းသို့ ဝင်ထိုင်သောအခါ ဟင်နာကအလယ်၊ အယ်လ်ဘတ်တိုက ဦးပိုင်းမှာ နေရာယူကြသည်။ ဟင်နာနှင့် ကျွန်တော်က လှေလှော်သည်။ အယ်လ်ဘတ်တိုက စက်သေနတ်ကို အသင့်အနေအထားမှာ ကိုင်ထားသည်။

ရေလယ်မှာ ထင်းတုံးတစ်တုံး မျောနေသည်။ သစ်တောက မိုးရွာထဲမှာ ငြိမ်နေသည်။ ခပ်လှမ်းလှမ်းမှ ကျားသစ်အော်သံကိုသာ ခပ်သဲ့သဲ့ကြားရသည်။ တစ်ဘက်ကမ်းက သောင်ပြင်ပေါ်မှာ ခရုစုပ်ငှက်အုပ်ကြီးက နေရာယူထားသည်။ အနီးသို့ ကျွန်တော်တို့ ရောက်သွားသောအခါ ထပျံပြေးသည်။ ကောင်းကင်တစ်ခုလုံး တိမ်ဖုံးသွားသလို ရှိသည်။

သောင်ပြင်က မြင်ကွင်းမှာ ပျောက်သွားလိုက် ပေါ်လာလိုက် ရှိနေသည်။ နောက်ဆုံး ဘုရားရှိခိုးကျောင်းနှင့်တည့်တည့် နေရာရောက်တော့ ရေလယ်မှာ ကျွန်းတစ်ကျွန်းရှိနေသည်ကို တွေ့ရသည်။ ကိုက်နှစ်ရာလောက် ရှည်လျားသည်။

"မနှစ်နွေတုန်းက ဒီကျွန်းပေါ်ကို လေယာဉ်ပျံနဲ့ နှစ်ခါဆင်းဖူးတယ်၊ နွေဆိုတော့ ရေကလဲ နည်းနေတယ်" ဟု ဟင်နာက ပြောသည်။

ရိုးရိုးပြောပြခြင်းမဟုတ်ဘဲ တစ်စုံတစ်ရာကို ဆိုလိုချင်သလားဟု ကျွန်တော် သံသယဖြစ်မိသည်။ ကမ်းဘက်သို့ ကျွန်တော်တို့ ကပ်လာသောကြောင့် အသံထိန်းရတော့မည်ဖြစ်သဖြင့် သူဆက်မပြောခြင်းလည်း ဖြစ်ပေလိမ့်မည်။

မော်တော်အဟောင်းတစ်စင်းမှာ လှေကိုချည်ခဲ့ပြီး ကမ်းပေါ်သို့ တက်ခဲ့ကြသည်။ လှမ်းလှမ်းမှာတော့ ခွေးနှစ်ကောင် အစာလုရင်း ကိုက်နေသည်။ ကျွန်တော်တို့ လျှောက်သွားတော့ ခွေးနှစ်ကောင် ထွက်ပြေးသွားသည်။ အနားရောက်တော့မှ သီလရှင်အလောင်းတစ်လောင်းဖြစ်ကြောင်း သိရတော့သည်။

ယင်တွေ အုန်းကနဲ ထပျံသည်။ အနံ့ကလည်း ဆိုးလိုက်သည့်ဖြစ်ခြင်း အယ်လ်ဘတ်တိုက လက်ကိုင်ပဝါကို နှာခေါင်းမှာအုပ်စည်းပြီး ဘေးမှာ ဒူးထောက်ထိုင်ကာ စစ်ဆေးကြည့်နေသည်။ နောက်ဆုံး နာမည်ပြားပါသည့် ကြိုးကလေးကို မြှောက်ပြီး ဆ,လာသည်။

"ခေါင်းကို ရိုက်သတ်ထားတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လောက်ကြာပြီလဲ" ဟု ဟင်နာက မေးသည်။

"နှစ်ရက်၊ အများဆုံး သုံးရက်ပဲရှိဦးမယ်၊ အစုလိုက်အပြုံလိုက်ကို သတ်ထားတယ်ဆိုရင် ဒီနားမှာ စိတ်မချရဘူး"

စက်သေနတ်မှ လုံခြုံရေးခလုတ်ကို ဖြုတ်လိုက်ပြီး အသင့်အနေအထားဖြင့် ကိုင်ကာ ရှေ့သို့ဆက်လာခဲ့ကြသည်။

သာသနာပြုအဖွဲ့ အဆောက်အအုံများသည် မြစ်ကမ်းမှ ကိုက်တစ်ရာမျှ အကွာအဝေးမှာရှိသည်။ ကြီးမားသော တစ်ထပ်အဆောက်အအုံသည် ဆေးရုံဖြစ်သည်။ သက်ကယ်မိုးတဲလေးလုံးနှင့် ဘုရားရှိခိုးကျောင်းကလေးကိုလည်း တွေ့ရသည်။ တံခါးဘောင်ပေါ်မှ ခေါင်းလောင်းက ယမ်းပြီးအသံမြည်နေသည်။

ဝင်းထဲသို့ မဝင်မီမှာပင် သီလရှင်အလောင်း နှစ်လောင်းကို ထပ်တွေ့ရပြန်သည်။ ဆေးရုံအဆောက်အအုံနား ရောက်တော့ ယောကျ်ားအလောင်းတစ်ခု တွေ့ရသည်။ အပုပ်နံ့က မခံမရပ်နိုင်လောက်အောင် ဆိုးရွားနေသည်။ အယ်လ်ဘတ်တိုက အုံနေသည့် ယင်ကောင်များကို မောင်းပြီးငုံ့ကြည့်သည်။

"ဘုန်းတော်ကြီးကွန်တီရဲ့ တပည့်၊ ဟိုမြစ်အောက်ပိုင်းက ခေါ်လာတဲ့ အင်ဒီးယန်းလူမျိုးပဲ၊ သနားစရာပဲ၊ သူ့ကိုတော့ မီးရှို့သတ်ခဲ့တာ"

ဟင်နာက ကျွန်တော့်ဘက် လှည့်လာသည်။ သူ့မျက်နှာက တင်းမာနေသည်။ "ခွေးသားလူရိုင်းတွေအတွက် မင်း ဝမ်းနည်းနေတုန်းလား"ဟု မေးသည်။

အယ်လ်ဘတ်တိုက ခပ်မြန်မြန် စကားဝင်ဖြတ်သည်။ "နောက်မှငြင်းဗျာ၊ ဒီအချိန်မှာ လုပ်မနေစမ်းနဲ့၊ အချိန်တိုတိုနဲ့ပြီးအောင် ကျွန်တော်တို့ လှူခွဲရှာမယ်၊ လည်ပင်းနားက နာမည်ထိုးထားတဲ့ အပြားကလေးကို ဖြုတ်ယူဖို့တော့ မမေ့ကြပါနဲ့၊ ဒါလောက်နေပြင်းနေပုံမျိုးနဲ့ဆိုရင် နောက်နေ့ဆိုရင် ဘယ်သူမှန်း မှတ်မိနိုင်တော့မှာ မဟုတ်ဘူး"

ကျွန်တော်က ဆေးရုံဘက်မှာ ဝင်ရှာသည်။ ကုတင်များကို သပ်သပ်ရပ်ရပ် ခင်းကျင်းထားသည်။ ခြင်ထောင်များကိုလည်း အမိုးပေါ် လိပ်တင်ထားသည်။ ခွဲစိတ်ခန်းနားမှာ သီလရှင်အလောင်း နှစ်လောင်းထပ်တွေ့သည်။ သူတို့လည်ပင်းမှ ကြိုးကလေးများကို ဖြုတ်ယူလိုက်သည်။ အယ်လ်ဘတ်တိုက တစ်ဘက်အဆောက်အအုံများဘက်မှ ထွက်လာသည်။ နာမည်ပြားတလေးများကို သူ့လက်သို့ အပ်လိုက်သည်။

"ဒါပါနဲ့ဆို ဆယ်ယောက်ရှိသွားပြီ၊ တစ်ဒါဇင်လောက်တော့ ရှိမယ်၊ ဘုန်းတော်ကြီး ကွန်တီကို အစအနတောင် မတွေ့ဘူး"

"သူတို့ လူသတ်ပြီဆိုရင် အင်မတန်စေ့စပ်တာ၊ အခုတော့ ဒီလိုမဟုတ်ဘူး၊ လက်စတုံးတဲ့အနေနဲ့ ဒီအဆောက်အအုံတွေကိုပါ မီးတင်ရှို့ခဲ့လိမ့်မယ်လို့ ကျွန်တော်က ထင်နေတာ" ဟု ကျွန်တော်က လှမ်းပြောသည်။

www.burmeseclassic.com



"ဒါကိုတော့ သူတို့မလုပ်ရဲဘူး၊ သူတို့သတ်ဝစ်တဲ့လူတွေရဲ့ ဝိညာဉ်တွေနေဖို့ အဆောက်အအုံတော့ ရှိနေရမယ်လို့ သူတို့ယုံကြည်တယ်"

ဘုရားရှိခိုးကျောင်းထဲမှ ဟင်နာထွက်လာပြီး ကျွန်တော်တို့ကို လှမ်းခေါ်သည်။ ကျွန်တော်တို့ ရောက်သွားသောအခါ သူတစ်ကိုယ်လုံး ဒေါသကြောင့် တဆတ်ဆတ် တုန်နေသည်ကို တွေ့ရသည်။ ဘုန်းတော်ကြီးကွန်တီမှာ ပက်လက်လန်လျက်သေဆုံးနေသည်။ လာရောက်တိုက်ခိုက်သူများကို မျက်နှာချင်းဆိုင်ခဲ့ပုံ ရသည်။ မျက်လုံးနှစ်လုံး မရှိတော့၊ ဝမ်းဗိုက်ကိုလည်း ဓားနှင့်ဖွင့်ထားသည်။

"ဘာကြောင့် သူတို့ ဒီလိုလုပ်ရတာလဲ" ဟု ဟင်နာက မေးသည်။

"သူ့ရဲ့ သူရသတ္တိကို သူတို့လေးစားကြတယ်၊ သူ့ရဲ့နှလုံးသားကိုစားရင် သူတို့ကိုယ်ထဲကိုလဲ သတ္တိတွေဝင်ရောက်သွားတယ်လို့ ယုံကြည်တယ်"

"သီလရှင်နှစ်ပါး ပျောက်နေသေးတယ်၊ အထဲမှာတော့ မရှိတော့ဘူး၊ ခြံဝင်းထဲမှာ လူစုခွဲပြီး ရှာကြဦးစို့" ဟု အယ်လ်ဘတ်တိုက ပြောသည်။

အထပ်ထပ်ရှာသော်လည်း မတွေ့၊ မြစ်ဆိပ်မှာ ကျွန်တော်တို့ ပြန်ဆုံကြသည်။

"ပထမဆုံး ကျွန်တော်တို့ တွေ့ခဲ့တဲ့အလောင်းလို မြစ်ထဲမှာ မျောသွားပြီနဲ့တူတယ်" ဟု ဟင်နာက ပြောသည်။

"အခု ကျွန်တော်တို့တွေ့ခဲ့တဲ့ အလောင်းတွေက အသက်ကြီးကြပြီ၊ အငယ်ဆုံးဆိုတာတောင် လူလတ်ပိုင်းဖြစ်နေပြီ၊ ပျောက်နေတဲ့ သီလရှင်နှစ်ပါးကတော့ အသက်သိပ်ငယ်တယ်၊ နှစ်ဆယ်၊ နှစ်ဆယ့်တစ်လောက်ပဲ ရှိသေးတယ်၊ ဒီထက်မကြီးဘူး" ဟု အယ်လ်ဘတ်တိုက ပြောသည်။

"အရှင်ဖမ်းသွားတယ် ထင်သလား" ဟု ကျွန်တော်ကမေးသည်။

"ဖြစ်နိုင်တယ်၊ အသက်ငယ်တဲ့ အမျိုးသမီးတွေကို အရှင်ဖမ်းသွားပြီး သားသမီး မွေးခိုင်းတယ်၊ ကလေးမွေးပြီးမှ သတ်တာ"

"စိတ်ကုန်လိုက်တာကွာ၊ လာဗျာ ပြန်ကြစို့၊ ကျုပ် ဒီထက်ပိုပြီး စိတ်မထိန်းနိုင်တော့ဘူး" ဟင်နာက ပြောပြောဆိုဆို ဆိပ်ကမ်းသို့ဆင်းသွားပြီး လှေပေါ် တက်ထိုင်နေသည်။ ကျွန်တော်တို့လည်း ယခုထက်ပိုပြီး ဘာမှမတတ်နိုင်တော့သည်နှင့် သူနှင့်အတူ လှေပေါ် တက်ပြီး လှော်ထွက်လာခဲ့ကြသည်။ တစ်ဘက်ကမ်းသို့ ကျွန်တော်တို့ရောက်သွားတော့ တုန်လှုပ်ချောက်ချားနေသည့် တပ်ကြပ်ကြီးလီဗာကို တွေ့ရသည်။

"အားလုံး အဆင်ပြေတယ်မဟုတ်လား" ဟု အယ်လ်ဘတ်တိုက [illegible]

"ကျွန်တော်လဲ မပြောတတ်ဘူး ဗိုလ်မှူးကြီး" လီဗာက တန်း [illegible] နေတူသော သစ်တောကြီးဘက်သို့ မေးထိုးပြသည်။ "ဟိုသစ်တော [illegible]

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ယောက်က အဲဒီထဲမှာပုန်းပြီး ကျွန်တော်တို့ ကြည့်နေတယ်လို့ ထင်ရတယ်"

မြေခွေးဟောင်သံများကို ဟိုမှသည်မှ ကြားလာရသည်။

"လေယာဉ်ပျံဆီကို ကျွန်တော်တို့ ဘေးသယ်လုံလုံနဲ့ ပြန်သွားကြရအောင်၊ ကျွန်တော်တို့ကို ချောင်းနေပြီထင်တယ်" ဟု အယ်လ်ဘတ်တိုက ပြောသည်။

"မြေခွေးတွေလား" ဟု ကျွန်တော်ကမေးသည်။

"ဒါ မြေခွေးတွေမဟုတ်ဘူး။ မနက်ပိုင်း ဒီလိုအချိန်မှာ မြေခွေးမဟောင်ဘူး"

လေယာဉ်ပျံရှိရာသို့ လျှောက်သွားကြရင်း ဘယ်အချိန်တွင် ကျော၌ပြင်းကို မြားလာစိုက်မည်နည်းဟု ကျွန်တော် တွေးနေမိသည်။ သို့သော်လည်း ဘာမျှမဖြစ်ဘဲ လေယာဉ်ပျံရှိရာသို့ ချောချောမောမော ပြန်ရောက်ကြသည်။

အပေါ်တက်ရန် လေယာဉ်ကို တစ်ဘက်သို့ ကျွန်တော်မောင်းယူလာခိုက် တောစပ်မှ အင်ဒီးယန်းလူမျိုးတစ်ယောက် ထွက်လာသည်ကို တွေ့ရသည်။ မျက်နှာတွင် စစ်တိုက်ရန်အတွက် ဆေးဆိုးထားသည်။ ခေါင်းပေါ်မှာ ကြက်တူရွေးအတောင်ပံများ စိုက်ပြီး လက်တစ်ဘက်က လှံ၊ လက်တစ်ဘက်က ခြောက်ပေရှည်သည့် လေးကို ကိုင်ထားသည်။

ဟင်နရာက စက်သေနတ်ကိုဆွဲပြီး ပြတင်းပေါက်ဆီသို့ ကပ်လိုက်သည်။ အယ်လ်ဘတ်တိုက လှမ်းဆွဲထားသည်။ "မလုပ်နဲ့ဦး၊ ကျွန်တော်တို့အလှည့် ရောက်လာမှာပါ"

ကျွန်တော်တို့ လေယာဉ်ပျံတက်လာသည့်အချိန်တွင် တောထဲမှ တစ်ယောက်ပြီးတစ်ယောက် ထွက်လာကြသည်ကို တွေ့ရသည်။ လေယာဉ်ပျံအတက်တွင် ကျွန်တော့်တစ်သက် အပျော်ဆုံးအချိန်ဖြစ်မည်ဟုပင် ထင်မိသည်။

□

ဖရန်ကိုခံတပ်သည် ရိုင်ယိုနီးဂရိုးမြစ်တွင်းရှိ ကျွန်းပေါ်မှာ တည်ဆောက်ထားခြင်း ဖြစ်သည်။ ထို့ကြောင့် လေယာဉ်ပျံ ဆင်း၍မရ။ သတင်းဆိုးအကြောင်းကို ကျွန်တော်တို့က ရေဒီယိုဖြင့်သာ လှမ်းပြောလိုက်ရတော့သည်။ လိုအပ်သည်များ ကြိုတင်ပြင်ဆင်ထားရန် ဖြစ်သည်။ လင်ဒရိုမှာ ကျွန်တော်တို့လေယာဉ် ဆင်းခဲ့သည်။

အယ်လ်ဘတ်တိုက သင်္ဘောပြန်ထွက်ဖို့ အဆင်သင့်လုပ်ထားရန် သူ့လူများကို အမိန့်ပေးခဲ့ပြီး ဖစ်ဂွာရီဒိုကိုတွေ့ရန် ဟင်နရာနှင့်အတူ မြို့ထဲသို့ ထွက်သွားသည်။ မင်နီနှင့် ကျွန်တော်က သူတို့အပြန်ကို သင်္ဘောဆိပ်မှ စောင့်နေသည်။ အယ်လ်ဘတ်တို ပြန်လာတော့ ဟင်နရာပါမလာချေ။

"အခြေအနေ ဘယ်လိုလဲ" ဟု ကျွန်တော်က ဆီးမေးသည်။



"စစ်ဌာနချုပ်ကို ကျွန်တော် သတင်းပို့လိုက်ပြီ၊ ဖရန်ကိုခံတပ်ကို ကျွန်တော် ပြန်ရောက်တဲ့အခါမှာ ဟိုက အကြောင်းပြန်ကြားချက် ရောက်နေလောက်ပါပြီ၊ မြစ်ညာဘက်ကို ကျွန်တော်တို့ ချီတက်ရလိမ့်မယ်ထင်တယ်၊ တပ်အင်အားက (၃၈) ယောက်ပဲ ရှိတယ်၊ (၁၂) ယောက်က ဖျားနေတယ်"

"ဒါပေမယ့် စစ်ကူ သေချာပေါက်ပို့ပေးမှာ မဟုတ်ဘူးလား" ဟု မင်နီက မေးသည်။

"အဲ့ဩစရာကောင်းတာတွေ ဖြစ်တတ်တာဘော့ မှန်ပါရဲ့၊ ဒါပေမယ့် တစ်ခါတလေမှ ဖြစ်တတ်တာပါ မိတ်ဆွေကြီးရယ်၊ တကယ်လို့ သူတို့ စစ်ကူပို့ပေးမယ်ဆိုရင်လဲ ရက်ပေါင်းများစွာကြာမှ ရောက်လာမှာပါ။ ဒီလိုနေရာမျိုးမှာ တပ်ရင်းတစ်ရင်းဆိုတာ ဘာမှမဖြစ်လောက်ဘူး၊ စစ်တပ်ကြီးတစ်ခုလုံးဆိုတောင်မှ မလုံလောက်သေးဘူး"

"စန်တာဟယ်လီနာမှာ ကျွန်တော်တို့ လေယာဉ်ပျံဆင်းတော့ ဒီဘက်ကမ်းမှာ လုံခြုံပါတယ်လို့ ဗိုလ်မှူးကြီးပြောခဲ့တယ်၊ ဒီဘက်ကမ်းကို သူတို့မလာဘူးလား"

"ဒီအဖြစ်အပျက်မျိုးဖြစ်ပြီးရင် သူတို့နေနေကျနေရာက ရှောင်နေတတ်လို့ ပြောတာပါ" မော်တော်စက်နှိုးသံ ကြားရသည်။ သူက အနည်းငယ်ပြုံးသည်။ "ကျွန်တော် သွားလိုက်ဦးမယ်၊ ဆီညော်ဟင်နရာတော့ ဟိုတယ်မှာ ကျန်ခဲ့လေရဲ့၊ ဒီနေ့ကြုံခဲ့ရတာတွေကြောင့် သူ စိတ်ထိခိုက်နေပုံရတယ်"

မော်တော်ပေါ်သို့ သူ တက်သွားသည်။ ကျွန်တော်တို့ နှစ်ယောက်ကလည်း ရပ်ကြည့်နေသည်။ မြစ်လယ်ရောက်တော့ ကျွန်တော်တို့ကို လက်ပြနှုတ်ဆက်ပြီး အခန်းထဲသို့ဝင်သွားသည်။

"ဟင်နရာနဲ့ပတ်သက်ပြီး ဘယ်လိုထင်သလဲ၊ သူ့ဆီလိုက်သွားဖို့ လိုဦးမလား အခုလိုအချိန်မျိုးမှာ အဗီလာတို့နဲ့ သူတွေ့နေမှုဖြင့်. . ."

"အဗီလာနဲ့ သူ့လူတွေ နေ့လယ်တုန်းက ထွက်သွားကြပြီ၊ သူ့ကို ဒီအတိုင်းထားလိုက်တာပဲ ကောင်းပါတယ်လေ၊ နောက်မှ အိပ်ရာပေါ် တင်ပေးလိုက်ကြတာပေါ့"

သူက တစ်ဘက်သို့ လှည့်သွားသည်။ မြစ်တစ်ဘက်ကမ်းက သစ်ပင်ပေါ်မှာ ခရုစုပ်ငှက်တစ်ကောင် နားနေသည်။ ဝင်လုဆဲ နေရောင်နောက်ခံနှင့် အညိုရောင် မိုးကောင်းကင်တွင် သွေးစက်စွန်းနေသလို ထင်ရသည်။ အဖြစ်ဆိုးများ ကြုံတွေ့ရတော့မည့် အတိတ်နိမိတ်ပေလော။

မင်နီနောက်သို့ ကျွန်တော် လိုက်လာခဲ့တော့သည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

### ကြက်သွေးရောင်ပန်း

နောက်ရက်များတွင် မြစ်အထက်ပိုင်းမှ ရောက်လာသည့် သတင်းဆိုးများကို အဆက်မပြတ် ကြားနေရသည်။ ရာဘာခြံ အလုပ်သမားပေါင်းများစွာ အသတ်ခံရသည်။ စိန်ရှာနေသူလူငါးဦးလည်း တစ်ယောက်မကျန် အသတ်ခံရသည်။ ထိုသို့ဖြစ်ပျက်နေသည့်နေရာမှာ စန်တာဟယ်လီနာတစ်ဝိုက် ဖြစ်သည်။

ဗိုလ်မှူးကြီး အယ်လ်ဘတ်တို့နှင့် သူ့တပ်သားများက ထိုဒေသတွင် စစ်ဆင်ရေးဝင်နေသည်။ သို့သော်လည်း ထိထိရောက်ရောက် ဘာမျှမတတ်နိုင်။ လူသွားလမ်းအတိုင်းလိုက်လျှင် ချုံခိုတိုက်ခြင်း ခံရသည်။ တောကြီးမျက်မည်းထဲသို့ တိုးပြန်ပါတော့လည်း တစ်နေ့မှ တစ်မိုင်လောက်သာ ခရီးပေါက်သည်။

တစ်ပတ်အတွင်း သူ့ဘက်က နှစ်ယောက်ကျ၊ သုံးယောက်ဒဏ်ရာရပြီး နှစ်ယောက် မတော်တဆ ထိခိုက်မိသည်။

စစ်ဆင်ရေး ပြုလုပ်နေသောကြောင့် ဆမ်ဟင်နာက စန်တာဟယ်လီနာသို့ နေ့တိုင်း လေယာဉ်ပျံဖြင့် သွားနေရသည်။ ကျွန်တော်က ဘာရစ္စတိုလေယာဉ်ပျံဖြင့် လင်ဒရိုနှင့် မာနော့စ်ကို ချောစာထုပ်နှင့် ကုန်ပစ္စည်းများ ပို့ပေးနေရသည်။ မြစ်ညာဘက်တွင် အခြေအနေတွေ ဆိုးနေသော်လည်း မာနော့စ်မြို့တွင်မူ ဘာမျှမဖြစ်သလို ရှိနေကြသည်။ အခြားဂြိုလ်တစ်ခုခုတွင် ဖြစ်နေသကဲ့သို့ သဘောထားကြသည်။ လင်ဒရိုမြို့မှာလည်း ထို့အတူ။



တစ်ညနေ မှောင်ရီပျိုးချိန်တွင် အဗီလာနှင့် သူ့လူများ ပြန်ရောက်လာကြသည်။ သူတို့အားလုံးလည်း ဒဏ်ရာအနည်းအကျဉ်း ရလာကြသည်။ ချုံခိုတိုက်ခိုက်ခံရသဖြင့် လူနှစ်ယောက်လည်း ကျခဲ့သည်။

ထိုအဖြစ်ကိုသိသော်လည်း မြို့သူမြို့သားများကား အနေအစားမပျက်။ မြစ်ညာဘက်တွင် လူဖြူများကို အင်ဒီးယန်းတို့ သတ်လာခဲ့သည်မှာ နှစ်ပေါင်းကြာမြင့်ပြီဖြစ်သောကြောင့်လည်း ဖြစ်နိုင်သည်။

တစ်ညနေတွင်မတော့ အလောင်းနှစ်လောင်းပါသည့် လှေတစ်စင်းမျောလာပြီး ကမ်းနားမှာတင်နေသည်။ သတင်းကြားသဖြင့် ကျွန်တော်သွားကြည့်တော့ လူတွေဝိုင်းအုံနေသည်ကို တွေ့ရသည်။ တစ်ကိုယ်လုံးမှာ မြားတွေစိုက်လျက် လွန်ခဲ့သည့် သုံးရက်လောက်က အသတ်ခံရသည်။ အပုပ်နံ့လည်း ထွက်နေပြီ။

ခဏကြာတော့ ဖစ်ဂွာရီဒို ရောက်လာသည်။ အလောင်းများကို စစ်ဆေးကြည့်သည်။ အလုပ်သမားများကို အလောင်းများ ဖယ်ရှားခိုင်းနေသည်။ အလုပ်သမားတစ်ယောက်က အလောင်းမှ မြားတစ်ချောင်းကို နှုတ်ယူပြီး ဖစ်ဂွာရီဒိုအား လှမ်းပေးသည်။ သေသေချာချာ ကြည့်နေပြီး ထက်ပိုင်းချိုးကာ လွှင့်ပစ်လိုက်သည်။

"အလကား တိရစ္ဆာန်တွေ နောက်ဆိုရင် ဒီ့ထက်ပိုအတင့်ရဲပြီး တောထဲကထောင် ထွက်လာမယ့်ဟာတွေ" ဟုလည်း ဒေါသတကြီး ရေရွတ်နေသည်။

ဟူနာတို့သည် အရိုင်းအစိုင်းကောင်များဖြစ်ကြောင်း၊ ရက်စက်ကြမ်းကြုတ်သူများ ဖြစ်ကြောင်း၊ သူတို့ကို မျိုးဖြုတ်ပစ်မှ အေးမည်ဖြစ်ကြောင်း တစ်ယောက်တစ်ပေါက် ပြောနေသံများကို ကြားနေရသည်။ ကျွန်တော့်ရင်ထဲမှာ နာကျင်လာသည်။ ထို့ကြောင့် ထိုနေရာမှ လှည့်ထွက်ခဲ့သည်။

□

ဟင်နာ၏ ဝီစကီပုလင်းတစ်လုံးကို ကျွန်တော် ထုတ်ယူလာသည့်အချိန်တွင် မင်နီ ပြန်ရောက်လာသည်။

"အခြေအနေ အတော်ဆိုးနေပြီလား" ဟု မေးသည်။

"သွားလေရာမှာ ဒါတွေကိုပဲ အပ်ကြောင်းထပ် ကြားနေရတယ်ဗျာ၊ ဟူနာတွေကိုပဲ ဝိုင်းအပြစ်တင်နေကြတယ်၊ လူဖြူတွေကျတော့ အကောင်းချည့်ပဲ"

မင်နီက ဆေးပြင်းလိပ်တစ်လိပ်ညှိပြီး ဝရန်တာလက်တန်းပေါ်မှာ ထိုင်နေသည်။

"ဒီအဖြစ်အပျက်တွေအတွက် မင်း သိပ်ကိုစိတ်မချမ်းမသာ ဖြစ်နေသလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟူနာလူမျိုးတစ်ယောက်ကို သတ်တယ်ဆိုရင် လူတစ်ယောက်ကိုသတ်တယ်လို့ မယူဆနိုင်ဘူး၊ အင်ဒီးယန်းတစ်ယောက်ကို သတ်တယ်လို့ ယူဆရမယ်၊ အခုတော့ လူမျိုးရေးတွေ ဖြစ်ကုန်ပြီဗျာ"

"ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီအတွေးအခေါ်တွေ မင်းဘယ်လိုလုပ် ရလာတာလဲ"

"ရိုးရိုးလေးပါဗျာ၊ ကျွန်တော် ဇင်ဂူးကိုရောက်တဲ့ ပထမလ,မှာပဲ အင်မတန်တော်တဲ့ ကောင်းတဲ့ လူတစ်ယောက်ကို တွေ့တယ်၊ ကျွန်တော် အသက်တစ်ရာရှည်အောင် နေရမယ်ဆိုရင်လဲ ဒီလိုလူမျိုးထပ်တွေ့ဖို့ မလွယ်တော့ဘူး၊ သူက ကက်သလစ်ဘာသာဝင် ဖြစ်ခဲ့တဲ့အတွက် သူ့ကို မီးလောင်တိုက်သွင်းပစ်ရမလား၊ သူတော်စင်အဖြစ် ချီးကျူးရမလားဆိုတာကိုတောင် မျောက်ပန်းလှန် ဆုံးဖြတ်ခဲ့ကြရသလိုပဲ"

"သူက ဘယ်သူလဲ"

"ဗီယင်နာမြို့သား ကားလ်ဘာဘာတဲ့၊ တရားဟောဆရာ၊ ဇင်ဂူးမှာရှိနေတဲ့ သာသနာပြုအဖွဲ့နဲ့ပေါင်းပြီး အလုပ်လုပ်ဖို့ ရောက်လာတာ၊ ဒါပေမယ့် သာသနာပြုအဖွဲ့တွေရဲ့ သာသနာပြုမှုကြောင့် အင်ဒီးယန်းလူမျိုးတွေ ဒုက္ခရောက်နေတာကိုလဲ တွေ့ရော အဲဒီအလုပ်ကို သူတစ်ခါတည်း စွန့်လွှတ်လိုက်တယ်"

"အဲဒီနောက် သူဘာလုပ်သလဲ"

"သူဟာသူပဲ အခြေချတော့တယ်၊ သူ့ဘဝတစ်ခုလုံးကို စီတာလူမျိုးစုတွေကြားထဲမှာပဲ မြှုပ်နှံထားတယ်၊ ဟူနာလူမျိုးတွေ ယဉ်ကျေးလာဖို့ အပြင်းအထန် လုံးပန်းတော့တယ်၊ ဟူနာအမျိုးသမီးတစ်ယောက်နဲ့လဲ လက်ထပ်တယ်၊ သူလိုတဲ့ပစ္စည်းကလေးတွေကို ကြုံတဲ့အခါမှာ ကျွန်တော်က ယူသွားပေးလေ့ရှိတယ်"

"နောက်ဆုံးတော့ သူ့ကို သတ်ပစ်လိုက်ကြသလား"

ကျွန်တော်က ခေါင်းညိတ်ပြလိုက်သည်။

"ဖိုသောမတ်စ်ကို ဝင်အတိုက်ခံရပြီးတဲ့နောက် သူ့မိန်းမက ပြောတယ်၊ သူ့အဖေ ဒဏ်ရာအပြင်းအထန် ရသွားတယ်တဲ့"

"သူ့မိန်းမက သူ့ကို ပြန်သစ္စာဖောက်တယ်လို့ ဆိုလိုဟာလား" မင်နီက ကောင်းစွာသဘောမပေါက်သလို မျက်မှောင်အနည်းငယ်ကုတ်လိုက်သည်။

"သူ့လူမျိုးအတွက် သူလုပ်တာလေ၊ ဘာဘာရဲ့သတ္တိနဲ့ ဉာဏ်ပညာကို သူတို့လေးစားကြတယ်၊ ဒါကြောင့် စန်တာဟယ်လီနာမှာ ဘုန်းတော်ကြီးကွန်တီကို သတ်သလို သူ့ကိုသတ်ကြတယ်၊ သူ့ဦးနှောက်နဲ့ နှလုံးကို သူတို့အကြီးအကဲလက် ဆက်ကြတယ်"

"အဲဒါတွေဖြစ်ခဲ့တာတောင် ဒီလိုလူမျိုးတွေဘက်က မင်းဘက်လိုက်နေတုန်းပဲလား" မင်နီ၏မျက်နှာပေါ်မှာ ထိတ်လန့်သည့်အမူအရာ ပေါ်လာသည်။

"ကားလ်ဘာဘာရှိနေသေးရင် သူလဲ ဘက်လိုက်မှာပဲ၊ အသတ်ခံရပြီးတဲ့နောက် စကားပြောနိုင်သေးတယ် ဆိုရင်လဲ ဘက်လိုက်ပြောမှာပဲ၊ အင်ဒီးယန်းလူမျိုးတွေ ဘာ တောတောင်ထဲမှာ သူတို့ အသက်ရှင် ရပ်တည်နိုင်ဖို့အတွက် လူသတ်နေရတဲ့ အပါဗျာ"

"အဲဒီတော့ ပြဿနာကို ဘယ်လိုလုပ်ရှင်းမလဲ"

"ရှင်းလို့ရနိုင်တဲ့နည်းလမ်း မရှိဘူး၊ သူတို့နယ်မြေမှာ အဖိုးတန်သယံဇာတတွေ အများကြီးရှိနေတယ်၊ မြစ်ချောင်းအင်းအိုင်တွေထဲမှာ စိန်တွေရှိနေတယ်၊ ဒါကြောင့် ကျောက်ခေတ်လူသား ယဉ်ကျေးမှုအဆင့်မှာ့တဲ့ အင်ဒီးယန်းလူမျိုးတွေရဲ့ အဖိုးမဖြတ်နိုင်တဲ့ သယံဇာတတွေကြားထဲမှာ လောဘသားတွေက ဇွတ်အတင်းဝင်နေကြတာပဲ"

သူက ဝမ်းပန်းတနည်းပြုံးပြီး ကျွန်တော့်ပခုံးပေါ်မှာ လက်တစ်ဘက်လာတင်သည်။ "အင်မတန် ညစ်ပတ်စုတ်ပဲ့တဲ့ လောကကြီးပါပဲ ငါတွေ့ရယ်"

"အင်း. . . ဒီနေ့တော့ အရက်ပဲ ဖိသောက်နေရတော့မလို ဖြစ်နေပြီ"

"ဟုတ်တာပေါ့၊ ကဲ. . . ရေသွားချိုးချေ၊ ငါ ကော်ဖီဖျော်ထားလိုက်မယ်"

သူအကြံပေးသည့်အတိုင်း ရေချိုးခန်းထဲ ဝင်ခဲ့သည်။ ရေကို ကြက်သီးနွေးစပ်ပြီး ဆယ်မိနစ်လောက် စိမ်နေလိုက်သည်။ ကျွန်တော် အဝတ်အစားလဲနေတုန်း တံခါးခေါက်သံကြားပြီး ဖစ်ဂွာရီဒိုဝင်လာသည်။

"မဟုတ်တာတွေပဲ လုပ်နေရတယ်ဗျာ" အနီးဆုံးကုလားထိုင်မှာ သူဝင်ထိုင်ပြီး မျက်နှာကို လက်ကိုင်ပဝါနှင့် သုတ်လိုက်သည်။ "အခုလဲ စန်တာဟယ်လီနာနဲ့ ကြေးနန်းဆက်လာတာ၊ အယ်လ်ဘတ်တိုကိုလဲ အကျိုးအကြောင်းပြောလိုက်ပြီ"

အလွန်အားကောင်းသည့် ကြေးနန်းစက်တစ်လုံးကို စစ်တပ်က ဆင်ပေးထားသည်။ ဆက်သွယ်ရေးတပ်ကြပ်တစ်ဦးကိုလည်း ထားပေးသည်။

"ဟင်နာရော ဒီနေ့ည ဟိုမှာပဲအိပ်မယ်တဲ့လား" ကျွန်တော်က ဂျာကင်အကျႌကို ဆွဲစေ့ရင်း မေးသည်။ "သူကရော ဘာပြောသေးလဲ"

"မြန်နိုင်သမျှ အမြန်ဆုံး သူ့ဆီကိုလိုက်ခဲ့ပါတဲ့"

"စန်တာဟယ်လီနာကိုလား" ကျွန်တော်က ခေါင်းယမ်းလိုက်သည်။ "ခင်ဗျား ကြားလွဲပြီထင်တယ်၊ ကျွန်တော်က မာနော့စ်မြို့ကို ချောစာထုပ်နဲ့ ပစ္စည်းတွေ ပို့နေတာ မဟုတ်လား"

"အဲဒီအစီအစဉ်တွေ ဖျက်လိုက်ပါ၊ အခုဟာက စစ်ရေးကိစ္စအတွက် ခင်ဗျားကို လိုနေတယ်"

"အင်း. . . ဒီလိုဆိုလဲ သွားရမှာပေါ့လေ၊ ဘာကိစ္စအတွက်တဲ့လဲ"

"ကျွန်တော်သိဖို့မလိုဘူး၊ စစ်ရေးကိစ္စနဲ့ ပတ်သက်လာရင် ကျွန်တော်တို့ မေး ခွန်းလေ့မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီနှစ်ခွက်ကိုင်ပြီး မင်နီဝင်လာသည်။ "ကြားလိုက်တယ်မဟုတ်လား" ဟု ကျွန်တော်က လှမ်းမေးသည်။

"ဘရစ္စတိုလေယာဉ်ပျံကို ငါ အသင့်ပြင်ထားလိုက်မယ်"

ပြတင်းပေါက်နားမှာရပ်ရင်း ကော်ဖီသောက်ကာ မြစ်ပြင်ဘက်သို့ လှမ်းမျှော်ကြည့်နေမိသည်။ အစာရေစာမဝသည့် နွားပိန်နှစ်ကောင်ဆွဲသော လှည်းတစ်စီး ကျွန်တော်တို့ဘက်သို့ မောင်းလာသည်။ လှည်းပေါ်မှာ အထုပ်တစ်ထုပ် ပါလာသည်။ လှည်းသမားကြီးက နွားကို ကြိမ်တတို့တို့ လုပ်လာသည်။

ကျွန်တော်တို့ရှေ့မှ လှည်းဖြတ်မောင်းသွားသောအခါ လွင့်လာသောအနံ့ကြောင့် ဘာတင်သွားကြောင်း ကျွန်တော်တို့ သိလိုက်သည်။

မိုးက ရုတ်တရက် ရွာချလိုက်ပြန်သည်။

□

ကျွန်တော်က လေယာဉ်မောင်းပြီးတက်လာတော့ မိုးကရွာကောင်းနေတုန်းပင် ဖြစ်သည်။ သို့သော်လည်း မိုးအစဲကို စောင့်၍မဖြစ်။ မြစ်ကြောင်းအတိုင်း ကျွန်တော်မောင်းလာခဲ့သည်။ မိုးနှင့်လွတ်သောအခါ လေယာဉ်မောင်းရသည်မှာ ကြည်နူးစရာကောင်းလာသည်။

စန်တာဟယ်လီနာကိုရောက်တော့ ပတ်ဝန်းကျင်ကို ကြည့်နိုင်ရန် ခပ်နိမ့်နိမ့်ပျံသန်းခဲ့သည်။ သာသနာပြုအဖွဲ့ပိုင်သည့် မော်တော်က အောက်သို့ စုန်ဆင်းသွားခါသာ ရှိသေးသည်။ သို့သော်လည်း ပေလေးဆယ်ရှည် တိုက်ရေယာဉ်ဟောင်းကြီးကတော့ ကမ်းမှာကပ်ထားဆဲရှိသည်။ ဆေးရုံထဲမှ စစ်သားတချို့ထွက်လာပြီး လက်ဝှေ့ရမ်းပြသည်။ ဘုန်းတော်ကြီး၏အိမ်ထဲမှ ဟင်နာ ထွက်လာသည်။ ကျွန်တော် တစ်ပတ်ပြန်ပြ ကြည့်ပြီး တစ်ဘက်ကမ်းလေယာဉ်ကွင်းသို့ ဆင်းခဲ့သည်။

လေယာဉ်ကွင်းတွင် စက်သေနတ်ကြီးနှစ်လက်နှင့် စစ်သားဆယ်ယောက်ကို အစောင့်အဖြစ် အမြဲတမ်းတာဝန် ချထားသည်။ စခန်းတာဝန်ခံ တပ်ကြပ်ကြီးက စစ်သားတစ်ယောက်ကိုခေါ်ပြီး စက်တပ်လှေကလေးဖြင့် တစ်ဘက်ကမ်းသို့ ကျွန်တော့်အား လိုက်ပို့စေသည်။

ဆိပ်ကမ်းမှာ ဟင်နာစောင့်နေသည်။ "မင်းက ဖိမ်ဆွဲပြီး အေးအေးဆေးဆေး လုပ်နေတာပေါ့လေ" ဟု မကျေနပ်သံနှင့် ဆီးပြောသည်။

"သေပြေးရှင်ပြေး လာရမယ်လို့ ဘယ်သူကမှ ကျုပ်ကိုမပြောဘူး၊ ဘာကိစ္စပေါ်နေလို့လဲ"



"မင်းမိတ်ဆွေ ဟူနာလူမျိုးတွေဆီ ခရစ္စမတ်လက်ဆောင်ကလေးတွေ သွားချပေးမလို့"

အထုပ်ကြီးနှစ်ထုပ်ကို လှေထဲမှာရှိနေသည့် စစ်သားအား လှမ်းပေးသည်။ ပြီးတော့ သူပါ လှေထဲသို့ဆင်းသွားပြီး ချည်ထားသည့်ကြိုးကို ဖြုတ်လိုက်သည်။ "လှေကို ငါပြန်လွှတ်ပေးလိုက်မယ်၊ ငါ့ အလုပ်ကလေးတွေရှိသေးလို့ ဟိုဘက်ကူးနှင့်တော့မယ်၊ ဘုန်းတော်ကြီးအိမ်ထဲမှာ အယ်လ်ဘာတ်တိုရှိနေတယ်"

လှေဦးပိုင်းမှာ သူသွားထိုင်ပြီး စီးကရက်တစ်လိပ်ကို ညှိသည်။ ပြီးတော့ သူ့လက်များကို ဂျာကင်အကျီအိတ်ထဲသို့ ထည့်ထားလိုက်သည်။

ကျွန်တော်သည် ဘာမျှနားမလည်နိုင်အောင်ဖြစ်ပြီး အကျိုးအကြောင်းကို ချက်ချင်းသိချင်နေသည်။ ထို့ကြောင့် နောက်ပြန်လှည့်ပြီး ကမ်းနားတစ်လျှောက် ခပ်သုတ်သုတ် လျှောက်နေမိသည်။ ကမ်းစပ်မှာ ကင်းစောင့်နေသည့် စစ်သားတစ်ယောက်ကို တွေ့ရသည်။ စိတ်ပျက်ပြီး ငြီးငွေ့နေပုံရသည်။ ဘုရားရှိခိုးကျောင်းအဝင်တွင် စက်သေနတ်ဆင်ထားပြီး စစ်သားနှစ်ယောက် စောင့်နေသည်။

ဘုန်းတော်ကြီးကွန်တီ၏ အိမ်ထဲမှာ ဗိုလ်မှူးကြီးအယ်လ်ဘာတ်တိုကို တွေ့ရသည်။ ကုတင်သေးသေးပေါ်တွင် လှဲနေပြီး၊ ဆေးတပ်သားတစ်ယောက်က သူ့ညာဘက်ခြေထောက်မှ အနာကို ဆေးထည့်ပေးနေသည်။ လက်တစ်ဘက်က ဖန်ခွက်၊ ကျန်တစ်ဘက်က ဘရန်ဒီပုလင်းတစ်လုံးကို ကိုင်ထားသည်။

"ဟော. . . ဆီဉော်မာလိုရီ၊ လာဗျာ၊ အင်မတန်ဆိုးတဲ့ ကျွန်တော့်ရန်သူတွေအပေါ် အကြမ်းပတမ်း မဆက်ဆံချင်ပါဘူး၊ ဒီကောင်တွေက ငရဲမီးလိုပဲ၊ အရိုးအထိ လောင်တယ်"

"ကိုယ့်ရဲဘော်တွေ မခံရဖို့ အရေးကြီးတယ်မဟုတ်လား"

"ကပ္ပတိန်ဟင်နာ ရှင်းပြပြီးပြီလား"

"ဟူနာတွေကို ခရစ္စမတ်လက်ဆောင် ပေးစရာရှိတယ်လို့ပြောပြီး မြစ်ဟိုဘက်ကမ်းကို ကူးသွားတယ်၊ သူပြောတာ ကျွန်တော်နားမရှင်းဘူး၊ ပြောပါဦး"

"ရိုးရိုးပါပဲ၊ သူနဲ့အတူနေတဲ့ ဟူနာကပြားတစ်ယောက်ကို ကျွန်တော်စည်းရုံးထားတယ်၊ သူတို့ရဲ့ အဓိကရွာကြီး ဘယ်နားမှာရှိတယ်ဆိုတာ ပြောတယ်၊ မြေပုံပေါ်မှာ ကျွန်တော်မှတ်ထားတယ်၊ ဒီကနေ မိုင်လေးဆယ်လောက် ဝေးတယ်"

"ခင်ဗျားတို့ ဝင်တိုက်တော့မှာလား"

အယ်လ်ဘာတ်တိုက ကျယ်လောင်စွာ ညည်းလိုက်သည်။ သူ့နဖူးမှာ ချွေးစို့နေသည်။

"မဖြစ်နိုင်ဘူး၊ အဲဒီရွာကိုရောက်အောင် သုံးပတ်လောက် ခရီးနှင်ရ...

www.burmeseclassic.com

www.burmeseclassic.com



တက်ရမယ်၊ ကျွန်တော့်လမ်းပြကလဲ သဘောမတူဘူး၊ တောထဲက ဖြတ်ချိတက်ရင် ကိုယ့်သေကွင်း ကိုယ်တူးနေတာနဲ့ အတူတူပဲ၊ တစ်ယောက်ချင်း ဆီးသတ်ရုံပဲ"

"စစ်ကူပို့ပေးဖို့ကရော"

"စစ်ကူမလာနိုင်ဘူး၊ ဇင်ဂူးဘက်မှာလဲ အခြေအနေတွေ မကောင်းဘူး၊ ဒီမှာလဲ စန်တာဟယ်လီနာကို ကျွန်တော်တို့ စွန့်ခဲ့ရမယ့် အခြေအနေရှိနေတယ်၊ ဒါကြောင့် အရေးကြီးတဲ့ပစ္စည်းတွေကို သာသနာပြုအဖွဲ့ပိုင် မော်တော်နဲ့ လင်ဒရိုကို ပြန်ပို့ခိုင်းလိုက်ပြီ"

"ဒီလိုဆို ဘာဖြစ်လို့ ကျွန်တော့်ကိုခေါ်တာလဲ"

"ဟူနာရွာကြီးကို ဟင်နာနဲ့အတူတူ လေယာဉ်ပျံနဲ့ သွားစေချင်လို့ပါ၊ ချစ်ကြည် ရေးကိစ္စအတွက် ပစ္စည်းအချို့ချပေးပါ။ အဲဒီနောက်မှာ ကျွန်တော့်လူကိုလွှတ်ပြီး စေ့စပ် ဆွေးနွေးဖို့ကိစ္စ အစီအစဉ်လုပ်နိုင်းမယ်"

ဆေးတပ်သားက အနာကို ပတ်တီးစည်းနေသည် သူက ဖန်ခွက်တစ်လုံးယူပြီး ဘရန်ဒီထည့်ကာ ကျွန်တော့်ဆီသို့ ကမ်းပေးသည်။ မသောက်ချင်သော်လည်း အားနာ သဖြင့် ယူလိုက်ရသည်။

"ခင်ဗျားအကြောင်းတွေကို ကျွန်တော်စုံစမ်းကြည့်တယ် မာလိုရီ၊ ဇင်ဂူးမှာ တုန်းက ကားလ်ဘာဘာဆိုတဲ့ အရှုတစ်ယောက်နဲ့ ခင်ဗျားရင်းနှီးခဲ့တာလဲ သိရပါတယ် အင်ဒီးယန်းတွေအကြောင်း ကျွန်တော့်ထက်ပိုပြီး ခင်ဗျားသိတယ်ဆိုတာလဲ သိရတယ် အခု ကျွန်တော့်အစီအစဉ်တွေ အောင်မြင်နိုင်ပါ့မလား"

"လုံးဝ မျှော်လင့်ချက်မရှိဘူး၊ အမှန်တရားကို သိချင်တယ်ဆိုရင်တော့ အတိုင်းပဲ ဖြေရမယ်"

"ကျွန်တော် လက်ခံပါတယ်ဗျာ၊ ဒါပေမယ့် ကျွန်တော် တစ်ခုခုလုပ်မှ ဖြစ် တော့မယ်၊ ဘာမှမလုပ်ရင် စစ်ဌာနချုပ်က ကျွန်တော့်ကို ကောင်းကောင်းထောင်းမယ်"

ဖန်ခွက်ကို ကျွန်တော် ပြန်ချထားလိုက်သည်။ "ဒီလိုဆိုရင် ကျွန်တော်သွားဦး ဟိုဘက်ကမ်းမှာ ဟင်နာစောင့်နေပြီ"

"သူလဲ စိတ်မချမ်းမသာ ဖြစ်နေတယ်၊ ချောချောမောမော ဖြစ်ကြပါစေဗျာ" ဟုပြောရင်း ကျွန်တော်ချလိုက်သည့် ဖန်ခွက်ကို လှမ်းဆွဲသည်။

အပြင်မှာ နေက ချစ်ချစ်တောက်ပူနေသည်။ ခြေချလိုက်တိုင်း ဖုန်က ထောင်းထောင်း ထ,သွားသည်၊ အဆောက်အအုံများပေါ်တွင် နွယ်ပင်ကြီးတွေ ယှက် သန်းနေကြပြီ။

ပဲ့ချိတ်ကလေးက မြစ်ကမ်းတွင် စောင့်နေသည်။ တစ်ဘက်ကမ်းသို့ ဆယ့် မိနစ်ကြာအောင် ကူးရသည်။ ဟင်နာကို လေယာဉ်ပျံ အတောင်ပံအောက်မှာ တွေ့



သည်။ မြေပုံတစ်ချပ်ကို ဖြန့်ပြီးကြည့်နေသည်။ အလွန်တရာလည်းစိတ်တိုနေပုံရသည်။

"မင်း ဘယ်လိုသဘောရသလဲ" ဟု ဆီးမေးသည်။

"အလကား အချိန်ဖြုန်းနေတာနဲ့ အတူတူပဲ"

"ငါလဲ သူ့ကို ဒီအတိုင်းပြောပြပါတယ်ကွာ၊ ဒါပေမယ့် မရဘူး" သူ မတ်တတ် ရပ်လိုက်သည်။ "မြေပုံပေါ်မှာ အဲဒီနေရာကို ငါမှတ်ထားတယ်၊ တကယ်ကတော့ ဘာမှ ရှိမှာလဲ မဟုတ်ပါဘူး"

"ကျွန်တော်ပါ ခင်ဗျားနဲ့အတူ လိုက်ရမှာလား"

"ဒီအတွက် မင်းကို ငါလာခေါ်ပေးထားတာ မဟုတ်လား"

တစ်ဘက်လှည့်ပြီး လေယာဉ်ပျံပေါ်သို့ တက်သွားသည်။ သူ့အပြုအမူကို ကျွန်တော် မနှစ်မြို့နိုင်အောင် ဖြစ်လာသည်။

၈

ပေတစ်ထောင်အမြင့်လောက်က ကျွန်တော်တို့ ပျံသန်းလာကြသည်။ ရာသီဥတုက ကောင်းနေသည်၊ နေရောင် စူးလွန်းလှသောကြောင့် မျက်မှန်အနက်ကို တပ် လိုက်ရသည်။ ဟင်နာက ကျွန်တော့်နောက်ခုံမှာထိုင်ပြီး မှန်ပြောင်းတစ်လက်နှင့် အောက် ဘက်သို့ကြည့်နေသည်။ စကားတစ်လုံးမှ မပြော။

အမှန်တော့ မှန်ပြောင်းနှင့် ကြည့်ရလောက်အောင်လည်း မြင်ကွင်းကမဝေး လှ။ ဆယ့်ငါးမိနစ်လောက်ကြာတော့ တောအလယ်မှ ကွက်လပ်ကြီးတစ်ခုပေါ်သို့ ကျွန်-တော်တို့ ရောက်သွားသည်။ ပေငါးရာအမြင့်သို့ ကျွန်တော်ဆင်းခဲ့ပြီး ဝဲကြည့်သည်။

"တောင့်ကျက်ပျောတောကြီးကွ၊ တို့လာရမယ့်နေရာပဲ ဖြစ်ရမယ်"

တောလယ်ကောင်တွင် ရှင်းထားသည့် အကွက်ကလေးများကို တွေ့ရသည်။ အင်ဒီးယန်းလူမျိုးများ၏ မွေးမြူရေးစခန်းများ ဖြစ်နိုင်သည်၊ တစ်ဆက်တည်းမှာပင် ဧရာမရွာကြီးတစ်ရွာကို တွေ့လိုက်ရသည်။

ပေငါးရာအမြင့်မှာပင် ကျွန်တော် ပျံသန်းနေသည်။ ဟင်နာ၏ လက်တစ်ဘက် ကျွန်တော့်ပခုံးပေါ်သို့ ကျလာသည်။

"ဒီရွာပဲကွ"

ပန်းပွင့်ကြီးလို ကွင်းကြီးကိုတွေ့ရသည်။ ကျွန်တော်ထင်သည်ထက်ပင် ကျယ်ဝန်းနေသေးသည်။ အချင်း ကိုက်ငါးဆယ်လောက် အနည်းဆုံးရှိနိုင်သည်။ အလယ် မှ အဆောက်အအုံကြီးတစ်ခုကို ရှည်လျားသည့် သက်ကယ်တဲများက ဝိုင်းရံထားသည်။

www.burmeseclassic.com

www.burmeseclassic.com



တဲထဲမှလူတွေ ပြေးထွက်လာကြပြီး ကျွန်တော်တို့ကို မော့ကြည့်နေကြသည်။ လူပေါင်းနှစ်ရာသုံးရာလောက် ရှိမည်။ ပေသုံးရာအမြင့်သို့ ကျွန်တော်ဆင်းခဲ့သည်။ ကျွန်တော်တို့လေယာဉ်ပျံ ဝဲနေသော်လည်း မည်သူမျှ ထွက်ပြေးပုန်းရှောင်ခြင်း မပြု။ မဆင်းနိုင်ကြောင်းသိ၍လည်း ဖြစ်နိုင်သည်။ လေယာဉ်ပျံနှင့် ယဉ်ပါးနေသောကြောင့်လည်း ဖြစ်နိုင်သည်။ အတော်များများက မြားများကို တစ်စင်းပြီးတစ်စင်း ကျွန်တော်တို့ဆီသို့ ပစ်လွှတ်နေသည်။

"အလကား တိရစ္ဆာန်တွေ မင်းမြင်ပြီမဟုတ်လား"

ဟင်နာတ ခက်ထန်သည့်အသံနှင့် ရယ်လိုက်သည်။

"ကောင်းပြီ ချာတိတ်၊ ပေတစ်ရာလောက်အထိ ဆင်းကွာ၊ အမြန်နှုန်းကိုတော့ မင်းကြိုက်သလောက် လျှော့ချလိုက်"

ညာဘက်သို့ ကျွန်တော်စောင်းပြီး သစ်ပင်ထိပ်ဖျားများပေါ်သို့ နိမ့်ဆင်းလိုက်သည်။ ဟင်နာက ဘေးမှတံခါးကိုဖွင့်လိုက်သဖြင့် အတွင်းသို့ လေတဟူးဟူး ဝင်လာသည်။ ရွာကြီးက ကျွန်တော်တို့ရှေ့မှာ ရှိနေသည်။ အောက်ကလူများက ကျွန်တော်တို့ကို မော့ကြည့်နေကြသည်။ မြားတွေလည်း တက်လာသည်။ ထိရောက်မှုကား မရှိ။

လေယာဉ်ကိုထိန်းပြီး လှမ်းကြည့်လိုက်တော့ လူအုပ်အလယ်တွင် မီးလုံးကြီးတစ်လုံး ပေါက်ကွဲသွားသည်ကို တွေ့လိုက်ရသည်။ တစ်ဆက်တည်းမှာပင် ဒုတိယတစ်လုံး ပေါက်ကွဲပြန်သည်။ အလွန်တရာဆိုးဝါးသည့် မြင်ကွင်းကို ကျွန်တော် မြင်လိုက်ရသောကြောင့် အသက်ရှူ ရပ်တော့မလိုဖြစ်မိသည်။

သည်အဖြစ်မျိုးနှင့် ကြုံရလိမ့်မည်ဟု ကျွန်တော် ကြိုတင်တွက်ဆခဲ့ဖို့ ကောင်းသည်။ ယခုတော့ လက်လွန်ကုန်ပြီ။ ဟင်နာက အရူးတစ်ယောက်လို တဟားဟား ရယ်နေသည်။ တစ်ပတ်ပြန်ဝဲပြီး မီးခိုးလုံးများထဲမှာ ကျွန်တော်တို့ကြည့်သည်။ အလောင်းတွေ ပြန့်ကြဲနေသည်။ တဲများလည်း တစ်လုံးပြီးတစ်လုံး မီးစွဲလောင်နေသည်။

"ခွေးတိရစ္ဆာန်တွေ၊ ဒါမျိုးကို သဘောကျတယ် မဟုတ်လားဟေ့" ဟု တံခါးပေါက်မှ ဟင်နာက လှမ်းအော်သည်။ ကျွန်တော်က လေယာဉ်ပျံကို ဘယ်ညာစောင်းပစ်လိုက်သည်။ ဟင်နာ ဟန်ချက်ပျက်သွားပြီး ထိုင်ခုံပေါ်သို့ ပြန်ကျသွားသည်။

ကြက်သွေးရောင် ပန်းပွင့်ကြီးလို ထိုးတက်လာသည့် မီးတောက်ကြီးကို တစ်ချက်လှမ်းကြည့်လိုက်ပြီး ကျွန်တော် ပြန်လှည့်လာသည်။

❒

စန်တာဟယ်လီနာသို့ အပြန်ခရီးတွင် ကျွန်တော့်စိတ်တွေ ထုံထိုင်းထိုင်း ဖြစ်



နေသည်။ မြင်ခဲ့ရသည့် အဆိုးရွားဆုံးမြင်ကွင်းက ကျွန်တော့်မျက်စိထဲမှ ထွက်မသွား။

လေယာဉ်ကွင်းမှာ ထိုးဆင်းပြီး စက်ရပ်လိုက်သည်။ မလှုပ်မယှက် ကျွန်တော် ထိုင်နေမိသည်။ သို့သော် လက်တွေက ဆတ်ဆတ်တုန်နေသည်။ နှုတ်ခမ်းတွေ ခြောက်လာသည်။ အံကို တင်းတင်းကြိတ်ထားမိသည်။ ဟင်နာက နောက်မှတံခါးကိုဖွင့်ပြီး ခုန်ဆင်းလိုက်သည်။ ကျွန်တော့်တံခါးကို ဖွင့်လိုက်တော့ လက်ဝါးနှင့်အုပ်ပြီး စီးကရက်မီးညှိနေသည့် ဟင်နာက အောက်မှာရပ်နေသည်။

"ပထမဆုံး အတွေ့အကြုံဆိုတော့ မင်းစိတ်ထိခိုက်နေမှာပေါ့ ချာတိတ်ရာ" ဟု ကျွန်တော့်ကိုမော့ကြည့်ကာ ပြုံးပြီးပြောသည်။

သူ့ကို ကျွန်တော် ခုန်အုပ်လိုက်သည်။ ကျွန်တော့်လက်သီးက သူ့မျက်နှာဆီသို့ တည့်တည့်ဝင်သွားသည်။ နှစ်ယောက်စလုံး မြေပြင်ပေါ်သို့ လုံးထွေးကျသွားသည်။ သူ့လည်ပင်းကို လက်နှစ်ဘက်ဖြင့် အားရှိသလောက် ကျွန်တော်ညှစ်ထားသည်။ မမျှော်လင့်ဘဲ အလစ်တွင် အတိုက်ခိုက်ခံရသော်လည်း ထင်သလောက် မထိရောက်။ ဟင်နာသည် အလွန်သန်မာလှသူ ဖြစ်သည်။ တစ်ဆက်တည်း အော်သံတွေကြားရသည်။ လူအတော်များများက ကျွန်တော့်ကိုဝိုင်းဆွဲပြီး သူနှင့် လူချင်းခွဲပစ်လိုက်သည်။

တပ်ကြပ်ကြီးက ကျွန်တော့်မေးစေ့ကို ခြောက်လုံးပြူးနှင့် ထောက်ထားသည်။ ချက်ချင်းဆိုသလိုပင် ဗိုလ်မှူးကြီး အယ်လ်ဘတ်တို ရောက်လာသည်။ သူ့လက်ထဲမှာ ခြောက်လုံးပြူးသေနတ် ပါလာသည်။ သူ့လူများကို ဘေးဖယ်ခိုင်းလိုက်သည်။ ပြီးတော့ ကျွန်တော့်ကို တည့်တည့်စိုက်ကြည့်နေသည်။

"ခင်ဗျားကို ဖမ်းရမယ်ဆိုရင် ကျွန်တော် စိတ်မကောင်းဖြစ်မှာ အမှန်ပဲ ဆီညော်မာလိုရီ၊ ဒါပေမယ့် လိုအပ်လာရင်တော့ ဖမ်းရလိမ့်မယ်၊ ဒီနေရာဟာ စစ်အုပ်ချုပ်ရေးနယ်မြေဆိုတာ မမေ့ပါနဲ့၊ ပြီးတော့ ကျုပ်ဟာ ဒီနယ်မြေကို အုပ်ချုပ်နေတဲ့သူ"

"ခင်ဗျား ဘာကောင်ကြီးဖြစ်နေနေ သောက်ဂရုမစိုက်ဘူး၊ ဟိုခွေးသားကြီး ဘာတွေလုပ်ခဲ့သလဲ ခင်ဗျားသိသလား၊ အနည်းဆုံး လူငါးဆယ်လောက်ကို သူသတ်ခဲ့တယ်၊ ဒီလိုသတ်နိုင်အောင် ကျုပ်က သူ့ကို ကူညီခဲ့ရတယ်"

အယ်လ်ဘတ်တိုက ဟင်နာဘက်သို့လှည့်သွားပြီး အိတ်ထဲမှ စီးကရက်ဘူးကို ထုတ်တည်သည်။ "ဒီလိုဆို အလုပ်ဖြစ်ခဲ့ပြီပေါ့"

"သိပ်ဖြစ်ပေါ့ဗျာ" ဟုပြောရင်း ဟင်နာက စီးကရက် လှမ်းယူသည်။

အယ်လ်ဘတ်တိုက ကျွန်တော့်ဘက် လှည့်လာပြန်သည်။ စီးကရက်က[illegible] သည်။ ကျွန်တော်ကလည်း စက်ရုပ်တစ်ရုပ်လို တစ်လိပ်လှမ်းယူသည်။

"အင်မတန်ခက်ခဲတဲ့ အခြေအနေတွေပါ ဆီညော်မာလိုရီ၊ [illegible] ခင်ဗျားတို့နှစ်ယောက် ဒီတာဝန်ကို ယူပေးစေချင်တာ၊ ခင်ဗျားစိတ်[illegible]

www.burmeseclassic.com

www.burmeseclassic.com



သိပါတယ်၊ ဒါပေမယ့် ခင်ဗျားအနေနဲ့ ပေးတဲ့တာဝန်ကိုတော့ ထမ်းဆောင်ရမှာပဲ"

"လူသတ်ပွဲကြီးတစ်ခုမှာ ကျွန်တော့်ကို ခင်ဗျား အသုံးချလိုက်တာပဲ"

သူက ခေါင်းကိုခါယမ်းပြီး မျက်နှာထားကြီးနှင့် ပြန်ပြောသည်။ "အခုဟာက စစ်ဆင်ရေးလုပ်နေတာပါ။ အစကနေ ဆုံးတဲ့အထိ စစ်ဆင်ရေးမှူးကြီးအနေနဲ့ ဘာမဆို ကျွန်တော် လုပ်ပိုင်ခွင့်ရှိနေကြောင်း အထက်က တာဝန်ပေးပြီးသားပါ"

"ဟူနာတွေနဲ့ ခင်ဗျား စေ့စပ်ဆွေးနွေးချင်တယ်ဆိုတာ ကျွန်တော့်ကိုလိမ်တာပဲ"

"လိမ်တယ်လို့လဲ မဆိုနိုင်ပါဘူးဗျာ၊ တကယ့်လုပ်ငန်းက အခုမှစ,တာပါ။ ကျွန်တော်တို့ဟာ ပြောသလိုလုပ်တတ်တယ်ဆိုတာ သူတို့သိဖို့လိုတယ်၊ ကျွန်တော်တို့ဟာ အင်အားကြီးကြောင်းလဲ သူတို့ သဘောပေါက်ဖို့လိုတယ်၊ ဒါမှလဲ သူတို့နဲ့ ဆွေးနွေးတဲ့အခါမှာ ကျွန်တော်တို့က အပေါ်စီးရမယ်၊ စိတ်မချမ်းသာစရာကောင်းတဲ့ ဒီအလုပ်တွေ ဆုံးခန်းတိုင်ရောက်သွားအောင် ခင်ဗျားနဲ့ ကပ္ပတိန်ဟင်နာတို့ကို အသုံးချရတာပါ"

"ကောင်းကင်မှာ ဗုံးကြဲချပြီး အင်အားချည့်နဲ့သူတွေကို အစုလိုက်အပြုံလိုက် သတ်ပစ်နေတာမျိုးလား"

သူတို့အားလုံးက စက်ဝိုင်းခြမ်းလို ကျွန်တော့်ပတ်လည်မှာ ဝိုင်းနေကြသည်။ ကျွန်တော်တို့ပြောနေသည့် အင်္ဂလိပ်စကားကို အချို့က နားလည်ပုံရသည်။ ဟင်နာ၏ အမူအရာက ပိုမိုတည်ငြိမ်လာသည်။ သူ့မျက်နှာကမူ ဖြူဖပ်ဖြူရော် ဖြစ်နေသည်။

"သီလရှင်တွေ ဘာဖြစ်ခဲ့သလဲ မာလိုရီ ပြန်စဉ်းစားကြည့်စမ်း။ ဘုန်းတော်ကြီး ကွန်တီ ဘယ်လို အသတ်ခံခဲ့ရသလဲ၊ သူ့အသည်းနှလုံးကိုထုတ်ပြီး သူတို့ စားခဲ့ကြတယ် မဟုတ်လား" ဟု ဟင်နာကပြောသည်။

"သူတို့ ဒီလိုလုပ်တဲ့အတွက် ကျုပ်တို့ကလဲ ပြန်ပြီးရက်စက်ကြမ်းကြုတ်တော့ ရော ဘယ်လိုအတောင်းတွေ ဖြစ်လာမှာတဲ့လဲဗျာ" စိတ်ရှည်ရှည်နှင့်ပင် ကျွန်တော် ပြန်ပြောမိသည်။ သူ သဘောပေါက် နားလည်စေချင်သည်။ ကျွန်တော့်စကားသံသည် ကျွန်တော်ပြောနေသည်ဟု မထင်မိ။ ပြင်ပမှ တစ်စုံတစ်ယောက်က ကျွန်တော့်ကိုယ်ထဲ သို့ဝင်ပြီး ပြောနေသလား ထင်မှတ်ရသည်။

"ခင်ဗျား သဘောထားက တစ်မျိုးဖြစ်နေတယ် ဆီညော်မာလိုရီ၊ ဟူနာတွေက သီလရှင်တွေကို မုဒိမ်းကျင့်ပြီး သတ်ပစ်တာကို ခင်ဗျားလက်ခံနိုင်တယ်၊ ကျွန်တော့်လူတွေ ချုံခိုအတိုက်ခံရတာကျတော့ရော တရားသလား"

"ရှုပ်ကုန်အောင် ခင်ဗျားလုပ်နေပြီ"

"ကျွန်တော်တော့ ဒီလိုမထင်ဘူး။ တောထဲမှာ သူတို့ကို ကျွန်တော်တို့က ပစ်သတ်တာကိုတော့ ခင်ဗျားလက်ခံတယ်၊ ဒါပေမယ့် ကောင်းကင်ကနေပြီး ဗုံးကြဲချ



တာကိုတော့. . ."

ကျွန်တော် ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်နေသည်။ ကျွန်တော့်အာရုံထဲမှာလည်း အားလုံးရောထွေးပြီး ရှုပ်ကုန်ပြီ။

"ရင်ဘတ်ထဲကို ကျည်ဆန်ဝင်သွားတယ်၊ နောက်ကျောမှာ မြားလာစိုက်တယ်၊ ကောင်းကင်က ဗုံးကြဲချတယ်" အယ်လ်ဘတ်တိုက ခေါင်းကို ယမ်းခါလိုက်ပြန်သည်။ "စည်းကမ်းရယ်လို့ မရှိပါဘူး ဆီညော်မာလိုရီ၊ အခုဟာက စစ်ဖြစ်နေတာပါ၊ စစ်ဖြစ်တဲ့အခါမှာ ကိုယ်အနိုင်ရဖို့အတွက် လုပ်ကြရတာပါပဲ၊ ကျွန်တော့်ကိုယုံပါ"

လေယာဉ်ပျံရှိရာသို့ ကျွန်တော် ထွက်လာခဲ့သည်။ ပြီးတော့ ဘယ်ဘက် အတောင်ပံပေါ်မှာ ကျွန်တော်မှီနေမိသည်။ လေယာဉ်မောင်း ဂျာကင်အကျႌနှင့် မျက်နှာ အုပ်မှန်များကို ဆွဲယူပြီး တစ်ဘက်သို့လှည့်လိုက်သောအခါ ဟင်နာ ရပ်ကြည့်နေသည်ကို တွေ့ရသည်။

"ဟိုကိုပြန်ရောက်တာနဲ့ တစ်ပြိုင်တည်း ကျွန်တော် အလုပ်ထွက်တော့မယ်၊ ခင်ဗျား နောက်တစ်ယောက်ရှာပေတော့"

"တို့မှာ ကန်ထရိုက်စာချုပ်ကြီးနဲ့ပါ ချာတိတ်ရယ်၊ မင်း လက်မှတ်ထိုးထားတာလဲ ရှိသေးတယ်မဟုတ်လား၊ တရားဥပဒေအရ မင်းကိုတားနိုင်တယ်" သူ့လေသံက အနိမ့်အမြင့်မရှိ။

ကျွန်တော် ဘာမျှပြန်မပြောတော့ဘဲ လေယာဉ်ပျံပေါ်သို့တက်ကာ စက်နှိုးသည်။ ဟင်နာက အတောင်ပံကို ဆွဲလှည့်ပေးသည်။ စက်နိုးသည်နှင့်တစ်ပြိုင်တည်း တရကြမ်း မောင်းထွက်လာခဲ့မိသည်။ ဟင်နာက တစ်စုံတရာ လှမ်းပြောသည်။ စက်သံနှင့်မို့ မကြားရ။ ကျွန်တော်ကလည်း အာရုံစိုက်ပြီး နားမထောင်တော့။ သူ့မျက်နှာ ဖြူနေသည်ကိုသာ သတိထားခဲ့မိသည်။

❐

ကျွန်တော် အိပ်ပျော်သွားသည်ဟု မထင်မိ။ အိပ်ရာထဲမှာ ပက်လက်လှန်ပြီး ခြင်ထောင်အမိုးကို မော့ကြည့်နေမိသည်။ မျက်နှာကြက်မှာ အောက်လင်းမာတ်မီး ချိတ်ထားသည်။ ပတ်လည်မှာ ပိုးဖလံကောင်တွေ ပြည့်နေသည်။ လက်တစ်ဘက်က ကျွန်တော့်ကို ခပ်ကြမ်းကြမ်း လှုပ်နှိုးလိုက်သည်။ လှည့်ကြည့်တော့ ဘေးမှာရပ်နေသည့် မင်နီကိုတွေ့ရသည်။

"ဘယ်အချိန်လောက် ရှိပြီလဲ" ဟု ကျွန်တော်ကမေးသည်။

"သန်းခေါင်ကျော်ပြီ၊ ဆမ်ကိုသွားခေါ်ဖို့ ကျုပ်ကိုကူပါဦးနေးလ်"

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုယ်ပေါ်မှာ မိုးကာအင်္ကျီ ဝတ်ထားသည်။

"ကျွန်တော့်ကို လာနောက်မနေပါနဲ့ဗျာ" ဟုပြောပြီး တစ်ဘက်သို့ စောင်းအိပ်လိုက်သည်။

"ကျုပ်ပြန်လာတော့ ဘရန်ဒီပုလင်း နှစ်လုံးချောသွားပြီ၊ နောက်ထပ်တစ်လုံးပေးဖို့ ထပ်တောင်းနေတယ်၊ ကျုပ်တို့သွားမခေါ်ရင် သေအောင်သောက်လိမ့်မယ်" မင်းနီက ကျွန်တော့်ကို အတင်းဆွဲထူရင်း ပြောသည်။

"ဒီကနေ့ ကျွန်တော့်ကို သူဘာလုပ်ခဲ့တယ်ဆိုတာ ခင်ဗျားအသိပဲဗျာ၊ ဒီလိုအလုပ်ခံရပြီးမှတော့ သူ့အပေါ် ကျွန်တော် သံယောဇဉ်ရှိဦးမယ် ထင်သလား"

"မင်းပြောတာက မင်းကို သူ ဆိုးဆိုးရွားရွား လုပ်ခဲ့တယ်လို့ ပြောတယ်၊ အင်ဒီးယန်းတွေကို သူ ဘာလုပ်တယ်လို့ မပြောဘူး၊ ဘယ်ဟာ အရေးအကြီးဆုံးလဲ"

"တော်ပါပြီဗျာ၊ ကင်းကင်းပဲနေချင်တယ်"

"ဒီလိုဆိုရင် သူသေသွားတာကို မင်းမြင်ချင်သလား"

ကျွန်တော် ဘာမှပြန်မပြောတော့ဘဲ အိပ်ရာထဲမှထခဲ့ပြီး အဝတ်အစား လဲနေသည်။ မနက်ပိုင်းက အဖြစ်ဆိုးကြီး ဖြစ်ပြီးကတည်းက ကျွန်တော့်ကို ဟင်နာ ရှောင်နေသည်။ ထို့ကြောင့်လည်း မင်းနီက ဟင်နာအတွက် စိုးရိမ်နေပုံရသည်။ မင်းနီနှင့်အတူ မိုးရေထဲသို့ ကျွန်တော်ထွက်လိုက်လာသည်။

ဟိုတယ်ထဲမှ ပြန့်ထွက်လာသည့် ဂီတသံကို ကြားနေရသည်။ အနားရောက်တော့ ဖန်ခွက်ကျကွဲသံများကိုပါ ဆက်တိုက်ကြားရသည်။ တစ်စုံတစ်ယောက်က အော်ဟစ်နေသံကိုလည်း ကြားရသည်။

"သူ စိတ်ရိုင်းဝင်လာရင် ကျွန်တော်တို့နှစ်ယောက်ကို အသာကလေးကိုင်ပေါက်ပြီး သတ်ပစ်နိုင်တယ်နော်၊ ဒါလောက်တော့ ခင်ဗျားနားလည်ပါလိမ့်မယ် ထင်တယ်" ဟိုတယ်ဆင်ဝင်အောက်ရောက်တော့ ခဏရပ်ပြီး မင်းနီကို ကျွန်တော်ကပြောသည်။

"အတွေးခေါင်မနေစမ်းပါနဲ့ကွာ၊ ကဲ. . . လာ. . . လာ. . . အချိန်ရှိတုန်း သူ့ကို ဒီထဲက ဆွဲထုတ်သွားကြရအောင်" မင်းနီကပြုံးပြီး ကျွန်တော့်လက်မောင်းကို လာကိုင်သည်။

အခန်းတစ်ဘက်ခြမ်းမှာ လူနှစ်ယောက် သုံးယောက်လောက် ရှိနေကြသည်။ ဖစ်ဂွာရီဒိုက ဘားကောင်တာ၏ နောက်ဘက်မှာ ထိုင်နေသည်။ မျက်နှာချင်းဆိုင်မှာ ဟင်နာထိုင်နေသည်။ ဖစ်ဂွာရီဒို၏မိန်းမက ဖွင့်ထားသည့် ဓာတ်စက်နားမှာ ရပ်နေသည်။ ဓာတ်စက်မှသီချင်းက ဆုံးတော့မည်။

"ပြန်ဖွင့်ဦး. . . ပြန်ဖွင့်ဦး. . ." ဟင်နာက စားပွဲကို လက်ဝါးနှင့် ပြင်းပြင်းရိုက်ရင်း အော်ပြောနေသည်။ ပြီးတော့ တစ်ဝက်ကျိုးနေသည့် ဘရန်ဒီပုလင်းကိုဆွဲယူပြီး ဖန်ခွက်ထဲဖြည့်ဖို့ ကြိုးစားသည်။ ဖန်ခွက်နှစ်လုံး ကွဲကျသွားပြန်သည်။

ကျွန်တော်တို့ ဝင်သွားသည်ကို သူ သတိမထားမိ။ မင်းနီက သူ့လက်ထဲမှ အရက်ပုလင်းကို ဆွဲယူလိုက်သည်။

"ဒါလောက်ဆိုရင် တော်လောက်ပြီဆမ်၊ လာ အိမ်ပြန်ကြစို့"

"အဘိုးကြီးက လိမ္မာပါတယ်" ဟုပြောပြီး မင်းနီ၏ပါးကို ပွတ်နေသည်။ ဖန်ခွက်ဆီသို့ လက်အလှမ်းလိုက်မှာပင် ကျွန်တော့်ကို သူမြင်သွားသည်။ သူအလွန်အကျွံမူးနေပြီ။ မျက်နှာလည်း ယောင်အန်းနေသည်။ လက်တွေက တဆတ်ဆတ်တုန်နေသည်။ ကျွန်တော့်ရင်ဘတ်က အင်္ကျီစကိုစုပြီး ဆွဲလိုက်သည်။

"မနက်က အလုပ်မျိုးတွေကို ငါလုပ်ချင်တယ်လို့ မင်းထင်သလား၊ ဒီလိုလုပ်ရတာ အင်မတန်လွယ်တယ်လို့ မင်းထင်သလား"

သူ့အခြေအနေ တော်တော်ဆိုးနေပြီ။ သည်လိုအခြေအနေမျိုးကို မြင်ရပြန်တော့လည်း သူ့အတွက် ကျွန်တော် စိတ်မကောင်းဖြစ်မိသည်။

"ဒီလိုဆိုရင်လဲ ပြန်အိပ်ကြစို့ ဆမ်"

ကျွန်တော်တို့နောက်မှ တံခါးပွင့်သွားသည်။ ရယ်သံကိုလည်း ကြားရသည်။ ပြီးတော့ တိတ်သွားသည်။ ဟင်နာ၏မျက်လုံး ကျယ်သွားပြီး ရုတ်တရက် ဒေါသထွက်သွားပုံရသည်။ ကျွန်တော့်ကိုတွန်းပြီး နောက်ဘက်သို့ ခုန်အုပ်လိုက်သည်။ ကမန်းကတမ်း ကျွန်တော်လှည့်ကြည့်လိုက်တော့ သူ့လက်သီးက ပါးစပ်တည့်တည့်သို့ ဝင်သွားသည်။

"မင်းကို ကောင်းကောင်းဆုံးမရမှာ၊ ခွေးမသား" အော်လည်းအော်၊ တွန်းလည်း တွန်းပြီး အဇီလာကို စားပွဲပေါ်သို့ လှန်ချလိုက်သည်။

အဇီလာနှင့် ပါလာသူများက မှောင်ထဲသို့ ပြေးဝင်ပျောက်ကွယ်သွားကြသည်။ အချိန်မီ ကျွန်တော်တို့ ဝင်ဆွဲလိုက်ကြသည်။ မဆွဲလျှင် အသေသတ်ပေတော့မည်။

ဟိုတယ်အပြင်သို့ရောက်တော့ ကျွန်တော့်ဘက်လှည့်လာပြီး တင်းတင်းကြီး ဆုပ်ကိုင်ထားသည်။

"ချာတိတ်ရယ်. . . မင်းငါ့ကို ထားခဲ့မှာမဟုတ်ပါဘူးနော်၊ တို့မှာ ဂုန်ထရိုက်စာချုပ်ကြီးက ရှိနေတယ်ကွာ၊ ဒါကြီးပြီးအောင် လုပ်ပေးပါ့မယ်လို့လဲ မင်း ငါ့ကို ကတိပေးခဲ့ပါတယ်၊ ငါ့မှာဒါတစ်ခုပဲ မျှော်လင့်စရာရှိတော့တယ်၊ ဒါဟာ ငါ့ဘဝပါပဲ ချာတိတ်ရယ်"

"ကျွန်တော် ဘယ်လိုလုပ်ပြီး ခင်ဗျားကို ခွဲသွားနိုင်မှာလဲဗျာ၊ မနက်ကိုး နာရီကျရင် မာနော့စ်ကို ချောစာထုပ်တွေ ပို့ရဦးမယ်လေ" ဟုလည်း ချော့မော့သည့်လေသံနှင့် ကျွန်တော်ပြန်ပြောနေမိသည်။

ကျွန်တော့်စကားကိုကြားတော့ သူ ရှိုက်ကြီးတငင် ငိုကျွေးလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးရေထဲမှာပင် သူ့ကို ကျွန်တော်တို့နှစ်ယောက်တွဲပြီး အိမ်သို့ခေါ် လာခဲ့သည်။

□ □ □

# အခန်း (၇)

## ကရင်ယာရှင်

နောက်တစ်နေ့မနက်ကျတော့ ဟင်နာ၏ အရိပ်အယောင်ကိုမျှ မမြင်ရ။ မနက်ကိုးနာရီတွင် မာနေ့ခ်မြို့သို့ ကျွန်တော်ထွက်ခွာလာသည်အထိ အသေလို သုအိပ်ပျော်နေသည်။ တနင်္လာနေ့တိုင်း အလွန်အလုပ်များသည်။ ထို့ကြောင့် ကျွန်တော် အချိန်ဆွဲမနေနိုင်တော့။

ယနေ့ ချောစာထုပ်သာမက မာနေ့ခ်မှာရှိသည့် အစိုးရရုံးသို့ပို့ရန် ဖစ်ကွာရီဒ် ပေးလိုက်သည့် ချိပ်ပိတ်ထားသော စိန်ထုပ်တစ်ထုပ်လည်း ပါသေးသည်။ အခြား သတ္တုတွင်းကုမ္ပဏီများက ပေးလိုက်သည့်ပစ္စည်းများလည်း ပါသည်။

ထိုနေ့က တစ်နေကုန် ကုသယ်ခေါက်သယ် မောင်းလိုက်ရသည်။ နေဝင်ဖို့အချိန်ကျမှပင် မာနေ့ခ်မြို့သို့ ကျွန်တော်ပြန်ရောက်တော့သည်။ ဟိုတယ်သို့ပြေးမည်၊ ရေ အားပါးတရ ချိုးမည်၊ ပြီးတော့ 'လေ့ကလေး'သို့ သွားမည်။

လေယာဉ်ကွင်းသို့ရောက်တော့ စက်ပြင်ဆရာနှစ်ယောက်ကို တွေ့ရသည်။ သူတို့အကူအညီဖြင့် ဂိုဒေါင်ထဲသို့ လေယာဉ်ပျံကို ထည့်ခဲ့သည်။ ပြီးတော့ ...အရပ်ကားကြီးဖြင့် မြို့ထဲသို့ လိုက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်ထဲသို့ဝင်သွားတော့ ကောင်တာကိုမတွေ့ရ။ ဘားခန်းထဲမှာ မည်သူမျှ မရှိ။ ထို့ကြောင့် ကိုယ့်ဟာကိုယ် အရက်ယူသောက်ရန် ဝင်သွားသည်။

တစ်ဘက်ခြမ်းမှာ ကိုယ်လုံးပေါ် မှန်ကြီး ရှိနေသည်။ ကျွန်တော့်မုတ်ဆိတ်မွေးများ၊ ပါးသိုင်းမွေးများ ရှည်လျားလှပြီ။ ဒူးဆစ်ရောက်သည့်ဖိနပ်၊ ဖင်ကျပ်ဘောင်းဘီ၊ လေယာဉ်ပျံမောင်းစဉ်ဝတ်သည့် ဂျာကင်အကျီ ချိုင်းကြားမှာက (၄၅) ဘို ပစ္စတိုသေနတ်၊ ကျွန်တော် အတော်ပုံပျက်ပန်းပျက် ဖြစ်နေပုံရသည်။

ပတ္တူအိတ်ကို ကြမ်းပေါ် သို့ပစ်ချပြီး ဘားကောင်တာ၏ နောက်ဘက်သို့ ဝင်လာခဲ့သည်။ ရေခဲဘူးထဲမှ ရေခဲစိမ်ဘီယာတစ်ပုလင်းယူပြီး ဖန်ခွက်ထဲသို့အထည့်တွင် နောက်ဘက်မှ ချောင်းသံခပ်သဲ့သဲ့ကို ကြားရသည်။

ဖွင့်ထားသည့်တံခါးမှ ဝင်လာသူမှာ အဖြူရောင်ဝတ်ရုံဝတ် သီလရှင်တစ်ပါး ဖြစ်သည်။ ကိုယ်လုံးကိုယ်ထည် အလွန်သေးသည်။ အရပ်က ငါးပေမကျော်နိုင်၊ မျက်နှာက တည်ကြည်သည်။ အနည်းဆုံး အသက်ငါးဆယ်လောက် ရှိပြီဖြစ်သော်လည်း မျက်နှာပေါ်မှာ အရေတွန့်သည်ကို မတွေ့ရ။

"မစ္စတာမာလိုရီလား"

"ကျွန်တော်ပါပဲ"

"ကျွန်မတို့ ရှင့်ကို စောင့်နေကြတာပါ၊ ဒီညနေ ရှင်ရောက်လာလိမ့်မယ်လို့ ရဲအရာရှိကပြောလို့၊ ကျွန်မ မာရီယာထရီစာပါ"

"ကျွန်မတို့" ဟု ပြောသော်လည်း အခြားသီလရှင်များကို မတွေ့ရ။ သို့သော်လည်း ဟိုတယ်အပြင်မှာတော့ အမျိုးသမီးတစ်ယောက်ကို လှမ်းမြင်ရသည်။ ကြီးမားသည့် မြက်ဦးထုပ်ကြီးကို ဆောင်းထားသည်၊ လက်ထဲမှထီးကိုလည်း ဖွင့်ထားသေးသည်။ လက်တစ်ဘက်ကို တင်ပါးပေါ်မှာတင်ပြီး ခြေကို ခပ်ခွဲခွဲထားပြီး ရပ်နေသည်၊ နေရောင်က နည်းလှပြီဖြစ်သောကြောင့် သူ့မျက်နှာကိုတော့ ကောင်းစွာမမြင်ရ။

"သူက မစ္စဂျူနာမာတင်၊ သူ့ညီမက စန်တာဟယ်လီနာက ကျွန်မတို့ သာသနာပြုအဖွဲ့မှာ တာဝန်ယူတယ်"

သည်လောက်ဆိုလျှင် ပြည့်စုံပါပြီ၊ ဘာအတွက် သူတို့လာကြကြောင်း ကျွန်တော် သဘောပေါက်လိုက်ပြီ။ သို့သော်လည်း မသိချင်ယောင်ဆောင်ပြီး ပြန်မေးမိသည်၊

"ဘာအကူအညီများ ကျွန်တော်ပေးနိုင်မလဲ"

"ကျွန်မတို့ မြစ်ညာကို အတတ်နိုင်ဆုံး မြန်မြန်သွားချင်ပါတယ်"

"လင်ဒ့ရှိကိုလား"

"ဟုတ်ပါတယ်၊ အဲဒီကတစ်ဆင့် စန်တာဟယ်လီနာကို သွားဖို့"

"မဟုတ်တာများ ပြောလိုက်တာလား ဆရာလေးရယ်"



"မဟုတ်ပါဘူး၊ တကယ်ပြောနေတာပါ မစ္စတာမာလိုရီ၊ စန်တာဟယ်လီနာကို သွားဖို့ ကျွန်မမှာ ခွင့်ပြုချက်တွေ အပြည့်အစုံပါပါတယ်၊ ဟိုက အခြေအနေတွေနဲ့ ဆိုမှာ ကျွန်မတို့ အမှားတွေလုပ်မိခဲ့တာ ပြန်ပြီးအစီရင်ခံရမှာပါ"

"အမှားတွေ. . ."

ကျွန်တော့်စကားကို သူကြားပုံမရ။ "အလောင်းပြန်မရတဲ့ သီလရှင် အင်နဲဂျိ ဇီဖာနဲ့ ဘာနာဒက်တို့ကိုစွလဲ စုံစမ်းရဦးမယ်၊ သူတို့ကို ဟူနာတွေက အရှင်ဖမ်းသွားတာပဲ ဖြစ်လိမ့်မယ်လို့ ကျွန်မ သဘောရပါတယ်"

"ဒါကတော့ ဆရာလေးအတွေးပေါ့လေ"

"အဲဒီလိုမဖြစ်နိုင်ဘူးလို့ ရှင်ထင်သလား" ဟု ဂျူနာမာတင်က ဝင်လာပြီးမေးသည်။ လေသံက အေးချမ်းသည်၊ ပြောရိုးပြောစဉ်ပြောသလို ပြောသည်။

"အိုး. . . ဖြစ်နိုင်ပါတယ်" အရှင်ဖမ်းယူသွားသည့် အမျိုးသမီးများကို အင်ဒီးယန်းများက မည်သို့ဆက်ဆံကြောင်း ပြောမည်ကြံပြီးမှ ကျွန်တော် စိတ်ပြောင်းပစ်လိုက်သည်။ "အင်ဒီးယန်းလူမျိုးတွေဟာ ကလေးနဲ့အတူတူပါပဲ၊ ချက်ချင်းစိတ်ပြောင်းတတ်တယ်၊ အခု အရှင်ဖမ်းသွားပြီး အခုပဲ သတ်ချင်သတ်ပစ်တတ်တာ"

သီလရှင် မာရီယာထရီစာက မျက်လုံးများကို မှိတ်ထားလိုက်သည်။ ဂျူနာမာတင်က အေးစက်စက်လေသံဖြင့်ပင် ပြောပြန်သည်။

"ရှင့်အနေနဲ့ တပ်အပ်မပြောနိုင်ဘူး မဟုတ်လား"

"တပ်အပ်ပြောဖို့ ခက်ပါတယ်"

"သီလရှင် အင်နဲဂျိစီဖာဟာ မစ္စမာတင်ရဲ့ ညီမဖြစ်ပါတယ်" ဟု သီလရှင် မာရီယာထရီစာက ရိုးရိုးပင် ဝင်ပြောသည်။

"ဝမ်းနည်းပါတယ်ဗျာ၊ အင်ဒီးယန်းတွေအကြောင်းကို တခြားလူတွေထက် ကျွန်တော် ပိုသိတယ်၊ အခုဟာက ကျွန်တော့်ထင်မြင်ချက်ကို ခင်ဗျားကမေးလို့ ကျွန်တော်က ဖြေမိတာပါ"

"မနက်ဖြန်မနက်ကျရင် လင်ဒရှိကို ကျွန်မတို့ လိုက်လို့ရမလား၊ အဲဒီကနေပြီး စန်တာဟယ်လီနာကို တစ်နာရီလောက်ပဲ သွားရတယ်လို့ ရဲအရာရှိက ကျွန်မကို ပြောလိုက်ပါတယ်" ဟု သီလရှင် မာရီယာထရီစာက ဝင်ပြောသည်။

"အဲဒီနေရာဟာ ဘယ်လောက်ဆိုးတယ်ဆိုတာ စဉ်းစားကြည့်မိသလား၊ ဒီကမ္ဘာပေါ်မှာ အဲဒီလောက်ဆိုးတဲ့နေရာ မရှိနိုင်တော့ဘူး" ဟု ကျွန်တော်က ပြန်ပြော သည်။

"ဘုရားသခင် စောင့်ရှောက်ပါလိမ့်မယ်"

သူကလည်း ရိုးရိုးပင် ပြန်ဖြေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းတော်ကြီးကွန်တီနဲ့ ကျန်တဲ့သီလရှင်တွေကို ဟူနာတွေ ဖမ်းသတ်ထဲ နေ့ကတော့ ဘုရားသခင်က အနားယူနေတယ်ဗျာ" စိတ်ပေါက်လာသောကြောင့် ရိုင်းစိုင်းစွာ ကျွန်တော် ပြန်ပြောမိသည်။

အလွန်တည်ငြိမ်သည့် သီလရှင်ကြီး၏ မျက်နှာပေါ်မှာ နာကျည်းစိတ်နှင့် ကွက်ကနဲ ပျက်သွားသည်။ ပြီးမှ သူ့စိတ်သူထိန်းပြီး လှလှပပ ပြုံးသည်။

"အလောင်းတွေကို တွေ့တဲ့အထဲမှာ ရှင်လဲပါတယ်လို့ ရဲအရာရှိကပြောတယ် ရှင် အတော် စိတ်ထိခိုက်ခဲ့မှာပေါ့နော်"

"အဲဒီနယ်မြေတစ်ခုလုံးကို စစ်အုပ်ချုပ်ရေး လုပ်ထားတယ်" ဟု ကျွန်တော်က ခပ်လေးလေး ပြန်ပြောသည်။

ဂျဲနာမာတင်က ရှေ့သို့တိုးလာပြီး လက်ကိုင်အိတ်ကိုဖွင့်ကာ အထဲမှ စာရွက်ခေါက်များကိုထုတ်ပြီး ဘားကောင်တာပေါ်မှာ တင်ပေးသည်။

"ကျွန်မတို့ကို ခရီးသွားခွင့်ပြုကြောင်း ထောက်ခံစာတွေ သမ္မတကြီးကိုယ်တိုင် ထပ်ဆင့်ထောက်ခံပြီး လက်မှတ်ထိုးထားတယ်"

ဗိုလ်မှူးကြီး အယ်လ်ဘတ်ဝဲ့ ဘာများတတ်နိုင်ပါဦးမည်နည်း။

"ကောင်းပါပြီလေ၊ တောနက်ကြီးတွေကိုဖြတ်ပြီး မိုင်နှစ်ရာလောက်ခရီးကို တောင်အမေရိကတိုက်မှာ အဟောင်းဆုံးလေယာဉ်ပျံ အစုတ်ကလေးနဲ့ လိုက်လိုသပဆိုရင် လေယာဉ်ပျံကွင်းကို မနက်ရှစ်နာရီခွဲ အရောက်လာပါ။ နောက်ကအခန်းကို ပစ္စည်းတင်ဖို့ ချဲ့ထားရတဲ့အတွက် ထိုင်ခုံက တစ်ခုပဲရှိတယ်၊ တစ်ယောက်ကတော့ ကြမ်းပေါ်မှာ ထိုင်ရလိမ့်မယ်"

ဘီယာလက်ကျန်ကို မော့ချလိုက်ပြီး တစ်ဘက်သို့ ကျွန်တော်လှည့်လျှောက်သွားကာ "ကျွန်တော့်ကို ခွင့်ပြုပါဦး၊ တစ်နေ့လုံး မနားရသေးဘူး" ဟု ပြောလိုက်သည်။

သီလရှင်ကြီးက ခေါင်းညိတ်ပြပြီး "ကိစ္စမရှိပါဘူး" ဟု ပြောသည်။

ဂျဲနာမာတင်က ဘာမျှမပြော။ ကြမ်းပေါ်မှ ကျွန်တော့်ပတ္တူအိတ်ကို ကောက်ပြီး လှမ်းပေးသည်။ လက်ချင်းထိတွေ့သွားတော့ ဓာတ်လိုက်သလို ဖြစ်သွားမိသည်။ ရေမွှေးနံ့ကလည်း ထောင်းကနဲ ထ,သွားသည်။ အမျိုးသမီးတစ်ယောက်နှင့် အသားချင်းထိမိပြီး ယခုလို ချက်ချင်း စိတ်လှုပ်ရှားသွားမိသည်မှာ ပထမဦးဆုံးအကြိမ် ဖြစ်သည်။

ကျွန်တော် စိတ်လှုပ်ရှားသွားကြောင်းကို သူကလည်း သိလိုက်ပုံရသည်။ သူ့နှုတ်ခမ်းက ကျွန်တော့်ကို လှောင်သည့်အနေဖြင့် တွန့်တက်သွားသည်။ ကမန်းကတန်း အပြင်သို့ ထွက်လာခဲ့ရသည်။



ဂျူကာ၏ အရိပ်အ[illegible]င်ကို မမြင်ရ။ သို့သော်လည်း ကျွန်တော့်အခန်းရှိရာသို့ တက်သွားသောအခါ အပ်ရာပြင်ပေးနေသည့် ဂျူကာကို တွေ့ရတော့သည်။

"ရေချိုးဖို့ အသင့်ပြင်ထားပြီးပါပြီ ဆီညော်မာလိုရီ၊ ပြီးရင် ညစာစားမှာလား" သူ့ထုံးစံအတိုင်း လေအေးကလေးနှင့် ပြောသည်။

"အပြင်ထွက်မယ်ဗျာ၊ တစ်ယောက်ယောက်က မေးရင်တော့ လှေကလေးမှာ ရှိတယ်လို့ ပြောလိုက်ပါ"

"အောက်ထပ်မှာစောင့်နေတဲ့ အမျိုးသမီးတွေနဲ့ရော တွေ့ခဲ့ပါပြီလား ခင်ဗျာ"

"တွေ့ခဲ့ပြီ၊ သူတို့ ဒီမှာတည်းမှာလား"

သူက ခေါင်းညိတ်ပြပြီး ထွက်သွားသည်။ ကျွန်တော်လည်း အဝတ်အစားချွတ်ကာ ရေချိုးခန်းသို့ ဝင်လာခဲ့သည်။ ရေက ကြက်သီးနွေးကလေး ဖြစ်သည်။ တစ်နေ့ကုန် ပင်ပန်းသမျှကို ရေထဲမှာ နာရီဝက်လောက်စိမ်ပြီး အပန်းဖြေနေမိသည်။ ရေစိမ်နေရင်း ဘားခန်းထဲမှာ တွေ့ခဲ့ရသည့် အမျိုးသမီးနှစ်ယောက်အကြောင်း စဉ်းစားနေမိသည်။ သီလရှင် မာရီယာထရီစာအကြောင်းကတော့ နားလည်ဖို့ ဘာမျှမခက်။ ဘာသာတရားတွင် သက်ဝင်ကိုင်းရှိုင်းပြီး ဘုရားသခင်၏ အလိုတော်အတိုင်း အသက်ရှင် နေထိုင်တတ်ကြသူမျိုး ဖြစ်သည်။

ဂျဲနာမာတင်ကတော့ နားလည်ဖို့ခက်သည်၊ ဘာကြောင့် သည်အရပ်မျိုးကို သူရောက်လာရသနည်း။ မည်သူမျှ အတတ်မပြောနိုင်။ ပြီးတော့ သမ္မတကိုယ်တိုင် ခွင့်ပြုသည့်စာကိုလည်း သူတို့ရအောင် ယူနိုင်ခဲ့ကြသည်။ သည်အကြောင်းကိုသိရလျှင် ဗိုလ်မှူးကြီးအယ်လ်ဘတ်တို့တော့ စိတ်မကောင်းဖြစ်ပေလိမ့်ဦးမည်။

အခန်းထဲသို့ပြန်လာခဲ့ပြီး ကိုယ်ပေါ်မှရေများ ခြောက်အောင်သုတ်ကာ အဝတ်လဲသည်။ ရှပ်အင်္ကျီထပ်ဝတ်လိုက်သည့် အချိန်မှာပင် အသံခပ်တိုးတိုးတစ်ခု ကြားလိုက်ရသည်။ နောက်ဘက်သို့ ရုတ်တရက်လှည့်လိုက်ပြီး မှန်တင်ခုံပေါ်မှာရှိနေသည့် ပစ္စတိုသေနတ်ဆီသို့ လက်တစ်ဘက်က ရောက်သွားသည်။

ဂျဲနာမာတင်က လသာဆောင်ဘက်မှ ဝင်လာသည်။ လက်ထဲမှမီးကို ပိတ်လိုက်သည်။

"ပစ်တော့ မပစ်လိုက်ပါနဲ့" အေးစက်သည့်လေသံနှင့် ပြောသည်။

ဘာစကားမှ ပြန်မပြောမိဘဲ သူ့ကို ငေးကြည့်နေမိသည်။ ပထမဦးဆုံး သတိထားမိခြင်းဖြစ်သည်။ အချောအလှကြီးကား မဟုတ်။ သို့သော်လည်း လူအများအထဲ[illegible] ရောနေမည်ဆိုလျှင် သိသာထင်ရှားလှသည့် ရုပ်ရည်မျိုးဖြစ်သည်။ ဆံပင်ပု[illegible]သည်။ ကိုယ်လုံးကိုယ်ပေါက် လှသည်။ နှာခေါင်းက အပေါ်သို့ အနည်းငယ်တ[illegible]သော ကြောင့် သူ့ရှိရင်းအသက်ထက် ပိုငယ်သည်ဟု ထင်ရလောက်အောင် [illegible]သွားသည်။

www.burmeseclassic.com



မျက်လုံးများက အရောင်တဖိတ်ဖိတ် တောက်နေသည်။

စန်တာဟယ်လီနာဘက်တွင် ရက်သတ္တပတ်လောက် နေပြီးသောအခါ သူ့ရုပ်ရည် မည်သို့ပြောင်းလဲသွားလေမည်နည်းဟု စဉ်းစားကြည့်မိသည်။ တစ်ပြိုင်တည်းမှာပင် သူ့ဆံပင်တွေ ခေါင်းအုံးပေါ်သို့ ပြန့်ကျဲနေလျှင် မည်သို့ရှိလေမည်နည်းဟုလည်း တွေးကြည့်မိပြန်သည်။ ထိုသို့ တွေးမိသည်နှင့်တစ်ပြိုင်တည်း ကျွန်တော့်ရင်ထဲမှာ တင်းကျပ်လာပြီး စိတ်ဖောက်ပြန်လာပြန်သည်။

"ဒါခါက သော့ခတ်မထားဘူး ရှင်ရေချိုးနေတယ်လို့ အဘိုးကြီးကပြောတယ်၊ ဒါကြောင့် ဒီထဲကစောင့်နေမယ်ဆိုပြီး ဝင်လာတာ" ဟု သူက ရှင်းပြသည်။

ပစ္စတိုသေနတ်ကို လွှတ်လိုက်ပြီး အင်္ကျီကြယ်သီးများ တပ်လိုက်သည်။ ကျွန်တော် စကားမပြောနိုင်ဘဲ အာစေးထည့်ထားသလို ဖြစ်နေသည်။ သူ့ကိုယ်မှ ရေမွှေးနံ့ကလည်း ကျွန်တော့်ကို ဖမ်းစားနေသည်။

"အဲဒီသေနတ်ကြီး ဆောင်ထားဖို့လိုသလား"

"ညဘက်ဆိုရင် ဒီမြို့က မလုံခြုံဘူး ကိုင်း. . . ခင်ဗျားအတွက် ကျွန်တော် ဘာလုပ်ပေးရမလဲ"

"ကျွန်မကို အမှန်အတိုင်း ပြောပြစမ်းပါ"

လသာဆောင်ဘက်သို့ သူ ပြန်လှည့်သွားသည်။ အပြင်ဘက်မှာ မိုးကောင်းကင်က လိမ္မော်ရောင် တောက်နေသည်။ နေလုံးက မီးလုံးကြီးလို နီရဲနေသည်။ နေရောင်ဘက်ကို လှည့်ပြီးရပ်နေသည့် သူ့ခြေတံများကို ပါးလွှာသည့် ဂါဝန်အောက်မှာ ထင်ရှားစွာ မြင်နေရသည်။

"ကျွန်တော် နားမလည်ဘူး" ဟု ကျွန်တော်က ပြန်ပြောသည်။

"ရှင် နားလည်ပါတယ်၊ သီလရှင် မာရီယာထရီစာကိုတော့ ရှင် သေသေချာချာ ရှင်းပြနေခဲ့တယ်၊ ကျွန်မညီမနဲ့ တခြားသီလရှင်တစ်ပါးအကြောင်း ရှင်းပြနေတာကို ပြောတာပါ။ သူ အများကြီး စိတ်ချမ်းသာသွားတယ်"

"ဒါကြောင့် ခင်ဗျားကိုလည်း ရှင်းပြရမယ်လို့ ဆိုလိုတာလား"

"လုပ်မနေစမ်းပါနဲ့ မစ္စတာမာလိုရီ၊ ကျွန်မ သူငယ်နုပ်စားလေး မဟုတ်ဘူး။ အမှန်အတိုင်း ကျွန်မသိချင်တယ်"

"ကျုပ်ကို ခင်ဗျားက ဘာကောင်များထင်နေလို့လဲ၊ ခင်ဗျားရဲ့ အခိုင်းအစေများ ထင်နေသလား"

ဘာကြောင့် ကျွန်တော် ဒေါသဖြစ်သွားကြောင်း အသေအချာ မသိလိုက်။ ကျွန်တော့်ကို အခိုင်းအစေတစ်ယောက်လို အထက်စီးနှင့် စကားပြောနေသောကြောင့်လည်း ဖြစ်နိုင်သည်။ ထို့ထက်လည်း ပိုနိုင်သည်။



"ကောင်းပြီ၊ ခင်ဗျားညီမနဲ့ တခြားမိန်းကလေး အသက်ရှင်နေသေးသလားလို့ မေးရင် ရှင်နေသေးတယ်လို့ ကျွန်တော်ဖြေမယ်၊ ကဲ. . . နောက်ထပ် ဘာသိချင်သေးသလဲ"

"ဘာကြောင့် ဖမ်းသွားရတာလဲ၊ ဘာကြောင့် ချက်ချင်း သတ်မပစ်လိုက်ရတာလဲ၊ တခြားအသက်ကြီးတဲ့ သီလရှင်တွေကိုတောင် မုဒိမ်းကျင့်ပြီး သတ်သွားကြသေးတာပဲ၊ ဒီအတိုင်းမှန်တယ် မဟုတ်လား၊ ကျွန်မ အစီရင်ခံစာ ဖတ်ခဲ့ရတယ်"

"အရှင်လိုချင်လို့ ဖမ်းသွားတာပေါ့။ ရှင်းရှင်းကလေးပဲ"

တစ်ဘက်သို့ ကျွန်တော်လှည့်လိုက်သည်။ ကျွန်တော် စိတ်အလွန်ပင်ပန်းသွားသည်။ သည်မိန်းကလေးနှင့် ဝေးရာကိုလည်း ပြေးချင်စိတ်ပေါက်လာသည်။ ကြာလျှင် ကျွန်တော် ပေါက်ကွဲမိတော့မည်။

သူက ကျွန်တော့်ပခုံးကိုဆွဲပြီး သူ့ဘက်သို့ လှည့်ယူလိုက်သည်။

"ပြောစမ်း၊ ကျွန်မသိချင်တယ်၊ ဒီအကြောင်းတွေ အကုန်သိချင်တယ်" ဟု သူကအော်သည်။

"ကောင်းပြီ" ဟုပြောရင်း သူ့လက်ကောက်ဝတ်ကို ဖမ်းလိုက်သည်။ "ဒီအကြောင်းပြောရတာ နည်းနည်းတော့ရှုပ်တယ်၊ သူတို့ဟာ အပျိုစင်ကလေးတွေဖြစ်ရင် သူတို့ယဉ်ကျေးမှုအရ လူစုလူဝေးကြီးရှေ့မှာ အခမ်းအနားနဲ့ အပျိုရည်ဖျက်မယ်၊ ဒါဟာ ဟူနာလူမျိုးတွေရဲ့ ယဉ်ကျေးမှုပဲ"

ထိတ်လန့်တုန်လှုပ်သည့် အရိပ်အယောင်များ သူ့မျက်လုံးထဲမှာ ပေါ်လာသည်။ ကျွန်တော့်လက်ထဲက ရုန်းနေသည်ကိုလည်း ရပ်လိုက်သည်။

"နောက်ပြီးတော့ ခုနစ်ရက်ခုနစ်ညထားပြီး စစ်တိုက်နိုင်တဲ့ ဟူနာလူမျိုးတွေ အားလုံး တစ်ယောက်တလဲ သူတို့နဲ့အိပ်ရတယ်၊ အင်မတန်ကြီးကျယ်တဲ့ ဂုဏ်ပြုပွဲကြီးပေါ့၊ အဲဒါနဲ့မှ ကိုယ်ဝန်ရှိမလာတဲ့ မိန်းမဆိုရင် အသေသတ်ပစ်လိုက်တယ်၊ ကိုယ်ဝန်ရှိလာရင် ကလေးမွေးတဲ့အထိ ထားတယ်၊ ကလေးမွေးပြီးတော့မှ အရှင်လတ်လတ် မြေမြှုပ်ပစ်လိုက်တယ်၊ ဒီအကြောင်းတွေ သဘောပေါက်အောင် ရှင်းပြဖို့ဆိုတာ မလွယ်ဘူး ခင်ဗျား တစ်နာရီလောက် အချိန်ပေးနိုင်ရင်တော့ ကျွန်တော်ရှင်းပြနိုင်တယ်"

ကျွန်တော့်ကို သူ မော့ကြည့်နေသည်။ ခေါင်းကို ဘယ်ညာယမ်းနေသည်။ ကျွန်တော့်မျက်နှာကို တည့်တည့်ထားပြီး ဆက်ပြောသည်။

"ဒီမှာ မစ္စတာမာလိုရီ၊ ခင်ဗျားဆိုရင် တွေ့တဲ့နေရာမှာပဲ သတ်သွားတာ ဖြစ်ပါစေတော့လို့ ဆုတောင်းနေမိမှာပဲ"

သူ ရုတ်တရက် ဒေါသပေါက်ကွဲသွားသည်။ ပြီးတော့ ကျွန်တော့်ကို ဘယ်ပြန်ညာပြန် ရိုက်ပစ်လိုက်သည်။ ကျွန်တော့်ရင်ထဲမှာတော့ ဒေါသစိတ်ဖြစ်ပေါ်မလာ။

www.burmeseclassic.com

www.burmeseclassic.com



တံခါးဆီသို့ လှည့်သွားကာ အပြင်သို့ ပြေးထွက်သွားသည်။

□

'လှေကလေး'ဆီသို့ ကျွန်တော် လျှောက်လာခဲ့သည်။ ယခုလို မှောင်နေသည့် ညအခါမျိုးတွင် အလွန်အန္တရာယ်ကြီးသော အလုပ်ကို ကျွန်တော်လုပ်နေမိခြင်း ဖြစ်သည်။ ရင်ထဲမှာ ဖြစ်ပေါ်လာသည့် ဒေါသစိတ်ကြောင့်လည်း ယခုလိုလုပ်မိခြင်း ဖြစ်ပေလိမ့်မည်။ ကျွန်တော် အရက်သောက်ချင်နေသည်။ ပြီးတော့ မိန်းမတစ်ယောက်နှင့်လည်း အိပ်ပစ်လိုက်ချင်စိတ် ပေါက်နေသည်။

'လှေကလေး'မှာ လူသိပ်မများသေး။ တနင်္လာနေ့ ဖြစ်သောကြောင့်လည်း လူပါးနေခြင်း ဖြစ်နိုင်သည်။ တီးဝိုင်းက တီးမှုတ်နေသည်။ က,နေသူ တစ်ဒါဇင်လောက် တွေ့ရသည်။ ဟန်နာနှင့် ပထမဦးဆုံးအခေါက် လာစဉ်က တွေ့ခဲ့ရသော ကြက်သွေးရောင်ဂါဝန်ဝတ်ထားသည့် ဟင်နာ၏အမျိုးသမီး လိုလာကို တွေ့ရသည်။ ယခုလည်း အနီရောင်ဂါဝန်ကလေးနှင့် ဖြစ်သည်။ သူ့ကိုတော့ ကျွန်တော် သဘောခပ်ကျကျပင်။ သည်ကလေးမကလေးသည် ပြည့်တန်ဆာပင် ဖြစ်လင့်ကစား အလွန်ရိုးသားသည်။ ဟင်နာကို အရူးအမူးစွဲနေခြင်းသာ သူ၏ အားနည်းချက်ဖြစ်သည်။

ယနေ့ည ဟင်နာလာတော့မည် မဟုတ်ကြောင်း သိသောအခါ ကျွန်တော့်ကို လာကပ်နေသည်။ ကျွန်တော်ကလည်း ဂျိုနာမာတင်အကြောင်းကို စဉ်းစားနေချင်သည်။ ထိုအကြောင်းကို ပြောပြလိုက်တော့ လိုလာသည် အခြားတစ်နေရာတွင် အလုပ်ဖြစ်နိုင်ရန် တစ်ဘက်သို့ ထွက်သွားတော့သည်။

ယခုမှပဲ ကျွန်တော် လွတ်လွတ်လပ်လပ် အရက်သောက်နိုင်ပေတော့မည်။ ကုန်းပတ်ပေါ်ရှိ သီးသန့်နေရာသို့ ကျွန်တော်တက်ခဲ့သည်။ ပထမဆုံးညက ဟင်နာနှင့် အတူတူထိုင်ခဲ့သည့် စားပွဲမှာ သွားထိုင်ပြီး အစားအသောက်များမှာသည်။ နောက်ဘက်က တံခါးကိုပိတ်ပြီး ဝိုင်အရက် သောက်နေမိသည်။

သည်တော့မှ ကျွန်တော် ခံတွင်းပျက်နေသည်ကို သတိထားမိသည်။ ဝိုင်ပုလင်းနှင့် ဖန်ခွက်ကို တစ်ဘက်စီကိုင်ရင်း လက်တန်းရှိရာသို့ လျှောက်လာခဲ့သည်။ မြစ်ပြင်ဆီသို့ မျှော်ကြည့်လိုက်သည်။ ရေထဲမှာရှိနေသည့် လှေအိမ်လေးများမှ မီးရောင်များ ထွက်အန်ကျနေသည်ကို တွေ့ရသည်။ ရင်ထဲမှာ တလှပ်လှပ်နှင့် မောနေသည်။ သည်မိန်းကလေးကို ရယူလိုသည့်စိတ်ကြောင့် ဖြစ်ပေလိမ့်မည်။

နောက်က တံခါးဖွင့်သံကြားရသည်။ ပြီးတော့ ပြန်ပိတ်သွားသံကိုပါ ဆက်တိုက်ကြားရသည်။ ဆတ်ကနဲ ကျွန်တော်လှည့်ကြည့်သည်။ ဂျိုနာမာတင် ရပ်နေသည်ကို



တွေ့ရသည်။

□

"စောစောကအကြောင်းကို ကျွန်မတို့ ပြန်ပြောရင်ဖြစ်မယ်လို့ ရှင်ထင်သလား" ဟု သူကမေးသည်။

စားပွဲပေါ်မှာ ဖန်ခွက်အပိုတစ်လုံး ရှိသည်။ ထို့ကြောင့် သူ့အတွက် ဝိုင်အရက် ထည့်ပေးလိုက်သည်။

"ကျုပ်ကို ဘယ်လိုလုပ်ရှာပြီး လိုက်လာတာလဲ"

"ဟိုတယ်က အဘိုးကြီးဂျူကာကို မေးကြည့်တာလေ၊ အလွန်ကူညီတတ်တဲ့ အဘိုးကြီးပါ၊ တက္ကစီဒရိုင်ဘာကိုခေါ်ပြီး ဒီကိုလိုက်ပို့ဖို့ သေသေချာချာမှာပြီး အပ်လိုက်တာ" သူက လက်တန်းများဆီသို့ လျှောက်သွားပြီး မြစ်ပြင်ဘက်သို့ လှမ်းမျှော်ကြည့်လိုက်သည်။ "သိပ်ကောင်းတဲ့နေရာပဲ"

ကျွန်တော် ဘာစကားက စ,ပြောရမည်မသိ။ သို့သော်လည်း သူကပင် စကားဆက်ပြောသည်။ "ကျွန်မတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် အထင်လွဲသွားကြတယ်လို့ ထင်တယ် မစ္စတာမာလိုရီ၊ ဒါကြောင့် ကျွန်မ ပြန်ဆွေးနွေးချင်တယ်"

"နေးလ်လို့ပဲခေါ်ပါ"

"ကောင်းပါပြီလေ" သူက တစ်ချက်ပြုံးလိုက်သည်။ "ကျွန်မကို ရှင် အထင်လွဲသွားမှာ စိုးရိမ်မိတယ်၊ ဂျိုနာမာတင်ဆိုတာက ကျွန်မရဲ့ မင်းသမီးနာမည်၊ နာမည်ရင်းက ဂျူးကိုဝေါစကီး၊ ပင်စီဗေးနီးယားပြည်နယ် ဂရန့်ဗီးမြို့မှာ မွေးတယ်၊ ကျွန်မအဖေက ကျောက်မီးသွေးတွင်း အလုပ်သမား၊ ရှင့်မိဘတွေကရော"

ကျွန်တော် ကျယ်လောင်စွာ ရယ်လိုက်မိသည်။ "အဖေက တောမြို့က ရှေ့နေကလေးပါ၊ အင်္ဂလန်အလယ်ပိုင်းက ဝဲလ်စ်ဆိုတဲ့မြို့ကလေးမှာ မွေးတယ်၊ မင်းဒစ်တောင်ကုန်းတွေနားက သိပ်ချစ်စရာကောင်းတဲ့ မြို့ကလေးပေါ့"

"ကြားရတာနဲ့တောင် ကြိုက်သွားပြီ"

"နွေဦးပေါက်ဆိုရင် သိပ်လှတယ်၊ မြစ်ထဲမှာ သစ်ရွက်ကလေးတွေက မျောလို့" ပြောနေရင်းပင် ကျွန်တော့်မြို့ကလေးကို မျက်စိထဲမှာမြင်လာပြီး လွမ်းမိသည်။ ဂျိုနာအာဘင်က လက်တန်းပေါ်မှာ ကိုယ်ကိုကိုင်းမှီထားသည်။

"ကျွန်မတို့ ဂရန့်ဗီးမြို့ကတော့ အဲဒီလိုမဟုတ်ဘူး၊ ကိုယ့်မြို့အကြောင်းကိုယ် ပြန်ပြောရရင် ထူးထူးခြားခြား သုံးခုပဲရှိတယ်၊ ကျောက်မီးသွေးတွင်းတွေရယ်၊ သံမဏိစက်ရုံတွေရယ်၊ အမြဲမှောင်နေတတ်တဲ့ မီးခိုးတွေရယ်၊ ကိုယ့်မြို့လဲ ကိုယ်တော့

www.burmeseclassic.com

ရော တစ်ချက်တောင် ပြန်မကြည့်မိတော့ဘူး"

"မင်းညီမလေးကရော"

"သူ သုံးနှစ်သမီး၊ ကျွန်မ ရှစ်နှစ်သမီးမှာ မိဘတွေ ဆုံးသွားတယ်၊ သီလရှင်တွေက ကျွန်မတို့ကို မွေးစားခဲ့ရတာ၊ ဒါကြောင့်လဲ ကျွန်မညီမလေး သီလရှင်ဝတ်သွားတယ်လို့ ထင်တယ်"

"မင်းကရော"

"ကျွန်မဘကေ မဆိုးပါဘူး၊ အကောင်းဆုံးတီးဝိုင်းတွေမှာ သီချင်းဆိုတယ်၊ ဘရော့ဒ်ဝေးဇာတ်ရုံတွေမှာ ဒုတိယခေါင်းဆောင်မင်းသမီးအဖြစ်နဲ့ ပြဇာတ်နှစ်ဇာတ်က,ဖူးတယ်"

"ကောင်းပြီ၊ မင်းကိုယုံသွားပြီ" ကျွန်တော်က လက်နှစ်ဖက်ကို မြှောက်ပြလိုက်သည်။

"ရှင့်အကြောင်းကိုလဲ ပြောဦးလေ၊ ဘာကြောင့် ဘရာဇီးလ်ကို ရောက်နေတာလဲ"

ကျွန်တော့်အကြောင်းများကို အစမှနေပြီး ယခုလက်ရှိအချိန်အထိ ပြောပြလိုက်မိသည်၊ အခြားသူများကို ပြောမပြမိသည့် အကြောင်းအရာများကိုပါ ထည့်သွင်းပြောပြမိသည်။ ကျွန်တော့်အပေါ်မှာ သူ စိုးမိုးနေပြီဟု ကျွန်တော်ထင်သည်။

"ကဲ. . . ကျွန်မတို့နှစ်ယောက် ဒီမှာ အတူတူရောက်နေကြပြီ၊ ဘယ်ကိုမှ သွားလို့မရတော့တဲ့ ကမ္ဘာကြီးရဲ့ အစွန်အဖျားတစ်နေရာမှာ ဆိုပါတော့၊ ဟိုမှာ ကြည့်ပါဦး၊ ဘယ်လောက်လှသလဲ" ကျွန်တော် ရှင်းပြပြီးသည်နှင့် တပြိုင်တည်း သူက ပြောသည်။

လ,က မိုးသားတွေထဲ ဝင်သွားသည်။ လျှပ်စီးက ပြိုးပြိုးပြက်ပြက် လက်နေသည်။ မိုးက ရုတ်တရက် သဲသဲကြီး ရွာချလိုက်သည်။

"စိတ်ကူးယဉ်ချင်စရာပဲနော်၊ ဒီလိုမြင်ကွင်းတွေကို နေ့တိုင်းမြင်နေရတာ၊ မိုးရာသီဆိုရင် ဘယ်လိုနေမယ်ဆိုတာသာ စဉ်းစားကြည့်ပေတော့" သူဖန်ခွက်ထဲသို့ ကျွန်တော် ဝိုင်အရက် ထပ်ဖြည့်ပေးသည်။ "အင်မတန်အဆိပ်ပြင်းတဲ့ မြွေတွေကလဲ ပေါပဲ၊ မြစ်ထဲကို ကြည့်ဦးမလား၊ မိကျောင်းတွေက ရှောင်မလွတ်ဘူး၊ အင်မတန်ကြီးမားတဲ့ ရေမြွေကြီးတွေ ရှိသေးတယ်၊ လှေတစ်စင်းလောက်ကိုတော့ အသာလေး မှောက်ပစ်လိုက်ပြီး ပါလာသမျှလူတွေ ရေထဲရောက်အောင် လုပ်နိုင်တယ်၊ နေရာတကာမှာ သေဘေးတွေချည့်ပဲ၊ ဒီကိုလာမယ့်အစား ဟောလိဝုဒ်မှာပဲ မင်းနေဖို့ကောင်းတယ်၊ အများကြီးပိုလုံခြုံတာပေါ့"

"နောက်လဆိုရင် ဖြစ်ပါပြီ၊ အမ်ဂျီအမ်ကုမ္ပဏီက ကျွန်မကို အစမ်းရိုက်ကြည့်



ပြီးပြီလေ" သူက ပြုံးသည်။ ပြီးတော့ ကျွန်တော့်ရင်ပတ်ပေါ်သို့ သူလက်တစ်ဘက်လာတင်သည်။ အပြုံးက ပျောက်သွားပြန်သည်။ "ဘာဖြစ်တယ်ဆိုတာ ကျွန်မသိချင်တာ တစ်ခုပါပဲ၊ ကျွန်မပြောတာကို ရှင်နားလည်ပါတယ်နော် နေးလ်"

"ကိုယ်နားလည်ပါတယ်" သူလက်ကလေးကို ကျွန်တော် အုပ်ပြီးကိုင်ထားလိုက်မိသည်။ ပထမဦးဆုံးရည်းစားနှင့် ချိန်းတွေ့ရသူလို ကျွန်တော့်လက်တွေက တဆတ်ဆတ် တုန်နေသည်။ "က,ရအောင်လား"

သူက ခေါင်းညိတ်ပြသည်။ ပြီးတော့ သူ့ကိုယ်လုံးက ကျွန်တော့်ကိုပွတ်ပြီး လှုပ်ရှားနေသည်။ ထိုအခိုက် တံခါးပွင့်သွားသည်။ "ဒီလိုကြေးကိုးကွ၊ ငါကျော်ခိုင်းလိုက်တာနဲ့ တပြိုင်တည်း မင်းတို့က ဒီလိုဖြစ်ကုန်တော့တာပဲလား" ဟင်နာသည် ပြောပြောဆိုဆို အခန်းထဲသို့ ဝင်လာသည်။

ဂ

လေယာဉ်ပျံမောင်းချိန်တွင် ဝတ်သည့် အဝတ်အစားများကို သူဝတ်ထားသည်။ မုတ်ဆိတ်ကျင်စွယ်မွေးများက ထိုးထိုးထောင်ထောင် ဖြစ်နေသည်။ လည်ပင်းမှာ ပဝါတစ်ထည်ကို ဖြစ်ကတတ်ဆန်း စည်းနှောင်ထားသည်။ မည်သို့ဆိုစေ၊ သူ့ရုပ်ရည်က အမျိုးသမီးများ ကျလောက်သည့်ရုပ်မျိုး ဖြစ်သည်။ သူက ကလေးတစ်ယောက်လို ပြုံးလိုက်သည်။ ပြီးတော့ လက်ကိုဆန့်တန်းပြီး ရှေ့သို့တိုးလာသည်။

"သူဟာ မစ္စဂျိုနာမာတင်ပဲ ဖြစ်ရမယ်၊ တခြားဘယ်သူမှ မဖြစ်နိုင်ဘူး"

အမျိုးသမီးကလည်း သူ့ကို လက်တစ်ဘက် ကမ်းပေးလိုက်သည်။ ကျွန်တော့်စိတ်ထဲမှာ မနာလိုစိတ် ပေါ်လာသည်။ "ခင်ဗျားက ဘာအကြောင်းနဲ့ ဒီကိုရောက်လာတာလဲ" ဟု ကျွန်တော်ကမေးသည်။

"မေးမယ်ဆိုလဲ မေးစရာပဲ ချာတိတ်ရေ" စားပွဲထိုးကို သူလှမ်းအော်ခေါ်ပြီး ကုတ်အင်္ကျီကို ချွတ်လိုက်သည်။ "ဒီနေ့မနက် မင်းထွက်သွားကတည်းက တစ်မျိုးပြီးတစ်မျိုး ဖြစ်နေတော့တာပဲ၊ မွန်းလွဲပိုင်းကျတော့ အယ်လ်ဘတ်တိုက ဝိုင်ယာလက်နဲ့ လှမ်းပြောတယ်၊ သူ့ကို စန်တာဟယ်လီနာမှာ လာခေါ်ပြီး မာနော့စ်မြို့ကို ပို့ပေးပါတဲ့၊ တို့ရောက်တာ တစ်နာရီခွဲလောက်ပဲ ရှိသေးတယ်၊ မစ္စမာတင်ရဲ့အဖော်ကို ဟိုတယ်မှာ တွေ့တယ်၊ ငါ ဒီကိုထွက်လာတော့ ဗိုလ်မှူးကြီးအယ်လ်ဘတ်တိုနဲ့ အကြီးအကျယ် စကားများ ကျန်ရစ်ခဲ့လေရဲ့"

"ဘာဖြစ်ကြတာလဲ"

"ဟူနာတွေနဲ့ အတူတူနေတဲ့ ဟူနာကပြား ရှိပါရောလား၊ မ

www.burmeseclassic.com



အယ်လ်ဘတ်တိုက သူ့ကို တောထဲလွှတ်လိုက်တယ်၊ ဒီနေ့နေ့ခင်း သူပြန်ရောက်လာတယ်"

"အဆက်အသွယ် ရခဲ့ပြီတဲ့လား"

"အသေအချာပေါ့ မောင်ရာ" ထိုအချိန်တွင် စားပွဲထိုးရောက်လာသည်။ အရက်နှစ်ပုလင်း ပါလာသည်။ "သူပြန်ပြောတာက မင်းနဲ့ငါ သွားပြီးဖုံးကြခဲ့တဲ့အကြောင်းကို မြစ်ရိုးတစ်လျှောက်မှာရှိတဲ့ သူတို့လူမျိုးတွေအားလုံး သိကုန်ကြပြီတဲ့၊ ဒါကြောင့် သူတို့ခေါင်းဆောင်တွေပါတဲ့ အဖွဲ့နဲ့ ဆွေးနွေးဖို့ သဘောတူလိုက်ပြီတဲ့၊ သန်ဘက်ခါကျရင် သာသနာပြုအဖွဲ့ရှိတဲ့ နေရာကနေ မြစ်ညာဘက် နှစ်မိုင်လောက်ကွာတဲ့နေရာမှာ ဆွေးနွေးကြမယ်"

"ဒီအတိုင်း အမှန်ဆိုရင်တော့ ဝမ်းသာစရာပဲဗျာ" ဟု ကျွန်တော်က လေးလေးနက်နက် ပြောလိုက်မိသည်။

သို့သော် သူ့ဘေးမှာထိုင်နေသည့် ဂျူနာမာတင်ကတော့ ထိုသို့မဟုတ်။

"ကျွန်မညီမလေးသတင်းရော ကြားရမယ်လို့ထင်သလား"

"ကြားရမှာပေါ့၊ အားလုံးကောင်းသွားမှာပါ၊ မင်းကို ကိုယ်ကတိပေးပါတယ်" ပြောပြောဆိုဆို ဂျူနာမာတင်၏ လက်တစ်ဘက်ကို ဆွဲယူလိုက်ပြန်သည်။

ထိုအချိန်ကစပြီး သူတို့နှစ်ယောက် အဖြစ်သည်းနေကြတော့သည်။ ကျွန်တော်က ဘေးလူလို ဖြစ်သွားသည်။ စကားတွေ အများကြီးပြောကြသည်၊ နှစ်ယောက်သား ပြိုင်တူရယ်ကြသည်။ ပြီးတော့ လှုအုပ်ဆီသို့သွားကာ နှစ်ယောက်တွဲပြီး က,ကြလေတော့သည်။

ပ,အထုတ်ခံလိုက်ရသူမှာ ကျွန်တော်တစ်ယောက်တည်း မဟုတ်။ မီးခပ်မှိန်မှိန်ထွန်းထားသည့် တိုင်ကွယ်မှာ ဂါဝန်နီကလေးကို တွေ့လိုက်ရသည်။ လိုလာသည့် တိုင်ကွယ်မှနေပြီး ချောင်းကြည့်နေသည်။ သူ့မျက်လုံးက မီးဝင်းဝင်းတောက်နေသည်။ အခွင့်အရေးများ သာမည်ဆိုလျှင် ဟင်နာ့ကို ဓားနှင့်ထိုးသတ်လိုက်မည့် အမူအရာမျိုးဖြစ်သည်။

က,နေရင်း သူတို့နှစ်ယောက် ဘာတွေပြောနေကြသည်ကို မသိရ၊ တီးဝိုင်းမှ အတီးရပ်သွားသည်နှင့် တပြိုင်တည်း စန္ဒယားရှိရာသို့ သူတို့နှစ်ယောက် လျှောက်သွားကြသည်။ ဟင်နာက ကုလားထိုင်မှာ ဝင်ထိုင်သည်။ ဂျူနာမာတင်က သီချင်းဆိုသည်။

အလွန်အဆိုကောင်းသော မိန်းကလေးဖြစ်ပါသည်။ ကျွန်တော် မျှော်မှန်းထားသည်ထက်ပင် ပိုကောင်းနေသည်။ အဆိုကောင်းလွန်းလှသောကြောင့် ပရိသတ်ကလည်း အလွန်သဘောကျနေကြသည်။

ဒါလောက်ဆိုလျှင်တော့ တော်လောက်ပြီ။ ကျွန်တော် ဆက်ထိုင်နေစရာ



အကြောင်းမရှိတော့၊ ထို့ကြောင့် ထိုင်ရာမှထပြီး မိုးရွာထဲမှာပင် ဟိုတယ်သို့ပြန်ခဲ့သည်။

❐

အိပ်ရာထဲသို့ ကျွန်တော်ရောက်သည်မှာ တစ်နာရီလောက်တော့ ရှိသွားပြီ။ မိုးကနဲ့ အိပ်ပျော်မည်ကြံရုံရှိသေး၊ ဟင်နာ၏အသံကို ကြားလိုက်ရသောကြောင့် မျက်လုံးကျယ်သွားသည်။ အိပ်ရာပေါ်မှဆင်းပြီး တံခါးဆီသို့လျှောက်သွားပြီး ဖွင့်ကြည့်သည်။ သူ အရမ်းမူးနေသည်။ အခန်းအပြင်ဘက်မှာ ဂျူနာမာတင်နှင့်အတူ သူရပ်နေသည်။ ဂျူနာမာတင်၏ အခန်းဖြစ်ပေလိမ့်မည်၊ သူက အမျိုးသမီးကို နမ်းဖို့ကြိုးစားနေသည်၊ သို့သော်လည်း သူ သိပ်မူးနေသဖြင့် မအောင်မြင်၊ ဂျူနာမာတင်က ရယ်နေသည်။

တံခါးပိတ်ထားခဲ့ပြီး ခြင်ထောင်ထဲသို့ ကျွန်တော်ပြန်ဝင်လိုက်သည်။ စီးကရက်တစ်လိပ် မီးညှိသောက်သည်။ ကျွန်တော် ဘာကြောင့် တုန်လှုပ်နေသည်ကို မသိ၊ ဒါသကြောင့်လား၊ သို့မဟုတ် ရင်ထဲကပေါ်လာသည့် ဆန္ဒကြောင့်လား၊ နှစ်ခုစလုံးကြောင့်လား၊ ဆေးလိပ်ကိုဖွာရှိုက်ရင်း လူအားလုံးကို ကျိန်ဆဲနေမိသည်၊ ထိုအခိုက်မှာပင် တံခါးဖွင့်သံကြားပြီး ပြန်ပိတ်သံပါ ကြားရသည်။ တစ်ဆက်တည်း မင်းတုပ်ထိုးလိုက်သည့် အသံပါ ကြားရသည်။ ပြီးတော့ အားလုံး တိတ်သွားသည်။

ရေမွှေးနံ့ကို မရှူရှိုက်ရမီကပင် ကျွန်တော့်အခန်းထဲသို့ ဂျူနာမာတင်ဝင်လာကြောင်း ကျွန်တော်သိလိုက်ပြီး ဖြစ်သည်။

"မရှိချင်ယောင် ဆောင်မနေစမ်းပါနဲ့၊ အဲဒီမှာ ရှင်ရှိနေတာ ကျွန်မသိတယ်၊ ဆေးလိပ်မီးက တရဲရဲနဲ့"

BURMESE CLASSIC .com

"ခွေးမ" ဟု ကျွန်တော်ကပြောသည်။

ခြင်ထောင်ကို သူဆွဲလှန်လိုက်သည်။ ကြမ်းပေါ်သို့ အဝတ်တစ်ခုခု ကျသွားသံပါ ကြားလိုက်ရသည်။ ပြီးတော့ အိပ်ရာထဲက ကျွန်တော့်ဘေးသို့ သူရောက်လာသည်။

"သိပ်ဟန်ကျသွားပြီ၊ မနက်ဖြန် အရှက်တက်ပြီးတာနဲ့ ဗိုလ်မှူးကြီးအယ်လ်ဘတ်တိုက ခရီးစ,ထွက်ချင်တယ်တဲ့၊ သီလရှင် မာရီယာ့ထရီစာနဲ့ ကျွန်မလဲ ခုနစ်နာရီခွဲထက် နောက်မကျဘဲ လေယာဉ်ပျံကွင်းကို အရောက်လာဖို့ ဟင်နာကပြောတယ်၊ သူနဲ့အတူလိုက်မှ ကျွန်မတို့ ပိုလုံခြုံမယ်လို့ သူထင်နေပုံရတယ်"

သူ့အသံက အေးတိအေးစက်ပင် ဖြစ်သည်။

"မင်းအလုပ် မင်းလုပ်တာပဲ"

"ရှင်ဟာလဲ ပိုင်းယော့ကောင်း တစ်ယောက်ပါပဲ နေးလ်မာလိုမျိုး ဟင်နာက ပြောတယ်၊ သူတွေ့ဖူးခဲ့သမျှထဲမှာတော့ အတော်ဆုံးပဲတဲ့"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ပါးပြင်ပေါ်သို့ သူ့နှုတ်ခမ်းများ ကျလာသည်။

"ဒါပေမယ့် မိန်းမတွေအကြောင်းတော့ ရှင် ကောင်းကောင်း မသိသေးပါဘူး"

သူ့ကိုဖက်ပြိုင်ပြီး ကျွန်တော် ငြင်းခုံမနေတော့။ ကျွန်တော့်ရင်ထဲမှာ သော… မြိုက်လာသည်။ ထို့ကြောင့် အဝတ်မကပ်သော သူ့ကိုယ်လုံးကို ကျွန်တော့်ရင်ခွင်ထဲ… ဆွဲယူပွေ့ဖက်ထားလိုက်တော့သည်။

□ □ □

BURMESE CLASSIC .com

# အခန်း (၈)

## သစ်ပင်အောက်က သားဖွားခန်း

ပြတင်းပေါက်မှ နေရောင်တိုးဝင်လာသောကြောင့် ကျွန်တော် အိပ်ရာမှ လန့်နိုးသွားသည်။ လေပြည်လေညင်းကပါ တိုးဝင်နေသောကြောင့် ခြင်ထောင်က လှုပ်ယမ်းနေသည်။ ကျွန်တော်က တစ်ယောက်တည်းရှိနေသည်။ တံတောင်ဆစ်တစ်ဘက်ပေါ်မှာ ထောက်ပြီးထ,လိုက်တော့မှ ထစ်ဘက်က စားပွဲပေါ်သို့ ဝန်းတစ်ခုလာတင်ပေးနေသော ဂျူကာကို သတိထားမိသည်။

"နံနက်စာအသင့်ပါ၊ ဆီညော်မာလိုရီ"

"ဘယ်အချိန်လောက်ရှိပြီလဲ"

ငွေရောင်အိတ်ဆောင်နာရီကို တည်တည်ဖြင့် သူကြည့်နေသည်။

"ရှစ်နာရီအတိပါ ခင်ဗျာ၊ ဒီအချိန်ကျမှ လူကြီးမင်းကိုနိုးပါလို့ အမျိုးသမီးတ… ကျွန်တော့်ကို မှာသွားပါတယ်"

"ဒီလိုလား ဘယ်အချိန်က မှာသွားတာလဲ"

"တစ်နာရီလောက် ကြာသွားပါပြီခင်ဗျာ၊ သီလရှင်နဲ့အတူ… လေ…သာဉ်…ဘွင်းကိုအသွား မှာသွားတာပါ၊ ဒါပဲလားခင်ဗျား"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ခေါင်းညိတ်ပြလိုက်သဖြင့် သူထွက်သွားသည်။ ကော်ဖီထည့်… ပြတင်းပေါက်ဘက်သို့ လျှောက်သွားသည်။ ယခုလောက်ဆိုလျှင် လင်ဒရိုသို့ သူ… သွားနေလောက်ပေပြီ။ တစ်စုံတစ်ခုကို ဆုံးရှုံးလိုက်ရသလို ဖြစ်သွားသည်။ နံနက်စာလည်း… စားချင်စိတ်မရှိတော့။ အဝတ်အစား မြန်မြန်လဲပြီး ကော်ဖီတစ်ခွက် ထပ်သောက်… လုပ်စရာရှိသည်များကိုသာ ခပ်သွက်သွက် လုပ်ရပေတော့မည်။

လေယာဉ်ကွင်းသို့မသွားမီ လုပ်စရာအလုပ်တွေ အများကြီးရှိနေသည်… ကြောင့် တက္ကစီတစ်စီးငှါးလိုက်ပြီး ပထမဆုံး ချောစာထုပ်များ သွားယူသည်။ ပြီးတော့… သတ္တုတွင်းကုမ္ပဏီက ပစ္စည်းများတင်သည်။ နောက်ဆုံး ဖစ်ဂွာရီဒိုမှာလိုက်သည့် လန်… ကလာသော ဂျင်အရက်သေတ္တာတစ်လုံးကို သွားယူသည်။

ကျွန်တော် လေယာဉ်ပျံကွင်းကို ရောက်လာတော့ ကိုးနာရီခွဲတော့မည်… ဟာဗီလင်းရာပိုက် လေယာဉ်ပျံတစ်စီး ရပ်ထားသည်ကို တွေ့ရသည်။ လေယာဉ်ကွင်း… မှာရှိနေသူအားလုံး စိတ်ဝင်တစား ကြည့်နေကြသည်။ ဘရစ္စတိုလေယာဉ်ပျံကတော့… အမိုးအောက်မှာပဲ ရှိနေသေးသည်။ တံခါးကို ကျွန်တော်ဖွင့်လိုက်သည့် အချိန်မှာပင်… ကားဒရိုင်ဘာက ဂျင်အရက်သေတ္တာကို သယ်လာပေးသည်။ လေယာဉ်မောင်းသည်… အခန်းထဲမှာ ဂျူနာမာတင်ထိုင်ပြီး စာဖတ်နေသည်ကို တွေ့လိုက်ရသည်။ ကျွန်တော်… မော့ကြည့်ပြီး လှိုက်လှိုက်စွာ ပြုံးလိုက်သည်။

"ဘာဖြစ်လို့ နောက်ကျနေတာလဲ"

ရုတ်တရက်တော့ ကျွန်တော် ဘာပြန်ပြောရမှန်း မသိ။ အလွန်အမင်း အံ့အား… သင့်နေသောကြောင့် ဖြစ်သည်။ တစ်ခုပဲ သေသေချာချာ သိသည်။ လူတစ်ယောက်… ယောက်ကို တွေ့ရသည့်အတွက် ယခုအကြိမ်လောက် စိတ်ချမ်းသာခြင်းကို တစ်ခါမှ… မခံစားခဲ့ရဘူးသေးချေ။

□

ကျွန်တော့်စိတ်ထဲတွင် မည်သို့ခံစားလိုက်ရကြောင်း သူ သိပုံရသည်။ ကျွန်-တော့်မျက်နှာ အသာယာကြီး သာယာသွားသည် မဟုတ်ပါလား။

"ဘာဖြစ်တာလဲ" ဟု ကျွန်တော်ကမေးသည်။

"ရှင် လေယာဉ်ပျံနဲ့လိုက်ဖို့ ကျွန်မ ဆုံးဖြတ်လိုက်တယ်၊ ဒါပါပဲ၊ ဒီလိုက… ပိုပြီး ပျော်စရာကောင်းမယ် ထင်လို့လေ"

"ဟင်နာက ဘာပြောသေးလဲ"

"အိုး. . . သူကတော့ နည်းနည်းမှ ကြိုက်ပုံမရဘူး" လေယာဉ်မောင်းသည်…



အခန်းထဲမှ သူထွက်လာသည်။ ပြီးတော့ အောက်သို့ခုန်ချကာ ကျွန်တော့်ရင်ခွင်တွင်း ရောက်လာသည်။ "နောက်တစ်ခုကလဲ သူ အရက်နာသိပ်ကျနေတယ်"

ကားဒရိုင်ဘာက ချောစာထုပ်ကြီးကိုယူလာပြီး စောစောက ဂျင်အရက်သေတ္တာ နားမှာ ချသည်။ ကျွန်တော်တို့ကိုမြင်တော့ အထင်တကြီးဖြင့် ပါးစပ်ဟောင်းလောင်း ပွင့်သွားသည်။ ကျွန်တော်က သူ့ကို ပြန်လွှတ်လိုက်သည်။

ကျွန်တော်တို့ နှစ်ယောက်တည်းကျန်တော့မှ သူ့ကို ကျွန်တော်နမ်းသည်။ သို့သော် နမ်းရသည်မှာ တစ်မျိုးကြီးဖြစ်နေသည်။ မနေ့ညတုန်းကနှင့်မတူ။ သူ့နှုတ်ခမ်းတွေက နွေးနွေးထွေးထွေးလည်း မရှိ။ အေးစက်စက်ကြီး။

"သွားကြစို့လေ" ကျွန်တော့်ပါးပြင်ကိုပွတ်ရင်း သူကပြောသည်။

ကျွန်တော့်ရင်ထဲမှာ ခံစားနေရသည်များကို ကျွန်တော် ထုတ်ဖော်မပြောတတ်ပါ။ လူတစ်ယောက်ကို ကိုယ်က ချစ်မိပြီဆိုလျှင် ထိုလူကလည်း ကိုယ့်ကို ပြန်ချစ်လိမ့်မည်ဟု ကျွန်တော် ထင်မှတ်ခဲ့မိသည်။

ပစ္စည်းများကို နောက်ပိုင်းမှာ တင်လိုက်သည်။ ခရီးသည်များအတွက်ထား သော- သားရေကုတ်အင်္ကျီနှင့် ခေါင်းစွပ်ဦးထုပ်ကို ယူပေးလိုက်သည်။ အလုပ်သမားများ ရောက်လာပြီး ဘရစ္စတိုလေယာဉ်ကို အပြင်သို့ ထုတ်ပေးကြသည်။

ဂျူနာမာတင်ကို လေယာဉ်ပျံပေါ်သို့ တင်ပေးလိုက်သည်။ မျက်နှာအုပ်သည့် မျက်မှန်ကိုလည်း လှမ်းပေးလိုက်သည်။

"ဒါ တပ်ထား၊ အတက်နဲ့အဆင်းမှာ ဖုံးကောင်တွေ သိပ်များတယ်"

စက်ပြင်ဆရာများက ပန်ကာကို ဆွဲလှည့်လိုက်ချိန်မှာ ကျွန်တော် စက်နှိုးလိုက်သည်။ လိုအပ်သည့် စစ်ဆေးမှုများ ပြုလုပ်ပြီး ဂျူနာမာတင်ကို လှည့်ကြည့်လိုက်တော့ တည်တည်ငြိမ်ငြိမ် ထိုင်နေသည်ကို မြင်ရသည်။ ထို့ကြောင့် ကျွန်တော်လည်း ကောင်းကင်သို့ ပျံတက်ခဲ့တော့သည်။

□

ရာသီဥတုက သာယာနေသောကြောင့် လေယာဉ်ပျံမောင်းရသည်မှာ အလွန်တရာ သက်တောင့်သက်သာ ရှိလှသည်။ ယခုလို လေယာဉ်ပျံကလေးနှင့် လာရသည်ကို ဂျူနာမာတင် သဘောကျလိမ့်မည်ဟု ကျွန်တော် ထင်မိသည်။ သို့သော် စိတ်လှုပ်ရှား… ကလေးကိုမှ မမြင်တွေ့ရ။ တည်တည်ငြိမ်ငြိမ်ပင် ထိုင်လိုက်လာသည်။ ထို့ကြောင့် … တစ်လျှောက်လုံး စကားနှစ်ခွန်းသာ ပြောဖြစ်သည်။ ဖရန်ကိုခံတပ်ကို … ဘစ်ကြိမ်နှင့် လင်ဒရိုသို့ ဆင်းသက်ခါနီးတွင် တစ်ကြိမ်ဖြစ်သည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဂိုထောင်နားတွင် ရပ်ထားသည့် ဟောလေ့လေယာဉ်ပျံကို မြင်လိုက်ရတော့ ကျွန်တော် အံ့အားသင့်သွားသည်။ ယခုအချိန်လောက်ဆိုလျှင် စန်တာဟယ်လီနာသို့ ခရီးဆက်နေလောက်ပြီဟု ကျွန်တော် ထင်ထားခဲ့သည်။

ကျွန်တော်တို့ လေယာဉ်ပျံ ရပ်လိုက်တော့ မင်နီသည် အလုပ်သမားနှစ်ယောက်နှင့်အတူ လျှောက်လာသည်။ ကျွန်တော့်ကိုမော့ကြည့်ပြီး ပြုံးပြသည်။

"ဘာဖြစ်လို့ မင်းနောက်ကျနေတာလဲ၊ ဆမ်တော့ အိမ်မြှောင်အမြီးပြတ်လိုကို ဖြစ်နေတာပဲ"

"သူ ဒါလောက်ဂရုစိုက်လိမ့်မယ်ဆိုတာ ကျွန်တော် မသိဘူးဗျာ" ပြောပြောဆိုဆိုပင် မြေပြင်ပေါ်သို့ ကျွန်တော်ခုန်ချလိုက်သည်။

ပြီးတော့ ဂျူနာမာတင်ဆင်းဖို့ ကျွန်တော်က လက်ကမ်းပေးလိုက်သည်။ မင်နီက ဘေးသို့ဖယ်ပေးသည်။

"အသက်ကြီးလာတော့ မကူညီနိုင်တော့ဘူး မစ္စမာတင်" ဟု မင်နီက လှမ်းပြောသည်။

အမျိုးသမီးက ပြုံးလိုက်သည်။ မင်နီကို သူ သဘောကျသွားပြီဖြစ်ကြောင်း ဖော်ပြလိုက်သည့် အပြုံးမျိုးဖြစ်သည်။ မိန်းကလေးများသည် လူတစ်ယောက်ယောက်ကို တွေ့လျှင်တွေ့ချင်း မိမိနှင့် ပေါင်းသင်း၍ ရနိုင်မည့်သူ ဟုတ်မဟုတ် သိတတ်ကြသည်။ ပေါင်းသင်း၍ ရမည့်သူဆိုလျှင် ဤသို့ပင် ပြုံးတတ်သည်။ သူနှင့် ပေါင်းသင်း၍ အပေါက်အလမ်း မတည့်နိုင်မည့်သူဆိုလျှင်မူ ခပ်တန်းတန်းနေတတ်သည်။

ထုံးတမ်းစဉ်လာအတိုင်း ကျွန်တော်က မိတ်ဆက်ပေးသည်။

"ဘာဖြစ်လို့ ဆမ် ဒီလောက် ငါးမုန့်ပြာလူး ဖြစ်နေတယ်ဆိုတာ အခုမှပဲ ငါ သဘောပေါက်တော့မယ်ကွာ၊ ဒီကလေးက မင်းကို ကောင်းကောင်းမွန်မွန် ဆက်ဆံခဲ့ပါတယ်နော် မစ္စမာတင်၊ လေယာဉ်ပျံကိုရော ကောင်းကောင်း မောင်းခဲ့ရဲ့လား"

ကျွန်တော် သူ့ကို အတော် ဒေါသဖြစ်လိုက်မိသည်။ သူနှင့်အတူ ပေါင်းသင်းခဲ့ကတည်းက ယခု ပထမဦးဆုံးအကြိမ် သူ့အပေါ် ဒေါသထွက်မိခြင်း ဖြစ်ပေလိမ့်မည်။ ကျွန်တော် ဒေါသဖြစ်ကြောင်း သူရိပ်မိသည်နှင့်တပြိုင်တည်း သူ့မျက်နှာပေါ်မှ အပြုံးများ ပျောက်ကွယ်သွားတော့သည်။ စိတ်မကောင်းဖြစ်သွားပုံလည်း ရသည်။

တစ်ဘက်သို့ ကျွန်တော်လှည့်လာတော့ ဒုန်းစိုင်းပြေးလာသည့် ဟင်နာကို တွေ့ရသည်။ ဒါလောက် နေပူကျဲကျဲကြီးထဲမှာ လေယာဉ်ပျံမောင်းသည့် အဝတ်အစားတွေကိုဝတ်ပြီး ယခုလိုပြေးလာခြင်းမှာ အကြည့်ရတော့ အတော်ဆိုးသည်။ ကျွန်တော်တို့နှင့် ဆယ်ကိုက်လောက်ကွာတော့မှ သူ့အဖြစ်ကို သူ ပြန်ပြီးသတိရဟန်ဖြင့် အပြေးရပ်ပြီး သာမန်လမ်းလျှောက်သလို ဆက်လျှောက်လာသည်။



ကျွန်တော့်ကို လုံးဝအရေးမစိုက်ဘဲ ဂျူနာမာတင်ဘက်သို့ လှည့်သွားသည်။

"အခု ကျေနပ်သွားပြီ မဟုတ်လား"

"အဲဒီစကား အမှန်ဆုံးပဲ၊ သီလရှင် မာရီယာထရီစာရော ဘယ်မှာလဲ" ဟု ဂျူနာမာတင်က ပြန်မေးသည်။

"သာသနာပြုအဖွဲ့ပိုင်တဲ့ မော်တော်ကိုကြည့်ဖို့ ကမ်းနားဘက်ဆင်းသွားတာ နောက်ဆုံးတွေ့လိုက်တာပဲ၊ မင်းနဲ့ သူနဲ့ မော်တော်ပေါ် ဆင်းအိပ်ဖို့ ခပ်ကြောင်ကြောင် စိတ်ကူးနေပုံရတယ်"

"ဟိုဘယ်မှာက ဘာဖြစ်လို့လဲ"

"မင်းတို့နှစ်ယောက် ကိုယ့်အိမ်မှာနေဖို့ စီစဉ်ထားပြီးပြီ၊ လာ လိုက်ခဲ့၊ နေရာ ထိုင်ခင်း လိုက်ပြမယ်၊ ပြီးရင် အယ်လ်ဘာတ်တိုကို စန်တာဟယ်လီနာ လိုက်ပို့ပေးရဦးမယ်"

ပြောပြောဆိုဆို ဂျူနာမာတင်၏သေတ္တာကို သူ ကောက်ကိုင်လိုက်သည်။

"ကျုပ်တို့က ဘယ်မှာနေရမှာလဲ" ဟု ကျွန်တော်က လှမ်းမေးသည်။

"သုံး-လေးညလောက်တော့ ဒီဂိုထောင်ထဲမှာပဲ ကြိုးကုတင်နဲ့ အိပ်လိုက်ကြတာပေါ့၊ မင်းပစ္စည်းတွေကို မင်နီ ရွှေ့ထားပြီးပြီ"

အမျိုးသမီး၏ လက်မောင်းကိုဆွဲပြီး သူထွက်သွားသည်။ လေး-ငါးလှမ်းလောက် လှမ်းပြီးမှ နောက်သို့လှည့်ပြီး အော်ပြောသည်။

"ချောစာထုပ်တွေ ဖစ်ဂွာရီဒိုဆီကို မြန်မြန်ပို့လိုက်ပါ၊ စာယူမယ့်လူတွေ စောင့်နေတာ တစ်နာရီလောက်ရှိနေပြီ"

ကျွန်တော့်ရင်ထဲမှာ ဒေါသမီးတွေ တောက်လောင်နေသည်။ မိန်းမများအကြောင်းကို စဉ်းစားရင်း ဒေါသနှင့်အတူ နာကျည်းစွာ ရယ်မောမိသည်။

"ဖစ်ဂွာရီဒိုဆီကို အထုပ်တွေ ငါပို့ပေးလိုက်မယ်၊ မင်း ကော်ဖီတစ်ခွက်လောက် သောက်ပြီး အနားယူလိုက်ဦး၊ ဒီမနက် မင်း ပင်ပန်းလာပုံရတယ်" ဟု မင်နီက ပြောသည်။

သူ ထွက်သွားတော့မှ လေယာဉ်ပျံပေါ်ရှိ ကျွန်တော့်ပစ္စည်းအိတ်ကိုဆွဲပြီး ဂိုထောင်ထဲသို့ ဝင်ခဲ့သည်။ ဝိုင်ယာလက်စက်၏ တစ်ဘက်ခြမ်းမှာ ကြိုးခုတင်သုံးလုံး ဆင်ထားသည်။ ထင်းရှူးသေတ္တာကြီးများကိုဆင့်ပြီး အခန်းသဖွယ် လုပ်ထားသည်။ စားပွဲတစ်လုံးနှင့် ကုလားထိုင်သုံးလုံး၊ မီးဖိုပေါ်တွင် တင်ထားသည့် ကော်ဖီ[illegible] တွေ့ရသည်။

မတ်ခွက်ထဲသို့ ကော်ဖီထည့်ပြီး စီးကရက်တစ်လိပ် မီးညှိကာ [illegible] သို့ တက်လိုက်သည်။ ဂျူနာမာတင်ကို မျက်စိထဲမှာ တရေးရေးမြင်နေ[illegible]

www.burmeseclassic.com

www.burmeseclassic.com



ဖျောက်ဖျက်လို့မရ၊ ဟင်နာ၏ လေယာဉ်ပျံနှင့်အတူလာရန် စီစဉ်ပြီးမှ ကျွန်တော့် လေယာဉ်နှင့် လိုက်လာသည့် အကြောင်းများကိုပါ ပြန်စဉ်းစားနေမိသည်။ စဉ်းစား ကောင်းတုန်း ဗိုလ်မှူးကြီး အယ်လ်ဘတ်တို ရောက်လာသောကြောင့် အတွေးပြတ်သွား သည်။

"ဒီမှာ စခန်းလာချနေတာလား မစ္စတာမာလိုရီ"

"ဟင်နာ ဒီမှာမရှိဘူး၊ ဂျူနာမာတင်ကို အိမ်လိုက်ပို့ပေးနေတယ်"

"ကျွန်တော်သိပါတယ်၊ ခင်ဗျားကို တွေ့ချင်လို့လာတာ"

အယ်လ်ဘတ်တိုက မတ်ခွက်တစ်လုံးကိုယူပြီး သူ့ဟာသူ ကော်ဖီထည့်နေ သည်။

"တစ်မနက်လုံး သီလရှင် မာရီယာထရီစာနဲ့ ကျုပ် စကားများနေရတယ်၊ စန်တာဟယ်လီနာကို သူလဲလိုက်မယ်ဆိုပြီး အကြောက်အကန် ပြောနေတယ်"

အယ်လ်ဘတ်တိုက ဝမ်းနည်းပက်လက်ပုံစံမျိုးဖြင့် ခေါင်းကိုယမ်းခါနေသည်။

"သူ့ကို လိုက်ခွင့်ပြုမှာလား"

"တားလို့ရနိုင်မယ့် နည်းလမ်းကို မမြင်တော့ဘူးဗျာ၊ သူတို့လက်ထဲမှာရှိနေတဲ့ ထောက်ခံစာတွေကို ခင်ဗျားမြင်မှာပေါ့၊ သမ္မတကြီးကိုယ်တိုင် ခွင့်ပြုထားတာလေ၊ သာ သနာပြုအဖွဲ့ကပိုင်တဲ့ မော်တော်နဲ့ ဒီနေ့မနက်ပဲ သူတို့သွားကြမယ်ဆိုရင် ကျွန်တော် ဘယ်လိုလုပ်တားမလဲ၊ အမိန့်နဲ့တားရင်လဲ ကျုပ် ပြဿနာပေါ်ဦးမယ်"

"ဒီလိုဆိုရင် ဘာလုပ်မလဲ"

"ဟူနာတွေနဲ့တွေ့ပြီး စေ့စပ်ဆွေးနွေးဖို့ ကျွန်တော့်လူ အစီအစဉ်လုပ်နေတာ ကြာပြီပြီလား၊ မနက်ဖြန်နေ့ခင်းမှာ တွေ့ကြဖို့ သဘောတူလိုက်ပြီလေ၊ စန်တာဟယ်လီ နာကနေ အထက်ဘက် တစ်မိုင်လောက် ကွာတဲ့နေရာမှာ တွေ့ကြဖို့ စီစဉ်ပြီးပြီ"

"လူ ဘယ်လောက်များမလဲ"

"သူတို့ဘက်က အကြီးအကဲတစ်ယောက်နဲ့ လူကြီးငါးယောက်၊ ကျွန်တော်တို့ ဘက်က ကျွန်တော်ရယ်၊ အစီအစဉ် လုပ်ပေးတဲ့ ဟူနာကပြား ပီဒရိုရယ်၊ ခင်ဗျား ဘယ်လို သဘောရသလဲ"

"အင်း. . . စိတ်ဝင်စားစရာပဲ"

"ဟုတ်တယ်၊ ကျွန်တော်နဲ့အတူတူ ခင်ဗျားလိုက်လာရင် ကောင်းမလားလို့ ကျွန်တော် စဉ်းစားနေတယ်"

ထိုစကားကို ကြားရသဖြင့် ကျွန်တော် အံ့အားသင့်သွားသည်။ အိပ်ရာမှ ထပြီး ခြေတွဲလောင်းချထား ထိုင်လိုက်မိသည်။

"ဘာဖြစ်လို့ ကျွန်တော့်ကို လိုက်စေချင်တာလဲ"



"အင်ဒီးယန်းတွေအကြောင်းကို တခြားလူတွေထက် ခင်ဗျားက ပိုသိတယ်၊ ဒါကြောင့် အခုလို စေ့စပ်ဆွေးနွေးတဲ့နေရာမှာ ခင်ဗျားက အများကြီး အကူအညီပေး နိုင်မယ်လို့ ထင်တယ်"

"ဆွေးနွေးမယ့်နေရာနဲ့ မြစ်ကမ်းနဲ့က ဘယ်လောက်ဝေးသလဲ၊ ဖနောင့်နဲ့ တင်ပါး တစ်သားတည်းကျအောင် ပြေးဖို့လိုမယ်ဆိုရင် ကြိုသိထားရအောင် လိုရမည်ရ မေးထားတာပါ"

အယ်လ်ဘတ်တိုက ပြုံးသည်။

"ခင်ဗျားတောင် သွေးလန့်နေပြီထင်တယ်၊ မနက်ဖြန်ကျရင် အမျိုးသမီးတွေကို ဟင်နာ လေယာဉ်ပျံနဲ့ လိုက်ပို့ပေးလိမ့်မယ်၊ သူတို့နဲ့ ခင်ဗျားလိုက်ခဲ့ပေါ့၊ သာသနာပြု အဖွဲ့နေရာကို အမျိုးသမီးတွေ ကြည့်ချင်တယ်ဆိုလို့ ကျွန်တော်ခွင့်ပြုလိုက်ရပြီ"

"တစ်ခြားနည်းလမ်းကိုလဲ ခင်ဗျား ရွေးစရာမရှိတော့ဘူး ထင်တယ်"

"အမှန်ပေါ့ဗျာ"

အပြင်သို့ ထွက်သွားသည်။ ထိုအချိန်မှာပင် ဟင်နာလည်း ရောက်လာသည်။ သူ့ကိုယ်ပေါ်မှ အဝတ်အစားများကို ပြင်ဆင်နေသည်။ မင်နီက သူ့ဘေးမှာ ရပ်နေသည်။

"သွားကြစို့ ဗိုလ်မှူးကြီး၊ ခင်ဗျားကို စောစောပို့နိုင်မှ ကျွန်တော်လဲ စောစော ပြန်လာနိုင်မယ်" ဟု ဟင်နာက လှမ်းပြောသည်။

"ဘာဖြစ်လို့ ဒါလောက်တောင် ဟျာလောင်ခတ်နေရတာလဲ" ဟု ကျွန်တော် က သူ့ကိုမေးသည်။

ကျွန်တော့်စကားကိုကြားတော့ လေယာဉ်ပျံနားမှာ သူ အမ်းတမ်းတမ်း ဖြစ် သွားသည်။ ပြီးတော့ ကျွန်တော့်ဆီသို့ လျှောက်လာသည်။ သူနှင့်ကျွန်တော် ပထမဦးဆုံး တွေ့သည့်ညက ဂါဝန်နီဝတ် အမျိုးသမီးကလေး လိုလာနှင့် သူ အဆင်မပြေဖြစ်ခဲ့သည်။ ထိုညက အမူအရာမျိုးကို သူ့မျက်နှာပေါ်မှာ ယခု ပြန်မြင်နေရသည်။ ဖြည်းဖြည်းချင်း သူလျှောက်လာသည်။ ပြီးတော့ ကျွန်တော့်ရှေ့မှာ သူကပ်ရပ်လိုက်သည်။ သူနှင့် ကျွန် တော့်ကြားမှာ ခြေတစ်ဖဝါးစာပင် ချစရာမရှိတော့။

ကျွန်တော့်ကို တစ်စုံတစ်ရာ လုပ်လိုက်တော့မည်ဟု ကျွန်တော်ထင်သည်။ ထိုအချိန်မှာပင် ကျွန်တော်တို့နှစ်ယောက်ကြားသို့ မင်နီရောက်လာသည်။ သူ့မျက်နှာ ဖြူနေသည်။ ဟင်နာက ရုတ်တရက် နောက်လှည့်ပြီး လေယာဉ်ပျံဆီသို့ လျှောက်သွား သည်။ အယ်လ်ဘတ်တိုက လေယာဉ်ပျံပေါ် ရောက်နှင့်နေပြီ။ လေယာဉ်ပျံပေါ်သို့ သူတက်ကာ အလောသုံးဆယ် မောင်းထွက်သွားသည်။

"ဒီလိုဖြစ်တာကတော့ မကောင်းဘူးနေးလ်၊ နည်းနည်းမှ မကောင်းဘူး ဆမ် ဟာ ဘယ်လိုလူစားမျိုးဆိုတာ မင်းသိသားပဲကွာ၊ ဘာမှ ကြိုတွက်လို့ရတဲ့ လူစားမျိုး

www.burmeseclassic.com



မဟုတ်ဘူး” ဟု မင်နီက လေသံပျော့ကလေးနှင့် ပြောနေသည်။

“ဒီကောင်ကြီးအပေါ်မှာ ခင်ဗျား အမြဲတမ်း ညာတွက်တယ်၊ ကျွန်တော်က တော့ မတွက်နိုင်ဘူးဗျို့”

ထိုနေရာမှ ချာကနဲ လှည့်ထွက်ခဲ့ပြီး အိမ်ဆီသို့ လျှောက်လာခဲ့သည်။ အိမ်ကို ရောက်သွားတော့ လူသူ တစ်စုံတစ်ယောက် ရှိပုံမရ။ အိမ်ရှေ့တံခါးကို ဖွင့်ထားသဖြင့် အတွင်းသို့ ကျွန်တော်ဝင်သွားသည်။

ရေချိုးခန်းထဲမှ ရေကျသံကြားသဖြင့် စီးကရက်တစ်လိပ်တုတ်ပြီး မီးညှိနေမိသည်။ ခဏကြာတော့ ရေကျသံ ရပ်သွားသည်။ ဂျူနာမာတင်၏ သီချင်းညည်းနေသံကို ကြားရသည်။ တစ်ဆက်တည်း အပြင်သို့ သူထွက်လာသည်။ အဝတ်ဟောင်းတစ်ထည်ကို ဝတ်ထားသည်။ မျက်နှာသုတ်ပဝါကို ခေါင်းမှာပတ်ထားသည်။

ကျွန်တော့်ကိုမြင်တော့ တုံ့ကနဲ ရပ်သွားသည်။ မျက်ခုံးနှစ်ဘက်လည်း အပေါ်သို့ မြင့်တက်သွားသည်။

“ကျွန်မ ဘာလုပ်ပေးရမလဲ၊ ပစ္စည်းတစ်ခုခုများ မေ့ကျန်နေလို့လား”

“ကိုယ် ဘာလုပ်ခဲ့တယ်ဆိုတာ မင်းပြန်ပြောပြစမ်းပါ”

ထိုနေရာမှာပင် သူရပ်မြဲရပ်နေသည်။ တည်ငြိမ်သော အမူအရာဖြင့် ကျွန်တော့်ကို အကြာကြီး စိုက်ကြည့်နေသည်။ ပြီးတော့ စားပွဲပေါ်ရှိ သူ့လက်ကိုင်အိတ်ကို လှမ်းဆွဲသည်။ အိတ်ဖွင့်ပြီး စီးကရက်နှင့် မီးခြစ်ထုတ်သည်။

“ဒီမှာ မာလိုရီ၊ ကျွန်မအပေါ်မှာ ရှင့်ကျေးဇူး တစ်ပြားဖိုးမှမရှိဘူး၊ ဟုတ်ပြီလား” မီးခိုးတန်းကို မှုတ်ထုတ်လိုက်ရင်း သူက တည်ငြိမ်သည့်လေသံနှင့် ပြောသည်။

ကျွန်တော် ဘာဆက်လုပ်ရမည်ကို မသိတော့။ ဆွဲပြီး နားရင်းပါးရင်း ရိုက်ပစ်လိုက်ချင်သည့်စိတ်သာ ပေါ်လာသည်။ တံခါးပေါက်ဆီသို့ လျှောက်လာခဲ့ပြီး ကျွန်တော် ပြန်ပြောလိုက်မိသည်။

“တစ်ခု မေးစမ်းပါရစေဦး၊ ငါ့အပေါ်မှာရော မင်းကျေးဇူးတွေ ဘယ်လောက်များ ရှိသလဲ”

ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့်ပြီး သူကရယ်သည်။ နောက်သို့ ကျွန်တော် ပြန်လှည့်ပြီး မြစ်ကမ်းဘက်သို့ ကမန်းကတန်း ထွက်ခဲ့ရတော့သည်။

ကျွန်တော် အရှုံးကြီးရှုံးသွားပြီ။

❐

မိန်းမတွေအကြောင်းကို ကျွန်တော် ကောင်းကောင်းမသိ။ မ,ကျမ်း မကျေ



သေး။ သည်လိုဆိုတော့လည်း သည်လိုအဖြစ်မျိုးနှင့်သာ ကျွန်တော် ထိုက်တန်သည်။ ကမ်းနားတစ်လျှောက် စီးကရက်ခဲရင်း လမ်းလျှောက်နေမိသည်။

မြစ်ထဲမှာ လှေတွေများလှသည်။ ဖစ်ဂွာရီဒိုအတွက် အစိုးရကပေးထားသော မော်တော်ကိုလည်း တွေ့ရသည်။ ကုမ္ပဏီကြီးတစ်ခုမှ မော်တော်နှင့် သာသနာပြုအဖွဲ့ပိုင် မော်တော်တို့လည်း ဆိုက်ကပ်ထားသည်။ သီလရှင် မာရီယာထရီစာကို သာသနာပြုအဖွဲ့ပိုင် မော်တော်ပေါ်မှာ တွေ့ရသည်။ တစ်ဘက်သို့ ကျွန်တော် ပြန်လှည့်လိုက်သော်လည်း နောက်ကျသွားပြီ။ သူက ကျွန်တော့်နာမည်ကို လှမ်းခေါ်နေပြီ။ သို့ဖြင့် သူ့ဘက်သို့ မျက်နှာ ပြန်မူလိုက်ရတော့သည်။ သူ့မျက်နှာက ပြုံးနေသည်။

“ရာသီဥတု အင်မတန်ကောင်းတဲ့ မနက်ပဲ မစ္စတာမာလိုရီ”

“ခဏပါပဲဗျာ”

“စီးကရက်တစ်လိပ် တည်ပါဦး”

သူက အေးအေးပင် ပြန်ပြောသည်။ သူ့စကားကြောင့် ကျွန်တော် အံ့အားသင့်သွားသည်။ ပြည်တွင်းဖြစ် စီးကရက်ဘူးကိုထုတ်ပြပြီး တစ်လိပ်ကမ်းပေးလိုက်သည်။

“စီးကရက်က ပြည်တွင်းဖြစ်တွေမို့ အားနာတယ်၊ ဆေးအမည်းတွေနဲ့ လိပ်ထားတာ”

သီလရှင်က စီးကရက်ကို ကျွမ်းကျင်စွာ ဖွာရှိုက်ပြီး ပြုံးလိုက်သည်။

“သီလရှင်တွေလဲ လူသားပါပဲ၊ သူလိုကိုယ်လို သွေးနဲ့ကိုယ် အသားနဲ့ကိုယ်ပါပဲ”

“ဒါလဲ မှန်ပါတယ်” ထိုမျှပြောပြီး တစ်ဘက်သို့လှည့်ကာ ကျွန်တော် လစ်ဖို့ ဟန်ပြင်လိုက်သည်။

“ကျွန်မကို ရှင် သိပ်ဂရုစိုက်ချင်ပုံမရဘူးလို့ ထင်တယ် မစ္စတာမာလိုရီ၊ ကျွန်မ လှမ်းမခေါ်လိုက်ရင် ကျွန်မဆီလာပြီး ရှင် စကားပြောမှာ မဟုတ်ဘူးနော်”

“ဟုတ်တယ်၊ ခင်ဗျားဟာ အင်မတန်မိုက်မဲပြီး လက်တွေ့မဆန်တဲ့ သီလရှင် တစ်ပါးလို့ ကျွန်တော်ထင်တယ်၊ ဘယ်လိုပြဿနာတွေထဲမှာ ရောပြီးရှုပ်ထွေးနေတယ်ဆိုတာ ခင်ဗျားကိုယ်ခင်ဗျား မသိဘူး”

“တောင်အမေရိကတိုက်ထဲမှာ သာသနာပြု ဆေးအဖွဲ့နဲ့ ခုနှစ်နှစ်လုံးလုံး ကျွန်မ နေခဲ့ဖူးတယ် မစ္စတာမာလိုရီ၊ ဒါကြောင့် ဒီလိုအရပ်ဒေသမျိုးဟာ ကျွန်မအဖို့ ဘာမှအထူးအဆန်း မဟုတ်တော့ဘူး”

“အဲဒီလို အတွေ့အကြုံတွေ ရှိနေခဲ့တယ်ဆိုရင် ဘာဖြစ်လို့ ဒီနေရာကို လိုက်လာရတာလဲ၊ ခင်ဗျားကြောင့် အခြေအနေတွေ ပိုပြီးရှုပ်ထွေးကုန်နိုင်တယ်၊ အန္တရာယ်ပိုပြီး ခက်ခဲလာနိုင်တယ်”

“ဒါက ရှင်တို့အမြင်ကိုး၊ အင်ဒီးယန်းလူမျိုးတွေနဲ့ ရှင် အမှားပြီး ဆက်ဆံ

www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာ ကျွန်မသိတယ်၊ ဇင်ဂူးမှာတုန်းက ကားလ်ဘာဘာနဲ့ ပေါင်းခဲ့ကြသေးတယ် မဟုတ်လား"

"သိခဲ့တာပါ"

"တကယ့် လူတော်လူကောင်းတစ်ယောက်ပါ"

"သာသနာပြုလုပ်ငန်းတွေကြောင့် အင်ဒီးယန်းလူမျိုးတွေ ပိုပြီးဒုက္ခရောက်ကြရကြောင်းလဲသိရော အဲဒီအလုပ်တွေအားလုံးကို တစ်ခါတည်း စွန့်လွှတ်ခဲ့တဲ့လူ"

"ကျွန်မ လက်ခံပါတယ်၊ လုပ်ပုံကိုင်ပုံ မသေချာလို့လဲ ဖြစ်ကုန်ရတာပါ၊ ဘာသာရေး အသင်းအဖွဲ့ပေါင်း မြောက်မြားစွာကလဲ ဝင်ပြီးပတ်သက်နေကြတယ် မဟုတ်လား" သီလရှင် မာရီယာထရီစာက သက်ပြင်းရှိုက်လိုက်သည်။

ကျွန်တော့်ရင်ထဲမှာ ဒေါသစိတ်တွေ ပြည့်လာပြန်သည်။

"ကျွန်တော်တို့ကို သူတို့ အလိုမရှိဘူး ဆရာလေး၊ ဘယ်သူ့ကိုမှ မလိုချင်ဘူး၊ သူတို့အတွက် ကျွန်တော်တို့ လုပ်ပေးသင့်တဲ့ အကောင်းဆုံးအလုပ်ဟာ သူတို့နဲ့ဝေးရာကို ထွက်သွားဖို့ပဲ၊ သူတို့ချည့် ထားခဲ့ဖို့ပဲ၊ ဘယ်ဘာသာရေးကိုမှလဲ သူတို့မလိုချင်ဘူး၊ သူတို့ကိုယ်မှာ ဘာအဝတ်အစားမှလဲ မကပ်ဘူး၊ သူတို့ပိုင်ဆိုင်တာလဲ မရှိဘူး၊ တစ်နေ့ ရေနှစ်ခါချိုးတယ်၊ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန်ကူညီတယ်၊ ဒါပဲ၊ အဲဒါတွေအပြင် သူတို့ကို ဆရာလေးတို့ ဘာပေးနိုင်ဦးမှာလဲ"

"ပြီးတော့ အချင်းချင်းလဲ ပြန်သတ်နေကြတယ်လေ၊ အဲဒါတစ်ခုထည့်ပြောဖို့ ရှင်မေ့သွားပြီထင်တယ်"

"ဟုတ်တယ်၊ အပြင်လူမှန်သမျှကို သူတို့ရဲ့ သဘာဝရန်သူလို့ သူတို့မြင်တယ်၊ သူတို့မှန်တယ်ဆိုတာ ဘုရားသခင်မှပဲ သိတော့မှာပဲ"

"သက်ကြီးရွယ်အိုတွေကိုလဲ သူတို့သတ်တယ်၊ ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် လုပ်တယ်၊ သူတို့ ပြန်အသတ်ခံရဖို့အတွက် သူတို့က လိုက်သတ်နေတာ"

"ဒါတွေကို ဆရာလေး သဘောမပေါက်ပါဘူး၊ အဆိုးဆုံးဟာ အဲဒါပဲပေါ့၊ သူတို့အဖို့တော့ သေခြင်းနဲ့ရှင်ခြင်းဟာ တစ်ခုတည်းပဲ၊ သူတို့အဖို့ အိပ်ရာကနိုးတာနဲ့ အိပ်တာဟာ အတူတူပဲ၊ သေတယ်ဆိုတာ သူတို့အဖို့ မဆန်းဘူး၊ သူတို့ အသက်ရှင်နေတာကိုက စစ်တိုက်ဖို့အတွက် အသက်ရှင်နေတာ"

"သူတို့အတွက် မေတ္တာတရားကို ပေးဝေမယ် မစ္စတာမာလိုရီ၊ မဟာကရုဏာတော်ကို ပေးမယ်၊ ဒါဟာ မကောင်းတဲ့အလုပ်လား"

"ဒါတွေက ကြာပါပြီ၊ အချိန်ကာလတွေ ပြောင်းလာတာနဲ့အတူတူ လူတွေလဲ ပြောင်းလာကြတာပါပဲ" ထိုင်ရာမှထပြီး ခါးပတ်ကို နေသားတကျ ပြင်နေသည်။

"ကျွန်မ သဘောမပေါက်နိုင်ဘူးဆိုပြီး ရှင် အပြစ်တင်ခဲ့တယ်၊ ရှင့်ဘက်ကလဲ ကိုယ့်ဆင်



ခြေနဲ့ ကိုယ်ပေါ့လေ၊ ကဲ. . . လင်ဒရိုမြို့ဟာ ဘယ်လိုမြို့လဲဆိုတာ သိရအောင် ကျွန်မကို လိုက်ပြပါလား"

ယခု မနက်ပိုင်းကလေးမှာပင် ဒုတိယအကြိမ်မြောက် ကျွန်တော် မှုန်နိမ့်သွားပြန်ပါပြီ။ ကိုယ့်စိတ်ကိုယ်လျှော့ကာ သူ့ကို လက်ကမ်းပေးပြီး ကမ်းပေါ်သို့ တက်ခဲ့ကြသည်။ ကျွန်တော့်လက်မောင်းကို သူ ကိုင်ပြီးလိုက်လာသည်။

"ဗိုလ်မှူးကြီး အယ်လ်ဘာတ်တိုဟာ လူတော်တစ်ယောက် ဖြစ်ပုံရတယ်"

"မနက်ဖြန် သူတို့ စေ့စပ်ဆွေးနွေးကြမှာနဲ့ ပတ်သက်ပြီး ရှင့်အမြင် ဘယ်လိုရှိသလဲ၊ အောင်မြင်နိုင်ပါ့မလား"

"သူတို့အနေနဲ့ ကျွန်တော်တို့ဘက်က ဘာလုပ်ပေးစေချင်သလဲဆိုတာအပေါ်မှာ တည်တယ်၊ အင်ဒီးယန်းတွေဟာ ကလေးတွေလိုပဲ၊ အခုချက်ချင်း ပြုံးပြနေရာကအခုချက်ချင်း ထ,သတ်ပြီး ဦးနှောက်ကို ထုတ်စားချင်စားတာ"

"ဒီအတိုင်းဆိုရင် အခုတွေ့ဆုံပွဲဟာ အန္တရာယ်သိပ်ကြီးတာပေါ့"

"ဒီလိုပဲ ပြောရမှာပါပဲ၊ ဗိုလ်မှူးကြီး အယ်လ်ဘာတ်တိုက ကျွန်တော့်ကိုလဲ လိုက်စေချင်တယ်"

"လိုက်မယ်လို့ရော စိတ်ကူးသလား"

"ရတ်တရက်ဆိုတော့ ကျွန်တော်လဲ ဘာမှမစဉ်းစားတတ်ဘူး"

သူ့အမည်ကို ခေါ်သံကြားလိုက်ရသဖြင့် သူ စကားပြန်ပြောချိန်မရ၊ အသံလာရာသို့ လှမ်းကြည့်လိုက်တော့ ကျွန်တော်တို့ဆီ လျှောက်လာနေသော ဂျူနာမာတင်ကို တွေ့ရသည်။ အဖြူရောင်ဝတ်စုံကို ဝတ်ထားပြီး မြက်ဦးထုပ်ကြီးနှင့်၊ ထီးကြီးကိုင်ထားသည်။ ကြည့်ရသည်မှာ အတော်အချိုးမပြေသည့် ပုံမျိုးဖြစ်သည်။

"မစ္စတာမာလိုရီက မြို့ထဲကို လှည့်ပြမလို့တဲ့" ဟု သီလရှင်က ပြောသည်။

"ဟုတ်လား၊ ဆယ်မိနစ်လောက်ဆိုရင် တစ်မြို့လုံးနဲ့ပြီ. . . " ဂျူနာမာတင်က သီလရှင်၏ လက်မောင်းတစ်ဘက်ကို ဆွဲကိုင်လိုက်သည်။ ကျွန်တော့်ကိုမူ ဖုတ်လေသည့် ငါးပိ ရှိလေသည်ဟုပင် သဘောမထားသည့်ပုံ။

လမ်းကျဉ်းကလေးတွေထဲမှာ ကျွန်တော်တို့ လျှောက်လာကြသည်။ ပြတင်းပေါက်များမှတစ်ဆင့် ကျွန်တော်တို့ကို ငေးကြည့်နေသည့် မျက်နှာများကို မြင်ရသည်။ သူတို့မျက်လုံးများသည် ဘာကိုမှ မျှော်လင့်ချက်မထားသည့်၊ ဘာကိုမှ လေးလေးနက်နက် မထားသည့် အဓိပ္ပာယ်ကို ဆောင်နေကြသည်။ အစာရေစာကို ဝလင်အောင် မစားရသဖြင့် ရှုံ့နာရှိုက်ကုန်းဖြစ်နေသည့် ကလေးများကိုလည်း မြင်ရသည်၊ တစ်နေရာတွင်တော့ နွားတစ်ကောင် တစောင်းလဲပြီး သေနေသည်ကို တွေ့ရသည်၊ နေပူဒဏ်ကြောင့် သေဆုံးသောကြောင့် အသားကိုမစားတော့ဘဲ လဲသေသည့်နေရာတွင် ထားခဲ့

www.burmeseclassic.com

www.burmeseclassic.com



ပုံရသည်။ ပုပ်ပွနေပြီဖြစ်သဖြင့် မူလကိုယ်ထက် နှစ်ဆလောက်ကြီးနေသည်။ အနံ့ဆိုး ကလည်း ထွက်နေသည်။

တစ်နေရာရောက်တော့ အင်ဒီးယန်းလူမျိုးများ ဆောက်ထားသည့် အိမ်တစ် လုံးကို တွေ့ရသည်။ ပစ္စည်းထည့်သည့် သစ်သားသေတ္တာအပုံးက်များနှင့် သံထည်များကို ရောပြီး ဆောက်ထားသည်။ တောထဲမှာမနေဘဲ လူဖြူများကြားသို့လာပြီး ယခုလို အိုးအိမ်ထူထောင်နေသည်ကို တွေ့ရသောအခါ အမြင်မတော် ဆင်တော်နှင့်ခလောက် ဆိုသလို ဖြစ်နေသည်။

"မြင်ရတာ တစ်မျိုးဖြစ်နေတယ်၊ တောထဲမှာဆိုရင် မွေးလာတုန်းကလဲ ကိုယ် တုံးလုံးပဲ၊ တစ်သက်လုံးလဲ ဒီအတိုင်း နေသွားတာပဲ၊ အမျိုးသမီးအများစုဟာ အင်မတန် ချောတယ်၊ သူတို့ကို အဝတ်အစား ဝတ်ပေးလိုက်တာနဲ့ တပြိုင်တည်း ပျက်တော့တာပဲ ချောမောတာလဲ ပျောက်သွားတယ်၊ ဂုဏ်သိက္ခာလဲ ပျောက်သွားတယ်"

"ဟော. . . ဘာသံလဲ" ဂျူနာမာတင်က ကျွန်တော့်ကို လက်လှမ်းတားလိုက် ပြီး ပြောသည်။

မြစ်ဘက်သို့ ကျွန်တော်တို့ ရောက်လာသည်။ လူနေအိမ်ခြေလည်း ဆုံးပြီ။ ဟိုဘက်ခြမ်းတွင် တောစပ်ဖြစ်သည်။ အသံကို ထပ်ကြားလိုက်ရပြန်သည်။ နာကျင် သဖြင့် အော်သည့်အသံမျိုးဖြစ်သည်။ ရှေ့နားသို့ ကျွန်တော်တိုးသွားသည်။ ပြီးတော့ ရပ်လိုက်သည်။

အင်ဒီးယန်း အမျိုးသမီးတစ်ယောက်သည် မြစ်ကမ်းဘေးသစ်တောစပ်ရှိ သစ် ပင်တစ်ပင်ရှေ့တွင် ဒူးထောက်ထိုင်နေသည်။ လက်နှစ်ဘက်ကို ခေါင်းပေါ်မှာ ထောင် ထားသည်။ ဂါဝန်က ပေါင်လယ်အထိ လန်နေသည်။ သူ့အနားတွင်ရှိသည့် ယောကျ်ား သည်လည်း အင်ဒီးယန်းလူမျိုးဖြစ်သည်။ ချည်ထည်အဝတ်များကို ဝတ်ဆင်ထားသည်။ အမျိုးသမီး၏ မြှောက်ထားသော လက်နှစ်ဘက်ကို လက်ကောက်ဝတ်မှနေ၍ အပေါ် သစ်ကိုင်းနှင့်ပူးပြီး နွယ်ကြိုးနှင့်ချည်နေသည်။

အမျိုးသမီးက တစ်ချက် အော်လိုက်ပြန်သည်။ သီလရှင် မာရီယာထရီစာက ခပ်သုတ်သုတ် ရှေ့သို့လှမ်းသွားသည်။ ကျွန်တော်က လှမ်းဆွဲထားလိုက်သည်။

"သူတို့ဟာသူတို့ ဘာဖြစ်ဖြစ် ဆရာလေး ဝင်မပါပါနဲ့"

သူက ကျွန်တော့်ဘက်သို့ လှည့်လာသည်။ "ဒါမျိုး ကျွန်မမြင်ဖူးပါတယ် မစ္စတာဘမာလိုရှိ ဒီနေရာမှာ ကျွန်မ ခဏနေခဲ့ချင်တယ်၊ ဘယ်လိုမှ မအောက်မေ့ပါနဲ့နော် ခဏကြာရင် ကျွန်မ ကူညီခွင့်ရပါလိမ့်မယ်ထင်တယ်၊ သူတို့က ခွင့်ပြုရင်ပေါ့လေ" သူက တစ်ချက်ပြုံးလိုက်သည်။ "ကျွန်မဟာ အရည်အချင်းပြည့်မီတဲ့ ဆရာဝန်တစ်ယောက်ပါ တည်းတဲ့အိမ်မှာရှိတဲ့ ကျွန်မဆေးအိတ်ကို ပြန်ယူပေးနိုင်ရင် သိပ်ကောင်းမှာပဲ"



သူက ထိုမျှပြောပြီး အမျိုးသမီးနှင့် အမျိုးသားရှိရာသို့ လျှောက်သွားကာ သေးငါးပေလောက်အကွာမှာ ဝင်ထိုင်သည်။ ဟိုဘက်ကမူ သူ့ကို လုံးဝဂရုမစိုက်။

"အဲဒါ ဘာဖြစ်တာလဲဟင်" ဂျူနာမာတင်က ကျွန်တော့်လက်ကို ခပ်ကြမ်းကြမ်း ညှစ်လိုက်ပြီး မေးသည်။

"အဲဒီအမျိုးသမီး ကလေးမျက်နှာမြင်တော့မယ်၊ သူ့လက်နှစ်ဘက်ကို ခေါင်း ပေါ်တင်ပြီး နွယ်ကြိုးနဲ့ချည်ထားတဲ့အတွက် ထိုင်လျက်အနေအထားနဲ့ ကလေးမျက်နှာ မြင်မယ်၊ အဲဒီလိုမွေးတဲ့ကလေးဟာ အိပ်ရာထဲမှာလဲပြီး မွေးတဲ့ကလေးထက် ပိုပြီးသတ္တိရှိ တယ်၊ သန်မာထွားကျိုင်းတယ်လို့ သူတို့အယူရှိတယ်"

အမျိုးသမီးက တစ်ချက်ညည်းလိုက်ပြန်သည်။ သူ့ယောကျ်ားက သူ့ဘေးမှာ ဆောင့်ကြောင့်သွားထိုင်သည်။

"ဒါကြီးကတော့ ရယ်စရာကြီးပဲ၊ သူတို့ တစ်ညလုံး ဒီမှာနေရမှာပေါ့"

"ဟုတ်တယ်၊ ဆရာလေးက သူ့ကိုယ်သူ ဖလောရင့်စ်နိုက်တင်ဂေးလ်လို့ ထင် နေတယ်နဲ့တူတယ်၊ အိမ်ပြန်ပြီး သူ့ဆေးအိတ်ယူပေးလိုက်တာ အကောင်းဆုံးပဲ" ဟု ကျွန်တော်က ပြောပြီးထွက်ခဲ့ကြသည်။

အပြန်လမ်းတစ်နေရာရောက်တော့ ဂျူနာမာတင်၏ စိတ်နေသဘောထား တစ်ခုကို အကဲခတ်မိနိုင်လောက်သည့် အဖြစ်အပျက်တစ်ခုနှင့် ကြုံတွေ့ရပြန်သည်။

လမ်းကျဉ်းကလေးတစ်ခု၏ ထောင့်တစ်နေရာအရောက်တွင် အင်ဒီးယန်း အမျိုးသမီးငယ်ကလေးတစ်ယောက် အိမ်တစ်အိမ်ပေါ်မှ အူယားဖားယား ပြေးဆင်းလာ သည်။ အသက်က ရှိလှ်မှ (၁၆) နှစ်၊ (၁၇) နှစ်လောက် ရှိဦးမည်။ အဝတ်အစားက ခပ်နွမ်းနွမ်း၊ ခြေထောက်မှာ ဖိနပ်စီးမထား။ သေဘေးနှင့် တွေ့နေရသူလို အထိတ်တလန့် ဖြစ်နေသည်။ ဘယ်ဘက်ကို ပြေးရမလဲဟူသည့် အမူအရာနှင့် ပတ်လည်ကိုကြည့်သည်။ အောက်သို့အဆင်းမှာပင် ခြေချော်ပြီး လဲကျသွားသည်။ ချက်ချင်းဆိုသလိုပင် အိမ်ထဲမှ အဖိုးလာထွက်လာသည်။ လက်ထဲမှာ ကြာပွတ်တစ်ချောင်း ကိုင်ထားသည်။ မိန်းကလေး ဆီသို့ ပြေးသွားကာ ကြာပွတ်နှင့် ရိုက်လေတော့သည်။

ထိုအဖြစ်အပျက်ကို မနှစ်မြို့သော်လည်း ကျွန်တော် ဘာမျှ ဝင်ရောက် စွက်ဖက်စရာမရှိ။ အမျိုးသမီးအများစုတို့မှာ အကြောင်းအမျိုးမျိုးဖြင့် ရိုက်နှက်ခံရခြင်း ကို ခံနေကြရသည့် အရပ်ဒေသဖြစ်သည်။

ဂျူနာမာတင်ကား ထိုသို့မဟုတ်။ စစ်သဘောကြီးတစ်စင်းလို အရှိန်နှင့် ခြေ

www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ ပြီးတော့ သူကိုင်ထားသည့် လက်ကိုင်အိတ်နှင့် အဗီလာကို လွှဲပြီးရိုက်လေတော့သည်။ အဗီလာက နောက်သို့ဆုတ်လိုက်သည်။ သူ့မျက်နှာပေါ်မှာ နားမလည်သည့် အမူအရာပေါ်သွားသည်။ ကျွန်တော်က ကမန်းကတန်းပြေးသွားပြီး ဂျူနာမာတင်၏လက်ကို ဖမ်းဆွဲလိုက်ရသည်။

"ဘာဖြစ်လို့လဲ" ဟု အဗီလာကိုလှမ်းမေးရင်း လဲနေသည့် မိန်းကလေးကို ကျွန်တော်က ထူပေးသည်။

"ကျွန်တော် ခရီးသွားနေတုန်း တစ်မြို့လုံးလည်ပြီး သူ့ကိုယ်သူ လိုက်ရောင်းနေတယ်လေ" ဟု သူကပြောသည်။

"သူက ခင်ဗျားမိန်းကလေးလား"

"ဟုတ်တယ်၊ ဟူနာလူမျိုး၊ ကျွန်တော်ဝယ်ထားတာ တစ်နှစ်ကျော်ကျော်လောက်ပဲ ရှိဦးမယ်"

ကျွန်တော်တို့နှစ်ယောက် ပေါ်တူဂီဘာသာဖြင့် ပြောနေကြခြင်းဖြစ်သောကြောင့် ဂျူနာမာတင်ဘက်သို့လှည့်ပြီး ဘာသာပြန်ပြောပြရသည်။

"ကိုယ်တို့ ဘာမှလုပ်စရာမလိုဘူး၊ ကလေးမက သူ့ပစ္စည်း"

"သူ့ပစ္စည်းဆိုတာက ဘာအဓိပ္ပာယ်လဲ"

"ဒီမိန်းကလေးကို သူဝယ်ထားတာ၊ သူ့မိဘတွေဆုံးကုန်လို့ ဖြစ်မှာပေါ့၊ ဒါမျိုးတွေက ဒီဘက်မှာ အဆန်းမဟုတ်ဘူး၊ ဥပဒေအရလည်း တရားဝင်တယ်"

"ဝယ်ထားတာ. . ." ဂျူနာမာတင်၏ အမူအရာမှာ မယုံကြည်နိုင်သလို ဖြစ်သွားသည်။ ပြီးတော့ ချက်ချင်း ဒေါသပေါက်ကွဲသွားသည်။

"ကောင်းပြီ၊ ဒီလိုဆိုရင် ဒီမိန်းကလေးကို ကျွန်မပြန်ဝယ်မယ်၊ ဒီသတ္တဝါကြီးက ဘယ်လောက်လိုချင်သတဲ့လဲ"

"အင်္ဂလိပ်စကား သူ ကောင်းကောင်းတတ်တယ်၊ မင်းဟာမင်း မေးကြည့်ပေါ့"

ဂျူနာမာတင် အမှန်တကယ် ဒေါသထွက်နေသည်မှာ ထင်ရှားသည်။ သူ့ပိုက်ဆံအိတ်ကိုဖွင့်ပြီး အထဲမှ ခရူဇီရိုငွေ တစ်ရာတန်တစ်ရွက်ကို ထုတ်ပေးသည်။

"ဒါလောက်ဆို ရမလား"

"အစ်မကြီးနဲ့ အရောင်းအဝယ်လုပ်ရတာ သိပ်ကိုစိတ်ချမ်းသာစရာ ကောင်းပါတယ်ခင်ဗျာ"

အဗီလာက ကိုယ်ကိုကိုင်းညွတ်ပြီး ငွေကို လက်ခံယူသည်။ ပြီးတော့ ဟိုတယ်ဘက်သို့ သုတ်ခြေတင်လေတော့သည်။

မိန်းကလေးက နောက်ထပ်ကြုံတွေ့လာရဦးမည့် ကံကြမ္မာသစ်ကို ငံ့လင့်နေသည်။ သူ့အမူအရာကို အကဲခတ်၍ကား မရနိုင်။ ကျွန်တော်က ပေါ်တူဂီဘာသာဖြင့်



သိချင်သည်များကို မေးကြည့်သည်။

"ဟူနာလူမျိုးအစစ်ပဲ၊ သူ့နာမည်က ခရစ္စတီနာတဲ့၊ အသက်က ဆယ့်ခြောက်နှစ်၊ သူ့အဖေက ရာဘာခြံ အလုပ်သမား၊ အဖေရော အမေရော လွန်ခဲ့တဲ့သုံးနှစ်လောက်က ကျောက်ပေါက်လို့ ဆုံးသွားပြီ၊ ဒါကြောင့် တခြားမိန်းမတစ်ယောက်က သူ့ကိုခေါ်ပြီး ခနှစ်တုန်းက အဗီလာကိုရောင်းခဲ့တာ၊ မင်း ဒီကလေးမကိုဝယ်ပြီး ဘာလုပ်မှာလဲ"

"မပြောတတ်ပါဘူးလေ၊ အခုနေ ရေချိုးလိုက်ရရင် သိပ်ကောင်းမှာပဲ၊ ဒါပေမယ့် သီလရှင် မာရီယာထရီစာအခန်းက ပိုကောင်းတယ်၊ ဒါထက် စကားမစပ် ကျွန်မပေးလိုက်တဲ့ငွေ ဘယ်လောက်ရှိမလဲဟင်"

"ခရူဇီရိုငွေ တစ်ရာဆိုတော့ ဒေါ်လာငါးဆယ်လောက် ရှိတယ်၊ အဗီလာအဖို့တော့ ဒီလိုမိန်းကလေးမျိုး တစ်ယောက်ကိုရှာပြီး တစ်ဆယ်နဲ့ဝယ်ဦးမယ်၊ သူ့လက်ထဲမှာ အရက်ဖိုး ကိုးဆယ်ကျန်မယ်"

"ဘုရားရေ. . . ဘယ်လိုတိုင်းပြည်မျိုးကိုများ ရောက်နေရပါလိမ့်"

ဂျူနာမာတင်သည် ထိုမျှပြောပြီး ခရစ္စတီနာ၏လက်ကိုဆွဲကာ လေယာဉ်ကွင်းဆီသို့ လျှောက်သွားလေတော့သည်။

၈

တစ်ညနေလုံး မင်နီကိုကူပြီး ဘရစ္စတိုလေယာဉ်ကို ကျွန်တော် ပြင်ပေးနေသည်။ ညနေ ခြောက်နာရီကျော်တော့ ဆမ်ဟင်နာ ပြန်ရောက်လာသည်။ သူ့စိတ်ထားပြန်မှန်နေပုံရသည်။ သူ မှတ်ဆိတ်ရိတ်နေသည်ကို ကြိုးကုတင်ပေါ်မှာလှဲရင်း ကျွန်တော်ကြည့်နေသည်။ မင်နီက ညစာအတွက် ပြင်ဆင်နေသည်။

ဟင်နာက သီချင်းတစ်ပုဒ်ကို ခပ်တိုးတိုး ညည်းနေသည်။ သူ့အသက် အများကြီး ပြန်ငယ်သွားသလား ထင်ရသည်။ ဘာများစားချင်သလဲဟု မင်နီက သူ့ကိုသွားမေးသည်။ ဟင်နာက ခေါင်းခါပြပြီး ရှုပ်အကျႌစွပ်နေသည်။

"အလကားလေကုန်ခံပြီး မေးနေတယ် မင်နီ၊ ဒီကနေ့ည သူ ခံတွင်းတွေ့မယ့်ဟာက တခြားဟာဗျ" ဟု ကျွန်တော်က လှမ်းပြောသည်။

ဟင်နာက ပြုံးသည်။

"မင်း ဘာဖြစ်လို့ စွန့်လိုက်ရတာလဲ ချာတိတ်ရာ၊ သူမှ တကယ့်အမျိုးသမီး ဒီအချိန်မှာ သူ ယောက်ျားတစ်ယောက်လိုနေတာ အမှန်ပဲ"

ကျွန်တော်တို့ကို ကျောခိုင်းပြီး လေကလေးတချွန်ချွန်နှင့် သူထွက်သွားသည်။ ကျွန်တော်က ကြမ်းပေါ်သို့ ခုန်ဆင်းလိုက်သည်။ မင်နီက ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ဘာလှဲသည်။

"သွားစမ်းပါဝေကွာ" ဟု ပြောသည်။

ထိုင်ရာမှ ကျွန်တော် ထ,လိုက်သည်။ ပြီးတော့ ဂိုဒေါင်ဘေးသို့ လျှောက်သွားသော မြစ်ဘက်သို့ လှမ်းမျှော်ကြည့်နေမိသည်။ စိတ်တည်ငြိမ်အောင် ကြိုးစားနေမိသည်။ ဝင်းနီရောက်လာပြီး စီးကရက်လှမ်းပေးသည်။

"မိန်းမတွေဟာ အင်မတန် ရယ်စရာကောင်းတဲ့ သတ္တဝါတွေပါကွာ၊ ကိုယ်ချစ်စေချင်သလို ဆွဲယူတွေးပြီး သူတို့ဟာ ကိုယ်ထင်သလို ဖြစ်နေတယ်လို့ သဘောထားတာဟာ ယောက်ျားတွေအဖို့ အဆိုးဆုံးပဲ၊ တကယ်ကတော့ တို့ထင်သလိုမဟုတ်ဘူး"

"ဒါတွေ ထားလိုက်ပါတော့ဗျာ၊ သီလရှင် မာရီယာထရီစာဆီ သွားလိုက်ဦးမယ်၊ ပြီးမှ ပြန်လာခဲ့မယ်"

သီလရှင်၏ ဆေးအိတ်၊ မိုးကာအင်္ကျီနှင့် လေထိုးအောက်လင်းဓာတ်မီးများကို ယူပြီး မြစ်ဘက်သို့ ကျွန်တော် လမ်းလျှောက်ခဲ့သည်။ လမ်းခုလတ်မှာပင် သူတို့နှင့်ဆုံသွားတော့သည်။ အမေလုပ်သူက မွေးစကလေးကို စောင်နှင့်ပတ်ပြီး ပွေ့လာသည်။ အဖေလုပ်သူက နောက်မှလိုက်လာသည်။

"မိန်းကလေးမွေးတယ်၊ ကျွန်မ ဝင်ကူညီတာကို သူကလက်ခံပါတယ်၊ ဒီနေ့ည သူတို့နဲ့ နေလိုက်ဦးမယ်၊ ဂျုံနာမာတင်ကို ဝင်ပြောပေးပါနော်" ဟု သီလရှင်က ဆီးပြောသည်။

သူတို့နှင့်အတူ တစ်လမ်းကျော်လောက်အထိ ကျွန်တော် လိုက်သွားသေးသည်။ ပြီးတော့မှ လမ်းခွဲကာ ဟိုတယ်ဘက်သို့ ထွက်လာခဲ့သည်။

ဟိုတယ်သို့ရောက်တော့ မိုးက သဲသဲမဲမဲ ရွာပြန်သည်။ ဖစ်ဂွာရီဒိုနှင့် အရက်အတူထိုင်သောက်ရင်း မိုးအတိတ်ကို စောင့်နေမိသည်။ သို့သော်လည်း တိတ်မည့်ပုံမျိုးမပေါ်။

နောက်တစ်နာရီလောက်ကြာတော့ ကျွန်တော် လက်မြှောက်လိုက်သည်။ မီးအိမ်ထွန်းပြီး မိုးရွာထဲသို့ ထွက်ခဲ့ရတော့သည်။

အိမ်နားသို့ ကျွန်တော်ရောက်သွားတော့ ပြတင်းပေါက်များကြားမှ မီးရောင်ထွက်နေသည်ကို တွေ့ရသည်။ ဖွင့်ထားသည့်ဓာတ်စက်မှ သီချင်းသံလည်း အပြင်သို့လျှံထွက်နေသည်။ စကားပြောသံနှင့် ရယ်သံများကို ရပ်ပြီးနားထောင်နေမိသေးသည်။ ခဏကြာတော့မှ တံခါးခေါက်လိုက်သည်။ ဟင်နာက တံခါးဖွင့်ပေးသည်။ လက်တစ်ဘက်မှ ဝီစကီခွက်ကို ကိုင်ထားသည်။ သူ စကားပြောခွင့်ကို မပေးတော့ဘဲ ကျွန်တော်က တန်းပြောလိုက်သည်။

"သီလရှင် မာရီယာထရီစာက လင်ဒရိုမြို့ထဲက မွေးလူနာတစ်ယောက်အိမ်မှာ



ပဲ အိပ်တော့မယ်တဲ့၊ ဂျုံနာမာတင်ကို ဝင်ပြောလိုက်ပါဆိုလို့"

"ကောင်းပြီ ငါပြောလိုက်မယ်" ဟု ဟင်နာကပြောသည်။

ကျွန်တော် တစ်ဘက်သို့လှည့်လိုက်တော့ ဟင်နာ၏ဘေးမှာ ဂျုံနာမာတင်ပေါ်လာသည်။ ဘာဖြစ်သည်ကို ထွက်ကြည့်သည်သဘောမျှသာ ဖြစ်သည်။

"ကြုံတုန်းဗျာ မနက်ဖြန်မနက် စန်တာဟယ်လီနာကို ခင်ဗျားတို့နဲ့အတူတူ ကျွန်တော်လဲ လိုက်ခဲ့မယ်၊ ချောစာထုပ်တွေ ပို့ဖို့တော့ ဆိုင်းထားရဦးမှာပဲ"

"ဘယ်သူခေါ်လို့လဲ" ဟင်နာ မျက်နှာပျက်သွားသည်။

"ဗိုလ်မှူးကြီး အယ်လ်ဘတ်တို၊ သူနဲ့အတူတူလိုက်ပြီး ဟူနာလူမျိုးတွေနဲ့ တွေ့ပါတဲ့၊ မနက်ဖြန်တွေ့ကြမယ်"

မိုးရေထဲသို့ ကျွန်တော်ထွက်ခဲ့သည်။ ကျွန်တော့်နာမည်ကို ဂျုံနာက လှမ်းခေါ်လိုက်သည်ဟု စိတ်ထဲကထင်မိသည်။ သို့သော် သိပ်တော့မသေချာ။ နောက်ပြန်လှည့်ကြည့်သောအခါ လသာဆောင်ဘက် ထွက်လာပြီး ကျွန်တော့်ကို လှမ်းကြည့်နေသည့် ဟင်နာကိုတွေ့ရသည်။

အောင်ပွဲအသေးစားကလေး တစ်ခုတော့ ကျွန်တော်ရလိုက်သည်ဟု ထင်မိသည်။ သည်မျှလောက်သော အောင်ပွဲကလေးအတွက် အရင်းအနှီးကား မသေးလှချေတကား။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

**စစ်မောင်းသံ**

အိပ်မပျော်နိုင်ဘဲ ကျွန်တော် တလူးလူး တလွန့်လွန့် ဖြစ်နေသည်၊ မနက် သုံးနာရီထိုးတွင် ဆမ်ဟင်နာ ပြန်ရောက်လာသည်၊ သူပြန်ရောက်လာပြီးမှပင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတော့သည်၊ မနက်ခြောက်နာရီတိတိမှာ နိုးလာပြီး အပြင်သို့ ကျွန်တော်ထွက်ခဲ့သည်။

အပြင်မှာ အိုက်စပ်စပ်ကြီး ဖြစ်နေသည်။ မိုးသားတွေကလည်း မည်းနေသည်။ လေယာဉ်ကိုထောင်ဘေးမှာ လူးလာခေါက်တုံ့ ကျွန်တော် လျှောက်နေမိသည်။ ဘာရစ္စတို လေယာဉ်ပျံကို ကြည့်ရသည်မှာ တစ်စုံတရာ ဖြစ်တော့မည့်ပုံမျိုး စိတ်ထဲမှာထင်နေသည်။ တစ်ချိန်တည်းမှာပင် တစ်စုံတစ်ယောက်က ကျွန်တော့်ကို တစေ့တစောင်း ကြည့်နေသည်ဟုလည်း ထင်နေမိသည်။

နောက်ပြန်လှည့်ကြည့်လိုက်တော့ ကျွန်တော့်ကို အကဲခတ်နေသည့် ဟင်နာကို တွေ့ရသည်။ မနေ့ညတုန်းက သူ အရက်မူးထားပုံရသည်။ ရုပ်ကလည်း အများကြီး အိုစာသွားသည်။ သူနှင့် ကျွန်တော့်ကြားမှ တင်းမာမှုမှာလည်း အုပ်မနိုင်ဖုံးမရ ဖြစ်နေသည်။

"အရှေ့ထတဲ့အလုပ်မှာ မင်းပါဝင်ပါပြီး လိုက်ပါသွားမယ်လို့ စိတ်ကူးသလား"



သူလေသံက ကြမ်းတမ်းလှသည်။

"လိုက်သွားပါမယ်လို့ ခင်ဗျားကို ပြောခဲ့ပြီးပြီမဟုတ်လား"

"သောက်ရူး၊ ဟူနာတွေ ဘာလုပ်မယ်ဆိုတာ ဘယ်ကောင်သိသလဲ၊ သူတို့ အချဉ်ပေါက်လာပြီဆိုရင် မင်း ဘုရားတလိုက်ချိန်တောင် ရမှာမဟုတ်ဘူး"

"ကျုပ်ကလဲ ဘုရားတတတ်တဲ့ အကောင်စားမျိုး မဟုတ်ပါဘူး" ကျွန်တော်က တစ်ဘက်သို့ လှည့်ထွက်သွားရန် ခြေလှမ်းပြင်လိုက်သည်။ သူက ကျွန်တော့်လက်ကို သုမ်းဆွဲပြီး သူ့ဘက်သို့ လှည့်ယူလိုက်သည်။

"ဘာလိုချင်လို့ မင်း သူရဲကောင်းကြီး လုပ်ပြနေတာလဲ မာလိုရီ"

သူ့မျက်နှာကို ကျွန်တော် စိုက်ကြည့်လိုက်သည်။ သူ့ဂုဏ်သိက္ခာကို အစော်ကားခံနေရပြီဟု သူခံစားနေပုံရသည်။ သူမလုပ်နိုင်သည့်အလုပ်ကို ကျွန်တော် လုပ်ပြတော့မည် ဖြစ်သည့်အတွက်လည်း သူ အလွန်အမင်း ဒေါသထွက်နေပုံရသည်။

"လူ့လောကကြီးကို ကျုပ် ငြီးငွေ့နေပြီလို့ပဲ ဆိုကြပါစို့ဗျာ၊ ကဲ. . ထားလိုက်ပါတော့၊ စိတ်ကုန်လွန်းလို့"

ကျွန်တော့်လက်မောင်းကို သူ အနည်းငယ် ဖြေလျှော့ပေးလိုက်သည်။ ထို့ကြောင့် ရုန်းထွက်ပြီး တစ်ဘက်သို့ လှည့်ခဲ့သည်။ ထိုအချိန်မှာပင် ခေါင်မိုးပေါ်သို့ မိုးပေါက်ကြီးများ ကျလာတော့သည်။

□

ရာသီဥတု အလွန်ဆိုးရွားနေသောကြောင့် စန်တာဟယ်လီနာသို့ ထွက်ခွာရန်မှာ မဖြစ်နိုင်သည့် အခြေအနေမျိုးနှင့် ကြုံနေသည်၊ မိုးမှောင်ကြီး ကျနေသောကြောင့် မြင်ကွင်းက မရှင်း။ သို့သော်လည်း ကိုးနာရီထိုးသည့်မှစ၍ လျှပ်စီးများ အဆက်မပြတ် လက်လာသည်။ မိုးကမူ သဲကြီးမဲကြီး ရွာနေတုန်းဖြစ်သည်။ လျှပ်စီးကောင်ကိုပင် အားကိုးပြီး ထွက်တော့မည်ဟု ဟင်နာက ဆုံးဖြတ်လိုက်သည်။

ကျွန်တော့်ကို လေယာဉ်ပျံ မောင်းခိုင်းသည်။ ကျွန်တော့်အတွက်တော့ ခပ်ကောင်းကောင်းပင်။ ဂျူနာမာတင်ကို ကျွန်တော် အာရုံစိုက်မနေနိုင်အားတော့။ နောက်ခန်းတွင် ဟင်နာနှင့် ဂျူနာတို့ ဘာတွေပြောနေသည်ကို နားထောင်မနေနိုင်တော့။ ကိုယ့်အလုပ်နှင့်ကိုယ် ရှုပ်နေသည့်အတွက် စိတ်ချမ်းသာရသေးတော့သည်၊

စန်တာဟယ်လီနာကို ရောက်တော့လည်း ရာသီဥတုက ထူးပြီးကောင်းမလာ။ ... ထဲမှ ပြန်ထွက်နေသည့် အပူငွေ့ကြောင့် အညိုရောင်မြူတွေ ဆိုင်းနေသည်။ ... သော်လည်း ချောချောမောမောပင် ကျွန်တော်တို့ ဆင်းသက်နိုင်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ လင်ဒရိုမှ ဘယ်အချိန် ထွက်လာကြောင်း၊ စန်တာဟယ်လီနာသို့ မည်သည့်အချိန်လောက်တွင် ဆိုက်ရောက်နိုင်မည်ဖြစ်ကြောင်း စောစောကတည်းက ဝိုင်ယာလက်ဖြင့် ကျွန်တော် အကြောင်းကြားခဲ့ပြီး ဖြစ်သည်။ လေယာဉ်ကွင်းမှာ ဗိုလ်မှူးကြီး အယ်လ်ဘတ်တို့ ကြိုနေသည်။ အစောင့်များလည်း ချထားသည်။

လေယာဉ်ရပ်သည့်နေရာသို့ သူလျှောက်လာသည်။ အမျိုးသမီးနှစ်ယောက် အောက်သို့ဆင်းနိုင်အောင် ကူပေးသည်။ အမျိုးသမီးများကိုလည်း ဝတ်ကျေတန်းကျသာ နှုတ်ဆက်သည်။ သူ့မျက်နှာက လေးနက်တည်ကြည်နေသည်။

မော်တော် ဆိုက်ကပ်ထားသည့် ဆိပ်ကမ်းဆီသို့ သူက ဦးဆောင်ပြီး ခေါ်သွားသည်။ စက်သေနတ်နှစ်လက်ကို ခေါင်မိုးပေါ်မှာ တစ်လက်၊ ဦးပိုင်းမှာတစ်လက် ဆင်ထားသည်။ အကာအကွယ်အဖြစ် သဲအိတ်များ ဝိုင်းကာထားသည်။ မော်တော်ထဲမှ လှုပ်ရှားမှုများကို အပြင်က မမြင်နိုင်စေရန်နှင့် မြားဝင်မလာနိုင်စေရန် ကုန်းပတ်တစ်ခုလုံးကို တာရပတ်များနှင့် ကာရံထားသည်။

ပဲ့ပိုင်းမှာ တာရပတ်ဖြင့် အဖီကလေးလုပ်ထားသည်။ အဖီကလေးအောက်မှာ ကြိမ်စားပွဲနှင့် ပတ္တူကုလားထိုင်များ ရှိသည်။ ကျွန်တော်တို့ ရောက်သွားတော့ ရဲဘော်တစ်ယောက်က ဗန်းတစ်ခုသယ်ပြီး ဝင်လာသည်။ လက်အိတ်ဖြူများ စွပ်ထားသည်။ အမျိုးသမီးများ ကုလားထိုင်မှာ ဝင်ထိုင်ပြီးသည်နှင့် တစ်ပြိုင်တည်း ငွေကရားထဲမှ ကော်ဖီများ လိုက်ထည့်ပေးသည်။

မိုးက တစ်ချက်ကလေးမှ လျော့မသွား။ ကမ်းစပ်မှ မိကျောင်းနှစ်ကောင် ရေထဲသို့ ဆင်းသွားသည်ကို တွေ့လိုက်ရသည်။ သည်နေရာတွင် ရပ်နေရသည်ကို အရှုအိပ်မက်မက်သလိုလည်း ထင်မှတ်နေမိသည်။

"မနေ့က ကျွန်တော်တို့ ဆွေးနွေးခဲ့တဲ့အကြောင်းကိုပဲ ပြန်ဆက်ပါရစေဦး ဆီညော်မာလိုရီ၊ တစ်ခုခုကို ဆုံးဖြတ်ပြီးပါပြီလား" အယ်လ်ဘတ်တိုက ကျွန်တော့်အနီးသို့ လျှောက်လာပြီး စီးကရက်တစ်လိပ် ထုတ်တည်ရင်း မေးသည်။

"ဟောဟို တောကြီးထဲမှာ သေကောင်ပေါင်းလဲ လမ်းလျှောက်ကြရမယ့်ကိစ္စမဟုတ်လား၊ တစ်နည်းအားဖြင့်တော့လဲ စိတ်ဝင်စားစရာ ကောင်းတာပေါ့ဗျာ" ကျွန်တော်က အပြင်ကို လှမ်းမျှော်ကြည့်ပြီး ပြန်ပြောလိုက်သည်။

မသိမသာ သူပြုံးလိုက်သည်။ တစ်စုံတရာကို ပြောမည်ပြုပြီးမှ ဘာမှမပြောခြင်းက ပိုကောင်းမည်ဟု သဘောရပုံဖြင့် တစ်ဘက်သို့ လှည့်ထွက်သွားသည်။ အမှန်အတိုင်း ဝန်ခံရမည်ဆိုလျှင် ကျွန်တော်ပြောလိုက်မိသည့် စကားအတွက် ကျွန်တော် စိတ်မကောင်း ဖြစ်လိုက်မိသည်။ တကယ်ဆိုတော့ အလွန်အန္တရာယ်များသည့် အလုပ်ကို လုပ်ပါမည်ဟု ကတိပေးလိုက်မိခြင်းသာ ဖြစ်သည်။ ယခုမှတော့ ဘာတတ်နိုင်တော့မည်နည်း။



ရဲဘော်တချို့က မော်တော်ကို ကြိုးဖြုတ်နေကြသည်။ ပြီးတော့ ကမ်းမှခွာခဲ့သည်။ အယ်လ်ဘတ်တိုက ရဲဘော်တစ်ယောက်လာပေးသည့် ကော်ဖီပန်းကန်ကို လှမ်းယူရင်းပြောသည်။

"ဆရာလေးတို့ကို စန်တာဟယ်လီနာ ဝင်ပို့ပေးဖို့ ကျွန်တော်တို့ အချိန်မရတော့ဘူး၊ ကျွန်တော်တို့ ဆွေးနွေးမယ့်နေရာကို ဟွာနာတွေက ပြောင်းပစ်လိုက်တယ်၊ အထက်ဘက် ငါးမိုင်လောက် ဆန်ရမယ်၊ အတွင်းဘက်ကို တစ်မိုင်လောက် လျှောက်ရမယ်၊ အချိန်ကတော့ ပထမသတ်မှတ်ထားတဲ့ အချိန်ပဲ၊ ဒါကြောင့် အချိန်လုပြီး သွားရမယ်၊ ဒီလိုအခြေအနေတွေကြားမှာ ခင်ဗျားတို့အားလုံး ကျွန်တော်တို့နဲ့အတူ လျှောက်လိုက်နေရမယ့် အတွက်တော့ စိတ်မကောင်းပါဘူး"

"ဘာတွေလုပ်ဖို့ စီစဉ်ထားပါသလဲ ဗိုလ်မှူးကြီး" ဟု သီလရှင် မာရီယာထရီစာက ဝင်မေးသည်။

"ရိုးရိုးလေးပါပဲဗျာ" စိတ်ပျက်သည့်ပုံမျိုးနှင့် သူပြုံးလိုက်သည်။ "ဒီကနေ မိုင်တစ်ထောင်လောက်ဝေးတဲ့ နေရာက ပန်ကာအောက်မှာ ငြိမ်နဲ့ထိုင်နေကြတဲ့ ကျွန်တော့်အထက်အရာရှိတွေက ကျွန်တော့်ကို ဟွာနာတွေဆီလွှတ်ပြီး ငြိမ်းချမ်းရေးအတွက် ဆွေးနွေးခိုင်းတယ်လေ"

"ရှင်က မယုံဘူးလား"

"စိတ်ချလောက်တဲ့ အနေအထားမျိုး မဟုတ်ဘူးလို့ပဲ ပြောပါရစေတော့ဗျာ၊ ခေါင်းဆောင်တစ်ယောက်နဲ့ အကြီးအကဲ ငါးယောက်ပါတဲ့ သူတို့ကိုယ်စားလှယ်အဖွဲ့က သူတို့သတ်မှတ်ပေးတဲ့ စည်းကမ်းနဲ့ ကျွန်တော့်ကို လက်ခံဆွေးနွေးမယ်၊ ကျွန်တော့်ဘက်က စကားပြန်တစ်ယောက်ပဲ ခေါ်ရမယ်၊ လက်နက်ကိုင်မလာရဘူးတဲ့၊ ကျွန်တော့်ဘက်က ဆီညော်မာလိုရီကို ခေါ်သွားဖို့တစ်ခုပဲ အစီအစဉ် ပြောင်းလိုက်တယ်၊ အင်းဒီးယန်းတွေအကြောင်းကို တခြားလူတွေထက် သူကပိုသိတယ်၊ သူကလဲ လိုက်ဖို့သဘောတူတယ်"

ဂျိနာမာတင် အသက်ရှူရပ်သွားသည်ဟု ထင်လိုက်ရသည်။ မယူလိုက်သည့် ကော်ဖီပန်းကန်မှာ ပါးစပ်ဆီသို့ မရောက်တော့ဘဲ လမ်းခုလတ်မှာ ရပ်သွားသည်။ ပြီးတော့မှ ကျွန်တော့်ဘက်သို့လှည့်ပြီး စိုက်ကြည့်နေသည်။ အနည်းငယ်လည်း မျက်မှောင်ကြုတ်သွားသည်။

"အဝေးကြီးလျှောက်ရမှာလား မစ္စတာမာလိုရီ" ဟု သီလရှင်က မေးသည်။

ဟင်နာ အဘော်အခံရခက်သွားပုံရသည်။ စိတ်ဆိုးမာန်ဆိုးဖြင့် ကျွန်တော့်ကို ကြည့်သည်။ ပြီးတော့ ဂျိနာမာတင်ကို ကြည့်သည်။ သူပြောမည့်စကားကို သူ

www.burmeseclassic.com

www.burmeseclassic.com



ပြောချင်ပုံမရချေ။ သို့သော်လည်း နောက်ဆုံးတော့ သူ ပြောချလိုက်သည်။

"ကျွန်တော့်ကိုလဲ အဖွဲ့ဝင်တစ်ယောက်အဖြစ် ခေါ်နိုင်ပါတယ် ဗိုလ်မှူးကြီး"

"အရှူမထစမ်းနဲ့" ဟု ကျွန်တော်က စကားဝင်ဖြတ်လိုက်သည်။

"မတော်တရော်တွေ တစ်ခုခုဖြစ်ကုန်ရင် အမျိုးသမီးတွေကို ဘယ်သူက လေယာဉ်ပျံမောင်းပြီး ပြန်ပို့ပေးမှာလဲ"

သည်ကိစ္စနှင့်ပတ်သက်ပြီး ဆင်ခြေတက်နေ၍ ဖြစ်နိုင်တော့မည်မဟုတ်ကြောင်း သူသိသည်။ ထို့ကြောင့် ဒေါသတကြီးဖြင့် တစ်ဘက်သို့ လှည့်သွားသည်။

"ဒါနဲ့ပတ်သက်ပြီး ဟိုတုန်းက ကျွန်မကြုံခဲ့ဖူးတာ ရှိပါတယ် ဗိုလ်မှူးကြီး ကိုယ်စားလှယ်အဖွဲ့ထဲမှာ မိန်းမတစ်ယောက် ပါလာတာလောက်ကို အင်ဒီးယန်းတွေက သူတို့ကို ခြိမ်းခြောက်တယ်လို့ မယူဆကြပါဘူး၊ မဟုတ်ဘူးလား. . . မစ္စတာမာလိုရီ" ဟု သီလရှင် မာရီယာထရီစာက ဝင်ပြောသည်။

အယ်လ်ဘာတ်တိုက ကျွန်တော့်ကို ကမန်းကတန်း လှမ်းကြည့်သည်။ သီလရှင် ဘာဆိုလိုသည်ကို ကျွန်တော် သဘောပေါက်ပြီးဖြစ်သည်။

"ဆရာလေးပြောတာ မှန်ပါတယ်၊ အမျိုးသမီးတွေကို စစ်နဲ့ပတ်သက်တယ်လို့ သူတို့ မသတ်မှတ်ကြပါဘူး၊ ဒါပေမယ့် ဒါအားကိုးနဲ့ ကျွန်တော် အရဲမစွန့်ဝံ့ဘူး"

"စွန့်ကြည့်ဖို့ ကျွန်မ ပြင်ဆင်ထားပြီးပြီ" ရိုးရိုးပင် ဆက်ပြောသည်။

ခဏကြာအောင် တိတ်သွားသည်။ အယ်လ်ဘာတ်တိုက ခေါင်းယမ်းလိုက်သည်။

"မဖြစ်နိုင်ပါဘူး ဆရာလေးခင်ဗျား၊ ဒါကိုသဘောပေါက်ဖို့ ကောင်းပါတယ်"

"ကျွန်မကလဲ ရှင်တို့နဲ့တန်းတူ ငြိမ်းချမ်းရေးကို ယူဆောင်လာတာပါပဲ ဗိုလ်မှူးကြီး၊ နောက်ပြီးတော့ ကျွန်မမှာ အထူးကိစ္စကလဲ ရှိနေသေးတယ်လေ၊ မှတ်မိတယ်မဟုတ်လား၊ သီလရှင်အင်နဂျိုစီဖာတို့ ကံကြမ္မာ ဘယ်လိုရှိတယ်ဆိုတာ သိဖို့လေ"

"သာသနာ့ဝန်ထမ်းတွေအနေနဲ့ သူရဲကောင်းဆန်ဆန် အသက်စွန့်လှူ အကြောင်း တခြားမှာ အများကြီးရှိပါသေးတယ် ဆရာလေး"

အယ်လ်ဘာတ်တို၏ စကားဆုံးသည်နှင့် တစ်ပြိုင်တည်း ဂျူနာမာတင်က ထ ရပ်သည်။

"ဒီခရီးဟာ ပြန်လမ်းမရှိဘူးလို့ ရှင်တို့ပြောနေကြတယ်ထင်တယ်၊ ကျွန်မထင် တာ မှန်ပါသလား"

"အဲဒီလိုယူချင်ယင်လဲ ရပါတယ်ခင်ဗျာ"

ဂျူနာက ကျွန်တော့်ဘက်သို့ လှည့်လိုက်ပြန်သည်။ သူ့မျက်နှာ ဖြူဖတ်ဖြူရော် ဖြစ်နေသည်။



"ရှင် ရူးနေတာပဲဖြစ်ရမယ်၊ ဘာအတွက် ရှင် စွန့်စားခန်းတွေ လုပ်ပြနေရတာ လဲ"

"မင်းညီမ အသက်ရှင်လျက်ရှိမရှိ မင်းသိချင်နေတယ်လေ၊ မဟုတ်ဘူးလား" ဟု ကျွန်တော်က ပြန်မေးသည်။

တစ်ဘက်သို့လှည့်ပြီး အခန်းတွင်းသို့ ဝင်သွားသည်။ တံခါးကို ဆောင့်ပိတ် စ်ခဲ့သည်။

"ကျွန်မလိုက်ဖို့ကို ရှင်က ငြင်းနေတာလား ဗိုလ်မှူးကြီး" ဟု သီလရှင် မာရီယာ ထရီစာက တည်ငြိမ်စွာမေးပြန်သည်။

"ဘယ်လိုမှ မဖြစ်နိုင်ပါဘူး ဆရာလေး၊ ကျွန်တော် အထပ်ထပ် တောင်းပန် ပါတယ်၊ ဒီနယ်မြေမှာ အာဏာပိုင်ဟာ ကျွန်တော်ပဲ၊ ကျွန်တော်ပြောတဲ့တိုင်းပဲ လိုက်နာ ကြရမယ်"

"ကျွန်မလက်ထဲမှာရှိနေတဲ့ ခွင့်ပြုချက်တွေကို ဘေးချိတ်ထားရမယ်လား"

"ပုပ်ရဟန်းမင်းကြီးကိုယ်တိုင်က ဆရာလေးကိုခေါ်သွားဖို့ ကျွန်တော့်ကို အမိန့် ပေးရင်တောင် ဒီကနေ့အဖို့တော့ ကျွန်တော် နာခံမှာမဟုတ်ပါဘူး"

အမှန်တကယ်ပင် အန္တရာယ်တွေ့ရမည့် ခရီးဖြစ်ကြောင်း ယခုမှ သူ သဘော ပေါက်သွားပုံရသည်၊ ပြင်းထန်စွာ သက်ပြင်းရှိုက်လိုက်သည်။

"အင်း. . . အစကတော့ ကျွန်မ သဘောမပေါက်ခဲ့ဘူး၊ အခုတော့ နားလည် တာပြီလို့ ထင်တယ်၊ ရှင်တို့နှစ်ယောက်ဟာ အင်မတန် သတ္တိပြောင်မြောက်တဲ့ ပုဂ္ဂိုလ် တွေပါပဲ"

"ပေးအပ်ထားတဲ့တာဝန်ကို ကျွန်တော် ထမ်းဆောင်တာပါ ဆရာလေး၊ ကျေး ဇူးတင်ပါတယ်"

သီလရှင်က ကျွန်တော့်ဘက်သို့ လှည့်လာပြန်သည်။

"ရှင်ကရော ပေးအပ်ထားတဲ့တာဝန်ကို ထမ်းဆောင်တာပဲလား. . . မစ္စတာ မာလိုရီ"

"သူတို့ပြောခဲ့ကြတဲ့ စကားတွေအားလုံး ဆရာလေး ကြားပါတယ်၊ အကြောင်း ရှိလို့ သွားရတာပဲမဟုတ်လား"

ကျွန်တော်က ပခုံးကို တွန့်ပြလိုက်သည်။

တကယ်ဆိုတော့ ထို့ထက်ပိုပြီး လေးနက်သည့်အကြောင်း ကျွန်တော့်မှာ ရှိနေသည်။ ထိုအကြောင်းကို သီလရှင်မာရီယာလည်း သိပုံရကြောင်း သူ့အမူအရာက ဖော်ပြခတ်၍ရသည်။ ကိုယ်ရေးကိုယ်တာနှင့် ပတ်သက်သည့် စကားတစ်ခွန်းကိုသူပြော ဘန်ပြင်လိုက်သေးသည်။ ပြီးတော့မှ သူစိတ်ကိုသူပြောင်းကာ တစ်ဘက်သို့လှည့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ဂျိုနာမာတင်ဝင်သွားရာ အခန်းတွင်းသို့ ဝင်လိုက်သွားသည်။

ဟင်နာက လက်ထဲမှစီးကရက်တိုကို သဘော်လက်တန်းကျော်ပြီး စိတ်... မာန်ဆိုးနှင့် လွှင့်ပစ်လိုက်သည်။

"ခင်ဗျားတို့ဟာ သေလမ်းကို သွားနေကြတာပဲ၊ မြားအစင်းပေါင်း မြောက်မြား... စွာက ကုန်းပေါ်ကနေပြီး ခင်ဗျားတို့ကို စောင့်နေကြပြီ"

"ဖြစ်နိုင်ပါတယ်"

အယ်လ်ဘတ်တိုက ကျွန်တော့်ဘက် လှည့်လာသည်။

"စည်းကမ်းကတော့ ကျွန်တော်တို့ လက်နက်ကိုင်မသွားရဘူးတဲ့၊ ခင်ဗျား ဘယ်လိုသဘောရသလဲ"

"ကိုယ့်ကိုယ်ကိုသတ်သေတဲ့ အကောင်းဆုံးနည်းပဲ မဟုတ်ဘူးလားဗျာ"

"သူတို့ကို ခင်ဗျားမယုံဘူးလား"

"လေကို ခင်ဗျားယုံသလား။ ကျွန်တော် ပြောခဲ့ဖူးပါပြီဗျာ၊ အလုပ်တစ်ခုခု သူတို့လုပ်ရင် သည်းလိုက်အူလိုက် လုပ်တယ်၊ စေ့စပ်သေချာမယ့်အစား ကျွန်တော်တို့ သတ်ဖို့ဆုံးဖြတ်ထားရင် ဖြစ်တဲ့နည်းနဲ့ သတ်မှာပဲ၊ သေနတ်ကိုတော့ သူတို့ကြောက်တယ် ဒါပေမယ့် သေနတ်ကိုင်သွားလို့ သူတို့က ဆီးမတိုက်ဘူးလို့တော့ မထင်လေနဲ့၊ သူတို့ လုပ်စရာရှိတာကိုတော့ လုပ်မှာပဲ"

"လက်နက် ကိုင်မလာရဘူးလို့ သူတို့ဘက်က စည်းကမ်းသတ်မှတ်ထားတဲ့ ကြားထဲက ကျွန်တော်တို့က လက်နက်ကိုင်သွားမယ်ဆိုရင် အမြင်မတော်လှဘူးဗျာ" သူက သက်ပြင်းချလိုက်သည်။

"ဒါလဲ ဟုတ်ပါတယ်၊ သူတို့မမြင်နိုင်အောင် ဝှက်ယူသွားတဲ့နည်းလဲ ရှိပါသေးတယ်"

"အဲဒီနည်းကိုလည်း ကျွန်တော် စဉ်းစားမိပါတယ်၊ ခင်ဗျားဝတ်ထားတဲ့ မိုးကာ အင်္ကျီကြီးဆိုရင် ကောင်းကောင်းဝှက်လို့ ရနိုင်တာပေါ့"

ဘာလုပ်ရမည်ဆိုသည့်အဖြေကို သူရသွားသည်။ တစ်ဆက်တည်းမှာပင် ပဲ့ပိုင်းဘက်သို့ သူလျှောက်သွားသည်။ ဟင်နာနှင့် ကျွန်တော်တို့နှစ်ယောက်သာ ကျန်ခဲ့ သည်။ သူ့မျက်နှာ ဖြူနေသည်။ သူ့မျက်လုံးများ အရောင်တောက်နေသည်။ ကျွန်တော့် ကို လက်သီးနှင့် ထိုးလိုက်တော့မည်လားဟု ကျွန်တော် ထင်နေသည်။ ထိုအချိန်က လေး မှာပင် အခန်းထဲမှ ဂျိုနာမာတင် ထွက်လာသောကြောင့် ထိုအခွင့်အရေးကို သူ လက် လွှတ်သွားတော့သည်။

သူ့မျက်နှာကို ကြည့်ရခြင်းအားဖြင့် အခန်းထဲမှာ သူငိုခဲ့ကြောင်း အတပ် ပြောနိုင်သည်။ ပေါင်ဒါ ထပ်ရိုက်ထားသည်။ နှုတ်ခမ်းနီ အသစ်ဆိုးထားသည်။ ဟင်နာ



ကို လုံးဝလှည့်မကြည့်ဘဲ သူ စကားလှမ်းပြောသည်။

"ရှင် ခဏလောက် ရှောင်ပေးမလား ဆမ်၊ ဒီက သူရဲကောင်းကြီးနဲ့ စကား တစ်ခွန်းလောက် ပြောချင်လို့"

ဟင်နာက ကျွန်တော့်ကို တစ်ချက်လှမ်းကြည့်သည်။ ပြီးတော့ သူ့ကို လှည့် ကြည့်သည်။ ဘာစကားမှ ထပ်ပြောမနေတော့ဘဲ တစ်ဘက်သို့ လှည့်ထွက်သွားသည်။ ဂျိုနာက သူ့အပေါ် နိုင်ကွက်တစ်ခုတော့ ကိုင်ထားနေပြီဖြစ်ကြောင်း၊ ကျွန်တော် နား သည်လိုက်သည်။ ကျွန်တော်နှင့် ကိုယ်လုံးချင်း ထိလုနီးပါးအထိ ဂျိုနာ ကပ်လာသည်။

"ကျွန်မအတွက် ရှင်လိုက်သွားမှာ မဟုတ်လား"

"ဒီလိုတော့လဲ မဟုတ်ပါဘူး၊ သွားချင်စိတ်ကို ပေါက်နေလို့ပါ"

ကျွန်တော့်မျက်နှာကို ဖြတ်ပြီး သူရိုက်ပစ်လိုက်သည်။ ကျွန်တော့်မျက်နှာ တစ်ဘက်သို့ လည်သွားသည်အထိ အလွန်ပြင်းထန်သော လက်ချက်ဖြစ်သည်။

"သေချင်းဆိုးကြီး၊ ကျွန်မအပေါ် မှာ ရှင့်ကျေးဇူး တစ်ပြားဖိုးမှမရှိဘူး" ဟုလည်း တစ်ဆက်တည်း အော်ပြောသည်။

နောက်ဆုံး ဘာဆက်လုပ်တော့မည်ကို ကျွန်တော် ခန့်မှန်းထားနိုင်ခဲ့ဖို့ကော ကောင်းသည်။ ရုတ်တရက် ကျွန်တော့်လည်ပင်းကို သူ သိုင်းဖက်လိုက်သည်။ တစ်ဆက် တည်း သူ့နှုတ်ခမ်းက ကျွန်တော့်နှုတ်ခမ်းများနှင့် လာပြီး ဂဟေဆက်ထားလိုက်သည်။ သူ့ကိုယ်လုံးလည်း ကျွန်တော့်ရင်ခွင်ထဲမှာ တွန့်လိမ်လှုပ်ရှားနေသည်။ ထိုခဏမှာကော့ အခြားဘာကိုမျှ မစဉ်းစားနိုင်။ ပြီးတော့ ရုန်းထွက်ပြီး မော်တော်ခန်းထဲသို့ ပြန်ဝင်ပြေး သွားသည်။

မော်တော်ဦးပိုင်းသို့ ကျွန်တော်လျှောက်လာကာ စက်သေနတ်ဘေးတွင်ရပ် ပြီး စီးကရက်တစ်လိပ်ကို မီးညှိနေမိသည်။ စက်သေနတ်အနီးတွင် တစ်စုံတစ်ယောက်မျှ မရှိ။ ထို့ကြောင့် သံအိတ်ပေါ်မှာထိုင်ပြီး စက်သေနတ်ကို ကြည့်နေမိသည်။

"တိုက်လေယာဉ်ပျံတွေပေါ်မှာ ပထမဦးဆုံး စ,တပ်ပြီး အသုံးပြုခဲ့တာ ဒီ စက်သေနတ် အမျိုးအစားပေါ့၊ လူးဝစ်ဂန်းခေါ်တယ်၊ ထောင့်ကိုးရာဆယ့်နှစ်ခုနှစ် ဖွန်လ ခုနှစ်ရက်နေ့မှာ စ,သုံးတယ်" မာလိန်မှူးအခန်းထဲက ဟင်နာထွက်လာပြီး ကျွန်တော့် ဘေးမှာ လာရပ်သည်။

"ကျွန်တော်တို့ တိုင်းပြည်မှာလဲ ဒါတွေပဲသုံးတယ်"

ကျွန်တော်တို့နှစ်ယောက်ကြားမှာ တိတ်ဆိတ်သွားသည်။ မိုးပေါက်... တသောသော ကျနေသည်။ ဘာစကားပြောရမည်ကို ကျွန်တော်မသိ၊ သူ ဘာ... သည်ကိုလည်း မသိ၊ ထိုအခိုက် ကျွန်တော် လုံးဝမမျှော်လင့်မထားသည့် ... သူ ပြောချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာချာတိတ်၊ တို့နှစ်ယောက် တည့်တည့်ပဲ ပြောကြရအောင်၊ ဟိုမိန်းကလေးဟာ ငါနဲ့သာထိုက်တန်တဲ့ မိန်းကလေးပါ၊ သူ့ကို မင်းအရင်တွေ့တာတော့ မှန်ပါတယ် ဒါပေမယ့် နောက်ဆုံးကျတော့ ငါနဲ့အတူဟုနေတယ်၊ ဒါကြောင့် မင်းလက်ရှောင်လိုက် ပါ၊ ငါပြောတာ နားလည်တယ် မဟုတ်လား"

သည်စကားကိုကြားရတော့ ယနေ့ခရီးတွင် သေကံမရောက် သက်မပျောက် ဘဲ ကျွန်တော် ပြန်လာလိမ့်မည်ဟု အနည်းဆုံး သူမျှော်မှန်းထားပုံရသည်။ သူ့ကို စေ့စေ့ ကြည့်ပြီး ကျွန်တော်ပြုံးလိုက်သည်။ သနားစရာ ကောင်းရှာလေသူပါတကား။ ထိုအခိုက် မှာပင် ကျွန်တော့်ကို သူထိုးလိုက်တော့မည်ဟု ထင်မိသည်။ သို့သော်လည်း တစ်ဘက် သို့လှည့်ပြီး ခပ်ယမ်းယမ်း ထွက်သွားလေသည်။

၈

မြေပုံပေါ်တွင် အမှတ်အသားပြုထားသည့် နေရာကို အလွယ်တကူဝင် ကျွန်တော်တို့ ရှာတွေ့ခဲ့ကြသည်။ သစ်သားဟောင်းများဖြင့် ပြုလုပ်ထားသော သဘော် ဆိပ်ကလေးကို တွေ့ရသည်။ ပေါင်းပင်တွေက ရှည်လျားစွာ ပေါက်နေကြသည်။ ထို ပေါင်းပင်များကြား မှာ လူသွားလမ်းရှိသည်။ လူသွားလမ်းဆိုသော်လည်း လှည်းတစ်စီး ချောင်ချောင်ချိချိ သွားနိုင်လောက်အောင် ကျယ်ဝန်းသည်။

ကမ်းဘက်သို့ ကျွန်တော်တို့ ချဉ်းကပ်သွားကြသည်။ စက်သေနတ် နှစ်လက် အနားမှာ စစ်သားများ အသင့်နေရာယူထားကြပြီ။ တာရပတ်ကာထားသည့် နောက် ကွယ်တွင် စစ်သားဆယ်ယောက်က ရိုင်ဖယ်သေနတ်ဖြင့် အသင့်ရှိနေကြပြီ။ သူတို့အား လုံး တပ်ကြပ်ကြီးလီမာ၏ အုပ်ချုပ်မှုအောက်မှာ ရှိကြသည်။

စက်ကိုမသတ်ဘဲ အသင့်နှိုးထားသည်။ အရေးပေါ် သဖြင့် ကမ်းမှခွာရန်လို လျှင် လွယ်ကူအောင်ဖြစ်သည်။ ရွံ့ဗွက်ထဲမှ မိကျောင်းနှစ်ကောင်က ရေထဲသို့ လျှောဆင်း သွားသည်၊ မျောက်တချို့၏ ဒေါသတကြီးအော်သံများကို ခပ်လှမ်းလှမ်းမှ ကြားရသည်။ ကျန်အားလုံး တိတ်ဆိတ်နေသည်။ တစ်စုံတရာ ထူးထူးခြားခြား မဖြစ်။

"ကောင်းတယ်၊ အသင့်ဖြစ်ကြရအောင်" ဟု အယ်လ်ဘာတ်တိုက ပြောသည်။

အယ်လ်ဘာတ်တို၊ စကားပြန်ဟူနာကပြား ပီဒရိုနှင့် ကျွန်တော်တို့ အခန်းထဲ ဝင်သွားကြသည်၊ စားပွဲမှာထိုင်ပြီး စကားပြောနေကြသည့် ဟင်နာ၊ ဂျူနာမာတင်နှင့် ဆီလရှင် မာရီယာထရီစာတို့က ထိုင်ရာမှ ထလိုက်ကြသည်။

မိုးကာအကျႌကို ကွန့်တော်က ချွတ်လိုက်သည်။ အယ်လ်ဘာတ်တိုက ဗီရိုကို ဖွင့်ပြီး မောင်းပြန်သေနတ်များ ထုတ်ယူသည်။ ကျွန်တော့်ကို တစ်လက်လှမ်းပေးသည်။



ဘားဘက်ဘက်မှာ စောက်ထိုးလွယ်ပြီး မိုးကာကို ပြန်ဝတ်သောအခါ ဟင်နာက ကူဝတ် ပေးနေသည်။

အယ်လ်ဘာတ်တိုက မောင်းပြန်သေနတ်တစ်လက်အပြင် ပစ္စတိုတစ်လက်ကို ပါ ယူသည်။ ပီဒရိုကိုလည်း ပစ္စတိုတစ်လက် လှမ်းပေးသေးသည်။ ပီဒရိုကို လှမ်းကြည့် လိုက်တော့ ကျွန်တော်တွေးထင်ထားသလို မဟုတ်။ သူ့မျက်နှာက အင်ဒီးယန်းလူမျိုးတို့ ထုံးစံအတိုင်း တည်ငြိမ်လျက်ပင်။

အယ်လ်ဘာတ်တိုက လက်ပစ်ဗုံးနှစ်လုံး ထပ်ထုတ်ယူပြီး ကျွန်တော့်ကို တစ်လုံး လှမ်းပေးသည်။

"ဒါလေးတော့ အပိုဆောင်သွားကြဦးမှ လိုရမည်ရပေါ့" ဟုလည်း ပြုံးပြီးပြော သည်။

အပြင်ဘက်က မသဲမကွဲအော်သံများ ကြားလိုက်ရသည်။ အခန်းတံခါးကိုဖွင့် ပြီး ကျွန်တော်တို့ ထွက်လိုက်ကြသောအခါ အခန်းဝမှာ တပ်ကြပ်ကြီးလီမာကို တွေ့ရ သည်။ သူ့ပါးစပ် ဟောင်းလောင်းပွင့်နေသည်။

"ဘာဖြစ်တာလဲဟေ့" ဟု အယ်လ်ဘာတ်တိုက အော်မေးသည်။ ရုတ်ခြည်းပင် ဟင်နာ၏လက်ထဲမှာ ပစ္စတိုသေနတ်ကို ကိုင်ထားပြီးသားဖြစ်သည်။ မယုံကြည်နိုင် လောက်အောင် လျင်မြန်စွာ သေနတ်ကို ဆွဲထုတ်လိုက်နိုင်သောကြောင့် သူ မည်မျှ သေနတ်အကိုင်အတွယ် ကျွမ်းကျင်ကြောင်း သိသာနိုင်သည်။

"သီလရှင်ပါ ဗိုလ်မှူးကြီး၊ တောထဲကို ထွက်ပြေးသွားပြီ" ဟု တပ်ကြပ်ကြီး လီမာက ထစ်ထစ်ငေါ့ငေါ့ပြောသည်။

အားလုံး အသံတိတ်သွားကြသည်၊ ဂျူနာမာတင်က ကုလားထိုင်တစ်လုံးပေါ် သို့ အရုပ်ကြိုးပြတ်ကျသွားပြီး တရားစာများကို ရွတ်နေသည်။ နှစ်ပေါင်းများစွာအတွင်း ပထမဦးဆုံးအကြိမ် တရားစာရွတ်ဖူးခြင်း ဖြစ်ပေလိမ့်မည်။

"ခွေးမသား၊ ဘာကြောင့် ဒီလိုဖြစ်ရတာလဲ၊ ကုန်းပတ်ပေါ်မှာ မင်းတာဝန်ကျ တယ်မဟုတ်လား၊ မင်း တာဝန်မှူး မဟုတ်ဘူးလား"

အယ်လ်ဘာတ်တို ဒေါသူပုန်ထလေပြီ။

"မယုံကြည်နိုင်လောက်အောင်ပါပဲ ဗိုလ်မှူးကြီး၊ ဟောဒီနားမှာ သူရပ်နေတယ် နောက် တစ်စက္ကန့်လောက်လဲကြာရော ဟောဒီပေါ်က ခုန်ချပြီး ဘာဖြစ်မှန်း မသိလိုက် ခင်မှာ တောထဲကို သူရောက်သွားတယ်"

လီမာ သွေးရူးသွေးတန်း ဖြစ်နေပုံရသည်။

အယ်လ်ဘာတ်တိုသည် စည်းကမ်းကို အလွန်ရိုသေသည့် စစ်သားကြင်သည်။ လီမာ၏မျက်နှာကို ဖြတ်ရိုက်ပစ်လိုက်သည်။ ကုလားထိုင်ပေါ်သို့ လီမာ ကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



[illegible] ဘက်သို့ သုလှည့်လိုက်သည်။

"[illegible]နာ. . . ကျွန်တော့်ကူညီတဲ့အနေနဲ့ ဒီမှာတာဝန်ယူပြီး အုပ်ချုပ် [illegible]ယ် မော်တော်ကို ကျွန်တော်တို့ ပြန်ရောက်လာတဲ့အချိန်အထိ ရေလယ် မှာ [illegible]ထားပါ၊ ဒီခွေးကောင်က တစ်စုံတရာများ ခင်ဗျားကို နှောင့်ယှက်မယ်ကြံ ရင် တစ်ခါတည်း ပစ်သတ်လိုက်ပါ" ဟုပြောပြီး ကျွန်တော့်ဘက်သို့ ပြန်လှည့်လိုက်သည်။

"ကိုင်း. . . သူငယ်ချင်း၊ ကျွန်တော်တို့ တက်သုတ်နှင်ကြတာ အကောင်းဆုံး ဖြစ်ခယ်ထင်တယ်"

▢

မော်တော်လက်တန်းပေါ်သို့ ပီဒရိုက ရှေ့ဆုံးမှ ရောက်သွားသည်။ အယ်လ် ဘတ်တို့နှင့် ကျွန်တော်ကလည်း သူ့နောက်မှ ကပ်လျက်ပါသွားသည်။ ကျွန်တော်တို့ တောစပ်သို့ ချဉ်းကပ်မိသည့်အချိန်တွင် မော်တော်က ရေလယ်ဘက်သို့ ပြန်ခွာသွား သည်။ နောက်ပြန်လှည့်ကြည့်လိုက်တော့ ပုံပိုင်းအဖီအောက်မှာ မောင်းပြန်သေနတ်ကိုင် ပြီး ရပ်နေသည့် ဟင်နာကို တွေ့ရသည်။ ဂျူနာမာတင်က သူ့ပခုံးကိုမှီပြီး ရပ်နေသည်။ သူတို့ကို ကျွန်တော် လက်ဝှေ့ယမ်းပြလိုက်သည်။ နောက်ဆုံး နှုတ်ဆက်ခြင်းအနေဖြင့် နှုတ်ဆက်မိလေသလား၊ ဘုရားသခင်မှသာ သိပေတော့မည်။ တစ်ဆက်တည်းမှာပင် အယ်လ်ဘတ်တို့နောက်သို့ အမီလိုက်ခဲ့သည်။

လူသွားလမ်းက အတန်ငယ် ကျယ်ဝန်းသည်။ မြေပျော့ပျော့တွင် သစ်တုံးကြီး များကို ခင်းထားသည်။ တောကလည်း နက်ရှိုင်းလှသည်။ အကိုင်းချင်း ယှက်နေသည် နေပြောက်ထိုးဖို့ နေနေသာသာ၊ တော်ရုံမိုးပင် အောက်သို့ ထိုးဖောက်နိုင်ခြင်း ရှိပုံမရ

ပီဒရိုက ကျွန်တော်တို့ရှေ့ ခပ်လှမ်းလှမ်းသို့ ရောက်သွားပြီ။ မြင်ပင် မမြင် တော့။ အယ်လ်ဘတ်တို့နှင့် ကျွန်တော်က ခပ်သုတ်သုတ်လိုက်သည်။ ခဏကြာတော့ ရှေ့မလှမ်းမကမ်းမှ လူသံကြားရပြီး ပီဒရိုနှင့် သီလရှင် မာရီယာထရီစာတို့ ရပ်နေကြသည် ကို တွေ့ရသည်။

အယ်လ်ဘတ်တို့သည် သူ့ဒေါသကို ကောင်းစွာချုပ်တည်းထားနိုင်ပုံ ရသည်။ စကားပြောတော့လည်း တည်ငြိမ်လှသည်။

"အဆိုးတကာ့ အဆိုးဆုံးအလုပ်ကို ဆရာလေး လုပ်လိုက်တာပဲ၊ ကျွန်တော် တို့နဲ့ ချက်ချင်းပြန်လိုက်ခဲ့ပါ"

"ကျွန်မကတော့ ရှေ့ကိုဆက်ဖို့ ဆုံးဖြတ်ထားပြီးပါပြီ ဗိုလ်မှူးကြီး"

တောထဲ နေရာအနှံ့အပြားမှ မြေခွေးဟောင်သံများကို ကြားနေရပြီး [illegible]



ကြောင့် မော်တော်သို့ တစ်ခေါက်ပြန်ရန်မှာ သိပ်ကို နောက်ကျသွားပြီဖြစ်ကြောင်း ကျွန်တော် သဘောပေါက်လိုက်သည်။ သီလရှင်လုပ်ပုံကြောင့် ဒေါသဖြစ်လှသည်တော့ မဟုတ်။ သို့သော် သူ၏မိုက်မဲမှုအပေါ် စိတ်အချဉ်ပေါက်မိသည်။

ကျွန်တော်တို့ နောက်သုံးလေးပေအကွာ ရွှံ့ထဲသို့ တစ်စုံတရာ လာကျသည့် အသံကို ကြားလိုက်ရသည်။ ကျွန်တော့်ရဲ့လက်တစ်ဘက်က မိုးကာအောက်မှ သေနတ် ဒင်နှင့် မောင်းကို ကိုင်မိပြီးသား ဖြစ်သွားသည်။ နောက်သို့ ပြန်လှည့်ကြည့်လိုက်သည်။ ဟူနာလူမျိုးတို့ ကိုင်ဆောင်လေ့ရှိသည့် လှံတစ်ချောင်း ယမ်းဘေးမြေကြီးထဲမှာ လာစိုက် နေသည်။ မျောက်ခေါင်းခွံများကို လည်ဆွဲလိုသီထားသည့် ကွင်းတစ်ခုကလည်း လှံတွင် တွဲလောင်းကျနေသည်။

"ဒါ ဘာအဓိပ္ပာယ်လဲ" ဟု သီလရှင်က မေးသည်။

"ပြန်ဖို့ကို လက်လျှော့လိုက်တော့ဆိုတဲ့ သဘောပဲ၊ ခင်ဗျားနဲ့ပတ်သက်ပြီး ဘာလုပ်ရမယ်ဆိုတာ ကျွန်တော်တို့ ဘယ်လိုမှ ဆုံးဖြတ်လို့မဖြစ်တော့ဘူး၊ ခင်ဗျား ကျေနပ်အောင် လိုက်လျောရင် ကျွန်တော်တို့ မုချ အသတ်ခံရတော့မယ်" ဟု အယ်လ် ဘတ်တိုက ပြောသည်။

ယင်းသို့သော အချိန်မှာပင် မလှမ်းမကမ်းဆီမှ အင်ဒီးယန်းစစ်မောင်းသံများ ကို ကြားလိုက်ရလေတော့သည်။

▢

စစ်မောင်းသံများကို ကြားရတော့ ကျွန်တော်တို့အားလုံး မျက်နှာများ တည် သွားကြသည်။ ရှေ့သို့ ဆက်လက်ချီတက်ရန်မှတပါး အခြားမရှိပြီ။ ပီဒရိုက ရှေ့ဆုံးမှ သွားသည်။ သူ့နောက်က သီလရှင်လိုက်သည်။ အယ်လ်ဘတ်တို့နှင့် ကျွန်တော်က နောက်မှ ပခုံးချင်းယှဉ်လိုက်သည်။

တောထဲမှာ ကျွန်တော်တို့ချည့် မဟုတ်ပါ။ တောရိုင်းကိုရွှာန်ပေါင်းစုံလည်း ရှိနေသည်။ အရောင်မျိုးစုံရှိသည့် ငှက်မျိုးစုံကိုလည်း တွေ့ရသည်။

"သူတို့ဘက်က ဘယ်သူတွေပါမလဲ၊ အကြီးအကဲတစ်ယောက်နဲ့ လူကြီး ငါးယောက်ဟုတ်လား" ဟု အယ်လ်ဘတ်တိုကို ကျွန်တော်လှမ်းမေးသည်။

"ပြန်ပြောမနေပါနဲ့တော့ဗျာ၊ အကောင်းကိုမတွေ့ခင် အဆိုးနဲ့ပဲ အရင်[illegible] ရင်ဆိုင်ရတော့မယ်ဆိုတာ ကျွန်တော် အလိုလိုသိနေပြီ"

စစ်မောင်းသံများ ပိုမိုကျယ်လောင်လာသည်။ တစ်တောလုံး [illegible] [illegible]သင်းမီးဖိုမှ မီးခိုးနံ့ရလာသည်။ တဖြည်းဖြည်း တောက ပါးလာသည်[illegible]

www.burmeseclassic.com

www.burmeseclassic.com



ကျဲလာသည်။ ပြီးတော့ ကွက်လပ်ကြီးတစ်ခုကို တွေ့လိုက်ရသည်။ အလယ်တွင် အိမ်နှစ်လုံး။

အိမ်နှစ်လုံးကိုတွေ့ရတော့ ကျွန်တော် မအံ့ဩမိပါ။ ယခင်တုန်းက သည်ဒေသများမှာ ရာဘာလုပ်ငန်း အကြီးအကျယ် လုပ်ကိုင်ခဲ့ကြသည်။ သန်းပေါင်းများစွာ တန်ဘိုးရှိသော ရာဘာများကို ထုတ်ယူခဲ့ကြသည်။ ရာဘာထုတ်လုပ်သူများသည် ငွေကြေးတတ်နိုင်ကြသူများ ဖြစ်သောကြောင့် တောအလယ်တွင် ယခုလို ကွက်လပ်ဖြစ်အောင်ရှင်းကာ အိမ်တွေဆောက်ကြသည်။ သည်အိမ်တွေမှာ သူတို့အဖို့ နန်းတော်များပင် ဖြစ်သည်။ သူတို့ကို အကာအကွယ်ပေးနိုင်ဖို့ ကိုယ်ပိုင်စစ်တပ်များဖွဲ့စည်းပြီး ပတ်လည်မှာ စောင့်ခိုင်းခဲ့ကြသည်။

အလွန်ကျယ်သည့် ကွက်လပ်ကြီးထဲသို့ ကျွန်တော်တို့ ရောက်လာကြသည်။ ရုတ်တရက် စစ်မောင်းသံများ ရပ်သွားသည်။ အိမ်ရှင်များက ကွက်လပ်အလယ်မှာ ကျွန်တော်တို့ကို စောင့်နေကြသည်။

သူတို့၏ အကြီးအကဲ မည်သူဖြစ်ကြောင်း၊ အလွယ်ပင် သိနိုင်သည်။ ခေါင်းပေါ်မှ ငှက်တောင်များက သူများထက် ပိုပြီးထူးခြားနေသည်။ ကိုယ်ပေါ်မှ အဆောင်အယောင်များ အားလုံးကလည်း သိသာထင်ရှားလောက်အောင် ထူးခြားသည်။ သစ်တုံးတစ်တုံးပေါ်မှာ ထိုင်နေသည်။ သူ့လူများကလည်း လှပစွာ ဆင်ယင်ထားကြသည်။ ခေါင်းပေါ်မှာလည်း ငှက်တောင်ပံများကို ထိုးထားကြသည်။ ခြောက်ပေရှည်သည့် လေးမြားဘူးနှင့် လှံကို ကိုင်ထားကြသည်။

ကျွန်တော်တို့ သတိဖြတ်ထားမိဆုံးအရာကား သူတို့တစ်ကိုယ်လုံးတွင် ဆေးဆိုးထားခြင်းပင် ဖြစ်သည်။ ဤသို့ ဆေးဆိုးထားခြင်းသည် စစ်တိုက်ဖို့အတွက် ဖြစ်သည်။ သူတို့ အလွန်ဒေါသဖြစ်နေကြောင်း ထင်ရှားသည်။ အကြီးအကဲဘေးတွင် ရပ်နေကြသည့် ခေါင်းဆောင်များက မြေပြင်ကို ခြေဆောင့်နေသည်။ ပြီးတော့ အကြီးအကဲက စကား စ,ပြောသည်ကို ပီဒရိုက ဘာသာပြန်ပေးသည်။

"သီလရှင်နဲ့ ဆီညော်မာလိုရီ ဘာကြောင့် လိုက်လာတယ်ဆိုတာကို သူသိချင်ပါတယ်တဲ့၊ သူ သိပ်စိတ်ပူနေပါတယ်တဲ့၊ ဘာကြောင့် စိတ်ပူတယ်ဆိုတာတော့ ကျွန်တော် မသိပါဘူး"

"ကျွန်တော်တို့ကို သတ်ပစ်ဖို့ပြင်ဆင်ထားတာမှာ ဆရာလေး ပါလာတဲ့အတွက် သူ့အစီအစဉ် ပျက်သွားမလို ဖြစ်လို့နေ့တူတယ်" ဟု အယ်လ်ဘတ်တိုကို ကျွန်တော်က လှမ်းပြောသည်။ အယ်လ်ဘတ်တိုက ခေါင်းညိတ်ပြသည်။

"ငါပြောတဲ့အတိုင်း ဘာသာပြန်ပါ။ ဟူနာလူမျိုးတွေဟာ လူသတ်လာတာ နှစ်ပေါင်းကြာညောင်းလှပါပြီလို့၊ အခုအချိန်ဟာ ငြိမ်းချမ်းရေးလုပ်ဖို့ အချိန်တန်ပါပြီလို့"



သူတို့ဘက်က ပေါက်ကွဲသွားပြန်သည်။ လူဖြူများကသာ သည်နေရာကို ကျူးကျော်ဝင်ရောက်ပြီး စတင်သတ်ဖြတ်ခြင်းဖြစ်ကြောင်း၊ လူဖြူများအားလုံး မိမိတို့နယ်မြေထဲမှ ပြန်လည်ထွက်ခွာသွားလျှင် အခြေအနေ ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း အကြီးအကဲက ပြန်ပြောသည်။

သည်ကိစ္စနှင့်ပတ်သက်ပြီး အယ်လ်ဘတ်တိုအနေဖြင့် ကတိတစ်စုံတရာ ပေးနိုင်ခြင်းမရှိ။ ကတိမပေးနိုင်ရုံမက နှုတ်လှန်ထိုးသည့် စကားများကို သူက ပြောလေတော့သည်။ ဟူနာတို့သည် စန်တာဟယ်လီနာမှာရှိသည့် သာသနာပြုဘုန်းတော်ကြီး၊ ကွန်တီနှင့် သီလရှင်များကို ဝင်ရောက် သတ်ဖြတ်ပစ်ကြောင်း စွပ်စွဲလိုက်သည်။

ထိုကိစ္စကို သူတို့ မကျူးလွန်ရကြောင်း အကြီးအကဲက ငြင်းသည်။ သို့သော် သီလရှင်များဆောင်သည့် စိပ်ပုတီးနှင့် လက်ဝါးကပ်တိုင်ကိုတော့ သူ့လည်ပင်းမှာ ဆွဲထားသည်။ သူ့ဘေးမှ ခေါင်းဆောင်များကလည်း ဒေါသကြောင့် ဆွေ့ဆွေ့ခုန်နေကြသည်။

အယ်လ်ဘတ်တိုကလည်း သူတို့ ဒေါသပေါက်ကွဲစေမည့် စကားများကိုသာ ဆက်ပြောနေသည်။ အစိုးရတပ်များ မည်မျှအစွမ်းကြီးကြောင်းကို ဟူနာလူမျိုးတို့ ကိုယ်တိုင်ကိုယ်ကြပ် မြင်တွေ့ဖူးကြပြီဖြစ်ကြောင်း၊ ဟူနာရွာများပေါ်သို့ ကောင်းကင်ပေါ်မှ မီးလောင်ဗုံးများ ပြောက်မြားရှာ ချနိုင်သည်မှာ လူဖြူများပင်ဖြစ်ကြောင်း၊ ထိုသို့ မီးလောင်ဗုံးများကို အလိုရှိပါသလောဟုသော မေးခွန်းမျိုးကို မေးလိုက်သည်။

ပတ်လည်ရှိတောထဲမှ အင်ဒီးယန်းများ ကွက်လပ်ဆီသို့ ထွက်လာကြသည်။ ထိုသို့ ထွက်လာကြသည်ကို ကျွန်တော်လည်း သိသည်။ အယ်လ်ဘတ်တိုလည်း သိသည်။ သို့သော်လည်း မသိချင်ဟန် ဆောင်နေလိုက်ကြသည်။ တဖြည်းဖြည်းနှင့် ရှေ့သို့ သူတို့ တိုးလာကြသည်။ ကျွန်တော်တို့ပတ်လည်မှာ စက်ဝိုင်းလိုဝိုင်းနေရာမှ ထိုစက်ဝိုင်းကို ပိုမိုကျဉ်းအောင် ရွေ့လာကြသည်။ ဒေါသတကြီးနှင့် အော်ဟစ်နေကြသည်။

သီလရှင် မာရီယာထရီစာကို ချက်လုံးတစ်ချက် ဝေ့ကြည့်လိုက်မိသည်။ သူ့မျက်လုံးများ အရောင်တဖိတ်ဖိတ် တောက်နေကြသည်။ ဘုရားရှိခိုးသည့် အနေအထားမျိုးဖြင့် လက်နှစ်ဘက်ကို ယှက်ထားသည်။

ယခုအချိန်မှာပင် ပျောက်ဆုံးနေသည့် သီလရှင်နှစ်ပါးကိစ္စကို အယ်လ်ဘတ်တိုက မေးသည်။ အဖြေကတော့ စောစောကအတိုင်းပင် ဖြစ်သည်။ သို့သော် စော[illegible] စန်တာဟယ်လီနာကို သူတို့ဝင်မတိုက်ခဲ့ကြောင်း ပြောခဲ့သည်။ ယခုတော့ စန်[illegible] လီနာမှ အသက်ရှင်လျက် ဖမ်းဆီးလာသူမရှိကြောင်း၊ ထွက်ပြေးလွတ်မြောက်[illegible] မှတပါး အားလုံးကို သတ်ခဲ့ကြောင်း ပြောပြန်သည်။

အကြီးအကဲသည် မိမိကို လိမ်ပြောနေခြင်းဖြစ်ကြောင်း [illegible]

www.burmeseclassic.com

www.burmeseclassic.com



မရှိကြောင်း အယ်လ်ဘတ်တိုက ပြောလိုက်သည်နှင့်တပြိုင်တည်း အကြီးအကဲသည် ထိုင်နေရာမှ ဝုန်းကနဲ ခုန်ထလိုက်သည်။ ဝီဒရိုကို လက်ညှိုးငေါက်ငေါက်ထိုးပြီး ပြောတော့သည်။ ကျွန်တော်တို့ကိုပိုင်းထားသည့် အင်ဒီးယန်းများသည် ပိုမိုထူထပ်လာကာ ကျွန်တော်တို့ ပြန်လမ်းကိုပင် ပိတ်ထားလိုက်ပြီဖြစ်ကြောင်း သတိထားမိသည်။

အယ်လ်ဘတ်တိုက ကျွန်တော့်ကို စီးကရက်တစ်လိပ် လှမ်းပေးပြီး သူကလည်း အမှုမဲ့အမှတ်မဲ့ဟန်မျိုးဖြင့် တစ်လိပ်ညှိသောက်နေသည်။

"တဖြည်းဖြည်းနဲ့ အခြေအနေ ပိုဆိုးလာတယ်၊ ဒီနေရာမှာ လာဆွေးနွေးဖို့ ကျွန်တော့်ကိုခေါ်တာဟာ သတ်ပစ်ဖို့ပဲ၊ အခုမှ ပိုသေချာသွားတယ်၊ ဟိုဘက်မှာ သူတို့ အင်အား ဘယ်လောက်ရှိမယ် ထင်သလဲ"

"အနည်းဆုံး ငါးဆယ်"

"တစ်ယောက်ယောက်ကိုတော့ ကျွန်တော် သတ်ရတော့မယ် ထင်တယ်၊ ခင်ဗျား ကျွန်တော့်ကို ကူမယ်မဟုတ်လား"

ကျွန်တော် ပြန်မဖြေနိုင်မီမှာပင် အကြီးအကဲက အော်ပြောပြန်သည်။ ဝီဒရိုက ကျွန်တော်တို့ကို ဘာသာပြန်ပြသည်။

"အခုဟာက ကျွန်တော့်ကိုပြောနေတာ၊ ကျွန်တော်ဟာ ကိုယ့်လူမျိုးကို ကိုယ်ပြန်သစ္စာဖောက်တဲ့ ပုဆိန်ရိုးတဲ့"

တစ်ချိန်တည်းမှာပင် လေထဲမှ မြားသံကြားလိုက်ရသည်။ ဝီဒရို၏ ညာဘက်ပေါင်မှာ စူးဝင်သွားသည်။ တစ်ချက်အော်ပြီး ဒူးထောက်လျက် လဲကျသွားသည်။ အကြီးအကဲနားမှ ခေါင်းဆောင်နှစ်ယောက်က လက်ထဲမှလှံများကို မြှောက်လိုက်သည်။

မိုးကာအကျီ ရှေ့ကြယ်သီးများကို စောစောကတည်းက ကျွန်တော် အသင့်ဖြုတ်ခဲ့ပြီးဖြစ်သည်။ ယခုလိုအဖြစ်မျိုးနှင့်ကြုံလျှင် ကြန့်ကြာမနေအောင် ဖြစ်သည်။ သို့သော်လည်း ကျွန်တော် အများကြီးနှေးကွေးလှပါသည်။ အယ်လ်ဘတ်တို၏ လက်ထဲမှ ပစ္စတိုသေနတ်က ကျည်ဆန်သုံးချက် ထွက်သွားသည်။ သူတို့နှစ်ယောက် မြေပေါ်မှာ မြောက်ပြီး ပုံကျသွားသည်။

ကျန်လူများက လှစ်ကနဲထပြီး တောထဲသို့ ပြေးဝင်သွားကြသည်။ တစ်ဘက်သို့ချိန်ပြီး သေနတ်မောင်းကို ကျွန်တော်ဆွဲလိုက်သည်။ မြေပြင်ပေါ်မှာ ဖုန်တထောင်းထောင်း ထသွားသည်ကို မြင်လိုက်ရသည်။

စက္ကန့်ပိုင်းအတွင်းမှာပင် အားလုံး ကြက်ပျောက်ငှက်ပျောက် ပျောက်သွားကြတော့သည်။ သူတို့အသံများကိုတော့ ကွက်လပ်ကလေးပတ်လည်ရှိ တောထဲမှာ ဆူညံစွာ ကြားနေရသည်။ ကျွန်တော် ပြန်လှည့်လာသောအခါ ဝီဒရို မတ်တတ်ရပ်နေ[illegible] ကို တွေ့ရသည်။ သီလရှင်က သူ့ဘေးမှာ ဒူးထောက်ထိုင်ပြီး မြားကိုနှုတ်ဖို့ ကြိုးစားနေ



သည်။

"ဆရာလေး. . . အလကား အချိန်ဖြုန်းနေတယ်ဗျာ၊ အဲဒီမြားတွေက ဒစ်ပါတယ်၊ ခွဲပြီးထုတ်မှရမယ်" ဟု ကျွန်တော်က လှမ်းပြောသည်။

"ဟုတ်တယ်" ဟု ဝီဒရိုကပြောပြီး ပေါင်သားနှင့် ကပ်နိုင်သမျှ အကပ်နိုင်ဆုံးနေရာမှ မြားကို ချိုးပစ်လိုက်သည်။

"သွားကြစို့၊ အသက်ရှင်ချင်သေးတယ်ဆိုရင်တော့ ဂါဝန်ကိုမပြီး တစ်ချိုးတည်းသာ ပြေးပေတော့ ဆရာလေး" ဟု အယ်လ်ဘတ်တိုက ပြောသည်။

"ခဏလေးတော့ စောင့်ပါဦး ဗိုလ်မှူးကြီး"

အယ်လ်ဘတ်တို ပစ်လိုက်သည့် နှစ်ယောက်အနက် တစ်ယောက်က အသက်မရှိတော့ပြီ။ သို့သော်လည်း ကျန်တစ်ယောက်က ခက်ခဲစွာ အသက်ငင်နေဆဲ ရှိသည်။ ကျွန်တော်တို့အားလုံး အံ့အားသင့်ဖို့ အချိန်ကလေးမှမရလိုက်မီ သီလရှင်က ထိုသူ့ဘေးမှာ ဒူးထောက်ထိုင်ချပြီး တရားစာများရွတ်ကာ ဆုတောင်းတော့သည်။

ကျွန်တော်တို့ ဘာမျှ မတတ်နိုင်တော့။ ဒေါသတကြီးနှင့် အော်ဟစ်နေသည့် တောထဲကအသံများကို ကြားနေရသည်။ မိုင်ဝက်မျှဝေးသော မြစ်ကမ်းသို့ရောက်အောင် မည်သို့သွားရမည်နည်းဟုလည်း စဉ်းစားနေမိသည်။ ထိုသို့ စဉ်းစားလိုက်မိသည်နှင့် တပြိုင်တည်း ကျွန်တော် သေဖို့များသည့် အနေအထားမှာရှိနေကြောင်း သတိပြုမိသည်။

ကျွန်တော် ဝမ်းနည်းပက်လက်များ ဖြစ်မိလေသလား။ သည်လိုတော့လည်း မဟုတ်။ ကျွန်တော်သည် သူများပေးသည့် အကြံကောင်းဉာဏ်ကောင်းကို ယူတတ်သူလည်းမဟုတ်။ ကိုယ်လုပ်ချင်သည့်အလုပ်ကို ဇွတ်တရွတ် လုပ်တတ်သူသာ ဖြစ်သည်။ တောမြို့ကလေးတွင် ကျွန်တော့်အဖေ၏ လက်ထောက်ရှေ့နေကလေး လုပ်နေခဲ့မည်ဆိုလျှင် ယခုလိုအချိန်မျိုး၌ ကိုယ့်အိမ်ကိုယ့်ယာမှာ ကျွန်တော် ဘေးကင်းရန်ကင်း ရှိနေပေလိမ့်မည်။ သို့သော်လည်း ကျွန်တော်လုပ်ချင်ရာကို လုပ်ခဲ့သည်။ သည်လိုဆိုတော့ ရှိစေတော့ပေါ့။

ဒဏ်ရာနှင့် ကျွန်ုပ် အသက်ပျောက်သွားတော့မှ သီလရှင် မာရီယာထရီဇာ ဆုတောင်းနေရာမှ ထသည်။

"ကျွန်မတို့ သွားလို့ရပါပြီ"

ကျွန်တော် စိတ်ဆိုးဖို့ အချိန်မရတော့။ စိတ်ဆိုးစရာလည်း မလိုတော့ သီလရှင်၏ လက်မောင်းကိုကိုင်ပြီး အယ်လ်ဘတ်တို၏နောက်သို့ တွန်းပို့လိုက်[illegible]။ ထော့နဲ့ထော့နဲ့ဖြင့် လျှောက်နေသော ဝီဒရိုနှင့်ယှဉ်ပြီး အယ်လ်ဘတ်တိုက [illegible]

ဒုတာစပ်နားကို ရောက်လာတော့ ကျွန်တော့်ကိုယ်ထဲသို့ မြား[illegible] တော့မည်ဟု ထင်မိသေးသည်။ သို့သော်လည်း ဘာမျှမဖြစ်။

www.burmeseclassic.com

www.burmeseclassic.com



"အပြန်လမ်းကနေ ကျွန်တော်တို့ကို စောင့်နေကြလိမ့်မယ် ဗိုလ်မှူးကြီး၊ အခု ဟာ ကျွန်တော်တို့ကို ခဏလွှတ်ပေးထားတာ၊ ဒါ သူတို့လုပ်နေကျပဲ" ဟု ပီဒရိုက ပြောသည်။

"ဟုတ်တယ်၊ ဒါဟာ သူတို့အဖို့ ပျော်ပွဲရွှင်ပွဲကလေး တစ်ခုပေါ့၊ တစ်လမ်းလုံး ကျွန်တော်တို့ ချောက်ချားနေအောင် လုပ်လိမ့်မယ်၊ ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ လုံခြုံသွားပြီလို့ ထင်တဲ့အချိန်လောက်ကျမှ ကျွန်တော်တို့ကို အပြီးရှင်းမှာ၊ ဒါကြောင့် မြစ်ကမ်းပါးကို ရောက်လောက်တဲ့အချိန်မှာ ဝင်တိုက်လိမ့်မယ်" ဟု ကျွန်တော်က ဝင်ပြောသည်။

"ကျွန်တော် သဘောပေါက်ပြီ၊ တောထဲက လမ်းကြောင်းကလေးမှာ မှန်မှန် လျှောက်၊ တောစပ်ကထွက်ပြီး မြစ်ကမ်းရောက်တာနဲ့ တပြိုင်တည်း ခြေကုန်ပြေးတာပဲ မဟုတ်လား"

"အဲဒီအတိုင်းပါပဲ"

"ဆရာလေး ကြားတယ်မဟုတ်လား" အယ်လ်ဘတ်တိုက လှမ်းမေးသည်။

"ဘုရားသခင်ရဲ့ ကယ်တင်စောင့်ရှောက်မှုအောက်မှာ ကျွန်မတို့ရှိပါတယ်" သူတော်စင်ကြီးလို ပြုံးပြီး သူကပြောသည်။

"ကိုယ့်အားကိုယ်ကိုးတဲ့လူကိုမှ ဘုရားသခင်က ကယ်တာ" ဟု အယ်လ်ဘတ်တိုက ပြန်ပြောသည်။

တောထဲမှ ဟူနာတစ်စု ထွက်လာသည်။ ကျွန်တော်တို့နှင့် ကိုက်ငါးဆယ် လောက်သာ ကွာမည်။ အယ်လ်ဘတ်တိုက လက်ပစ်ဗုံးကို ပင်ဖြုတ်ပြီး လှမ်းပစ်သည်။ အလှမ်း နည်းနည်းကွာသောကြောင့် သူတို့ဆီသို့ကား မရောက်။ သို့သော်လည်း ပေါက်ကွဲသံကြီးက မြည်ဟိန်းလွှမ်းလှသည်။ အားလုံး တောထဲ ဝင်ရောက်ပျောက်ကွယ်သွား ပြီး အော်သံများပါ လုံးဝတိတ်သွားတော့သည်။

"ဘုရားရေ. . . ကျုပ်က သူတို့ဆီမရောက်လို့ အလုပ်မဖြစ်တော့ဘူးထင်တာ၊ ကဲ. . . ခင်ဗျား ညကဗုံးတစ်လုံးကိုလဲ နမူနာပြလိုက်ပါဦး"

ကျွန်တော်ကလည်း ကွက်လပ်အလယ်သို့ လက်ပစ်ဗုံးကို လှမ်းပစ်လိုက်သည်။ စောစောကအတိုင်း ကျယ်လောင်စွာ ပေါက်ကွဲသွားသည်။ တစ်တောလုံးရှိ ငှက်များပါ လန့်ပျံပြေးကုန်သည်။ လူသံဆို၍ လုံးဝမကြားရတော့။

ပေါက်ကွဲသံနှစ်ချက်ကြောင့် ဟူနာတို့ သေွးပျက်သွားပုံရသည်။ သို့သော်လည်း မကြာခင်မှာပင် ကျွန်တော့်အတွေး ပျက်သွားပြန်သည်။ တောထဲမှ မြေခွေးဟောင်သံ များကို ကြားရလေတော့သည်။

တဖြည်းဖြည်း အသံတွေ ပိုများလာသည်။ လုံ့ချင်းထိခိုက်သည့်အသံများ၊



တင်းပုတ်ဝှေ့ယမ်းသည့် အသံများ၊ ငှက်လိုအော်သည့်အသံများ၊ ချိုနွယ်ပိတ်ပေါင်းများ ကြားသို့ တိုးဝင်လာသည့် အသံများကိုပါ ဆက်တိုက် ကြားလာရသည်။ တဆက်တည်း မှာ မြစ်ဘက်မှ ရေစီးသံကိုပါ ကြားရသည်။

ချိုတိုးသည့်အသံများကို နှစ်ဘက်စလုံးမှ ကြားလာရပြီ၊ နှစ်ဘက်ညှပ်ပြီး လိုက်လာကြောင်း သိသာပြီ၊ တောစပ်သို့ရောက်ဖို့လည်း ကပ်နေပြီ၊ မြစ်ကမ်းသို့ ရောက် ဖို့လည်း မဝေးတော့ပြီ၊ ကျွန်တော်တို့ကို သူတို့မျိုးဖြုတ်မည့် နေရာကား တောစပ်နှင့် မြစ်ကမ်းကြား။

"ဘယ်ဘက်ကို ကျွန်တော့်တာဝန်ထား၊ ညာဘက်ကို ခင်ဗျားတာဝန်ယူ၊ ကျွန်တော်အချက်ပေးတာနဲ့ ပစ်ပြီး တစ်ချိုးတည်းပြေးပေတော့" ဟု အယ်လ်ဘတ်တိုက ပြောသည်။

သို့သော်လည်း တကယ်ပစ်ချိန်တန်တော့ သူဘာပြောသည်ကို ကျွန်တော် မကြားတော့၊ တရစပ်ဆွဲနေသည့် သူ့သေနတ်သံကြားထဲမှာ သူ့အော်သံလည်း ပျောက် ကွယ်သွားတော့သည်။ ကျွန်တော်ကလည်း ညာဘက်သို့ တရစပ်မွှေရတော့သည်၊ အော် ဟစ်သံများကို ကြားရသောကြောင့် အထိအခိုက်ရှိကြောင်း ခန့်မှန်းနိုင်သည်။

ဘာကိုထိမှန်ကြောင်း ပြန်စစ်ဆေးမနေနိုင်၊ ပီဒရိုနှင့် သီလရှင် မာရီယာထရီစာ တို့နောက်မှ အားကုန်ပြေးလိုက်ရတော့သည်။ ပီဒရိုသည် ပေါင်တွင် မြားဒဏ်ရာရှိသော် လည်း အံ့သြဖွယ်ကောင်းလောက်အောင် လျင်မြန်စွာ ပြေးနိုင်သည်ကို တွေ့ရသည်၊ သည်လိုမပြေးလျှင်လည်း မဖြစ်။ သူတို့လက်တွင်းသို့ အရှင်လတ်လတ် ရောက်သွားလျှင် အဆိုးဆုံးသော ငရဲဒဏ်ကို အရှင်လတ်လတ် ခံစားရပေတော့မည်။

ကျွန်တော်တို့ပတ်လည်မှာ အော်သံများ ညံလာပြန်သည်၊ လက်ထဲမှ မောင်း ပြန်သေနတ်ဖြင့် မနားတမ်းပစ်ရင်းပဲ ပြေးနေရပြန်သည်၊ ခဏကြာတော့ မြစ်ကမ်းဘက် သို့ ကျွန်တော်တို့ ထွက်လာကြပြီး မော်တော်ကို လှမ်းမြင်ရပြီ၊ ကျွန်တော်တို့ဆီသို့ ခပ်သုတ်သုတ် မောင်းလာနေပြီ။ ဦးပိုင်းမှာဆင်ထားသည့် စက်သေနတ်ကို ဟင်နာကိုယ် တိုင် ဝင်ပစ်နေသည်။

သစ်ရွက်တွေကြားထဲမှ မြားတွေ တစ်စင်းပြီးတစ်စင်းထွက်လာ ကျွန်တော်တို့ နောက်သို့ လိုက်လာနေသည်။ မြားတစ်စင်းက ကျွန်တော့်ရှေ့မြေပြင်မှာ ဝင်စိုက်သည်၊ နောက်တစ်စင်းက ပီဒရို၏ကျောကို စိုက်သည်၊ ပီဒရိုသည် နောက်ပြန်လည်သွားသည်၊ ထိုအခိုက်မှာပင် နောက်တစ်စင်းက သူ့ရင်ဘတ်မှာလာစိုက်ပြီး နောက်ပြန်လဲကျသွား တော့သည်။

ကျွန်တော်သည် ကိုယ်ကိုကုန်းပြီး ပြေးသည်၊ တွေ့ကောက်ပြီး ပြေးသည်၊ ...သည်နေရာနှင့် သည်အချိန်သည် သူ့ရဲကောင်းကြီး လုပ်ပြနေရမည့်နေရာနှင့် အချိန်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်၊ မော်တော်ပေါ်ကလည်း တရစပ် ပစ်ပေးနေသည်။ သီလရှင်ကို မော်တော်ပေါ်သို့ ဆွဲတင်နေသည့် လက်များတိုလည်း သတိထားမိလိုက်မိသည်။

အယ်လ်ဘတ်တိုက သူ့နောက်မှကပ်ပြီး တက်လိုက်သွားသည်၊ ထိုအချိန်မှာပင် မြားတစ်စင်းက အယ်လ်ဘတ်တို၏ ဘယ်ဘက်လက်ဖျံမှာ စိုက်ဝင်သွားသည်။ မြားအရှိန်က အလွန်ပြင်းပုံရသည်၊ သူ့လက်ထဲမှ ပစ္စတိုသေနတ် ရေထဲသို့ လွတ်ကျသွားသည်၊ သူ့လက်တစ်ဘက်ကို ကျွန်တော်ဖမ်းဆွဲလိုက်ပြီး အပေါ်သို့ တွန်းတင်ပေးလိုက်သည်၊ ကျွန်တော်တက်မိသည်နှင့် တပြိုင်တည်း ဟင်နာ၏အော်သံကိုကြားရကာ မော်တော်စက်သံမြန်လာပြီး ကမ်းကိုခွာခဲ့ကြတော့သည်။

အယ်လ်ဘတ်တိုသည် ဒယီးဒယိုင် ဖြစ်နေသည်။ ထိုအချိန်မှာပင် ရဲဘော်တစ်ယောက်ကအော်ပြီး တစ်နေရာသို့ လက်ညှိုးထိုးပြသည်။ ကျွန်တော် ပြန်လှည့်ကြည့်လိုက်တော့ မြားတန်းလန်းဖြင့်လဲနေသော ပီဒရိုကိုတွေ့ရသည်၊ သူ့ဆီသို့ ဝက်ဝံများလိုပြေးထွက်လာကြသော ဟူနာများကို တွေ့လိုက်ရသည်။

အယ်လ်ဘတ်တိုသည် သူ့လက်ဖျံမှာ စိုက်နေသည့်မြားကို အရင်းမှကပ်ပြီး လှစ်ကနဲ ချိုးပစ်လိုက်သည်၊ တစ်ဆက်တည်း အနီးဆုံးရဲဘော်ထံမှ ရိုင်ဖယ်သေနတ်ကို ဆွဲယူကာ ပီဒရို၏ခေါင်းကို ချိန်ပြီးပစ်လိုက်သည်၊

မော်တော်က ရေစုန်အတိုင်း စုန်ဆင်းလာခဲ့ပြီ၊ အယ်လ်ဘတ်တိုက ရိုင်ဖယ်သေနတ်ကို တုန်းပတ်ပေါ်သို့ ပစ်ချလိုက်ပြီး သီလရှင် မာရိယာထရီစာ၏ရင်ဘတ်မှ အဝတ်အစားများကို စုကိုင်ပြီး ဆွဲလိုက်သည်။ ပြီးတော့ မထိန်းသိမ်းနိုင်တော့သည့်ဒေါသဖြင့် သီလရှင်ကို ဆွဲခါယမ်းနေသည်။

"သူ့ကို ဘယ်သူသတ်လိုက်တာလဲဟင်. . . ပြောစမ်း၊ ခင်ဗျားသတ်တာလား၊ ကျုပ်သတ်တာလား" ဟုလည်း အော်ကြီးဟစ်ကျယ် မေးနေသည်။

သီလရှင်က သူ့ကို နားမလည်သလို စိုက်ကြည့်နေသည်။ ပြီးတော့ သူ့မျက်နှာပေါ်မှာ ထိတ်လန့်သည့် အမူအရာ ပေါ်လာသည်၊ ကောင်းမြတ်သော ရည်ရွယ်ချက်နှင့် ပြုလုပ်သော်လည်း ဆိုးရွားလှသည့် အဖြစ်ဆိုးများနှင့်သာ ကြုံတွေ့ရတတ်ကြောင်း သူ့ဘဝတွင် ပထမဦးဆုံးအကြိမ် သဘောပေါက် နားလည်လိုက်သည့် အမူအရာမျိုးဖြစ်သည်။

အယ်လ်ဘတ်တိုအဖို့လည်း သူ့ရင်ထဲမှ တစ်စုံတရာ ပေါက်ကွဲထွက်သွားပုံရသည်၊ သီလရှင်ကို ဘေးသို့ ခပ်ကြမ်းကြမ်း တွန်းဖယ်ပစ်လိုက်သည်၊ ပြီးတော့ ကျွန်တော် ဘယ်တုန်းကမှ မကြားခဲ့ဖူးသေးသည့် ပင်ပန်းနာကျည်းသော လေသံမျိုးဖြင့် ပြောသည်။

"ကျုပ်နားတိုကေပ်နဲ့၊ သွား. . . ဝေးဝေးသွား"



တစ်ဘက်သို့လှည့်ပြီး ကုန်းပတ်ပေါ်မှာ ဒယီးဒယိုင်နှင့် လျှောက်သွားနေတော့သည်။

□ □ □

www.burmeseclassic.com

# အခန်း (၁၀)

**သည်လိုကိုး**

အိပ်ရာမှ ကျွန်တော် တဖြည်းဖြည်းနိုးလာသည်။ ပြီးတော့ လင်ဒရှိရှိ လေယာဉ်ပျံကိုထောင်ထဲမှ အိပ်ရာပေါ်မှာ ကျွန်တော်အသက်ရှင်လျက် ရှိနေသေးကြောင်း အတိအကျ သိလာရသည်။ မီးဖိုပေါ်မှာ ရေနွေးအိုးက ကျိုက်ကျိုက်ဆူနေသည်။ ထိုဘေးတွင် မင်နီထိုင်ပြီး စာအုပ်တစ်အုပ် ဖတ်နေသည်။

"အဲဒီစာအုပ် နိပ်ရဲ့လား" ဟု ကျွန်တော်က လှမ်းမေးသည်။

ကျွန်တော့်ဘက်သို့ လှည့်လာပြီး မျက်မှန်ပေါ်မှ ကျော်ကြည့်သည်။ လက်ထဲက စာအုပ်ကို ပိတ်လိုက်သည်။ ကျွန်တော့်ဆီသို့ ထလာသည်။ စိတ်မကောင်းဖြစ်နေပုံလည်း ရသည်။

"မင်း ဘာတွေဖြစ်နေတာလဲ၊ ငါ အထိတ်တလန့်ဖြစ်အောင် လုပ်နေတာလား"

"ဘာတွေဖြစ်ကုန်လို့လဲ"

"မင်း လေယာဉ်ပျံပေါ်ကနေပြီး လျှပ်စီးလက်သလို ဆင်းလာတယ်၊ မင်းကို ဒီမှာ သိပ်ထားလိုက်တယ်၊ သီလရှင် မာရီယာထရီစာကလည်း မင်းကို လာလာကြည့်နေတယ်"



"သူ ဘာပြောသလဲ"

"တစ်ခုခုကို အာရုံသိပ်စူးစိုက်ရလို့တဲ့၊ မင်းကိုလာကြည့်တဲ့ လူတွေနဲ့ ဒီနေရာမှာ ပြည့်ကျပ်နေပြီ"

"ဟင်နာရော" သူပေးသည့် ကော်ဖီခွက်ကို လှမ်းယူရင်း မေးသည်။

"ဝင်လိုက်ထွက်လိုက် လုပ်နေတာ အကြိမ်ပေါင်းကို တစ်ဒါဇင်ထက် မနည်းတော့ဘူး၊ မင်း ဒီမှာလဲနေတာ ခြောက်နာရီလောက် ကြာသွားပြီ၊ ခြော်. . . ဂျူနာလဲ လာသေးတယ်၊ အခုလေးတင် ပြန်သွားတာ"

အိပ်ရာပေါ်မှဆင်းပြီး နံရံဘက်သို့ လျှောက်သွားသည်။ အပြင်မှာ မှောင်နေသည်။ မိုးလည်းတိတ်နေသည်။ ပန်းရနံ့နှင့်ရောနေသည့် လေအေးအေးကလေး တိုက်သာသည်။

ကြုံခဲ့ရသည်များ တစ်ခုချင်း ပြန်ပေါ်လာသည်။ မော်တော်ပေါ်မှာ ဒေါသတကြီးဖြစ်နေသည့် အယ်လ်ဘတ်တို့၏မျက်နှာကို မြင်ယောင်မိသည်။ သီလရှင်က သူ့သက်မှဒဏ်ရာကို ဆေးထည့်ပေးမည်ပြုရာ လက်မခံဘဲ သူ့ဆေးတပ်သားကလေး၏ အပြုစုကိုသာ ခံသည်။

ကျွန်တော်တို့ကို စန်တာဟယ်လီနာ လေယာဉ်ကွင်းသို့ လိုက်ပို့ပြီး ချက်ချင်းပြန်ကြရန် ဟင်နာကိုပြောသည်။ ယခုမှပင် ကျွန်တော် ကောင်းစွာ သတိပြန်ရတော့သည်။

"ကော်ဖီ" မင်နီက လှမ်းပြောသည်။

ဝီစကီလက်ကျန်ကို မော့လိုက်ပြီး သူလှမ်းပေးသည့် ကော်ဖီခွက်ကို ယူလိုက်သည်။ "ဟိုမှာ ဘာတွေဖြစ်ခဲ့တယ်ဆိုတာ ဟင်နာ ပြောမပြဘူးလား"

"သူသိသလောက်တော့ ပြောပြတယ်၊ ဒါပေမယ့် တောထဲမှာ မင်းတို့ ဘာတွေဖြစ်ခဲ့တယ်ဆိုတာတော့ သူလဲ အပြည့်အစုံ ပြောမပြနိုင်ဘူး"

ထို့အကြောင်း အလုံးစုံကို ပြန်ပြောပြရသည်။ အလုံးစုံသိသောအခါ "ဆိုးလိုက်တဲ့အဖြစ်ကွာ" ဟု သူကညည်းသည်။

"တောထဲမှာဖြတ်ပြီး ပြန်ပြေးလာရတဲ့အဖြစ်ကို ကျွန်တော့်တစ်သက် ဘယ်တော့မှ မမေ့နိုင်တော့ဘူး"

"ဗိုလ်မှူးကြီးအယ်လ်ဘတ်တို့နဲ့ သီလရှင်ကလဲ ပြဿနာပဲ"

"ဗိုလ်မှူးကြီးပြောတာတွေ မှန်ပါတယ်ဗျာ၊ သူပြောတာကို သီလရှင်နားထောင်ပြီး မော်တော်ပေါ်မှာနေခဲ့ရင် အဖြစ်အပျက်က တစ်မျိုးတစ်ဖုံ ပြောင်းသွားမှာ"

"ဘာဖြစ်မယ်ဆိုတာကိုတော့ အသေအချာ မပြောနိုင်ဘူးမဟုတ်လား"

"သူ့ကြောင့် ဒုက္ခရောက်ကုန်တာတော့ အသေအချာ ပြောနိုင်တာပေါ့ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ဘုရားသခင်က သူတို့ကို အမြဲစောင့်ရှောက်နေတယ်ထင်တယ်၊ ဒါကြောင့် သူတို့ဘာလုပ်လုပ် အကုန်မှန်တယ် ထင်နေကြတာ"

"အချို့ဟာတွေက တကယ်ယုံကြည်ထားတာထက် ပိုပြီးဆိုးတတ်တယ်ကွာ" ဟု ပြောရင်း သူက သက်ပြင်းချသည်။

"ကရွမ်းဝဲလ်လို အမျိုးသမီးမျိုးပေါ့"

"ဘာပြောတာလဲ၊ ငါ နားမလည်ဘူး" သူ နားထွေးသွားပုံရသည်။

"အင်္ဂလိပ်ရာဇဝင်အချို့ ဖတ်ဦး၊ ခင်ဗျား နားလည်လာလိမ့်မယ်၊ ကျွန်တော် လမ်းနည်းနည်းလျှောက်လိုက်ရင် ကောင်းမယ်ထင်တယ်"

သူက မသိမသာပြုံးသည်။ "ဟိုမိန်းကလေးတစ်ယောက်တည်း ရှိမယ်လို့ထင်တယ်၊ အဗီလာဆီကဝယ်လာတဲ့ ဟူနာအမျိုးသမီးကလေးက လှခဲ့ရင်ပေါ့လေ၊ သီလရှင်ကတော့ နောက်ထပ် မွေးလူနာတစ်ယောက်ကို မွေးပေးဖို့ တခြားရောက်နေလောက်ပြီ"

"ဒီအလုပ်ကို သီလရှင် စိတ်မကုန်သေးဘူးလား၊ ဟင်နာကရော ဘယ်မှာလဲ"

"ဟိုတယ်မှာ သူရှိမယ်လို့ ပြောသွားတာပဲ"

ကျွန်တော့်ကိုယ်ပေါ်မှာ လေယာဉ်မောင်းစဉ် ဝတ်သည့် ဂျာကင်အင်္ကျီ ဝတ်ထားဆဲရှိသည်။ လင်ဒရိုမြို့ထဲဘက်သို့ ကျွန်တော် လျှောက်လာခဲ့သည်။ အိမ်နားရောက်တော့ ရပ်ပြီး စဉ်းစားနေမိသည်။ မတက်တာပဲ အကောင်းဆုံးဖြစ်မည်ဟု ဆုံးဖြတ်ပြီး လှည့်ထွက်ခဲ့သည်။

တစ်မြို့လုံး တိတ်ဆိတ်ငြိမ်သက်နေသည်။ အိမ်တစ်အိမ်၏ ပွင့်နေသည့် ပြတင်းပေါက်မှ ရေဒီယိုသံသဲ့သဲ့ ထွက်လာသည်။ ခပ်လှမ်းလှမ်းမှ ခွေးဟောင်သံကြားရသည်။ ကောင်းကင်ကို မော့ကြည့်တော့ ကြယ်ပွင့်များလက်နေသည်။ အသက်ရှင်လျက်သည်နေရာသို့ ပြန်ရောက်လာရသည့်အတွက် စိတ်ချမ်းသာနေမိသည်။ မှန်ပါသည်။ သည်နေရာသို့ ပြန်ရောက်လာရပြန်ပြီ။

ဟိုတယ်ပေါ်သို့ တက်သွားတော့ ဘားခန်းမှာ ဟင်နာတစ်ယောက်တည်း အရက်ထိုင်သောက်နေသည်ကို တွေ့ရသည်။

"သေပြီလို့ အပြတ်အောင့်မေ့လိုက်တဲ့အကောင်၊ အခု လမ်းလျှောက်ပြီကိုး ကွ"

"ဘယ်သူမှလဲ မတွေ့ပါလား"

မြေယာကိုယ်စားလှယ်၏သား မင်္ဂလာဆောင်သို့ သွားနေကြသည်ကို ပြောပြသည်။ ဘုန်းတော်ကြီးမရှိသည့်အခါတွင် ဖစ်ကွာရီဒိုက အစိုးရကိုယ်စား လက်ထပ်ပေးနိုင်ခွင့် ရှိသည်။ ဖန်ခွက်ဘစ်လုံးသွားယူပြီး သူ့အရက်ပုလင်းထဲမှ ငှဲ့ထည့်ကာ သူ့ဘေးမှာ ဝင်ထိုင်သည်။



"အခု မင်း စိတ်ကျေနပ်သွားပြီ မဟုတ်လား၊ တောထဲကပြန်လာပြီးတဲ့နောက်ပိုင်းလေ၊ အခုတော့ မင်းကိုယ်မင်း ယောက်ျားရင့်မကြီးလို့ ထင်နေပြီမဟုတ်လား"

"မော်တော်ပေါ်ကနေပြီး ခင်ဗျား ကောင်းကောင်း ထိန်းပေးထားနိုင်တယ်ဗျာ၊ ကျေးဇူးတင်ပါတယ်"

"သူ့ရဲ့ကောင်းချီးတွေ မလိုချင်ပါဘူး ချာတိတ်ရာ၊ ဒါမျိုးတွေ ငါရခဲ့ပြီးပါပြီ၊ လွတ်တော်ကနေ ချီးမြှင့်တာအထိ ခံခဲ့ဖူးပါပြီ၊ မင်းသိတယ်မဟုတ်လား"

"သိသလိုလိုပါပဲဗျာ" သူ့ကိုကြည့်လိုက်တော့ အရက်အတော်မူးနေပြီကို သတိထားမိသည်။

"ဒီမှာ မာလိုရီ မင်းလို အကောင်းစားမျိုး တစ်ကောင် ဟိုတုန်းက ရှေ့တန်းမှာ ငါတွေ့ခဲ့ဖူးတယ်၊ တို့က တစ်တပ်ထဲ၊ သူက ဟားဗတ်တက္ကသိုလ်က ကျောင်းဆင်းလာစ၊ သူ့အဖေက အင်မတန်ချမ်းသာတဲ့ သန်းကြွယ်သူဌေးကြီး၊ တစ်ကမ္ဘာလုံးမှာ သူ့ငွေတွေ အပြည့်၊ အဲဒါတွေကိုလဲ သူ သိပ်စိတ်ဝင်စားတာ မဟုတ်ဘူး၊ ငါဆိုလိုတာကို သိတယ်မဟုတ်လား"

"သိသလိုလိုပါပဲဗျာ"

"ခွေးကောင်၊ မင်း ဒါပဲပြောတတ်တယ်" သူ့ဖန်ခွက်ထဲကို သူ အရက်ထည့်ပြန်သည်။ "ငါ့ကို သူ ဘယ်လိုခေါ်တယ် မှတ်သလဲ၊ ဘာလက်ဘေးရွှန်တဲ့၊ အမတ်ကြီးပေါ့ကွာ၊ ရစ်ချ်သိုဖင်ကို ရက်ဒ်ဘေးရွှန်လို့ခေါ်တာနဲ့ ဆန့်ကျင်ဘက်"

"ခင်ဗျားကို သိပ်အထင်ကြီးတယ်နဲ့တူတယ်"

"သူ့ကို ငါ အမြဲပြောလေ့ရှိတယ်၊ ရန်သူ့စခန်းကို ပေတစ်သောင်းအောက်နိမ့်ပြီး ဘယ်တော့မှ တစ်စင်းတည်း မဖြတ်နဲ့လို့၊ မက်မောစရာကောင်းတဲ့ မင်းဘဝကလေးဆုံးသွားမယ်လို့၊ နေရောင်ကိုလဲ မျက်ခြေမပြတ်စေနဲ့လို့"

"ခင်ဗျားစကားကို သူ နားမထောင်ဘူး မဟုတ်လား"

"တစ်နေ့ကျတော့ နေရောင်ရဲ့ အထက်ပိုင်းကနေပြီး ရန်သူ့လေယာဉ်သုံးစင်း လိုက်လာတာကို သူမသိလိုက်ဘူး၊ သူ့ကို ဘာမှန်သွားတယ်ဆိုတာတောင် သိလိုက်မှာ မဟုတ်ဘူး" သူက ခေါင်းကိုယမ်းလိုက်သည်။ "အင်မတန်မိုက်တဲ့ ခွေးကောင်လေး" ကျွန်တော့်ကို မော့ကြည့်သည်။ "ဒါပေမယ့် လေယာဉ်ပျံမောင်းတဲ့ နေရာမှာတော့ အင်မတန်တော်တယ်၊ သတ္တိလဲအပြည့်ရှိတယ်၊ မင်းအတိုင်းပဲပေါ့ကွာ"

သူ့လက်နှစ်ဘက်ပေါ်မှာ သူ့ခေါင်းကို ငိုက်စိုက်ချလိုက်သည်။ ကျွန်တော် လည်း ထိုင်ရာမှထပြီး တံခါးဆီသို့ ထွက်လာခဲ့သည်။ တံခါးကို ကျွန်တော် ဖွင့်[illegible] မှာပင် လှမ်းအော်ပြောသည့် သူ့အသံကို ကြားရသည်။

"စိတ်ကောင်းကလေး မွေးစမ်းပါ ချာတိတ်ရာ၊ အဲဒီမိန်းက[illegible]

www.burmeseclassic.com

www.burmeseclassic.com



ကွာ၊ တို့နှစ်ယောက်ဟာ နှစ်ကိုယ့်တစ်စိတ်"

တံခါးကို အသာကလေး ပိတ်ထားခဲ့ပြီး အပြင်သို့ထွက်ခဲ့သည်။

❐

အိမ်နားသို့ ကျွန်တော်ရောက်သွားတော့ တံခါးကြားထဲမှ မီးရောင်များ ထွက်ကျနေသည်ကို တွေ့ရသည်။ အပေါ်သို့တက်သွားပြီး ခဏဆိုင်းနေသေးသည်။ မိုးရေစက်များက အိမ်အမိုးပေါ်သို့ ကျနေသည်။ သည်အတိုင်း ခပ်ကြောင်ကြောင်ရပ်ပြီး စောင့်နေရသည်မှာ ထူးဆန်းသလို ဖြစ်နေသည်။

ကျွန်တော်နောက်လှည့်ပြီး ပြန်ဆင်းမည်အပြုမှာပင် ခုံတစ်လုံးပေါ်မှ မီးခြစ်အရောင်လင်းလာပြီး သူ့မျက်နှာပေါ်လာသည်။ ထိုနေရာတွင် ခုံတစ်လုံးရှိကြောင်း ကျွန်တော်မေ့နေသည်။ သူက စီးကရက်မီးညှိပြီး မီးခြစ်မီးကို ပြန်ငြိမ်းလိုက်သည်။

"ဘာဖြစ်လို့ ပြန်ထွက်သွားမယ် ကြံတာလဲ" ဟု ဂျူနာမာတင်က လှမ်းမေးသည်။

အကြောင်းပြဖို့ ကျွန်တော် ခက်နေသည်။ သို့သော်လည်း ကြိုးစားပြီး ကျွန်တော် ပြန်ပြောလိုက်သည်။

"ဒီနေရာမှာ ငါ့အတွက် ထစ်ခုခုရှိနေသေးတယ်လို့ မထင်တော့လို့၊ ဒါပါပဲ"

အမှောင်ထဲမှ လှုပ်ရှားသံ ကြားရသည်။ သူ ထိုင်ရာမှ ထတာပဲဖြစ်ရမည်။ ရွှေ့လာသည်ဟုတော့ မထင်။ သို့သော်လည်း ကျွန်တော့်ရှေ့မှာ သူလာရပ်သည်။ လေထဲမှာ ရောပါလာတတ်သည့် ပန်းနံ့လိုအနံ့မျိုးရနေသည်။ ပြီးတော့ ကျွန်တော့်လက်ကို ဆွဲပြီး သူ့ကိုယ်ပေါ်မှာ တင်လိုက်သည်၊ အသားစိုင်များကို ကိုင်မိသည်။

"ဒီနေရာမှာ ရှင့်အတွက် ရှိနေသေးတာ အဲဒါပဲ၊ ဒါလောက်ဆိုရင် မလုံလောက်သေးဘူးလား" သူ့အသံက တည်ငြိမ်လှသည်။

တကယ်တော့ ဤပစ္စည်းသည် ကျွန်တော့်ပစ္စည်းမဟုတ်။ သို့သော်လည်း ရှင်းပြနေရန် အကြောင်းမရှိတော့၊ ဘာမှလည်း ထူးမည်မဟုတ်တော့။ သူက တစ်ဘက်သို့ လှည့်သွားသည်။ ကျွန်တော့်ကိုမလွှတ်ဘဲ အခန်းတွင်းသို့ ဆွဲခေါ်သွားသည်။

❐

ထူးခြားသည်တော့လည်း မဟုတ်။ ယခင်ယခင်က အတိုင်းပင် ဖြစ်သည်။ လှသော်လည်း မကျေမနပ်ဖြင့် သူ ဝုန်းဝုန်းဒိုင်းဒိုင်း လုပ်တော့သည်။ ကျွန်တော် နား



မလည်နိုင်ဘဲ အံ့အားသင့်မိသည်။

"ဘာဖြစ်တာလဲ၊ ဘာကြောင့် မင်း ငါ့ကို မကျေနပ်တာလဲ" ဟု ကျွန်တော်က မေးသည်။

"သေခြင်းဆိုး၊ ဘာအချစ်လဲ၊ ကျွန်မတွေ့ရတဲ့ ယောကျ်ားတိုင်းဟာ ဒီအချစ်၊ အချစ်ဆိုတာကိုပဲ နားထဲကို လေမှုတ်သွင်းသလို သွင်းနေကြတယ်၊ ရှင်တို့ သောက်သုံးမကျတာကို ဒီနည်းနဲ့ တောင်းပန်နေကြတာလား" သူ့အသံက အလွန်နာကျည်းနေပုံရသည်။

ကျွန်တော် ပြန်ဖြေရန်မလိုပါ။ ထပြီး အဝတ်အစားများ ကောက်ဝတ်နေမိသည်။ သူကလည်း ပိုသီပတ်သီ အဝတ်များဖြင့် ပြတင်းပေါက်နားသို့ ထသွားပြီး စီးကရက် ဖွာနေသည်။

သူ့ဆီသို့လျှောက်သွားပြီး သူ့ခါးကို ကျွန်တော် ဖက်ထားမိသည်။ သူက သက်ပြင်းရှိုက်နေသည်။

"ကျွန်မဘဝမှာ ဒါမျိုးတွေပဲ အမြဲကြုံရတယ်၊ ရေသာများ၍ ငါးမတွေ့ဆိုတဲ့ အဖြစ်မျိုး"

"ဒီလိုဆိုရင်လဲ မင်းအရပ်နဲ့ ဒါလောက်ဝေးလံတဲ့ နေရာကြီးမှာ ဘာလာလုပ်နေတာလဲကွာ"

"အခုဟာ လင်ရှာထွက်လာတာ မဟုတ်ဘူး၊ ဒါနဲ့မဆိုင်ဘူး၊ ညီမလေးကိုစွန့်လာတာ၊ ကျွန်မ အမှန်ကိုပြောတာပါ"

ကျွန်တော့်လက်ထဲမှ သူ ရုန်းထွက်ပြီးပြောသည်။

သူ့လက်ကို ကျွန်တော် ဖမ်းကိုင်လိုက်သည်။

"ကိုယ်ပြောတာကို နားထောင်ပါ ဂျူနာ၊ အဖြစ်မှန်ကို မင်းလက်ခံဖို့ကောင်းပြီ"

ကျွန်တော့်လက်ထဲမှ ကြမ်းကြမ်းတမ်းတမ်း ရုန်းထွက်လိုက်ပြန်သည်။

"မပြောနဲ့၊ တစ်သက်လုံး ဒီစကားမပြောနဲ့၊ ကျွန်မ မကြားချင်ဘူး"

အမှောင်ထဲမှာ မျက်နှာချင်းဆိုင်ရပ်ပြီး ကျွန်တော်တို့ စကားများနေကြသည်။ အပြင်ဘက်မှ တစ်ယောက်ယောက်က သူ့နာမည်ကို အော်ခေါ်နေသည်။ ကုလားထိုင်တစ်လုံး လဲသွားသံကိုလည်း ကြားလိုက်ရသည်။ အပြင်ခန်းသို့ ကျွန်တော် [illegible] တော့ ယိမ်းထိုးနေသည့် ဟင်နာကို တွေ့ရသည်။ သူ့ကိုယ်ကို မတ်မတ်ရပ်မ[illegible] ဖြင့် နံရံကို မှီနေရသည်၊ မျက်လုံးများကို သူဖွင့်ကြည့်သည်။ ကျွန်တော့်[illegible] သည်။

"ကဲ- ဘယ့်နှယ်ရှိစ၊ မင်းကို ငါပြောတယ်မဟုတ်လား [illegible]

www.burmeseclassic.com



မလောက်လေး မလောက်စားနဲ့ သူနဲ့ မဖြစ်ပါဘူးလို့၊ ငါလိုကောင်နဲ့မှ ဖြစ်တာပါလို့ အခု မင်းလက်တွေ့ပဲ မဟုတ်လား"

ကျွန်တော့်ရင်ထဲမှာ ဒေါသလည်းမရှိ၊ စိတ်နာခြင်းလည်းမရှိ။ သူ့ကိုသာ ကျောခိုင်းနေလိုက်မိသည်။

"ဆမ် . . . ထွက်သွားစမ်း" ဟု အော်လိုက်သည့် ဂျူနာ၏အသံကို ကြားလိုက်ရသည်။

နံရံဘေးမှာပင် ထိုင်လျက်သား သူ တဖြည်းဖြည်း ကျသွားသည်။ ခေါင်းတစ်ဘက်သို့ စောင်းသွားသည်။ အိပ်ခန်းအဝတွင် ဟွာနာအမျိုးသမီးကလေး ခရစ္စတီနာ ရပ်နေသည်ကို တွေ့ရသည်။ သူဝတ်ထားသည့် အဝတ်များက သူ့ကိုယ်လုံးထက် နှစ်ဆကြီးနေသည်။ မျက်လုံးအစုံကလည်း ဝိုင်းစက်နေသည်။

ဂျူနာက ဟင်နာကို လှမ်းကိုင်ကြည့်သည်။ ပြီးတော့ ပွင့်နေသည့် တံခါးပေါက်မှာ မှီရပ်နေသည်။

"တကယ်ကတော့ ရှင့်လူဟာ ခွေးတိရစ္ဆာန်လို လူစားမျိုး၊ ဒါပေမယ့် သူပြောနေတာတွေဟာ အမှန်တွေပဲ၊ ကျွန်မဘဝတစ်လျှောက်လုံးမှာတော့ တစ်နည်းမဟုတ်တစ်နည်း ပြည့်တန်ဆာ ဖြစ်နေရတာပါပဲ"

"ဘာကြောင့်လဲ"

"အင်မတန် နေချင်စရာကောင်းတဲ့ ကျွန်မအရပ်ကို စွန့်ခွာနိုင်ဖို့ ကျွန်မ ရုန်းကန်ရတယ်လေ၊ ကျွန်မ ဘာတွေဖြစ်ခဲ့တယ်လို့ ရှင်ထင်သလဲ၊ ဘာပဲဖြစ်ဖြစ်လေ ကျရာဘဝမှာပဲ ပျော်ရတော့မှာပါပဲ"

ကျွန်တော့်နှုတ်ခမ်းကြားထဲမှ စီးကရက်ကို သူဆွဲယူပြီး အားပါးတရ ဖွာရှိုက်နေသည်။

"အဲဒီဆေးလိပ် ကုန်အောင်သောက်လိုက်တော့" ဟုပြောပြီး အမှောင်ထဲသို့ ကျွန်တော် ထွက်လာခဲ့တော့သည်။

မလှမ်းမကမ်းသို့ရောက်တော့ ခဏရပ်ပြီး ပြန်လှည့်ကြည့်မိသေးသည်။ အပေါက်ဝမှာ သူ ရပ်နေတုန်းဖြစ်သည်။ ပါးလွှာသော သူ့အဝတ်များအောက်မှ ခန္ဓာကိုယ်ကောက်ကြောင်းများကို မီးရောင်မှာ မြင်နေရသည်။ သူ့နာမည်ကို ဟင်နာလှမ်းခေါ်သံ သဲ့သဲ့ကြားရသည်။ တံခါးပိတ်ပြီး သူ အထဲဝင်သွားသည်။

ကျွန်တော့်စိတ်ထဲမှာ ပေါ့ပါးလွတ်လပ်သွားသည်။ မိုးရွာထဲမှာ သည်အတိုင်း ရပ်နေမိသည်။ ကျွန်တော် သေသေချာချာ သိလိုက်ရသည်ကတော့ သူနှင့် ကျွန်တော့် ဇာတ်လမ်း သည်နေရာမှာပင် ပြီးဆုံးသွားပြီဆိုခြင်းပင် ဖြစ်သည်။

စန်တာဟယ်လီနာမှာရှိနေသည့် စခန်းအားလုံး နောက်ပြန်ဆုတ်ရန် အယ်



ဘတ်တိုက အမိန့်ထုတ်လိုက်ပြီဖြစ်ကြောင်း ဂိုထောင်သို့ ကျွန်တော်ပြန်ရောက်လာတော့ သိရသည်။ ထိုသတင်းကို ကြားရသော်လည်း ကျွန်တော့်စိတ်ထဲမှာ ထူးထူးခြားခြား မခံစားရတော့။ ယင်းသို့ မခံစားရသည်ကိုကြည့်ပြီး မင်နီက နားမလည်နိုင်အောင် ဖြစ်နေသည်။ အိပ်ရာပေါ် တက်လှဲပြီး ခေါင်မိုးကို ကြည့်နေမိသည်။

ကျွန်တော့်ဘဝတွင် တစ်ခုခုတော့ အမှားဖြစ်တော့မည်ဟု ကျွန်တော့်စိတ်ထဲက အလိုလိုသိနေမိသည်။ ပြဿနာတစ်ခုခု၏ အစွန်းတစ်နေရာသို့ ကျွန်တော် ရောက်နေပြီဟု ခံစားနေမိသည်။

နောက်တစ်နေ့မနက် ကိုးနာရီတွင် မာနေ့ဘ်မြို့သို့ လေယာဉ်ပျံမောင်းပြီး ကျွန်တော် ထွက်လာသည့်အချိန်အထိ ဆမ်ဟင်နာ၏ အရိပ်အရောင်ကို မမြင်ခဲ့ရ။ ညတုန်းကလည်း ကျွန်တော် ကောင်းစွာ အိပ်မပျော်ခဲ့။ ယနေ့လည်း လေယာဉ်ပျံကို ခေါက်တုံ့ခေါက်ပြန် မောင်းနေရသည်။ ကျွန်တော် အလွန်တရာ ပင်ပန်းနွမ်းနယ်နေပြီ။

အမှန်တော့ ဟေလေ့လေယာဉ်ပျံကို မောင်းလာခဲ့ဖို့ဖြစ်သည်။ သို့သော်လည်း စန်တာဟယ်လီနာမှတပ်များ နောက်ပြန်ဆုတ်ကြတော့မည်ဆိုတော့ ဟေလေ့လေယာဉ်ပျံ ရှိဖို့လိုနေသည်။ ထို့ကြောင့် ဘာရစ္စတိုကိုပဲ ယူခဲ့သည်။

ညနေခြောက်နာရီထိုးတော့ မာနေ့ဘ်မြို့ လေယာဉ်ကွင်းသို့ ကျွန်တော် ဆင်းခဲ့သည်။ စက်ပြင်ဆရာများက လေယာဉ်ကို ဝိုင်းကူသိမ်းပေးကြသည်။

လေယာဉ်ကွင်းမှာ ဒီဟာဗီလင်ရာပိုက် လေယာဉ်တစ်စင်း ဆိုက်ထားသည်ကို တွေ့ရသည်။ အလွန်လှသည့် လေယာဉ်ကလေးဖြစ်သည်။ စက်ပြင်ဆရာတစ်ယောက်၏ ကားကြုံဖြင့် မြို့ထဲသို့လိုက်ခဲ့သည်။ တစ်လမ်းလုံးလည်း ငိုက်လာခဲ့သည်။

ဟိုတယ်သို့ရောက်တော့ အရက်တစ်ခွက်လောက် အရင်သောက်ရကောင်းနိုး၊ (၁၂) နာရီလောက် မနားတမ်း အိပ်လိုက်ရကောင်းနိုးဖြင့် ချီတုံချတုံ ဖြစ်နေမိသေးသည်။ နောက်ဆုံးတော့ အရက်ဝအောင်သောက်ပြီး မထတမ်း အိပ်လိုက်ရန် ဆုံးဖြတ်ကာ ဘားခန်းထဲသို့ ဝင်ခဲ့သည်။

ဘားကောင်တာ တစ်ဘက်စွန်းမှာ လေယာဉ်မောင်းသည့် အဝတ်အစားများကို ဝတ်ဆင်ထားသော လူခပ်သေးသေးတစ်ယောက် ထိုင်နေသည်ကို လှမ်းတွေ့ရသည်။ ဘားခန်းထဲမှာ ထုံးစံအတိုင်း ဒ၊ရက်ထုတ်ပေးမည့်သူ မရှိ။ ထို့ကြောင့် နောက်ဘက်သို့ သွားပြီး အရက်ပုလင်းနှင့် ဖန်ခွက်ကို ကိုယ့်ဘာသာကိုယ် ယူရသည်။

တစ်ဘက်မှ လူခပ်သေးသေးက ကျွန်တော့်ကို အကဲခတ်နေသည်။ သူ့ဒူးကွက်နှာပေါ် တွင်မူ ခံစားချက် တစ်စုံတစ်ရာရှိပုံမပေါ်။ သူ စကားလှမ်းပြော[illegible] သူ့ဘဝ်ခမ်းများ လှုပ်သည်ဟုမထင်ရ။

"ကျုပ် ဖျက်ဂျွန်ဆင်ပါ" ဟု သူကလှမ်းပြောသည်။ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ဝဲလွန်းလှသည်။ ကျွန်တော်က အရက်ပုလင်းကို ထောင်ပြလိုက်သည်။ သူက ခေါင်းညိတ်ပြသဖြင့် ခွက်တစ်လုံး ကျွန်တော်လှမ်းယူသည်။

"ကွင်းမှာဆိုတ်ထားတဲ့ပိုက်က ခင်ဗျားလေယာဉ်ပျံလား"

"ဟုတ်တယ် ဂျွန်ဆင်- သယ်ယူပို့ဆောင်ရေးလေယာဉ်၊ ဟန်မကျဘူးလား"

"သောက်ကျိုးနည်းအောင် ဟန်ကျတာပေါ့ဗျာ၊ ကျွန်တော့်နာမည် နေးလ်မာလိုရီပါ" ကျွန်တော်က လက်တစ်ဘက်ကို ဆန့်တန်းပေးလိုက်သည်။ သူက မျက်မှောင်ကုတ်လိုက်သည်။

"မာလိုရီဆိုတာလား၊ မောင်ရင်ဟာ ဘလက်ဘေရွန်ရဲ့ ဘရစ္စတိုကို မောင်းပေးနေတာလား"

"ဘယ်လို ဘလက်ဘေရွန်လဲ"

"ဆမ်ဟင်နာလေ၊ ဒီကောင် ဘလက်ဘေရွန်ပေါ့ စစ်အတွင်းတုန်းက ရှေ့တန်းစစ်မျက်နှာမှာ ဒီကောင်ကြီးကို ကိုယ်တို့ အဲဒီလိုပဲခေါ်ခဲ့တာပဲ၊ ကိုယ်ကလဲ အဲဒီတုန်းက လေတပ်ထဲမှာ"

"သူ့ကို ခင်ဗျား ကောင်းကောင်း သိတာပေါ့နော်"

"ဘလက်ဘေရွန်ကို လူတိုင်းသိပါတယ် မောင်ရာ၊ ကိုယ်တို့ထဲမှာ အတော်ဆုံးလူ၊ အရေးပဲ့ဆိုရင် သူပါမှ"

သည်လိုဆိုလျှင်တော့ ကျွန်တော်ကြားခဲ့သမျှများ အားလုံးမှန်ပြီ။ ကျွန်တော့်ကို သူကိုယ်တိုင် ပြောပြခဲ့ဖူးသည်။

"သူ ရွှေထီးဆောင်းခဲ့ရတယ်ဆိုတာလဲ ဟိုတုန်းကပါ မောင်ရာ၊ ပြီးတော့ တခြားတိုင်းပြည်မှာပါ။ အခု ဒီလဲပြန်ရောက်ရော သူဟာ ဘာကောင်မှ မဟုတ်တော့ဘူး တစ်ခုဘော့ မောင်ရင်ရောက်လာလို့ သူ့ဘဝ အဖတ်ဆယ်မိသွားတာ၊ ဘုရားသခင်ရဲ့ ကျေးဇူးကြောင့်ပါပဲ၊ သူ့ဘဝကို မောင်ရင်ကယ်လိုက်တာပါ။ မောင်ရင့်ကိုတော့ ကောင်းကောင်းပေးတန် ကောင်းပါရဲ့"

"ကံကောင်းတာက ကျွန်တော်ပါဗျာ၊ သူသာ ကျွန်တော့်ကို အလုပ်မပေးရင် အခုလောက်ဆို ကျွန်တော် လမ်းခင်းတဲ့ အလုပ်သမားဂိုဏ်းထဲ ရောက်နေပြီ၊ ကျွန်တော်ရောက်လာတဲ့အချိန်မှာ တခြားပိုင်းလော့တစ်ယောက်ကို သူ ခန့်ဖို့စီစဉ်ထားပြီးသား"

သူ့မျက်နှာအမူအရာကိုကြည့်ပြီး အကဲခတ်၍မရနိုင်။ လေသံကလည်း ပြစတြေးလျော့ကိုက်သားသ ပေါက်နေပြီး ဘာဆိုလိုသည်ကို ခန့်မှန်းရခက်သည့် အသံမျိုး။

"တခြားပိုင်းလော့ဆိုတာ ဘာလဲ၊ မောင်ရင် ဘာကိုပြောနေတာလဲ"

"ပေါ်တူဂီပိုင်းလော့တစ်ယောက်လို့ ကျွန်တော်ထင်တယ်၊ နာမည်တော့ မသိဘူး၊ ဗင်နီဇွဲလားမှာ ပိတ်လိုက်ရတဲ့ သတ္တုတွင်းကုမ္ပဏီတစ်ခုမှာ လေယာဉ်မောင်းနေတဲ့လူလို့ ထင်တာပဲ"



"ဟိုတုန်းကတော့ အမေဇုံမြစ်ဝှမ်းဒေသမှာ ပိုင်းလော့ဆိုတာ ရွှေထက်ရှားသကွ၊ စပိန်မှာလဲ စစ်ဖြစ်နေတယ်၊ ဥရောပမှာလဲ ပြဿနာတွေ ပေါ်နေတယ်၊ ဒါပေမယ့် အခုတော့ ဒီလိုမဟုတ်တော့ဘူးလေ၊ ဆမ်လဲ ဒုက္ခရောက်နေတယ်၊ သူ့အလုပ်ကို ပတ်စာခွာ ဖျာသိမ်းရတော့မယ့်ဆဲဆဲ၊ တစ်ပတ်အတွင်းမှာ သူ လေယာဉ်ပျံတစ်စီး ထပ်ရပြီး မောင်းနိုင်ရင်မောင်း၊ မမောင်းနိုင်ရင် ချာလီဝီလ်ဆင်က အစိုးရနဲ့ စာချုပ်ချုပ်ပြီး သူ့နေရာဝင်တော့မှာ"

"ချာလီဝီလ်ဆင်. . ဟုတ်လား"

"ချာလီနဲ့ မဆုံသေးဘူးလား၊ ကနေဒါလူမျိုး၊ ရာပိုက်လေယာဉ်ပျံသုံးစင်းနဲ့ ဘီလမ်မှာ အလုပ်လုပ်နေတယ်၊ ဆမ်ဟင်နာဆိုတဲ့ ဝေါကလဲ ဒေါ်လာနှစ်သောင်းရမယ့် အခွင့်အရေးကြီးကို အလွယ်တကူနဲ့ လက်လွှတ်တတ်တဲ့ လူစားမျိုးမှ မဟုတ်ဘဲ"

ကျွန်တော့်ခန္ဓာကိုယ်ထဲရှိ သွေးလှည့်ပတ်မှုများအားလုံး အခိုက်အတန့်တွင် ရပ်သွားသည်ဟု ထင်လိုက်ရသည်။

"ဒေါ်လာနှစ်သောင်း" ကျွန်တော်က သတိနှင့်ပြောသည်။

"ဟုတ်တယ်၊ သူရမယ့် လုပ်သက်ဆု"

"ဒါလောက်များမယ်လို့ ကျွန်တော်မထင်ခဲ့ဘူး"

"ကိုယ်သိတာပေါ့ မောင်ရင်ရာ၊ ဒီအလုပ်ကို ပထမဆုံး ကိုယ်လက်ခံမလို့ပဲ၊ ဒါပေမယ့် ကိုယ်နဲ့ အစုစပ်လုပ်နေတဲ့သူက အနောက်ဘက်ပိုင်းကိုသွားပြီး အလုပ်လုပ်စရာရှိနေလို့ လက်လွှတ်လိုက်ရတာ၊ ကိုယ်ကတော့ ဒီကနေ မိုင်လေးရာလောက်ဝေးတဲ့ ကိုလိုနာမှာ စခန်းချထားတယ်၊ ဒါကြောင့် မာနော့စ်ကို အရောက်အပေါက်နည်းတယ်"

သူ စကားဆက်ပြောနေသေးသည်။ သို့သော်လည်း ကျွန်တော်မကြားနိုင်တော့။ အခြား ဘာကိုမှလည်း စိတ်မဝင်စားနိုင်တော့။ ကြမ်းပေါ်မှာချထားသည့် ပတ္တူအိတ်ကို ကျွန်တော် ကောက်ကိုင်လိုက်သည်။ ပြီးတော့ အပေါက်ဘက်သို့ ထွက်ခဲ့သည်။

"ကြုံရင် တွေ့ကြသေးတာပေါ့" ဟု ဂျွန်ဆင်က လှမ်းအော်သည်။

အဖြေတစ်ခုကိုတော့ ရအောင်ရှာရတော့မည်။ သို့သော်လည်း ဘာကစရမည်ခသိ။ ဟင်နာနှင့်ကျွန်တော် တွေ့ခဲ့သည့်အကြောင်းများ၊ ပထမဆုံးညက 'လှေကလေး'တွင် ဖြစ်ခဲ့သည့်အကြောင်းများ ပြီးတော့ နတ်မိမယ်ကလေး မာရီယာ။ သည်နောက်ပိုင်းတွင် ဘာတွေဖြစ်ခဲ့သနည်း။

ကျွန်တော် ကောင်းကောင်းကြီး တစ်ပတ်အရိုက်ခံလိုက်ရပြီ ပြီးကြောင်း သဘောပေါက်လိုက်ပါပြီ။

□

www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင် အခြေအနေများအရ လိုအပ်သလို ခန္ဓာကိုယ်က လိုက်ပါလှုပ်ရှားပေးသည်မှာ ထူးဆန်းလွန်းလှသည်၊ တကယ်ကတော့ ကျွန်တော် အိပ်ရေးအလွန်ပျက်နေသည်၊ ထို့ကြောင့် ဖြစ်သည့်နည်းနှင့် အိပ်ကိုအိပ်ရမည်။ သို့သော် မအိပ်နိုင်။ လိုချင်သည့်အဖြေများကို ရအောင်ရှာရတော့မည်၊ သည်ပြဿနာကြီး စတင်ဖြစ်ပွားခဲ့သည့် နေရာမှ စတင်ခြေရာကောက်ရတော့မည်၊

ရေအေးအေးကို အားပါးတရ ချိုးလိုက်သည်၊ ပန်းထားသမျှများ လန်းလာရန်ဖြစ်သည်။ အိတ်ထဲမှ အဝတ်အစားများ ထုတ်ပြီးလဲသည်၊ ပစ္စတိုကို အိတ်တစ်ဘက်မှာထည့်သည်၊ ကျန်အိတ်တွင် ကျည်ဆန်အများကြီး ထည့်လိုက်သည်။

'လေ့ကလေး'ကို ကျွန်တော်ရောက်တော့ ရှစ်နာရီထိုးပြီ။ သူတို့ထုံးစံအတိုင်းဆိုလျှင် အချိန်စောသေးသည်၊ လူများများစားစား ရောက်မလာကြသေး။ လူတစ်ယောက်နှင့် ကျွန်တော် တွေ့ရမည်၊ ဟင်နာ၏ မိတ်ဆွေမလေး။ အနီရောင်ဂါဝန်ဝတ်တတ်သည့် မိန်းကလေးလိုလာ၊ သို့သော် သူ မရောက်သေးပါ။ ကိုးနာရီခွဲလောက်မှ ရောက်မည်ဟု အရက်ကောင်တာမှ တစ်ယောက်က ပြောသည်။

စိတ်ရှည်ရှည်နှင့် စောင့်ရတော့မည်၊ ယနေ့တစ်နေ့လုံး ဆင်းဒဝစ်မှလွဲပြီး ဘာမှမစားရသေး။ ထို့ကြောင့် ကုန်းပတ်ပေါ်သို့ တက်လာကာ အရက်တစ်လုံးနှင့် ညစာကို မှာလိုက်သည်၊ ကျသင့်သည်များကို ဟင်နာ၏ငွေစာရင်းမှ ရှင်းယူရန်ဖြစ်သည်။

မှန်းထားသည့်အချိန်ထက်စောပြီး လိုလာရောက်လာသည်။ စားသောက်ပြီး၍ ကျွန်တော် ကော်ဖီသောက်နေသည့် အချိန်မှာပင် တံခါးပွင့်သွားသည်၊ ကျွန်တော့်ဆံပင်များထဲသို့ သူ့လက်ကိုထိုးပြီး ဖွသွားသည်၊ ပြီးတော့ တစ်ဘက်မှာ သူလာထိုင်သည်။

ယခင်ကနှင့်မတူ၊ အလွန်သားနားနေသည်၊ အောက်ပိုင်းက အနက်၊ အပေါ်ပိုင်းက အဖြူရောင်အင်္ကျီကို ဝတ်ထားသည်၊

"ကျွန်မနဲ့ တွေ့ချင်တယ်ဆို၊ အကြောင်းထူးများ ရှိသလား" ဖန်ခွက်တစ်လုံးကို ကျွန်တော့်ဘက်သို့ တွန်းပေးရင်း မေးသည်၊

"ပျော်စရာကောင်းတာကလေးတွေများ တွေ့ရမလားလို့ပါကွာ၊ တခြားအကြောင်းထူး မရှိပါဘူး၊ ဒီနေ့ည ကိုယ် ဒီမှာအိပ်မှာ" သူ့ဖန်ခွက်ထဲသို့ အရက်ထည့်ပေးလိုက်သည်၊

"ဆမ်ရော"

"ဘာဖြစ်လို့ ဆမ့်အကြောင်းမေးတာလဲ"

"ဟိုကောင်မနဲ့လေ. . . တစ်ညတုန်းက သူ ဒီမှာတွဲသွားတဲ့ ကောင်မလေ. . . အမေရိကန်မလား"



"ဪ. . . အဲဒီကောင်မက လင်ဒရိုမှာပဲ အမြဲနေတော့မယ်နဲ့တူတယ်"

"အလကား နွားကြီး" သူ့အသံက အလွန်နာကျည်းနေပုံရသည်၊ လက်ထဲမှ အရက်ခွက်လည်း တဆတ်ဆတ်တုန်နေသည်၊

"မင်းစိတ်ထဲမှာ ဘယ်လိုခံစားနေရမယ်ဆိုတာ ကိုယ်နားလည်ပါတယ်၊ ကိုယ်လဲ သူ့ကို ချစ်ပါတယ်"

"ရှင်ပြောတာ ဘာအဓိပ္ပာယ်လဲ" သူ ရုတ်တရက် မျက်မှောင်ကုတ်လိုက်သည်၊

ကြမ်းပြင်ကိုခေါက်ပြီး စားပွဲထိုးကို ကျွန်တော်လှမ်းခေါ်ကာ အရက်ထပ်တောင်းသည်၊

"ကဲပါကွာ. . . တည့်တည့်ပဲ ပြောပါတော့မယ်၊ နတ်မိမယ်ကလေး မာရီယာကို မှတ်မိတယ်မဟုတ်လား၊ ဒီကို ခဏကလေးလာပြီး ပျောက်သွားတာလေ၊ မင်းနဲ့ ဟင်နာကလဲ အရင်တုန်းက သူ့ကို တစ်ခါမှ မတွေ့ဖူးဘူးဆိုတာလေ"

စားပွဲထိုးက အရက်ပုလင်းတစ်လုံး ယူလာပေးသည်၊

"အရင်တုန်းက ကျွန်မတွေ့ဖူးတယ်ဆိုရင်လဲ ရှင့်ကိုပြောပြစရာ အကြောင်း မရှိပါဘူးလေ"

"ဆမ်နဲ့ပတ်သက်တာကို ပြောပြချင်လို့ပါ၊ သူ့ကို မင်း ကျောခိုင်းလိုက်ဖို့ ကောင်းပြီပေါ့ကွယ်၊ အခုတော့ မဟုတ်တာတွေ ဖြစ်ကုန်ပြီမဟုတ်လား၊ သူ့အကြောင်းကို မင်းဟာမင်း သိဖို့ကြိုးစားမယ်ဆိုရင် နောက်ဆယ်နှစ်နဲ့ မလွယ်သေးဘူး"

လိုလာက ကျယ်လောင်စွာ ရယ်လိုက်သည်၊ သူ့ဖန်ခွက်ထဲမှ အရက်များ စားပွဲပေါ်သို့ ဖိတ်ကျသွားသည်၊

"ဒီမှာ အင်္ဂလိပ်လူမျိုးကြီး၊ ရှင့်ကို ကျွန်မ သိပ်သဘောကျသွားပြီ"

သူက စားပွဲကိုကျော်ပြီး ကိုယ်ကိုကိုင်းလာသည်၊ တဆက်တည်း ကျွန်တော့်နှုတ်ခမ်းကို သူနမ်းသည်၊ ပြီးတော့ နောက်သို့ပြန်ဆုတ်သွားသည်၊ သူ့မျက်နှာပေါ်က အပြုံးလည်း ပျောက်ကွယ်သွားသည်၊ တစ်စုံတစ်ရာကို ဆုံးဖြတ်လိုက်သည့် အမူအရာမျိုး ပေါ်လာသည်၊

"ရှင်နဲ့ကျွန်မ အပေးအယူကလေးတစ်ခု လုပ်လိုက်ရအောင်၊ ကျွန်မလိုချင်တာကို ရှင်ကပေးရမယ်၊ ရှင်သိချင်တာကို ကျွန်မကပြောပြမယ်၊ ကြိုက်ရဲ့လား"

"ကြိုက်ပြီ" ကျွန်တော် အလိုလို ပြန်ဖြေမိလျက်သား ဖြစ်သွားသည်၊

"ကောင်းတယ်၊ ကျွန်မအိမ်က ဟိုဘက်နားကလေးတင်"

သူလျှောက်သွားရာနောက်သို့ ကျွန်တော်လိုက်လာခဲ့သည်၊

www.burmeseclassic.com

www.burmeseclassic.com



အခန်းကလေးက သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ်ရှိလှသည်။ မြစ်ပြင်ကို အပေါ်မှစီးပြီး မြင်နေရသည်။ နံရံမှာ မယ်တော်မေရီ ပုံတော်ကားချပ် ဆွဲထားသည်။ ပုံတော်ရှေ့မှာ ဆီမီးပူဇော်ထားသည်။ ကျွန်တော့်ကို အရက်ခွက်နှင့်အတူ အပြင်မှာထားခဲ့ပြီး လိုလာက အခန်းတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။ စုစုပေါင်း ဆယ့်ငါးမိနစ်လောက် ကြာမည်။ သူပြန်ထွက်လာတော့ အပြာရောင် ပိုးအင်္ကျီကလေးကို ဝတ်လာသည်။ မျက်နှာပေါ်မှာ ခြယ်သထားသည်များလည်း မရှိတော့။ ဆံပင်ကို နောက်မှာစုပြီး ချည်ထားသည်။

ဖန်ခွက်ကို စားပွဲပေါ်မှာတင်ပြီး ထိုင်ရာမှ ကျွန်တော်ထလိုက်သည်။ ကျွန်တော့်ကို သူငေးကြည့်နေသည်။ တဆက်တည်းမှာပင် အင်္ကျီပြာကလေးကိုချွတ်ပြီး အိပ်ရာပေါ်သို့ ပစ်တင်လိုက်သည်။ သည်လို အနေအထားမျိုးတွင် ကြည့်ကောင်းသည့် အမျိုးသမီး အလွန်တရာ နည်းပါးလှပါသည်။ သည်မိန်းကလေးကား ထိုသို့မဟုတ်။ အလွန်တရာ အချိုးအဆစ်ပြေပြစ်ပြီး လှပသည့် ကိုယ်လုံးပိုင်ရှင်မကလေး ဖြစ်နေသည်။

"ကြည့်လို့လှရဲ့လား ဆီညော်မာလိုရီ" သူ့အသံကလည်း တည်ငြိမ်လှသည်။

"မင်းအလှနဲ့ပတ်သက်လို့ အငြင်းပွားမယ့်ယောက်ျား ရှာမှရှားပါပဲကွာ"

"ဒါပေမယ့် ကျွန်မဟာ ကြေးစားပါရှင်၊ လှတာကတော့ မှန်ပါရဲ့၊ ဒါပေမယ့် ကြေးစားပါပဲ၊ ဘယ်ယောက်ျားမဆို ငွေပေးနိုင်ရင် ကျွန်မကို ရနိုင်ပါတယ်"

ဂျူနာမာတင်အကြောင်းကို ပြေးပြီးသတိရလိုက်မိသည်။ ဂျူနာက အခကြေးငွေမယူ။ လိုလာနှင့် ဂျူနာသည် ထိုအချက်ကလေးတစ်ခုသာ ခြားနားလေသည်။

"ဒီလိုအဖြစ်မျိုးတွေကို ကျွန်မ ငြီးငွေ့လှပြီ၊ ယောက်ျားတစ်ယောက်ကို ကျွန်မ အရိုးသားဆုံး ဆက်ဆံလိုက်ချင်တယ်၊ အဲဒီယောက်ျားကလဲ ကျွန်မကို ရိုးရိုးသားသားတုံ့ပြန်ဆက်ဆံစေချင်တယ်၊ ကျွန်မကို ကြေးစားလို သဘောမထားဘဲ ဆက်ဆံနိုင်မယ့် ယောက်ျားမျိုးကို တောင့်တခဲ့ရတာ ကြာပါပြီ၊ ကျွန်မပြောတာ သဘောပေါက်ပါတယ်နော်"

"အင်း- သဘောပေါက်သလိုလိုပဲ"

လိုလာက မီးများကို ပိတ်လိုက်သည်။

❒

ကျွန်တော် အိပ်ရာကနိုးတော့ အလွန်ညဉ့်နက်နေပြီ။ လက်ပတ်နာရီကြည့်ဒိုင်ခွက်တွင် သန်းခေါင်ကျော် နှစ်နာရီထိုးနေပြီဖြစ်ကြောင်း မြင်ရသည်။ အိပ်ရာထဲမှာ ကျွန်တော်တစ်ယောက်တည်း ရှိနေသည်။ ဘေးကိုကြည့်လိုက်တော့မှ စီးကရက်ထိုင်သောက်နေသည့် လိုလာကိုတွေ့ရသည်။ အိပ်ရာမှထပြီး အဝတ်အစားများ ကောက်ဝတ်သည်။

"သွားတော့မှာလားဟင်" သူ့လေသံက နူးညံ့လှသည်။

"သွားတော့မယ်၊ ကိုယ့်မှာ လုပ်စရာတွေ ရှိသေးတယ် မဟုတ်လားကွယ်"

ကျွန်တော်တို့ နှစ်ယောက်စလုံး တိတ်နေကြသည်။ ဖိနပ်ကြိုးများကို ကျွန်-တော် ချည်နေသည်။

"ဟောဟိုက အစွန်ဆုံး ဆိပ်ခံဘောတံတားနဲ့ မျက်နှာချင်းဆိုင်မှာ လမ်းတစ်လမ်းရှိတယ်၊ လမ်းထောင့်မှာ အိမ်တစ်လုံးရှိတယ်၊ တံခါးပေါက်အပေါ်မှာ ခြသေ့်ရုပ်ထုထားတယ်၊ ဒုတိယထပ် လှေကားထိပ်က အခန်း" ဟု လိုလာက ပြောပြသည်။

"အဲဒီမှာ ဘာတွေ့မလဲ" အင်္ကျီဝတ်ရင်း ကျွန်တော်ကမေးသည်။

"ကြိုပြောမထားမှ အံ့အားသင့်စရာဖြစ်မှာပေါ့"

အပေါက်ဘက်သို့ ကျွန်တော် လျှောက်ခဲ့သည်။ ဘာစကားပြောရမည်ကိုလည်း မသိ။

"ပြန်လာဦးမှာလားဟင်"

"မလာနိုင်တော့ဘူးထင်တယ်"

"နောက်ဆုံးအချိန်အထိ ရိုးသားပါပေတယ်၊ နောက်ပြီးတော့ ဘိတ်ဆုံးကျတော့လဲ ကျွန်မ ဖြစ်ချင်တာတွေ ဘာမှဖြစ်မလာပါဘူးရှင်ရယ်" သူ့အသံက နာကျည်းဆွေးမြည့်နေသည်။ ပြီးတော့ နာနာကျည်းကျည်းပင် ရယ်သည်။

ဘာမှ ပြန်မပြောတော့ဘဲ သူ့ကို အမြန်ဆုံး ကျောခိုင်းလိုက်မိတော့သည်။

❒

အဝင်တံခါးပေါက်ပေါ်မှာ ခြသေ့်ရုပ်ထုထားသည့်အိမ်ကို အလွယ်တကူပင် ရှာတွေ့သည်။ ဟိုခေတ်ကာလတုန်းကတော့ သူဌေးအိမ်ဖြစ်လိမ့်မည်။ ယခုတော့ အခန်းတွေဖွဲ့ပြီး အိမ်ငှားချထားပုံရသည်။ အောက်ထပ်အခန်းတစ်ခန်းထဲမှ လူသံနှင့် ဂီတသံများကို ကြားရသည်။

လှေကားအတိုင်း အပေါ်ထပ်သို့တက်ခဲ့သည်။ အားလုံး တိတ်ဆိတ်နေသည်။ လှေကားမှာလည်း မှောင်နေသည်။ ထို့ကြောင့် လက်တန်းကို လက်နှင့်စမ်းပြီး တက်သွားရသည်။ ညွှန်လိုက်သည့်အခန်းကိုတွေ့တော့ မီးခြစ်ခြစ်ပြီး ကြည့်သည်။ [illegible] တစ်စုံတစ်ရာ ရေးထားခြင်းမရှိ။ မီးခြစ်ဆံကတိုသွားပြီး လက်ကို အပူရှိန်[illegible] သွတ်ချလိုက်ရသည်။ လက်ကိုင်ကိုလှည့်ကြည့်တော့ အတွင်းမှ [illegible]



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရသည်။ ထို့ကြောင့် ခပ်သာသာကလေး ခေါက်လိုက်သည်။

ခဏကြာတော့ တံခါးအောက်မှ မီးရောင်ကလေး ထွက်လာသည်ကို တွေ့ရသည်။ လှုပ်ရှားသည့် အသံများကို ကြားရသည်။ ယောကျ်ားသံ ပြီးတော့ မိန်းမသံကိုလည်း ကြားရပြန်သည်။ တံခါးဘက်သို့ တစ်ယောက်ယောက် လျှောက်လာပုံရသည်။ ကျွန်တော်က တံခါးကို ထပ်ခေါက်လိုက်ပြန်သည်။

"ဘယ်သူလဲ" မိန်းမတစ်ယောက်က မေးသည်။

"လိုလာ လွှတ်လိုက်လို့" ကျွန်တော်က ပေါ်တူဂီဘာသာဖြင့် ပြန်ဖြေသည်။ တံခါးပွင့်သွားသည်။ မှောင်ရိပ်တွင်းသို့ ကျွန်တော် ပြန်ဆုတ်လိုက်သည်။

"ကျွန်မမှာ ဧည့်သည်တစ်ယောက် ရှိနေတယ်၊ ခဏကြာမှ ပြန်လာပါလား"

ကျွန်တော်က ဘာမှပြန်မပြော။ တံခါးက ပိုပြီးကျယ်လာသည်။ နတ်မိမယ်တလေး မာရီယာက အပြင်သို့လှမ်းကြည့်သည်။

"ဟေး- ရှင်ဘယ်မှာလဲ"

သူ့လည်ပင်းကို ကျွန်တော် ဖမ်းချုပ်လိုက်သည်။ ပြီးတော့ အခန်းတွင်းသို့ ပြန်တွန်းသွင်းကာ ကျွန်တော်ပါ ဝင်လိုက်သွားသည်။ တံခါးကိုလည်း ပိတ်ပစ်ခဲ့သည်။ ခုတင်ပေါ်မှ ယောကျ်ားတစ်ယောက်က အထိတ်တလန့်ဖြင့် တစ်ချက်အော်လိုက်သည်။

"မသေချင်ရင် ပါးစပ်ပိတ်ထား" ကျွန်တော်က (၄၅) ဘို့ပစ္စတိုဖြင့် ထုတ်ချိန်လိုက်သည်။ ပြီးတော့မှ မာရီယာဘက်သို့ လှည့်ကြည့်သည်။ အနည်းငယ် တည်ငြိမ်နေပြီကို တွေ့ရသည်။

"ရှင် ဘာလိုချင်လို့လဲ"

"အဖြေ အဖြေပဲလိုချင်တယ်၊ ငါမေးတာကို ကောင်းကောင်းဖြေ၊ မဖြေရင် ပုလိပ်ခေါ်ရမယ်"

"ပုလိပ်ခေါ်မယ်" သူက တစ်ချက်ရယ်သည်။ ပြီးမှ ပခုံးကိုတွန့်လိုက်သည်။ "ကောင်းပါပြီ ဆီညော်မာလိုရီ၊ သိချင်တာမေးပါ"

"မင်းနဲ့ ငါနဲ့ ဟိုညကတွေ့တာဟာ ဟင်နာ့ရဲ့ အစီအစဉ်မဟုတ်လား"

"အဲဒီတုန်းက ကျွန်မဟာ အောက်ပိုင်းက ပြောင်းလာခါစ၊ လိုလာကလွဲပြီး ကျွန်မကို ဘယ်သူမှမသိဘူး၊ လိုလာနဲ့ကျွန်မက ညီအစ်မဝမ်းကွဲ"

"ဟင်နာက မင်းကိုဘာပေးသလဲ"

"ရှင့်ပိုက်ဆံအိတ်ထဲမှာ ရှိသမျှပိုက်ဆံကို ယူတဲ့၊ ကျန်တာ လွှင့်ပစ်လိုက်တဲ့"

သူ့အဖြေကို ကြားရသော်လည်း ဟင်နာပြောသည့်အတိုင်း သူလုပ်လိမ့်မည် မဟုတ်ကြောင်း ကျွန်တော် သိနေသည်။ သည်မိန်းကလေးသည် ထိုကဲ့သို့သော အစားမျိုးတော့ ဟုတ်ပုံမရ။



"အဲဒါတွေ မင်းလက်ထဲမှာ အခုထိရှိသေးသလား၊ ငါ့ပိုက်ဆံအိတ်နဲ့ နိုင်ငံကူး လက်မှတ်လေ"

မာရီယာက စိတ်မရှည်တော့သလို သက်ပြင်းချသည်။ ပြီးတော့ ဗီရိုဘက်သို့ သွားသည်။ တံခါးဖွင့်ပြီး အံဆွဲကို ဆွဲထုတ်ကာ ကျွန်တော့်ကို ပိုက်ဆံအိတ်ကို ယူပေးသည်။ အထဲမှာ နိုင်ငံကူးလက်မှတ်အပြင် အခြားတိုလီမိုလီများနှင့် ကျွန်တော့်အဖေနှင့် အမေ၏ ဓာတ်ပုံရှိနေသည်။ တစ်ချက်ကြည့်ပြီး အိတ်ထဲသို့ ထည့်လိုက်သည်။

"အဖေနဲ့အမေလား ဆီညော်" ကျွန်တော်က ခေါင်းညိတ်ပြသည်။

"သဘောကောင်းကြပုံပဲ၊ ရှင် ပုလိပ်မခေါ်တော့ဘူးနော်"

ခေါင်းခါပြပြီး ပစ္စတိုသေနတ်ကို အိတ်ထဲသို့ ပြန်ထည့်လိုက်သည်။

"မင်းဒူးကတော့ ကြောက်စရာ ကောင်းပါပေရဲ့"

"အန္တရာယ်ပေါင်းစုံကြားမှာ နေရတာ မဟုတ်လားရှင်"

အပြင်သို့ ကျွန်တော် ထွက်လာခဲ့သည်။ မြစ်ကမ်းတစ်လျှောက်မှာ တိတ်ဆိတ်ငြိမ်သက်နေသည်။ ဆိပ်ခံဘောတံတားပေါ် သို့ရောက်တော့ ထိုင်ပြီး စီးကရက်တစ်လိပ် မီးညှိသောက်နေမိသည်။ ကျွန်တော့်စိတ်ထဲမှာ အလွန်တည်ငြိမ်နေသည်။

ထိုင်ရာမှထပြီး ပြန်လျှောက်လာခဲ့သည်။ ညအမှောင်ထဲမှာ ကျွန်တော့်ခြေသံ တစ်ခုသာ ပဲ့တင်ရိုက်လျက်ရှိချေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

### အထုပ်ဖြေပွဲ

မနက်ကိုးနာရီတွင် မြစ်အောက်ပိုင်း မိုင်ခြောက်ဆယ်လောက်ဝေးသည့် နေရာသို့ ချောစာထုပ်ပို့ပေးဖို့ ရှိသေးသည်။ ကန်ထရိုက်စာချုပ်အရ မပို့လို့မဖြစ်။ ထိုခရီးပြီးလျှင် မိုင်ငါးဆယ်လောက်ဝေးသည့် အနောက်ပိုင်းမှ တစ်နေရာသို့ ခရီးဆက်ရဦးမည်။

သစ်တောတွေကိုကျော်ပြီး ဖြတ်လမ်းမှ ကျွန်တော်မောင်းလာခဲ့သည်။ အမှန်ကတော့ မလုပ်သင့်သော အလုပ်ဖြစ်သည်။ သို့သော်လည်း မတတ်နိုင်ပြီ။ သို့ကထိုဖြတ်လမ်းများကမောင်းမှ မာနေ့ာစ်မြို့သို့ပြန်လာ ဆီထည့်ပြီး လင်ဒရိုမြို့သို့ အမြန်ဆုံးပြန်နိုင်မည်။ ယခုအတိုင်းဆိုလျှင် နေ့လယ်လောက်မှာပင် လင်ဒရိုသို့ ပြန်ရောက်မည်။

ပို့စရာပစ္စည်းတွေ အားလုံးပို့ပြီးသဖြင့် ဆီဖြည့်ရန် မာနေ့ာစ်မြို့သို့ ပြန်လာနိုင်အဝေးမိုးကုပ်စက်ဝိုင်းဆီတွင် မိုးကြိုးထစ်သံများကို ကြားနေရသည်။ ကွင်းသို့ ကျွန်တော်ဆင်းလိုက်သည်နှင့် တပြိုင်တည်း မိုးသည်းထန်စွာ ရွာတော့သည်။ စက်ပြင်ဆရာများကကျွန်တော့်လေယာဉ်ကို ဂိုထောင်ထဲသို့ သွင်းပေးကြသည်။ လင်ဒရိုမြို့သို့ ပြန်ယူသွားရမည့် ပစ္စည်းများတင်ပြီးသော်လည်း မိုးကမစဲသေး။ ဂိုထောင်ထဲမှာ စီးကရက်တစ်လိပ်ပြီးတစ်လိပ် ထိုင်သောက်နေရုံမှတပါး အခြား ဘာမှမတတ်နိုင်ပြီ။



နတ်မိမယ်ကလေး မာရီယာနှင့် တွေ့ပြီးသည့်အချိန်မှစ၍ ကျွန်တော့်စိတ်များအံ့ဩလောက်စရာ တည်ငြိမ်နေခဲ့သည်။ ယနေ့တစ်မနက်လုံးလည်း လုပ်စရာရှိသည့်အလုပ်များကို တည်ငြိမ်စွာ လုပ်ကိုင်နိုင်ခဲ့သည်။

သို့သော် ယခုတော့ ကျွန်တော့်စိတ်များ လှုပ်ရှားလာသည်။ လင်ဒရိုသို့ချက်ချင်း ပြန်ရောက်ချင်နေသည်။ ကျွန်တော်၏ပိုက်ဆံအိတ်နှင့် နိုင်ငံကူးလက်မှတ်ကိုထုတ်ပြကာ သူသူစွာဖောက်ခဲ့သည်ကို အထုပ်ဖြေပြလိုက်လျှင် ဆမ်ဟင်နာ၏ မျက်နှာအမူအရာ မည်သို့ပြောင်းလဲသွားမည်ဆိုသည်ကို ကျွန်တော် အလွန်အမင်း သိချင်နေသည်။ ဟိုတုန်းကတော့ သူ့ကို သိပ်အရေးမထားခဲ့မိ။ ယခုတော့ အလွန်အမင်း မုန်းတီးစက်ဆုပ်မိချေပြီ။ သည်စိတ်ပေါ်လာသည်မှာလည်း ဂျူနာမာတင်ကြောင့် မဟုတ်၊ ငြီးငွေ့စားလုဘာက်ဖြစ်နေသောကြောင့် မဟုတ်။

ကိုယ့်အဖြစ်ကိုယ် ပြန်ကြည့်လျှင် အလွန်အသည်းနာဖို့ကောင်းကြောင်း တွေ့ရသည်။ သူ့ဘဝ ပျက်စီးတော့မည်ကို ကျွန်တော်က ဝင်ကယ်ပေးရသည်။ ခုတုံးအလုပ်ခံလိုက်ရသည်။ ထိုသို့ စဉ်းစားလိုက်မိသည်နှင့် တပြိုင်တည်း ကျွန်တော် ထိုင်မရ ထမရဖြစ်တော့သည်။

လင်ဒရိုမှာလည်း ရာသီဥတု အလွန်ဆိုးရွားနေကြောင်း ကြေးနန်းဝင်လာသည်။ ကျွန်တော် ဘာမှမတတ်နိုင်တော့။ ထို့ကြောင့် မော်တော်ကားတစ်စင်းငှားပြီး မြို့ထဲသို့ ထွက်လာခဲ့သည်။ ကမ်းနားသို့သွားပြီး စားသောက်ဆိုင်တစ်ခုမှာ ထမင်းဝင်စားသည်။

ဒုတိယမြောက် ဘရန်ဒီခွက်ကို သောက်နေတုန်း တစ်စုံတစ်ယောက်ကကျွန်တော့်ကို အကဲခတ်ကြည့်နေသည်ဟု ခံစားရသည်။ ထို့ကြောင့် ပတ်ဝန်းကျင်ကိုလှည့်ကြည့်တော့ လူသေးသေးတစ်ယောက်က မလှမ်းမကမ်းမှ ကြည့်နေသည်ကို တွေ့ရသည်။ ကျွန်တော့်ချိုင်းကြားမှ ပစ္စတိုကို မြင်သာအောင် အကျႌကိုလှပ်လိုက်သည်။

တကယ်ဆိုတော့လည်း ကျွန်တော့်စိတ်က ကျွန်တော့်ကိုပြန်ပြီး ခြောက်အောင် ပြုလုပ်နေခြင်းသာ ဖြစ်သည်။ အိုးပစ်အိမ်ပစ် ကျွန်တော်ထွက်လာသည်မှာ နှစ်နှစ်ကျော်ပြီ။ ယခုလို ဘဝအခက်အခဲတွေကို ကြုံတွေ့ဖို့ အိမ်ကိုခွာလာခဲ့ခြင်းလားစိတ်ပင်ပန်းစွာဖြင့် မြစ်ဘက်သို့ မျှော်ကြည့်လိုက်သည်။ ပင်လယ်ကမ်းရိုးတန်းဘက်သို့ထွက်ခွာတော့မည့် ရေတိမ်သွား ယက်သင်္ဘောတစ်စီးကို တွေ့ရသည်။ ထိုသင်္ဘောနှင့်ကျွန်တော် လိုက်သွားနိုင်သည်။ အားလုံးကို သည်အတိုင်း ကျောခိုင်းထားခဲ့ . . . ဟင်နာထံမှ သင်္ဘောခတောင်းယူရန်ပြောပြီး လိုက်သွားရုံသာရှိသည်။ . . . လျှင် ဘာပြဿနာမှ မရှိပြီ။ ကျွန်တော့်လက်ထဲမှာလည်း နိုင်ငံကူးလက်မှတ် . . . အခါတိုင်းကလည်း အင်္ဂလန်သို့ပြန်လျှင် ဘီလမ်မှတစ်ဆင့် ပြန် . . . သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအတွေးကို ချက်ချင်းပင် ဖျောက်ပစ်လိုက်သည်။ ကျွန်တော် လုပ်စရာတွေ သည်မှာကျန်သေးသည်။ စာရင်းရှင်းစရာတွေ ရှိသေးသည်။ ရှင်းစရာရှိသည်များကို ပြီးပြတ်အောင် ကျွန်တော်ကိုယ်တိုင် ရှင်းရမည်။ ဝတ္ထုရှည်ကြီးတစ်ပုဒ်ကို ရေးလာပြီး နောက်ဆုံး စာမျက်နှာများကျမှ ဇာတ်မသိမ်းတော့ဘဲ သည်အတိုင်းထားခဲ့၍ မဖြစ်။ သည်အတိုင်းထားခဲ့လျှင် သေသည်အထိ တစ်သက်လုံး ကျွန်တော်စိတ်မချမ်းမသာ ဖြစ်နေရတော့မည်။ ဟင်နာသည် ကျွန်တော့်ကို တစ္ဆေပမာ အမြဲတမ်း ခြောက်လှန့်နေ တော့မည်။ ထို့ကြောင့် ရှင်းဖို့မှတပါး အခြားနည်းလမ်းမရှိပြီ။

ညနေလေးနာရီထိုးတော့ လေယာဉ်ကွင်းသို့ ကားမောင်းပြီး ကျွန်တော်ပြန်ခဲ့ သည်။ မိုးကတိတ်တော့မည့် အရောင်မပြ။ ပို၍ပို၍သာ သည်းလာသည်။ ကွင်းထဲမှာ လည်း ဗွက်ပေါက်သည်ထက် ပေါက်လာပြီ။ သည်လိုအချိန်မျိုးတွင် လေယာဉ်ပျံ ပျံတက် ဖို့ဆိုသည်မှာ ထွန်ယက်ထားသည့် လက်ကွင်းတစ်ခုထဲမှ ပျံတက်ရသည်နှင့်မခြား ရှိပေ လိမ့်မည်။

နောက်နာရီဝက်လောက် စောင့်ကြည့်သည်။ မိုးကမတိတ်။ သည်အချိန်မှာ ကျွန်တော် ထွက်လျှင်ထွက်၊ မထွက်လျှင် သည်နေ့ မပြန်နိုင်တော့ပြီ။ ထို့ကြောင့် ဖြစ်ချင်ရာဖြစ်စေတော့ဟု စိတ်ပိုင်းဖြတ်လိုက်သည်။

လေယာဉ်ပျံကို စက်နှိုးသည်။ မိုးအေးသည့်ဒဏ်ကြောင့် တော်တော်နှင့်မနိုး။ အတော်ကြိုးစားယူမှ နိုးလာသည်။ ပြေးလမ်းပေါ်သို့ ကျွန်တော်မောင်းလာသည်။ ထိုအခါကျမှ မိုးက ပို၍ပင် သည်းလိုက်သေးသည်။

ပြေးလမ်းက ကိုက်ငါးရာရှည်သည်။ ထုံးစံအတိုင်းဆိုလျှင် ကိုက်နှစ်ရာအဝေးတွင် မြေပြင်မှ တက်စမြဲဖြစ်သည်။ ကျွန်တော် သတိထားပြီး မောင်းလာသည်။ အမြီးပိုင်းက ဘယ်ညာယမ်းနေသည်။ အလွန်ထူသည့် ရွှံ့ဗွက်များက ဘီးများကို ဖမ်းချုပ်ထားသည်။ ကိုက်နှစ်ရာအထိ မောင်းလာသော်လည်း အပေါ်သို့ ကြွ၍မရသေး။ လေယာဉ် ပတ်လည်တွင် ရွှံ့တွေ ပန်းထွက်နေသည်။ ကိုယ်ထည်ကိုလည်း ပက်နေသည်။ ကိုက်နှစ်ရာငါးဆယ်သို့ရောက်တော့မှ အမြီးပိုင်း ကြွသွားသည်။ ကျွန်တော့်ကိုယ်ကျွန်တော် စိတ်ချလိုက်ပါပြီ။

ကိုက်သုံးရာကျော်မှ လေထဲသို့ တက်နိုင်တော့သည်။

❐

လင်ဒရိုသို့ရောက်အောင် နှစ်နာရီလုံးလုံး မောင်းခဲ့ရသည်။ အလွန်ပင်ပန်းသည့် ခရီးဖြစ်သည်။ မိုးကလည်း နည်းနည်းကလေးမှ လျော့မသွား။ အောက်ကမြင်ကွင်းများကိုလည်း မမြင်ရ။ ပတ်လည်မှာ မြူတွေပိတ်နေသည်။ တိမ်တွေကာနေသည်။ မိုးစက်တွေဖုံးနေသည်။ ကျွန်တော် မအိပ်ခဲ့ရသည်မှာလည်း နှစ်ညလုံးလုံးရှိပြီ။ မြစ်ရိုးတစ်လျှောက်တွင် ပေငါးဆယ်အနိမ့်လောက်အထိ နိမ့်ပျံသော်လည်း ဘာမျှအကြောင်းမထူး။

ပေငါးဆယ်အမြင့်ဆိုသည်မှာ အလွန်အန္တရာယ်များလှသည်။ ဘေးအန္တရာယ် တွေ့ရပါက ရှောင်ချိန်တိမ်းချိန် မရနိုင်။ ကျွန်တော့်ဘဝ တစ်လျှောက်လုံးတွင် အဆိုးရွားဆုံး မောင်းနှင်ခဲ့ရသည့် အခေါက်ပင်ဖြစ်ချေသည်။

နောက်ဆုံးတော့ လင်ဒရိုလေယာဉ်ကွင်းမှာ ကျွန်တော်ဆင်းနိုင်ခဲ့သည်။ လင်ဒရိုကွင်းသည်လည်း ရွှံ့ဗွက်ကွင်းဖြစ်နေပြီ။ အတက်တုန်းကလိုပင် ယခုအဆင်းမှာလည်း ပတ်လည်သို့ ရွှံ့တွေက ပန်းထွက်နေသည်။ ကျွန်တော့်တစ်ကိုယ်လုံးလည်း ရွှံ့များပေကျံနေပြီ။

ဂိုဒေါင်ထဲမှ မင်နီ ပြေးထွက်လာသည်။ စက်သတ်ပြီး ထိုင်ခုံမှာ ထိုင်နေမိသည်။ စက်သတ်ပြီးဖြစ်သော်လည်း ကျွန်တော့်နားထဲမှာ စက်သံများဖြင့် အူနေဆဲရှိသည်။ ဘယ်ဘက်အတောင်ပံပေါ်သို့ မင်နီတက်လာပြီး ကျွန်တော့်ကို ငုံ့ကြည့်သည်။ မျက်စိမျက်နှာ ပျက်နေသည်။

"မင်းရူးနေပြီလား၊ ဘာတွေလျှောက်လုပ်နေတာလဲ"

"ကလေ့စားချေဖို့လေ မင်နီ၊ ကလေ့စားချေဖို့"

ဘာမှနားမလည်သည့် အမူအရာ ပေါ်လာသည်။ ကျွန်တော်က အောက်သို့ ခုန်ချလိုက်သည်။ ကျွန်တော့်ကိုယ်ကို မထိန်းနိုင်တော့ဘဲ ရှေ့မှာရှိနေသည့် ရွှံ့ဗွက်ထဲသို့ ဟပ်ထိုးလဲကျသွားတော့သည်။

❐

စောင်နှစ်ထည်ထပ်၍ ကိုယ်ကိုပတ်ပြီး ဂိုဒေါင်ထဲရှိ ကုလားထိုင်ပေါ်မှာ ကျွန်တော်ထိုင်နေသည်။ ဝီစကီဖန်ခွက်ကို လက်နှစ်ဘက်နှင့် ဆုပ်ကိုင်ရင်း မင်နီ ကော်ဖီဖျော်နေသည်ကို ငေးကြည့်နေမိသည်။

"ဟင်နာ ဘယ်သွားလဲ"

"ဟိုတယ်မှာ ရှိလိမ့်မယ်ထင်တယ်၊ ဖစ်ဂျာရီဒိုတော့ မရှိဘူး၊ ရာသီဥတုဆိုးနေလို့ မနက်ဖြန်မှ သူပြန်လာနိုင်တော့မယ်လို့ စောစောက ကြေးနန်းရဟယ်"

"သူကရော ဘယ်ရောက်နေသလဲ"

"အထက်ဘက် ဆယ့်ငါးမိုင်လောက်ဝေးတဲ့ ရွာတစ်ရွာမှာ၊ ဟိုမှာ[illegible] တွေ ပေါ်နေတယ်လေ"

ဖန်ခွက်ထဲမှ ဝီစကီကုန်တော့ မင်နီက ကျွန်တော့်ကို [illegible]



www.burmeseclassic.com

www.burmeseclassic.com



ပေးသည်။

"ဘာလဲနေးလ်၊ ဘာတွေဖြစ်နေတာလဲ"

"ကျွန်တော် မေးစမ်းပါရစေ၊ ကန်ထရိုက်သက်တမ်း ကုန်သွားရင် ဟင်နာရမယ့် လုပ်သက်ဆုက ဘယ်လောက်လဲ။ ဘယ်လောက်များသလဲ"

"ဒေါ်လာငါးထောင်" စိုးရိမ်သည့် အရိပ်အရောင်တစ်ခု သူ့မျက်လုံးထဲမှာ ရုတ်တရက် ပေါ်သွားသည်။ ဘာကြောင့်ဟူ၍တော့ ကျွန်တော်မသိ။

"ဒေါ်လာနှစ်သောင်း မင်နီ" ကျွန်တော်က ခေါင်းကိုယမ်းလိုက်မိသည်။ ခဏကြာအောင် တိတ်ဆိတ်သွားသည်။

"ဒါတော့ မဖြစ်နိုင်ဘူးထင်တယ်"

"ဒီလောကကြီးထဲမှာ ဘာမဆို ဖြစ်နိုင်တာချည်းပဲ၊ အဖြစ်ဆိုးကြီးတွေတောင် ဖြစ်နိုင်သေးတာ မဟုတ်လားဗျာ"

အိတ်ထဲမှ ပိုက်ဆံအိတ်နှင့် နိုင်ငံကူးလက်မှတ်ကို ထုတ်ပြီး စားပွဲပေါ်သို့ ပစ်တင်ပေးလိုက်သည်။

"ပထမဆုံးညတုန်းက 'လှေကလေး'မှာ ကျွန်တော့်ပစ္စည်းတွေလုယူသွားတဲ့ 'မိန်းကလေးကို ကျွန်တော်တွေ့ခဲ့ပြီလေ မင်နီ၊ ဟင်နာဟာ သိပ်ဒုက္ခရောက်နေတယ်၊ သူ့ဘဝ အဆုံးသတ်တော့မယ်၊ ဒါကြောင့် ကျွန်တော့်ကို သူ့မရလို့မဖြစ်တော့ဘူး၊ ကျွန်တော့်ကို ရဖို့ဆိုတာကလည်း ကျွန်တော့်လက်ထဲမှာ ခြူးတစ်ပြားမှမရှိတော့ဘဲ လက်တိုင်းရိုးမြက်ဖြစ်မှ သူရမှာ၊ ဒါကြောင့် ဟိုမိန်းကလေးကို သူက အလုခိုင်းတာ၊ ပေါ်တူဂီပိုင်းလော့တစ်ယောက်နဲ့ သူ စကားပြောထားပြီးပြီဆိုတာလဲ မဟုတ်ဘူး၊ ဘာပိုင်းလော့မှ မရှိဘူး၊ သူ့အလုပ်ကို ကျွန်တော် လက်မခံရင် သူ့ဘဝ အဆုံးသတ်သွားပြီ"

ပြင်းထန်လှသည့် သူ့အသက်ရှူသံကို ကြားလိုက်ရသည်။ မျက်နှာချင်းဆိုင်မှ ကုလားထိုင်မှာ ဝင်ထိုင်ပြီး ပိုက်ဆံအိတ်နှင့် နိုင်ငံကူးလက်မှတ်ကို ငုံ့ကြည့်နေသည်။ တအောင့်ကြာတော့မှ သူက မေးသည်။

"ဒီလိုဆိုရင် မင်းဘာလုပ်မှာလဲ"

"ကျွန်တော်လဲ မသိဘူး၊ ဒီကော်ဖီသောက်ပြီးရင် သူ့ဆီကိုသွားပြီး ဒါတွေပြရမယ်၊ စိတ်ဝင်စားစရာကောင်းမယ့် တုံ့ပြန်မှုကလေးတော့ တွေ့ရကောင်းပါရဲ့"

"ဟုတ်ပြီလေ၊ သူမှားသွားပြီ၊ မင်းကို သူ ဒီလိုမလုပ်သင့်ပါဘူး၊ ဒါပေမယ့် နေးလ်- ဒါဟာ သူ့ရဲ့ နောက်ဆုံးအခွင့်အလမ်းပဲ၊ သူဟာ ဘဝလမ်းဆုံးနဲ့ ရင်ဆိုင်တွေ့ရပြီး တုန်လှုပ်ချောက်ချားနေတဲ့လူ၊ ခွင့်လွှတ်ဖို့အကြောင်း မရှိဘာတော့ မှန်ပါတယ် ဒါပေမယ့် ဘာကြောင့် သူ ဒီလိုလုပ်ခဲ့တယ်ဆိုတာကိုတော့ နားလည်နိုင်ပါတယ်"

"နားလည်နိုင်တယ်" ကျွန်တော် မတ်တတ်ရပ်လိုက်သည်။ ကိုယ်ပေါ်မှစောင်



များ မြေကြီးပေါ်သို့ လျှောကျသွားသည်။ ရင်ထဲက ဒေါသကြောင့် အသက်ရှူရပ်သွားတော့မလား ထင်ရသည်။ "မင်နီ၊ ခင်ဗျားကို တစ်ခုပြောခဲ့မယ်၊ ကျွန်တော်ဒုက္ခရောက်အောင် အဲဒီခွေးသားကြီး လုပ်ခဲ့သလို သူ့ဒုက္ခရောက်အောင် ပြန်လုပ်ပြမယ်"

ပိုက်ဆံအိတ်နှင့် နိုင်ငံကူးလက်မှတ်ကို ကောက်ယူပြီး မိုးရွာထဲသို့ ကျွန်တော် ထွက်ခဲ့တော့သည်။

□

သူနှင့်တွေ့လျှင် ဘာလုပ်ရမည်ဆိုသည်ကို ကျွန်တော် လုံးဝမသိ။ မိနစ်တိုင်း မိနစ်တိုင်း ဘာတွေဖြစ်နေသည်ကို သတိရအောင် ကျွန်တော် အတော်ကြိုးစားနေရသည်။ နှစ်ညလုံးလုံး ကျွန်တော် မအိပ်ခဲ့ရသောကြောင့် အာရုံတွေ ဝိုးတဝါးဖြစ်နေသည်၊ ဖြစ်ပျက်လှုပ်ရှားမှုတွေကလည်း နှေးကွေးလေးလံနေသည်ဟု ကျွန်တော်ထင်သည်။

ကျွန်တော်တို့နေခဲ့သည့် အိမ်ရှေ့ကို ဖြတ်လျှောက်လာခိုက် ဟူနာအမျိုးသမီး ခရစ္စတီနာ ကျွန်တော့်ကို လှမ်းကြည့်နေသည်ကို မြင်ခဲ့ရသည်။ ဂျူနာနှင့် သီလရှင်ပါ ထွက်လာဦးမလားဟု ထင်မိသေးသည်။ သို့သော် ပေါ်မလာ။

လျှောက်မြဲ ဆက်လျှောက်လာခဲ့သည်။ အိပ်ရေးပျက်သည့်ဒဏ်ကြောင့် ခြေလှမ်းတွေက မမှန်ချင်။ ကျွန်တော့်ကိုယ်ကလည်း ရုပ်ပျက်ဆင်းပျက် ဖြစ်နေသည်။ မျက်နှာမှာ၊ တစ်ကိုယ်လုံးမှာ နွံတွေ မြင်မကောင်းအောင် ပေနေသည်။ စစ်တိုက်တော့မည့် ဟူနာလူမျိုးများ ဆေးမင်ကြောင် လိမ်းခြယ်ထားသလို ဖြစ်နေသည်။

ဟိုတယ်အနီးသို့ ရောက်သွားတော့ သီချင်းဆိုသံကို ကြားရသည်။ ကျောင်းမှာတုန်းက သူငယ်ချင်းတွေ သည်သီချင်းကို ဆိုခဲ့ကြသည်။ ကျွန်တော် အမြဲတမ်းကြားခဲ့ရသော သီချင်းဖြစ်သည်။ သို့သော် သီချင်းနာမည်ကိုတော့ မသိတော့။ ဘယ်လိုစဉ်းစားလို့မှ မရတော့။ အာရုံတွေ သိပ်ကိုဝေဝါးနေပြီ၊ ကျွန်တော် သိပ်ပင်ပန်းနေပြီမှာ ထင်ရှားသိသာပြီ။

ဟိုတယ်လှေကားထစ်ပေါ် ကျွန်တော် ခြေချလိုက်တော့၊ နောက်ဘက်မှ ကျွန်တော့်နာမည်ကို လှမ်းခေါ်သံကြားရသည်။ မိုးတွေသည်းနေသော်လည်း သဲသဲကွဲကွဲ ကြားလိုက်ရသည်။ လှည့်ကြည့်သောအခါ မင်နီ ပြေးလိုက်လာသည်ကို တွေ့ရသည်။

"ငါ့ကို ခဏစောင့်ပါဦး နေးလ်" သူ့ကို အရေးမစိုက်တော့ဘဲ အပေါ်သို့ ဆက်တက်လာသည်။ အပြင်မှာထိုင်နေသည့် အဗီလာနှင့် သူ့လူနှစ်ယောက်ကို [illegible] ညိတ်ပြီး နှုတ်ဆက်ခဲ့သည်။

□

www.burmeseclassic.com

www.burmeseclassic.com



ဂျဲနာမာတင်နှင့် သီလရှင် မာရီယာထရီစာတို့ နှစ်ယောက်က ပြတင်းပေါက် အနီးမှာထိုင်ပြီး ကော်ဖီသောက်နေကြသည်။ ဖစ်ဂွာရီဒို၏ဇနီးက ဘားကောင်တာ၏ နောက်မှာ ရပ်နေသည်။ ဟင်နာက ဟိုဘက်စွန်မှာထိုင်ပြီး သီချင်းတစ်ပုဒ်ကို စိတ်ပါ လက်ပါ ဆိုနေသည်။

သူ အရက်အများကြီး သောက်ထားသည်။ မူးလည်း မူးနေသည်။ သို့သော် လည်း သူ့အသံက ကောင်းလွန်းလှသည်။ အရက်မူးနေသူနှင့် လုံးလုံးမတူ။ သူ့သီချင်းဆုံး တော့ အမျိုးသမီးနှစ်ယောက်က လက်ခုပ်တီးသည်။ ဂျဲနာမာတင်က အလွန်အမင်း သဘောကျ နှစ်သက်နေပုံရသည်။ ပြီးတော့ ကျွန်တော့်ကို မြင်သွားသည်။ မျက်လုံးများ ဝိုင်းစက်သွားသည်။

ကျွန်တော့်နောက်က တံခါးပွင့်သွားသည်။ မင်နီ ဝင်လိုက်လာသည်။ မောနေ သဖြင့် သူ အသက်ရှူမမှန်။ မျက်နှာက ညိုပုပ်နေသည်။ သေနတ်တိုတစ်လက်ကို ရင်ပတ်မှာ ပိုက်ထားသည်။

"မင်းတစ်ကိုယ်လုံး စုတ်ပြတ်နေပါလား၊ ဘာဖြစ်တာလဲ" ဟင်နာက ဆီးမေး သည်။ မင်နီက ကျွန်တော့်လက်မောင်းကို ဆုပ်လိုက်သည်။

"မဟုတ်တာမလုပ်နဲ့ နေးလ်"

သူ့လက်ထဲက ကျွန်တော် ရုန်းထွက်လိုက်သည်။ ဘားကောင်တာဘေးမှ သူ့ဆီသို့ ဖြည်းဖြည်းချင်း လျှောက်သွားသည်။ ဟင်နာ၏မျက်နှာပေါ်မှ အပြုံးသည် ပျောက်ကွယ်မသွား။ သို့သော်လည်း အရုပ်မျက်နှာဖုံးလို သည်အတိုင်းကြီး ရှိနေသည်။ သူ့အနားရောက်တော့ ပိုက်ဆံအိတ်နှင့် နိုင်ငံကူးလက်မှတ်ကိုထုတ်ပြီး သူ့ရှေ့ကောင်တာ ပေါ်သို့ ပစ်တင်လိုက်သည်။

"ခင်ဗျားရဲ့ မိတ်ဆွေဟောင်းတစ်ယောက်နဲ့ မနေ့ညတုန်းက တွေ့ခဲ့တယ် ဆမ်"

ပိုက်ဆံအိတ်ကို သူ ကောက်ကိုင်သည်။ ခဏကြာအောင် ကြည့်နေသည်။

"ဒီဥစ္စာ မင်းဟာအမှန်ဆိုရင်တော့ မင်းပစ္စည်း ခင်းပြန်ရတာ ဝမ်းသာပါတယ် ကွာ၊ ဒါပေမယ့် မင်း ဘာတွေပြောနေတယ်ဆိုတာ ငါနားမလည်ဘူး"

"ကျုပ်ကို တစ်ခုပြောစမ်းပါ။ ခင်ဗျားရမယ်ဆိုတဲ့ လုပ်သက်ဆု ဒေါ်လာ ငါးထောင်မဟုတ်ဘူး၊ နှစ်သောင်းလို့ ကျုပ်ပြောရင် မှန်မလား"

ဂျဲနာမာတင် ဝင်လာသည်။ "ဘာဖြစ်တာလဲ"

ကျွန်တော်က ဂျဲနာကို တံတောင်နှင့်တွတ်ပြီး ဘေးဖယ်ထုတ်လိုက်သည်။ ထိုအပြုအမူကို ဟင်နာ သဘောကျပုံမရ။ သူ့မျက်လုံးထဲမှာ ဒေါသရောင်များ တောက် လာသည်။ မျက်နှာပေါ်က အပြုံးလည်း ပျောက်ကွယ်သွားသည်။ နောက်ဆုံးတော့



အဖြေကို ကျွန်တော်ရလိုက်ပြီ။ ဖြေရှင်းရမည့် နည်းလမ်းကို ကျွန်တော်ရလိုက်ပြီ။ ရိုးရိုး ဘလေးပဲ ဖြစ်ပါသည်။ ပိုက်ဆံအိတ်နှင့် နိုင်ငံကူးလက်မှတ်ကို ကောက်ယူပြီး အိတ်ထဲသို့ ပြန်ထည့်ထားလိုက်သည်။

"မနက်ဖြန်မနက်ကျရင် ထုံးစံအတိုင်း ချောစာထုပ်တွေသယ်ပြီး မာနေ့ခ်ကို သွားမယ်၊ အဲဒီနောက်တော့ ကျုပ်မရှိဘဲ ခင်ဗျားဟာ ခင်ဗျား လုပ်ပေတော့၊ ဘရစ္စတို လေယာဉ်ပျံကို ဟိုမှာထားပစ်ခဲ့မယ်"

ကျွန်တော် တစ်ဘက်သို့ လှည့်ထွက်သွားရန် အပြင်လိုက်တွင် သူက ကျွန်- တော့်လက်မောင်းကိုဆွဲပြီး သူ့ဘက်သို့ ပြန်လှည့်ယူလိုက်သည်။

"အို. . . မဟုတ်တာ၊ မင်း ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ၊ တို့မှာ စာချုပ်ကြီးနဲ့"

"ကျုပ်သိတာပေါ့၊ လက်မှတ်ထိုးထားတယ်၊ ချိပ်ပိတ်ထားတယ်၊ ဒါတွေဟာ ကျုပ်နဲ့မဆိုင်ဘူး၊ ခင်ဗျားကိစ္စ ခင်ဗျားကြိုက်ရာလုပ်"

မည်မျှကြီးမားသည့် ဘေးဒုက္ခနှင့် သူ ရင်ဆိုင်ရတော့မည်ဖြစ်ကြောင်း ချက် ချင်း သဘောပေါက်သွားပုံရသည်။

"ဒါပေမယ့် လေယာဉ်ပျံနှစ်စီးစလုံး တပြိုင်တည်း ပျံပေးနေမှဖြစ်မှာ မဟုတ် လား ချာတိတ်၊ ဒါ မင်းအသိပဲ၊ နှစ်စီးစလုံး ပျံမပေးနိုင်ရင် ငါ ဒဏ်ရိုက်ခံရတော့မယ်၊ ဆုကြေးတွေလဲ အကုန်ဆုံးတော့မယ်၊ ငါ့ ဟေလေ့လေယာဉ်ပျံကိုလဲ သူတို့ သိမ်းတော့ မယ်"

"သိပ်ကောင်းတာပေါ့ဗျာ၊ ဒါမှ ဒီနေရာက ခင်ဗျား တစ်သက်လုံး မခွာနိုင် တော့မှာ၊ တစ်သက်လုံး ခင်ဗျား ဒီနေရာမှာ ဝပ်နေပေတော့"

ကျွန်တော့်ကို သူ ထိုးလိုက်သည်။ ပါးအပေါ်ခြမ်းပေါ်သို့ လာကျသည်၊ အလွန်ပြင်းထန်သည့် လက်သီးချက်ဖြစ်သည်။ ဘားကောင်တာဘက်သို့ ကျွန်တော် နောက်ပြန်လွင့်သွားသည်။ ဖန်ခွက်များ ကျကွဲကုန်သည်။

ကျွန်တော်သည် ဘဝတစ်လျှောက်လုံး ထိုးတတ်ကြိတ်တတ်သူ မဟုတ်ခဲ့၊ သက်တော့ကြီးဝိုင်းထဲဝင်ပြီး တစ်ဘက်က လက်ဝှေ့သမားထင်တိုင်း ထိုးခံရသည့် ဘဝမျိုး နှင့်လည်း မကြုံဖူးခဲ့။ သို့သော်လည်း နိုင်ငံရပ်ခြားမှာ နှစ်နှစ်လောက် နေခဲ့ရသည့်အတွက် တစ်ခုကောင်း၊ နှစ်ခုကောင်းလောက်တော့ မတတ်မဖြစ် တတ်ခဲ့ပြီ။

ဘယ်ခြေနှင့် ကျွဲကန်လိုက်သည်။ ညို့သကျည်းကို ထိသွားသည်၊ သူ တင် ချက်အော်ပြီး ကိုယ်ကိုင်းကျသွားသည်။ ထိုအချိန်မှာပင် သူ့မျက်နှာတည့်တည့်သို့ ဒူးဖြင့် တိုက်လိုက်သည်။ နေရာမှန်ကို အပြင်းထန်ဆုံး ထိသွားသည့် ဒူးချက်ဖြစ်သည်။

သူ့နောက်က ကြိမ်စားပွဲပေါ်သို့ ပက်လက်လန်ကျပြီး စားပွဲလည်း ကျိုးသွား သည်။ အမျိုးသမီးနှစ်ယောက်၏ အော်သံကြားရသည်။ ရောထွေးနေသည့် အခြား

www.burmeseclassic.com

www.burmeseclassic.com



အော်သံများကိုလည်း ကြားရသည်။ သို့သော် ကျွန်တော့်ကို မည်သို့မျှ မတားဆီးနိုင်တော့။ ကျွန်တော့်မျက်လုံးထဲမှာ မီးဝင်းဝင်းတောက်နေပြီ။

သူ အထ,လိုက်တွင် သူ့ကို ကျွန်တော် ခုန်အုပ်သည်။ သူ မည်မျှသန်မာကြောင်းကို ကျွန်တော် မေ့နေသည်။ ပြင်းထန်သည့် လက်သီးတစ်လုံး ကျွန်တော့်နံရိုးများပေါ်သို့ ဝင်လာသည်။ အသက်ရှူပင် ရပ်သွားသည်။ နောက်တစ်လုံးက မျက်နှာပေါ်သို့ ကျလာသည်။ သူ့လည်ပင်းကို လက်နှစ်ဘက်နှင့် ဖမ်းဆုပ်မိသည်။

နှစ်ယောက်ပူးလျက် ကြမ်းပေါ်သို့ ကျသွားသည်။ လိမ့်ကာလိမ့်ကာဖြင့် ခွေးနှစ်ကောင်ကိုက်သလို သံကြီးမဲကြီး သတ်ပုတ်ကြသည်။ ပေါက်ကွဲသံတစ်ချက်ကို ကြားရသည်။ ကျွန်တော်တို့ လူချင်းခွာလိုက်သည်။ သေနတ်ကိုင်ပြီး ကျွန်တော်တို့အပေါ်က မိုးကြည့်နေသည့် မင်နီကို တွေ့ရသည်။ သူ့မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်နေသည်။

"တော်ဆိုတော်တော့၊ မိုက်မဲတာတွေ ဆက်လုပ်မနေနဲ့တော့"

အားလုံး တိတ်သွားသည်။ အစီလာနှင့် သူ့လူများက အပြင်မှ ချောင်းကြည့်နေသည်။ သီလရှင် မာရီယာထရီစာ မျက်နှာပျက်နေသည်။ ဂျုံနာမာတင်ကမူ အထိတ်တလန့် ဖြစ်နေပုံရသည်။ ပထမဆုံး ဟင်နာကို လှမ်းကြည့်သည်။ ပြီးတော့ ကျွန်တော့်ကို လှမ်းကြည့်သည်။ ကျွန်တော်တို့ နှစ်ယောက်စလုံး ကြမ်းပေါ်မှ ထ,လာခဲ့ကြသည်။

"ကောင်းပြီ မင်နီ၊ ခင်ဗျားအလုပ် ခင်ဗျားလုပ်ပါ၊ ကျုပ်ကတော့ မနက်ဖြန်မနက်ဆိုရင် မရှိတော့ဘူး"

"တို့မှာ ကန်ထရိုက်စာချုပ်ကြီးနဲ့ကွ" သေဘေးနှင့် ကြုံရသည့်အခါ ထွက်ပေါ်လာသည့် အသံမျိုးနှင့် ဟင်နာက အော်သည်။ စားပွဲကို ဆုပ်ကိုင်အားပြုပြီး သူ့ကိုယ်လုံးယိမ်းထိုးနေသည်။ သူ့နှာခေါင်းမှသွေးများ တရဟော စီးကျနေသည်။ ကျွန်တော့်ဒူးချက်ဖြင့် သူ့နှာခေါင်းကျိုးသွားပြီကို သိလိုက်ရတော့သည်။

ကျွန်တော်က ပစ္စတိုသေနတ်ကို လက်မနှင့် ကလော်လိုက်သည်။

"ကျုပ်မှာလဲ သေနတ်ရှိနေတယ်ဆိုတာ အမှတ်ရပါ ဆမ်၊ မနက်ဖြန်မနက် ကျုပ်သွားတော့မှာကို ဆက်ပြီးတားနေမယ်ဆိုရင် ဒီသေနတ်ကို ကျုပ် အသုံးပြုရတော့မယ်"

တစ်ဘက်သို့လှည့်ပြီး အပြင်သို့ ကျွန်တော်ထွက်လာခဲ့သည်။ မည်သူကမှ ကျွန်တော့်ကို မတားကြတော့။

□

လေယာဉ်ပျံဂိုထောင်အတွင်း ကျွန်တော် လျှောက်ဝင်လာသည့်အချိန်မှာ



အမှောင်ထုက ကြီးစိုးနေပြီ။ မှန်အိမ်တစ်လုံးထွန်းပြီး ဝီစကီ ထည့်သောက်နေမိသည်။ လက်ပေါ်မှာ ခေါင်းတင်ပြီး မျက်လုံးကို မှိတ်ထားသည်။ ကျွန်တော့်ခြေထောက်နှင့် မျက်နှာမှာ နာကျင်ကိုက်ခဲနေသည်။ အလွန်အမင်း အိပ်ချင်နေသည့် စိတ်မှလွဲပြီး ဘာမှ မရှိ။

လဲရာမှ ကျွန်တော် ထ,ထိုင်လိုက်တော့ ဂိုထောင်အဝမှာရပ်ပြီး ကျွန်တော့်ကို ကြည့်နေသည့် ဂျုံနာမာတင်ကို တွေ့ရသည်။ ကျွန်တော်တို့နှစ်ယောက် အတန်ကြာအောင် တစ်ယောက်ကိုတစ်ယောက် မျက်တောင်မခတ် စိုက်ကြည့်နေကြသည်။ နောက်ဆုံးမှ ကျွန်တော်က ပြောသည်။

"မင်းကို သူလွှတ်လိုက်တာလား"

"ရှင် အဲဒီလိုလုပ်ရင် သူ့ဘဝ အဆုံးသတ်သွားပြီ"

"သူ ထိုက်တန်တဲ့ဘဝက အဲဒါပဲလေကွာ"

သူ ဒေါသပေါက်ကွဲသွားပုံ ရသည်။ ကျွန်တော့်ကို အော်လေတော့သည်။

"ရှင့်ကိုရှင် ဘာများထင်နေသလဲ၊ ဘုရားရဟန္တာများ ထင်နေသလား၊ ရှင်ရော အမှားတစ်ခါမှ မလုပ်ခဲ့ဖူးဘူးလား၊ ဟိုမှာ သိပ်ကို ဆောက်တည်ရာမရ ဖြစ်နေပြီ၊ သူ ဒီလိုလုပ်ခဲ့မိတဲ့အတွက်လဲ သူ ဝမ်းနည်းပက်လက် ဖြစ်နေပြီ၊ ရှင့်အတွက် သူ့အမှားတွေကို ပြင်ပါ့မယ်တဲ့"

"နောက်ပြီးတော့ မင်းကရော ဘာဆက်လုပ်ဦးမှာလဲ၊ ငါ့ကို အိပ်ရာထဲ ဆွဲခေါ်သွားမှာလား" ကျွန်တော်က အေးအေးပင် ပြန်မေးသည်။

တစ်ဘက်သို့လှည့်ပြီး သူ ထွက်သွားသည်။ ကျွန်တော်က ထိုင်ရာမှမထ၊ အမှောင်ထဲသို့ ငေးကြည့်ရင်း မှိန်ရွှာနေသည့်အသံကို နားထောင်နေမိသည်။ အမှောင်ရိပ်ထဲမှ မင်နီထွက်လာသည်။

"ခင်ဗျားရော အတူတူပဲလား၊ သူတော်စင်ကြီးလို စိတ်သဘောထား အင်မတန်မြင့်မြတ်တဲ့ ဟက်ဆစ်ဒစ်ရက်ဘီဆိုတဲ့ အဘိုးကြီးအကြောင်း ပြောပြဦးမလို့လား၊ လူတစ်ယောက်က ပါးတစ်ဘက်ကို တံတွေးနဲ့ထွေးရင် ပြုံးပြုံးကလေးနဲ့ နောက်ပါးတစ်ဘက် ထိုးပေးတဲ့အကြောင်းတွေ ပြောဦးမလို့လား" ဟု ကျွန်တော်က ဆီးမေးသည်။

ကျွန်တော့်ကိုနားချဖို့ သူ လာခြင်းဟုတ်မဟုတ် ကျွန်တော် မသိပါ။ ဟုတ်မှန်လျှင် သူ့ပြန်စဉ်းစားနိုင်အောင် ဆီးပြောခြင်းသာ ဖြစ်သည်။ သူကတော့ ရိုးရိုးကလေး[illegible] ပြောသည်။

"မင်းမှားတယ်လို့ ငါထင်တယ် နေးလ်၊ အားလုံး ဒုက္ခရောက်ကုန်[illegible] ဒါပေမယ့် ဒါဟာ မင်းကြိုက်တာဆုံးဖြတ်တာပဲလေ" ဟုပြောပြီး ဂျုံနာမာတင်[illegible] လိုက်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာကိုမှ ကျွန်တော် ဂရုမစိုက်တော့။ ဂရုစိုက်ခဲ့ပေါင်း များလှပြီ။ ယခုအချိန် ရောက်မှတော့ ကျွန်တော့်ကို ဟန့်တားနိုင်သည့်အရာသည် ကမ္ဘာပေါ်မှာမရှိတော့။

အဝတ်ခြောက်များနှင့် လဲလိုက်သည်။ အိပ်ရာပေါ်သို့ တက်သည်။ စောင်ခြုံလိုက်မိသည်နှင့် တပြိုင်တည်း ကျွန်တော် အိပ်ပျော်သွားတော့သည်။

❒

ဘယ်အချိန်က မိုးတိတ်သွားသည်ကို မသိ။ မနက်ရှစ်နာရီမှာ အိပ်ရာမှ ကျွန်တော်နိုးလာသည်။ အလွန်သာယာလှပသည့် နံနက်ခင်းကို တွေ့ရသည်။ (၁၂)နာရီ လုံးလုံး နှစ်နှစ်ခြိုက်ခြိုက်ကြီး ကျွန်တော် အိပ်ပျော်ခဲ့သည်။ တစ်မျက်နှာလုံး နာကျင် ကိုက်ခဲနေသည်။ မှန်ထဲမှာသွားကြည့်တော့ ပါးနှစ်ဘက်စလုံး အညိုအမည်းစွဲနေသည်ကို တွေ့ရသည်။

နောက်ဘက်က ခြေသံကြားရပြီး မင်းနီဝင်လာသည်ကို တွေ့ရသည်။ ဆီတွေ အထပ်ထပ်ပေနေသည့် ဝတ်နေကျအကျီနှင့် ဖြစ်သည်။ အဝတ်စတစ်ခုနှင့် လက်နှစ် ဘက်ကို သုတ်နေသည်။ မျက်နှာမှာလည်း စက်ဆီတွေပေနေသည်။ ဘရစ္စတိုလေယာဉ် ပျံက ပြေးလမ်းပေါ်မှာ အသင့်ရပ်ထားသည်။

"မင်း ဘယ့်နှယ်နေသေးသလဲ" ဟု သူကမေးသည်။

"သိပ်ဆိုးတာပေါ့ဗျာ၊ ကော်ဖီများရှိသလား"

"မီးဖိုပေါ်မှာ အဆင်သင့်ပဲ၊ နွေးဖို့ပဲလိုတယ်"

မီးဖိုမှ မီးခလုတ်ကို ကျွန်တော်ဖွင့်လိုက်သည်။ "ခင်ဗျား ဘာတွေလုပ်နေသလဲ"

"ငါ့အလုပ် ငါလုပ်တာပေါ့ကွာ၊ ချောစာထုပ်တွေ ဒီနေ့မနက် မင်းပို့ပေးဖို့ရှိ တယ် မဟုတ်လား" ဟု တည်တည်ငြိမ်ငြိမ် ပြန်ပြောသည်။

"ဟုတ်ပါတယ်"

"ဟောဟိုမှာလေ၊ အဆင်သင့်ပဲ၊ မင်းကို စောင့်နေတယ်" ဘရစ္စတိုလေယာဉ် ရှိရာသို့ သူက မေးငေါ့ပြသည်။

ပြီးတော့ သူလှည့်ထွက်သွားသည်။ ကော်ဖီထည့်သောက်ပြီး ကျွန်တော့်ပစ္စည်း အိတ်ကို ထုပ်ပိုးအပြီးမှာပင် ဟင်နာ ရောက်လာသည်။

သူ့မျက်နှာမှာလည်း အကြည့်ရ အလွန်ဆိုးနေသည်။ တစ်မျက်နှာလုံး အညို အမည်းစွဲနေသည်မှာ မြင်မကောင်း။ ကျိုးသွားသည့် နှာခေါင်းကလည်း ရွဲ့စောင်းနေ သည်။ ချောထုပ်ကို သူဆွဲလာသည်။

"မင်း တကယ်သွားတော့မှာလား" ဟု အေးအေးပင်မေးသည်။



"ခင်ဗျားက ဘယ်လိုထင်လို့လဲ"

"ကောင်းပြီလေ၊ မင်းကြိုက်တာ မင်းလုပ်တာပဲ" သူ့အသံသည် တည်ငြိမ်နေမြဲ ပင် ဖြစ်သည်။

ဂွင်းကိုဖြတ်ပြီး ဘရစ္စတိုဆီသို့ သူ လျှောက်သွားသည်။ လေယာဉ်မောင်း ခန်းနောက်မှ အခန်းထဲသို့ ချောထုပ်ကို သူထည့်သည်။ သူ့နောက်မှ ကျွန်တော်က ဖြည်းညင်းစွာ လျှောက်လိုက်သွားသည်။ လက်တစ်ဘက်က အိတ်ဆွဲပြီး တစ်ဘက်က အကျီဖစ်ကို ဆွဲတပ်နေမိသည်။

ဂိုဒေါင်ထဲမှာ မင်းနီ နေရစ်ခဲ့သည်။ ကျွန်တော့်အနားမှာ သူမရှိသည့် အတွက် ကျွန်တော် စိတ်တော့မကောင်းလှ။ သို့သော်လည်း ဝေးဝေးမှာ သူနေလိုသပဆို လျှင်လည်း နေစေတော့။ ချက်ချင်းဆိုသလိုပင် သည်နေရာမှဝေးရာသို့ တမုဟုတ်ချင်း ထွက်ပြေးသွားလိုက်ချင်ပြီ။

ဘယ်ဘက်အတောင်ပံပေါ်မှတစ်ဆင့် အပေါ်သို့တက်ခဲ့သည်။ လိုအပ်သည် များကို ကျွန်တော် စစ်ဆေးနေရာ ဟင်နာက စိတ်ရှည်လက်ရှည် စောင့်နေသည်။ ပြီး တော့မှ သူ့ကို အချက်ပြလိုက်သည်။ ထိုအချိန်မှာပင် ကျွန်တော် မျှော်လင့်မထားသည်ကို သူလုပ်လိုက်သည်။ ကျွန်တော့်ကို အားပါးတရ ပြုံးပြလိုက်ခြင်း ဖြစ်သည်။

"မာနေ့ခ်ျစ်လေယာဉ်ကွင်းမှာ စိတ်ချမ်းသာလက်ချမ်းသာနဲ့ ဆင်းနိုင်ပါစေ ချာတိတ်ရေ" ဟုလည်း လှမ်းအော်သည်။ တစ်ဆက်တည်း အတောင်ပံကို ဆွဲလှည့်ပေး သည်။

စက်နိုးသည်နှင့်တပြိုင်တည်း ကျွန်တော့်စိတ် ပြောင်းမသွားမီ ကောင်းကင်သို့ ကျွန်တော် မောင်းတက်ခဲ့မိတော့သည်။ မြစ်ဘက်ကို စောင်းကွေ့လိုက်တော့ အစိုးရ မော်တော်ဝင်လာသည်ကို တွေ့ရသည်။ ပဲ့ပိုင်းမှာ ဖစ်ဂွာရီဒို ရပ်နေသည်။ ကျွန်တော့်ကို လက်ယမ်းပြသည်။ ကျွန်တော်ကလည်း ပြန်ပြသည်။ ပြီးတော့ လင်ဒရိုမြို့ကို နောက်ဆုံး ကြည့်ခြင်းအနေဖြင့် တစ်ပတ်ဝဲကြည့်ပြီး တောင်ဘက်သို့ ဆက်လက်ပျံသန်းခဲ့တော့ သည်။

❒

တစ်နာရီနှင့် မိနစ်လေးဆယ်ကြာသောအခါ မာနေ့ခ်ျစ်မြို့သို့ ကျွန်တော် ရောက်လာသည်။ မျှော်စင်နားမှာ ကားနှစ်စီးရပ်ထားသည်ကို တွေ့ရသည်။ ငုံ့ကြည့် ရှိရာဘက်သို့ လေယာဉ်ပျံကို ကျွန်တော် ရွှေ့ယူသွားသောအခါ ကားနှစ်စီး[illegible] ကျွန်တော့်ဆီသို့ ဦးတည်ပြီးမောင်းလာသည်။ ကျွန်တော်ရပ်တော့ သူတို့[illegible] ရှိ သည်။

www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းသူနေရာမှ ယူနီဖောင်းဝတ် ရဲသားတစ်ယောက် ဆင်းလာသည်။ ပြီးတော့ နောက်ဘက်သွားပြီး တံခါးဖွင့်သည်။ ရဲအရာရှိ ဆင်းလာသည်။ ကျွန်တော့်ကို လက်လှမ်းပြပြီး နှုတ်ဆက်သည်။ အခြားကားပေါ်မှ ရဲသားများလည်း ဆင်းလာကြသည်။ အားလုံး လက်နက်အပြည့်အစုံ ကိုင်ဆောင်ထားကြသည်။ ရဲအရာရှိက ကျွန်တော့်ကို ဝမ်းပန်းတသာ နှုတ်ဆက်နေသည်။ ဘာကြောင့် ဤမျှ ဝမ်းသာအားရ ဖြစ်နေသနည်း။

မြေပြင်ပေါ်သို့ ကျွန်တော် ခုန်ဆင်းလိုက်သောအခါ ရဲအရာရှိက ကျွန်တော့်ဆီ လျှောက်လာပြီး လက်ကမ်းပေးသည်။

"ဘယ်လိုလဲဗျို့၊ ကျွန်တော်ဟာ ဂုဏ်ပြုတပ်ဖွဲ့နဲ့ အကြိုဆိုခံနိုင်လောက်တဲ့ အဆင့်အတန်းရှိသူ မဟုတ်ပါဘူးဗျာ"

မျက်မှန်နက်အောက်မှာရှိနေသည့် သူ့မျက်လုံးများက မည်သည့်အရိပ်အရောင် ဖော်ပြနေကြသည်ကို ကျွန်တော် မပြောနိုင်ပါ။

"ကိစ္စကလေးတစ်ခု ရှိနေလို့ပါဗျာ၊ မကြာပါဘူး၊ တစ်ခုလောက် ကျွန်တော့်ကို ပြောပြပါ။ ဆီညော်ဖစ်ဂွာရီဒိုရဲ့ မီးခံသေတ္တာ သူ့ဟိုတယ်မှာရှိတာ သတိထားမိပါတယ်နော်"

သည်စကားကိုကြားသည်နှင့် တပြိုင်တည်း အဆိုးတစ်ခုခုတော့ဖြစ်ပြီဟု ကျွန်တော် သိလိုက်သည်။

"ဘားကောင်တာအောက်မှာထားတာ လင်ဒရိုတစ်မြို့လုံး သိကြတာပဲ"

"သော့ကရော ဘယ်မှာလဲ၊ ဖစ်ဂွာရီဒိုရဲ့ဇနီးက သော့ကို တစ်နေရာရာမှာ သတိလစ်ပြီး ချထားမိတယ်လို့ ကျွန်တော် သဘောပေါက်ပါတယ်"

"ဒါလဲ လင်ဒရိုတစ်မြို့လုံး သိကြတာပဲ၊ ဘားခန်းနောက်ဘက်မှာ သူ အမြဲ ချိတ်ထားတာပဲ၊ နေစမ်းပါဦး. . . ဘာဖြစ်လို့လဲ"

"လွန်ခဲ့တဲ့ နာရီဝက်လောက်တုန်းက ဆီညော်ဖစ်ဂွာရီဒိုဆီက ကြေးနန်း ရောက်လာပါတယ်၊ သူခရီးသွားနေတုန်း ဘာတွေများ အပြောင်းအလဲရှိသလဲဆိုတာ သိချင်တာနဲ့ မီးခံသေတ္တာကို ဒီနေ့မနက်ဖွင့်စစ်တော့ မသွေးရသေးတဲ့စိန်တွေ ပျောက်နေတာကို တွေ့ရပါတယ်တဲ့"

"ဒါ ဘာဆိုင်လဲဗျ၊ တခြားလူပေါင်း ငါးဆယ်လောက်ထဲက တစ်ယောက်ယောက် ယူနိုင်တာပဲ၊ ကျုပ်ကိုမှ ဘာဖြစ်လို့ ရွေးမေးနေရတာလဲ"

သူက အသာခေါင်းဆတ်လိုက်သည်။ ရဲသားသုံးယောက်က ကျွန်တော့်ကို ဝိုင်းထားသည်။ စတုတ္ထမြောက် တစ်ယောက်က လေယာဉ်ပျံပေါ်သို့ တက်သွားသည်။ ချောစာထုပ်နှင့် ကျွန်တော့်ပတ္တူအိတ်ကို အောက်သို့ပစ်ချသည်။ ရဲအရာရှိက ဖွင့်ရှာနေသည်။ လေယာဉ်ပျံပေါ်မှာရှိသည့် ရဲသားက ပေါ်တူဂီဘာသာဖြင့် တစ်စုံတရာ လှမ်းပြောသည်။ စကားပြောမြန်လွန်းသောကြောင့် ဘာပြောမှန်း ကျွန်တော် နားမလည်လိုက်။ ရဲသားက ပတ္တူအိတ်သေးသေးတစ်လုံး လှမ်းပေးသည်။



"လူကြီးမင်းရဲ့ အိတ်လားခင်ဗျာ" ရဲအရာရှိက ယဉ်ကျေးသိမ်မွေ့စွာ မေးသည်။

"ကျုပ်တစ်သက် ဒီအိတ်ကို တစ်ခါမှမမြင်ဖူးခဲ့ဘူး"

အိတ်ကလေးကို သူဖွင့်လိုက်သည်။ ပြီးတော့ သူ့ဘယ်ဘက်လက်ထဲသို့ မသွေးရသေးသည့် စိန်တုံးကလေးများကို သွန်ချလိုက်သည်။

၈

ထို့နောက်ပိုင်းတွင်တော့ အဆိုးရွားဆုံး အတွေ့အကြုံများနှင့် ရင်ဆိုင်ရတော့သည်။ ကြုံတွေ့ရသမျှ လည်စင်းခံခြင်းကိုတော့ ကျွန်တော်မလုပ်။ ပထမပိုင်းတွင် ရဲအရာရှိကိုယ်တိုင် ကျွန်တော့်ကို စစ်ဆေးခြင်းမပြု။ အရာရှိငယ်တစ်ယောက်က စစ်သည်။ ကျွန်တော်ကလည်း စ,သည်မှ ယနေ့မနက် ဆုံးသည်အထိ တစ်လုံးမကျန် ပြောပြသည်။ ကျွန်တော် ပြောပြသမျှကို အရာရှိကလေးက တစ်လုံးမကျန် ရေးချသည်။ အလွန်တရာလည်း ယဉ်ကျေးသိမ်မွေ့ပါပေသည်။

ပြီးတော့ ကျွန်တော့်ကို အောက်ထပ်ရှိ အချုပ်ခန်းထဲသို့ ခေါ်သွားသည်။ အလွန်တရာ အဆင့်အတန်းနိမ့်သည့် အချုပ်ခန်းမျိုး ဖြစ်သည်။ အချုပ်သား လေးဆယ်လောက်ရှိသည်။ တကယ်ကတော့ နှစ်ဆယ်လောက်သာ အများဆုံးထားနိုင်သည့် အချုပ်ခန်းမျိုးဖြစ်သည်။ အပေါ့စွန့်ရန် ပုံးတစ်လုံး၊ အလေးစွန့်ရန် အိုးတစ်လုံးရှိသည်။ ၎င်းပုံးနှင့် အိုးများမှ ထွက်နေသည့် အနံ့အသက်က ဆိုးရွားလွန်းလှသည်။ ကြုံဖူးမှပင် ယုံကြည်နိုင်လောက်ပေသည်။

အချုပ်သားအများစုသည် ဆင်းရဲနွမ်းပါးသူများ ဖြစ်သည်။ အင်ဒီးယန်းလူမျိုးတွေ များသည်။ သူတို့သည် သူဌေးဖြစ်ချင်ဇောဖြင့် မြို့တက်အလုပ်ရှာကြရာမှ နောက်ဆုံး ဝေါ်ပြတ်ပြီး အချုပ်ခန်းထဲ ရောက်လာကြခြင်းဖြစ်သည်။

ပြတင်းပေါက်ရှိရာဘက်ခြမ်းသို့ ကျွန်တော် လျှောက်သွားသည်။ အများစုက တလေးတစားနှင့် လမ်းဖယ်ပေးကြသည်။ နံရံဘေးက ခုံတန်းပေါ်တွင် အလွန်တရာ ထွားကျိုင်းသည့် နီးဂရိုးကြီးတစ်ယောက် ထိုင်နေသည်ကို တွေ့ရသည်။ သည်အထဲမှာ ဩဇာရှိပုံလည်း ရသည်။ သူ အမိန့်ပေးလိုက်သောကြောင့် အင်ဒီးယန်းနှစ်ယောက် သူ့ဘေး ချက်ချင်း နေရာမှ ဖယ်ပေးကြသည်။ သူက ကျွန်တော့်ကို ပြုံးပြသည်။

"ကျွန်တော့်ဖို့ စီးကရက်ကလေးများ ပါမလာဘူးလားဗျာ"

ကျွန်တော့်အိတ်ထဲမှာ စီးကရက်အပိုတစ်ဘူး ရှိသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်ရာ သူက ဟျာဟျာသလဲယူသည်။ ကျွန်တော်လုပ်သည်မှာ မှန်ကြောင်းလည်း အလိုလို ခံစားလိုက်ရသည်။

"ခင်ဗျားကို ဘာဖြစ်လို့ ဒီထဲသွင်းလာကြတာလဲ"

"အထင်မှားစရာလေး တစ်ခုကြောင့်ပါဗျာ၊ ဒီနေ့ နေမကုန်ခင် ကျွန်တော် လွတ်မှာပါ" ဟု ကျွန်တော်က ပြန်ပြောပြသည်။

"ဘုရားသခင် စောင်မပါစေ"

"ခင်ဗျားကရော"

"လူတစ်ယောက်ကိုသတ်လို့၊ အရင်ခြောက်လလောက်က ဖြစ်ခဲ့ဟာ၊ မနေ့ကမှ စီရင်ချက်ချတယ်၊ အလုပ်ကြမ်းနဲ့ ထောင်ဒဏ်သုံးနှစ်တဲ့"

"အဲဒါက ပိုဆိုးတာပေါ့၊ ကြိုးစင်တင်လိုက်တာကမှ သက်သာဦးမယ်"

"အခုဟာလဲ ကြိုးစင်တင်တာနဲ့ အတူတူပါပဲခင်ဗျာ၊ မာကာဒေါ့စ်ကို ပို့မှာ" သူ့လေသံက ထူးခြားပြောင်းလဲခြင်း မရှိ။

ဘာပြန်ပြောရမည်ကိုပင် ကျွန်တော်မသိတော့။ သည်နယ်မှာ ရှိနေသူတွေအားလုံး မာကာဒေါ့စ်ဆိုလျှင် သေမလောက် ကြောက်ကြသည်။ နီးဂရိုးမြစ်နှိမ့်မှ အတွင်းဘက်တစ်နေရာမှာရှိသည့် ဇရာမည့်ဗိုင်ကြီးအတွင်းရှိ ချွေးတပ်စခန်းဖြစ်သည်။ ယင်း မာကာဒေါ့စ်စခန်းသို့ အပို့ခံရသူများအနက် အသက်ရှင်လျက် ပြန်လာနိုင်သူမှာ အလွန်တရာ နည်းပါးလှသည်။

"စိတ်မကောင်းပါဘူးဗျာ" ဟုသာ ကျွန်တော်က ပြန်ပြောလိုက်သည်။

သူကလည်း စိတ်ထိခိုက်စွာ ပြုံးသည်။ ပြီးတော့ မျက်လုံးပေါ်သို့ ဦးထုပ်ကို ဆွဲဖုံးလိုက်ကာ နံရံမှာပြန်မှီနေသည်။

မတ်တတ်ရပ်ပြီး ပြတင်းပေါက်မှနေ၍ အပြင်သို့ လှမ်းကြည့်လိုက်သည်။ အောက်ဆုံးထပ် ဖြစ်သောကြောင့် ရုံးရှေ့မှ လူသွားလူလာများကို မြင်ရသည်။ မြင်းလှည်းတချို့ ရပ်ထားသည်။ မြင်းလှည်းမောင်းသူများက အိပ်ငိုက်နေကြသည်။ အပြင်မှာ ငြိမ်းချမ်းလှသည်။ အိပ်မက်ပဲ ဖြစ်ပါစေတော့၊ အိပ်ရာမှ မြန်မြန်နိုးပါစေတော့ဟုသာ ကျွန်တော် ဆုံးဖြတ်ရတော့သည်။ လေယာဉ်ပျံကွင်းမှ မော်တော်ကားတစ်စင်း မောင်းဝင်လာပြီး ရုံးရှေ့မှာရပ်သည်။ ကားပေါ်မှ ဆမ်ဟင်နာ ဆင်းလာသည်။

## ၉

နောက်ထပ်နှစ်နာရီလောက်ကြာမှ ကျွန်တော့်ကိုလာခေါ်ပြီး အပေါ်ထပ်သို့ တင်သွားသည်။ ရဲအရာရှိရုံးခန်းရှေ့မှာ စောင့်ခိုင်းထားသည်။ လက်နက်ကိုင် အစောင့်



နှစ်ယောက် ရှိသည်။ တအောင့်ကြာတော့ ရုံးခန်းတံခါးပွင့်လာပြီး ဟင်နာနှင့် ရဲအရာရှိတို့ ထွက်လာသည်။ သူတို့ချင်း လက်ဆွဲနှုတ်ဆက်နေကြသည်။

"အကူအညီရခဲ့တာထက် ပိုဆိုးသွားတာပေါ့ မိတ်ဆွေကြီးရယ်၊ အလွန် စိတ်မချမ်းသာစရာကောင်းတဲ့ အလုပ်မျိုးပဲ" ဟု ရဲအရာရှိက ပြောသည်။

ဟင်နာက တစ်ဘက်သို့ လှည့်လိုက်သောအခါ ကျွန်တော့်ကို သူ မြင်သွားသည်။ သူ့မျက်နှာမှာ အလွန်တရာ အကြည့်ရဆိုးနေသည်။ အညိုအမည်းစွဲနေသည့် ဒဏ်ရာများက ပိုဆိုးလာသည်ကို တွေ့ရသည်။ သို့သော်လည်း အလွန်စိတ်မကောင်းသည့် အမူအရာမျိုးဖြင့် ကျွန်တော့်ဆီသို့ လျှောက်လာသည်။ သူ့ပခုံးပေါ်မှာတင်ထားသည့် ရဲအရာရှိ၏ လက်တစ်ဘက်ကိုပင် သူဂရုစိုက်တော့ပုံမရ။

"ဖြစ်မှဖြစ်ရလေတယ် ချာတိတ်ရာ. . . ဘာကြောင့် မင်း ဒီလိုလုပ်ရတာလဲ"

သူ့ကို ဆွဲယမ်းပစ်လိုက်ဖို့ ကျွန်တော် ကြိုးစားသည်။ သို့သော်လည်း အစောင့်ရဲသားနှစ်ယောက်က ကျွန်တော့်ကို ဖမ်းချုပ်ထားလိုက်သောကြောင့် သူသက်သာသွားသည်။

"ကျေးဇူးပြုပြီးတော့ ကပ္ပတိန်ဟင်နာ. . . အခုနေ သွားလိုက်ရင်ကောင်းမယ်" ဟု ရဲအရာရှိက ပြောသည်။

ရဲအရာရှိက သူ့လက်ကိုဆွဲပြီး အပြင်ထွက်သည့် အပေါက်ဝဆီသို့ ခေါ်သွားသည်။ ဟင်နာက ကျွန်တော့်ကို လှည့်ပြီး အော်ပြောသွားသေးသည်။ သူ့အမူအရာကတော့ အလွန်တရာ ထိတ်လန့်နေပုံရသည်။

"ချာတိတ်ရေ. . . ငါတတ်နိုင်တာဆိုရင် ဘာပဲဖြစ်ဖြစ် ပြောနော်၊ အားမနာနဲ့"

ရုံးခန်းထဲသို့ ရဲအရာရှိ ပြန်ဝင်သွားသည်။ တံခါးကို မစေ့တစေ့ကလေး ဟ ထားခဲ့သည်။ နှစ်မိနစ်လောက်ကျတော့ ကျွန်တော့်ကိုခေါ်သည်။ အစောင့်ရဲသားနှစ်ယောက်က သူ့ရုံးခန်းထဲသို့ သွင်းပေးသည်။ လက်နှိပ်စက်ရိုက်ထားသည့် စာရွက်များကို သူကြည့်နေသေးသည်။

"ခင်ဗျားရဲ့ အစစ်ခံချက်လေ. . . တစ်ခုခုပြင်ချင်တာများ ရှိသလား" သူက စာရွက်များကို မြှောက်ပြပြီး မေးသည်။

"တစ်လုံးမှ ပြင်စရာမရှိပါဘူး"

"အဲဒီလိုဆိုရင် ကျေးဇူးပြုပြီး လက်မှတ်ထိုးပါ၊ လက်မှတ်မထိုးခင် [illegible] ကြည့်လိုက်ပါဦး"

ကျွန်တော် အစစ်ခံခဲ့သည့်အတိုင်း တစ်လုံးမကျန် ရေးထား[illegible] တွေ့ရသည်။ လက်မှတ် ထိုးပေးလိုက်သည်။ အစစ်ခံချက်များကို [illegible]

www.burmeseclassic.com

www.burmeseclassic.com



ပြီး ဆေးပြင်းလိပ်တစ်လိပ် မီးညှိသောက်နေသည်။

"ကောင်းပါပြီ ဆီညော်မာလိုရီ၊ အခုအချိန်ကစပြီး အမှုနဲ့ပတ်သက်တဲ့ အကြောင်းတွေပဲ ပြောကြရအောင်၊ ကျွန်တော့်မိတ်ဆွေ ကပ္ပတိန်ဟင်နာအပေါ်မှာ ခင်ဗျားရဲ့ စွပ်စွဲချက်တွေ ရှိတယ်၊ ဒါကြောင့် ဒီကိုလာပြီး အစစ်ခံချက်ပေးဖို့ သူ့ကို ကျွန်တော် အကြောင်းကြားခဲ့ရတယ်"

"တစ်လုံးမကျန် ပြင်းတော့တာပဲမဟုတ်လား"

"သူ့အစစ်ခံချက်တွေကို ဂရုစိုက်စရာ မလိုပါဘူး၊ လိုလာဆိုတဲ့ မိန်းကလေးကို ကျွန်တော်ကိုယ်တိုင် တွေ့ပြီး စစ်ပြီးပါပြီ၊ ခင်ဗျားပြောသမျှတွေ အားလုံးကို လိုလာက ငြင်းပါတယ်"

ကျွန်တော် အများကြီး စိတ်မကောင်းဖြစ်သွားသည်။ ကျွန်တော့်အခြေအနေ ဘယ်လိုပဲရှိနေနေ လိုလာအတွက် စိတ်မကောင်းဖြစ်မိသည်၊ ကျွန်တော့်အတွက် ရဲအရာရှိ၏ စစ်ဆေးမေးမြန်းခြင်းကို သူ့ခမျာ ခံရရှာလေသည်။

"နောက် မာရီယာဆိုတဲ့ အမျိုးသမီး၊ ခင်ဗျားကို လုတယ်ဆိုတဲ့ အမျိုးသမီးလေ၊ ခင်ဗျားပေးတဲ့လိပ်စာမှာ သူမရှိဘူးဆိုရင် အံ့အားများသင့်သွားမလား"

သည်အချိန်မှာတော့ အံ့အားသင့်သည်ဆိုသည့်အဆင့်ကို ကျွန်တော် ကျော်လွန်နေပြီ။ သို့သော်လည်း ကျွန်တော် တတ်စွမ်းသမျှ ရုန်းကန်ရပေတော့မည်။

"ဒီလိုဆိုရင် ကျုပ်ပိုက်ဆံအိတ်နဲ့ နိုင်ငံကူးလက်မှတ်ကို ဘယ်ကနေ ကျုပ်ပြန်ရလာသလဲ"

"ဒါကိုတော့ ဘယ်သူသိနိုင်မှာလဲ ဆီညော်၊ ခင်ဗျားကိုယ်နဲ့ အမြဲမကွာ ရှိချင်ရှိခဲ့မှာပေါ့၊ ကပ္ပတိန်ဟင်နာက ခင်ဗျားကိုသနားပြီး အလုပ်ပေးအောင် ခင်ဗျားဘက်က ဆင်လုံးတွေလုပ်ခဲ့တာလဲ ဖြစ်ချင်ဖြစ်မှာပေါ့"

ကျွန်တော့်ဘက်မှာ အားကိုးစရာ မရှိတော့ပြီ။ ထို့ကြောင့် ဒေါသတကြီးဖြင့် ကျွန်တော်အော်မိသည်။

"တရားရုံးတော်မှာ ဒီဥစ္စာတွေဟာ ငါးမိနစ်ကောင် ရှင်းဖို့မလိုဘူး"

"ဒါက တရားရုံးတော်ရဲ့ အလုပ်ပါ၊ ဒါပေမယ့် ရုံးတော်မှာ ပြေလည်အောင် ရှင်းရမယ့် ကိစ္စတစ်ခုကတော့ ခင်ဗျားနားမှာရှိနေပြီ၊ မသွေးရသေးတဲ့ စိန်တွေကို တရားမဝင်ဘဲ လက်ဝယ်ထားမှု၊ တန်ဖိုးက. . . အင်း. . . ခရူဇီရိုငွေ ခြောက်သောင်းဖိုးလောက် ရှိမယ်"

ပေါင်စတာလင်နှင့်ဆိုလျှင် ကိုးထောင်ပတ်ဝန်းကျင်လောက် ရှိပေမည်။ ကျွန်တော့်ရင်ထဲမှာ ဆို့သွားသည်။

"ကောင်းပြီ၊ ဘီလမ်မှာရှိတဲ့ ဗြိတိသျှ တောင်စစ်ဝန်ရုံးနဲ့ ဆက်သွယ်ချင်ပါတယ်၊ ပြီးတော့ ကျွန်တော် ရှေ့နေတစ်ယောက် ငှားရမယ်"

"အဲဒါတွေအတွက် အချိန်တွေ အများကြီးရှိပါသေးတယ်"

"အချိန်တွေ အများကြီးရှိပါတယ်ဆိုတာက ဘာကိုဆိုလိုတာလဲ"

"တရားရုံးတွေဟာ အမှုတွေနဲ့ ပိနေတယ်၊ ဒီနယ်မြေဟာ အင်မတန် ဆိုးသွမ်းတဲ့နယ်မြေ၊ မဟုတ်မမှန်တာလုပ်တဲ့လူတွေ သိပ်များတယ်၊ ခင်ဗျားအမှုကို ရုံးတင်စစ်ဖို့ အနည်းဆုံး ခြောက်လလောက်တော့ ကြာဦးမှာပဲ"

ကျွန်တော့်နားကို ကျွန်တော်မယုံနိုင်လောက်အောင် ဖြစ်သွားသည်။

"ခင်ဗျား ဘာစကားပြောတာလဲ"

ကျွန်တော် ဘာမှမပြောသလို သဘောထားကာ သူက ဆက်ပြောနေသည်။

"လောလောဆယ်တော့ ခင်ဗျားအမှု ရုံးမတင်ခင် ခင်ဗျားကို မာကာဒေါ်စ် ချွေးတပ်စခန်းကို ပို့လိုက်တယ်၊ မနက်ဖြန်မနက် တခြားအကျဉ်းသားတွေနဲ့ အတူတူလိုက်သွားရမယ်"

ကျွန်တော့်ကို ပြန်ခေါ်သွားရန် အစောင့်များကို မျက်ရိပ်ပြလိုက်သည်။

"နားထောင်စမ်း ခွေးမသား"

စားပွဲပေါ်သို့ ကိုယ်ကိုကိုင်းပြီး သူ့ရင်ပတ်မှ အကျႌစများကို ကျွန်တော် စုဆွဲယူလိုက်သည်။ အဆိုးရွားဆုံး ကျွန်တော် ဒါလောက်ပဲ တတ်နိုင်သည်။ အစောင့်တစ်ယောက်၏ လက်ထဲမှ နံပါတ်တုတ်က ကျွန်တော့်ခေါင်းပေါ်သို့ ဖြတ်ကျလာသောကြောင့် ကျောက်တုံးတစ်တုံးလို ကျွန်တော် ပြုတ်ကျသွားတော့သည်။ အစောင့်နှစ်ယောက်က တစ်ယောက်တစ်ဘက်ကိုင်ပြီး ကျွန်တော့်ကို တရွတ်တိုက်ဆွဲချလာသည်။

အချုပ်ခန်းတံခါး ဖွင့်သည်ပိတ်သည်များကို ကျွန်တော် မသိတစ်ချက် သိတစ်ချက် ဖြစ်နေရာမှ ခဏကြာအောင် သတိလစ်သွားတော့သည်။

သတိရလာသောအခါ ကျွန်တော့်ဘေးမှာ ထိုင်နေသည့် နီဂရိုးကြီး၏မျက်နှာကို တွေ့ရသည်။ သူ့မျက်နှာပေါ်မှာ ဘာခံစားချက်မှမရှိ။ မီးညှိပြီးသား စီးကရက်တစ်လိပ် ကျွန်တော့်ပါးစပ်မှာ တပ်ပေးသည်။

"အထင်မှားကြတုန်းပဲလား"

"အင်း. . . ဒီစကားပဲ ပြောရတော့မယ်၊ မနက်ဖြန်မနက်ကျရင် ကျွန်တော့်တို့ မာကာဒေါ်စ် ပို့ကြတော့မယ်လေ"

"သတ္တိမွေးပါ သူငယ်ချင်း၊ တစ်ခါတရံကျတော့ ဘုရားသခင်ဟာ တိမ်ဘိုက်တွေကြားထဲကနေပြီး အောက်ကိုငုံ့ကြည့်တတ်ပါတယ်"

"ဒီနေ့တော့ မကြည့်ပါဘူးဗျာ" ဟု ပြန်ပြောလိုက်မိသည်။

□

www.burmeseclassic.com

www.burmeseclassic.com



ထိုညသည် ကျွန်တော့်ဘဝတွင် အနိမ့်ကျဆုံးသောညဟု ထင်သည်။ သို့သော်လည်း ထိုထက်ဆိုးရွားသည်များ လာဦးမည်။ နောက်တစ်နေ့ မွန်းလွဲပိုင်းမတိုင်မီတွင် ကျွန်တော်တို့ကို အပြင်သို့ထုတ်ပြီး ဝင်းထဲမှာထားသည်။ ကျွန်တော်နှင့် အဖွဲ့ကျနေသည့် နီဂရိုးကြီး၏အမည်မှာ မန်ရိုးဖြစ်သည်။ ကျွန်တော်တို့ကို သည်အတိုင်းထုတ်ခြင်းကားမဟုတ်။ ခြေချင်းများခတ်သည်။ လက်နှစ်ဘက်ကိုလည်း သံကြိုးနှင့်ခတ်သည်။

ကျွန်တော်လည်း ဘာမျှမတတ်နိုင်ပြီ။ ကျွန်တော်တို့ အကျဉ်းသားအားလုံးသုံးဆယ်လောက်ရှိသည်။ အများနှင့်အတူ ဖြစ်သမျှကို ရင်ဆိုင်ရပေတော့မည်။ နောက်ဆုံးတွင် တပ်ကြပ်ကြီးတစ်ယောက်က ကျွန်တော့်လက်မှ သံကြိုးကို သော့လာခတ်သည်။ ခေါင်းတွင်းသို့သွင်းပြီး နောက်ဆုံး သံတစ်ချက် ရိုက်လိုက်ခြင်းဖြစ်သည်ဟု ခံစားလိုက်ရသည်။

ခဏနေတော့ မိုးရွာသည်။ ကျွန်တော်တို့ကို မိုးရွာထဲမှာ သည်အတိုင်းထားသည်။ အားလုံး ကြွက်စုတ်တွေလို ရွှဲရွှဲစိုနေသည်။ မလိုအပ်ဘဲ ကြမ်းကြုတ်ရက်စက်မှုပင် ဖြစ်သည်။ ယခုကစပြီး သည်ထက်ဆိုးသည်များကို တွေ့ရတော့မည်။ နောက်ဆုံးတွင် ကျွန်တော်တို့ကို တန်းစီစေပြီး ကမ်းနားသို့ မောင်းသွားတော့သည်။

လမ်းခွတ်လတ်မှာ ကော်ဖီဆိုင်နှင့် အရက်ဆိုင်ကလေးကို တွေ့ရသည်။ ဆိုင်ထဲမှ လူတွေအများကြီး ထွက်ကြည့်နေကြသည်။ လူတွေကြားထဲမှာ ဟင်နာကို လှမ်းမြင်လိုက်ရသေးသည်။ လူအုပ်၏ နောက်ဘက်ကဖြစ်သော်လည်း သူ့အရပ်ကမြင့်သဖြင့် ကောင်းစွာမြင်နေရသည်။ သူ့လက်ထဲမှာ ခွက်တစ်ခွက်ကို ကိုင်ထားသည်။ ကျွန်တော့်ကိုမြင်တော့ ထိုခွက်မြှောက်ပြလိုက်သေးသည်။ ပြီးတော့ နောက်ပြန်လှည့်ပြီး အတွင်းသို့ ဝင်သွားသည်။

□ □ □

# အခန်း (၁၂)

## လောကငရဲ

နောက်ယက်ဘီးတပ် သင်္ဘောဖြင့် ကျွန်တော်တို့ ခရီးထွက်ခဲ့ကြသည်မှာ သုံးရက်ရှိပြီ။ သင်္ဘောက ကမ်းတစ်လျှောက် ရွာစဉ်ကပ်ပြီး ခရီးသည်အတင်အချ လုပ်လာခဲ့သည်။ ခရီးသည်အများစုက ကုန်းပတ်ပေါ်မှာ လိုက်ပါကြသည်။ ကျွန်တော်တို့က သင်္ဘောဝမ်းဗိုက်ထဲမှာ နေရခြင်းဖြစ်သည်။ အပြင်လေရှူနိုင်အောင် အစောင့်များက တစ်နေ့တစ်ကြိမ် ကုန်းပတ်ပုံပိုင်းပေါ်သို့ တင်ပေးသည်။ ထိုကြားထဲကပင် အသက်ကြီးသူ နှစ်ယောက် သေဆုံးခဲ့ရသေးသည်။

ကျွန်တော်တို့ အကျဉ်းသားများထဲမှ လူခပ်သေးသေးတစ်ယောက်သည် စာကာဒေါ်စ် ချွေးတပ်စခန်းမှာ ခုနှစ်လလောက် နေခဲ့ဖူးသူဖြစ်သည်။ ယင်းစခန်းသည် လောကငရဲဖြစ်ကြောင်း သူ့အတွေ့အကြုံများကို ပြန်ပြောပြရင်း မှတ်ချက်ချသည်။ အစာရေစာ ဝလင်အောင် မစားရခြင်းနှင့် ရောဂါပေါင်းစုံတို့ကြောင့် လူများမှာ ယင်ကောင်များလို အသေအပျောက် များလှသည်ဟုဆိုသည်။

ကျွန်တော့်အဖို့မှူ ယခုခံစားနေရသည့် ဒုက္ခလောက်နှင့်ပင် လ်လ[illegible] အိပ်မက်ပင် ဖြစ်ပါစေတော့။ အမှန်မဖြစ်ပါစေနှင့်တော့ဟုလည်း ဆန္ဒပြု[illegible] ဒုက္ခများကို ဘဝတစ်လျှောက်လုံးတွင် မေ့ပျောက်ပစ်နိုင်တော့မည်[illegible]

www.burmeseclassic.com

www.burmeseclassic.com



သည်လို ဒုက္ခပေါင်းစုံရောက်အောင်၊ လောကရေကို ခံစားရအောင် ပြုလုပ်သူကား ဟင်နာပင်ဖြစ်သည်။

သည်ဒုက္ခဘုံအတွင်းမှာ နီဂရိုးကြီး မန်ရိုးသည် ကျွန်တော့်ကို အများကြီး ဖေးမခဲ့သူဖြစ်သည်။ ကျွန်တော်စိတ်ချမ်းသာစေမည့် စကားများကို အမျှင်မပြတ် ပြောသည်။ ကျွန်တော်ပေးထားသည့် စီးကရက်ဘူးထဲမှ တစ်လိပ်ပြီးတစ်လိပ် မီးညှိတိုက်သည်။

တတိယနေ့ ညနေပိုင်းတွင် ကုန်းပတ်ပေါ်မှ ထွက်ပေါက်ဖွင့်သံ ကြားရသည်။ အကျဉ်းသားများက သူထက်ငါဦး အပေါက်ဆီသို့ စုပြုံပြေးကြသည်။ အပြင်က လေစိမ်းအတိုက်ခံနိုင်ဖို့ ဖွင့်ပေးခြင်းဖြစ်သည့်အတွက် အရင်ဆုံး အပြင်ရောက်ဖို့က အရေးကြီးနေကြသည်။

ကျွန်တော့်ဘေးကလူမှာ အိပ်ပျော်နေဆဲဖြစ်သည်။ ကျွန်တော့်ကိုမှီပြီး အိပ်ပျော်နေခြင်းဖြစ်သည်။ သူတို့ ဘေးသို့တွန်းလိုက်သောအခါ တစ်ဘက်သို့ ဖြည်းဖြည်းကလေး လဲကျသွားပြီး ငြိမ်သက်နေတော့သည်။

လူတွေကို တွန်းဖယ်ပြီး မန်ရိုးက ပြေးလာသည်။ လဲနေသူအနားမှာ ဒူးထောက်ထိုင်သည်။ ခဏကြာတော့ သူပြန်ထလိုက်သည်။

"ဒီလူ အသက်မရှိတော့တာ နှစ်နာရီ သုံးနာရီလောက် ကြာသွားပြီ"

သူ့စကားကိုကြားရတော့ ကျွန်တော့်ဆံပင်မွေးများ ထောင်သွားသည်။ ကျွန်တော့်ခန္ဓာကိုယ်သည် မသန့်ရှင်းတော့ဟုလည်း ထင်မိသည်။ သည်လူသည် ကျွန်တော့်ကိုမှီရင်း သေခဲ့ပြီမဟုတ်လား။

တစ်စုံတစ်ယောက်က အစောင့်ကိုလှမ်းခေါ်သည်။ အစောင့်က လှေကားမှ ဆင်းလာသည်။ အလောင်းကို သွားစစ်သည်။ ပြီးတော့ မန်ရိုးနှင့် ကျွန်တော့်ကို ခေါ်င်းဆတ်ပြသည်။

"မင်းတို့နှစ်ယောက် သူ့ကို ကုန်းပတ်ပေါ် သယ်ခဲ့"

"ကျွန်တော် ဒူးထောက်ပေးမယ်၊ ကျွန်တော့်ပခုံးပေါ်ကို တင်ပေး" ဟု မန်ရိုးက ကျွန်တော့်ကိုပြောသည်။

သူက ဒူးထောက်ထိုင်သည်။ ကျွန်တော်က သည်အတိုင်း ရပ်နေမိသည်။ အသေကောင်ကိုကိုင်ဖို့ ဝန်လေးနေမိသည်။ အစောင့်ရဲ့သား၏ခါးပတ်က ကျွန်တော့် ပခုံးပေါ်သို့ ကြမ်းကြုတ်စွာ ကျလာသည်။

"လုပ်လေကွာ အချိန်မရှိဘူး"

အလောင်းကို မန်ရိုး၏ပခုံးပေါ် တင်ပေးလိုက်ပြီး သူ့နောက်မှ ကျွန်တော် လိုက်လာခဲ့သည်။ ကုန်းပတ်ပေါ်ရောက်တော့ ဦးပိုင်းမှာ ခရီးသည် လေးငါးခြောက်



ယောက်ကို တွေ့ရသည်။ ကျွန်တော်တို့ အကျဉ်းသားတွေက ပဲ့ပိုင်းမှာ နေရာယူရသည်။ အစောင့်ရဲသားနှစ်ယောက်က ဆေးလိပ်သောက်ရင်း ဖဲကစားနေကြသည်။ ကျွန်တော်တို့ အနားကပ်သွားတော့ တစ်ယောက်ကမော့ကြည့်သည်။

"ဟောဟိုဘက်ကို ပစ်လိုက်၊ ခပ်ဝေးဝေးပစ်၊ သဘောယက်မနဲ့ လာချိတ်နေဦးမယ်" ဟု ပြောသည်။

ကျွန်တော်က ခြေချင်းဝတ်မှ ကိုင်သည်။ မန်ရိုးက ပခုံးကကိုင်သည်။ ပြိုင်တူ လွှဲယူပြီး လက်တန်းကို ကျော်ပစ်ချလိုက်သည်။ မန်ရိုးက သူ့ကိုယ်ပေါ်မှာ လက်ဝါးကပ်တိုင်ပုံစံ လုပ်သည်။

"ခုချိန်ထိ ဘုရားသခင်ကို ယုံတုန်းလား"

"ဒါနဲ့ ဘုရားသခင်နဲ့ ဘာဆိုင်လို့လဲ၊ အခုဟာက လူပဲ၊ လူတွေလုပ်နေကြတာပဲ" ဟု အံ့အားသင့်ဖွယ် ဖြေသည်။

သူ့မှာ စီးကရက်တစ်လိပ်သာ ကျန်တော့သည်။ အစောင့်ဆီမှ မီးတောင်းညှိပြီး ကျွန်တော်တို့ နှစ်ယောက်အတူသောက်ရန် လက်တန်းဆီသို့ လျှောက်လာခဲ့သည်။ သူ ထိုင်မည်ပြုသောအခါ. . .

"မထိုင်ပါနဲ့ဗျာ၊ ရပ်ပြီး စကားပြောကြရအောင် တစ်ချိန်လုံး ဟိုထဲမှာ ထိုင်ခဲ့ရပြီပဲ" ဟု ကျွန်တော်က ပြောသည်။

"ခင်ဗျားစိတ် ပုံမှန်ပြန်ဖြစ်လာပြီထင်တယ် သူငယ်ချင်း" အားနည်းစပြုလာပြီဖြစ်သည့် အလင်းရောင်ထဲမှာ ကျွန်တော့်မျက်နှာကို ကပ်ကြည့်ပြီး သူကပြောသည်။

"ကျွန်တော်လဲ ဒီလိုပဲထင်တယ်"

မြစ်ကမ်းမှ သစ်တောများဆီသို့ ကျွန်တော်တို့ ငေးနေကြသည်။ နေဝင်တော့မည်။ ရာသီဥတု သာယာနေသောကြောင့် အလွန်လှပသည့် မြင်ကွင်းဖြစ်သည်။ မန်ရိုးသည် ကျွန်တော့်ဘေးမှခွာပြီး ရာမစ်အနားမှ သွားထိုင်စကား ပြောနေသည်။ ရာမစ်သည် မာကာဒေါ်စ် ချွေးတပ်စခန်းမှာ နေခဲ့ဖူးသူဖြစ်သည်။ ခဏကြာတော့ သူပြန်လာပြီး ကျွန်တော့်ကို တိုးတိုးပြောပြသည်။

"မနက်ဖြန်မနက်ဆိုရင် ကျွန်တော်တို့ ဟိုကိုရောက်တော့မယ်လို့ ရာမစ်တပြောတယ်၊ နီးဂရိုးမြစ်ကိုခွဲပြီး အတွင်းဝင်လာတာ မိုင်နှစ်ဆယ်လောက် ရှိပြီတဲ့"

ပြန်လမ်းတံခါး ပိတ်သွားပြီဟု ကျွန်တော့်စိတ်ထဲမှာ ခံစားလိုက်ရသည်နှင့် တပြိုင်တည်း ကြုံတွေ့ရမည့် အန္တရာယ်အတွက် စိတ်လေးလာသည်။

"ခင်ဗျား ငရကူးနိုင်ပါ့မလား"

"ဒါကြီးတွေနဲ့လား" လက်နှစ်ဘက်မှ သံကြိုးများကို သူက [illegible]

လက်နှစ်ဘက်ကို ကျွန်တော် ကားကြည့်သည်။ သံကြိုးက [illegible]

www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီနှစ်ခွက်ကိုင်ပြီး မင်နီဝင်လာသည်။ "ကြားလိုက်တယ်မဟုတ်လား" ဟု ကျွန်တော်က လှမ်းမေးသည်။

"ဘာရစ္စတိုလေယာဉ်ပျံကို ငါ အသင့်ပြင်ထားလိုက်မယ်"

ပြတင်းပေါက်နားမှာရပ်ရင်း ကော်ဖီသောက်ကာ မြစ်ပြင်ဘက်သို့ လှမ်းမျှော် ကြည့်နေမိသည်။ အစာရေစာမဝသည့် နွားပိန်နှစ်ကောင်ဆွဲသော လှည်းတစ်စီး ကျွန် တော်တို့ဘက်သို့ မောင်းလာသည်။ လှည်းပေါ်မှာ အထုပ်တစ်ထုပ် ပါလာသည်။ လှည်း သမားကြီးက နွားကို ကြိမ်တတို့တို့ လုပ်လာသည်။

ကျွန်တော်တို့ရှေ့မှ လှည်းဖြတ်မောင်းသွားသောအခါ လွင့်လာသောအနံ့ ကြောင့် ဘာတင်သွားကြောင်း ကျွန်တော်တို့ သိလိုက်သည်။

မိုးက ရုတ်တရက် ရွာချလိုက်ပြန်သည်။

□

ကျွန်တော်က လေယာဉ်မောင်းပြီးတက်လာတော့ မိုးကရွာကောင်းနေတုန်း ပင် ဖြစ်သည်။ သို့သော်လည်း မိုးအစဲကို စောင့်၍မဖြစ်။ မြစ်ကြောင်းအတိုင်း ကျွန်တော် မောင်းလာခဲ့သည်။ မိုးနှင့်လွတ်သောအခါ လေယာဉ်မောင်းရသည်မှာ ကြည်နူးစရာ ကောင်းလာသည်။

စန်တာဟယ်လီနာကိုရောက်တော့ ပတ်ဝန်းကျင်ကို ကြည့်နိုင်ရန် ခပ်နိမ့်နိမ့် ပျံသန်းခဲ့သည်။ သာသနာပြုအဖွဲ့ပိုင်သည့် မော်တော်က အောက်သို့ စုန်ဆင်းသွားခါ သာ ရှိသေးသည်။ သို့သော်လည်း ပေလေးဆယ်ရှည် တိုက်ရေယာဉ်ဟောင်းကြီးက တော့ ကမ်းမှာကပ်ထားဆဲရှိသည်။ ဆေးရုံထဲမှ စစ်သားတချို့ထွက်လာပြီး လက်ဝှေ ရမ်းပြသည်။ ဘုန်းတော်ကြီး၏အိမ်ထဲမှ ဟင်နာ ထွက်လာသည်။ ကျွန်တော် တစ်ပတ် ပြန်ပ ဲ ၀ဲညပြီး တစ်ဘက်ကမ်းလေယာဉ်ကွင်းသို့ ဆင်းခဲ့သည်။

လေယာဉ်ကွင်းတွင် စက်သေနတ်ကြီးနှစ်လက်နှင့် စစ်သားဆယ်ယောက်ကို အစောင့်အဖြစ် အမြဲတမ်းတာဝန် ချထားသည်။ စခန်းတာဝန်ခံ တပ်ကြပ်ကြီးက စစ် သားတစ်ယောက်ကိုခေါ်ပြီး စက်တပ်လှေကလေးဖြင့် တစ်ဘက်ကမ်းသို့ ကျွန်တော့်အား လိုက်ပို့စေသည်။

ဆိပ်ကမ်းမှာ ဟင်နာစောင့်နေသည်။ "မင်းက ဇိမ်ဆွဲပြီး အေးအေးဆေးဆေး လုပ်နေတာပေါ့လေ" ဟု မကျေနပ်သံနှင့် ဆီးပြောသည်။

"သေပြေးရှင်ပြေး လာရမယ်လို့ ဘယ်သူကမှ ကျုပ်ကိုမပြောဘူး၊ ဘာကိစ္စ ပေါ်နေလို့လဲ"



"မင်းမိတ်ဆွေ ဟူနာလူမျိုးတွေဆီ ခရစ္စမတ်လက်ဆောင်ကလေးတွေ သွားချ ပေးမလို့"

အထုပ်ကြီးနှစ်ထုပ်ကို လှေထဲမှာရှိနေသည့် စစ်သားအား လှမ်းပေးသည်။ ပြီးတော့ သူပါ လှေထဲသို့ဆင်းသွားပြီး ချည်ထားသည့်ကြိုးကို ဖြုတ်လိုက်သည်။ "လှေကို ငါ်လွှတ်ပေးလိုက်မယ်၊ ငါ အလုပ်ကလေးတွေရှိသေးလို့ ဟိုဘက်ကူးနှင့်တော့မယ်၊ ဘုန်းတော်ကြီးအိမ်ထဲမှာ အယ်လ်ဘာတ်တိုရှိနေတယ်"

လှေဦးပိုင်းမှာ သူသွားထိုင်ပြီး စီးကရက်တစ်လိပ်ကို ညှိသည်။ ပြီးတော့ သူ့လက်များကို ဂျာကင်အင်္ကျီအိတ်ထဲသို့ ထည့်ထားလိုက်သည်။

ကျွန်တော်သည် ဘာမျှနားမလည်နိုင်အောင်ဖြစ်ပြီး အကျိုးအကြောင်းကို ချက်ချင်းသိချင်နေသည်။ ထို့ကြောင့် နောက်ပြန်လှည့်ပြီး ကမ်းနားတစ်လျှောက် ခပ် သုတ်သုတ် လျှောက်နေမိသည်။ ကမ်းစပ်မှာ ကင်းစောင့်နေသည့် စစ်သားတစ်ယောက် ကို တွေ့ရသည်။ စိတ်ပျက်ပြီး ငြီးငွေ့နေပုံရသည်။ ဘုရားရှိခိုးကျောင်းအဝင်တွင် စက် သေနတ်ဆင်ထားပြီး စစ်သားနှစ်ယောက် စောင့်နေသည်။

ဘုန်းတော်ကြီးကွန်တီ၏ အိမ်ထဲမှာ ဗိုလ်မှူးကြီးအယ်လ်ဘာတ်တိုကို တွေ့ရ သည်။ ကုတင်သေးသေးပေါ်တွင် လှဲနေပြီး၊ ဆေးတပ်သားတစ်ယောက်က သူ့ညာဘက် ခြေထောက်မှ အနာကို ဆေးထည့်ပေးနေသည်။ လက်တစ်ဘက်က ဖန်ခွက်၊ ကျန်တစ် ဘက်က ဘရန်ဒီပုလင်းတစ်လုံးကို ကိုင်ထားသည်။

"ဟော. . . ဆီညော်မာလိုရီ၊ လာဗျာ၊ အင်မတန်ဆိုးတဲ့ ကျွန်တော့်ရန်သူတွေ အပေါ် အကြမ်းပတမ်း မဆက်ဆံချင်ပါဘူး၊ ဒီကောင်တွေက ငရဲမီးလိုပဲ၊ အရိုးအထိ လောင်တယ်"

"ကိုယ့်ရဲဘော်တွေ မခံရဖို့ အရေးကြီးတယ်မဟုတ်လား"

"ကပ္ပတိန်ဟင်နာ ရှင်းပြပြီးပြီလား"

"ဟူနာတွေကို ခရစ္စမတ်လက်ဆောင် ပေးစရာရှိတယ်လို့ပြောပြီး မြစ်ဟိုဘက် ကမ်းကို ကူးသွားတယ်၊ သူပြောတာ ကျွန်တော်နားမရှင်းဘူး၊ ပြောပါဦး"

"နိုးနိုးပါပဲ၊ သူနဲ့အတူနေတဲ့ ဟူနာကပြားတစ်ယောက်ကို ကျွန်တော်စည်းရုံး ထားတယ်၊ သူတို့ရဲ့ အဓိကရွာကြီး ဘယ်နားမှာရှိတယ်ဆိုတာ ပြောတယ်၊ မြေပုံပေါ်မှာ ကျွန်တော်မှတ်ထားတယ်၊ ဒီကနေ မိုင်လေးဆယ်လောက် ဝေးတယ်"

"ခင်ဗျားတို့ ဝင်တိုက်တော့မှာလား"

အယ်လ်ဘာတ်တိုက ကျယ်လောင်စွာ ရယ်လိုက်သည်။ သူ့နဖူးမှာ ချွေးစို့နေသည်။

"မဖြစ်နိုင်ဘူး၊ အဲဒီရွာကိုရောက်အောင် သုံးပတ်လောက် ကျွန်တော်တို့ ခြေ

www.burmeseclassic.com

www.burmeseclassic.com



နောက်ပြန်ကြည့်လိုက်သောအခါ နောက်နားတွင် မန်ရိုးကိုတွေ့ရသည်။ သဘော်ထက် တန်းနားတွင်မူ တပ်ကြပ်ကြီးနှင့် ရဲသားသုံးယောက် ရပ်နေသည်ကို တွေ့ရသည်။

သူတို့ တပြိုင်တည်း လှမ်းပစ်လိုက်ကြပြန်သည်။ မန်ရိုး၏ လက်နှစ်ဘက် မြောက်သွားပြီး ပျောက်သွားလေတော့သည်။ အသက်ကို ဝအောင်ရှူပြီး ရေအောက် သို့ ငုပ်လိုက်သည်။ ရှိသမျှ အင်အားများကိုသုံးပြီး ရှေ့သို့ အားကုန်ယက်လာခဲ့သည်။ ရေပေါ် သို့ ကျွန်တော် ပြန်တက်လိုက်သည်တွင် လမုတောထဲသို့ ကျွန်တော်ရောက်နေ ပြီ။ သဘော်လည်း မြင်ကွင်းမှ ပျောက်သွားတော့သည်။

လမုဝင်မြစ်မှာ ကျွန်တော်တွယ်ပြီး ခဏနားနေသေးသည်။ သည်နေရာမှာ ကြာကြာနေလျှင် မြွေအန္တရာယ်နှင့် တွေ့နိုင်ကြောင်း သတိထားမိသည်။ သို့သော်လည်း မာကာဒေါ်စ်နှင့်စာလျှင်တော့ အများကြီး တော်ပေလိမ့်မည်။

ရေထဲသို့ ကျွန်တော် ပြန်ဆင်းလာခဲ့သည်။ ရေစီးကြောင်းအတိုင်း မျော လိုက်လာခဲ့သည်။ မြူတွေကြားမှ အိမ်ခေါင်မိုးများကို လှမ်းမြင်ရလေသည်။ ပြီးတော့ ကမ်းမှာကပ်ထားသည့် လှေကလေးများရှိရာသို့ ကူးလာခဲ့သည်။

ကမ်းပေါ်ရှိ တဲတစ်လုံးမှ လူတစ်ယောက် ကျွန်တော့်ကို လှမ်းကြည့်နေသည်။ အနီးဆုံးလှေကို ကျွန်တော် ဖြုတ်ယူလိုက်သောအခါ ထိုသူက တစ်စုံတစ်ရာ အော်ပြော သံ ကြားရသည်။ သူ သို့မဟုတ် အခြားသူ တစ်ယောက်ယောက်၏ မရှိမဖြစ် အဖိုးတန် ပစ္စည်းတစ်ခုကို ကျွန်တော်ယူမိပြီ ဖြစ်သည်။ တက်တစ်ချောင်းကိုပါ ဆွဲယူပြီး ရေစီး ကြောင်းထဲသို့ ကျွန်တော် တွန်းထုတ်လိုက်တော့သည်။

သဘော်ကို နောက်ပြန်လှည့်ပြီး မြစ်ကြောင်းထဲမှာ ရှာလိမ့်မည်ဟုတော့ ကျွန်တော်မထင်။ သို့သော်လည်း ရှာဖွေမှုကိုတော့ ဖြစ်နိုင်သည့်အချိန်တွင် အမြန်ဆုံး သူတို့လုပ်ကြပေလိမ့်မည်။ သည်ရွာကလေးက လှေကိုယူပြီး လှော်ပြေးပြီဖြစ်ကြောင်း သူတို့သိလျှင် ပျော်စရာလုပ်ငန်းကလေး စ,ပေတော့မည်။

သူတို့နှင့် ဝေးနိုင်သမျှ ဝေးသောနေရာသို့ရောက်ဖို့ အရေးကြီးသည်။ နီးဂရိုး မြစ်တွင်းသို့ရောက်လျှင် အကြောင်းမဟုတ်ပြီ။ မြစ်ကမ်းနှစ်ဘက်မှာ နေကြသူများသည် ယဉ်ကျေးမှု မတိုးတက်သေးသော လူများဖြစ်သည်။ အစိုးရကို သူတို့မသိ။ ပုလိပ်ကို သူတို့မသိ။ ကျွန်တော့်လက်နှင့် ခြေထောက်မှ သံကြိုးများ၏ အဓိပ္ပာယ်ကို သူတို့သော ကံကောင်းထောက်မလျှင် ကူညီမည့်သူနှင့်ပင် တွေ့နိုင်သည်။

□

နှစ်မိုင်လောက်သွားမိတော့ နီးဂရိုးမြစ်နှင့် ဆုံသည်နေရာနှင့် နီးကပ်ထား



ဖြစ်ကြောင်း သိရသည်။ ရေစီးကြောင်းက ကျွန်တော့်ကို ဆွဲခေါ်သွားပြီ။ သည်နေရာမှာ အများကြီး သတိထားရမည်။ အမှားတစ်ချက်ပြုမိလျှင် ဘဝဆုံးပြီ။

လှေကို ဘယ်ဘက်ကမ်းဆီသို့ လှော်ခဲ့သည်။ ကမ်းနှင့် ကိုက်ငါးဆယ်လောက် အကွာမှ လှော်ခြင်းသည် စိတ်အချရဆုံးဖြစ်ကြောင်း တွေ့ရသည်။ ခဏကြာတော့ လမုပင်များအနီးသို့ ရောက်လာသည်။ တစ်ချိန်တည်းမှာပင် အလွန်ပြင်းထန်သည့် ရေစီး ကြောင်းနှင့် ရုတ်တရက် တွေ့လိုက်ရသည်။

အလွန်သန်မာသည့်လက်ဖြင့် ကိုင်ပြီးလှုပ်လိုက်ဘိသကဲ့သို့ လှေက ဘယ်ညာ လူးသွားသည်။ လက်ထဲမှ လှော်တက် ရေထဲသို့ လွတ်ကျသွားသည်။ ရေထဲသို့ ထိုးကျ တော့မည်ဖြစ်သဖြင့် လှေနံရံကို ဆုပ်ကိုင်လိုက်မိသည်။ သည်တော့မှ စောက်ထိုးမိုးမျှော် ဖြစ်ပြီး လှေမှောက်ကာ လူလည်း ရေထဲသို့ ထိုးကျသွားတော့သည်။

ရေက အတိမ်ကလေးဖြစ်သည်။ အောက်ကို ခြေထောက်မိသည်။ သို့သော် လည်း ရေစီးကသန်လွန်းသဖြင့် ရပ်မနေနိုင်။ ပြောင်းပြန်လန်နေသည့်လှေကို မလွှတ်ဘဲ ရေစီးကြောင်းအတိုင်း အလိုက်သင့် မျောလိုက်လာရသည်။

တဖြည်းဖြည်းနှင့် ရေစီးသန်လာသည်။ လမုပင်များရှိသည့်ကမ်းသို့ ကပ်ခဲ့ သည်။ လှေကို ပြန်လှန်ရသည်။ တက်မရှိလျှင် ထိုးဝါးတော့ရှိရမည်။ ထို့ကြောင့် ဝါးတစ် ချောင်းကိုယူပြီး လိုသလောက်အရှည်ကို လမုပင်မြစ်နှင့် ကလန့်ပြီး ချိုးလိုက်သည်။

ပတ်ဝန်းကျင်အခြေအနေကို ကြည့်သည်။ နီးဂရိုးမြစ်ထဲသို့ စီးဝင်သည့် ကျွန်- တော်မျောလာရာ မြစ်ဝသို့ရောက်ဖို့ နှစ်ဖာလုံလောက်သာ လိုတော့သည်။ ထိုးဝါးကို အားပြုပြီး ရေစီးကြောင်းသို့ ကျွန်တော် လိုက်ခဲ့ပြန်သည်။ အခြေအနေ အများကြီး ကောင်းသွားလေပြီ။

သိမ်းမြစ်ထဲမှာ နွေရာသီ တနင်္ဂနွေနေ့ ညနေခင်းတွင် စက်တပ်လှေကလေး နှင့် မျှောနေရသလို ခံစားလိုက်ရသည်။ ဓာတ်စက်တစ်လုံးနှင့် အလွန်တရာ ချောမော လှပသည့် ကောင်မလေးတစ်ယောက်လောက်သာ လိုတော့သည်။ ခဏကြာတော့ ဖျံနှာမောင်းသည် လှေထဲမှာ ခေါက်လှန်ရင်း ထီးအောက်မှနေ၍ ကျွန်တော့်ကို ရယ်ပြ နေသည်ဟု မြင်ယောင်လာသည်။

သို့သော်လည်း သူရယ်ပုံက အကောင်းရယ်ပုံမဟုတ်။ အသက်ကို ဝအောင်ရှူ ပြီး စိတ်ကူးထဲမှ သူ့ရုပ်ကို မောင်းထုတ်ပစ်လိုက်ပြီး ကိုယ့်ခရီးကိုယ် ထိုးဝါးတစ်ချောင်း နှင့် ဆက်ရတော့သည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com



တဲထဲမှလူတွေ ပြေးထွက်လာကြပြီး ကျွန်တော်တို့ကို မော့ကြည့်နေကြသည်။ လူပေါင်းနှစ်ရာသုံးရာလောက် ရှိမည်။ ပေသုံးရာအမြင့်သို့ ကျွန်တော်ဆင်းခဲ့သည်။ ကျွန်တော်တို့လေယာဉ်ပျံ ဝဲနေသော်လည်း မည်သူမျှ ထွက်ပြေးပုန်းရှောင်ခြင်း မပြု။ မဆင်းနိုင်ကြောင်းသိ၍လည်း ဖြစ်နိုင်သည်။ လေယာဉ်ပျံနှင့် ယဉ်ပါးနေသောကြောင့်လည်း ဖြစ်နိုင်သည်။ အတော်များများက မြားများကို တစ်စင်းပြီးတစ်စင်း ကျွန်တော်တို့ဆီသို့ ပစ်လွှတ်နေသည်။

"အလကား တိရစ္ဆာန်တွေ မင်းမြင်ပြီမဟုတ်လား"

ဟင်နာတ ခက်ထန်သည့်အသံနှင့် ရယ်လိုက်သည်။

"ကောင်းပြီ ချာတိတ်၊ ပေတစ်ရာလောက်အထိ ဆင်းကွာ၊ အမြန်နှုန်းကိုတော့ မင်းကြိုက်သလောက် လျှော့ချလိုက်"

ညာဘက်သို့ ကျွန်တော်စောင်းပြီး သစ်ပင်ထိပ်ဖျားများပေါ်သို့ နှိမ့်ဆင်းလိုက်သည်။ ဟင်နာက ဘေးမှတံခါးကိုဖွင့်လိုက်သဖြင့် အတွင်းသို့ လေတဟူးဟူး ဝင်လာသည်။ ရွာကြီးက ကျွန်တော်တို့ရှေ့မှာ ရှိနေသည်။ အောက်ကလူများက ကျွန်တော်တို့ကို မော့ကြည့်နေကြသည်။ မြားတွေလည်း တက်လာသည်။ ထိရောက်မှုကား မရှိ။

လေယာဉ်ကိုထိန်းပြီး လှမ်းကြည့်လိုက်တော့ လူအုပ်အလယ်တွင် မီးလုံးကြီး တစ်လုံး ပေါက်ကွဲသွားသည်ကို တွေ့လိုက်ရသည်။ တစ်ဆက်တည်းမှာပင် ဒုတိယတစ်လုံး ပေါက်ကွဲပြန်သည်။ အလွန်တရာဆိုးဝါးသည့် မြင်ကွင်းတို ကျွန်တော် မြင်လိုက်ရသောကြောင့် အသက်ရှူ ရပ်တော့မလိုဖြစ်မိသည်။

သည်အဖြစ်မျိုးနှင့် ကြုံရလိမ့်မည်ဟု ကျွန်တော် ကြိုတင်တွက်ဆခဲ့ဖို့ ကောင်းသည်။ ယခုတော့ လက်လွန်ကုန်ပြီ။ ဟင်နာက အရူးတစ်ယောက်လို တဟားဟား ရယ်နေသည်။ တစ်ပတ်ပြန်ဝဲပြီး မီးခိုးလုံးများထဲမှာ ကျွန်တော်တိုးကြည့်သည်။ အလောင်းတွေ ပြန့်ကြဲနေသည်။ တဲများလည်း တစ်လုံးပြီးတစ်လုံး မီးစွဲလောင်နေသည်။

"ခွေးတိရစ္ဆာန်တွေ၊ ဒါမျိုးကို သဘောကျတယ် မဟုတ်လားဟေ့" ဟု တံခါးပေါက်မှ ဟင်နာက လှမ်းအော်သည်။ ကျွန်တော်က လေယာဉ်ပျံကို ဘယ်ညာစောင်းပစ်လိုက်သည်။ ဟင်နာ ဟန်ချက်ပျက်သွားပြီး ထိုင်ခုံပေါ်သို့ ပြန်ကျသွားသည်။

ကြက်သွေးရောင် ပန်းပွင့်ကြီးလို ထိုးတက်လာသည့် မီးတောက်ကြီးကို တစ်ချက်လှမ်းကြည့်လိုက်ပြီး ကျွန်တော် ပြန်လှည့်လာသည်။

❑

စန်တာဟယ်လီနာသို့ အပြန်ခရီးတွင် ကျွန်တော့်စိတ်တွေ ထုံထိုင်းထိုင်း ဖြစ်



နေသည်။ မြင်ခဲ့ရသည့် အဆိုးရွားဆုံးမြင်ကွင်းက ကျွန်တော့်မျက်စိထဲမှ ထွက်မသွား။

လေယာဉ်ကွင်းမှာ ထိုးဆင်းပြီး စက်ရပ်လိုက်သည်။ မလှုပ်မယှက် ကျွန်တော် ထိုင်နေမိသည်။ သို့သော် လက်တွေက ဆတ်ဆတ်တုန်နေသည်။ နှုတ်ခမ်းတွေ ခြောက်လာသည်။ အံကို တင်းတင်းကြိတ်ထားမိသည်။ ဟင်နာက နောက်မှတံခါးကိုဖွင့်ပြီး ခုန်ဆင်းလိုက်သည်။ ကျွန်တော့်တံခါးကို ဖွင့်လိုက်တော့ လက်ဝါးနှင့်အုပ်ပြီး စီးကရက်မီးညှိနေသည့် ဟင်နာက အောက်မှာရပ်နေသည်။

"ပထမဆုံး အတွေ့အကြုံဆိုတော့ မင်းစိတ်ထိခိုက်နေမှာပေါ့ ချာတိတ်ရာ" ဟု ကျွန်တော့်ကိုမော့ကြည့်ကာ ပြုံးပြီးပြောသည်။

သူ့ကို ကျွန်တော် ခုန်အုပ်လိုက်သည်။ ကျွန်တော့်လက်သီးက သူ့မျက်နှာဆီသို့ တည့်တည့်ဝင်သွားသည်။ နှစ်ယောက်စလုံး မြေပြင်ပေါ်သို့ လုံးထွေးကျသွားသည်။ သူ့လည်ပင်းကို လက်နှစ်ဘက်ဖြင့် အားရှိသလောက် ကျွန်တော်ဖျစ်ထားသည်။ မမျှော်လင့်ဘဲ အလစ်တွင် အတိုက်ခိုက်ခံရသော်လည်း ထင်သလောက် မထိရောက်။ ဟင်နာသည် အလွန်သန်မာလှသူ ဖြစ်သည်။ တစ်ဆက်တည်း အော်သံတွေကြားရသည်။ လူအတော်များများက ကျွန်တော့်ကိုဝိုင်းဆွဲပြီး သူနှင့် လူချင်းခွဲပစ်လိုက်သည်။

တပ်ကြပ်ကြီးက ကျွန်တော့်မေးစေ့ကို ခြောက်လုံးပြူးနှင့် ထောက်ထားသည်။ ချက်ချင်းဆိုသလိုပင် ဗိုလ်မှူးကြီး အယ်လ်ဘာတ်တို ရောက်လာသည်။ သူ့လက်ထဲမှာ ခြောက်လုံးပြူးသေနတ် ပါလာသည်။ သူ့လူများကို ဘေးဖယ်ခိုင်းလိုက်သည်။ ပြီးတော့ ကျွန်တော့်ကို တည့်တည့်စိုက်ကြည့်နေသည်။

"ခင်ဗျားကို ဖမ်းရမယ်ဆိုရင် ကျွန်တော် စိတ်မကောင်းဖြစ်မှာ အမှန်ပဲ ဆီညော်မာလိုရီ၊ ဒါပေမယ့် လိုအပ်လာရင်တော့ ဖမ်းရလိမ့်မယ်၊ ဒီနေရာဟာ စစ်အုပ်ချုပ်ရေးနယ်မြေဆိုတာ မမေ့ပါနဲ့၊ ပြီးတော့ ကျုပ်ဟာ ဒီနယ်မြေကို အုပ်ချုပ်နေတဲ့သူ"

"ခင်ဗျား ဘာကောင်ကြီးဖြစ်နေနေ သောက်ဂရုမစိုက်ဘူး၊ ဟိုခွေးသားကြီး ဘာတွေလုပ်ခဲ့သလဲ ခင်ဗျားသိသလား၊ အနည်းဆုံး လူငါးဆယ်လောက်ကို သူသတ်ခဲ့တယ်၊ ဒီလိုသတ်နိုင်အောင် ကျုပ်က သူ့ကို ကူညီခဲ့ရတယ်"

အယ်လ်ဘာတ်တိုက ဟင်နာဘက်သို့လှည့်သွားပြီး အိတ်ထဲမှ စီးကရက်ဘူးကို ထုတ်တည်သည်။ "ဒီလိုဆို အလုပ်ဖြစ်ခဲ့ပြီပေါ့"

"သိပ်ဖြစ်ပေါ့ဗျာ" ဟုပြောရင်း ဟင်နာက စီးကရက် လှမ်းယူသည်။

အယ်လ်ဘာတ်တိုက ကျွန်တော့်ဘက် လှည့်လာပြန်သည်။ စီးကရက်ကမ်းပေး သည်။ ကျွန်တော်ကလည်း စက်ရုပ်တစ်ရုပ်လို တစ်လိပ်လှမ်းယူသည်။

"အင်မတန်ခက်ခဲတဲ့ အခြေအနေတွေပါ ဆီညော်မာလိုရီ၊ ကျွန်တော်က ခင်ဗျားတို့နှစ်ယောက် ဒီတာဝန်ကို ယူပေးစေချင်တာ၊ ခင်ဗျားစိတ်ထိခိုက်မယ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



လာပြန်သည်။ သည်တစ်ခါတော့ မရပ်တော့။

ကျွန်တော့်ညာဘက်မှာ အတန်ငယ်မြင့်သည့် သောင်ခုံကြီးရှိသည်။ ထိုပေါ်သို့ ကုတ်ကတ်တက်သွားသောအခါ ကလေးနှစ်ယောက်ကို တွေ့ရသည်။ ယောကျ်ားကလေးနှင့် မိန်းကလေး သစ်ရိပ်၏ဟိုဘက်စွန်းမှာ တစ်ယောက်ကိုတစ်ယောက် ဖက်ထားကြသည်။ မိကျောင်းတစ်ကောင်က နှုတ်သီးကိုတန်းပြီး သူတို့ဆီသို့ တွားသွားနေသည်။

သူတို့နောက်မှာ ရေနက်ပိုင်းရှိသည်၊ ဆုတ်စရာမရှိတော့။ ပြီးတော့ မိန်းကလေးက ပီဘိကလေးလေး၊ ကိုးကွယ်ရာမဲ့သူလိုသာ အော်နေရတော့သည်။ ယောကျ်ားကလေးက မိန်းကလေးကိုလွှတ်ပြီး မိကျောင်းဘက်သို့ တိုးထွက်လိုက်သည်၊ ပြီးတော့ ရှိသမျှ အသံအားလုံးကို ညှစ်ထုတ်ပြီး မိကျောင်းကို အော်ဟစ်ခြောက်လှန့် တောင်းသည်၊ သူ့အသက်မှာ ရှစ်နှစ်လောက်သာ ရှိပေဦးမည်။

ကျွန်တော့်ဘ၀ သက်တမ်းတစ်လျှောက်တွင် တွေ့ခဲ့ဖူးသမျှသော သူရသတ္တိ အပြည့်အစုံဆုံး လူများထက်ပို၍ သူရသတ္တိရှိလွန်းသော ကလေးဖြစ်ချေသည်။

သူတို့ဘက် ဆင်ခြေလျှောသို့ ကျွန်တော် ပြေးဆင်းလိုက်သည်။ ကျွန်တော့် ခြေထောက်မှာခတ်ထားသည့် ခြေချင်းကို မေ့သွားသည်။ ထို့ကြောင့် တုပ်ပြီး ရှေ့သို့ ဟပ်ထိုးလဲကျသွားသည်။ နှစ်ပတ်လောက် ထပ်လိမ့်သွားသေးသည်၊ တစ်ပေလောက် နက်သည့် ရေထဲသို့ ကျွန်တော်ရောက်သွားသည်။ ဟိုဘက်ချောက်ထဲသို့ကျလျှင် တစ် ဖတ်သိမ်းချေပြီ။ တစ်စုံတစ်ယောက်က အမြင့်ဆုံးအသံဖြင့် အော်ဟစ်နေသည်။ ကျွန် တော့်ကို လှမ်းအော်နေသည်ဟု ထင်ရသည်။ မိကျောင်းသည် ကလေးများကို ကျောခိုင်း ပြီး ကျွန်တော့်ဘက်သို့ ဦးတည်လာသည်။ မေးရိုးကြီးများ ဟစီဟစီ လုပ်နေသည်။

သော့ခတ်ထားသည့် သံကြိုးစုမိအောင် လက်ချင်းပူးလိုက်ကာ အရှုပ်ဆိုးလှ သော နှုတ်သီးကြီးပေါ်သို့ အချက်ပေါင်းများစွာ တရကြမ်း ရိုက်တော့သည်၊ ကလေးနှစ် ယောက်သည် နေရာမှ ထွက်ပြေးရန်ကိုလည်း ပေါ်တူဂီဘာသာဖြင့် အဆက်မပြတ် အော်ပြောနေမိသည်။ ကလေးနှစ်ယောက် ကြောက်လန့်တကြား ထွက်ပြေးသွားသည်ကို သံကြိုးနှင့် တရစပ်ရိုက်နေသည့်ကြားက ကျွန်တော် သတိထားလိုက်မိသည်၊ ထိုအချိန် မှာပင် မိကျောင်း၏ ကြီးမားသောအမြီးကြီးက ကျွန်တော့်ခြေထောက်ကို ရိုက်ချလိုက် လေသည်၊

သေနတ်သံတစ်ချက် ထွက်လာသည်၊ မိကျောင်း၏ နှာတံပေါ်မှာ ကျည်ဆန် ဖောက်ဝင်သွားသည်ကို တွေ့လိုက်ရသည်၊ မိကျောင်းလည်း ရေထဲသို့ လျှောကျသွား သည်၊ ရေပြင်ပေါ်မှာ သွေးလွှမ်းသွားသည်၊

ခဏကြာအောင် ရေထဲမှာ ကျွန်တော် ပက်လက်လှန်နေမိသည်၊ ပြီးတော့ ဘေးသို့လှိမ့်ပြီး ဒူးထောက်ထိုင်လိုက်သည်၊ ကမ်းပေါ်မှာ လူတစ်ယောက်ရပ်နေသည်၊



ကိုယ်လုံးကိုယ်ထည် သေးသော်လည်း သန်စွမ်းပုံရသည်၊ အသားညိုသည်၊ ဥရောပ ဆိုက်သားလို ဆံပင်ကို ညှပ်ထားသော်လည်း အင်းဒီးယန်းလူမျိုးလိုပဲ ဖြစ်ရမည်၊ ရှပ် အင်္ကျီနှင့် ချည်ဘောင်းဘီကို ဝတ်ထားသည်၊ ကလေးများက သူ့ခြေထောက်ကိုဖက်ပြီး သည်းထန်စွာ ငိုကြွေးနေကြသည်၊

ကျွန်တော့်ကိုချိန်ထားသည့် သူ့လက်ထဲမှ ရိုင်ဖယ်သေနတ်သည် ဗြိတိသျှ စစ်တပ်သုံး အိန်းဖီးရိုင်ဖယ်အမျိုးအစား ဖြစ်သည်၊

ချိန်ထားသည့် ထိုသေနတ်ဖြင့် သူဘာလုပ်မည်ကို ကျွန်တော်မသိ၊ ဘာကိုမှ လည်း ကျွန်တော် ဂရုမစိုက်တော့၊ သံကြိုးခတ်ထားသည့် လက်နှစ်ဘက်ကိုမပြီး အားပါး တရ ရယ်ချလိုက်တော့သည်၊ မဆုံးနိုင်အောင် ရယ်မောရင်းဖြင့်ပင် ကျွန်တော် သတိ လစ်သွားလေတော့သည်။

— (၂)

သတိပြန်ရတော့ မိုးရွာနေသည်။ ကောင်းကင်က မှောင်နေသည်၊ ကြယ်တွေ သည်း အမှောင်ထဲမှာ ပျောက်ကုန်ပြီ၊ မီးဖိုတစ်ခုဘေးမှာ ကျွန်တော် လှဲနေသည်၊ ကောင်းကင်နောက်ခံတွင် တဲတစ်လုံး၏အမိုးကိုလည်း မြင်ရသည်၊ အောက်ဘက်က ရေစီးနေသံကြားရသည်။

ကျွန်တော် ထ,ထိုင်ဖို့ကြိုးစားသည်၊ ကျွန်တော့်ကိုယ်ပေါ်မှာ ခြေနှင့်လက်ကို ခတ်ထားသည့် သံခြေချင်း၊ တွယ်ကပ်နေသည့် မျှော့မည်းကြီးများမှတပါး အဝတ် အစား လုံးဝမရှိသည်ကို တွေ့ရသည်၊

လက်တစ်ဘက်က ကျွန်တော့်ကို ပြန်တွန်းချလိုက်သည်၊ “ကျေးဇူးပြုပြီး ငြိမ် ငြိမ်လေးနေလိုက်ပါ ဆီညော်”

ကျွန်းပေါ်မှာ ကျွန်တော်တွေ့ခဲ့ရသည့် မိတ်ဆွေသည် ကျွန်တော့်ဘေးမှာ ထိုင်လျက်ရှိသည်။ ဆေးပြင်းလိပ်ကြီးတစ်လိပ်ကိုလည်း ဖွာနေသည်၊ ဆေးပြင်းလိပ် မီးခဲလာသောအခါ ကျွန်တော့်ကိုယ်ပေါ်မှာ တွယ်နေသည့် မျှော့နက်ကြီးကို တို့လိုက် သည်၊ တစ်ချက်တည်း ကွာကျသွားသည်၊

“ထိုင်ချင်ရင် ထိုင်လို့ရပါပြီ ဆီညော်”

“အဲဒါတွေ ကွာအောင်လုပ်ပါဦး” ကျွန်တော့်အသားများ ယားကျိကျိ ဖြစ်နေသည်၊

ဆေးပြင်းလိပ်တစ်လိပ်ကို ထပ်ညှိပြီး ယဉ်ကျေးသိမ်မွေ့စွာဖြင့် ကျွန်တော့်ကို ပေးသည်၊ ပြီးတော့ သူ့ဆေးပြင်းလိပ်ကြီးကို မီးရဲအောင်ဖွာပြီး ကျွန်တော့်ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှ မျှော့များကို ဆက်ခွာချပေးနေသည်။ အရိပ်များနောက်မှာ ကလေးနှစ်ယောက်က ရပ်ကြည့်နေသည်။ သူတို့မျက်နှာပေါ်မှ စိုးရိမ်မှုကို မီးရောင်မှာ မြင်နေရသည်။

"ကလေးတွေ ဘာမှမဖြစ်ဘူးနော်" ဟု ကျွန်တော်က မေးသည်။

"လူကြီးမင်းရဲ့ကျေးဇူး အင်မတန် ကြီးပါပေတယ်ခင်ဗျာ၊ ကလေးတွေဟာ နောက်ဘက်ကို ဆုတ်လမ်းမရှိတော့ပါဘူး၊ ကျွန်တော့်ဖောင်ကိုမြင်ဖို့ အဲဒီကျွန်းမှာ ခဏဆိုက်တာပါ။ ကျွန်တော်လဲ ကျောခိုင်းလိုက်ရော ကလေးနှစ်ယောက်လဲ ပျောက်သွားတာပါပဲ"

"ဖောင်. . ." ကျွန်တော် မျက်မှောင်ကုတ်လိုက်သည်။ "ကျုပ် ဘယ်ရောက်နေသလဲ"

"လူကြီးမင်း ကျွန်တော့်ဖောင်ပေါ်မှာ ရောက်နေပါတယ် ခင်ဗျာ၊ ကျွန်တော့်နာမည် ဘာတိုလိုမီယိုဒီကိုစတာ ဖြစ်ပါတယ်၊ ကျွန်တော်က ဘော်ဆီရိုလူမျိုးဖြစ်ပါတယ်"

၈

ဘော်ဆီရိုလူမျိုးဟူသည်မှာ ဘရာဇီးလ်နိုင်ငံ၏ ဂျစ်ပစီလူမျိုးများ ဖြစ်သည်။ သူတို့က ရေထဲမှာ လှည့်ပတ်သွားလာနေတတ်ကြသည်။ ပွဲထိန်းပါသည့် ဖောင်ကြီးများပေါ်မှာ မိသားစုလိုက်တင်ပြီး အမေဇုံနှင့် နီးဂရိုးမြစ်ရိုးတစ်လျှောက် လှည့်လာခေါက်တုံ့သွားလာနေကြသည်။ အချို့ဖောင်များမှာ ပေတစ်ရာကျော်အထိ ရှည်လျားသည်။ ကုန်ပစ္စည်းများကို သူတို့ဖောင်များဖြင့် သယ်ဆောင်ပေးကြသည်။ သယ်ယူပို့ဆောင်ခ အလွန်သက်သာသည်။

ယခုတော့ ကဲတရားက နောက်ဆုံးတွင် ကျွန်တော့်ဘက်သို့ ရောက်လာပြန်ပြီ။ နောက်ဆုံးမျှော့ကို ခွာချပြီးသောအခါ အဝတ်ဟောင်းတစ်စုံကို ဝတ်ထားသည့် ဆံပင်နက်နက်နှင့် မိန်းမတစ်ယောက် တဲအတွင်းမှ တိတ်ဆိတ်ငြိမ်သက်စွာ ထွက်လာသည်။ ပြီးတော့ ကျွန်တော့်ဘေးမှာ ထိုင်ချသည်။ သူ့လက်ထဲတွင် ကြွေရည်သုတ်မတ်ခွက်တစ်လုံး ကိုင်ထားသည်။

အငွေ့တထောင်းထောင်းထအောင် ပူသည့် ကော်ဖီကြမ်းဖြစ်သည်။ သည်လောက် အရသာရှိသည့်အရာကို သည်ဘဝတစ်သက်တွင် ကျွန်တော် စားသောက်ခဲ့ဖူးသည် မထင်။ ကျွန်တော့်ကိုယ်ပေါ်မှာ စောင်ဟောင်းတစ်ထည်ကို လွှမ်းခြုံပေးသည်။ ရုတ်တရက် ကျွန်တော့်လက်တစ်ဘက်ကို ဆွဲယူနမ်းကာ မျက်ရည်တတွေတွေ ကျလာသည်။ ပြီးတော့ အဝေးသို့ ထွက်ပြေးသွားတော့သည်။

"ကျွန်တော့်မိန်းမပါ ခင်ဗျာ၊ ညာလာလို့ ခေါ်ပါတယ်၊ သူ့ကို ခွင့်လွှတ်ပါခင်ဗျာ၊



ကလေးတွေနဲ့ပတ်သက်ပြီး လူကြီးမင်းကို သူ ကျေးဇူးတင်စကား ပြောချင်ပါတယ်၊ ဒါပေမယ့် မပြောတတ်နိုင် ဖြစ်နေပါတယ်" ဟု ဘာတိုလိုမီယိုက ရှင်းပြသည်။

ကျွန်တော်လည်း ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်နေသည်။ ထိုအချိန်မှာပင် ကလေးနှစ်ယောက်က ရှေ့သို့တိုးလာသည်။

"ဒါက ကျွန်တော့်သား ဖလာဗီယို၊ ဟိုဟာက သမီး ခရစ္စတီနာ"

ကလေးနှစ်ယောက်က ခေါင်းကလေးတွေ ညိတ်ကြသည်။ ကျွန်တော်က ယောက်ျားကလေးဆီသို့ လက်တစ်ဘက်ကို ကမ်းလိုက်သည်။ သံကြိုးကို မေ့သွားသည်။ လက်က သူ့ဆီသို့မရောက်။

"မင်းအသက် ဘယ်လောက်ရှိပြီလဲ"

"ခုနစ်နှစ်ပါ" ဟု လေသံနှင့် သူပြန်ဖြေသည်။

ကျွန်တော်က ဘာတိုလိုမီယိုကို လှမ်းပြောသည်။ "ကျွန်တော်ဝင်ပြီး ကြားမခံခင် ဘာဖြစ်သလဲ ခင်ဗျားသိသလား၊ သူညီမကို ကာကွယ်ဖို့ မိကျောင်းဆီကို အတင်းဝင်တာ သူပေါ့"

ထိုစကားကို ကြားရသောအခါ ကျွန်တော်တို့ စတင်သိကျွမ်းသည့် အချိန်ကလေးအတွင်း ပထမဦးဆုံးအကြိမ်အဖြစ် ဘာတိုလိုမီယို၏ စိတ်လှုပ်ရှားမှုကို ကျွန်တော်မြင်ရတော့သည်။ သူ့သား၏ ပခုံးပေါ်သို့ လက်တစ်ဘက် တင်လိုက်သည်။

"မသိပါဘူးခင်ဗျာ၊ ဒီအကြောင်းကို သူမပြောပြပါဘူး"

"အင်မတန်-သူရသတ္တိနဲ့ ပြည့်စုံတဲ့ကလေး"

ဘာတိုလိုမီယိုသည် သားကလေးကို ပွေ့ယူလိုက်သည်။ ပါးနှစ်ဘက်ကို နမ်းသည်။ သမီးကလေးကို နမ်းသည်။ ပြီးတော့ သူတို့နှစ်ယောက်ကို တွန်းလွှတ်လိုက်သည်။

"ကဲ- သားတို့ သမီးတို့ မေမေ ထမင်းချက်နေတာ သွားကူလိုက်ကြဦးနော်" တဆက်တည်း သူ ထိုင်ရာမှထသည်။ "လူကြီးမင်းရဲ့ သံကြိုးတွေဖြုတ်ဖို့ ကျွန်တော်တို့ လုပ်ကြဦးမှ"

တဲတွင်းသို့ သူဝင်သွားသည်။ ပြန်ထွက်လာတော့ အထုပ်ကလေးတစ်ခု ပါလာသည်။ ပတ်ထားသည့်အဝတ်ကို ဖြေလိုက်သောအခါ ဆူး၊ ဆောက်၊ တူ၊ ပလယာစသည်များ ထွက်လာသည်ကို တွေ့ရသည်။

"ဖောင်ပေါ်မှာဆိုတော့ လိုအပ်ရင်အသုံးတည့်အောင် ပစ္စည်းမျိုးစုံ ဆောင်ထားရပါတယ်"

"လူကြီးမင်းက မာကာဒေါ်စ် ချွေးတပ်စခန်းက လွတ်လာတာလား"

"အသွားပဲ ရှိပါသေးတယ်၊ လမ်းတစ်ဝက်မှာ သင်္ဘောပေါ်က ခုန်ချပြီး ထွက်ပြေးခဲ့တာ၊ သူတို့ သေနတ်နဲ့ပစ်လို့ အဖော်တစ်ယောက် သေခဲ့ရတယ်"

www.burmeseclassic.com

www.burmeseclassic.com

"အင်မတန် ဆိုးတဲ့နေရာ၊ အခုတော့ လွတ်ပါပြီလေ၊ သူတို့ ဒါကို ဘာသော့မျိုးနဲ့ ခတ်ထားတာလဲ"

"လှည့်တဲ့သော့မျိုးနဲ့ ခတ်ထားတာ"

"ဒါဆိုရင် ဖွင့်ဖို့လွယ်ပါတယ်"

သို့သော်လည်း သူထင်သလောက် မလွယ်။ ခြေထောက်မှသံကြိုးကို တစ်နာရီလောက်ကြာအောင် သူဖြုတ်နေရသည်။ လက်ကသံကြိုးကိုတော့ မိနစ်နှစ်ဆယ်လောက်နှင့် ဖြုတ်လိုက်နိုင်သည်။ သံကြိုးခတ်ထားသည့် နေရာများမှာ ပွန်းပဲ့နေသည်။ အမဲဆီလို ဆီတစ်မျိုးနှင့် သူက လိမ်းပေးသည်။ နာကျင်နေသည်များ ချက်ချင်း ပျောက်သွားသည်။ ထို့နောက် ပတ်တီးများ စည်းပေးသည်။

"လူကြီးမင်းရဲ့ အဝတ်အစားတွေကို ကျွန်တော့်မိန်းမက လျှော်ထားပေးပါတယ်၊ သားရေဂျာကင်အင်္ကျီနဲ့ ဖိနပ်ကလွဲရင် အားလုံးခြောက်ကုန်ပါပြီ၊ ဟိုဟာတွေကတော့ အချိန်နည်းနည်း စောင့်ရပါဦးမယ်၊ ကျွန်တော်တို့ ထမင်းအရင်စားကြတာပေါ့၊ ပြီးတော့မှ စကားပြောကြမယ်"

၁၄

အစားအစာများက နိုးနိုးကလေးပဲဖြစ်သည်။ ငါးဟင်း၊ ပလောပီနံ့ဥနှင့်လုပ်သည့် ပေါင်မုန့်၊ ငှက်ပျောသီး။ သို့သော်လည်း နတ်သုဒ္ဓါကို စားရဘိသကဲ့သို့ အရသာထူးခြားလှလေသည်။ တစ်သက်တွင် ဤမျှ အရသာထူးသည့်အရာကို မစားခဲ့ရဘူးသေးဟု ထင်မိသည်။

စားသောက်ပြီးကြတော့ ကျွန်တော်လည်း အဝတ်အစားများ ဝတ်ပြီးပြီ။ ညူလာက ကော်ဖီယူလာပေးပြီး ကလေးများနှင့်အတူ အတွင်းသို့ဝင်သွားတော့သည်။

အလွန်တရာမှ ငြိမ်းချမ်းသာယာလှလေသည်။ ညငှက်ကလေးများ အော်မြည်သံ၊ ပုရည်းရင်ကွဲများအော်သံ၊ ဖောင်ကိုလာတိုးနေသည့် ရေစီးသံများကြောင့် ကြည်နူးမိသည်။

"ဖောင်ကို ပဲ့ကိုင်ပေးဖို့ မလိုဘူးလား" ဟု ကျွန်တော်က မေးသည်။

"ဒီဘက်ပိုင်းမှာ မလိုဘူး၊ ရေစီးကသာတယ်၊ တခြားနေရာတွေမှာတော့ ပဲ့ကို လက်လွှတ်လို့မရဘူး"

"အမြဲတမ်း ညပိုင်းမှာပဲ ခရီးသွားသလား"

သူက ခေါင်းခါပြသည်။ "ငှက်ပျောသီးလို ကုန်စိမ်းတွေပါတဲ့အခါမျိုးမှ သွားတာပါ၊ ဒီတစ်ခေါက်တော့ ကျွန်တော်တို့ ကံကောင်းတယ်၊ ရာဘာရှိုင်းတွေ ပါလာတယ်လေ၊ ဘီလမ်ကို သတ်မှတ်ပေးတဲ့ရက်မှာ ရောက်သွားရင် ကျွန်တော် ဆုကြေး ကောင်းကောင်းရဦးမယ်၊ ဒါကြောင့် ညပိုင်းမှာ ညူလာနဲ့ ကျွန်တော် တစ်လှည့်စီတာဝန်ယူပြီး မျှောလာကြတာ"

ထိုင်ရာမှထပြီး အမှောင်တွင်းသို့ ကျွန်တော် လှမ်းမျှော်ကြည့်နေမိသည်။

"ခင်ဗျားကတော့ အင်မတန်ကံကောင်းတဲ့ လူပါပဲဗျာ၊ အလွန်စိတ်ချမ်းသာစရာကောင်းတဲ့ ဘဝပါပဲ"

"ကျွန်တော် တစ်ခုအစီရင်ခံပါရစေ ခင်ဗျာ၊ ခင်ဗျားကျေးဇူးတွေ ကျွန်တော့်အပေါ်မှာ သိပ်ကိုကြီးမားနေပါပြီ၊ တစ်သက်လုံး ကျွန်တော့်ခေါင်းပေါ်တင် ရွက်ထားတာတောင် ကျေနိုင်ဖွယ်ရာမရှိပါဘူး၊ ကျေးဇူးပြန်ဆပ်ရမှာဟာ တာဝန်ကြီးတစ်ရပ်ပဲလို့ ကျွန်တော့်စိတ်ထဲမှာ ခံစားနေရပါတယ်၊ ဒီလအတွင်း ဘီလမ်ကို ကျွန်တော်တို့ရောက်မယ်၊ ကျွန်တော်တို့နဲ့ အတူတူနေပါ။ ဘယ်လိုဘေးအန္တရာယ်မျိုးနဲ့မှ မတွေ့စေရပါဘူး" သူက စိတ်ပါလက်ပါ ပြောနေသည်။

စဉ်းစားသင့်သည့် စကားပင်ဖြစ်သည်။ ဘီလမ်မြို့သည် ဗြိတိသျှကုန်တင်သင်္ဘောများ ဝင်ထွက်သွားလာနေသည့် မြို့ဖြစ်သည်။ အခြေအနေများ ပိုမိုဆိုးရွားလာမည်ဆိုလျှင် အသာကလေး လျှိုထွက်သွားနိုင်သော နေရာဖြစ်သည်။

သို့သော်လည်း ဟင်နာက ရှိသေးသည်။ ဟင်နာကို ရင်ဆိုင်ရဦးမှ ဖြစ်မည်။ ယခုလိုလုပ်လိုက်လျှင် ကျွန်တော်ထွက်ပြေးသွားသည်နှင့် တူပေလိမ့်မည်။ အမှန်တရားကို ဖော်ထုတ်မပြနိုင်လျှင် ကျွန်တော့်တစ်သက်လုံး အရိပ်လိုလိုက်နေတော့မည်။ အသေဝင် ဖြောင့်ဖွယ်ရာမရှိ။

"ဖရန်ကိုခံတပ်ကို ဘယ်တော့ရောက်မလဲ"

"ဘာအနှောင့်အယှက်မှ မတွေ့ဘူးဆိုရင် သန်ဘက်ခါမနက် အရုဏ်တက်လောက် ရောက်သွားမယ်"

"အဲဒီမှာ ကျွန်တော် ဆင်းနေခဲ့မယ်၊ နိုင်ယီဒတ်စ်မွန်တီစ် မြစ်ကြောင်းအတိုင်း ငါးဆယ်လောက် လိုက်သွားရင် လင်ဒရိုဆိုတဲ့မြို့ကို ရောက်မယ်၊ ခင်ဗျားသိသလား"

"ကြားဖူးပါတယ်၊ လူကြီးမင်းအတွက် သိပ်အရေးကြီးနေသလား"

"အလွန်အရေးကြီးတယ်"

"ကောင်းပါပြီ၊ လှေကြုံတွေ အများကြီးရှိပါတယ်၊ လှေသမားတိုင်းနဲ့လဲ ကျွန်တော် သိပါတယ်၊ လူကြီးမင်း စိတ်ချလက်ချ ခရီးဆက်နိုင်တဲ့အထိ ဖရန်ကိုခံတပ်မှာ ကျွန်တော်တို့ စောင့်နေပါမယ်၊ ဘာမှမပူပါနဲ့"

စောင့်မနေရန်ပြောဖို့ ကျွန်တော် ကြိုးစားသေးသည်။ သို့သော်လည်း ခေါင်းခါပြီး အတွင်းသို့ သူဝင်သွားသည်။ ပြန်ထွက်လာတော့ ဘရန်ဒီအရက် တစ်ပုလင်း

www.burmeseclassic.com

www.burmeseclassic.com



ပါလာသည်။ အလွန်ပြင်းသော အရက်ဖြစ်သည်။ ကျွန်တော့်တစ်သက် တစ်ခါမှ မသောက်ဖူးသေး။ လျှာပေါ်မှ အရေပြားများလောင်ပြီး ကွာကျကုန်ပြီလားဟု ထင်မှတ်ရသည်။ ထို့ကြောင့် ပါးစပ်ဟပြီး လေရှူသွင်းရသည်။ သို့သော် အလွန်အစွမ်းထက်သည့် အရက်ဖြစ်သည်။ မောပန်းသမျှများ ချက်ချင်း ပျောက်ကွယ်သွားသည်။ ကျွန်တော့်အရပ်ပင် ဆယ်ပေလောက် မြင့်သွားပြီလားဟု ထင်မိသည်။

“လင်ဒရိုမြို့မှာ လူကြီးမင်းလုပ်ရမယ့် အလုပ်ဟာ. . .” သူက ကျွန်တော့်ခွက်ထဲသို့ အရက်ထပ်ထည့်ပေးပြန်သည်။ “အရေးကြီးပါသလား”

“လူတစ်ယောက်ကို သွားတွေ့ဖို့ပါ”

“သူ့ကို သတ်ပစ်မလို့လား”

“အမှန်တရားဆိုတာ ဘာလဲလို့ သူ့ဘဝမှာ ပထမဆုံးအကြိမ် သိသွားအောင် ပြောပြဖို့ပါပဲ”

□

ဆယ့်လေးနာရီလုံးလုံး ကျွန်တော် နှစ်ခြိုက်စွာ အိပ်ပစ်လိုက်သည်။ နောက်တစ်နေ့ မွန်းတည့်တော့မှပင် ကျွန်တော်နိုးတော့သည်။

ညနေပိုင်းတွင် သူ့အလုပ်များကို ကျွန်တော် ကူလုပ်ပေးသည်။ သူက အတန်တန်တားသော်လည်း လက်မခံ။ ကြီးကျယ်သည့်အလုပ်၊ ပွဲထိန်းသည့်အလုပ် စသည်များကို တတ်စွမ်းသမျှ ဝိုင်းကူလုပ်ပေးသည်။

ထိုနေ့ညက မိုးရွာသဖြင့် တဲထဲမှာ ကျွန်တော်တို့ထိုင်ပြီး ဖဲကစားနေကြသည်။ သူ အပြင်ကို ထ,သွားတော့မှ စောင်ခြုံပြီး ထောင့်တစ်ထောင့်မှာ ကျွန်တော် ကွေးနေမိသည်။ ဆေးပြင်းလိပ်ကိုဖွာရင်းလည်း အတွေးနယ်ချဲ့နေမိသည်။

တကယ်ဆိုတော့ ကျွန်တော် အရှုံးထနေခြင်းသာ ဖြစ်သည်။ လင်ဒရိုသို့ ပြန်သွားခြင်းသည် မာကာဒေါ့စ် ချွေးတပ်စခန်းသို့ ပြန်သွားခြင်းနှင့် အတူတူသာဖြစ်သည်။ သည်တစ်ကြိမ်မှာတော့ ကျွန်တော့်ကို အလွတ်ခံကြလိမ့်မည် မဟုတ်။

သို့သော်လည်း ဟင်နာကို ကျွန်တော် ရင်ဆိုင်ရမည်။ မည်သို့သော ဘေးအန္တရာယ်မျိုးနှင့်ပဲ ကြုံရကြုံရ ရင်ဆိုင်ရှင်းရမည်။ ကျွန်တော့်အပေါ် သူ သစ္စာဖောက်ခဲ့သည်များကို ဖွင့်ဟဝန်ခံခိုင်းရမည်။ မိုးရေထဲသို့ ဆေးပြင်းလိပ်တိုကို ပစ်လိုက်ပြီး စောင်ခေါင်းမြီးခြုံကာ အိပ်စက်လိုက်တော့သည်။

□



မနက်လေးနာရီလောက်တွင် ရိုင်ယိုဒတ်စ်မွန်တီစ်မြစ်ဝသို့ ကျွန်တော်တို့ဖောင်ရောက်သွားသည်။ ဘာတိုလိုမီယိုက ဖောင်ကို ဘယ်ဘက်ကမ်းမှာ ကပ်သည်။ ဖောင်ကြိုးကို သစ်ပင်နှစ်ပင်မှာချည်ရာ ကျွန်တော်ကလည်း ဝိုင်းကူလုပ်ပေးသည်။ ထို့နောက် လှေကလေးတစ်စင်းကိုချပြီး မြစ်အောက်သို့ သူ စုန်ဆင်းသွားတော့သည်။

ခုနစ်နာရီလောက်တွင် သူပြန်လာသည်။ မီးထိုးမော်တော်ကလေး တစ်စင်းပေါ်မှ ကျွန်တော်တို့ကို လက်ပြနှုတ်ဆက်သည်။ သူလှော်သွားသည့် လှေကလေးကို နောက်မှကြိုးနှင့်ချည်ပြီး တွဲယူလာခဲ့သည်။ ကုန်းပတ်ပေါ်ရှိ အခန်းထဲမှ လူတစ်ယောက် ပါလာသည်။ ကိုယ်ထည်က ပိန်ပိန်ပါးပါး၊ အသားအရေက အရောင်ငန်းဖျားဖျားထားသလို ဝါနေသည်။ မျက်နှာပေါက်က စိတ်တိုတတ်သည့်ပုံမျိုး။

“မြန်မြန်လုပ်ဟေ့ ဘာတိုလိုမီယို၊ သွားမှာဖြင့် သွားစို့၊ ငါ့မှာ ကုန်တွေတင်စရာ ရှိသေးတယ်” ဟု ထိုသူကပြောသည်။

“ကျွန်တော်နဲ့ ညီအစ်ကို နှစ်ဝမ်းကွဲတော်တယ်၊ စိတ်သဘောထား သိပ်ကောင်းတဲ့လူပါ” ဟု ဘာတိုလိုမီယိုက ရှင်းပြသည်။

“ခွေးကောင် မြန်မြန်လုပ်ပါကွ” သူ့အစ်ကိုဝမ်းကွဲက အော်ပြန်သည်။

“သူနဲ့စကားပြောချင်ရင် သူ့ကို ဆီလ်ဗီယိုလို့ခေါ်ပါ၊ သူ့ကို ဘာမှမပြောရင် သူကလဲ ဘာမှပြန်ပြောမှာ မဟုတ်ပါဘူး၊ လင်ဒရိုမြို့ကိုအရောက် သူ ပို့ပေးပါလိမ့်မယ်၊ သူ့အပေါ်မှာ ကျွန်တော့်ကျေးဇူးတွေ အများကြီးရှိတယ်”

“ကျေးဇူးအများကြီး တင်ပါတယ်ဗျာ” ဘာတိုလိုမီယိုနှင့် ကျွန်တော် လက်ဆွဲနှုတ်ဆက်သည်။

“ဘုရားသခင် စောင့်ရှောက်တော်မူပါစေ ခင်ဗျာ”

မီးထိုးမော်တော်ကလေးပေါ်သို့ ကျွန်တော် ပြောင်းတက်လိုက်သည်။ မော်တော် အလုပ်သမားနှစ်ယောက်က ကြိုးဖြုတ်ပြီး ဖောင်နှင့်ခွာလိုက်သည်။ ပြီးတော့ မောင်းထွက်လာကြသည်။ မော်တော်ပဲ့ပိုင်းသို့ ကျွန်တော် လျှောက်လာခဲ့သည်။ ဖောင်ဆီသို့ လှမ်းမျှော်ကြည့်သည်။ ဘာတိုလိုမီယိုသည် သူ့မိန်းမညှာလာကို လက်တစ်ဘက်နှင့် ကိုင်ထားရင်း ရပ်ကြည့်နေသည်။ သူ့ဘေးမှာ သားနှင့်သမီးတို့ ရပ်နေကြသည်။

ပြီးတော့ သူ့ကိုယ်ကိုကိုင်းပြီး တစ်စုံတရာပြောသည်။ ခဏကြာတော့ သူတို့အားလုံး လက်များကို အားပါးတရ ဝှေ့ယမ်းပြကြသည်။ ကျွန်တော်ကလည်း လက်ယမ်းပြခဲ့သည်။ မွန်တီစ်မြစ်ဝအတွင်းသို့ ကျွန်တော်တို့မော်တော် ဝင်လာသောအခါ မြင်ကွင်းမှ သူတို့လည်း ပျောက်ကွယ်သွားတော့သည်။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

### မြစ်ညာမှ အဖြစ်ဆိုး

မွန်းလွဲတစ်နာရီထိုးတော့ လင်ဒရိုမြို့ဆိပ်ကမ်းကိုကပ်ပြီး ကျွန်တော့်ကို ချပေးသည်။ မော်တော်သည် ကမ်းပေါ် ကျွန်တော် ခြေချမိသည်နှင့် တပြိုင်တည်း ချက်ချင်း ပြန်ခွာသွားသည်။ ကျွန်တော်က လက်ပြနှုတ်ဆက်သည်။ သို့သော်လည်း ဆီလ်ဗီယိုက တုံ့ပြန်ခြင်းမရှိ။ ကျွန်တော် မအံ့ဩပါ။ အတူလာကြသည့် ခရီးတစ်လျှောက်လုံးတွင်လည်း စကားတစ်ခွန်းမှ မပြော။ ပြီးတော့ ကျွန်တော့်အနားသို့လည်း မကပ်။ တကယ်ဆိုတော့ သူနှင့်ကျွန်တော် စကားပြောရန်လည်း အကြောင်းမရှိ။

ကမ်းနားရှိ လှေနှစ်စင်းဘေးမှာ လူနှစ်ယောက်ထိုင်ပြီး ငါးဖမ်းပိုက်ကို ဖာနေကြသည်။ ကျွန်တော့်ကို အမှတ်မထင်ပင် မော့ကြည့်ကြသည်။ ကျွန်တော် ဆက်လျှောက်လာသောအခါ သူတို့လည်း ကိုယ့်အလုပ်ကိုယ် ပြန်လုပ်နေလိုက်ကြသည်။

ဆိပ်ကမ်းမှာ တစ်ခုခုတော့လိုနေသည်ဟု ထင်မိသည်။ ထို့ကြောင့် သေသေချာချာ ကြည့်မိသည်။ သည်တော့မှ သာသနာပြုအဖွဲ့ပိုင် မော်တော်ပျောက်နေသည်ကို သတိထားမိတော့သည်။ သည်နေရာကိုစွန့်ခွာကြဖို့ နောက်ဆုံး သူတို့ ဆုံးဖြတ်လိုက်ကြပြီထင်၏။



လေယာဉ်ကွင်းကိုရောက်တော့ အံ့အားသင့်စရာများကို တွေ့ရပြန်သည်။ ဘလေ,လေယာဉ်ပျံသည် အသင့်ပျံတက်နိုင်အောင် မြေပြင်ပေါ်မှာ ဆိုက်လျက်သားရှိနေသည်။ ဂိုထောင်ထဲကိုကြည့်လိုက်တော့ ပိုပြီးအံ့အားသင့်စရာကို တွေ့ရပြန်သည်။ အထဲမှာ ဘရစ္စတိုလေယာဉ်ပျံ ရှိနေသည်။ ဘယ်လိုပြန်ရောက်လာသနည်း။

မည်သူတစ်စုံတစ်ယောက်မျှတော့ မရှိ။ ဝိုင်ယာလက်စက် ထားသည့်နေရာလည်း ရှင်းနေသည်။ စားပွဲပေါ်မှာတွေ့သည့် ဝီစကီပုလင်းထဲမှ ဝီစကီထည့်သောက်သည်။ ဘရစ္စတိုလေယာဉ်ပျံပေါ် တက်ကြည့်တော့ လေယာဉ်မောင်းခန်းနောက်မှာ ကျွန်တော်ထားခဲ့သည့် ပစ္စတိုသေနတ်ကို သည်အတိုင်းတွေ့ရသည်။ ကျည်ဆန်နှစ်ဘူးကိုပါ ကျွန်တော်ယူခဲ့သည်။

လေယာဉ်ကွင်းကို ဖြတ်လျှောက်လာရင်း ပစ္စတိုထဲသို့ ကျည်ကပ်ထည့်သည်။ ဘတ်ကနေသည်နှင့်ပင် တူသေးတော့သည်။ သို့သော်လည်း လောကကြီးမှာ အမှန်တရားဆိုတာ ဒါပဲဟေ့ဟု အော်ဟစ်ပြရတော့မည်။

ကျွန်တော်တို့နေခဲ့သည့်အိမ်ကို နောက်ဘက်မှ ကျွန်တော်ချဉ်းကပ်သွားသည်။ တကယ်တော့လည်း ခိုးကြောင်ခိုးဝှက် ဝင်စရာမလို။ အိမ်ထဲမှာ မည်သူမျှမရှိ။ ကျွန်တော်အိပ်ခဲ့သည့် အခန်းမှာ ဂျူနာမာတင် နေခဲ့သည်။ ယခု ထိုအခန်းမှာ ရှင်းနေသည်။

ဟင်နာ၏အခန်းမှာတော့ ထိုသို့မဟုတ်။ တစ်ခန်းလုံး ပွနေသည်။ အိပ်ရာခင်းတွေ၊ စောင်တွေလည်း ဖရိုဖရဲ ဖြစ်နေသည်။ နံရံမှာ တစ်စုံတစ်ယောက် အန်ထားသည်ကိုလည်း တွေ့ရသည်။

ရင်ထဲမှာ အော်ဂလီဆန်လာသည်။ အိမ်ပေါ်မှ မြန်မြန်ဆင်းခဲ့သည်။ လင်ဒရိုမြို့ထဲသို့ ဦးတည်ထွက်ခဲ့သည်။ ဘယ်ဘက်လက်မောင်းအောက်မှာ သေနတ်ကို အသင့်မြင်ထားသည်။ ပတ်ဝန်းကျင်သည် ဘာမှမပြောင်း။ မျှော်လင့်ချက်မရှိသည့် မျက်လုံးများကို ပိုင်ဆိုင်သည့် လူများ၊ ရောဂါပေါင်းစုံ ခံစားနေကြရသည့် ကလေးများ၊ သည်မြင်ကွင်းတွေပဲ ဖြစ်သည်။

အချိန်သည် အဆုံးမရှိ အစမရှိ။ ကျွန်တော်သည်လည်း သံသရာဆုံးအောင် သည်အတိုင်း ဆက်လျှောက်နေရဦးမည်လော။ ကျွန်တော့်စိတ်ထဲမှာ အဆီအငေါ်မတည့် တွေးနေမိသည်။

ဟိုတယ်သို့ရောက်ဖို့ ဆယ့်လေးငါးကိုက်သာ ကွာတော့သည်။ ဖန်ခွက်အဲ့ဖ်များကို ကြားရသည်။ မိန်းမတစ်ယောက်၏ အော်သံကိုပါ ဆက်ကြားရသည်။ [illegible] ပေါက်မှ ကုလားထိုင်တစ်လုံး အပြင်သို့ လွင့်ထွက်လာသည်။

တအောင့်ကြာတော့ ဝင်ပေါက်တံခါး ရုတ်တရက် ပွင့်သွားသည်။ မင်းနီသည်

www.burmeseclassic.com

www.burmeseclassic.com



ထိုအပေါက်မှ နောက်ပြန်ထွက်လာသည်။ သူ့ဟိုဘက်တွင် ဟင်နာရပ်နေသည်။ လက်ထဲမှာ ပုလင်းထက်ပိုင်းပြတ် တစ်လုံးကို ကိုင်ထားသည်။

❐

ကျွန်တော့်ကို ပထမဆုံး မြင်သူမှာ ဟင်နာဖြစ်သည်။ သူ့ရဲ့တရွေ့တစ်ကောင်နှင့် ရင်ဆိုင်တွေ့လိုက်ရသူလို သူ့အမူအရာ ပြောင်းသွားသည်။ အလွန်တရာ ထိတ်လန့်တုန်လှုပ်သွားသည်။ တင်းတင်းဆုပ်ထားသည့် သူ့လက် ပြေလျော့သွားသည်။ လက်ထဲမှ ပုလင်းထက်ပိုင်းပြတ်က ကြမ်းပြင်ပေါ်သို့ ပြုတ်ကျသွားသည်။

ကျွန်တော့် ဗီဂါလေယာဉ်ပျံပျက်ဘေးတွင် ပထမဦးဆုံး စတင်တွေ့ခဲ့ရစဉ် တုန်းကနှင့် ဘာမျှမခြား။ မျက်လုံးတွေက ရဲနေသည်။ မျက်နှာကြီးက အမ်းနေသည်။ ကိုယ်ပေါ်မှ အဝတ်အစားများမှာ အရက်နှင့် ရွှဲနစ်နေသည်။

မင်နီက နောက်သို့ လှည့်ကြည့်သည်။ သူ့မျက်လုံးများ ဝိုင်းစက်သွားသည်။

"ဘုရား. . . ဘုရား. . . ရင်တုန်စရာတွေနဲ့ တွေ့ရပြန်ပါပေါ့ကလား၊ မင်း သေပြီလို့ တို့ထင်နေတာ၊ မင်းအကြောင်း မနေ့ညကပဲ မာနေ့ဇ်က ကြေးနန်းရတယ်။ ဘာတွေဖြစ်ကုန်တာလဲ" ဟု မင်နီက အထိတ်တလန့် ပြောသည်။

"ကံတရားက ကျွန်တော့်အလှည့် ပေးလိုက်ပြီလေ၊ အဖြစ်ကတော့ ဒါပါပဲ။ သူ ဒီလိုဖြစ်နေတာ ဘယ်လောက်ကြာပြီလဲ" ကျွန်တော်က သူတို့အနားသို့ တက်သွားသည်။

"ဆယ့်ငါးနာရီ ဆယ့်ခြောက်နာရီလောက် ရှိသွားပြီ၊ သူ့ကိုယ်သူ သတ်သေဖို့ ကြိုးစားနေတယ်လေ၊ သူ့တရားကို သူစီရင်တာပေါ့"

"ဘာဖြစ်လို့ သူ ဒီလိုလုပ်ရတာလဲ"

"လုပ်မနေစမ်းပါနဲ့ကွာ၊ မင်းသိပြီးသားတွေပဲ"

"ကျွန်တော့်ကို လက်ခံစကားပြောတာ ကျေးဇူးတင်ပါတယ်ဗျာ၊ ခင်ဗျားဟာ ကျွန်တော့်အဖို့ တကယ့်မိတ်ဆွေကောင်းပါ"

"ဟိုတစ်နေ့ညက သူ သွေးရူးသွေးတန်း စကားတွေ လျှောက်ပြောတယ်။ အဲဒီအချိန်မတိုင်ခင်အထိ ငါဘာမှမသိခဲ့ဘူး၊ ဘာတို့မှ သေသေချာချာ မပြောနိုင်ဘူး ပြောနိုင်လောက်အောင်ရော ငါ့မှာ ဘာသက်သေ အထောက်အထား ရှိလို့လဲ၊ မင်းကယ် အရူးလို ဖွတ်တရွတ်ထွက်သွားတယ်၊ မင်းလုပ်သွားပုံ မှတ်မိရဲ့လား"

ဟင်နာသည် ရပ်မြဲတိုင်းရပ်နေပြီး ကျွန်တော့်ကိုသာ ငေးစိုက်ကြည့်နေသည်။ ကျွန်တော်တို့ပြောနေသည့် စကားများကိုလည်း သူနားလည်ပုံမပေါ်။ ခဏနေတော့မှ



သူ လှုပ်ရှားလာသည်။

"ကဲ. . . ငါကတော့ အလကားကောင်ပေါ့၊ ရဲပြည်မှာ ဘယ်လိုနေသလဲ" ဟု သူကပြောသည်။

သူ့အနားသို့ ကျွန်တော်ကပ်သွားသည်။ ဝစ္စကီပြောင်းဝက သူ့ဘက်သို့ တိုးထွက်သွားသည်။ မင်နီ၏အော်သံ ကြားရသည်။ တစ်ဆက်တည်း မိန်းမအော်သံကိုပါ ကြားရပြန်သည်။ ဘားကောင်တာနောက်မှာ ရပ်နေသည့် ဖစ်ဂွာရီဒို၏မိန်းမ အော်ခြင်းဖြစ်သည်။ ဟင်နာက အရူးတစ်ယောက်လို ရယ်သည်။ ကျွန်တော့်ကို အားကုန်လှမ်းထိုးသည်။ သူ့ကိုယ်သူ မဟန်နိုင်ဘဲ ယိုင်သွားသည်။ ကျွန်တော့်လက်ထဲမှ သေနတ်မှာ သူ့ကိုယ်နှင့် တိုက်မိသဖြင့် သေနတ်ပြောင်းက ဘေးသို့လည်သွားသည်။

သူ့ကိုကြည့်ရသည်မှာ သေတွင်းအဝတွင် ရပ်နေသူလို ထင်ရသည်။ အပျက်အစီး ပေါင်းစုံတို့ကို ရယူပိုင်ဆိုင်ထားသူလို ဖြစ်နေသည်။ ခန္ဓာကိုယ်လည်း ပျက်စီးယိုယွင်းနေပြီ။ ကြည့်နေရင်းမှာပင် လူသားတစ်ယောက်သည် ကြေမွပျက်စီးသွားသလို မြင်နေရတော့သည်။

သေနတ်ပြောင်းဝကို အောက်သို့ချလိုက်ပြီး သူ့ကို သိမ်မွေ့စွာ တွန်းထုတ်လိုက်သည်။ "ထိုင်လိုက်ပါဦးလား ဆမ်"

ဒယီးဒယိုင်ဖြင့် နောက်သို့ဆုတ်သွားသည်။ ပြီးတော့ လက်နှစ်ဘက်ကို ဖြန့်ကားလိုက်သည်။

"ကဲ. . . ဒါလောက်လုပ်တာတောင်မှ ဘာမှမဖြစ်ဘူး မဟုတ်လား၊ ပါးတစ်ဘက်ကို ရိုက်တာတောင်မှ နောက်ပါးတစ်ဘက်ကို ထိုးပေးနေတာ ကြည့်ကြပါဦးဗျာ" ဟု သူကပြောသည်။

ဘားကောင်တာကို အားပြုပြီး ယိမ်းထိုးကာ သူလျှောက်နေသည်။ ကောင်တာပေါ်က ဖန်ခွက်များ ကျကွဲကုန်သည်။

"မင်းကိုငါ အပိုင်ချည်လိုက်တာပါ ချာတိတ်ရာ၊ တကယ့်ကို အပိုင်ချည်လိုက်တာပါ"

သူ့စကားကြားတော့ ဖစ်ဂွာရီဒိုက ကျွန်တော့်ကို တစ်ချက်လှမ်းကြည့်ပြီး မျက်မှောင်ကုတ်နေသည်။

"ကျွန်တော့်ကို ဘယ်သူမှ ချည်တာမဟုတ်ပါဘူး ဆမ်၊ ကျွန်တော့်အကြောင်းတံနဲ့ ကျွန်တော် ဖြစ်ရတာပါ၊ ဒါပါပဲ"

ကျွန်တော်ပြောသည်ကို သူနားလည်ပုံမရ။ သူ့ကိုယ်သူ ပြန်ပြီး တစ်ကောင်ဘောက်နှင့် အပြစ်တင်နေသည်။ ဘားကောင်တာ၏ တစ်ဘက်မှာရှိနေသည့် ဖစ်ဂွာရီဒိုကို သူလှမ်းဆွဲလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့လူတွေ ကျုပ်ပြောတာ နားထောင်စမ်း၊ အံ့ဩစရာကောင်းတဲ့ တော်ဒုတိတ်ဟာ ကျုပ်ဘဝထဲကနေ ထွက်ပြေးခဲ့တယ်၊ သိတယ်မဟုတ်လား၊ ကျုပ်ဘဝကြီး ဖျက်စီးအောင် သူလုပ်ခဲ့တယ်၊ ဒါကြောင့် သူ့ကို ကျုပ်ကောင်းကောင်းကြီး အပိုင်ချုပ်လိုက်တယ်၊ သူကတော့ နောက်ဆုံးချောစာထုပ်ကိုသယ်ပြီး အေးအေးဆေးဆေး လေယာဉ်ပျံ မောင်းသွားနေပြီလို့ ထင်ခဲ့တယ်၊ ဘယ် ဒီလိုဟုတ်မလဲ၊ သူ့လေယာဉ်ပျံပေါ်မှာ အပိုပစ္စည်းလေးတစ်ခု ကျုပ်တင်ပေးလိုက်တယ်၊ သူ့ကို မာကာဒေါ်စ် ချွေတာစခန်းအထိ ပို့လိုက်တဲ့ပစ္စည်းလေ ဟား. . . ဟား ရယ်စရာမကောင်းဘူးလား"

"သိပ်ရယ်စရာ ကောင်းပါတယ် ခင်ဗျာ" ဖစ်ဂွာရီဒိုက အလိုက်သင့် ပြန်ပြောရင်း အသာအယာရုန်းနေသည်။

ဟင်နာသည် ဘားကောင်တာဘေးသို့ ပုံလျက်သား ကျသွားသည်။ ဖန်ခွက်များလည်း တသောသော ကျကွဲကုန်သည်။ ဆောက်တည်ရာမရသူလိုလည်း အဆက်မပြတ် ရယ်နေသည်။ ခဏနေတော့ ငြိမ်သက်သွားတော့သည်။

ဖစ်ဂွာရီဒိုက တစ်ဘက်စွန်းသို့ လျှောက်လာသည်။ သက်ပြင်းကိုလည်း လေးလေးပင်ပင်ကြီး ချနေသည်။ "သိပ်ကို စိတ်မကောင်းစရာကောင်းတဲ့ အဖြစ်တွေပဲဗျာ" ဟုပြောပြီး ကျွန်တော့်ဘက်သို့လှည့်လာကာ လက်ကမ်းပေးသည်။ "ဒုက္ခမျိုးစုံကို ခင်ဗျားတွေ့ခဲ့ရတာနဲ့ ပတ်သက်ပြီး ကျွန်တော့်လောက် ဘယ်သူမှ စိတ်မထိခိုက်ပါဘူး ဆီညော်မာလိုရီ၊ ဒါပေမယ့် မသေကောင်း မပျောက်ကောင်း အခုလို ပြန်ရောက်လာတာပဲတော်လှပါပြီ၊ မာနေ့ာစ်မြို့ကို မြန်နိုင်သမျှ အမြန်ဆုံး ကျွန်တော် အစီရင်ခံစာ ပို့လိုက်ပါ့မယ်၊ အားလုံး အဆင်ပြေသွားစေရပါ့မယ်"

သူ့ကို ဘာမှပြန်မပြောတော့ဘဲ ဟင်နာ၏ဘေးမှာ ဒူးထောက်ထိုင်ချလိုက်သည်။ သူ့လက်ကောက်ဝတ်ကို ကောက်ယူပြီး သွေးစမ်းကြည့်တော့ သွေးလှည့်ပတ်နေသေးသည်ကို တွေ့ရသည်။

"ဘယ်လိုလဲ" ဟု မင်နီက မေးသည်။

"မကောင်းလှဘူး၊ သူ့အစာအိမ်ထဲက ရှိသမျှဟာတွေ အကုန်ထုတ်ပစ်ဖို့ကောင်းတယ်၊ ကျွန်တော်သာဆိုရင် သူ့ကို အန်ခိုင်းလိုက်ပြီး ပုံမှန်ပြန်ဖြစ်လာတဲ့အထိ အခန်းထဲမှာပိတ်ပြီး ချွေးအောင်းထားခိုင်းမိမှာ အမှန်ပဲ"

"ကျွန်တော်တို့ အဲဒီအတိုင်းလုပ်ဖို့ ကြိုးစားနေကြတာပေါ့ဗျာ၊ ဒါကြောင့် ကျွန်တော်တို့ကို သူရန်ရှာနေတာ၊ အဲဒီအချိန်မှာပဲ ခင်ဗျား ရောက်လာတာပဲလေ" ဟု ဖစ်ဂွာရီဒိုက ပြောလေသည်။

"ဘယ်လိုကဘယ်လို ဖြစ်လာတာလဲ"

ဖစ်ဂွာရီဒိုက ဝီစကီပုလင်းကိုယူပြီး ဖန်ခွက်ထဲသို့ထည့်ကာ ကျွန်တော့်ဘက်



တမ်းသည်။

"ခင်ဗျား အဖမ်းခံရပြီးတဲ့နောက် တစ်နေ့ကျတော့ သီလရှင် မာရီယာထရီစာ ကျွန်တော့်ဆီ ရောက်လာတယ်၊ မဖြစ်နိုင်တဲ့ စီမံကိန်းကြီးကို ချပြတယ်၊ ကျွန်တော့်ဘဝမှာ မကြုံဖူးပါဘူးဗျာ၊ အဝီလာ့ဆီက ဂျူနာမာတင် ဝယ်ယူလိုက်တဲ့၊ ဟူနာအမျိုးသမီးတလေး ခရစ္စတီနာက ပြောတယ်တဲ့၊ သူ့လူမျိုးတွေဆီအရောက် သူ့ကိုပြန်ပို့ပေးရင် ဂျူနာမာတင်ရဲ့ ညီမနဲ့ အဖော်တို့ရဲ့သတင်းကို သူစုံစမ်းပေးမယ်တဲ့၊ သူတို့နှစ်ယောက်ကို ပြန်ပို့ပေးဖို့တောင် သူ စီစဉ်ပေးနိုင် ကောင်းပါရဲ့လို့ ပြောတယ်တဲ့"

ကျွန်တော်တို့ နေခဲ့သည့်အိမ် ဝရန်တာမှာရပ်ပြီး ကျွန်တော့်ကို လှမ်းကြည့်နေတတ်သော ဟူနာအမျိုးသမီး ခရစ္စတီနာကို မျက်စိထဲမှာ မြင်ယောင်လာသည်။

"ကောင်းပါလေရောကွာ. . . ဒီထောင်ချောက်ထဲကို မဝင်အောင် ခင်ဗျားတားလဲ မတားလိုက်ဘူး မဟုတ်လား"

"ကျွန်တော် ဘယ်လိုလုပ် တတ်နိုင်ပါ့မလဲဆီညော်၊ ကျွန်တော် အတတ်နိုင်ဆုံး တားပါတယ်၊ ဒါပေမယ့် မသွားရဘူးလို့ အမိန့်နဲ့တားနိုင်တဲ့အာဏာ ကျွန်တော့်မှာ မရှိပါဘူး၊ အဝီလာနဲ့ သူ့လူသုံးယောက်ကို သူတို့ခေါ်မော့ခေါ်ပြီး သွားကြတော့တာပဲ"

"စန်တာဟယ်လီနာကို သွားကြတာလား" အံ့ဩတကြီးဖြင့် ကျွန်တော်မေးသည်။

"သာသနာပြုအဖွဲ့ပိုင် မော်တော်နဲ့သွားတာ"

"ဂျူနာရော" ဟု ကျွန်တော်က မင်နီဘက်လှည့်မေးသည်။

"သူနဲ့ဟင်နာ အဲဒီနေ့က တစ်နေ့လုံး ခွန်းကြီးခွန်းငယ် စကားများနေကြတယ်၊ ဘာတွေဖြစ်နေကြတယ်တော့ မသိဘူး၊ ဒါပေမယ့် ခန့်မှန်းလို့တော့ ရပါတယ်၊ သီလရှင်မာရီယာထရီစာနဲ့ အတူတူလိုက်သွားမယ်လို့ ဂျူနာက ဟင်နာကိုပြောတယ်၊ ဟင်နာတိုလဲ တစ်သက်လုံး ပြန်မကြည့်ချင်တော့ဘူးလို့ ပြောတယ်"

သနားစရာကောင်းသော ဟင်နာ၊ နောက်ဆုံးကျတော့လည်း သည်နည်းဖြင့်ပင် အဆုံးသတ်လေတော့သည်။ သူ့ဘဝတွင် သူ့အတွက် လက်ကျန်ဟူ၍ ဘာမျှမရှိတော့။

"သူတို့နဲ့ အဆက်အသွယ် ရသေးသလား၊ သူတို့မှာ ဝိုင်ယာလက်စက် ရှိနေသေးသလား"

"ဩော်. . . ဟုတ်ပါရဲ့၊ ကျွန်တော့်ကို စစ်တပ်က သိမ်းထားခိုင်းခဲ့တဲ့ [illegible] လက်စက်တစ်လုံးကို ယူသွားခိုင်းလိုက်တယ်၊ သူတို့ ရောက်သွားတဲ့နေ့မှာပဲ [illegible] တောထဲကိုသွားပြီး ပြန်မလာတော့တဲ့ပုံပဲ"

"အဲဒါ အံ့ဩစရာ မဟုတ်ပါဘူးဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"သူတို့အားလုံး ဟိုနေရာကို ရောက်သွားအောင် ယောက်ချောက်လုပ်သွားတယ်လို့ မင်းထင်သလား" ဟု မင်နီက မေးသည်။

"သူ့လူမျိုးတွေဆီကိုပဲ အမြဲတမ်း ပြန်နေတော့မယ်ဆိုရင်လဲ သူပြန်နိုင်တာပဲ မဟုတ်လား" ဖစ်ဂွာရီဒိုဘက်သို့ ကျွန်တော် လှည့်လိုက်သည်။ "နောက်ဆုံးအခြေအနေက ဘယ်လိုတဲ့လဲ"

"သာသနာပြုအဖွဲ့နားမှာ ဟူနာတွေကို တွေ့နေရတာ နှစ်ရက်လောက်ရှိသွားပြီ၊ အဗီလာရဲ့ လူတွေကလည်း မနေရဲတော့ဘူး၊ ဒါကြောင့် ပြန်ကြဖို့ ဖွတ်ပြောနေတယ်၊ သီလရှင် မာရီယာထရီစာက မပြန်ဘဲဆက်နေဖို့ အကျောက်အကန် ပြောနေတယ်"

"ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် သူတို့ ဖွတ်ပြန်ကြ မဟုတ်လား"

"သိပ်သေချာတာပေါ့၊ နေ့ခင်းတုန်းကပဲ အဗီလာနဲ့ ဗိုင်ယာလက် အဆက်အသွယ် ရသေးတယ်၊ သူ့စက်က အသံသိပ်မကောင်းတော့ဘူး၊ ဒါပေမယ့် သူ့လူသုံးယောက်က မော်တော်ကိုယူပြီး စုန်ဆင်းသွားကြပြီ ဆိုတာလောက်တော့ နားလည်လိုက်တယ်၊ ကျန်တဲ့လူတွေအားလုံး ဟိုမှာသောင်တင်နေပြီ"

"နောက်ပြီးတော့ရော"

"လူရိုင်းတွေဘက်က ဗုံတီးသံတွေ ကြားနေရပြီတဲ့"

"ဒါကြောင့် ခင်ဗျားတို့ သူ့ကိုဆေးကုဖို့ ကြိုးစားနေကြတာကိုး" ကျွန်တော်က ဟင်နာကို မေးငေါ့ပြလိုက်သည်။ "အယ်လ်ဘတ်တိုနဲ့ရော အဆက်အသွယ်ရသလား"

"ခွင့်ယူသွားတယ်၊ ဖရန်ကိုမှာရှိတဲ့ စစ်ဗိုလ်တစ်ယောက်နဲ့တော့ လွန်ခဲ့တဲ့ တစ်နာရီလောက်က ကျွန်တော် အဆက်အသွယ်ရသေးတယ်၊ စစ်ဌာနချုပ်က ညွှန်ကြားချက်ကို တောင်းပါ့မယ်လို့ ပြောတယ်၊ ဒါပေမယ့် သူတို့ကို ဘယ်လိုလုပ် မျှော်လို့ရတော့မှာလဲဗျာ၊ တစ်ခုခုလုပ်မယ်ဆိုရင် အခုလုပ်မှ၊ မနက်ဖြန်ဆိုတာ သိပ်နောက်ကျနေပြီ"

"ကောင်းပြီ၊ ကျွန်တော် အခုချက်ချင်း သွားမယ်၊ ဟေလေ,လေယာဉ်ပျံ အဆင်သင့်ပဲလား မင်နီ"

"အဆင်သင့်ပဲ။ စောစောကတော့ စက်နှိုးဖို့ခက်နေတယ်၊ ငါပြင်ထားပြီးပြီ"

"ဘရစ္စတို လေယာဉ်ပျံက ဒီကို ဘယ်လိုလုပ်ပြီး ပြန်ရောက်လာတာလဲ"

"မာနော့စ်ကို မော်တော်နဲ့ ဆမ်လိုက်သွားပြီး ဒီကိုပြန်မောင်းယူလာတာ ဟေလီ့,လေယာဉ်ပျံကို ငါပြင်နေတုန်း လေယာဉ်ပျံတစ်စီးကတော့ လေထဲမှာ မောင်းနေဖို့လိုတယ်မဟုတ်လား၊ နှစ်ပတ်အတွင်း ပိုင်းလော့တစ်ယောက်ကို သူရှာနိုင်ရင်ရှာ မရှာနိုင်ရင် အစိုးရက နှောင့်တော့မယ်၊ မျှော်လင့်ချက်ကိုတော့ သူမလျှော့သေးဘူး အခု သူမျှော်လင့်သလို ပြန်ဖြစ်လာတာပါပဲ"

မင်နီက ထိုမျှပြောပြီး အပြင်သို့ ထွက်သွားသည်။ ဖစ်ဂွာရီဒိုက ကျွန်တော့်ဘက် လှည့်လာသည်။

"လူသုံးယောက်ကို ပြန်သယ်လာရမှာဆိုတော့ ခင်ဗျားတစ်ယောက်တည်း သွားမှဖြစ်မယ်၊ တစ်ယောက်တည်းဆိုတော့ သိပ်ကိုအန္တရာယ်ကြီးတယ်၊ မောင်းပြန်သေနတ် တစ်လက်လောက် ယူသွားမလား"

"ဒီနေ့ကြားရသမျှတွေထဲမှာ အကောင်းဆုံးစကားပဲဗျာ"

သူ နောက်သို့ လှည့်ထွက်သွားသည်။ သူ့နောက်မှ ကျွန်တော် လိုက်သွားသည်။ ကိုတ်စွေ့ခန်းဆီးကိုမပြီး နောက်ဘက်မှအခန်းထဲသို့ ဝင်သွားသည်။ သေတ္တာကြီးတစ်လုံးဘေးမှာ သူထိုင်သည်။ သော့တွဲမှ သော့နှင့်ဖွင့်သည်။ ရိုင်ဖယ်သေနတ် တစ်ဒါဇင်ခန့်၊ မောင်းပြန်သေနတ်နှစ်လက်၊ လက်ပစ်ဗုံးဘူးနှင့် ကျည်ဆန်များကို တွေ့ရသည်။

"လက်နက်တွေ ဒါ့လောက်အများကြီး ခင်ဗျား ဘယ်ကရထားတာလဲ"

"ဒီမြို့ကို ဝင်အတိုက်ခံရရင် လိုရမည်ရသုံးဖို့ဆိုပြီး ဗိုလ်မှူးကြီးအယ်လ်ဘတ်တို ပေးထားခဲ့တာ၊ ခင်ဗျားကြိုက်တာ ယူပါ"

သွန်မဆင် မောင်းပြန်သေနတ်တစ်လက်ကို ပခုံးမှာ ကောက်လွယ်လိုက်သည်။ ပြီးတော့ ကျည်ကပ်နှင့် ကျည်ဆန်ခြောက်ရာ ယူသည်။ ထို့ပြင် လက်ပစ်ဗုံးနှစ်လုံးကိုပါ အပိုဆောင်းယူခဲ့သည်။

ဘားခန်းထဲသို့ပြန်လာပြီး ဟင်နာအနားမှာ ခဏရပ်ကြည့်သေးသည်။ ခပ်တိုးတိုးကလေး သူညည်းနေသည်။ ကျွန်တော့်နောက်မှ ကပ်လိုက်လာသည့် ဖစ်ဂွာရီဒိုဘက်သို့ လှည့်လိုက်သည်။

"အခန်းလုံလုံထဲမှာထည့်ပြီး သော့ခတ်ထားပါဗျာ၊ ချွေးထွက်ပြီး သူကောင်းသွားတော့မှ ဖွင့်ပေးပါ"

"စိတ်ချ၊ ဘုရားသခင် စောင့်ရှောက်ပါစေ"

"ကျွန်တော့်အတွက် မပူပါနဲ့ ဒီသေနတ်က အားကိုးလောက်ပါတယ်၊ ကျွန်တော် ပြန်ရောက်လာမှာပါ။ အင်ဳသာကို ဝိုင်ယာလက်စက်နဲ့ ရအောင် အဆက်အသွယ်ယူပါ၊ ကျွန်တော် လိုက်လာနေပြီဆိုတာ ပြောပြပါ"

သတ္တိအပြည့်ရှိသည့်ပုံမျိုးဖြင့် ကျွန်တော် ပြုံးပြလိုက်သည်။ အမှန်တကယ်က မူ အပြည့်အဝ ယုံကြည်စိတ်ချမှုကား မရှိချေ။ လမ်းထဲသို့ ကျွန်တော် ထွက်လာခဲ့သည်။

❐

www.burmeseclassic.com

www.burmeseclassic.com



ဟေလေ့လေယာဉ်ပျံကို မြန်နိုင်သမျှ အမြန်ဆုံး မောင်းလာခဲ့သည်။ နောက်ဆုံးတစ်ခေါက် စန်တာဟယ်လီနာကို သွားတုန်းက မိနစ်လေးဆယ် မောင်းခဲ့ရသည်။ ယခု လေစုန်ကို မောင်းနေရသောကြောင့် နာရီဝက်လောက်နှင့် ရောက်သွားဖွယ်ရာ အကြောင်းရှိနေသည်။

ထွက်လာပြီး ဆယ်မိနစ်လောက်ကြာတော့ ဝိုင်ယာလက်စက်ကိုဖွင့်တာ အဆက်အသွယ် လုပ်ကြည့်သေးသည်။ သို့သော်လည်း မအောင်မြင်။ စန်တာဟယ်လီနာကိုရောက်ဖို့ သုံးမိုင်လောက်အလိုတွင် သာသနာပြုအဖွဲ့ပိုင် မော်တော်ကို မြစ်ထဲမှာ တွေ့ရသည်။ ထို့ကြောင့် အမြန်လျှော့ပြီး တစ်ပတ်ပြန်ဝဲကြည့်သည်။

မော်တော်သည် ကမ်းမှာကပ်ပြီး တစ်ခြမ်းစောင်းနေသည်၊ ပဲ့နင်းအခန်းမှာ မြားတွေ တသီတတန်းကြီး စိုက်နေသည်၊ ပဲ့ပိုင်းမှာ လူတစ်ယောက်လဲနေသည်။ သူ့ကိုယ်မှာလည်း မြားအစင်းပေါင်း မြောက်မြားစွာ စူးဝင်နေသည်။ အခြားနှစ်ယောက်၏ အရိပ်အရောင်ကိုတော့ မမြင်ရ။ အသက်ရှင်လျက်နှင့် ဟူနာတွေလက်သို့ ပါမသွားပါစေနှင့်ဟုသာ ဆုတောင်းရတော့သည်။

စန်တာဟယ်လီနာသို့ ဆက်ထွက်လာခဲ့သည်၊ သာသနာပြုအဖွဲ့ပေါ်မှာ ဝဲကြည့်သည်။ လူသူ တစ်စုံတစ်ယောက် ရှိပုံမပေါ်၊ ဝိုင်ယာလက်စက်ဖြင့် ကျွန်တော် ခေါ်ကြည့်ပြန်သည်၊ ခဏကြာတော့ အဗီလာ၏အသံကို ကြားရသည်။ အသံက တိုးလွန်းသည်၊ အခြားအသံများလည်း ဝင်နေသည်။ သို့သော်လည်း တစ်ဘက်စကားကိုတော့ ကောင်းစွာကြားနေရသည်။

"ဆီညော်ဟင်နာ. . . ခင်ဗျားလိုက်လာတာ ကျေးဇူးတင်လိုက်တာဗျာ"

"ကျုပ် မာလိုရီပါ။ အောက်မှာ အခြေအနေ ဘယ်လိုလဲ"

"ဂျုံနာမာတင်ရယ်၊ သီလရှင် မာရီယာ့ထရီစာရယ်၊ ကျွန်တော်ရယ်၊ ဘုရားရှိခိုးကျောင်းထဲမှာ ရှိနေကြတယ်၊ ကျွန်တော်တို့သုံးယောက်ပဲ ကျန်တော့တယ်၊ ဒါပေမယ့် အခု ခင်ဗျားရောက်လာပြီ၊ ကျွန်တော်တို့ ဘယ်လိုလုပ်ရမလဲ"

"ခဏနေဦး၊ အောက်ဘက်မှာ မော်တော်တွေ့ခဲ့တယ်၊ ဒီကနေ သိပ်မဝေးဘူး၊ ကျုပ် အခုဆင်းတော့မယ်၊ အမျိုးသမီးတွေနဲ့ တစ်ဘက်ကမ်းကိုကူးဖို့ အသင့်ပြင်ထား"

"မဖြစ်နိုင်ဘူးထင်တယ်၊ လှေမရှိဘူး"

အသင့်ပြင်ထားရန်သာပြောပြီး မြစ်ဆိပ်ဘက်သို့ ကျွန်တော်ကွေ့ခဲ့သည်။ ထိုနေရာတွင်လည်း အေးချမ်းလျက်ပင်။ ထို့ကြောင့် မြစ်ကိုဖြတ်ပြီး လေယာဉ်ကွင်းဘက်သို့ ဦးတည်လိုက်သည်။ သည်နေရာမှာလည်း လူသူရှိပုံမပေါ်။ ကမ်းနားတွင် လှေတစ်စီး ကြိုးချည်ထားသည်ကို တွေ့ခဲ့ရသည်။



ဘုရားရှိခိုးကျောင်းဘက်သို့ ပြန်လှည့်ခဲ့ပြီး အဗီလာကို ထပ်ခေါ်သည်။

"ကမ်းနားမှာ လှေတစ်စီးရှိတယ်၊ အမျိုးသမီးတွေကို အသင့်ပြင်ခိုင်းထား။ ကျွန်တော် ကူးလာခဲ့မယ်၊ ဆင်းတော့မယ်"

ကွင်းဘက်ကိုမောင်းခဲ့ပြီး ထိုးဆင်းလိုက်သည်၊ ပြေးလမ်း၏ တစ်ဘက်အစွန်သို့ ရွှေ့ယူသွားပြီး အသင့်ပြန်တက်နိုင်အောင် နေရာယူထားသည်။

နှစ်မိနစ်လောက် ကျွန်တော် ထိုင်နေသေးသည်။ တစ်စုံတရာ ဖြစ်လာမည်လားဟု စောင့်ကြည့်နေမိသည်။ ဘာမျှ မထူးခြား။ လက်ပစ်ဗုံးနှင့် မောင်းပြန်သေနတ်ကိုယူပြီး လေယာဉ်ပေါ်မှဆင်းကာ မြစ်ဘက်သို့ လျှောက်ခဲ့သည်၊ အကြောင်းအားလျော်စွာ လေယာဉ်အဆင်းအတက် ရှိသော်လည်း မြက်ပင်များက သုံးလေးပေမြင့်အောင် ရှည်လျားသည်။ တစ်ဘက်မှ ငှက်များလန့်အော်သံ ကြားရသည်၊ ကျွန်တော့်ကို သတိပေးသည့် သဘောပင်။ သို့သော်လည်း အဖြစ်အပျက်တို့က ထင်ထားသည်ထက် ပိုမိုလျင်မြန်စွာ ဖြစ်ပွားလေတော့သည်။

အော်ဟစ်ဆူညံသံများကို ရုတ်တရက် ကြားလိုက်ရသည်၊ ကျွန်တော် လှည့်ကြည့်လိုက်တော့ တောစပ်ဘက်မှစပြီး လေယာဉ်ဆင်းသည့် မြက်ခင်းပြင်ကြီးကို မီးလောင်နေပြီကို တွေ့ရသည်။ မြက်ပင်များမှာ စက္ကူများကိုလောင်သလို လောင်နေသည်၊ ငှက်အတောင်ပံစိုက်ထားသည့် လူခေါင်းများကိုလည်း မြင်ရသည်၊ သို့သော် မြားတစ်စင်းတလေမှ ရောက်မလာ။ သည်မီးထဲတွင် ကျွန်တော်လည်း ပိုးဖလံလေးတစ်ကောင်လို လောင်မြိုက်သွားမည်ဟု သူတို့ မှန်းထားကောင်း မှန်းထားပေလိမ့်မည်။

လေယာဉ်ပျံဗိုက်အောက်သို့ မီးတောက်များရောက်သည်နှင့် တပြိုင်တည်း ကျွန်တော်လည်း ခြေကုန်သုတ်ရတော့သည်။ မြစ်သို့ရောက်ရန် ခရီးတစ်ဝက်အလိုမှာပင် ဓာတ်ဆီတိုင်ကီ ပေါက်ကွဲသံကို ကြားရသည်။ မှိုပွင့်ကြီးလို မီးတောက်ကြီး တက်သွားသည်။ ခဏချင်းမှာပင် လေယာဉ်ဆင်းသည့် မြက်ခင်းပြင်ကြီးသည် မီးပင်လယ်ကြီး ဖြစ်သွားလေတော့သည်။

သို့ကလို မီးပင်လယ်ကြီး ဖြစ်သွားသောကြောင့် တစ်နည်းအားဖြင့် ကောင်းသလိုလိုရှိသည်၊ ဟူနာများနှင့် ကျွန်တော့်ကြားမှာ အကာအကွယ်သဘောမျိုး ရလိုက်သည်။

ဆိပ်ကမ်းရောက်တော့ အသင့်ရှိနေသည့် လှေပေါ်သို့ ခုန်ချပြီး ကမ်းမှ တွန်းထုတ်လိုက်သည်။ ထိုအချိန်မှာပင် မြစ်ညာမှ ဟူနာများ အပြည့်လိုက်ပါလာသော လှေခြောက်စင်းလောက် ကျွန်တော့်ဆီသို့ ဦးတည်လာနေကြချေပြီ။

❐

www.burmeseclassic.com

www.burmeseclassic.com



သွန်မဆင် မောင်းပြန်သေနတ် ရှိနေသည်မှာ မှန်သော်လည်း ဟူနာတွေက များလွန်းလှသည်။ နိုင်အောင်ပစ်ဖို့ မလွယ်။ လှေကိုလည်း လှော်ရဦးမည်။ ရန်သူတို့လည်း ခေါင်းမထောင်နိုင်အောင် ဖိပစ်ထားရမည်ဆိုသည်မှာက တစ်ယောက်တည်းအချိန် ဖြစ်နိုင်သော အလုပ်မဟုတ်။ တစ်ဘက်ကမ်းသို့ တဲရကြမ်းလှော်ရန် နည်းလမ်းတစ်ခုသာ ရှိတော့သည်။

ရေတိမ်သည့် နေရာအများအပြားနှင့် သဲသောင်ကလေးတွေ အများအပြား ရှိနေခြင်းက ကျွန်တော့်အတွက် အခွင့်ကောင်းတစ်ရပ်လို ဖြစ်နေသည်။ နောင်ခုံခပ်ကြီးကြီးတစ်ခု၏ အစွန်သို့ ရောက်သွားသည်။ မရေမတွက်နိုင်သော ခရုစုပ်ငှက်များ ထပျံသည်။ ဟူနာတွေနှင့် ကျွန်တော့်ကြားမှာ အကာကြီးဖြစ်သွားပြန်သည်။

သို့သော်လည်း အကြောင်းမထူးလှချေ။ သောင်ခုံတစ်ဘက်စွန်းမှာ လှေနှစ်စင်းထိုးကပ်ပြီး ဟူနာများ ကျွန်တော့်ဆီသို့ ဦးတည်ပြေးလာကြသည်။ ရေက ခြေချင်းဝတ်လောက်သာ နက်သည်။ အခြားလှေများက နောက်ဘက်မှနေ၍ လှည့်ပတ်ဝိုင်းသည်။

သောင်ခုံပေါ်မှ ဟူနာများက ကျွန်တော်နှင့် သိပ်နီးနေပြီ။ ထို့ကြောင့် လှော်တက်ကို ဝမ်းဗိုက်တွင်းမှာ ခဏချပြီး လက်ပစ်ဗုံးတစ်လုံးကို ပင်ဖြုတ်ကာ လှမ်းပစ်ရတော့သည်။

ဗုံးက သူတို့ဆီသို့ မရောက်။ သို့သော်လည်း ယခင်အတွေ့အကြုံအတိုင်း ပေါက်ကွဲသည့်အသံက ကျွန်တော်မျှော်မှန်းထားသလို ထိရောက်လှသည်။ ပြေးလာနေခြင်းကို တံ့ကနဲ ရပ်လိုက်သည်။ ဒေါသတကြီး အော်ဟစ်ကြသည်။ ဒုတိယအလုံး ဆက်ပေါက်ပြန်သည်။ သည်တော့မှ နောက်ကြောင်းသို့ သူတို့ ပြန်လှည့်ပြေးတော့သည်။

ယခုအချိန်အထိ သူတို့ကို ထိမှန်အောင် ပစ်ခတ်လိုစိတ်မရှိသေး။ လှော်တက်ကို ကောက်ကိုင်လိုက်စဉ် သောင်ခုံ၏ အခြားတစ်ဘက်စွန်း ကိုက်တစ်ရာလောက်အကွာမှ ပိတ်ဆို့ထားသည်ကို တွေ့ရပြန်သည်။ ကျွန်တော့်ဘယ်ဘက်မှာ သစ်တောသာ ရှိသည်။ သစ်တောဘက်သို့ အမြန်ဆုံးကပ်ရမည်။

သစ်ကိုင်းများက ရေပေါ်သို့ ဆိုးကျနေသည်။ သစ်ကိုင်းများအောက် ရောက်သွားသောအခါ မျက်ကွယ်တော့ရသလို ဖြစ်သွားသည်။ ထိုမျက်ကွယ်အခွင့်အရေးကို ပင် အသုံးချပြီး ရေဆန်ကို လှော်တက်ခဲ့သည်။ ကမ်းပေါ်တက်ဖို့ အလုံခြုံဆုံးနေရာကိုလည်း ကြိုးကန်းတောင်းမျှော် ရှာဖွေနေရသည်။ မြစ်ထဲသို့ စီးဝင်လာသည့် ချောင်းလက်တက်ကလေးကို တွေ့ရသည်။

ထိုချောင်းလက်တက်ကလေးထဲမှနေ၍ ကမ်းသို့ကပ်ရန် ဝင်လိုက်သည်။



ဟူနာတို့၏အသံများ နီးကပ်လာပြန်သည်။ ထိုအချိန်တွင် ချောင်းလက်တက်ကလေး အဝ၌ ကျွန်တော် ကုန်းကြည့်လိုက်သောအခါ သီလရှင် အဝတ်အစားများကို တွေ့ရသည်။ ကျိုးပဲ့နေသည့် လူရိုးများကိုလည်း တွေ့ရသည်။ နှစ်ယောက်စလုံး လှေထဲမှာ ရှိနေသည်။ သီလရှင် အင်န်ဂျီစီဖာဟူသော စာလုံးကလေးများပါသည့် အဝိုင်းကလေး တစ်ခုကိုသာ ဖြုတ်ယူလိုက်သည်။ သည်လောက်ဆိုလျှင် လုံလောက်ပါပြီ။

□

သာသနာပြုအဖွဲ့ပိုင် အဆောက်အအုံများသို့ရောက်ရန် ကိုက်သုံးရာလောက်သာ ဝေးတော့သည်။ သည်မျှလောက်ကိုတော့ မြန်နိုင်သမျှ အမြန်ဆုံးနှုန်းဖြင့်ပြေးလျှင် လွတ်လောက်ပေသည်။ အန္တရာယ်ကြုံလျှင် ခုခံနိုင်ရန် သေနတ်ကို အသင့်အနေအထား မှာကိုင်ရင်း အားကုန်ပြေးလာခဲ့တော့သည်။

မြစ်ကမ်းဘက်ကို ကပ်နိုင်သမျှကပ်ပြီး ပြေးခဲ့သည်။ ထိုနေရာက မြင်ကွင်းပိုရှင်းသည်။ မြစ်ဘက်က အော်ဟစ်သံများ ကြားရသည်။ နောက်ဘက်ချုံဖုတ်များထဲမှ သစ်ကိုင်းကျိုးသံ ကြားရသည်။ ထို့ကြောင့် အသံလာရာဆီသို့ ကျည်ဆန်များ လွှတ်လိုက်ရတော့သည်။

ဘုရားရှိခိုးကျောင်းမှာ ကိုက်သုံးလေးဆယ်လောက်သာ ဝေးတော့သည်။ ခေါင်းစိုက်ပြီး အားကုန်ပြေးခဲ့သည်။ အသံကုန်လည်း အော်လာခဲ့သည်။ မြားတစ်စင်းက လေထဲမှာဖြတ်ပြီး တံခါးမှာ သွားစိုက်သည်။ နောက်တစ်စင်းက လှေကားပေါ်သို့အတက်တွင် လာစိုက်ပြန်သည်။

နောက်သို့လှည့်ပြီး သစ်ပင်များဆီသို့ မောင်းပြန်သေနတ်ဖြင့် တရစပ် ပစ်ရပြန်သည်။ ထိုအချိန်မှာပင် ကျွန်တော့်နောက်က တံခါးပွင့်သွားပြီး တစ်စုံတစ်ယောက်က ကျွန်တော့်ကို အရှိန်ဖြင့် အတွင်းသို့ဆွဲသွင်းလိုက်ရာ ကျွန်တော့်ကိုယ်ကို မဟန်နိုင်အောင် ဖြစ်သွားသည်။

ကျွန်တော် ထ,ထိုင်တော့ ကာဘိုင်သေနတ်ကိုကိုင်ပြီး တံခါးမှာမှီနေသည့် အဗီလာကို တွေ့ရသည်။ သီလရှင် မာရီယာထရီစာနှင့် ဂျူနာမာတင်တို့က တစ်ဘက် ဘေးမှာ ရှိသည်။ ဂျူနာက ရိုင်ဖယ်တစ်လက် ကိုင်ထားသည်။ ကျွန်တော့်ဘေးသို့ ထောက်ထိုင်ချသည်။

“ရှင် ဘာမှမဖြစ်ဘူးနော် နေးလ်”

“အခုအထိတော့ ဘာမှမဖြစ်သေးဘူး ပြောရမှာပဲ”

“အပြင်မှာ ဘာဖြစ်တာလဲ၊ ပေါက်ကွဲသံတွေ ကြားလိုက်ရတယ်”

www.burmeseclassic.com

www.burmeseclassic.com



"မြက်ခင်းကြီးကို သူတို့ မီးတင်ရှို့လိုက်တယ်လေ၊ ကံကောင်းလို့ ကိုယ် ဒီကို ရောက်လာတာ"

"သွားပါပြီဗျာ၊ ဘာမှလုပ်ဖို့မလိုတော့ပါဘူး" ဟု အဇီလာက ညည်းသည်။

"ဒီလိုလဲ မဟုတ်သေးပါဘူးလေ၊ ဆရာလေးကို ဆုအတောင်းခိုင်းလိုက်ပေါ့"

စစ်မောင်းသံများကို အဝေးမှ ကြိုးကြားကြိုးကြား ကြားနေရသည်။

□ □ □

## အခန်း (၁၅)

### သူရသဏ္ဍ် နောက်ဆုံးပြဗွဲ

ဝိုင်ယာလက်စက်က သည်အတိုင်းရှိနေသည်၊ နေ့လယ်တုန်းက ဖစ်ဂွာရိုဒ်နှင့် အဆက်အသွယ် ရပြီးချိန်မှစပြီး နောက်ပိုင်းတွင် စက်ကို အသုံးချမရတော့ဟု အဇီလာက ပြောသည်။ တစ်ခုခု ချွတ်ယွင်းသွားသည်ဟု သူထင်သည်။

ကျွန်တော် တတ်ကျွမ်းသမျှ လုပ်ရပေတော့မည်၊ စက်ဖုံးပေါ်က ဝက်အူများကို ဖွင့်ကြည့်သည်၊ ဝိုင်ယာကြိုးများ၊ မီးသီးများအားလုံး နေသားတကျရှိနေသည်၊ ချွတ်ယွင်းချက် မတွေ့ရ၊ ထို့ကြောင့် အဇီလာတို ဆက်ကြိုးစားခိုင်းခဲ့ပြီး ရေနွေးအိုးတည်နေသည့် ဂျူနာမာတင်နားသို့ ကျွန်တော် ထသွားသည်၊ ပြီးတော့ နံရံကိုမှီပြီး ထိုင်လိုက်သည်၊ သီလရှင် မာရီသာထရီစာကတော့ မယ်တော်မေရီ ပုံတော်ရှေ့မှာ ဒူးထောက်ထိုင်နေဆဲ။

"အခုမှာက်ထိ ဆုတောင်းကောင်းနေတုန်းပဲလား" ဟု ကျွန်တော်ပြောမိသည်။

ဂျူနာက စီးကရက်တစ်လိပ် လှမ်းပေးသည်၊ ပြီးတော့ ထိုင်မြဲထိုင်ကာ ရေနွေးအိုးဆူစောင့်နေသည်၊

"ဘာတွေဖြစ်ခဲ့တာလဲဟင် နေးလ်"

"ကိုယ်လား- သူတို့ပိုမယ်နေရာ မရောက်ခင် သင်္ဘောပေါ်က ခုန်ချခဲ့တာလေ"

"နောက်ပိုင်းကျရင်ရော သူတို့က ရှင့်ကို ဘာလုပ်ကြဦးမှာလဲ၊ [illegible] တွေကို ပြောတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ လုပ်စရာ မလိုတော့ပါဘူး၊ ပြန်ပြောပြရမှာလဲ ခပ်ဆန်းဆန်းပဲ၊ ကိုယ် ဘာမှမလုပ်ခဲ့ပါဘူး၊ တကယ်ကတော့ ကိုယ်အညစ်ခံခဲ့ရတာပါ၊ လူမိုက်ဂိုဏ်းတွေ အား ချင်းပြိုင်ကြတဲ့ ရုပ်ရှင်ဇာတ်လမ်းမျိုးထဲကလိုပေါ့"

"အစကတည်းက ကျွန်မ သိပါတယ်၊ သူတို့ပြောတာတွေ ကျွန်မ မယုံခဲ့ပါဘူး" ဂျိုနာမာတင်က ခေါင်းကို ဖြည်းဖြည်းချင်း ညိတ်နေသည်။

"ကိုယ့်အပေါ် ယုံကြည်တယ်ဆိုလို့ ကျေးဇူးတင်ပါတယ်၊ မင်းနဲ့ မင်းနီတို့ နှစ်ယောက်စလုံးကိုပေါ့၊ အမှန်ကတော့ နည်းနည်းကလေးစောပြီး သူနဲ့လမ်းခွဲခဲ့ဖို့ကောင်းတာ"

"ဆမ်ကရော ဘာပြောသလဲ"

"ဒီနေ့မွန်းလွဲပိုင်းတုန်းက သူနဲ့ကိုယ် သွားတွေ့တယ်၊ အပြတ်ရှင်းဖို့ပေါ့၊ ဖစ်ဂွာရီဒိုတို့ လင်မယားနဲ့ မင်းနီ့ရှေ့မှာ အဖြစ်မှန်တွေကို သူဖွင့်ပြီးဝန်ခံတော့တာပဲ၊ သူ ဘာတွေလုပ်နေတယ် ဆိုတာကိုတောင် မသိလောက်အောင် သူ မူးနေပြီ၊ သူ့ဘဝတော့ ဆုံးသွားပါပြီ ဂျိုနာ"

ရေနွေးဆူသောအခါ ကော်ဖီဖျော်ပြီး မတ်ခွက်နှင့် ကျွန်တော့်ကို လှမ်းပေးသည်။

"သူ့ဘဝဆုံးခဲ့တာ ကြာပြီလို့ ကျွန်မထင်ပါတယ် နေးလ်၊ သိပ်ကို ကြာသွားပါပြီ"

ဂျိုနာသည် ကျွန်တော့်ဘေးမှာ ဆောင့်ကြောင့်ထိုင်နေသည်။ သူ့အမူအရာက အမှန်တကယ် စိတ်ထိခိုက်နေသည့် အမူအရာမျိုး။ သည်လိုအချိန်မျိုးသည် သူ့ကို အဖြစ်မှန် ထုတ်ဖော်ပြောလိုက်ဖို့ အကောင်းဆုံးအချိန်ပင် ဖြစ်သည်။

"မင်းအတွက် ပစ္စည်းတစ်ခု ရလာခဲ့တယ်" ကျွန်တော့်အိတ်ထဲမှ နာမည် အမှတ်အသားပါသည့် အပြားကလေးနှင့် ကြိုးကိုထုတ်ပြီး သူ့ကို လှမ်းပေးလိုက်သည်။

သူ့မျက်နှာပေါ်မှ အသားအရည်များ ချက်ချင်းတင်းသွားသည်ကို ထင်ထင်ရှားရှားကြီး မြင်လိုက်ရသည်။ သူ့တစ်ကိုယ်လုံး နတ်ကျသလို တုန်လာသည်။ "အင်နာ. . ." ဟုလည်း ကြေကွဲသံနှင့် ပြောသည်။

ကျွန်တော်က ခေါင်းညိတ်ပြလိုက်သည်။ "မြစ်ကမ်းက လှေ့ထဲမှာ တွေ့ခဲ့တာ ဒီစခန်းကို ဝင်တိုက်တဲ့အချိန်မှာပဲ သူတို့နှစ်ယောက် အသတ်ခံခဲ့ရပါတယ်၊ ပြီးတော့ မြစ်ထဲမှာ မျောနေတာ"

"ကျေးဇူးတင်လိုက်တာ၊ ဘုရားသခင်ကို ကျေးဇူးတင်လိုက်တာ" ဟု လေသံနှင့် သူရွတ်နေသည်။

အပြားကလေးကိုယူပြီး တစ်ဘက်စွန်းတွင် ဘုရားဝတ်ပြုနေသည့် သီလရှင်သို့ ထသွားသည်။ မာရီယာထုရီစာက သူ့ကိုလှည့်ကြည့်သည်။ တစ်ချိန်တည်းမှာပင် အင်္ဂလာ၏ အော်ခေါ်သံကို ကြားရသည်။



"ကျွန်တော် တစ်ခုခုကြားနေရတယ်၊ မြန်မြန်လာပါ"

နားကျပ်များကို တပ်ထားရင်း စကားပြောခွက်ကို ကျွန်တော့်ဆီသို့ ထိုးပေးသည်။ ကြားသံများ အတန်ငယ်ရှိနေသော်လည်း ဖစ်ဂွာရီဒို၏အသံကို ကျွန်တော်တို့ ကောင်းစွာကြားနေရသည်။

"စန္တာဟယ်လီနာ၊ ဒီကပြောတာ ကြားသလား"

"မာလိုရီ စကားပြောနေတယ်၊ ကြားသလား"

"ကောင်းကောင်းကြားတယ် ဆီညော်မာလိုရီ၊ အံ့ခြေအနေ ဘယ်လိုလဲ"

"အဆိုးတကာ့ အဆိုးဆုံးပဲ၊ ဟူနာက ကျွန်တော့်အဆင်းကို စောင့်နေတယ်၊ ဆင်းလဲဆင်းရော လေယာဉ်ပျံကို မီးရှို့လိုက်ကြပြီ၊ အင်္ဂလာရယ်၊ အမျိုးသမီးနှစ်ယောက်ရယ်၊ ကျွန်တော်ရယ် ဘုရားရှိခိုးကျောင်းထဲမှာ အခုရှိနေတယ်၊ လုံးလုံးသောင်တင် ပိတ်မိနေပြီ၊ လှေလဲမရှိဘူး"

"ဘုရား. . . ဘုရား. . . ."

"မျှော်လင့်စရာ တစ်ခုပဲရှိတယ်၊ အပျော်တမ်းတပ်သားအချို့ကို ခင်ဗျား ရအောင်စုပြီး အစိုးရမော်တော်နဲ့ ဒီကိုဖောက်ဝင်ခဲ့ပါ၊ ခင်ဗျားတို့ ရောက်တဲ့အချိန်အထိ ကျွန်တော်တို့ ထိန်းထားမယ်"

"ကျွန်တော်တို့နဲ့ အတူလိုက်ဖို့ လူရအောင် စုနိုင်တယ်ပဲထား၊ အဲဒီကို ရောက်အောင်လာဖို့က ဆယ့်နှစ်နာရီတောင် ကြာမှာ"

"သိတယ်၊ အကောင်းဆုံးကိုသာ အတတ်နိုင်ဆုံးလုပ်ပါ"

တစ်ဘက်မှ ဆက်ပြောနေသေးသည်။ သို့သော်လည်း နှောင့်ယှက်သည့်အသံများ ဝင်လာသောကြောင့် သဲ့သဲ့ကွဲကွဲ နားမလည်တော့။ ခဏကြာတော့ သူ့အသံပါ ပျောက်သွားတော့သည်။ နောက်သို့ ကျွန်တော် ပြန်လှည့်လိုက်သောအခါ သီလရှင် မာရီယာထရီစာနှင့် ဂျိုနာမာတင်တို့ပါ အင်္ဂလာနှင့်အတူရပ်ပြီး နားထောင်နေသည်ကို တွေ့ရသည်။ စိုးရိမ်ခြင်း၊ ကြောက်ရွံ့ခြင်း၊ ချုပ်တည်းထားရခြင်းစသည့် အမူအရာများ အားလုံးပေါ်နေသည်။ သီလရှင်ပင်လျှင် တည်ငြိမ်သည့် အမူအရာ ပျောက်ကွယ်နေပြီ။

"ဘာတဲ့လဲ နေးလ်၊ ကျွန်မတို့ကို ပြောပြပါဦး" ဂျိုနာက မေးသည်။

"မင်းတို့ အကုန်လုံးလောက် ကြားကြရပြီပဲကွာ၊ ရသလောက်လူစုပြီး အစိုးရ မော်တော်နဲ့ ဒီကိုဖောက်ဝင်လာဖို့ ဖစ်ဂွာရီဒိုကို ကိုယ်ပြောတယ်၊ အစစ အဆင်ပြေ မယ်ဆိုရင် အနည်းဆုံး ဆယ့်နှစ်နာရီလောက်တော့ စောင့်ရမယ်၊ မနက်အရုဏ်တက် ခင်ကလေးမှာ သူတို့ ဒီကို ရောက်လာနိုင်ကောင်းပါရဲ့"

www.burmeseclassic.com

www.burmeseclassic.com



အဗီလာက အသံပြဲကြီးနှင့် ရယ်သည်။ "သူတို့ ကြိုးစားမယ်ဆိုရင်တောင် အင်မတန် အန္တရာယ်များတဲ့အလုပ်ပါ ဆီညော်၊ ဟူနာတွေပစ်တဲ့မြား ကျောကုန်းအစိုက်ခံဖို့အတွက် ဒီကိုလာရဲလောက်အောင် သတ္တိကောင်းတဲ့ သူရဲကောင်းတွေ လင်ဒနီမှာ ရှိနေတယ်များ ထင်ပါသလားခင်ဗျာ"

"ရှင် လိုက်လာခဲ့ပြီးပြီ မဟုတ်လား ဆီညော်အဗီလာ" ဟု သီလရှင် မာရီယာ ထရီစာက ပြောသည်။

"ငွေအတွက် ကျွန်တော်လိုက်လာတာပါ ဆရာလေးရယ်၊ ဆရာလေးက ငွေကောင်းကောင်းပေးတယ်၊ ဒါကြောင့် လိုက်ခဲ့တယ်၊ နောက်ဆုံး ကျွန်တော် ဘာဖြစ်မယ် ထင်သလဲ၊ သေဖို့ပဲပေါ့"

□

ပြတင်းပေါက်အနားမှာရပ်ပြီး တရုတ်ကတ်ကလေးများကြားမှ အပြင်သို့ ကျွန်တော် လှမ်းကြည့်နေမိသည်။ ဆေးရုံ အဆောက်အအုံများနှင့် ခြံဝင်းဟိုမှာဘက်မှ တောအုပ်သည် မှောင်နေပြီ၊ တောအုပ်၏ ဟိုမှာဘက်တွင်ရှိသော နေလုံးကလည်း ဝင်လုဆဲမို့ လိမ္မော်သွေးရောင် ပြေးနေသည်။ စစ်မောင်းသံများက ရုံဖန်ရံခါ ပေါ်လာသည်။

ဂျူနာမာတင်က ကျွန်တော့်ဘေးကနံရံကို မှီရပ်ယင်း စီးကရက်သောက်နေသည်။ ခပ်ဝေးဝေးမှ လူသံများလည်း လေနှင့်အတူ လွင့်လာသည်။ သို့သော် ဘာမှမသဲကွဲ။

"သူတို့ ဘာဖြစ်လို့ သီချင်းဆိုနေကြတာလဲ" ဟု ဂျူနာက မေးသည်။

"သေခြင်းတရားကိုရင်ဆိုင်ဖို့ ပြင်ဆင်နေကြတာ၊ 'သတ္တိနိုးတဲ့ ကြွေးကြော်သံ' လို့ သူတို့ခေါ်တယ်၊ မကြာခင်မှာ ကိုယ်တို့ကို ဝင်တိုက်တော့မယ့် သဘောပဲ၊ ဒါပေမယ့် မတိုက်ခင်မှာ ထုံးတမ်းစဉ်လာအရ သူတို့လုပ်စရာတွေ အများကြီးရှိသေးတယ်"

"သေတာကို သူတို့က လက်ကမ်းကြိုတယ်လို့ ဆိုလိုတာလား ဆီညော်မာလိုရီ" သီလရှင် မာရီယာထရီစာက အမှောင်ထဲမှ ထွက်လာပြီးမေးသည်။

"သူတို့လို စစ်သားတစ်ယောက်အဖို့ဟာ သေလမ်းတစ်လမ်းပဲ ရှိတယ်ဆရာလေး၊ ကျွန်တော် တစ်ခါပြောပြပြီးပြီ မဟုတ်လား၊ သေတာနဲ့ ရှင်တာဟာ သူတို့လူမျိုးအတွက် အတူတူပါပဲလို့"

သူ ဘာမှပြန်မဖြေနိုင်မီ ဝိုင်ယာလက်စက်နားမှာ ထိုင်နေသည့် အဗီလာ၏ အော်ခေါ်သံကို ကြားရသည်။



"ဖစ်ဂွာရီဒိုအသံကို ကျွန်တော် ထပ်ကြားရတယ် ထင်တယ်"

စကားပြောခွက်ကို လှမ်းပေးသည်။ သို့သော်လည်း ကြားသံတွေက အလွန်အမင်း ဝင်နေသည်။ ကိုယ်ကိုကိုင်းပြီး ကျွန်တော် နားထောင်ကြည့်သေးသည်။ ဘာမှ အကြောင်းမထူး။

"နည်းနည်းပါးပါးမှ နားမလည်လိုက်ဘူးလား"

"တစ်လုံးနှစ်လုံးပဲ ကြားရတယ် ဆီညော်၊ အဓိပ္ပာယ်တော့ သိပ်မရှိလှဘူး"

"ဘာတွေကြားရသလဲ"

"ကပ္ပတိန်ဟင်နာ ဒီကိုထွက်လာနေပြီတဲ့"

"မဖြစ်နိုင်ပါဘူး၊ ခင်ဗျားနားကြားလွဲတာ ဖြစ်လိမ့်မယ်"

အပြင်မှာ စစ်မောင်းသံများ တိတ်နေပြီ။

□

ဘုရားရှိခိုးကျောင်းအတွင်းမှာ မှောင်ပြီ၊ ဝိုင်ယာလက်စက်နားက မီးအိမ်နှင့် တစ်ဘက်ခြမ်းမှာ သီလရှင် မာရီယာထရီစာထွန်းထားသည့် ဖယောင်းတိုင်မီးတို့၏ အလင်းရောင်များသာ ရှိတော့သည်။

အပြင်မှာလည်း လုံးဝမှောင်သွားပြီး၊ ကောင်းကင်နောက်ခံတွင် သစ်ပင်မည်းမည်းများကိုသာ မြင်ရတော့သည်၊ ဘာသံမှလည်း မကြားရ၊ လုံးဝ တိတ်ဆိတ်ငြိမ်သက်နေသည်။

ခပ်ဝေးဝေးမှ ကျားသစ်အော်သံကို ကြားရသည်။

"တကယ့်ကျားသစ်လား ဆီညော်" ဟု အဗီလာက လှမ်းမေးသည်။

"မပြောတတ်ဘူး၊ အချက်ပေးတာ ဖြစ်နိုင်တယ်"

သူတို့ကို အပြင်မှာ ကြာကြာထိန်းထားနိုင်လေ၊ ကျွန်တော်တို့အတွက် အခွင့်အလမ်းသာလေ ဖြစ်သည်။ အဗီလာနှင့် ကျွန်တော့်မှာ လက်နက်အပြည့်အစုံ ရှိသည်။ ဂျူနာမာတင်ကလည်း ရိုင်ဖယ်တစ်လက် ကိုင်ထားသည်။ လိုလျှင် အလွယ်တကူသုံးနိုင်ရန် စားပွဲပေါ်မှာလည်း ရိုင်ဖယ်သေနတ်နှစ်လက် အပိုရှိနေသေးသည်၊ သို့သော်လည်း တစ်လောကလုံး တိတ်နေသဖြင့် ဘာကိုမျှော်မှန်းရမှန်း မသိအောင် ဖြစ်နေသည်။ အဗီလာဖွင့်ထားသည့် ဝိုက်ယာလက်စက်မှ တစ်ချက်ချက်မြည်နေသည့် အသံသာရှိသည်။

မယ်တော်မေရီပုံတော်ရှေ့တွင် ပူဇော်ထားသည့် ဖယောင်းတိုင်

သည်ထက် မှိန်လာသည်၊ သီလရှင် မာရီယာထရီစာ၏ ဝတ်ပြုသံကို

www.burmeseclassic.com

www.burmeseclassic.com



သည်၊ အလွန်တရာ ငြိမ်းချမ်းလှသည်။

ကျွန်တော့်ခေါင်းပေါ် တည့်တည့် အိမ်ခေါင်မိုးပေါ် မှ အသံတစ်သံ ကြားလိုက်ရသည်။ မော့ကြည့်လိုက်တော့ တစ်ကိုယ်လုံး ဆေးခြယ်ထားသော ဟူနာတစ်ယောက်သည် ကျယ်လောင်သောအသံကိုပြုရင်း ကျွန်တော့်အပေါ် သို့ ခုန်ချလိုက်သည်။ သူ့လက်ထဲမှ အရောင်လက်သွားသည့်ဓားကို တွေ့လိုက်ရသည်။

မောင်းပြန်သေနတ်၏ခလုတ်ကို ကျွန်တော် ညှစ်ချလိုက်သည်။ နံရံဘက်သို့ သူလွင့်သွားသည်၊ ဂျုံနာ၏အော်သံကို ကြားသဖြင့် လှည့်ကြည့်လိုက်ရာ နောက်ထပ်ဟူနာတစ်ယောက်၏ ကိုယ်ထဲသို့ ကျည်ဆန်တစ်တောင့်ပြီး တစ်တောင့် ပစ်သွင်းနေသည့် အဗီလာကို တွေ့ရသည်၊ ယင်းဟူနာသည် သူ့အနီးသို့ ခုန်ဆင်းလာသူဖြစ်သည်။

သူ့ကိုကူရန် ကျွန်တော်ရွေ့လိုက်သည်၊ ဂျုံနာက အော်ပြန်သည်။ ကျွန်တော် လှည့်လိုက်သည်၊ နောက်ကျသွားပါပြီ၊ ကျွန်တော့်လက်ထဲမှ မောင်းပြန်သေနတ်မှာ ရိုက်အချခံလိုက်ရသည်၊ တစ်ကိုယ်လုံး ဆေးခြယ်ထားသည့် ဟူနာသည် လက်ထဲမှဓားကိုမြှောက်ကာ ပြေးဝင်လာသည်၊

သူ့လက်ကောက်ဝတ်ကို ကျွန်တော်ဆီးဖမ်းကာ လက်ကိုလိမ်ချိုးရန် ကြိုးစားထည်၊ သို့သော် အလွန်တရာ သန်မာသည်ကို တွေ့ရသည်။ ကျွန်တော့်ထက် ခွန်အားအဆပေါင်းများစွာ ပိုလေသည်၊ တဖြည်းဖြည်းနှင့် သူ့မျက်နှာက ကျွန်တော့်အနီးသို့ ပူးကပ်လာလေသည်။ ထိုအခိုက်မှာပင် သူ့ခေါင်းကို ရိုင်ဖယ်ပြောင်းတံနှင့် တစ်စုံတစ်ယောက်က ရိုက်လိုက်သည်၊သည်တော့မှ ဘေးတစ်ဘက်သို့ လွင့်စဉ်သွားသည်၊

ဂျုံနာမာတင်က ရိုင်ဖယ်သေနတ်ကိုကိုင်ရင်း နောက်သို့ခုန်ဆုတ်သွားသည်၊ သူ့မျက်နှာပေါ် မှာ ထိတ်လန့်တုန်လှုပ်နေသည်ကို တွေ့ရသည်၊ ဂျုံနာ၏နောက်ဘက်ရှိ သီလရှင်မာရီယာဘေးသို့ ခေါင်မိုးပေါ် မှ မည်းမည်းသဏ္ဌာန်တစ်ခု ပြုတ်ကျလာသည်၊ ကြမ်းပေါ် မှသေနတ်ကို ကျွန်တော် လှမ်းကောက်လိုက်သည်။ ကျွန်တော် နောက်ကျသွားပြန်သည်၊ အဗီလာက ကာဘိုင်သေနတ်ဖြင့် သူ့ခေါင်းကို လှမ်းပစ်လိုက်သည်။

အသက်ရှူမှန်အောင် အဗီလာကြိုးစားနေသည်ကို တွေ့ရသည်။ ကာဘိုင်သေနတ်ထဲသို့လည်း နောက်ထပ်ကျည်တပ် အသစ်တစ်ခု လဲထည့်နေသည်။

"ခေါင်မိုးပေါ် မှ ကျန်လိမ့်ဦးမယ်ထင်တယ်-ဆီညော်"

"ကျွန်တော်တော့ မထင်ဘူး၊ ကျွန်တော်တို့ကိုရှင်းဖို့ ဒီလေးယောက်လောက်ဆိုရင် လုံလောက်တာပဲ၊ လိုအပ်ရင် ကာပစ်ပစ်ပေး၊ ကျွန်တော် ထွက်ကြည့်မယ်"

ကျည်ကပ်အသစ်တစ်ခု ကျွန်တော် လဲထည့်လိုက်သည်၊ တံခါးကိုဖွင့်ပြီး အပြင်သို့ လှစ်ကနဲ ထွက်လိုက်သည်၊ မလှမ်းမကမ်းသို့ပြေးပြီး ခေါင်မိုးပေါ် သို့ ကျည်ဆန်အတော်များများ ပစ်လွှတ်လိုက်သည်၊ ပြီးတော့ တခြားတစ်ဘက်သို့ပြေးပြီး ထိုအတိုင်း



ပစ်လိုက်ပြန်သည်။ တုံ့ပြန်မှု ဘာမျှမရှိ၊ တောအတွင်း၌ကလည်း ဘာမှမလှုပ်ရှား၊ အတွင်းကို ပြန်ဝင်လာခဲ့သည်။

သီလရှင် မာရီယာထရီစာက ဒူးထောက်ထိုင်ပြီး ရွတ်ဖတ်သရဇ္ဈာယ်နေပြန်သည်။ သေသွားသူများအတွက် ဆုတောင်းနေခြင်းသာ ဖြစ်ပေလိမ့်မည်။ ဂျုံနာက နံရံဘေးမှာ ထိုင်နေသည်။ သူ့နားသို့သွားပြီး ကျွန်တော် ထိုင်ချလိုက်သည်။

"ခင်း ခုနလုပ်လိုက်တာ အင်မတန်မှန်တယ်၊ ကျေးဇူးတင်ပါတယ်"

"အမ်ကျီအမ်ပြန်ရောက်ရင် ဒီလိုအခန်းမျိုးတွေ ရုပ်ရှင်ရိုက်ရဦးမယ် ထင်တယ်" သူက ယဲ့ယဲ့ကလေးပြုံးသည်။

ဝိုင်ယာလက်စက်မှ အသံမြည်လာသည်။ ကြားဖူးသော အသံမျိုးဖြစ်သည်၊ အသံက ခပ်ကြမ်းကြမ်း၊ မြီးမှ ကြည်လာသည်။

"ဟင်နာ စကားပြောနေတယ် မာလိုရီ၊ ဟင်နာစကားပြောနေတယ် မာလိုရီ၊ ငါပြောတာ ကြားသလား"

□

စကားပြောခွက်ဆီသို့ တဟုန်ထိုး ကျွန်တော် ထ,ပြေးသွားသည်၊ ခလုတ်ကို ဖွင့်လိုက်သည်၊ "ကြားတယ်ဆမ်၊ ကျယ်တယ်၊ ကြည်တယ်၊ ခင်ဗျား ဘယ်မှာလဲ"

"ငါ့ဆီမှာရှိတဲ့ ညကြည့်အိမ်မြှောင်တွေ မှန်တယ်ဆိုရင် ငါးမိနစ်ပျံရမယ့် ခရီးအကွာအဝေးမှာ ရှိနေတယ်၊ မြစ်အောက်ပိုင်းမှာ"

"ဘာရစ္စတိုနဲ့လား"

"ဒါပေါ့ ချာတိတ်၊ ဟိုတုန်းက အတိုင်းပေါ့ကွာ"

သူ့အသံထဲမှာ တစ်စုံတစ်ရာ ထူးခြားသလိုရှိနေသည်၊ ယခင်က ကျွန်တော် မကြားခဲ့ဘူးသည့် အသံမျိုး၊ ပျော်ရွှင်နေသည့် အသံမျိုးဖြစ်ဖို့က များသည်။

"မြစ်ဆိပ်နဲ့တည့်တည့် မြစ်လယ်မှာရှိနေတဲ့ သောင်ခုံကြီးပေါ် မှာ ငါ ကြိုးစားဆင်းမယ်၊ ငါ့ကို မီးပြဖို့တော့ လိုတယ်"

"ဘယ်လိုလုပ်ပြရမှာလဲ"

"မင်းအမေဂလိန်း။ ငါဘယ်သိမလဲ၊ မင်းတို့ရှိနေတဲ့အိမ်တွေ မီးရှို့လိုက်ရောလား"

အဗီလာကို လှမ်းကြည့်လိုက်သည်၊ သူက ခေါင်းညိတ်ပြသည်၊ ကျွန်တော် စကားပြောခွက်ထဲသို့ ပြန်ပြောသည်၊

"ကောင်းပြီဆမ်၊ ကျွန်တော်တို့ လုပ်နေပြီ"

www.burmeseclassic.com

www.burmeseclassic.com



တစ်ဘက်က အသံထွက်လာပြန်သည်။

"တစ်ခုပြောဖို့ကျန်သေးတယ် ချာတိတ်၊ နောက်ခန်းထဲမှာ နှစ်ယောက် ထိုင်လို့ရမယ်၊ အပိုမရဘူး။ သဘောက မင်းနဲ့ အစီလာ လိုက်လို့မရဘူး"

"ဟိုနေ့တုန်းက မြစ်ကြောင်းအတိုင်း ရေစုန်မှာ ကျွန်တော်မျှောခဲ့သေးတာပဲ၊ တစ်ခါထပ်စုန်လို့ ရသေးတယ်"

သို့သော်လည်း မျှော်လင့်ချက် မရှိတော့ကြောင်းကို ကျွန်တော်သိသည်။ ဂျူနာမာတင်ကလည်း သိသည်။ ထို့ကြောင့် ကျွန်တော့်ကိုယ်ပေါ်သို့ လက်တစ်ဘက်လာတင်ပြီး အကျီစကလေးများကို ဆွဲဆန့်ပေးနေသည်။

"နေးလ်- တစ်နည်းနည်းတော့ ရှိရမှာပေါ့ကွယ်"

"ဆီညော်- အခုနေ ကျွန်တော်တို့ အပြင်မထွက်ရင် နောက် ထွက်လမ်းမမြင်တော့ဘူး" ဟု အစီလာက စကားဝင်ဖြတ်လိုက်သည်။

□

ဘုန်းတော်ကြီးများ အဝတ်လဲသည့် အခန်းထဲမှာ ဆီဘူးများကို တွေ့ရသည်။ မီးအိမ်ထွန်းသည့် ဆီဘူးများဖြစ်သည်။ အစီလာသည် ကာဘိုင်သေနတ်ကိုလွယ်ပြီး လိုက်လာသည်။ ကျွန်တော်က တံခါးဖွင့်ပေးလိုက်သောအခါ တစ်ဘက်က အဆောက်အအုံများဆီသို့ သူပြေးတော့သည်။

အနည်းငယ်နောက်ချန်ပြီး ကျွန်တော်ပါ ပြေးထွက်ခဲ့သည်။ ကျွန်တော့်ဦးတည်ချက်က ဆေးရုံနှင့် အုပ်ချုပ်ရေးရုံး အဆောက်အအုံ။

ဘရန်တိုလေယာဉ်ပျံသံကို ကြားနေရပြီ၊ မည်သည့်အရပ်ကဟူ၍တော့ မခန့်မှန်းနိုင်။ ဟူနာတို့၏ အသံကိုကား လုံးဝမကြားရ။ ဤပတ်ဝန်းကျင်တွင် မရှိတော့သလို ထင်ရသည်။ ကျွန်တော်တို့မှာ အချိန်သိပ်နည်းနေပြီ။ ဆေးရုံတံခါးများ ဖွင့်ထားသည်ကို တွေ့ရသည်။ လောင်စာဆီများကို ကြမ်းပြင်ပေါ်သို့ ဖျန်းလိုက်သည်။ ကျန်တာကို ခေါင်မိုးပေါ်သို့ ပစ်တင်လိုက်သည်။

ခြံဝင်းတစ်ဘက်ကို လှမ်းကြည့်လိုက်တော့ လူနေအိမ်တစ်လုံး မီး စ,တင်လောင်နေပြီကို တွေ့ရသည်။ မီးရောင်အောက်တွင် နောက်ထပ်အိမ်တစ်လုံးဆီသို့ ပြေးသွားသော အစီလာကို မြင်လိုက်ရသည်။ နောက် အိမ်၏ သက်ကယ်ခေါင်မိုးပေါ်သို့ လောင်စာဆီဖျန်းပြီး မီးရှို့နေသည်။

မီးခြစ်ပြီး မီးခြစ်ဆံကို ကြမ်းပေါ်သို့ ပစ်ချလိုက်သည်။ ဝုန်းကနဲဟပ်လိုက်သည့် မီးတောက်ကိုလွတ်အောင် နောက်သို့ ကမန်းကတန်း ခုန်ရှောင်လိုက်ရသည်။



ဘုရားရှိခိုးကျောင်းဝင်းတစ်ခုလုံး မီးဟုန်းဟုန်းတောက်နေပြီ။

စောစောက တုတ်တုတ်မျှမလှုပ်ဘဲ ငြိမ်နေခဲ့ကြသည့် ဟူနာတို့၏ ဒေါသဘကြီး အော်ဟစ်သံများ တောအုပ်ဆီမှ ကမ္ဘာပျက်သလို ပေါ်ထွက်လာသည်။ ပျားအုံကို တုတ်နှင့်ထိုးသောအခါ ပျားများမြည်သကဲ့သို့ ရှိသည်။ ကျည်ကပ်တစ်ကပ်လုံးကုန်သည်အထိ အသံလာရာဘက်သို့ ကျွန်တော် ဆွဲမွှေ့လိုက်သည်။ ပြီးတော့ ဘုရားရှိခိုးကျောင်းဘက်သို့ ပြန်ပြေးလာခဲ့သည်။ မြားမိုးလည်း ရွာစ,ပြီပြီ။

အစီလာသည် အားလုံး၏ပစ်မှတ်ကြီး ဖြစ်နေပြီ။ မြားတွေက သူ့ဆီသို့ တန်းဝင်နေသည်။ သူ့အော်သံတစ်ချက် ကြားလိုက်ရသည်။ သူယိမ်းယိုင်သွားသည်ကိုလည်း မြင်လိုက်ရသည်။ ထိုကြားထဲက သူဆက်ပြေးနေသည်။ ဘုရားရှိခိုးကျောင်း လှေကားနားအရောက်တွင် မြေပြင်ပေါ်သို့ မှောက်လျက်လဲကျသွားတော့သည်။ သူ့ကျောမှာ မြားတစ်ချောင်း စိုက်နေသည်။

ကျွန်တော်က နောက်ဘက်သို့ ပြန်လှည့်ကာ ဒူးတစ်ဘက်ထောက်ပြီး ခြံစည်းရိုးဆီသို့ နောက်ထပ် ကျည်ကပ်တစ်ကပ်လုံးကုန်အောင် မွှေပြန်သည်။ ဘာကိုမှတော့ မမြင်ရ။ မီးတောက်များ၏ တစ်ဘက်ခြမ်းမှ အော်သံများကိုသာ ကြားရသည်။

လှေကားထစ်ပေါ်သို့ ကြိုးစားပြီးတက်နေသည့် အစီလာကို တွေ့ရသည်။ ဂျူနာမာတင်က တံခါးကို ဆီးဖွင့်ပေးသည်။ ကျွန်တော်က အစီလာကိုဆွဲပြီး အတွင်းသို့ သွင်းကာ နောက်မှတံခါးကို ခြေထောက်ဖြင့် ကန်ပိတ်လိုက်သည်။ တံခါးမင်းတုတ်ထိုးပြီး နောက်ပြန်လှည့်လိုက်သောအခါ အစီလာ၏ဘေးတွင် ဒူးထောက်ထိုင်ကာ ဒဏ်ရာကို စစ်ဆေးကြည့်နေသည့် သီလရှင်ကို တွေ့ရသည်။

အစီလာက ပက်လက်လှန်လိုက်သည်။ မြားက ကျိုးသွားသည်။ သူ့ပါးစပ်ထဲက သွေးများထွက်လာသည်။ သီလရှင်ကို ကြမ်းကြမ်းတမ်းတမ်း တွန်းဖယ်ပစ်လိုက်ပြီး ကျွန်တော့်ဆီသို့ လက်ဆန့်တန်းသည်။ သူ့ဘေးမှာ ဒူးတစ်ဘက်ထောက်ပြီး ကျွန်တော် ထိုင်ချလိုက်သည်။

"ခင်ဗျားတစ်ယောက်တည်း ဆက်ပြီးထိန်းသွားနိုင်ပါတယ် ဆီညော်၊ ဟောဒီ ဘုရားရှိခိုးကျောင်းကိုပါ မီးရှို့ခဲ့ပါ။ ဘုရားသခင်က ခွင့်လွှတ်ပါလိမ့်မယ်" ကျန်လက်တစ်ဘက်က အကျီအိတ်တွင်းသို့ နှိုက်သည်။ ကတ္တီပါအိတ်ကလေးတစ်လုံး ပါလာသည်။ "ကျွန်တော့်အတွက် ဆုတောင်းပြီး အရက်သောက်ပေးပါ။ ကံတောင်းပါစေ သူငယ်ချင်းရယ်"

သွေးများပိုအန်လာသည်။ ပြီးတော့ သူငြိမ်သွားတော့သည်။

□

www.burmeseclassic.com

www.burmeseclassic.com



ဟင်နာ၏အသံက ဝိုင်ယာလက်စက်မှ ပေါ်လာပြန်သည်။

"လုလိုက်တာချာတိတ်ရာ၊ မတရားလုတာပဲ၊ ငါပြောတာ ကြားတယ်မဟုတ်လား"

စကားပြောခွက်ကို ကျွန်တော်လှမ်းဆွဲသည်။

"ကြားတယ်၊ ကျယ်တယ်၊ ကြည်တယ် ဆမ်၊ အဗီလာအသက်နဲ့ ဝယ်ယူလိုက်တာတွေလေ၊ အမျိုးသမီးနှစ်ယောက်ကို ခေါ်ပြီးထွက်ခဲ့ပြီ"

"ကမ်းစပ်ကစောင့်၊ ငါမဆင်းမချင်း ဖြုတ်မကူးနဲ့၊ ငါ့မှာ သွန်မဆင်မောင်းပြန်တစ်လက် ပါလာတယ်၊ ကာပစ်ပစ်ပေးမယ်၊ တောက်. . . စက်အမြောက်တစ်လက်လောက်များ ပါလာရင် ဘယ်လောက် ကောင်းလိုက်မလဲ။ ခွေးမသားတွေ. . . တစ်သက်မမေ့နိုင်အောင် ဆုံးမရတာပေါ့" ကျယ်လောင်စွာ သူရယ်နေသည်။ "ပြီးမှ တွေ့တော့မယ် ချာတိတ်ရေ. . ."

သီလရှင် မာရီယာထရီစာသည် အဗီလာ၏ဘေးမှာ ဒူးထောက်ထိုင်ရင်း နှုတ်ခမ်းတလှုပ်လှုပ်ဖြင့် ဆုတောင်းနေပြန်သည်။ ကျွန်တော်က အကြမ်းပတမ်း ဆွဲထူလိုက်မိသည်။

"ဒါတွေလုပ်နေဖို့ အချိန်မရှိဘူး၊ ကျက်သရေခန်းကနေ အပြင်ထွက်မယ်၊ အပြင်ရောက်တာနဲ့ တပြိုင်တည်း ကမ်းနားရောက်အောင်ပြေး၊ နောက်လှည့်မကြည့်နဲ့၊ ကျုပ်သာဆိုရင် အဲဒီအဝတ်ကြီးတွေ ချွတ်ပစ်လိုက်ပြီဗျာ"

အူကြောင်ကြောင်နှင့် ကျွန်တော့်ကို ပြန်ကြည့်နေသေးသည်။ ကျွန်တော်ဆိုလိုသည်ကို သူ သဘောပေါက်ပုံမရ။ ဂျူနာမာတင်က ဝင်လာပြီး သူ့ကိုယ်ပေါ်မှ သီလရှင်ဝတ်ရုံကြီးကို ချွတ်ပေးသည်။ အတွင်းခံကလေးများနှင့် အလွန်သေးကွေးသော အမျိုးသမီး တစ်ယောက်အဖြစ် စက္ကန့်ပိုင်းအတွင်းမှာပင် အသွင်ပြောင်းလဲသွားလေတော့သည်။

သူတို့ကို ကျက်သရေခန်းထဲသို့ တွန်းသွင်းလိုက်ပြီး တံခါးဖွင့်ကာ အပြင်သို့ ချောင်းကြည့်သည်။ ဘရစ္စတို လေယာဉ်ပျံသည် အလွန်တရာ နီးကပ်နေပြီ။ ကျွန်တော်တို့ ခေါင်းပေါ်မှာ ဝဲနေပြီ။ မြစ်ကမ်းနှင့် ကျွန်တော်တို့နေရာမှာ ကိုက်ခြောက်ဆယ်၊ ခုနစ်ဆယ်လောက် ဝေးမည်။

သူတို့နှစ်ယောက်ကို အပြင်သို့ တွန်းထုတ်လိုက်ပြီး စောစောက ဆီဖျန်းထားသည့် နေရာပေါ်သို့ မီးခြစ်ဆံတစ်ဆံ ခြစ်ချပြီး တောက်လျှောက် ပြေးလိုက်လာခဲ့တော့သည်။

□

မြစ်ကမ်းဘေးရောက်တော့ ဂျူနာတို့နှင့်အတူ ချိုင့်ကလေးတစ်ခုထဲမှာထိုင်ပြီး မီးတောက်များဆီသို့ ပြန်ငေးနေမိသည်။

ဟူနာတို့၏အသံများကို မကြားရတော့။ ဘရစ္စတိုလေယာဉ် နိမ့်ဆင်းလာသည်ကို တွေ့ရသည်။ စက်သံက ညံနေသည်။ ဘလက်ဘေရှွန်ကြီးသည် သူ၏ သူရသတ္တိကို နောက်ဆုံးထုတ်ဖော်ပြသရန် ဆင်းလာပါပြီ။

သည်လိုညအချိန်တွင် သည်လိုနေရာမျိုးမှာ လေယာဉ်ပျံဆင်းဖို့ဆိုသည်မှာ ပါရမီထူးရှိပြီး အလွန်တော်သည့်သူများသာ ဆင်းနိုင်မည်ဖြစ်သည်။ ယခု သူဆင်းလာပြီ အမှားအယွင်း တစ်စုံတစ်ရာမပါဘဲ သပ်သပ်ရပ်ရပ် ဆင်းလာခြင်းဖြစ်သည်။ ဘီးနှင့် သောင် ပြင် ထိလိုက်တော့ သဲပွင့်များနှင့် ရေပန်းများ ဖြာထွက်သွားသည်။ အောက်ရောက်သည် နှင့် တပြိုင်တည်း လေယာဉ် အသင့်ပြန်တက်နိုင်အောင် နေရာပါ ရွှေ့ယူထားပြီးဖြစ် သည်။

သူ့ကို ထင်ရှားစွာ ကျွန်တော်မြင်ရပြီ။ သားရေခေါင်းစွပ်၊ မျက်နှာဖုံး၊ လေထဲ မှာ လွင့်နေသည့် လည်စည်း။

မောင်းပြန်သေနတ်ကို ရေမစိုအောင် လက်နှစ်ဘက်နှင့် မြှောက်ကိုင်ပြီး အမျိုး သမီးနှစ်ယောက်ကို တွန်းလွှတ်လိုက်သည်။ ရေက ရင်စို့လောက်သာ နက်သည်။ သို့ သော်လည်း ရေစီးက အလွန်သန်သည်။ ထို့ကြောင့် သတိထားပြီး ထိန်းနေရသည်။

ကျွန်တော်တို့နောက်ပိုင်းမှ ဟူနာတို့၏ ဆူညံသောအသံများကို ကြားနေရ ပြန်ပြီ။ ဒေါသတကြီးနှင့် အော်ဟစ်နေကြသည်။

ဟင်နာသည် ဘရစ္စတိုလေယာဉ်ပျံအောက်သို့ ရောက်နေပြီ။ ပြီးတော့ သူ့ လက်ထဲမှ မောင်းပြန်သေနတ်ကိုလည်း မနားတမ်း ပစ်ခတ်နေသည်။ နောက်ပိုင်းကို ကျွန်တော် ပြန်လှည့်မကြည့်တော့။ ကျွန်တော့်ခေါင်းထဲမှာလည်း တွေးစရာတွေက သိပ်များနေပြီ။ ထိုအခိုက်မှာပင် သီလရှင် မာရီယာထရီစာက ရေစီးကြောင်းမှာ မျော သွားသည်။ မမိမကမ်းနှင့် သူ့ကို လှမ်းဆွဲလိုက်ရသည်။ မီးရုံကလေးရှိသည်။ တစ်ဘက် ကလည်း ဂျူနာလွှတ်မသွားအောင် ထိန်းပေးထားရသေးသည်။ တစ်ဘက်သောင်ခုံပေါ် သို့ ခက်ခက်ခဲခဲနှင့်ပင် ကျွန်တော်တို့ ရောက်ခဲ့လေတော့သည်။

□

တစ်ဘက်ကမ်းတွင် ဟူနာလူမျိုးပေါင်း တစ်ရာထက်မနည်း နို. . . ဘုရားရှိခိုးကျောင်းဝင်းထဲမှ အဆောက်အအုံများကို လောင်နေသည့် မီး. . . မြင်နေရသည်။ အလုမ်းဝေးနေသောကြောင့် သူတို့ပစ်လွှတ်လိုက်သည့် မြှား. . .

www.burmeseclassic.com

www.burmeseclassic.com



ရေလယ်မှာသာ ကျနေသည်။ သို့သော်လည်း အချို့က ရေထဲသို့ ဆင်းကူးနေကြပြီ။

ကျည်ကပ်တစ်ကပ် ကုန်သွားသောအခါ ဟင်နာက နောက်အသစ်တစ်ကပ် ထည့်ပြန်သည်၊ တစ်ဘက်ကမ်းသို့ မနားတမ်းပစ်ပြန်သည်။ ဂျဲနာကို လေယာဉ်မောင်းသူ၏ နောက်ဘက်ခန်းသို့ တွန်းတင်ပေးလိုက်သည်။ တစ်ဆက်တည်း သီလရှင်ကိုပါ တွန်းတင်လိုက်သည်။

"မင်း အပေါ်တက် ဒီကောင်ကို စက်နှိုးရအောင်" ကျွန်တော်တို့ဘက်သို့ နောက်ဆုတ်တိုးလာရင်း ဟင်နာကပြောသည်။

"ခင်ဗျားက ဘာလုပ်မှာလဲ"

"မင်းခွန်အားကလေးနဲ့ ဒီပန်ကာကိုလည်အောင် လှည့်နိုင်လို့လားကွ"

အငြင်းပွားစရာ အကြောင်းမရှိတော့။ အပေါ်သို့ တက်ခဲ့တော့သည်၊ ဟင်နာက သွန်မဆင်သေနတ်ထဲမှ ရှိနေသည့် ကျည်ဆန်များကို အကုန်သွန်ပစ်လိုက်သည်။ ပြီးတော့ သေနတ်ကို သောင်ပြင်သို့ပစ်ချကာ ပန်ကာဘက်သို့ လှည့်သွားသည်၊

"အသင့်ပြင်" ဟု သူကအော်သည်၊

ခေါင်းညိတ်ပြပြီး စက်နှိုးသည့်ခလုတ်ကို ကျွန်တော် နှိပ်လိုက်သည်၊ ဟင်နာက အတောင်ပံကို ဆွဲလှည့်သည်၊ စက်နိုးသွားသည်နှင့် တပြိုင်တည်း ဟင်နာက ဘေးသို့ ခုန်ထွက်သွားသည်။

လေယာဉ်မောင်းခန်းထဲမှ ကျွန်တော် ခေါင်းပြူထွက်ပြီး သူ့ကိုလှမ်းအော်သည်။ "အတောင်ပံ. . . အတောင်ပံပေါ်ကို တွယ်တက်လိုက်"

သူက လက်ဝှေ့ယမ်းပြပြီး ဘယ်ဘက်အတောင်ပံအောက်သို့ ရောက်သွားကာ တွဲလောင်းခိုထားသည်၊ ကံကောင်းလျှင် ကျွန်တော်တို့ အောင်မြင်နိုင်စရာ အကြောင်း ရှိသည်။

လေယာဉ်ကို ရှေ့သို့ ကျွန်တော် မောင်းထွက်လိုက်စဉ်မှာပင် ရေထဲမှ ဟူနာ တစ်ယောက် တက်လာသည်ကို မြင်လိုက်ရသည်၊ ကိုက်ငါးဆယ် ခြောက်ဆယ်လောက်တွင် ကျွန်တော် အမြီးကို ဆွဲနိုင်ပေလိမ့်မည်၊ သို့သော်လည်း ကျွန်တော်ထင်သလို ဖြစ်မလာတော့။ အမြီးကို မ,တင်၍မရတော့။ ဟင်နာ၏ ကိုယ်အလေးချိန်က ပိနေသည်။ သည်လောက်အလေးချိန်ကို နိုင်အောင်ထိန်းပြီး လေထဲသို့ ပျံတက်နိုင်လောက်သည့်အင်အား လေယာဉ်ပျံမှာ မရှိတော့ချေ။

ထိုအဖြစ်ကို သူ ကောင်းစွာသိသည်။ သူသည် အလွန်တော်သည့် ပိုင်းလော့ တစ်ယောက်လည်း ဖြစ်သည်မဟုတ်လား။

ဘယ်ဘက်အတောင်ပံပေါ်မှ ခဏကလေး သူရှိနေသေးသည်၊ နောက်တခဏ ကြာတော့ သူမရှိတော့ပြီ။ သူလက်ကိုဖြုတ်လိုက်ပြီး သောင်ပြင်ပေါ်သို့ ခုန်ဆင်းလိုက်



သည်၊ ဘရစ္စတိုလေယာဉ်ပျံက ရှေ့သို့လိမ့်ပြီး လေထဲသို့ ထိုးတက်သွားသည်။

သူ့ကိုပြန်ကြည့်ဖို့ အချိန်ကလေးကတော့ ရလိုက်ပါသေးသည်၊ သောင်ပြင်ပေါ်မှာ ခြေနှစ်ဘက်ကို ကားယားရပ်ကာ ဟူနာများကို မျက်နှာချင်းဆိုင်နေသည်၊ သူ့လက်ထဲမှ ပစ္စတိုသေနတ်မှ ကျည်ဆန်များ အပြွတ်လိုက်ထွက်နေသည်၊

ပြီးတော့ သောင်ပြင်ကို ဒီရေဖုံးသလို အမှောင်ထုက သူ့ကို ဖုံးလိုက်လေတော့သည်။

□ □ □

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၆)

## မြစ်အောက်ပိုင်းတစ်နေရာ

"အရာရှိကို အကြာကြီးစောင့်ရမှာ မဟုတ်ပါဘူး ဆီညော်၊ ကျေးဇူးပြုပြီး ထိုင်ပါခင်ဗျာ၊ **စီးကရက်** သုံးဆောင်ပါဦး"

တပ်ကြပ်ကြီးသည် အလွန်တရာ ယဉ်ကျေးသိမ်မွေ့နေသည်၊ ထို့ကြောင့် သူတည်သည့် စီးကရက်ကို ယူသောက်လိုက်သည်။

ကျွန်တော်သည် မာနော့စ်မြို့ရှိ ရဲအရာရှိ၏ရုံးခန်းရှေ့မှာ တစ်ကြိမ်ပြန်ရောက်နေရပြန်ပြီ။ ဟိုတုန်းက ရောက်ခဲ့သည့် အခေါက်များရော ယခုတစ်ခေါက်ပါ အမှန်တကယ် လိုအပ်သဖြင့် ရောက်ရခြင်းဟုတ်မဟုတ် ကျွန်တော် တွေးနေမိသည်။

ယင်ကောင်တစ်ကောင်က တဝီဝီပျံနေသည်၊ စကားပြောသံများကိုလည်း ကြားနေရသည်၊ ရဲအရာရှိ၏ ရုံးခန်းတံခါး ပွင့်သွားသည်၊ သီလရှင် မာရီယာထရီစာ ထွက်လာသည်၊ သီလရှင်အဝတ်အစားကို ပြန်လည်ဝတ်ဆင်ထားသည်ကို တွေ့ရသည်။

ကျွန်တော့်ကိုတွေ့တော့ သူ့မျက်နှာပေါ်မှ အပြုံးများ ပျောက်ကွယ်သွားသည်၊ ရဲအရာရှိက သူ့ကို လက်ဆွဲနှုတ်ဆက်သည်၊ လိုသည့်အကူအညီများကို အမြဲ



တမ်းပေးမည့်အကြောင်း ပြောနေသည်၊ သီလရှင်ကတော့ တစ်ခုခုကိုပြောပြီး အပြင်ထွက်သွားသည်၊ ရဲအရာရှိက ကျွန်တော့်ဘက် လှည့်လာသည်၊ လက်တစ်ဘက်ကို ဆန့်တန်းပေးလိုက်ပြန်သည်။

"မိတ်ဆွေကြီး ဆီညော်မာလိုရီ၊ အခုလိုစောင့်နေရတာ အင်မတန် ဝမ်းနည်းပါတယ်ခင်ဗျာ"

"ရပါတယ်၊ ကျွန်တော့်သဘောလဲ မထွက်သေးပါဘူး"

ရုံးခန်းထဲရောက်တော့ ကုလားထိုင်မှာ ထိုင်ခိုင်းသည်၊ ဆေးပြင်းလိပ် ထုတ်တည်သည်။ ကျွန်တော်က ငြင်းလိုက်သည်။

"မိတ်ဆွေကြီးရဲ့ နိုင်ငံကူးလက်မှတ်နဲ့ ခရီးသွားခွင့်လက်မှတ် အသင့်လုပ်ထားပြီးပါပြီ၊ နောက်ပြီးတော့ စာနှစ်စောင်လဲ ရောက်နေပါတယ်၊ စာတွေရောက်နေတာ အတော်တောင် ကြာသွားပြီ၊ စိတ်မကောင်းပါဘူးဗျာ" ကျွန်တော့်ဘက်သို့ စာရွက်စာတမ်းများကို ထိုးပေးသည်၊ "ခင်ဗျားဟာ ဘုရင့်လေတပ်မတော်မှာ အရာရှိဖြစ်ကြောင်း ကျွန်တော်မသိခဲ့ဘူးဗျာ"

"အရန်တပ်မှာပါ၊ မတူပါဘူး"

"အရန်ထဲမှာ ကြာကြာမနေရတော့ပါဘူး မိတ်ဆွေရယ်၊ သတင်းစာတွေ ရေးနေတဲ့အတိုင်း မှန်မယ်ဆိုရင်ပေါ့လေ"

နိုင်ငံကူးလက်မှတ်နှင့် ခရီးသွားခွင့် လက်မှတ်များကို အကျႌအိတ်ထဲသို့ ကျွန်-တော် ထည့်လိုက်သည်။ ပြီးတော့ စာနှစ်စောင်ကို ကြည့်မိသည်။ တစ်စောင်က အဖေနှင့် အမေ့ဆီမှ ဖြစ်သည်၊ လက်ရေးကြည့်ခြင်းဖြင့် ကျွန်တော်သိသည်၊ နောက်တစ်စောင်က လေကြောင်းဝန်ကြီးဌာနက ဖြစ်သည်၊ စောင့်ပေဦးတော့ပေါ့။

"အခုအတိုင်းဆိုတော့ ခင်ဗျားနဲ့ ဆီညော်မင်နီစတန်းတို့ အင်္ဂလန်ကို ပြန်ကြပြီပေါ့၊ ဆီညော်မင်နီစတန်းလဲ ပြည်ဝင်ခွင့်ဗီဇာရပြီလို့ ကျွန်တော်ထင်ပါတယ်"

"ဟုတ်ပါတယ်"

စကားပြတ်သွားသည်၊ သူလည်း ဘာဆက်ပြောရမည်ကို မသိတော့ပုံရသည်။ ထို့ကြောင့် နေရာမှထပြီး ကျွန်တော့်ဘက်သို့ လျှောက်လာကာ အူကြောင်ကြောင် ပြောသည်။

"ဒီလိုဆိုရင် ခင်ဗျားကို ကျွန်တော် အချိန်ဆွဲမထားတော့ပါဘူးဗျာ"

အပေါက်ဝဘက်သို့ ကျွန်တော်တို့ လျှောက်လာကြသည်။ သူက လက်ကမ်းပေးသောကြောင့် ကျွန်တော်က ဆွဲယူလိုက်ရပြန်သည်။ သူ့မျက်နှာပေါ်မှ အပြုံး ပျောက်ကွယ်သွားသည်။ တစ်စုံတစ်ရာတော့ သူ့အနေနှင့် ထင်မြင်ချက်ပေးမှ သင့်[illegible] မည်ဟု သူအထင်ပေါက်နေပုံ ရသည်။

www.burmeseclassic.com

"ဘာတွေပဲ ဖြစ်ခဲ့ဖြစ်ခဲ့ပေါ့ဗျာ၊ ဆမ်ဟင်နာရဲ့ မိတ်ဆွေဖြစ်ရတဲ့အတွက်တော့ ကျွန်ုပ်တော် ဂုဏ်ယူမိပါတယ်၊ သူဟာ သတ္တိပြောင်မြောက်တဲ့လူပါပဲ၊ ဟိုတုန်းက ဘာတွေပဲဖြစ်ခဲ့ပါစေ၊ သူ့ရဲ့ နောက်ဆုံးလုပ်ရပ်ကလေးကိုတော့ ကျွန်တော်တို့ သတိရနေကြရမှာပါပဲ"

ကျွန်တော် ဘာမျှ ပြန်ပြောတော့ချေ၊ ဘာကိုများရော ပြောနိုင်ပါဦးမည်နည်း၊ ထို့ကြောင့် လက်ဆွဲနှုတ်ဆက်ပြီး အပြင်သို့ ထွက်ခဲ့တော့သည်။

▢

ခြံပေါက်ဝမှ အပြင်ကိုထွက်လာတော့ ကျွန်တော့်နာမည်ကို ခေါ်သံကြားသဖြင့် နောက်ပြန်လှည့်ကြည့်မိသည်။ သီလရှင် မာရီယာထရီစာသည် ကျွန်တော့်ဆီသို့ လျှောက်လာနေသည်။

"ဖိုး- မစ္စတာမာလိုရီ၊ ရှင့်ကို ကျွန်မ စောင့်နေတာပါ၊ နှုတ်ဆက်စကားလေး ပြောချင်လို့"

သူ့ပုံစံသည် ယခင်တုန်းကပုံစံမျိုး ပြန်ဖြစ်နေသည်၊ တည်ငြိမ်နေသည်။ သူ့လုပ်ငန်းကို သူယုံကြည်သည့်ပုံမျိုး ဖြစ်သည်၊ ကျွန်တော်နှင့် ပထမဦးဆုံး စ၍တွေ့စဉ်တုန်းကအတိုင်း ဖြစ်သည်။

"အခုလိုဂရုစိုက်တာ ကျေးဇူးတင်ပါတယ်"

"ကျွန်မတို့နှစ်ယောက် အပြန်အလှန်နားလည်မှု ကောင်းကောင်းမရခဲ့ဘူးလို့ ကျွန်မစိတ်ထဲမှာ ခံစားနေရပါတယ်၊ ဒီအတွက် ကျွန်မ ဝမ်းနည်းပါတယ်"

"ကိစ္စမရှိပါဘူး ခင်ဗျာ၊ အားလုံး ပြီးသွားကြပြီပဲ၊ ဆရာလေးက ဒီမှာနေခဲ့မှာလား"

"ဟုတ်ပါတယ်၊ အမေရိကန်က သာသနာပြုအဖွဲ့တွေ မကြာခင် ရောက်လာကြတော့မယ်လေ"

"ဟို-မြစ်ညာကို ပြန်သွားကြဦးမှာလား"

"မှန်ပါတယ်"

"ဘာဖြစ်လို့ သူတို့ကို ဒီအတိုင်း မထားနိုင်ကြတာလဲဗျာ၊ လူတိုင်းက ဘာဖြစ်လို့ သူတို့ကို လွတ်လပ်ခွင့် မပေးနိုင်ကြတာလဲ၊ ကျွန်တော်တို့ကို သူတို့ မလိုပါဘူး၊ ဘယ်သူ့ကိုမှ မလိုပါဘူး၊ ကျွန်တော်တို့တ ဘာတွေပဲပေးပေး အဲဒါတွေကိုလဲ သူတို့ မလိုပါဘူး"

"ရှင် ကောင်းကောင်း နားမလည်သေးဘူးလို့ ကျွန်မ ထင်ပါတယ်"



ကျွန်တော် အကြောင်းမဲ့ အချိန်ဖြုန်းနေခြင်းသာဖြစ်ကြောင်း ချက်ချင်း သဘောပေါက် နားလည်လိုက်သည်။

"ကျွန်တော် နားမလည်တာကိုပဲ ဝမ်းသာပါတယ် ဆရာလေးခင်ဗျာ" ဟု ကျွန်တော်က ပြန်ပြောသည်။

ယင်း နောက်ဆုံးအချိန်ကလေးမှာပင် သူ့ကို ကျွန်တော် အကဲခတ်လိုက်မိသည်။ သူ့မျက်လုံးများ ထူးခြားနေသည်။ ခွဲခြားဖော်ပြရန်ခက်သော အမူအရာကို ဆောင်နေသည်။ သို့သော်လည်း စိတ်ကူးအယဉ်ကြီး ယဉ်နေခြင်းဖြစ်ကြောင်းဟုဆား ကျွန်တော် သဘောပေါက် နားလည်လိုက်ပါသည်။ တစ်ဘက်သို့လှည့်ပြီး သူထွက်သွားသည်။

လှေကားထစ်များအတိုင်း သူဆင်းသွားသည်ကို ကြည့်နေမိသည်။ မြင်းလှည်းများ ရပ်ထားသည်ကို တွေ့ရသည်။ မြင်းလှည်းသမားများသည် အပုရိုန်အောက်မှာ ငိုက်မျဉ်းနေကြသည်။ ဘာတစ်ခုမှ ပြောင်းလဲမှုမရှိသေး။

သူ့ကိုလည်း ကျွန်တော် ဘယ်တော့မှ ပြန်မတွေ့ရတော့ချေ။

▢

သင်္ဘောလက်မှတ်တန်းကိုမှီပြီး ညနေ နေရောင်အောက်မှာ ကျွန်တော် ရပ်နေမိသည်။ မာနော့စ်မြို့မှ သင်္ဘောထွက်ခွာလာပြီး နာရီဝက်လောက်ကြာတော့မှပင် စာနှစ်စောင်ကို ကျွန်တော် သတိရသည်။ လေကြောင်းဝန်ကြီးဌာနမှ ပို့လိုက်သည့်စာကို ဖတ်နေခိုက် မင်နီရောက်လာသည်။

"ဘာတွေများ စိတ်ဝင်စားနေတာလဲ"

"အမြဲတမ်း လေတပ်မတော်စာရင်းထဲမှာ ကျွန်တော့်ကို ပြောင်းထည့်ပေးလိုက်ပြီ၊ လွန်ခဲ့တဲ့ နှစ်လကတည်းက ကျွန်တော် သတင်းပို့ရမှာ၊ ကျွန်တော် ပီရူးမှာ ရှိနေကတည်းက ကျွန်တော့်ကို အပြင်းအထန် ရှာနေကြတာလေ"

"ဒီလိုဆိုရင် ဥရောပမှာဖြစ်နေတဲ့ အခြေအနေတွေက တစ်နေ့ထက်တစ်နေ့ ပိုဆိုးနေပြီပေါ့" သူက မျက်နှာထားတည်တည်နှင့် ခေါင်းဆတ်နေသည်။

"သေချာတာ တစ်ခုတော့ရှိတယ်၊ ပြည်ပရောက်နေတဲ့ ပိုင်းလော့အားလုံးတို့ ရနိုင်သမျှ ကိုယ့်တိုင်းပြည် ပြန်ခေါ်ဖို့ပဲ"

"ဒါလဲ ဖြစ်နိုင်ပါတယ်၊ ဘီလမ်မှာရော ဘာတွေဖြစ်နေသလဲ၊ မင်းကို [illegible] ပြန်ပို့ပေးဖို့ ကောင်စစ်ဝန်ရုံးမှာ လျှောက်ရဦးမှာလား"

ကျွန်တော်က ခေါင်းယမ်းပြလိုက်သည်၊ ပြီးတော့ စန်တာဟယ်[illegible] [illegible] မှိုင်းကျောင်းထဲမှာ အဝိလာပေးခဲ့သည့် ကတ္တီပါအိတ်တလေးကိုထုတ်ပြီး သူ့ထိုး[illegible]

www.burmeseclassic.com



သည်၊ သူက ဖွင့်ကြည့်ပြီး လက်ထဲသို့ သွန်ချသည်။ မသွေးရသေးသည့် စိန်တုံးကလေးတွေ တစ်ဒါဇင်လောက် ထွက်ကျလာသည်။

"အဝီလာ နောက်ဆုံးပေးသွားတဲ့ လက်ဆောင်၊ ဒါတွေဟာ တရားမဝင်ကြောင်း ကျွန်တော်သိတယ်၊ ဒါပေမယ့် ဘီလမ်မြို့မှာရောင်းရင် ဘာမှပြဿနာမပေါ်ဘူး ပေါင်နှစ်ထောင် သုံးထောင်လောက် ရမယ်၊ ကျွန်တော်တို့နှစ်ယောက် တစ်ဝက်စီယူကြတာပေါ့၊ ပြီးတော့ စတိုင်နဲ့ ဖိမ်ကျကျ ပြည်တော်ပြန်ကြမယ်"

စိန်တုံးကလေးများကို အိတ်ထဲသို့ ဂရုတစိုက် ပြန်ထည့်သည်။

"ထူးဆန်းတယ်ကွာ၊ သူအသက်ရှင်ခဲ့ပုံရယ်၊ သူ့ဘဝ အဆုံးသတ်သွားပုံရယ်၊ ပြီးတော့ ပြောင်ပြောင်မြောက်မြောက် အသေခံသွားပုံရယ်"

ကျွန်တော်တို့ နှစ်ယောက်ကြားတွင် မပြောခဲ့ဖူးသေးသည့် စကားကို သူဆက်ပြောလိမ့်ဦးမည်ဟု ကျွန်တော်ထင်သည်၊ သို့သော်လည်း သူဆက်မပြောတော့ချေ။

"စာကလေးတစ်စောင် ရေးစရာရှိသေးတယ်ကွာ၊ ပြီးမှတွေ့တော့မယ်" ဟု ပြောပြီး ကျွန်တော့်လက်မောင်းကိုပုတ်ကာ ထွက်သွားတော့သည်။

□

နောက်ကျောဘက်သို့ သူလျှောက်လာသည်ကို ကျွန်တော်မသိလိုက်၊ သို့သော်လည်း နောက်ဘက်မှာ သူရောက်နေပြီ။

"သင်္ဘောကပွတ်ိန်ကို ကျွန်မ မေးကြည့်တယ်၊ ဘီလမ်ကို ကျွန်မတို့သင်္ဘောရောက်ပြီး နောက်တစ်နေ့မှာ နယူးယောက်ကိုထွက်မယ့် သင်္ဘောတစ်စင်းရှိတယ်တဲ့"

"ကောင်းတာပေါ့၊ နယူးယောက်ကနေတစ်ဆင့် ကာလီဖိုးနီးယားကို မင်းလေယာဉ်ပျံနဲ့ ခရီးဆက်လို့ရတယ်၊ အမ်ဂျီအမ် ရုပ်ရှင်ကုမ္ပဏီမှာ ရုပ်ရှင်ဆက်ရိုက်ဖို့လဲ အချိန်မီသွားတာပေါ့"

မိုးကုပ်စက်ဝိုင်းတွင် တိမ်များတောက်နေပြီ။

"အခုပဲ မင်နီနဲ့ ကျွန်မတွေ့ခဲ့တယ်၊ ဘုရင့်လေတပ်မတော်ကခန့်စာ ရှင့်ဆီရောက်နေပြီလို့ ပြောတယ်"

"ဟုတ်တယ်"

"ရှင် ဝမ်းသာသလား"

"စစ်ဖြစ်မယ်ဆိုရင် . . . စစ်ဖြစ်ဖို့က သေချာသလောက်ဗဲလေ . . . စစ်ဖြစ်ရင်တော့ လေတပ်မတော်ဟာ ကိုယ်ရှိနေရမယ့်နေရာပေါ့"

"ကျွန်မ စာရေးလို့ရမလား၊ လိပ်စာရှိသလား"



"ရေးချင်ရင် ရေးနိုင်ပါတယ်၊ ကိုယ်ကတော့ ရွှေတန်းရောက်နေမှာ ဒါပေမယ့် ကိုယ့်အမေက ဆက်ပို့ပေးလိမ့်မယ်"

"ကောင်းတယ်"

ထိုနေရာမှာ သူဆက်ရပ်နေသည်။ ကျွန်တော် တစ်ခုခုလုပ်ဖို့ကို စောင့်နေခြင်း ဖြစ်သည်။ သို့သော်လည်း ကျွန်တော်ကမလှုပ်။ နောက်ဆုံးတော့ အိုးတိုးအမ်းတမ်းဖြင့် သူကပြောသည်။

"သင်္ဘောအောက်ထပ်က ကျွန်မအခန်းကို လာချင်လာခဲ့ပါ နေးလ်၊ အခန်းကို ရှင်သိသားပဲ"

ကျွန်တော်က ခေါင်းကိုယမ်းခါလိုက်သည်။

"လာဖို့အကြောင်း ရှိသေးတယ်လို့ ကိုယ်မထင်တော့ပါဘူးကွာ"

ဆမ်ဟင်နာသည် ကျွန်တော်တို့ နှစ်ယောက်ကြားမှာ ရှိနေသည်။ အမြဲတမ်းလည်း ရှိနေလိမ့်မည်။ ဒါကို ဂျူနာမာတင် သိသည်။ ကျွန်တော်လည်း သိသည်။ တစ်ဘက်သို့ ထွက်သွားရန် သူပြင်လိုက်သည်။ ပြီးတော့မှ တုံ့ဆိုင်းဆိုင်းဖြင့် ပြန်လှည့်လာသည်။

"ကောင်းပါပြီလေ၊ သူ့ကို ကျွန်မ နည်းနည်းတော့ ချစ်မိခဲ့တယ်၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်မ မရှက်ပါဘူး၊ ဘာတွေပဲဖြစ်ဖြစ် ကျွန်မသိသမျှထဲမှာတော့ သူဟာ သတ္တိအရှိဆုံးလူပဲ၊ တကယ့်သူရဲကောင်းကြီး၊ အဲဒါတစ်ခုတည်းအတွက်ပဲ သူ့ကို ကျွန်မ အမြဲသတိရနေတော့မှာပဲ"

ထိုစကားလုံးသည် ပြဇာတ်တစ်ပုဒ်ထဲမှ အဆိုးရွားဆုံးသော စာကြောင်းတစ်ကြောင်းနှင့် တူလှသည်။ တကယ်ဆိုတော့ ဟင်နာသည် သည့်ထက်အဆိုးနှင့်သာ ထိုက်တန်သူဖြစ်သည်။

"သူဟာ သူရဲကောင်းကြီး မဟုတ်ပါဘူး ဂျူနာ၊ တကယ်ကတော့ ဘာမှအသုံးမကျတဲ့ ခွေးသူခိုး၊ သူ့ဘဝစကတည်းက အသုံးမကျခဲ့တဲ့ ခွေးသူခိုး၊ ကိုယ်တွေ့ဖူးသမျှထဲမှာ အတော်ဆုံး ပိုင်းလော့တစ်ယောက်ဖြစ်တာတော့ မှန်ပါတယ်၊ ဒါပေမယ့် ရဲစွမ်းသတ္တိရှိပြီး ဘာမှသောက်သုံးမကျတဲ့ အလကားခွေးသူခိုး၊ ကဲ . . . ဒါတွေ တော်ကြပါစို့ကွာ . . ."

ဂျူနာမာတင်သည် တစ်ဘက်သို့ လှည့်ထွက်သွားသည်။ အလွန် ဒေါသဖြစ်သွားပုံရသည်။ ဒေါသကြောင့် သူ့ကိုယ်လုံးမှာ တောင့်တောင့်ကြီး ဖြစ်သွားသည်။ သူ ဒေါသဖြစ်သည်မှာ အရေးမကြီးတော့ပြီ။ ကျွန်တော်ပြောသည်များကို ဆမ် [illegible] သက်ခံလိမ့်မည်။ ဒါပဲ အဓိကအချက်ဖြစ်သည်။

လက်တန်းဘက်သို့ ကျွန်တော် လှည့်လိုက်သည်။ မိုးကုပ်စက်ဝိုင်း [illegible]

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



နေဝင်သွားပြီ။ ညအမှောင်က လျှောဆင်းလာသည်။

□ □ □

**အယောက်တော်လှအောင်**

BURMESE CLASSIC .com

www.burmeseclassic.com